http://www.dhammadownload.com

ဦးပရိုင်

(တိုးတက်ရေး ဦးစိန်)

ရာပြည့်ဂုဏ်ပြုမော်ကွန်း



ဝီပဿနာပညာတက္ကသိုလ်
ပ-ထုံးထုံး ဝီပဿနာပြန့်ပွားရေးအဖွဲ့ချုပ်က
ဂုဏ်ပြုပုံနှိပ်သည်။

http://www.dhammadownload.com

ဦးပဂျိုင်

(တိုးတက်ရေး ဦးစိန်)

ရာပြည့်ဂုဏ်ပြုမော်ကွန်း



ဝိပဿနာပညာတက္ကသိုလ်

ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်က

ကော်မြူးနေတိုးတက်ရေး

http://www.dhammadownload.com

ဦးပဂ္ဂိုဠ်

(တိုးတက်ရေး ဦးစီန်)

ရာပြည့် ဂုဏ်ပြု မော်ကွန်း

ဝိပဿနာပညာတက္ကသိုလ်
ပ–သုံးလုံး ဝိပဿနာပြန့်ပွားရေးအပွဲ့.ချုပ်က
ဂုဏ်ပြုပူဇော်သည်။

http://www.dhammadownload.com

စာမူ ခွင့်ပြုချက်အမှတ် [၂၂၈/၉၉ (၄)]
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် [၂၉၁/၉၉ (၆)]

❑

ပုံနှိပ်ခြင်း
ပထမအကြိမ်
၁၉၉၉-ခုဇွန်လ
အုပ်ရေ [၁၀၀၀]

❑

အတွင်းစာသား ပုံနှိပ်သူ
ဦးစွန်းကော်ယူ[၀၅၅၇၇]၊မာကျူရီပုံနှိပ်တိုက်
၄၉၊ရေကျော်လမ်းမ၊ရန်ကုန်မြို့။

❑

မျက်နှာဖုံး ပုံနှိပ်သူ
ဒေါ်ခင်စန်း[၀၃၄၁၄]၊ငွေပဒေသာပုံနှိပ်တိုက်
၈၁/အေ၊စုပေါင်းလမ်း
ရွှေတောင်ကြား၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။

❑

ထုတ်ဝေသူ
ဦးမြသန်း[၀၁၅၀]၊အသိုင်းအဝိုင်းစာပေ
၃၅၊သမာဓိလမ်း၊ဖွဲ့စုံရပ်၊ကမ္ဘာအေး၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။

❑

ကွန်ပျူတာစာစီ
ခင်သီဂီဟန်
သီဂီမေ ကွန်ပျူတာစာစီ၊ဒီဇိုင်းနှင့် မိတ္တူ
၁၄/၄၊ဖဆပလ၊မင်္ဂလာတောင်ညွန့်၊ရန်ကုန်။
ဖုန်း-၂၅၂၉၃၃

❑

ပန်းချီ
မြမြဝင်းထွန်း
(ဒေါ်မြမြဝင်း၊မြန်မာစာဌာန၊ရန်ကုန်တက္ကသိုလ်)

❑

http://www.dhammadownload.com

ဆရာကြီး ဦးပဂ္ဂိုဠ်
(တိုးတက်ရေး ဦးစိန်)
ရာပြည့် ဂုဏ်ပြု မော်ကွန်း

မာတိကာ

ပထမပိုင်း

အဖွင့်

၁။	တိုက်တွန်းပါ၏	ဘဒ္ဒန္တ ဇောတိက	၁
၂။	ကျေးဇူးဖော်ပြ ဒုလ္လဘ	စာစောင်ဖြစ်မြောက်ရေးအဖွဲ့	၂
၃။	ညီမောင်တို့		၃
၄။	တိုးတက်လိုလျှင် အဘယ်စာမျိုးကို ဖတ်ရအံ့နည်း		၄
၅။	တိုးတက်လိုသူသည် စာအုပ်ကောင်းကို မဖတ်ရ		၅
၆။	စိတ်		၅
၇။	ဂျွန်ရစကင်နှင့် ဦးပဂ္ဂိုဠ်		၆
၈။	ပ–သုံးလုံး၏ ဖခင်	မင်းလွင်နီ	၇
၉။	ပ–သုံးလုံး ဝိပဿနာ ပြန့်ပွားရေး အဖွဲ့ချုပ်၊ အမှုဆောင်အဖွဲ့ (၁၉၉၈)		၈
၁၀။	စာစောင်ဖြစ်မြောက်ရေးအဖွဲ့		၉

ဒုတိယပိုင်း

ဂုဏ်ပြုခြင်း

၁။	ဩဝါဒါစရိယဆရာတော် ဦးသေဋ္ဌိလ (အဂ္ဂမဟာပဏ္ဍိတ)၏ အမှာစာ		၁၀
၂။	ဧဝံ မေ သုတံ	ဦးအဂ္ဂဝံသ	၁၁
၃။	လူမျိုးတိုးတက်ကြီးပွားမှု		၁၃
၄။	ပညတ်သွားရာ ဓာတ်သက်ပါ	ကျိုက်ဝိုင်း အရှင်တိလောက	၁၄
၅။	သာသနာ့ အာဇာနည်ပုဂ္ဂိုလ် ပဂ္ဂိုဠ်	ပ–သုံးလုံး ဆရာဘုန်း	၁၇
၆။	အထက်တန်းစား ဖြစ်လိုသလား		၁၈
၇။	ဦးဇောတိက–နဲ့–ဦးပဂ္ဂိုဠ် ဘာတွေပြောလို့ ဘာတွေမှာခဲ့သလဲ	ဘဒ္ဒန္တ ဇောတိက	၁၉
၈။	ဗုဒ္ဓဓေတ်မြတ် တွေ့ကျိုးနပ်ရန်	ပ–သုံးလုံးဆရာတော် ဦးကုသလ	၂၃
၉။	သတင်းစာဆရာမှ ဝိပဿနာဆရာသို့	ပါရဂူ	၂၄
၁၀။	စာအုပ်ဖိုး မကြောက်ရ		၂၉
၁၁။	အရှင်ရာဟုလာ ပုံရိပ်လွှာ	ကထိက ဒေါ်မြင့်သန်း	၃၀
၁၂။	ဝိပဿနာ အရသာ		၃၆

http://www.dhammadownload.com

၁

၁၃။	ဆရာကြီး ဦးပဂ္ဂိုဠ်	ဦးသိန်းရွှေ	၃၇
၁၄။	သစ္စာပြုပါ၏		၄၁
၁၅။	တန်ဖိုးကြီးသော ရှားပါး စိန်နှစ်စိန်	ဒေါက်တာကံညွန့်	၄၂
၁၆။	လွှဘုံ		၄၃
၁၇။	ဓမ္မရတနာ ဝိပဿနာဖြင့် အမြတ်ဆုံး ပူဇော်ကန်တော့ခြင်း	အမရပူရ ဦးတော်	၄၄
၁၈။	အတ္တ		၄၈
၁၉။	ဖြစ်ချင် ပျက်မယ် ရှုချင့်ဖွယ်	တပည့် – ကဝိန္ဒ	၄၈
၂၀။	တရားနာရကျိုး ကြီးမားပုံ	အရှင် ဝဏ္ဏိသရ	၄၉
၂၁။	တိုးတက်ရေး ဆေးနည်းကြီး		၅၁
၂၂။	အမျိုး ဘာသာ သာသနာ စာပေ ယဉ်ကျေးမှုကို ချစ်မြတ်နိုးသူ ဆရာကြီး ဦးပဂ္ဂိုဠ်	မောင်ရင့်ကျူး (မြောင်းမြ)	၅၂
၂၃။	အတ္တနှင့် အနတ္တ (ဝါ) သမဏနှင့် ဝိပဿနာ		၅၇
၂၄။	ဆရာကြီး ဦးပဂ္ဂိုဠ်နှင့် အနတ္တသာသနာ	ဦးအောင်ခင်	၅၈
၂၅။	ဓမ္မဝိဟာရီပုဂ္ဂိုလ်ဖြစ်ရန် ကြိုးစားတော်မူအပ်၏		၆၁
၂၆။	လောကီ လောကုတ္တရာပညာနှင့် ဦးပဂ္ဂိုဠ်	ညွှန့်ဟံ (ကြူတော)	၆၂
၂၇။	ဦးညွှတ်ပါ၏ မြတ်ဆရာ	မောင်လင်္ကာ (ပေါက်ခေါင်း)	၆၄
၂၈။	သူတော်သူမြတ်တို့ ဒုက္ခအစဉ် ငြိမ်းလိုလျှင်	ဘဒ္ဒန္တ ဇောတိက	၆၅

ဆရာကြီးဦးပဂ္ဂိုဠ်၏ ဘဝဝိုရိဝ်

၁။	စိတ်လှသူ	ဦးသောဘဏ	၆၆
၂။	ဆရာကြီးဦးပဂ္ဂိုဠ်၏ ဘဝပုံရိပ်	မင်းလှ မြတ်ထွေး	၆၇
၃။	သံတူကြောင်းကွဲ	ပ–သုံးလုံး ဘိက္ခု	၁၃၂

ဝိပဿနာဝညာတက္ကဆိုလ်၊ ပ – သုံးလုံး ဝိပဿနာဖြန့်ဝေးအဖွဲ့ချုပ်

၁။	ဆရာကြီးဦးပဂ္ဂိုဠ်၏ ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုကျေးဇူးဆပ်ခြင်း	ဆရာ ဦးသန်းအောင်(ဓမ္မရက္ခိတ)	၁၃၄
၂။	ဗုဒ္ဓဝါဒ၏ တရားသဘောဆိုင်ရာ ဖြန့်ဝေမှုနှင့် ဆရာကြီး ဦးပဂ္ဂိုဠ်၏ နည်းပေးလမ်းပြ သင်ကြားချက်များ	ဆရာ ဦးသန်းအောင်	၁၃၅
၃။	ဦးပဂ္ဂိုဠ်နှင့် ဝိပဿနာပညာတက္ကသိုလ်	ဘဒ္ဒန္တ ဇောတိက	၁၄၇
၄။	ဝိပဿနာပြန့်ပွားရေးအဖွဲ့ (၁၉၆၇)		၁၅၀

http://www.dhammadownload.com

၅။ ပ–သုံးလုံး ဝိပဿနာ ပြန့်ပွားရေး အဖွဲ့ချုပ်၊ အစဉ်အဆက် ဥက္ကဋ္ဌကြီးများ ၁၅၁
၆။ ပ–သုံးလုံး ဝိပဿနာ ပြန့်ပွားရေး အဖွဲ့ချုပ်၊ အစဉ်အဆက် အကျိုးဆောင်ချုပ်များ ၁၅၂
၇။ အဖွဲ့ဥက္ကဋ္ဌ ဆရာကြီး ဦးသူတော် နှစ်ပတ်လည်အစည်းအဝေးမိန့်ခွန်း ၁၅၃
၈။ နိဒ်ဝင်ခြားသို့ သာသနာပြုရန် ဥက္ကဋ္ဌမိန့်ခွန်း ၁၅၅
၉။ ကလေးများအတွက် ဝတ္တရားနှစ်ခု ၁၅၆
၁၀။ ဦးပဂျိုင်၏ နှစ်ပတ်လည်စည်းဝေးပွဲ မိန့်ခွန်း ၁၅၇
၁၁။ စုန်းပြုံး ၁၅၉
၁၂။ ကျွန်တော်တို့၏ မူလရည်ရွယ်ချက် ၁၅၉
၁၃။ ဝိပဿနာပညာ တက္ကသိုလ် ဗိမာန်တော်၊ နှစ်ထပ်အဆောက်အအုံ ၁၆၀
၁၄။ ဝိပဿနာပညာ တက္ကသိုလ် ဗိမာန်တော်၊ တိုးချဲ့ သုံးထပ်အဆောက်အအုံ ဆောက်လုပ်ခြင်း ၁၆၁
၁၅။ ပ–သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ဖေ၏ လျှောက်ထားလွှာ ၁၆၂
၁၆။ ရဟန်းတော်များ ဝိပဿနာပညာ ဆရာဖြစ်သင်တန်းဖွင့်ပွဲ
အမှုဆောင် ဦးအောင်ခင်၏ သိမှတ်ဖွယ်ရာ လျှောက်ထားလွှာ ၁၆၃
၁၇။ ဗုဒ္ဓဘာသာနှင့် လောကဓာတ်ဆရာကြီး အိုင်စတိုင် ဘာသာရေး အယ်ဒီတာ ၁၆၄

ဆရာကြီး ဦးဝဂျိုင်၏
လောကီ လောကုတ္တရာ ကြီးပွားချမ်းသာရေး
ဓမ္မသဘာဝ အလှူတရားများ

* မိတ်ဆက် *

၁။ ဆန္ဒပြင်းပြလျှင် ရမြဲတည်း ၁၆၇
၂။ လူကြီး လူကောင်း ၁၆၉
၃။ မိမိနှင့်တကွ တိုင်းပြည်အကျိုး ၁၇၀
၄။ အထင်သေးစိတ် ၁၇၀
၅။ စေတနာ ၁၇၁
၆။ စိတ်ညစ်ရခြင်း ၁၇၁
၇။ အမြောက်ကြိုက်လျှင် လူပေါ ၁၇၁
၈။ တိုးတက်ရန် မှတ်စု ၁၇၂
၉။ ကုသိုလ်ရှာ အသာကလေး ၁၇၃
၁၀။ သားကောင်းရတနာများ ၁၇၄
၁၁။ လူသားအကျိုး ၁၇၅
၁၂။ တိုးတက်မှု ၁၇၆
၁၃။ နောက်လိုက် ၁၇၇
၁၄။ ဇွဲလုံလ ၁၇၇
၁၅။ ကူညီအားပေးရန် ၁၇၇
၁၆။ မရ က . . . မထပြီ ၁၇၈
၁၇။ တိုးတက်လိုလျှင် တာဝန်ရှိသော
အလုပ်ကို လုပ်ပါ ၁၇၉
၁၈။ တိုးတက်ရန် မှတ်စု ၁၈၀
၁၉။ စကားပြောနည်း ၁၈၂
၂၀။ အိမ်ရှင်မ ၁၈၆
၂၁။ မိမိတာဝန် ၁၈၆
၂၂။ တိုးတက်ရန် မှတ်စု ၁၈၇
၂၃။ ဦးပဂျိုင် ဘယ်နည်းနှင့် တိုးတက်
ကြီးပွားလာပုံသနည်း ၁၈၉
၂၄။ လခစားတို့၏ တိုးတက်ကြီးပွားမှု ၁၉၀

http://www.dhammadownload.com

၂၅။ ရှေ့ကို တိုးလော့ ၁၉၂
၂၆။ စာရေးနည်းနိသျည်း ၁၉၆
၂၇။ မဒ္ဒီဒေဝီ ၁၉၇
၂၈။ သတင်းစာ ၁၉၇
၂၉။ ဆောင်းပါးခန်း ၁၉၈
၃၀။ စာကြည့်ပိဋကတ်တိုက်များနှင့် ပိဋကတ်တိုက်များ တိုးတက်ရေး ၂၀၀
၃၁။ သေချာစွာ လုပ်ပါ ၂၀၃
၃၂။ နားထောင်နည်း ၂၀၄
၃၃။ သတင်းစာဖတ်နည်း နိသျည်း ၂၀၅
၃၄။ ဂျပန်စကားသင်ဆရာ ၂၀၆
၃၅။ ငွေရှာမှုကို ပြု ၂၀၇
၃၆။ မြန်မာတိုင်း သိသင့်ပြီ ၂၀၈
၃၇။ တို့အိမ်သားများ ၂၀၉
၃၈။ အသုံးတတ်ရမည် ၂၁၀
၃၉။ တိုးတက်ရန် မှတ်စု ၂၁၁
၄၀။ ဂုဏ်ပြိုင်ရောဂါ ထနေကြခြင်း ၂၁၂
၄၁။ စာချုပ် ၂၁၃
၄၂။ စီးပွားရေး အဏုမြူဗုံး ၂၁၄
၄၃။ ဤ ၆–ပါးကို နေ့စဉ်ဂရုပြုပေးပါ ၂၁၅
၄၄။ အသေးအဖွဲ ၂၁၇
၄၅။ စုဆောင်းအပ်သည့် သူတော်ကောင်းဥစ္စာ ၇–ပါး ၂၁၈
၄၆။ ထူးခြားသော အကြံဉာဏ် ၂၂၀
၄၇။ သံဃာတော်မြတ်များ ရှိပေ၍သာ ၂၂၁
၄၈။ အရှင်အာနန္ဒာ၏ ပညာရေးတိုးတက်မှု ဩဝါဒ ၂၂၂
၄၉။ ဦးပဂျီငိုဏ် ကိုယ်တွေ့ ကျန်းမာ ချမ်းသာနည်း ၂၂၃
၅၀။ ဘာဖြစ်ချင်သလဲ ၂၂၃
၅၁။ ဓမ္မကထိက ၂၂၄
၅၂။ မေတ္တာပို့မှ ဝိပဿနာသို့ ၂၂၆
၅၃။ ဓမ္မကထိက ၄–ဦး ၂၂၇
၅၄။ ပါရမီ ၂၂၈
၅၅။ အနာထပိဏ်နှင့် ဝိပဿနာ ၂၂၈
၅၆။ ဂုဏ်ပကာသန ၂၂၉
၅၇။ ပြိုင်ဘက်မရှိ လွန်ကဲသောချမ်းသာကား နိဗ္ဗာန် ၂၃၀
၅၈။ အချိန်သည် လူ့တန်ဖိုး ၂၃၀
၅၉။ ကျေးဇူးတင်ပါ ၂၃၀
၆၀။ ဖြစ်နိုင်ပါ့မလား ၂၃၀
၆၁။ ချမ်းသာရေးမေတ္တာအဖွဲ့ စသင့်ပြီ ၂၃၁
၆၂။ သုံး – လေးလအတွင်း ထူးခြားစွာ အကျိုးခံစားရ၏ ၂၃၃
၆၃။ တဏှာလွတ် စားခြင်း ၂၃၅
၆၄။ အရှေ့မှသည် အနောက်သို့ အနောက်မှသည် အရှေ့သို့ ၂၃၆
၆၅။ ဒုက္ခသင်တန်း ၂၃၆
၆၆။ ဒိဋ္ဌိတွေကို တောင်းပန်လို့တော့ မရနိုင် ဒီဝါတွင်းမှာ အပြုတ်တိုက်ရမည် ၂၃၇
၆၇။ ဝိပဿနာကုသိုလ် အကျိုးပေးပုံ ၂၃၉
၆၈။ သာသနာတော်မြတ်ကြီး သန့်ရှင်းစွာ တည်ရှိရေး ၂၄၁
၆၉။ ဝိပဿနာ သင်ပုန်းကြီး ၂၄၂
၇၀။ အဝိဇ္ဇာ ၂၄၂
၇၁။ နိဗ္ဗာန်အယူအဆ ၂၄၃
၇၂။ မျက်မြင်ကိုယ်တွေ့ပင်လျှင် မှန်ပါ၏လော ၂၄၄
၇၃။ ဘီအေ မဂ်ဖိုလ် ၂၄၅
၇၄။ အိုင်စတိုင်တို့ မသိရှာ ၂၄၆
၇၅။ နီးကပ်လာရခြင်း ၂၄၈
၇၆။ ဗုဒ္ဓဘာသာနှင့် ဘာသာပြန်များ သတိပြုရန် ၂၄၉
၇၇။ လူမရှိဘဲလျက် လူရှိနေ၏ ၂၅၀
၇၈။ နောက်ဆုံးစကား ၂၅၁

http://www.dhammadownload.com

ပဥ္စဂုဏ် အဟံ ဝန္ဒာမိ သဗ္ဗဒါ။

တိုက်တွန်းပါ၏

* စာမူဖတ်ရှုရသည်မှာ လက်က မချချင်။ အစ–ကောင်း၊ အလယ်–သာကောင်း၊ ဆုံးခါနီး–အကောင်းဆုံး။ ကောင်းခြင်းသုံးဖြာ ပြည့်စုံ၏။ ဆရာကြီးနှင့် တွေ့နေရသလို။ သုတရတနာသိုက် အဖြာဖြာ ဖွင့်လှစ်ပြသည်နှင့် မခြား။ စီးပွားချမ်းသာ ရရာနည်းကောင်းများ။ ကမ္ဘာမှာ မြန်မာကွလို့ အမျိုးသားတို့ တိုးပွားဖို့ မျက်စိကို ဇွတ်အတင်း ဖွင့်ပေးလိုက်ခြင်းပင်။

* ရဟန်းတို့၊ ငါဘုရားလက်ထဲရှိ ရင်းတိုက်ရွက်နှင့် တောတွင်းရှိ ရင်းတိုက်ရွက် အဘယ်က များသနည်း။ မြတစွာဘုရား၊ လက်တော်ထဲရှိ ရင်းတိုက်ရွက်ကား အနည်းငယ်မျှ ဖြစ်ပါ၏။ တောတွင်းရှိ ရင်းတိုက်ရွက်တို့ကား များပြားပါ၏ဟု လျှောက်ကြ၏။ ရဟန်းတို့၊ ဒုက္ခငြိမ်းကြောင်းကို ရင်းတိုက်ရွက် လက်တစ်ဆုပ်စာမျှသာ ငါဘုရား ဟောတော်မူ၏။ ငါဘုရားသည် ထူးသောဉာဏ်ဖြင့် သိမြင်အပ်သည်ကား များပြား၏ဟု မိန့်တော်မူ၏။

(သီသပါန)

* ယခုသော် ရင်းတိုက်တောကြီးမှ လက်တစ်ဆုပ်စာမျှသာ။ ဆရာကြီးဦးပဂျိုင့်လက်ရာစာပေကား များပြားလှ၏။ စစ်ကြီးမဖြစ်မီ၊ (၇)တန်း ကျောင်းသုံးပြဋ္ဌာန်း "ကြီးပွားချမ်းသာရေး" ပွဲဦးထွက် တစ်အုပ်တည်းဖြင့် စာပေလောက ကမ္ဘာသို့ ရိုက်ခတ်သွားခဲ့၏။ ဝိပဿနာကျင့်နည်းလည်း အံ့မခန်း၊ ဂမ္ဘီရဗျုဖွယ်များ ထင်ရှားခဲ့၏။ စီးပွားချမ်းသာကြောင်း အမွေအနှစ်များ ပေးခဲ့ပေသည်။

* ကျောက်မျက်ရတနာ၊ ဝတ်စုံအဖြာဖြာ၊ သေတ္တာဖွင့်၊ နေ့စဉ် လိုရာလိုရာ ဆင်မြန်းရုပါမူ အတင့်တယ်ဆုံးဖြစ်ရာ၏ဟု မိန့်တော်မူ၏။ (ဂေါသိင်္ဂ)

* ရတနာသေတ္တာနှင့်တူစွာ၊ ဆရာကြီး "ဦးပဂျိုင့် (တိုးတက်ရေးဦးစီန်) ရာပြည့်ဂုဏ်ပြုမော်ကွန်း" မှ ချမ်းသာကြောင်းများ ရယူသုံးစွဲ ဆင်မြန်းစေချင်၊ ဖတ်စေ၊ ရစေ၊ သိစေချင်၊ လိုက်နာကျင့်သုံး ချမ်းသာစေချင်ပါ၏။

* ဝေဠုဝန်ဥယျာဉ်ရောက်ဖူးလျှင်ဖြင့် တာဝတိံသာနန္ဒဝန်ဥယျာဉ် ရောက်ဖူးသည်နှင့် တူ၏ဟု မာဂဓတိုင်းအလုံး သိချင်းသိဆိုခဲ့ကြ၏။ ယခုမူ – ဆရာကြီးဦးပဂျိုင့် ရာပြည့်ဂုဏ်ပြုမော်ကွန်း ဖတ်ဖူးလျှင်ဖြင့် အမျိုးသားတို့ ချမ်းသာရေးကြောင်း ရသုံးနိုင်ကြမည်မှာ အမှန်ပင်။

* ဝေဘုလတောင်တွင် စိန်ကျောက်ရတနာ အဖြာဖြာရှိ၏။ ကျောက်ခဲ၊ မီးသွေးခဲလည်း ရှိ၏။ သို့ပါလျက် စိန်ကျောက်အဖြာဖြာ မယူဘဲ ကျောက်ခဲ၊ မီးသွေးခဲယူသူ မဖြစ်စေလင့်။ ဆရာကြီးဦးပဂျိုင့် ရာပြည့်ဂုဏ်ပြု မော်ကွန်းသည် စိန်ကျောက်ရတနာ အဖြာဖြာနှင့် တူပေစွ၊

* ရဂုံကြိုင်သင်း၊ ပန်းရနံ့ခင်း၊ ပျားပိတုန်းလှ၊ ဝဲကာပျံဝှေ့၊ ဝတ်မှုန်တွေ့၊ နှမ်းစုပ်ယူသည့်အလား ဤ "ဆရာကြီးဦးပဂျိုင့် မော်ကွန်း" မှ ချမ်းသာရကြောင်းများကို အမျိုးသားတို့ တိုးပွားဖို့ ရယူနိုင်ကြစေသားဟု တိုက်တွန်းလိုက်ရပါကြောင်း။

ဆရာကြီးဦးပဂျိုင့် စာပေကား ရင်းတိုက်တော၊ ရတနာသေတ္တာ၊
ပန်းရနံ့ခင်းကြီးများနှင့် စံနှိုင်းမယုတ် အဟုတ်ပင် တူကြပေစွ။

များစွာကျေးဇူးတင်လျက်
ဘဝတု သဗ္ဗမင်္ဂလံ။

ဘဒ္ဒန္တဇောတိက
ဝိပဿနာပညာ တက္ကသိုလ်

(၁၂၊ ၂၊ ၉၉)

http://www.dhammadownload.com

စကြွေးကူးဖော်ပြီ ပုဂ္ဂလာ

* ခေတ်အဆက်ဆက် ရှားပါးသော အဖိုးတန်စာပေများကို ထိန်းသိမ်းစောင့်ရှောက် ပညာပေးဝေရာ စာကြည့်တိုက်များ ဖြစ်ကြသည့် အမျိုးသားစာကြည့်တိုက်နှင့် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တို့တွင် ရှိသော "ဆရာကြီးဦးပဂျိုင် ရေးသား၊ ထုတ်ဝေခဲ့သော စာ-နယ်-ဇင်းများ" ကို လေ့လာခွင့်ပြုကြသော -
  - အမျိုးသားစာကြည့်တိုက်၊ ညွှန်ကြားရေးမှူး ဦးမြင့်ကြိုင်နှင့် ဝန်ထမ်းများ၊
  - တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ စာကြည့်တိုက်မှူး ဒေါ်တင်ဖုန်းနွယ်နှင့် ဝန်ထမ်းများ၊
* "ဆရာကြီး ဦးပဂျိုင် စာစု" ပြုစုပေးပို့သော အမျိုးသားစာကြည့်တိုက်ဝန်ထမ်း ဦးသန်းထွန်းအောင်နှင့် ဒေါ်မိန်း၊
* ဂုဏ်ပြုစာမူ ခီးမြှင့်ကြသော ဝိပဿနာပညာတက္ကသိုလ်မှ ပဓာနနာယကဆရာတော်ကြီး (၃)ပါးနှင့် ရဟန်းရှင်လူ စာပေပညာရှင်များ၊
* သက်ဆိုင်ရာ စာအုပ်စာတမ်း အထောက်အထားများ၊ ဓာတ်ပုံများ၊ တိပ်ခွေများနှင့် Diskette များကို ငှားရမ်းကြသူများနှင့် လျှုဒါန်းကြသူများ၊
* တွေ့ဆုံမေးမြန်းခွင့်၊ အသံသွင်းယူခွင့်၊ ဓာတ်ပုံရိုက်ကူးခွင့်ပြုကြသူများ၊
* အကြံကောင်း ဉာဏ်ကောင်းများ ပေးဝေလှူဒါန်းကြသူများ၊
* စာအုပ်ဖြစ်မြောက်ရေးအတွက် မတည့်ငွေနှင့် အလှူငွေ ပေးအပ်သူများ၊
* ဤစာအုပ်ကို ကြိုတင် ဝယ်ယူငွေလှူဒါန်းသူများနှင့် ဝယ်ယူလှူဒါန်းမည့် ပညာပါရမီ ကုသိုလ်ရှင်များ၊
* စာအုပ်သေသပ်ခံ့ညားစွာ ဖြစ်ထွန်းအောင် ကွန်ပျူတာဖြင့် အကြိမ်ကြိမ် စိတ်တိုင်းကျ ပြင်ဆင်မွမ်းမံပေးသော မခင်သိဂီဟန် (သိဂီမေ ကွန်ပျူတာစာစီ၊ ဒီဇိုင်းနှင့် မိတ္တူ၊ ၁၄/၄၊ ဖဆပလ၊ ဖုန်း-၂၅၂၉၁)၊
* ပန်းချီအနုပညာဖြင့် ခြယ်မှုန်းတန်ဆာဆင်ပေးသော မြန်မာ့ရိုးရာပန်းပညာရှင် မြမြဝင်းထွန်း (ဒေါ်မြမြဝင်း၊ နည်းပြ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)၊
* စာအုပ်ဖြစ်မြောက်ရေးအတွက် ကြီးကြပ်ဦးဆောင်ကာ လိုအပ်ရာရာကို ကူညီဖြည့်ဆည်းပေးသော ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေး အဖွဲ့ချုပ်၊ အမှုဆောင်အဖွဲ့နှင့် အမှုဆောင်လူကြီးများ၊
* စာမူကို စိစစ်ပြီး ပုံနှိပ်ထုတ်ဝေခွင့်ပြုသော ပြည်ထဲရေးဝန်ကြီးဌာန၊ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနနှင့် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ။

ထိုထိုပုဂ္ဂိုလ် အသီးသီးတို့အား မှတ်တမ်းတင် ဖော်ပြခြင်းဖြင့် အထူးကျေးဇူးတင်ရှိခြင်းကို ထင်ရှားစွာ ပြုလိုက်ပါသတည်း။

အကြောင်းထူးကား

ဤသည် ဤသို့၊ ဤပုံ ဤနှယ် ကျားကုတ်ကျားခဲ အားထုတ်ကြိုးစားကြခြင်းပင်လျှင် ဆရာကြီးဦးပဂျိုင်အား ကျေးဇူးဆပ်သည် မည်ပါစေသတည်း။

စာစောင်ဖြစ်မြောက်ရေးအဖွဲ့

http://www.dhammadownload.com



ဆရာကြီး ဦးပဝိုင်

(တိုးတက်ရေး ဦးစိန်)

(ကောင် ၁၂၅၉–၁၃၄၀)

http://www.dhammadownload.com

http://www.dhammadownload.com



ညီမောင်တို့

ငါတို့ပြည်–ငါတို့မြေတွင် စင်စစ် ငါတို့တစ်တွေ
မမှန်းမချိန်နိုင်သော နေရာဌာန တစ်ကွက်မျှ မရှိချေ၊
မည်သူမည်ဝါမှ ငါတို့အတွက် **တံခါး**ကို ဖွင့်ခြင်း၊
ပိတ်ခြင်းတို့ကို မပြုနိုင်၊ ငါတို့ကိုယ်တိုင်သာလျှင် ဖွင့်ခြင်း၊
ပိတ်ခြင်းဌာ စွမ်းနိုင်၏။ ငါတို့ ရည်ရွယ်ချက်အတိုင်း
ထမြောက်အောင်မြင်နိုင်ရန်မှာ ငါတို့၏ လုံ့လ၊ ဝီရိယဖြင့်
တေတေပေပေ၊ သေသေကျေကျေ၊ သဲသဲမဲမဲ၊ ဇွဲ
ကောင်းစွာ ကြိုးစားအားခဲခြင်းမျှသာ ဖြစ်လေသည်။

မြန်မာမျိုး မဖြစ်နိုင်ဆိုသော စကားကို ရပ်စဲကြတော့။

လူမျိုး ဖြစ်နိုင်လျှင် အမောင်လည်း ဖြစ်နိုင်သည်ကို
အစဉ်သတိပြုပါ။
ကြိုးစားက ဘုရားပင် ဖြစ်နိုင်ပါသည်။

ဦးပဏ္ဍိုင်၊ ကြီးပွားချမ်းသာရေး၊ နိဒါန်း။

ကျွန်ုပ်တို့ လူဖြစ်၍လာခြင်းမှာ ပျော်ပါးမော်ကြွားနေရန် လူဖြစ်လာကြသည်မဟုတ်၊
လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုးကျေးဇူးများကို ဖြစ်ထွန်းရန်
ကြိုးစားအားထုတ်ရန် လူဖြစ်လာရခြင်းဖြစ်သည်ကို အစဉ်သတိထားကြရမည်။

ဦးပဏ္ဍိုင်၊ ကြီးပွားချမ်းသာရေး၊ ၁၀၀။

http://www.dhammadownload.com

တိုးတက်လိုလျှင် အဘယ်စာများကိုဘတ်ရအံ့နည်း

တိုးတက် ကြွေးပွါး လိုသူများအတွက်၊ စာဘတ်ခြင်းဌ ရည်မှုယ်ချက် သုံးခုရှိရမည်။

၁။ မိမိလက်ရှိဘေးကို ပျောက်ကင်း ရန်။

၂။ လာမည့် ဘေးကို ကာကွယ်ရန်။

၃။ အလုပ်သစ်များကို အမြင်အကွယ်၍ထူး ခြားစွာ စိတ်ကူးပြိုးလှုင် စထွင်လုပ်ကိုင်နိုင် ရန်၊ ၎င်းအချက်(၃)ချက်ကို၊ ပဓါန ထား၍ တိုးတက်ကြွေးပွါးလိုသူတို့သည်၊ စာများကို ရွေးချယ်စီစစ်၍ဘတ်ရမည်။

ပဂ္ဂိုဠိ

၂၀-၁၁-၃၅။



တိုးတက်လိုသူသည် စာအုပ်ကောင်းကို မဘတ်ရ

တိုးတက် ကြွေးပွါးလိုသူတို့၏အခြိုန်သည် လူသာမန် တို့၏ အချိန်ထက် ထူးကဲပိုမိုအဘုံးထိုက်တန်၏။ ယာခုအခါ ပေါ် ထွက်နေသော စာအုပ်များမှာ၊ အများ အားဖြင့် ကောင်းသည်သာဖြစ်၏။ထိုကောင်းသည် ဆိုသော စာအုပ်တို့ကိုကုန်စင်အောင်ဘတ်ရန်အချိန် မရှိ။ ထို့ကြောင့်၊ ကောင်းသည်ဆိုသော စာအုပ်တိုင်းကို မဘတ်အပ်။မိမိသုပ်ငန်းအတွက်စာအုပ်ကောင်းများမှ အကောင်းဆုံးကိုသာ ရွေး၍ဘတ်ရမည်။

ပဂ္ဂိုဠိ

၈-၁၂-၃၅၊

ဦးတက်ရေးလက်စွဲ



ရှေး ဟိုးဒုံ အုပြုဒိုဒိ
လူပဒိ ဆွေ တာ မြစ်နှင့်

http://www.dhammadownload.com

စိတ်

လူတို့သည် ကိုယ်ကာယကြီးကို များစွာ ပြုပြင်ကြ၏။ ရှေ့မှန် နောက်မှန်ဖြင့် ပြုပြင်ကြ၏။ စိတ်ကိုကား မပြုပြင်ကြသည်မှာ ကြီးကျယ်လှစွာသော မဟာအမှားကြီးတစ်ရပ် ဖြစ်၏။

လူကိုယ်ကာယကြီး တိုးတက်ကောင်းမွန်လှပဖို့ အတွက် အဝတ်တစ်စုံကို ၁၀၀၊ ကိုးဆယ် ပေးရသော်လည်း အရေးမကြီးကြချေ။ သို့သော် စိတ် မွန်မြတ် တိုးတက်ရန်အတွက် စာအုပ်ကောင်းတစ်အုပ်ကို ၅၊ တစ်ဆယ်ဆိုလျှင် ချီတုံ ချတုံ ဖြစ်လေ့ရှိကြခြင်းမှာလည်း အမှားကြီးတစ်ရပ် ဖြစ်၏။

ဆိုလိုရင်းကား ကိုယ်ကာယကြီးကို လှအောင်၊ မွန်မြတ်အောင် ပြုပြင်သည်ထက် စိတ်ကို မွန်မြတ် တိုးတက် ချွန်ထက်လာရန် အထူးထူးသော နည်းတို့ဖြင့် ပြုပြင်အပ်လေသည်။

ရုပ်ရှင် ပြဇာတ်စသည်တို့အတွက် ပျော်ပါးရန် မိတ်ဆွေသင်္ဂဟပေါင်းများစွာနှင့် သွားရောက်ကာ အစိတ်၊ ၃၀ ဖြုန်းသုံးရန် ဝန်မလေးကြလှသော်လည်း မိမိတစ်သက်လုံး တိုးတက် ကြီးပွားရန်အတွက် စာအုပ်ကောင်း တစ်အုပ်ကို ၂ ကျပ်၊ ၃ ကျပ် ပေးရန်ကား အလွန် ဝန်လေးကြကုန်၏။ တစ်ကြိမ် တစ်ခါမျှသာ ပျော်ပါးရမည်အတွက် တစ်ဆယ်၊ ၁၅ အကုန်ခံသည်ထက် တစ်သက်လုံး မိမိတစ်ဦးတည်းသာ မဟုတ်၊ တစ်မျိုးလုံး တစ်ဆွေလုံး၊ မြန်မာလူမျိုး တစ်မျိုးလုံး ယခုဘဝ နောင်ဘဝအတွက် အကျိုးကျေးဇူး ခံစား၍ မကုန်နိုင်သော စိတ် မွန်မြတ် ချွန်ထက်ရန် အတွက် ကုန်ကျရမည့် ၂ ကျပ်၊ ၃ ကျပ်အတွက် ဝန်မလေးသင့်ချေ။ သုံးဖြုန်းလိုက်သောငွေ ၁၀၀၊ ကိုးဆယ်မှာ ပြန်၍မလာသော်လည်း စာအုပ် အတွက်

IDEAS ARE DIAMOND.
Read! Read! Read!
Think! Think! Think!
YOU CAN CHANGE THE WORLD.

1. Self-help is the best help.
2. As a man thinketh, so is he.
3. Reading maketh, a full man.

ဦးပဏ္ဍိုင်၊ အင်္ဂလိပ်စာ ဆောင်ပုဒ်များ စာစဉ်၊ ၁။

သုံးသောငွေမှာကား မကြာမီ ဆပေါင်းများစွာ တိုးတက်ရရှိမည်မှာ မြေကြီးလက်ခတ်မလွဲတည်း။ ထိထိုးလိုက်သော ငွေ ၂ မှာ မသေချာ။ စာအုပ်ကောင်းကို ၂ ပေး၍ ဝယ်ယူဖတ်ရှုလျှင် အကျိုးရရှိမည်ကား သေချာ၏။

မိတ်ဆွေကောင်း တစ်ယောက်ပင် ဖြစ်စေကာမူ မိမိအလိုရှိတိုင်း သူက အားကောင်းမှ အားပေလိမ့်မည်။ မိမိ သွားရောက်ခြင်းကြောင့် သူအတွက်မှာ အလုပ် ပျက်ကောင်းပျက်ဖွယ် ရှိရာ၏။ စာအုပ်ကောင်းမှာကား မည်သည့်အခါမျှ အားနာဖွယ် မရှိ။ အချိန်အခါမရွေး ဖတ်ရှုနိုင်၏။ မေးမြန်းနိုင်၏။ အကူအညီကို အချိန်အခါမရွေး တောင်းယူနိုင်၏။ မိမိ အလိုမရှိသည့် အခါ၌လည်း ထားချင်သည့် နေရာတွင် တင်ထားနိုင်၏။ ချထားနိုင်၏။ စိတ်ဆိုးလိမ့်မည်ကား မဟုတ်ချေ။ ထို့ကြောင့် မိမိတိုးတက်မှုအတွက် စာအုပ်ကောင်းများကို မည်မျှပင် ပေးရစေကာမူ ဝယ်ယူ ဖတ်ရှုရပေမည်။

ဦးပဏ္ဍိုင်၊ အလုပ်ကံနှင့် စိတ်တန်ခိုး၊ ၁၀၃-၁၀၄။

http://www.dhammadownload.com

ဇွန်—ရစကင်

နှင့်

ဦးပဏ္ဍိုင်

You might read all the books in the British Museum (if you could live long enough), and remain an utterly "illiterate," uneducated person; but that if you read ten pages of a good book, letter by letter,—that is to say, with real accuracy,—you are for evermore in some measure an educated person. The entire difference between education and non-education (as regards the merely intellectual part of it), consists in this accuracy.

Page 11—Sesame and Lilies

By

John Ruskin.

ကမ္ဘာပေါ်ရှိ— စာအုပ်ပေါင်း များစွာတို့ကို အသက်ရှည်လျက်နေသမျှ ကာလပတ်လုံး-သေချာ-ဂန-စဉ်းစားဆင်ခြင်ခြင်းကင်းမဲ့စွာ စာဘတ်ခြင်းထက် ၁၀-မျက်နှာခန့်- သေချာစွာ စဉ်းစား၍ ဘတ်ရှုခြင်းက ခရီးရောက်၏ဟု— John Ruskin-ဂျွန်-ရစကင်-ခေါ်စာရေးဆရာကြီးက ဆို၏။

ထိုအတူပြုန်ပာတပြည်လုံးရှိ စာအုပ်ပေါင်းများစွာကို အစဉ် မပြတ်ဘတ်ရှုနေခြင်းထက်- ၂ ပြားမျှပေးရသော မဂ်လသုတ်မှ စာမျက်နှာ- ၂ မျက်နှာခန့်ကို ကျနသေချာစွာ စဉ်းစားဆင်ခြင်၍ ဘတ်ရှုခြင်းက ပိုမိုအထူး ခရီးရောက်နိုင်သည်ဟု ကျွန်ုပ်ဆို၏။

ထိုကြောင့်စာအုပ်ကောင်းများကိုမြန်စွာဘတ်ခြင်းထက် ကျနစွာ-စဉ်းစား၍ ဘတ်ရှုခြင်းကို အထူးဂရု ပြုအပ်လေသည်။

ပဏ္ဍိုင်။

http://www.dhammadownload.com

ပ-သုံးလုံး၏ ဖခင်

[၁]

သံသရာဝဲ၊ မစဲဒုက္ခ၊ အနိစ္စနှင့်၊
ငါးဝခန္ဓာ၊ အနတ္တာကို၊ သိသာစေရေး၊
ကင်းဝေးတဏှာ၊ အဝိဇ္ဇာနှင့်၊ စွဲရှာအတ္တ၊
သက္ကာယကို၊ ပယ်ကြပြီးလျှင်၊ နိဗ္ဗာန်ဝင်ရန်၊
လေးတန်သစ္စာ၊ အဘိဓမ္မာနှင့်၊ နှစ်ဖြာရှုပ်နာမ်၊
နည်းလမ်းမှန်ကို၊ သင်အံကျင့်သုံး၊ ပ-သုံးလုံးဟု၊
စည်းရုံးအားထုတ်၊ အဖွဲ့ချုပ်။ ။

[၂]

ဝိပဿနာ၊ ပညာရှာလို၊ တက္ကသိုလ်နှင့်၊
မဂ်ဖိုလ်ကျင့်ထုံး၊ ပ-သုံးလုံးကို၊ ထောင်ပိုကိုးရာ၊
ခြောက်ခွန်မှာလျှင်၊ ဆရာစာဆို၊ ပဂျိုင်ုက၊
ပိုမိုသင်္ခါ၊ ဖွဲ့စည်းပါ၏၊ နည်းနာညွှန်ပြ၊
နာယကကား၊ သုံးပါးအရှင်၊ အပတ်စဉ်ပင်၊
လူရှင်ရဟန်း၊ ထိုသင်တန်းကို၊ ကြိုးပမ်းအားသွန်၊
ပိုလွန်သင်္ခါ၊ သင်ပြပါ၏။ ။

[၃]

တစ်ထောင့်ရှစ်ရာ၊ ကိုးခွန်မှာပင်၊ မြန်မာပြည်တွင်း၊
နတ္တလင်းတွင်၊ ဖွားမြင်သည့်ချိန်၊ မောင်စိန်မည်ရာ၊
ရှုပ်မလှ၍၊ ခေါ်ကြသူ့ကို၊ ပဂျိုင်ုတည့်၊
စာကို စရေး၊ ချမ်းသာရေးနှင့်၊ မနှေးကြိုးစား၊
ဘုရားဖြစ်နိုင်၊ ကြွေးကြော်တိုင်၏၊ မြို့ဆိုင်သတင်း၊
မဂ္ဂဇင်းကို၊ တိုရှင်းမည်ပေး၊ တိုးတက်ရေးဟု၊
ပြည်ရေးပြည်ရာ၊ ထုတ်ဝေပါ၏။ ။

[၄]

တိုးတက်ရေးခေါ်၊ ပြည်ကျော်ရောင်လင်း၊ မဂ္ဂဇင်းနှင့်၊
သတင်းစာပြင်၊ အောင်မြင်သားနား၊ ဘားမားဂျာနယ်၊
ဖတ်ဖွယ်ထွေထွေ၊ သူထုတ်ဝေ၏၊ သေကျေမျှားစွာ၊
ကမ္ဘာစစ်ကြီး၊ ဖြစ်ပြီးချိန်ဝယ်၊ ဂျာနယ်သတင်းစာ၊
ထုတ်ဝေပါ၏၊ လုပ်ရာကံက်ိုး၊ စိတ်တန်ခိုးနှင့်၊
ဘဏ်တိုးငွေကြေး၊ ငြိမ်းချမ်းရေးမှ၊ ဟန်ကျပန်ကျ၊
စာလှထွေထွေ၊ သူထုတ်ဝေ၏။ ။

[၅]

ဝိပဿနာ၊ ခြေခံရာတွင်၊ မှန်စွာအဖြေ၊
'ရှုဘွယ်'တွေနှင့်၊ ထူးထွေတစ်ဝ၊ ဂန္ဓိရပြင်၊
ပို့ချလက်စွဲ၊ နှစ်စောင်တွဲကို၊ မလွဲမသွေ၊
သူထုတ်ဝေ၏၊ မြန်ပြည်ကျိုးလို၊ ပဂျိုင်ုသည်၊
ထောင်ပိုကိုးရာ၊ ခွန်ရှစ်မှာပင်၊ ဇရာဖီစီး၊
သက်ရွယ်ကြီး၍၊ ကျင့်နည်းတရား၊ သူလိုက်စားစဉ်၊
ငါးပါးခန္ဓာ၊ စွန့်ရရှာ၏။ ။

[၆]

သင်ပရိယတ်၊ ပဋိပတ်နှင့်၊ ကျင့်မြတ်မှန်သိ၊
ပဋိဝေဓ၊ ထိုသုံးဝအား၊ မှတ်သားကျင့်သုံး၊
ပ-သုံးလုံးကို၊ ပဂျိုင်ုက၊ ခေါ်ဆိုဖွဲ့စည်း၊
ကျေးဇူးကြီး၏၊ ကောင်းခီးများစွာ၊ ထိုစေတနာအား၊
ရည်ထား ရာပြည့်၊ မမေ့ကျေးဇူး၊ ဂုဏ်ထူးဖော်လျှင်း၊
မဂ္ဂဇင်းဖြင့်၊ အသင်းဝင်များ၊ ကြိုးစားဝန်းဝိုင်း၊
သမိုင်းစာတွင်၊ မှတ်တမ်းတင်၏။ ။

မင်းလွင်နီ

http://www.dhammadownload.com

ဝိပဿနာပညာတက္ကသိုလ်
ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်
အမှုဆောင်အဖွဲ့ (၁၉၉၈)

၁၉၉၈-ခု၊ ဖေဖော်ဝါရီလ၊ (၁၅)ရက်နေ့တွင် ကျင်းပပြုလုပ်သော ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်၏ (၂၈) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား အမှုဆောင်အဖြစ် ရွေးချယ်အတည်ပြု ဖွဲ့စည်းပေးခဲ့ပါသည်။

အမှုဆောင်အဖွဲ့

၁။	ဦးအောင်ဖေ	ဥက္ကဋ္ဌ	ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်များဦးစီးဌာန(ငြိမ်း)
၂။	ဦးဗိုလ်နိုု	ဒု-ဥက္ကဋ္ဌ	ဥက္ကဋ္ဌ၊ သစ်တောဖက်စပ်ကော်ပိုရေးရှင်း၊ သံအမတ်ကြီး (ငြိမ်း)
၃။	ဦးဝင်းမောင်	ဒု-ဥက္ကဋ္ဌ	အင်ဂျင်နီယာမှူးကြီး၊ ဆောက်လုပ်ရေး (ငြိမ်း)
၄။	ဒေါက်တာကံညွန့်	ဒု-ဥက္ကဋ္ဌ	ကထိက၊ နိုင်ငံတကာဆက်ဆံရေးဌာန၊ ရန်ကုန်တက္ကသိုလ် (ငြိမ်း)
၅။	ဦးသောင်းစိန်	အကျိုးဆောင်ချုပ်	မြို့နယ်စာရင်းဦးစီးမှူး (ငြိမ်း)
၆။	ဒေါက်တာ ဒေါ်သောင်းသောင်းဆိုင်	အကျိုးဆောင်(အထွေထွေ)	မျက်စိအထူးကုဆရာဝန်ကြီး
၇။	ဦးသိန်းအောင်	အကျိုးဆောင်(သင်တန်း)	ဆက်သွယ်ရေး-အင်ဂျင်နီယာ (ငြိမ်း)
၈။	ဦးရဲညွန့်	တွဲဖက်အကျိုးဆောင်(အထွေထွေ)	အမှတ် (၁) စက်မှုစစ်ဆေးရေး (ငြိမ်း)
၉။	ဦးတိုးမြင့်	တွဲဖက်အကျိုးဆောင်(အထွေထွေ)	အမှတ် (၂) စစ်ဆေးရုံ
၁၀။	ဦးစိန်လှဝင်း	တွဲဖက်အကျိုးဆောင်(အထွေထွေ)	APEO Ltd.
၁၁။	ဗိုလ်မှူးမောင်မောင်မျိုးညွန့် (ငြိမ်း)	ဘဏ္ဍာရေးမှူး	ကပစ/ကစလ (ငြိမ်း)
၁၂။	ဦးခင်မောင်သစ်	စာရင်းစစ်	မန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (ငြိမ်း)
၁၃။	ဒေါ်တင်ရီ	တွဲဖက်စာရင်းစစ်	သ/မ မန်နေဂျာ (ငြိမ်း)
၁၄။	ဦးမောင်ကြီး	ဆော်ဩရေးမှူး	ဆေးဆိုးပန်းရိုက်လုပ်ငန်း
၁၅။	ဦးအောင်ခင်	ပစ္စည်းထိန်းမှူး	မြန်မာ့သစ်လုပ်ငန်း (ငြိမ်း)



http://www.dhammadownload.com

ဝိပဿနာပညာတက္ကသိုလ်
ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်
ကြားတောရလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့
(ဖုန်း-၂၇၇၃၃၁)

ရက်စွဲ၊ ၁၉၉၈-ခု၊ ဇွန်လ (၇) ရက်

အကြောင်းအရာ ။ ။ စာစောင်ဖြစ်မြောက်ရေးအဖွဲ့ ဖွဲ့စည်းခြင်း။

၁၉၉၈-ခု၊ ဇွန်လ(၇) ရက်နေ့တွင် ကျင်းပသော ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်၊ အမှုဆောင်အဖွဲ့အစည်းအဝေး (၆/၉၈) ညီနှိုင်းဆွေးနွေးဆုံးဖြတ်ချက်အရ "စာစောင်ဖြစ်မြောက်ရေးအဖွဲ့" ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည်။

စာစောင်ဖြစ်မြောက်ရေးအဖွဲ့

နာယက ဆရာတော်ကြီးများ	-	ဦးအဂ္ဂဝံသ (ဓမ္မာစရိယ၊ ဘီအေ) ဦးကုသလ (ဓမ္မကထိက) ဦးဇောတိက(ဓမ္မာစရိယ၊ ကျမ်းပြု)
ဥက္ကဋ္ဌ	-	ဦးဗိုလ်နီ (မင်းလွင်နီ) (ဥက္ကဋ္ဌ၊ သစ်တောဖက်စပ်ကော်ပိုရေးရှင်း၊ အငြိမ်းစား-သံအမတ်ကြီး)
ဒု-ဥက္ကဋ္ဌ	-	ဦးထွန်းရွှေ (ပြည် ထွန်းရွှေ)၊ (ညွှန်ကြားရေးမှူး၊ စွမ်းအင်ဝန်ကြီးဌာန- ငြိမ်း)
	-	ဒေါက်တာကံညွန့် (ကထိက၊ နိုင်ငံတကာဆက်ဆံရေးဌာန၊ ရန်ကုန်တက္ကသိုလ်-ငြိမ်း)
အတွင်းရေးမှူး	-	ဦးတင်မောင်ဝင်း (ဓမ္မာစရိယ၊ မဟာဝိဇ္ဇာ) (မြန်မာစာဌာန၊ ရန်ကုန်/မန္တလေးတက္ကသိုလ်၊ မြန်မာစာအဖွဲ့-ငြိမ်း)
တွဲဖက်အတွင်းရေးမှူး	-	ဦးသိန်းအောင် (ဆက်သွယ်ရေး အင်ဂျင်နီယာ-ငြိမ်း)
တာဝန်ခံ စာတည်း	-	ဦးအောင်ခင် (သာသနဓဇ သိရိပဝရ ဓမ္မာစရိယ) (မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)
စာတည်း	-	ဦးမြတ်ထွေး (မင်းလှ မြတ်ထွေး)၊ (မန်နေဂျာ၊ စား/ဖျော်လုပ်ငန်း- ငြိမ်း)
ဘဏ္ဍာရေး	-	ဦးမောင်ကြီး၊ ဦးညွန့်ဝင်း၊ ဦးမျိုးညွန့်
စည်းရုံးရေး	-	ဦးရဲညွန့်၊ ဦးစံမောင်၊ ဦးကြည်အေး
ဖြန့်ချိရေး	-	ဦးစိုးသိန်း၊ ဒေါ်တင်ရီ၊ ဒေါ်ကြည်ကြည်သိန်း၊ ဦးအောင်ကိုကို

(သောင်းစိန်)
အကျိုးဆောင်ချုပ်
ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်

http://www.dhammadownload.com

ပ–သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်

ဩဝါဒါစရိယဆရာတော် ဦးသေဋ္ဌိလ (အဂ္ဂမဟာပဏ္ဍိတ)

၏

ဆရာကြီးဦးပဂျိုင် ပြုစုသော "အင်္ကလိပ်စာ ဆောင်ပုဒ်များ စာစဉ်" နှင့် ပတ်သက်သည့်

အမှာစာ

PREFACE

This pamphlet by U Pa Gyi Ngo contains a fine collection of popular short sayings with words of advice or warning which are known as proverbs, for example "Great love, great resentment, အချစ်ကြီး အမျက်ကြီး and it also contains a very fine collection of maxims which are widely accepted rules of conduct or general truths briefly expressed (e.g. " One cannot purchase a good reputation with gold,အသရေ ရွှေပေးလို့မရ "A good name is better than riches (English).

Many of the proverbs and maxims which prevail in one country may be confirmed by those of other nations, for example "Desire for haste is delay, အလျင်လို အနှေးဖြစ်သည် an English proverb says "The more haste the less speed, and a Latin proverb tells us to made speed slowly. These three proverbs have for their Indian equivalent, "A hasty man returns twice before he reaches his destination. An observation of the truth of them has been frequently exemplified in everybody's experience.

U Pa Gyi Ngo being a great moralist has collected these chosen proverbs and maxims which inculcate a high strain of religion and morality.

Dated 1st November, 1976.
YANGON, MYANMAR.

VEN. U THITTILA,
Aggamahapandita.

http://www.dhammadownload.com

ဝိဝဿနာဝညာ တတ္တသိုလ်
ဝ – သုံးလုံး ဝိဝဿနာပြန့်ပွားရေးအဖွဲ့ချုပ်



ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အရှေ့မုခ်ဦး
မြေကွက်အမှတ် – ၂၁/ဃ၊ မြေတိုင်းရပ်ကွက် – ၄၃ (ဘီ)၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်။
ဖုန်း – ၂၇၇၇၃၁

http://www.dhammadownload.com

ဝိပဿနာပညာ တက္ကသိုလ်
ပ – သိုးလိုး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်
ပဓာန နာယက ဆရာတော်



ဘဒ္ဒန္တ အဂ္ဂဝံသ

မင်္ဂလသုခ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာန နာယက ဆရာတော်၊
အောင်မင်္ဂလာလမ်း၊ တာမွေမြို့နယ်။ ဖုန်း – ၅၄၂၄၁၀

http://www.dhammadownload.com

ဝိပဿနာပညာ တက္ကသိုလ်
ပ – သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်
ပဓာန နာယက ဆရာတော်



ဘဒ္ဒန္တ ကုသလ

မဟာမေဃဝန်ကျောင်း ပဓာန နာယက ဆရာတော် ၊ အနောက် ဥယျာဉ်တိုက်၊ စမ်းချောင်းမြို့နယ်။

ဖုန်း – ၅၁၂၅၀၃

http://www.dhammadownload.com

ဝိပဿနာပညာ တက္ထသိုလ်
ပ – သိုးလိုး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်
ပဓာန နာယက ဆရာတော်



ဘဒ္ဒန္တ ဇောတိက

ရွှေတည်ကျောင်း ပဓာန နာယက ဆရာတော်၊ အိမ်တော်ရာကျောင်းတိုက်၊ ဒဂုံမြို့နယ်။

ဖုန်း - ၂၇၈၁၃၂

http://www.dhammadownload.com

၀ – သုံးလုံး ဝိဝဿနာပြန့်ပွားရေးအဖွဲ့ချုပ်
အမှုဆောင်အဖွဲ့ (၁၉၉၈)



ရှေ့တန်း – ဗိုလ်မှူးမောင်မောင်မျိုးညွှန့်–ငြိမ်း (ဘဏ္ဍာရေးမှူး)၊ ဦးသောင်းစိန် (အကျိုးဆောင်ချုပ်)၊ ဦးဗိုလ်နီ (ဒု–ဥက္ကဋ္ဌ)၊ ဦးဝင်းမောင်(ဒု–ဥက္ကဋ္ဌ)၊ ဦးအောင်ဖေ (ဥက္ကဋ္ဌ)၊ ဒေါက်တာ ကံညွှန့် (ဒု–ဥက္ကဋ္ဌ)၊ ဦးရဲညွှန့် (တွဲဖက် အကျိုးဆောင်၊ အထွေထွေ)၊ ဒေါက်တာ ဒေါ်သောင်းသောင်းဆိုင် (အကျိုးဆောင်၊အထွေထွေ–၁)

နောက်တန်း– ဦးစိန်လှဝင်း(အကျိုးဆောင်၊ အထွေထွေ–၃)၊ ဦးခင်မောင်သစ် (စာရင်းစစ်)၊ ဦးစံမောင် (အမှုဆောင်)၊ ဦးအောင်ခင်(ပစ္စည်းထိန်းမှူး)၊ ဦးတင်လှိုင် (အမှုဆောင်)၊ ဦးသိန်းအောင် (အကျိုးဆောင်၊ သင်တန်း) ဦးတိုးမြင့် (အကျိုးဆောင်၊ အထွေထွေ–၂)

http://www.dhammadownload.com

၈–သိုးလိုး ဝိဇဿနာဖြန့်ဝေးရေးအဖွဲ့ချုပ်
စာစောင်ဖြစ်ထြောက်ရေးအဖွဲ့



ရှေ့တန်း – ဦးမြတ်ထွေး(စာတည်း)၊ ဦးသိန်းအောင်(တွဲဖက် အတွင်းရေးမှူး)၊ ဗိုလ်မှူးညွန့်ဝင်းမောင်ဒွေး–ငြိမ်း (ဘဏ္ဍာရေး)၊ ဦးအောင်ခင် (တာဝန်ခံ စာတည်း)၊ ဦးဗိုလ်နီ (ဥက္ကဋ္ဌ)၊ ဒေါက်တာကံညွန့် (ဒု–ဥက္ကဋ္ဌ)၊ ဦးထွန်းရွှေ (ဒု–ဥက္ကဋ္ဌ)၊ ဦးတင်မောင်ဝင်း (အတွင်းရေးမှူး)

နောက်တန်း – ဒေါ်ကြည်ကြည်သိန်း (ဖြန့်ချိရေး)၊ ဒေါ်တင်ရီ (ဖြန့်ချိရေး)၊ ဦးကြည်အေး (စည်းရုံးရေး)၊ ဦးအောင်ကိုကို (ဖြန့်ချိရေး)၊ ဦးမျိုးညွန့် (ဘဏ္ဍာရေး)၊ ဦးမောင်ကြီး (ဘဏ္ဍာရေး)၊ ဦးစိုးသိမ်း (ဖြန့်ချိရေး)

http://www.dhammadownload.com



ဧဝံ မေ သုတံ

ဦးအဂ္ဂဝံသ

"ဦးပဂ္ဂိုဠိသည် ရဟန်း ရှင် လူ ပြည်သူ ပြည်သား အများတို့အား ဝိပဿနာပညာကို သင်ကြားပို့ချပေးနေသည်"ဟု ကြားဖူးသည်မှာ အတော်ပင် ကြာခဲ့ပေပြီ၊ သို့ပါသော်လည်း ဆက်စပ်မှု မရှိသောကြောင့် ကြန့်ကြာခဲ့ရပါသည်။ ၁၉၇၆-ခုနှစ်သို့ ရောက်သော အခါမှသာလျှင် အသင်းသူ အသင်းသား၊ ဦးပဂ္ဂိုဠိ၏ တပည့်များနှင့် ဆက်စပ်မိသောကြောင့် ဆရာကြီး ဦးပဂ္ဂိုဠိ၏ အိမ်သို့ ရောက်ခဲ့ရ၏။ ဦးပဂ္ဂိုဠိနှင့် ရင်းနှီးကျွမ်းဝင် ဖြစ်ပြီးသည်မှ နောက်တစ်ဖန် "ဦးသူတော်" နှင့်လည်းပဲ ရင်းနှီးကျွမ်းဝင်ခွင့် ရခဲ့ပြန်ပါသည်။

ဝိပဿနာပညာနှင့် ပတ်သက်၍ ဆွေးနွေးရင်း၊ မေးမြန်းရင်း၊ သင်ယူရင်းဖြင့် နေ့ရက်များ အတော် ကြာခဲ့ပေပြီ။

ဆရာကြီး ဦးပဂ္ဂိုဠိ၏ အရိုးခံဖြစ်သော စိတ်ရင်း စေတနာ သဘောထားများကိုလည်း တဖြည်းဖြည်း နားလည်လာခဲ့ရပါသည်။

ဤသို့ဖြင့် တစ်နေ့သောအခါ၌ ဆရာကြီး ဦးပဂ္ဂိုဠိအား ဤသို့မေးမြန်း စုံစမ်းမိပါလေတော့သတည်း။

"ဆရာကြီး၊ ဝိပဿနာပညာ ဆိုသည်မှာ အလွန့်အလွန် ခက်ခဲ နက်နဲလှပါသည်၊ အလွန့်အလွန်လည်း သိမ်မွေ့လှပါသည်၊ ဆရာကောင်း သမားကောင်းထံမှ နည်းခံ သင်ယူခြင်းမရှိပါက တတ်ဖို့မလွယ်ကူသော ပညာရပ်ဖြစ်ပါသည်။

'နံ မေ အာစရိယော အတ္ထိ' လို့ ဆရာကြီး သင်ပေးဖူးသည့်အတိုင်း ဘုရားရှင်မှာသာလျှင် ဆရာမရှိဟု သိရပါသည်။

အဲဒီတော့ ဆရာကြီးတို့သည် မိမိကိုယ်တိုင် အားထုတ်ရုံမျှမက သူတစ်ပါးတို့ကိုပါ သဘောပေါက်နားလည်အောင်၊ ကိုယ်တိုင်ကိုယ်ကျ အားထုတ်တတ်အောင် ပို့ချသင်ပြပေးနိုင်သည်၊ ဤသို့ဆိုသော် ဆရာကြီးတို့မှာလည်း ဧကန္တ ဆရာကောင်း သမားကောင်းများ ရှိကြရလိမ့်မည်ဟု ထင်ပါသည်၊ ဘယ်ဆရာဘယ်သမားကောင်းများထံမှ ဘယ်လောက် အချိန်ကြာကြာ သင်ခဲ့ရပါသနည်း။"

ဦးပဂ္ဂိုဠိ က " အော်. . . ဆရာကောင်း သမားကောင်းလား၊ အာ. . . ရှိတာပေါ့ ကိုယ်တော်၊ ဟိုမှာ ဟိုမှာ ဆရာကောင်းတွေ၊ သမားကောင်းတွေချည်းပဲ" ဟုဆိုကာ ဝိဋ္ဌကတ်စာအုပ် ဗီရိုများအား လက်ညှိုးထိုးပြပါသည်။ ထို့နောက် လက်ကိုဆွဲကာ ဗီရိုကို ဖွင့်ပြပါတော့သည်။

တွေ့ရသော စာအုပ်များမှာ ဝိဋ္ဌက ပါဠိတော်၊ နိကာယ်ငါးရပ်အစုံ ဒီဃနိကာယ် နိဿယ အဂ္ဂမဟာပဏ္ဏိတ ဆရာမြို့ ပြန်ဆိုထားသော ဝိဋ္ဌက မြန်မာပြန်များ၊ ဆဋ္ဌမူ မြန်မာပြန်များ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ အရှင်နန္ဒမာလာ ပြန်ဆိုထားသော ဆဋ္ဌမူဝိသုဒ္ဓိမဂ် မြန်မာပြန်၊ သီရိလင်္ကာမှ ဆရာတော် အင်္ဂလိပ်ဘာသာပြန် ဝိသုဒ္ဓိမဂ်တို့အပြင် လောကီစာပေ၊ လောကုတ္တရာ စာပေများကိုလည်း စာရေးခန်း၌ ဝန်းရံကာ သပ်သပ်ရပ်ရပ် ထားသည်ကို တွေ့ရ၏။ အင်္ဂလိပ်စာပေများ၊ မြန်မာစာပေများကို ပြသပြီးနောက်-

"စာအုပ်များ ဝန်းရံလျက်ရှိသော လူကို ပဂ္ဂိုဠိဟု ခေါ်သည် "

ဟု အရွှန်းဖောက်လိုက်ပြန်သေးသည်။

"ကဲ- လာလာ ထိုင်ပါဦး၊ ထိုင်ပါဦး" ဟု ဆိုသဖြင့် သူညွှန်ပြသော နေရာ၌ ထိုင်မိသောအခါ ဦးပဂ္ဂိုဠိက သူ၏ ဆောင်ရွက်ခဲ့ပုံများကို ဤသို့ ပြောပြလေတော့သည်။

ကဲ-ပြောပါဦးမယ်နော်ဟု အစချီကာ "တပည့်တော်က အလုပ်လုပ်ရင်း တရားရှာဖွေ၍သာ နေခဲ့ပါတယ်။

အလုပ်ကလည်း အတော်စုံခဲ့တယ်၊ မြန်မာပြည် ဘဏ်လုပ်ငန်းအစ၊ ဘဏ်ဒါရိုက်တာအဖြစ် သုံးနှစ်လုပ်ခဲ့ပါတယ်။ မီးရထားဒါရိုက်တာအဖြစ်လည်း သုံးနှစ် လုပ်ခဲ့ပြီး မြန်မာ့ရုပ်ရှင်အစ (မူးဗင်း ပစ်ချာ

http://www.dhammadownload.com

ဖဲလင်)မှာ ရုပ်ရှင်မင်းသားလည်း လုပ်လိုက်သေးတယ်။ နောက်တော့ သတင်းစာဆရာ၊ စာရေးဆရာ လုပ်ခဲ့တယ်။

မီးရထားဒါရိုက်တာ လုပ်စဉ်က မန္တလေးနှင့် ရန်ကုန်ကို အခေါက်ခေါက် အခါခါ သွားလိုက်လာလိုက် လုပ်ရင်းပဲ ဝိပဿနာပညာနှင့်ပတ်သက်လို့ စူးစမ်းရှာဖွေခဲ့ပါတယ်။ နာမည်ကြီး ရဟန်းပုဂ္ဂိုလ်၊ လူ ပုဂ္ဂိုလ်များထံ သွားရောက်ပြီးတော့ မေးမြန်းဆွေးနွေးခဲ့တယ်။ သူတို့ပြောတဲ့အတိုင်း စမ်းသပ်အားထုတ်ကြည့်တယ်။

တိပိဋကဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ နှင့်လည်း ငယ်စဉ်ကပင် သိကျွမ်းခဲ့တယ်။ သူ့ဆရာ ဆရာတော် ဦးပညာစက္ကဆိုလျှင် ပိုပြီးတောင် ရင်းနှီးပါသေးတယ်။ သူ့ဆရာရဲ့ ကမ္မဋ္ဌာန်းဂူထဲမှာလည်း တပည့်တော် ဂူအောင်းပြီး အားထုတ်ဖူးပါတယ်။

ပုဇွန်တောင်ဘူတာအနီးက ဟင်္သာတသုံးထပ်တိုက် ဆရာတော် ဦးတေဇိန္ဒထံမှာ ဝိပဿနာပညာရပ်ကို စာတွေ့သင်ယူခဲ့တယ်။ အဲဒီဆရာတော်ကပဲ ပိဋကစာအုပ်တွေကိုပါ အကုန်လုံး မင်း ယူလေတော့ဆိုပြီး ပေးလိုက်ပါသေးတယ်။

"ကမျဉ်းနီငယ်၊ ဆင်ကြီးကျယ်၊ ရုပ်ဝယ် ဘယ်ကများသနည်း" ဆိုတဲ့ လင်္ကာကို ပုဇွန်တောင် "နှစ်ကျိပ်ရှစ်ဆူ" ဆရာတော်ထံမှ ရခဲ့တယ်။ ရှင်အာဒိစ္စဝံသကျောင်းတိုက်ဆရာတော် အရှင်ဣဿရိယထံမှလည်း "ထွက်လေ ဝင်လေ ရှူရှိုက်ပုံ ဂဏနာနည်း" ကို သင်ယူခဲ့ပါတယ်။

နောက်ပြီးတော့ အဂ္ဂမဟာပဏ္ဍိတ ဆရာလင်း၊ ပါဠိဆရာ ဆရာဝ စတဲ့ လူဆရာတွေကလည်း မနည်းပါဘူး။ ဒါပေမယ့်လို့ ဝိပဿနာပွားများနည်းကို တစ်နေရာ၊ တစ်ဌာနတည်းမှာတော့ အပြည့်အစုံ မရနိုင်ဘူးပေါ့။ တစ်ခုကောင်း နှစ်ခုကောင်းမျိုး တော့ ရနိုင်ပါတယ်။

ဝိပဿနာပညာကို စတင်ဝေမျှပေးတဲ့အချိန်မှာတော့-၁၉၅၂-ခုနှစ် ဆူးလေဘုရားမှာ၊ ၁၉၆၂-ခုနှစ် ရွှေတိဂုံစေတီတောင်ဘက်၊ ရွှေကျင်မြို့နယ် ဓမ္မာရုံမှာ၊ ကိုယ့်အိမ်မှာတော့ အမြဲတမ်းပါပဲ။ သင်ပုန်းကြီးနှင့် လာလာသမျှ လူ ရှင် ရဟန်းတို့ကို သင်ပြပေးပါတယ်။ အိမ်ကိုလာပြီး ဆွေးနွေးကြတဲ့ သူများအထဲမှာ နိုင်ငံခြားသားတွေလည်း ပါတယ်။ ပြည်တွင်းက ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ဆရာတော်တို့လည်း ပါကြတာပဲ။

အဲဒီအထဲမှာ မြင်းခြံမြို့၊ ကိုးဆောင်တိုက်ဆရာတော် ဘဒ္ဒန္တသောဘိတ (ယခု-အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက)၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ) လည်း လာဖူးပါတယ်။ အဲဒီ ဆရာတော်ကပင်လျှင် "ဒကာကြီးမှာ ဒီလို လူလာတိုင်းကို သင်ပြနေလို့ ဘယ်တော့ပြီးမှာတုန်း၊ စာအုပ်ရေးပြီး ထုတ်ဝေလိုက်ပါလား" လို့ အကြံပြုခဲ့ပါသေးတယ်။ အဲဒါကြောင့်မို့လို့ "ဝိပဿနာအခြေခံနှင့် အဖြေမှန်" စာအုပ်ကို စတင် ရေးထုတ်လိုက်ရတယ် - ကိုယ်တော်။"

ထိုမှတစ်ဖန် ဦးသူတော်ထံချဉ်းကပ်ပြီး စုံစမ်းမေးမြန်းသောအခါမှာလည်းပဲ သူ၏အတွေ့အကြုံများကို ဤသို့ ဆို၏။ ဦးသူတော်က "အင်း-ဝိပဿနာပညာဟာ ခက်တယ်၊ မလွယ်ဘူးနော်၊ ဒါပေမယ့် ဇွဲရှိရှိနဲ့ သင်ယူဖို့လိုတယ်။ တပည့်တော်ရဲ့ ဝါသနာက ငယ်စဉ်ကတည်းက အထူးအဆန်းဆိုလျှင် သိချင်၊ တတ်ချင်တဲ့ စိတ်ရှိတယ်။

အဲဒီဝါသနာကြောင့် ဝိပဿနာပညာနှင့် ပတ်သက်လို့လည်း ဘယ်နေရာမှာ ထူးထူးဆန်းဆန်း ရဟန်းဖြစ်စေ၊ လူပုဂ္ဂိုလ်ဖြစ်စေ ရှိတယ်လို့ ကြားရင် လိုက်ကြည့်တာပဲ၊ နံနက်ပိုင်းက သတင်းကြားရင် ညနေဆို အဲဒီကို ရောက်သွားပြီးပြီ။

စစ်ကိုင်းမှာ ဆရာတော်တစ်ပါး ဝိပဿနာတရားပြ ကောင်းတယ်လို့ နံနက်ပိုင်းက ကြားရင် ညနေ အဲဒီရိပ်သာမှာ တရားထိုင်နေပြီ၊ အဲဒီလောက်ထိ မြန်တယ်။

အဲဒီလိုနှင့်ပဲ ဟိုရိပ်သာ၊ ဒီရိပ်သာတို့မှာ တရားအားထုတ်လို့ ကျေနပ်ပြီးမှ အိမ်သို့ ပြန်လာတတ်ပါတယ်။ နောက်ဆုံးမှာတော့ ရွှေတောင်မြို့ အမွှာရာမ

http://www.dhammadownload.com

ဆရာတော် ဦးတိက္ခိန္ဒြိယထံသို့ ရောက်သွားတယ်။ အဲဒီဆရာတော်ထံမှာရှေးဦးစွာ ဧကာသနိက် ပတ္တပိဏ္ဍ ဓူတင် ဆောက်တည်ပြီးမှ ဝိပဿနာကို အားထုတ်လို့ ရတယ်။ ဦးတိက္ခိန္ဒြိယကလည်း ကြမ်းတယ်နော်။ သူ မေးလို့ မရရင် ဘယ်လောက်ပဲ ကြီးကြီး ပရိသတ် အလယ်မှာပင်ဖြစ်စေ ကြိမ်းမောင်းပစ်တာပါပဲ။ "အာဒီဒကာ၊ ချာတိချာတာ" ဆိုပြီး "ငေါက်" လိုက်ရင် တပည့်တွေ မခံနိုင်ဘူး ထွက်ပြေးကြတယ်။

အဲဒီ ချာတိချာတာအထဲမှာ တပည့်တော်က အခံနိုင်ဆုံး၊ သူထဲမှပဲ အတွေ့အကြုံ ဗဟုသုတ အသိ ဉာဏ်တွေက အများကြီးရပါတယ်။ ဒါကြောင့် တပည့်တော်က ဦးတိက္ခိန္ဒြိယရဲ့ တပည့်အဖြစ် ခံယူထားပါတယ်။

နောက်ထပ် ဆရာတစ်ဦး ရှိပါသေးတယ်။ သူက ဦးတိက္ခိန္ဒြိယနှင့် တရားဓမ္မဆွေးနွေးဖက်ပါပဲ။ အညာသား ဦးထင်ကြီး၊ သူလည်းပဲ အဆင့်အတန်းမြင့်တဲ့ ကမ္မဋ္ဌာန်းဆရာတစ်ဦး၊ သူခမျာ ဆင်းရဲပါတယ်။ ဒါနဲ့ အဲဒီဆရာကြီးကို အိမ်မှာပင့်ထားပြီးတော့ သေတဲ့အထိ ကိုးကွယ်ခဲ့ပါတယ်။ သူထဲမှ ဝိပဿနာရှုပွားနည်းတို့ကို သင်ယူတယ်။ ဗဟုသုတတွေလည်း အများကြီး ရလိုက်ပါတယ်။

မောင်စိန်ကိုလည်း သင်ပေးတာပဲ၊ မေးကြည့်ပါလား" ဟုဆိုကာ ဦးပဂ္ဂိုဠိသို့ ရည်ညွှန်းလေတော့၏။

ဤသို့ပင်လျှင် ဆရာကြီးဦးသူတော်နှင့် ဆရာကြီး ဦးပဂ္ဂိုဠိတို့သည် မိမိတို့ကိုယ်တိုင် လုံ့လဝီရိယထုတ်ကာ နှစ်ပေါင်းများစွာ မနေမနား ကြိုးစားပမ်းစား ဝိပဿနာပညာကို ရှာဖွေခဲ့ကြသောကြောင့် အများပြည်သူတို့အား နည်းကောင်းလမ်းမှန်တို့ကို ပြသနိုင်ခြင်း ဖြစ်ကြလေသည်။ သူတို့၏ စွမ်းဆောင်ချက်များသည်လည်း အံ့မျိုး ဘာသာ သာသနာအံ့တွက် အကူအညီ အထောက်အပံ့ များစွာ ဖြစ်ရပါသည်။

ဦးပဂ္ဂိုဠိ၏ တိုင်းပြည်အတွက်ဆောင်ရွက်ပုံ

စာ နယ် ဇင်း လုပ်ငန်းဖြင့် တိုင်းပြည်၏ တိုးတက်ရာ တိုးတက်ကြောင်းကို မည်သို့ မည်ပုံ ဆောင်ရွက်သင့်ကြောင်းတို့ကို အစဉ်သတိပေးခဲ့၏။ ဆောင်ရွက်ရာ၌လည်း ခရီးစဉ်၊ လမ်းစဉ် မလွဲမမှားရအောင် အမျိုးသားတို့အား သတိပေးသည်။ နိုးဆော်သည်။ တည့်တည့်မတ်မတ် ဆက်လက်ရမည့် ခရီးစဉ်ကိုလည်း ညွှန်ပြပေးသည်။

ဆရာကြီး၏ 'ကြီးပွားချမ်းသာရေး' စာအုပ်မှာ ပြည်သူပြည်သားတို့အား ထူးခြားသော လမ်းညွှန်မှု တစ်ခု မဟုတ်တုံလော။

ဘာသာရေး သာသနာရေးတို့၌လည်းလမ်းစဉ်၊ လုပ်ငန်း လွဲမသွားစေရန် ဤကား အတုအယောင်၊ ဤကား အစစ်အမှန်၊ ဤကား အမှား၊ ဤကား အမှန်ဟု ဘုရားပေး မဟာပဒေသ ၄-ပါး တို့ကို ထောက်ပြကာ ဘာသာရေး ဆောင်းပါး၊ စာအုပ်စာတမ်း၊ စာစောင်တို့တွင် ရေးသား၍ ရှင်းလင်း ညွှန်ပြပေးထားခဲ့ပါသည်။ ဤသို့ မွန်မြတ်လှစွာသော ကျေးဇူးဂုဏ် စသည်တို့ကို အာရုံပြု လျက် ဤနှစ်တစ်ရာပြည့်စာအုပ်၌ ဖော်ပြကာ ခိုးကျူး ဂုဏ်ပြု လိုက်ပါသတည်း။

စာအုပ်များ ဝန်းရံလျက်ရှိသော လူကို ပဂ္ဂိုဠိ ဟု ခေါ်သည်

ဦးအဂ္ဂဝံသ
ပဓာနနာယက
ဝိပဿနာပညာတက္ကသိုလ်

လူမျိုးတိုးတက်ကြီးပွားမှု

လူမျိုး တိုးတက်ကြီးပွားမှုဆိုသည်မှာ ၎င်း လူမျိုးရှိ တစ်ဦးစီ တစ်ဦးစီ တိုးတက်ကြီးပွားမှုပင် ဖြစ်၏။ ထို့ကြောင့် အမောင်လုလင်ပျိုတိုင်း သူ တစ်ထူးအား မနစ်နာစေဘဲ တရားသဖြင့် မိမိကိုယ်ကိုမိမိ တိုးတက် ကြီးပွားအောင် ကြိုးစားအားထုတ်ခြင်းပင်လျှင် အမောင်သည် အမောင်၏အမျိုးကို တိုးတက်ကြီးပွားအောင် လုပ်သည်မည်ပါပေသတည်း။ (ဝါ) အမောင်သည် မျိုးချစ်အစစ် ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါပေသတည်း။ (ဝါ) အမောင်သည် ဖခင်မြန်မာပြည်၏ သားယောကျ်ားကောင်း တစ်ယောက် မည်ပါပေသတည်း။

ဦးပဂ္ဂိုဠိ၊ တိုးတက်ရေးလက်စွဲ၊ ၈၁။

http://www.dhammadownload.com

ပညတ်သွားရာ ဓာတ်သက်ပါ



ကျိုက်ဝိုင်း
အရှင်တိလောက

၁၉၉၈-ခု၊ ဩဂုတ်လ (၁၇) ရက် ရက်စွဲပါ - "ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေး အဖွဲ့ချုပ် အာဒိကမ္မိက ဆရာကြီး ဦးပဏ္ဍိုင် ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုစာအုပ်" တွင် ထည့်ဖို့ စာမူချီးမြှင့်ရန် မေတ္တာရပ်ခံစာကို ယင်းလ (၁၈)ရက်နေ့က ကိုယ်တိုင် လက်ခံရရှိပါသည်။

မေတ္တာရပ်ခံစာကို အာရုံစိုက် ဖတ်ရှုကြည့်သည်။ ကွင်းအတွင်းရှိ စာသားကို ပိုပြီး မျက်စိကျပါသည်။ အဘယ်ကြောင့်ဆိုသော် ဆရာကြီး၏ မိဘများက သားသမီးကိုးယောက်တွင် ဆရာကြီးသည် ပန်းချီဆရာပင် ပုံတူမဆွဲနိုင်သဖြင့် ငိုရလောက်အောင် ရုပ်ရည် မပြည့်စုံ၍ "ပဏ္ဍိုင်" ဟု ချစ်စနိုး ခေါ်ပေသည့် ဆရာကြီး၏ ရုပ်ရည်ကား မျက်မြင်တွင် အဆိုးကြီးကား မဟုတ်ပေ။

ကွင်းအတွင်းစာသားကား "တိုးတက်ရေးဦးစိန်"၊ "တိုးတက်ရေး" ဟူသော ဝိသေသနကား တကယ့် ဗျုပ္ပတ်နှင့် ကိုက်ညီသည့်အပြင် ပညတ်သွားရာ ဓာတ်သက်ပါ ဆိုသည့်အတိုင်း ဆရာကြီးနှင့် တွေ့ဆုံရသည့် ပုဂ္ဂိုလ်တိုင်း ဆုတ်ယုတ်ဖွယ် မမြင်၊ တိုးတက်ရန်သာ ထင်ပေသည်။ ထို့ကြောင့် "ပညတ်သွားရာ ဓာတ်သက်ပါ" ခေါင်းစဉ်ဖြင့် ဆရာကြီး၏ရာပြည့် အထိမ်းအမှတ် ဂုဏ်ပြုစာမူအဖြစ် ရေးရန် ဆုံးဖြတ်လိုက်ပါသည်။

ရှေးယခင်က ဆရာကြီးနှင့် လူချင်းမဆုံစည်းဖူးသော်လည်း ဆရာကြီး၏ စာပေနှင့်ကား ရင်းနှီးခဲ့၊ ဆုံစည်းခဲ့ပါသည်။ ကျိုက်ဝိုင်းရှမ်းခြဲ ဒကာဦးနေဝင်းမိတ်ဆက်ပေးမှုကြောင့် ကျိုက်ဝိုင်းသမိုင်း ဆရာကြီး ဦးသန်းအောင်နှင့် ရင်းနှီးခဲ့ရသည်။ ထို့မှတစ်ဆင့် ဆရာကြီးနှင့်လည်း ရင်းနှီးခွင့်ရခဲ့သည့်အပြင် ဝိပဿနာ ပြန့်ပွားရေးအဖွဲ့၏ သမိုင်းဌာနခွဲသင်တန်း၌ ဝိပဿနာ အခြေခံ အဘိဓမ္မာဆရာအဖြစ် တာဝန်ယူ သင်ပြခဲ့ရသည်။

ဆရာကြီးသည် တွေ့သူမှန်သမျှ အရင်းအဖျားမခွဲခြား၊ တစ်သားတည်း ထားသည်။ သူတည်းတစ်ယောက် အထက်တန်းပေါက် ရှေ့တန်းရောက်အောင် ဆရာစားမချန် အရောင်တင်ပေးသည်။ ပရိသတ်ရှေ့မှောက် ရပ်ပြီး သင်ကြားပို့ချမည့် ဆရာတစ်ယောက် ထားရမည့် ခြေ၊ လက်၊ မျက်နှာထားပုံမှအစ ကျောက်သင်ပုန်းကို မည်ကဲ့သို့ သုံးရမည်အထိ အရောင်တင်ပေးသည်။ ငါတတ်၊ ငါသိသောသဘောမျိုး လုံးဝ ကင်းရှင်းသည်။

လူသားတစ်ယောက် ဘယ်လောက်ပင် အလုပ်များစေ၊ စားဖို့အချိန်နှင့် သန့်စင်ခန်းဝင်ဖို့ အချိန်များ ယူရသလို စာဖတ်အလေ့ကိုလည်း ယူရမည်။ အိပ်ရာဘေး၌ စာအုပ်တစ်အုပ်ထားပြီး တစ်နေ့ အနည်းဆုံး တစ်ပိုဒ် သို့မဟုတ် တစ်မျက်နှာ အချိန်ယူ ဖတ်သင့်သည်။ စာဖတ်မှ တိုးတက်ရှေ့တန်းရောက်မည်။ မှန်၏။ ရှေးဆရာတော်ကြီးများ၏ အဆိုအမိန့် အတိုင်း လက်ဖက်ရည်အကြမ်းမှ လွဲ၍ အောက်ကျနောက်ကျဟူသည် ဘာမျှမကောင်းပေ။

ဆရာကြီးဦးပဏ္ဍိုင်အကြောင်း ရေးသားပြောဆိုလျှင် ဆရာကြီးနှင့် ဧကစ္ဆန္ဒတူညီသော ဆရာကြီး

http://www.dhammadownload.com

ဦးသူတော် အကြောင်းကိုလည်း ပြောဆိုရေးသားမှု ပြည့်စုံမည်။ ဆရာကြီးဦးသူတော်လည်း လူသားတစ်ယောက် တိုးတက်ရန် လျစ်လျူရှုထားသူမဟုတ်ပေ။ ဆရာကြီးနှင့် တစ်နာရီကျော် အဘိဓမ္မာစကား ပြောဖူးသည်။ ဆရာကြီးကား ရေလာမြောင်းပေး သဘောမျိုးဖြင့် အဘိဓမ္မာအကြောင်းကို ပြောသည်။ နောက်ဆုံး မိမိပြောဆိုချက်ကို နားထောင်သူများ ထိမိမှု ရှိမရှိကိုလည်း အကဲခတ် လေ့လာတတ်သည်။ ဆရာတစ်ယောက်၏ အတိမ်အနက်ကိုလဲလည်း ထောက်တိုင်းတတ်သည်။ အလိုဆိုးကား မဟုတ်။ မသိလျှင် သိအောင်၊ သိလျှင်လည်း ပိုခိုင်မြဲရန် သဘောမျိုးဖြစ်သည်။

မှတ်မိပါသေးသည်။ တစ်နာရီကျော်ကျော် အဘိဓမ္မာ စကားပြောအပြီး ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက၊ ကလာပ်သုံးစည်း၊ ရုပ်သုံးဆယ်ကို ကလ လ ရေကြည်ခေါ်ကြောင်း၊ ယင်း၏အရွယ်ပမာဏကို "ဒီပါဇမ္မူ သောင်းရပ်သူ၏၊ တစ်ဆူဆံပင်၊ အဖျားတွင်၌၊ တင်သည့်ဆီပေါက်၊ ပမာလောက်၏" ဟု ဆရာတို့ ပြဆိုကြကြောင်း၊ ဤမျှလောက် ပမာဏရှိသော ကလလရေကြည်၌ ဤကား ကာယဒသက၊ ဤကား ဘာဝဒသက၊ ဤကား ဝတ္ထုဒသကဟု အဘယ်ကြောင့် ခွဲနိုင်သည်ကို သိလိုကြောင်း လျှောက်ထားပါသည်။

အမှန်အတိုင်း ဝန်ခံရလျှင် စာရေးသူ ဤအထိ တစ်ခါမှ မတွေးခဲ့ဖူး၊ မတွေးဖူးသောကြောင့်လည်း အဖြေကို ချက်ချင်းမသိ၊ သို့သော် "အာကာသ ဓာတု ပရိစ္ဆေဒရူပံနာမ" သင်ဟစကားကို သတိရ၍ "အာကာသကြောင့်ပေါ့"ဟု အဖြေပေးလိုက်သည်။ ဆရာကြီး၏ နှုတ်မှ အားရဝမ်းသာဖြင့် "မှန်ပေ့ဘုရား၊ အာကာသမြင်မှ ယနစင်တယ်ဘုရား" ဟု ပြန်လည် လျှောက်ထားခဲ့ပါသည်။ အတွေးအခေါ် မြင့်မားသော ဆရာကြီးပါပေ။

ဆရာကြီး ဦးပဂ္ဂိုဠ်သည် သတင်းစာဆရာ တစ်ယောက်ဖြစ်၍လည်း ဗဟုသုတပြည့်ဝ၏။ တွေ့ဆုံသည့်အခါတိုင်း အခြား အကျိုးမရှိစကားကို ပြောလေ့ မရှိ။ ဆရာကြီးနှင့် တွေ့ဆုံနေရခြင်းသည် ဗဟုသုတဘဏ်တိုက်ကြီး အတွင်းသို့ ကိုယ်တိုင်ရောက်နေပြီး ဗဟုသုတအဘိဓာန်စာအုပ်ကြီး ဖွင့်ဖတ်နေသည်နှင့် မခြားပေ။

အပွသုတ၊ ကုသိတ၊ မုဋ္ဌဿတိ၊ ဒုပ္ပညတို့၏ ဆိုးကျိုးနှင့် ဗဟုသုတ၊ အာရဒ္ဓဝိရိယ၊ ဥပဋ္ဌိတသတိ၊ ပညာသမ္ပန္နတို့၏ ကောင်းကျိုးများကို တကယ့်ဖြစ်ရပ်များဖြင့် ဟပ်ပြ စပ်ပြလေ့ရှိသည်။ ဆရာကြီးထံမှ ရရှိသော နည်းပညာတို့ကား လက်တွေ့အသုံးချလို့ ရသဖြင့်လည်း အသုံးလည်း ကျပေသည်။

တစ်ခါနှင်က စာရေးသူ၏ တပည့်ဒကာတစ်ဦး သမီးကလေးမွေးနေ၌ ခေတ်ပညာတတ်ကျွမ်းသော ဒကာ တစ်ဦးနှင့် တွေ့ဆုံကြ၍ "ယင်းသည် မိနိုး ဖလာ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်ကြောင်း၊ တရား စာပေများ လေ့လာရာ၌ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဤ ၈-ပါးကို အဝိနိဗ္ဘောဂရုပ်ဟု ခေါ်ကြောင်း၊ မြန်မာပြန်၌ မြေ၊ ရေ၊ လေ၊ မီး စသော ရုပ် ၈-ပါးသည် ဘယ်နေရာ၌မျှ ခွဲခြားရှင်မဖြစ်၊ တစ်ပေါင်းတည်းသာ ဖြစ်သည်ဟု တွေ့ရကြောင်း၊ ပကတိမျက်မြင် စိတ်အထင်အားဖြင့် ယင်း မြေ၊ ရေ၊ လေ၊ မီးတို့သည့် ဝိရောဓိများ ဖြစ်ကြ၍ ပဋိပက္ခအသွင် ဆောင်နေကြောင်း၊ အဘယ်သို့ တစ်ပေါင်းတည်း ဖြစ်နိုင်သည်ကို သိလိုကြောင်း" လျှောက်ထားပါသည်။

ယင်းအဖြေကို ဓာတုသမသုတ္တန်တို့ဖြင့် ဖြေဆိုနိုင်သော်လည်း "ဆူးကို ဆူးချင်းထွင်" ဆိုသည့် စကားအတိုင်း ခေတ်ပညာရှင်အား ခေတ်စကားနှင့် ဖြေဆိုသင့်ကြောင်း ဆုံးဖြတ်ပြီး "ဒကာ့စိတ်အထင်က မဖြစ်နိုင်ဘူးလို့ ထင်တာကို၊ "အမှန်ဖြစ်အင် ပုံပြင်ထက်ထူးဆန်း" ပါသေးတယ် ဒကာ။ ဒါကြောင့် အမေးကို အမေးဖြင့် တုံ့ပြန်တယ်လို့ မထင်ဘဲ ဒီမေးခွန်းကို

http://www.dhammadownload.com

ဘယ်လို အဖြေပေးမလဲ။ ဆိုဒီယမ်ကို စားလျှင် သေနိုင်ပါသလား၊ များများစားလျှင် သေနိုင်ကြောင်း၊ ကလိုရင်းကို ရှုလျှင် သေနိုင်ပါသလား၊ ယင်းလည်း သေနိုင်ပါကြောင်း၊ ဒီလိုဆို ယင်းနှစ်မျိုးပေါင်းပြီး စား၊ ရှုပါက လျင်မြန်စွာ သေဖွယ်ရာ ရှိနိုင်ပါသလား။ ရှိနိုင်ပါကြောင်း၊ ဒါက ဒကာ့ စိတ်အထဲင်နော်၊ တကယ် လက်တွေ့ကျတော့ ဆိုဒီယမ်+ကလိုရင်း။ မှန်လှပါ တပည့်တော် နားလည်သဘောပေါက်ပါပြီ" ဟု လက်အုပ်ချီ ကန်တော့ပါသည်။

အမှန်တော့ မသေသည့်အပြင် အိမ်၏ မီးဖိုချောင်တွင် သူမပါလျှင် မပြီးသော "ဆား" ဖြစ်၍ လာကြောင်း သိပ္ပံပညာရှင်ပီပီ နားလည်သဘော ပေါက်သွားခြင်း ဖြစ်ပေသည်။

ဤကား ဆရာကြီးနှင့် တွေ့ဆုံခြင်းကြောင့် တိုးတက်မှု ဝိသေသလက္ခဏာတစ်ခုပေတည်း။ ကျေးဇူးကား ကြီးမားပါပေ၏။

ဆရာကြီးထံမှ ရရှိသော နည်းပညာတို့ဖြင့် ကျလာသော တာဝန်များကို အလွယ်တကူ ဆောင်ရွက်နိုင်ခဲ့သည်။ သာသနာ့ရေးဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ဘာသာ၊ သာသနာ မဖွံ့ဖြိုးသေးသော တိုင်းနှင့်ပြည်နယ်များ၌ ထေရဝါဒ ဗုဒ္ဓသာသနာပြု လူပုဂ္ဂိုလ်သင်တန်းများ ဖွင့်လှစ်ခဲ့သည်။ နိုင်ငံတကာ ဘာသာရေးအခြေအနေ ဘာသာရပ်ကို စာရေးသူ သင်ပြရန် တာဝန်ယူရသည်။

နိုင်ငံတကာဆိုရာ၌ ယင်းနိုင်ငံအသီးသီး၌ နေထိုင်သော လူသားများကို ဆိုလိုကြောင်း၊ ဘာသာရေးမှာလည်း ဂျူးဇက်ဂိယာ၏ နောက်ဆုံးတွေ့ရှိချက်အရ ဘာသာကြီး ၁၁-မျိုးဖြစ်ကြောင်း၊ အခြေအနေကတော့ ကောင်းဆိုးနှစ်မျိုးပင်ဖြစ်ကြောင်း ရှင်းပြပါသည်။

လူသားများ အသိဉာဏ် နိုးကြားသည်နှင့်အမျှ အခြေအနေ ဆိုးရွားသော ဘာသာရေးများရှိသလို တိုးပွားလာသော ဘာသာရေးများလည်း ရှိကြောင်း၊ အဓိကလိုရင်းမှာ လူသားများ အသိဉာဏ်နိုးကြားဖို့ လိုကြောင်း၊ နိုးကြားလာအောင်လည်း နည်းပညာများ ပေးဖို့လိုကြောင်း၊ လူသားကား ထက်မြက်သော စိတ်စွမ်းအင် ရှိသူများဖြစ်ကြောင်း၊ နည်းပေးမှန်လျှင် မိုးထိုးနိုင်သလောက် နည်းပေးများလျှင် မြေလျှိုးနိုင်ကြောင်း ရှင်းပြပါသည်။

ဘာသာကြီး ၁၁-မျိုးအနက် လူသားများ အသိဉာဏ် နိုးကြားနိုင်သော ဗုဒ္ဓဘာသာကို အောက်ပါအဆက်အလက်တို့ဖြင့် တစ်ပိုဒ်ချင်း၊ တစ်ကြိမ်လျှင် မိနစ် ၅၀၊ ၁၁-ကြိမ် ပို့ချခဲ့ပါသည်။

(၁) ဘဝကြေးမုံ၊ ဖြစ်ရပ်တွေ ဆုံသည်။
(၂) မယုံ မရှိ၊ ကိုယ်တိုင် တွေ့သိမိနေသည်။
(၃) လုပ်ရပ်မှန်လို့၊ ဖြစ်ရပ်ဟန်သည်။
(၄) လုပ်ရပ်ဟန်မှ ဖြစ်ရပ်လည်း သန်မည်။
(၅) ဖြစ်ရပ်ကို မပြိုင်နဲ့၊ လုပ်ရပ်ကိုသာ ပြိုင်ပါ။
(၆) ဖြစ်ရပ်ကို ပြိုင်လျှင်၊ မနိုင်ဘဲ ကိုယ်သာ ယိုင်လဲမည်။
(၇) ဖြစ်ရပ်က အဟောင်း အဟောင်း၊ လုပ်ရပ်က အသစ် အသစ်။
(၈) ကြောင်းကျိုးစင်စစ်၊ ဓမ္မသဘာဝ၏အနှစ်။
(၉) ဓမ္မသဘာဝကား အရှိ၊ လူသားမှာကား အသိ။
(၁၀) အရှိ ဓမ္မသဘာဝကို ဗုဒ္ဓက အသိဉာဏ်ဖြင့် ဖော်ထုတ်ခဲ့သည်။

ဤလည်း ဒုတိယမွှဲ ဝိသေသလက္ခဏာပေတည်း။

ကျိုက်ဝိုင်း အရှင်တိလောက
မဟာတိလောကာရုံကျောင်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း

လူသားကား ထက်မြက်သော စိတ်စွမ်းအင် ရှိသူများဖြစ်ကြောင်း၊ နည်းပေးမှန်လျှင် မိုးထိုးနိုင်သလောက် နည်းပေးများလျှင် မြေလျှိုးနိုင်ကြောင်း

http://www.dhammadownload.com

သာသနာ့ အာဏာနည်ပုဂ္ဂိုလ် ပဂျိုင်

ပ-သုံးလုံး ဆရာဘုန်း

ဝိပဿနာပညာ ဆရာကြီး ဦးပဂျိုင် ပုဂ္ဂိုလ်အား ၁၉၆၉-ခုနှစ်မှစ၍ အနီးကပ် လေ့လာခွင့်ရရှိခဲ့ပါသည်။

စိမံကိန်းဖြင့် လူလုပ်ခြင်း

ဝိပဿနာပညာဆရာကြီး ဦးပဂျိုင်သည် "ကြိုးစားက ဘုရားဖြစ်၏" ဟူသော ဆောင်ပုဒ်ကို အမြဲလက်စွဲပြုသူ ဖြစ်၏။ လောကကြီးမှာ ဘုရားဖြစ်ရန် ခဲယဉ်းသောအရာဖြစ်၏။ လွယ်ကူသောအရာ မဟုတ်ပါပေ။ ဒုလ္လဘတရား ဖြစ်ပါသော်လည်း ကြိုးစား **အား**ထုတ်ပါက ဘုရားတောင် ဖြစ်ရသေးလျှင် ကျန်သောကိစ္စ ဟူသမျှ မဖြစ်ဘဲရှိပါအံ့နည်း။ "တကယ် ဖြစ်ချင်လျှင် တကယ်လုပ် အဟုတ်ဖြစ်ရမည်" ဟူသော ဆောင်ပုဒ်ကို ရေးထုတ်ပြီး-

လောကကြီးမှာ ဟန်ကျပန်ကျ နေနိုင်အောင်၊ အဆင့်အတန်းမီမီ နေနိုင်အောင်၊ စားဝတ်နေရေး အတွက် ကြောင့်ကြပူပင်မှု မရှိပါဘဲ နေနိုင်စားနိုင်အောင်၊ လောကီရေးရာတွင် အားလုံးအဆင့်တန်းမီ နေနိုင်အောင် ကြိုးစားခဲ့သည်။ လောကုတ္တရာရေးရာတွင် မူလမျှော်မှန်းထားသည့် အသက် (၄၀)အရောက် ဖြစ်မလာခဲ့သော်လည်း (၄၂)နှစ် အရောက်တွင်မူ လောကုတ္တရာနယ်ပယ်သို့ အပြည့်အဝ အောင်မြင်စွာ ကူးမြောက်နိုင်ခဲ့ကြောင်း ပြောပြခဲ့ပါသည်။

ဤသည်ပင်လျှင် ဆရာကြီး ဦးပဂျိုင်အား အနတ္တ ရောင်ခြည် သန်းလာခြင်းပင် ဖြစ်ပါသည်။

လောကီနယ်မှ လောကုတ္တရာနယ်သို့ ကူးလာခြင်း

အခြိန်တန်လျှင့် လက်ဆေးစားနိုင်သော အခြေအနေသို့ ရောက်လာခဲ့သောအခါ လောကီရေးရာကိစ္စမှန်သမျှတို့ကို ဥပေက္ခာပြုလျက် လောကုတ္တရာရေးရာနှင့် ပတ်သက်၍ ဆရာကောင်း သမားကောင်းများ ရှာဖွေကာ ဆရာကောင်း သမားကောင်း ဆရာတော်ကြီးများထံ ဆည်းကပ်၍ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို အမြဲမပြတ် စားခြိန် အိပ်ခြိန်မှလွဲ၍ အခြိန်ပြည့် ကြိုးစားအားထုတ်ခဲ့ပါသည်။

ဤသည်မှစ၍ "**ပရိယတ္တိမှသည် ပဋိပတ္တိသို့**" ဟူသောဆောင်ပုဒ်ကို လက်ကိုင်ထား၍ "ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ" တည်းဟူသော ပ-သုံးလုံး ဝိပဿနာပြန်ပွားရေးအဖွဲ့ကို ဖွဲ့စည်းတည်ထောင်၍ သာသနာပြုလုပ်ငန်းတော်ကြီးကို ရဟန်း ရှင်လူ ပုဂ္ဂိုလ် အများတို့အား သင်တန်းပို့ချ ပြောဟောကာ သာသနာပြုလုပ်ငန်းတော်ကြီးကို ဇောက်ချ လုပ်ကိုင်ခဲ့ပါသည်။

ထိုအခြိန်မှစ၍ ပါဠိတော်(ပရိယတ္တိ)နှင့် ကိုက်ညီသော "သဗ္ဗေ ဓမ္မာ အနတ္တာ" ကို စွဲမြဲစွာ လိုက်နာကျင့်သုံးခဲ့ပြီး-

ပါဠိတော် (ပရိယတ်)နှင့် မကိုက်ညီသော တရားမှန်သမျှကို သာသနာပြုစိတ်ဓာတ် ထက်သန်စွာဖြင့် ဟောပြော ဖြေရှင်းခဲ့သော သာသနာပြုပုဂ္ဂိုလ်ထူးကြီးဖြစ်ပါပေ၏။

ရဟန်းတော်များနည်းတူ ရဟန်းတော်များကဲ့သို့

http://www.dhammadownload.com

အထက်တန်းစား ဖြစ်လိုသလား

အထက်တန်းကျသောစာကိုဘာသူသည်၊ အထက်တန်း စိတ်ကူးမျိုးကိုစိတ်ကူး၍ အထက်တန်းစားအလုပ်မျိုးကို လုပ်ကိုင်၏။ အထက်တန်းစားအလုပ်မျိုးကိုလုပ်ကိုင်သဖြင့် လူတို့သည်အထက်တန်းသို့ ရောက်ကြကုန်၏။ ။အောက်တန်းကျသောစာကိုဘာသူ၊ အောက်တန်း စိတ်ကူးမျိုးကို စိတ်ကူး၍၊ အောက်တန်းစားအလုပ်မျိုးကိုလုပ်ကိုင်၏။ အောက်တန်းစားအလုပ်မျိုးကိုလုပ်ကိုင်သဖြင့်၊ လူတို့သည် အောက်တန်းကျရောက်လျက် ရှိကုန်၏။ ။ထို့ကြောင့်၊ အထက် တန်း စားဖြစ်လိုမူ၊ အထက်တန်း-စာမျိုးကို ဘာသူရမည်။

ပဂ္ဂိုဠ်
၆-၁၂-၃၅၊

ဘုရားရှင်၏ မျက်နှာတော်၊ သာသနာတော်မြတ်ကြီး၏ မျက်နှာတော်တစ်ခုတည်းကိုသာ ကြည့်၍ အဂတိတရားမရှိ၊ အဓိပတိစိတ်ဓာတ်ဖြင့် ပါဠိတော်မူ ကျင့်စဉ်ကို မဟာပဒေသ လက်ကိုင်ထား၍ ကိုယ်တိုင်ဟောပြော၊ ကိုယ်တိုင် လိုက်နာကျင့်သုံးနိုင်စွမ်းရှိသော တကယ့် တိဟိတ်လူပုဂ္ဂိုလ်ကြီးပါပေ။ "သာသနာ့အာဇာနည်ပုဂ္ဂိုလ် ပဂ္ဂိုဠ်" တစ်ယောက်ဟူ၍ပင် ခေါ်ဆိုထိုက်ပါပေစွတကား။

> ပါဠိတော် (ပရိယတ်)နှင့် မကိုက်ညီသော တရား မှန်သမျှကို သာသနာပြုစိတ်ဓာတ် ထက်သန်စွာဖြင့် ဟောပြော ဖြေရှင်းခဲ့သော သာသနာပြုပုဂ္ဂိုလ်ထူးကြီး

"ငါ အသက်ရှင်နေခြင်းသည် အများချမ်းသာဖို့"

အထက်ပါဆောင်ပုဒ်ကို အမြဲခိုက်ဆွဲ၍ အားလုံးသော ရဟန်းရှင်လူ ပုဂ္ဂိုလ်ဟူသမျှတို့သည် လူဘဝရရှိသည့်အခိုက် လူဘဝတန်ဖိုး သိ၍ လူဖြစ်ရကျိုးနပ်ပါစေ၊ ဗုဒ္ဓသာသနာတော်မြတ်ကြီးနှင့် တွေ့ကြုံရကျိုးနပ်ပါစေ၊ ပါဠိတော် ပရိယတ်နှင့် ကိုက်ညီသော တရားဓမ္မတို့ကို လိုက်နာကျင့်သုံးနိုင်ကြပါစေ၊ မင်္ဂဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေ ဟု ထက်သန်သော အဓိပတိစိတ်ဓာတ်နှင့် စာပေရေးသားဟောပြော ကျင့်သုံးနိုင်စွမ်းရှိသော၊ သေသည် အထိ "ငါ အသက်ရှင်၍ နေရခြင်းသည် အများချမ်းသာဖို့" ဖြစ်သည်ဟူသော ဆောင်ပုဒ်ကို ဘုရားလောင်းတို့၏နည်းတူ စွမ်းဆောင်ခဲ့သော ပုဂ္ဂိုလ်ထူးကြီးပါပေ။

ပ-သုံးလုံး ဆရာဘုန်း

http://www.dhammadownload.com

ဦးပဂျိုင်-နဲ့-ဦးဇောတိက ဘာတွေပြောလို့၊ ဘာတွေမှာခဲ့သလဲ

၁။ သေခါနီး
၂။ တရားထိုင်
၃။ မတုန့်
၄။ မလည်နဲ့
၅။ ရန်ကုန်မှာနေ
၆။ တကယ်အောင်တာ
၇။ ဂျင်တန်
၈။ ငှက်ဆိုးသံကြိုး
၉။ ဂိုးဝင်အောင်သွင်း
၁၀။ ပုလင်း
၁၁။ အပြစ်ရှိသူ
၁၂။ အပြစ်ကြီးသူ
၁၃။ ရယ်ရွှင်ဖွယ်
၁၄။ အများအကျိုး
၁၅။ တပည့်ကောင်း
၁၆။ အလုပ်
၁၇။ အမှုဆောင်၊ ဥက္ကဋ္ဌ
၁၈။ ရေမခိုးရသေး
၁၉။ ပ-လေးလုံး
၂၀။ ဒကာ၊ ဒကာမအကျိုး

စာလုံးရေ - ၁၂၃၄။
မြည်းစမ်းကြည့်ပါ။
သင်-အကျိုးရှိမည်။

http://www.dhammadownload.com

သေခါနီး

တပည့်တော် သေပျော်ပါပြီ၊ ဝိပဿနာ ဆက်လုပ်နော် ကိုယ်တော်၊ လက်အုပ်ချီလျက် မကြာမကြာ နေ့စဉ် အိမ်ကြွတိုင်း ဆရာကြီး ပြောလေ့ရှိတယ်။ အနောက်ပိုင်းဆေးရုံ သေရာညောင်စောင်းကျတော့ စကားမပြောရလို့ ဆရာဝန်တားတဲ့ကြားထဲက ဝိပဿနာပြောပြီး သေမယ်။ လာ-ကိုယ်တော်၊ ရိပ်ခနဲ မြင် လိုက်တိုင်း။ လက်ဆွဲထားပြီး ဆက်လုပ်ပါ- မှာလေ့ရှိတယ်။

တရားထိုင်

၁၉၆၆၊ ဆောင်းဦးက။ ဒကာ + မ = ဘယ်လို တရားပြလဲလို့ မေးတယ်။ ပလ္လင်် အာဘုဠိတွာ - စသည် ပြောပြ၊ အားထုတ်ခိုင်းတယ်ဆိုတော့ ဘယ်ဟုတ်မလဲ ကိုယ်တော်။ ဟဲ့- ဒီလို ၊ ဟဲ့- ဒီလို ထိုင်ရတယ်လို့၊ ကုလားလိုင်ပေါ်က ဆင်းပြီး ထိုင်ပြတယ်။

ဒကာ+မတွေကို အကြောကြီး မထိုင်ခိုင်းပါနဲ့။ နားလည်အောင် ပြောပြပါလို့လည်း မှာတယ်။ တပည့်တော် ရှစ်နာရီ အလုပ်လုပ်တယ်လို့လည်း ပြောပြတယ်။

မတုန့်

သူများ မတုန့်။ တုရင် အတုပဲဖြစ်မယ်၊ အစစ် မဖြစ်ဘူး၊ မကြောက်နဲ့၊ ပါဠိတော် ကိုင်ထား၊ သူများမှ လုပ်နိုင်ရင် ကိုယ်တော်က ပါဠိတော်နဲ့ အစစ်ဖြစ်အောင် လုပ်နိုင်တယ်။

မလည်နဲ့

ကိုယ်တော်၊ လာဘ်လာဘ အပူဇော်သက္ကာနောက် မလိုက်နဲ့နော်၊ ခဏ ခဏ ပြောတယ်။ ဟိုသွား ဒီသွား မသွားနဲ့။ ဝိပဿနာလုပ်နေ၊ မြစ်ကြီးနား၊ ဗန်းမော်၊ ပြည်၊ ရွှေတောင်၊ ရေး၊ မြိတ်၊ ထားဝယ် မကျန် လာပင့်လိမ့်မယ်။ ဝိပဿနာသာ လုပ်၊ လာပင့်မှာ သေချာတယ်။

ရန်ကုန်မှာနေ

အနည်းဆုံး ရန်ကုန်လူဦးရေ ဆယ်သိန်းထား၊ သွားချင်တာတွေ သွား၊ တစ်သိန်းတစ်ယောက်၊ ကိုယ်တော်ဆီ ဆယ်ယောက်လာရင် ကိုယ်တော့်ရပ်ရွာ ဆီးရွက်လောက်လေးထက် သာသနာပြုရတာ သာတယ်၊ စာချဲ့မဲ့သူ များတယ်၊ ဝိပဿနာလုပ်မဲ့သူ မရှိဘူး၊ ရန်ကုန်နေနော် တဲ့။

တကယ်အောင်တာ

ဓမ္မာစရိယအောင်တာက တကယ်အောင်တာ မဟုတ်သေးဘူး၊ ဝိပဿနာအောင်တာကမှ တကယ့်ကို အောင်တာ၊ လုပ်နော် ကိုယ်တော်။

http://www.dhammadownload.com

ဂျင်တန်

ကား၊ ရထားတွေမှာ ဂျင်တန်ကို အလကား ဝေတာ၊ လူတွေ ကြိုက်လာမှ ပိုက်ဆံနဲ့ ရောင်းတာလို့၊ ဝိပဿနာစာများကို စွေးပေါပေါနဲ့ ဖြန့်။ လူတိုင်း ဝယ်မဖတ်နိုင်ဘူး။ စိတ်စေတနာ ကောင်းကောင်းနဲ့ သည်းခံ။ ဝိပဿနာ ဆက်လုပ်နော် ကိုယ်တော်။

ဒုက်ဆိုးသံကြိုး

တပည့်တော် ဒုက်ဆိုးသံကြိုးနဲ့တောင် ရသေးတာ၊ ကိုယ်တော် ဘာလို့ မရရမှာလဲ၊ မကြောက်နဲ့၊ ပါဠိတော် ကိုင်ထား၊ ဝိပဿနာအစစ်အမှန် ပြတတ်တဲ့လူ မရှိဘူးတဲ့။

ဂိုးဝင်အောင်သွင်း

ဘောလုံးကန်တာ တစ်ဖက် (၁၁)ယောက်၊ အပြိုင်ကန်ကြတာ၊ ခုဟာ-ကိုယ်တော့်ချည်း တစ်နာရီလုံးလုံး ရတာ၊ ပြောချင်တာကို တန်းဝင်အောင် သွင်းတဲ့။

ပုလင်း

လေးဆယ့်ငါးကျပ်သား ပုလင်းပေါက်က ငါးမူးပဲ။ ဆယ်ဝင်ပုံးနဲ့ လောင်းထည့်လို့ ဘယ်အကုန်ဝင်မလဲ။ ဖြည်းဖြည်း နားလည်အောင် ပြောပြပါတဲ့။

အပြစ်ရှိသူ

ကိုယ်တော်၊ ဒကာ+မ ဝိပဿနာမလုပ်တတ်တာ ဒကာ+မမှာ အပြစ်မရှိဘူး၊ ဓမ္မကထိက- ကိုယ်တော့်တို့မှာ အပြစ်ရှိတယ်။ ကြိုးစားပါ။

အပြစ်ကြီးသူ

အမှန်ကို မမှန်၊ မမှန်ကို အမှန် ဟောနေတာ လိမ်နေတာပဲ။ တရား လိမ်ဟောရင် အပြစ်အကြီးဆုံးပဲလို့ မိန့်တော်မူခဲ့တယ်။

ရယ်ရွှင်ဖွယ်

ချစ်သားရာဟုလာ၊ မုသားကို ရယ်ရွှင်ဖွယ်မျှပင် မပြောလေနဲ့၊ ပြောရင် ကျန်တဲ့ ဒုစရိုက်အားလုံး လုပ်ရဲတယ်လို့ မိန့်ထားတယ်။ ကိုယ်တော်၊ သမ္မပ္ပလာပတွေ ထည့်မပြောနဲ့၊ ဓမ္မကထိက တန်ဖိုးကျတယ်တဲ့။

အများအကျိုး

အမှန်ကို အမှန်၊ အမှားကို အမှားလို့ ဟောရင် အများအကျိုးချမ်းသာအောင် ကျင့်တာ၊ သာသနာအစစ်အမှန်ပြုတာလို့ မိန့်တော်မူခဲ့တယ်၊ ကြိုးစား ကိုယ်တော်။

http://www.dhammadownload.com

တပည့်ကောင်း

တပည့်ကောင်း လိုချင်ရင် ကိုယ်ကိုယ်တိုင် တပည့်လုပ်၊ ကိုယ်တိုင်လုပ်တော့ သေချာတယ်၊ သူများခိုင်းတော့ မသေချာဘူး၊ အဲဒါ-တပည့်ကောင်း ဖြစ်ရော။ ကိုယ်တိုင်လုပ် ကိုယ်တော်၊ လွဲချည်းမထားနဲ့၊ အဖွဲ့ ပျက်သွားမယ်တဲ့။

အလုပ်

အလုပ် လုပ်မယ်ဆို လွယ်လွယ်မတွက်နဲ့။ အပျက်ဘက်ကချည်း အမျိုးမျိုးတွက်။ အဲဒါတောင်မှ လုပ်နိုင်သေးတယ်ဆိုရင် ဘယ်သူ ဘာပြောပြော လုပ်တော့၊ ဝိပဿနာအလုပ်ဟာ အကောင်းဆုံးပဲ ကိုယ်တော်ရေ့၊

အမှုဆောင်၊ ဥက္ကဋ္ဌ

ပိုက်ဆံရှိတိုင်း လူကြီးမခန့်နဲ့ ကိုယ်တော်။ အတ္တ+အနတ္တ ကွဲမှ ခန့်။ မကွဲ မခန့်နဲ့။ အဖွဲ့ ပျက်သွားမယ်။ ခဏ ခဏ မှာတယ်။ သင်တန်းမှာလည်း ထည့်ထည့် ပြောသွားသေးတယ်။

ရေမချိုးရသေး

လာ-ကိုယ်တော်၊ လက်ဆွဲခေါ်ပြီး အခန်းထဲက **စာအုပ်အစုတ်ပုံကြီး** ပြ။ အဲဒါတွေ ရေမချိုးရသေးတာ။ တပည့်တော် မြစ်အလျားလိုက် ကူးလာရတာ။ ကိုယ်**တော် အလွယ်နဲ့ရတာ၊** ကြိုးစားတဲ့။

ပ-လေးလုံး

ဒီမှာကြည့် ကိုယ်တော်၊ ပ-လေးလုံး ဖြစ်နေတယ်၊
ပ-တစ်လုံးက၊ ပ-သုံးလုံးကို သွားတွေ့တာ။
ပ-ဂျိုင်္ဂုဏ် ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓကို တွေ့တာလေ - တဲ့။
သင်ပုန်းဘောထဲက -



ဒီပုံစံကို ညွှန်ပြပြီး

ဆရာကြီး ပြုံးပြုံးကြီးလုပ်နေပုံကို မြင်ယောင်လိုက်ပါဘိ။

ဒကာ၊ ဒကာမအကျိုး

ကိုယ်တော်၊ ဒကာ ဒကာမ အကြိုက်ကို မဟောပါနဲ့၊ ဒကာ ဒကာမအကျိုးကို ဟောပါ။ ဒကာ ဒကာမ နားမလည်တာ ဒကာ ဒကာမမှာ အပြစ်မရှိဘူး။ ကိုယ်တော်တို့ ဓမ္မကထိကတွေမှာ အပြစ်ရှိတယ်။

နားကြစို့။ ၁၉၉၈။ ဘဝတု သဗ္ဗမင်္ဂလံ။
ဘဒ္ဒန္တဇောတိက (ဓမ္မာစရိယ)
ပဓာန နာယက
ဝိပဿနာပညာတက္ကသိုလ်

http://www.dhammadownload.com

ဗုဒ္ဓဓေတိမြတ် တွေ့ကျိုးနှိပ်ရန်

ပ-သုံးလုံးဆရာတော် ဦးကုသလ

[၁] ရေချမ်းသစ်သီး၊ ပန်းဆီမီးကို၊ ခိုင်ကြိုးသဖွါ၊
လှူပြီးကာမှ၊ ငါမှာ ကောင်းကျိုး၊ အလွန်တိုးဟု၊
ယုံကိုးစိတ်ထဲ၊ မရောင့်ရဲနှင့်။

[၂] မစဲ ညနေ၊ ဘုရားရှေ့တွင်၊ ပျော်မွေ့မြတ်နိုး
မြဲရှိခိုး၍၊ ကောင်းကျိုးပွားစည်၊ ကြိုးလှပြီဟု၊
ယုံကြည်အားရ၊ စိတ်မချနှင့်။

[၃] ဓာရဏာနှင့်၊ မမွစကြာ၊ မေတ္တာ ပဌာန်း၊ ရွတ်နိုင်စွမ်းကြောင့်၊
ရွှင်လန်းဝိတိ၊ ကြီးမည့်တေဇော်၊
မစောင့်မျှော်နှင့်။

[၄] ဂုဏ်တော်ပုတီး၊ သက်စေ့ပြီးအောင်၊ ဇွဲကြိုးခိုင်မာ၊
ငြိမ်သက်စွာနှင့်၊ သဒ္ဓါကြည်ယုံ၊ စိပ်ပြီးရုံဖြင့်၊
လုံလောက်လှပြီ၊ မရပ်တည်နှင့်။

[၅] ရေကြည်သစ်သီး၊ ဆီမီးလှူမျိုး၊ ရှိခိုးဝတ်ရွတ်၊
စေလွှတ်မေတ္တာ၊ တစ်ရာ့ရှစ်သီး၊ စိပ်ပုတီးကို၊
မငြီးဆင့်ကဲ၊ စိပ်မြဲစိပ်ပါ၊ မဖြတ်ပါနှင့်။

[၆] ဆက်ကာတစ်မျိုး၊ ရှေ့သို့တိုး၍၊ အကျိုးနိဗ္ဗာန်၊
မျှော်ရိုးမှန်က၊ ရုပ်နာမ်ခွဲခြား၊ ကျင့်တရားသာ၊ သံသရာမှ၊
ထွက်လွတ်စေကြောင်း၊ လမ်းမှန်ကောင်းဟု၊ ညွှတ်ပျော်စိတ်ထဲ၊
ယုံကြည်စွဲလျက်၊ အမြဲနေ့ည၊ ဝိပဿနာ၊ ဘာဝနာကို၊ ခိုင်မာဆန္ဒ၊ ကြိုးလုံ့လမှ၊
ဗုဒ္ဓဓေတ်မြတ်၊ တွေ့ကျိုးနပ်မည်၊ ကြပ်ကြပ် သတိရှိစေမင်း။

http://www.dhammadownload.com

သတင်းစာဆရာမှ ဝိပဿနာဆရာသို့

ပါရဂူ

ကြီးပွားချမ်းသာရေးစာအုပ် ရေးပြီး တကယ်လက်တွေ့ ကြီးပွား တိုးတက်သွားသူတစ်ဦး ဒုတိယကမ္ဘာစစ် မဖြစ်မီက ရှိခဲ့ဖူးသည်။

ပီမိုးနင်းသည် 'နေညိုညို'၊ 'နေရိရိ'၊ 'ဟောဝန်ဘွေ'၊ 'တစ်ကိုယ်တော်'၊ 'ချစ်ပန်းနွယ်'၊ 'တစ်နိုင်ငံ မြို့ငယ်ခြား'၊ 'ကျွန်းငွေသောင်'၊ 'ကျားကြီးရာဇာ'၊ 'တစ်ခုလပ်နှင့်တစ်လင်ကွာ'၊ 'သဲမြည်သာ' စသော ဝတ္ထုရှည်ကြီးများနှင့် ဝတ္ထုတို အမြောက်အမြားကို ရေးသားခဲ့သည့်အပြင် ကြီးပွားတိုးတက်ရေး လမ်းညွှန် စာအုပ်များကိုလည်း အများအပြား ရေးသားခဲ့သည်။

ပီမိုးနင်းရေးသော ကြီးပွားရေး၊ တိုးတက်ရေး စာအုပ်များကား 'ကမ္ဘာ့မင်တံ'၊ 'သခင်စိတ်'၊ 'လက်တွေ့ကြီးပွားရေး'၊ 'ကိုယ့်ဒုးကိုယ်ချွန်' စသည်များ ဖြစ်ကြသည်။ ကြီးပွားတိုးတက်ရေး စာအုပ်များကို ရေးသူဖြစ်သော်လည်း ပီမိုးနင်းသည် သူ့ဘဝ၏ ရုပ်ဝတ္ထုအနေအားဖြင့် ကြီးပွားတိုးတက်ခြင်း မရှိခဲ့ပေ။ အမြဲ တမ်း ငွေကြေးချို့တဲ့၍သာလျှင် နေခဲ့ရသည်။

သို့သော် ပီမိုးနင်းနှင့် ဆန့်ကျင်ဘက် ကြီးပွားချမ်းသာရေးစာအုပ် ရေးပြီး တကယ်လက်တွေ့ ကြီးပွား တိုးတက်သွားသူတစ်ဦး ဒုတိယကမ္ဘာစစ် မဖြစ်မီက ရှိခဲ့ဖူးသည်။ ထိုပုဂ္ဂိုလ်မှာ ဦးပဂ္ဂိုဠ် ခေါ် တိုးတက်ရေးဦးစီန် ဖြစ်သည်။

ဦးစီန်က သူ့ကိုယ်သူ ပဂ္ဂိုဠ်ဟူ၍ နာမည်ပွား မှည့်ထားသည်။ အမှန်က ဦးစီန်သည် ပဂ္ဂိုဠ်ရလောက်အောင် အရုပ်မဆိုးပေ။ အသားရောင် အနက်ဘက်ပိုသည်။ အမြဲတမ်း ဣန္ဒြေကြီးတစ်ခွဲသားနှင့် နေသည်ဖြစ်၍ ရုပ်ဆိုးသည်ဟု ထင်ရသည်။ ဦးစီန်သည် ကာယဗလဦးရှိန်နှင့် ညီအစ်ကိုဖြစ်သော်လည်း ဦးရှိန်က မျက်နှာချိုပြီး ဦးစီန်က မျက်နှာတင်းသည်။ တွေ့လိုက်တိုင်း သုန်သုန်မှုန်မှုန် ဖြစ်နေသော မျက်နှာသွင်ပြင်ကို တွေ့ရသည်ဖြစ်၍ သူ့ကိုယ်သူ မှန်ကြည့်ပြီး 'ပဂ္ဂိုဠ်' ဟု မှည့်ထားပုံရသည်။

ဦးပဂ္ဂိုဠ်သည် ပီမိုးနင်းကဲ့သို့ပင် 'ကြီးပွားချမ်းသာရေး' အမည်ဖြင့် ကြီးပွားတိုးတက်ရေး လမ်းညွှန်စာအုပ်တစ်အုပ် ရေးသားသည်။ သို့သော်လည်း ဦးပဂ္ဂိုဠ်သည် ပီမိုးနင်းနှင့်မတူဘဲ စာရေးသည့်အတိုင်း လက်တွေ့ကျင့်သုံးသည်ဖြစ်၍ ကံကလည်း လိုက်သောကြောင့် ဘဝတွင် မိမိရည်ရွယ်ချက်အတိုင်း ထ မြောက်အောင်မြင်သူ ဖြစ်သွားလေသည်။

ဦးပဂ္ဂိုဠ်၏ ရည်မှန်းချက်မှာ သတင်းစာကြီး တစ်စောင် ထုတ်ဝေလိုခြင်း ဖြစ်သည်။ ထိုအချိန်က သတင်းစာကြီးတစ်စောင် ထုတ်ဝေဖို့ရန်မှာ တစ်ယောက်အားနှင့် ထုတ်ဝေဖို့ရန် မဖြစ်နိုင်ပေ။ ထိုအချိန်က ထွက်နေကြသော သတင်းစာကြီးများမှာ အားလုံးလိုလိုပင် အစုစပ်ပိုင်များ ဖြစ်ကြသည်။ ယင်း အခြေအနေ၌ ဦးပဂ္ဂိုဠ်သည် တစ်စတစ်စ ကြိုးပမ်း အားထုတ်ရာ သတင်းစာပိုင်ရှင်ကြီးဘဝသို့ ရောက်သွားသည်။

ဦးပဂ္ဂိုဠ်သည် သူ၏ရည်မှန်းချက်ကို တန်းပြီး အကောင်အထည် မဖော်ပေ။ ပန်းတိုင်သို့ ရောက်ရန် ခုန်ပျံကျော်လွှား မသွားဘဲ တစ်လှမ်းချင်း လှမ်းသူဖြစ်သည်။ ပထမ လစဉ်မဂ္ဂဇင်းထုတ်ပြီး သွေးတိုး စမ်းကြည့်သည်။ တိုးတက်ရေးအမည်ရှိ ဦးပဂ္ဂိုဠ်၏ မဂ္ဂဇင်းမှာ စစ်မဖြစ်မီက အောင်မြင်သော မဂ္ဂဇင်းကြီး တစ်စောင် ဖြစ်လာသည်။ သို့သော်လည်း လုပ်ငန်းစဉ်

http://www.dhammadownload.com

က အရင်းအနှီးကို ပုံအောပြီး စရခြင်း မဟုတ်သည့် အတွက် အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ရသည်။

ဦးပဂ္ဂိုဠိက သူ၏သတင်းစာဘဝ ခရီးအစကို "ကျွန်ုပ်တို့သည် အလုပ်တစ်ခုကို အောက်သက်ကျေအောင် ငယ်ရာမှ တစ်စတစ်စ တိုးတက်လာလိုသူများ ဖြစ်သဖြင့် ဤမဂ္ဂဇင်းကို ထုတ်ဝေသော အစ ၂-လမှာ အိမ်ငှားဖြင့် မလုပ်ကိုင်ဘဲ အသိမိတ်ဆွေများ အိမ်မှ ၂-လတိုင်တိုင် နေထိုင် ထုတ်ဝေခဲ့ပြီး လျှင် တတိယလတွင် တစ်လ ၁၃-ကျပ်မျှ ပေးရသော အခန်းငယ်တစ်ခုကို ငှားရမ်း လုပ်ကိုင်ခဲ့လေသည်။ ထို့နောက်မှတစ်ဖန် တစ်လ ၁၈-ကျပ်တန် အခန်းကို ငှား၏။ ထို့နောက် ၂၅-ကျပ်တန် အခန်းကို ငှားပြန်၏။ ယခုအခါမှာမူကား တစ်လလျှင် ၆၀-ကျပ်ခန့် ကုန်ကျသော တိုက်ခန်းကြီးတစ်ခုကို ငှားရမ်း၍ လုပ်ကိုင်ခဲ့၏။ သို့သော် အစပထမကပင် တစ်လ အစိတ်၊ သုံးဆယ်မျှ ပေးရသောအခန်းကို ငှား၍ လုပ်ကိုင်နိုင်သော အခြေအနေရှိပါ၏။ ဤသို့လျှင် အလုပ်ကို တစ်စတစ်စ လုပ်ကိုင်လိုသူများ ဖြစ်သဖြင့် ကျွန်ုပ်တို့ ပထမဆုံး ဤမဂ္ဂဇင်းခေါင်းကြီးပိုင်းတွင် ဖော်ပြခဲ့သော အာသီသအတိုင်း နေ့စဉ် သတင်းစာတစ်စောင် ထုတ်ဝေရန် အစဉ်အားထုတ်လျက် ရှိပါ၏" ဟူ၍ တိုးတက်ရေးမဂ္ဂဇင်း၊ အမှတ် (၃၂) တွင် ရေးသားဖော်ပြထားသည်။

တိုးတက်ရေးမဂ္ဂဇင်းကို ၁၉၃၃-ခု၊ အောက်တိုဘာလလောက်က စတင်ထုတ်ဝေသည်။ မဂ္ဂဇင်း အယ်ဒီတာ ကိုစိန်ဟု တပ်ထားသည်ကို တွေ့ရ၍ မဂ္ဂဇင်းထုတ်စက ဦးပဂ္ဂိုဠိသည် မဂ္ဂဇင်းကိစ္စ အဝဝကို သူတစ်ဦးတည်း ဒိုင်ခံလုပ်ခဲ့ပုံရသည်။ နောက်ပိုင်းကျသောအခါ တိုးတက်ရေးမဂ္ဂဇင်းသည် တစ်စတစ်စ အောင်မြင်ပြီး ပြည်သူအားပေးသော မဂ္ဂဇင်းကြီးတစ်စောင် ဖြစ်လာလေသည်။

တိုးတက်ရေးမဂ္ဂဇင်းသည် ထိုအချိန်က ထွက်နေကြသော ဒဂုန်မဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်း စသည်တို့နှင့်လည်း ပုံသဏ္ဌာန်မတူပေ။ မဂ္ဂဇင်းတန်ဖိုးမှာ ၆-ပဲ မျှသာ ဖြစ်သည်။ မဂ္ဂဇင်း၌ ဝတ္ထုကို အသားပေးမဖော်ပြပေ။ စာပေ၊ ယဉ်ကျေးမှု၊ သမိုင်း၊ ကြီးပွားတိုးတက်ရေး၊ ကမ္ဘာ့အရေးများကို အလေးပေး ဖော်ပြသည်။

မဂ္ဂဇင်းတိုးတက်အောင်မြင်မှု ရှိလာသောအခါ ဦးပဂ္ဂိုဠိသည် ဟံသာဝတီဦးဘရင်ကို မဂ္ဂဇင်း အယ်ဒီတာအဖြစ် ခန့်ထားလိုက်လေသည်။ ဦးဘရင်နောက်တွင် တိုးတက်ရေးဦးသိမ်း၊ မျိုးညွှန့်၊ ဦးသွင်(တောကသာဒွန်း)တို့သည် တိုးတက်ရေးမဂ္ဂဇင်း၏ အယ်ဒီတာများအဖြစ် ဆက်ခံကြသူများ ဖြစ်လာကြသည်။

တိုးတက်ရေးမဂ္ဂဇင်းတွင် ထိုခေတ်က ထင်ပေါ်ကျော်ကြားသော ပညာရှင်ကြီးများ၊ စာရေးဆရာကြီးများ ပါဝင်ရေးသားကြသည်။ မစ္စတာမောင်မိုင်း၊ မြန်မာပညာရှိ ဦးဘော၊ ပါဠိဆရာကြီး ဆရာဘီ၊ မှော်ဝိဆရာသိန်းကြီး၊ ပညာဝန် ဦးဖိုးကျား၊ ဟံသာဝတီ ဦးဘရင်၊ ဒဂုန်နတ်ရှင်၊ မဟာဆွေ စသော ပညာရှင်များ၊ စာရေးဆရာများသည် တိုးတက်ရေး၏ ပင်တိုင်ကလောင်ရှင်များ ဖြစ်ကြသည်။

ဦးပဂ္ဂိုဠိသည် မဂ္ဂဇင်းအစမျက်နှာ၌ ကြီးပွားရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့ကို တစ်မျက်နှာ ရေးသားလေ့ရှိသည်။ သူရေးသားသည့် စာကို စာမျက်နှာတစ်မျက်နှာတွင် ဘောင်ခတ်ပြီး ဖော်ပြလေ့ရှိသည်။

မစ္စတာမောင်မိုင်းက 'ရာဇဝင်နိတိ' ကို ရေးသည်၊ ဆရာကြီးသည် သူ၏ တပည့်မများဖြစ်ကြ

တိုးတက်ရေးမဂ္ဂဇင်းသည် ထိုခေတ်က ပညာရှင်များ စာပေစစ်ခင်းသော စစ်တလင်းလည်း ဖြစ်ခဲ့သည်။

http://www.dhammadownload.com

သည့် 'ဘေဒါ'၊ 'ကေသာ' စသော ဇာတ်ကောင်များကို တိုးတက်ရေးမဂ္ဂဇင်း၌ မွေးထုတ်ခြင်း ဖြစ်သည်။ နောက်ပိုင်း စာအုပ်အဖြစ် ပေါ်ထွက်လာသော ဆရာကြီး၏ 'ဂဏ္ဌိ'၊ 'ဋီကာ' စာအုပ်များသည်လည်း တိုးတက်ရေးမဂ္ဂဇင်း၌ပင် သန္ဓေတည်ခဲ့ကြသည်။

ပညာဝန်ဦးဖိုးကျား၏ 'ကိုယ်တွေ့ဝတ္ထု' များသည်လည်း တိုးတက်ရေးမဂ္ဂဇင်း၌ တစ်ပုဒ်ပြီးတစ်ပုဒ် ရေးသားသော ဝတ္ထုတိုများဖြစ်သည်။ ထိုအချိန်က တိုးတက်ရေးမဂ္ဂဇင်း၌ ရေးသော ဆရာတက်တိုး၏ ကလောင်အမည်မှာ 'တက်တိုး' မဟုတ်သေးပေ။ 'မောင်တက်တိုး' မျှသာ ရှိသေးသည်။ ရှင်ဥက္ကဋ္ဌလည်း တိုးတက်ရေးမဂ္ဂဇင်း၏ ပင်တိုင်ဆောင်းပါးရှင်တစ်ဦး ဖြစ်သည်။ ရှင်ဥက္ကဋ္ဌ အမည်ရင်းဖြင့်လည်းကောင်း၊ 'ဘိုးမေတ္တာ' ကလောင် အမည်ဖြင့်လည်းကောင်း ရှင်ဥက္ကဋ္ဌ၏ ဆောင်းပါးများကို တိုးတက်ရေးမဂ္ဂဇင်း၌ အမြဲလိုလို တွေ့ရသည်။

တိုးတက်ရေးမဂ္ဂဇင်းသည် ထိုခေတ်က ပညာရှင်များ စာပေစစ်ခင်းသော စစ်တလင်းလည်း ဖြစ်ခဲ့သည်။ 'ပန်တူ၊ မန္တူ'၊ 'လထပ်ရက်ငင်' စသော ပြဿနာများမှာ စာပေပညာရှင်များ တိုးတက်ရေး စင်မြင့်၌ တစ်ဖက်နှင့်တစ်ဖက် အငြင်းပွားကြသော ပြဿနာများ ဖြစ်ကြသည်။ 'ဝါဒေ ဝါဒေ ဇယတေ တတွ ဗောဓာ' ဟူသော အဆိုအမိန့်အရ အပြန် အလှန် အချေအတင် ငြင်းခုံခြင်းသည် အမှန်တရား တစ်ခုကို ဖြစ်ပေါ်ပေါက်ဖွားစေ၏ ဟု သိရသည်။ 'အငြင်းသန် အမှန်သိ' ဟူသော စကားမှာလည်း ထိုအဓိပ္ပာယ်ပင် ဖြစ်သည်။ သို့ရာတွင် တိုးတက်ရေး စင်မြင့်၌ တစ်ဖက်နှင့်တစ်ဖက် အငြင်းအခုံ ပြုလုပ်ကြသော ပြဿနာများမှာ အမှန်တရားဆီသို့ ရောက်သွားမလား၊ ရောက်မသွားဘူးလားတော့ သတိမထားမိပေ။ သတိထားမိသည်မှာမူ ငြင်းခုံရဖန် များသောအခါ နှစ်ဖက်စလုံး ခြေကုန်လက်ပန်းကျပြီး ရပ်သွားကြခြင်း ဖြစ်သည်။

တိုးတက်ရေးမဂ္ဂဇင်းကို လပေါင်း-၃၀၊ အကြိမ်ပေါင်း-၃၀ ထုတ်ဝေပြီးသောအခါ ဦးပဂျီဝိုသည် ဒုတိယခြေလှမ်းကို လှမ်းခဲ့ပြန်လေသည်။ သူ၏ ဒုတိယခြေလှမ်းမှာ မဂ္ဂဇင်းမှ တစ်ဆင့်တက်၍ အပတ်စဉ် ဂျာနယ် ထုတ်ဝေခြင်း ဖြစ်သည်။ ဦးပဂျီဝိုကား သူ၏ဂျာနယ်ကို 'တိုးတက်ရေးဂျာနယ်' ဟူ၍ အမည်မပေးဘဲ 'ဘားမားဂျာနယ်' ဟူ၍ အမည်ပေးထားသည်။

'ဘားမားဂျာနယ်' ထုတ်ဝေမည့်အကြောင်းကို တိုးတက်ရေးမဂ္ဂဇင်း အမှတ်(၃၂)၌ "ဘားမားဂျာနယ် အမည်ဖြင့် ဂျာနယ်တစ်စောင် ထုတ်ဝေတော့မည်ဖြစ်ကြောင်း၊ ထိုဂျာနယ်မှာ ကျွန်ုပ်တို့ တိုးတက်ရေးမဂ္ဂဇင်းတိုက်မှ ထုတ်ဝေသော်လည်း တိုးတက်ရေးမဂ္ဂဇင်းအာဘော်အသွင်မျိုး အလျှင်းမဟုတ်ဘဲ တိုးတက်ရေးမဂ္ဂဇင်းက ထုတ်ဝေပါသည်ဟု ပြောဆိုသည်ကိုပင် မယုံကြည်နိုင်လောက်အောင် ကွဲပြားခြားနားမည့် ဂျာနယ် ဖြစ်ပေလိမ့်မည်။ ဥပမာပြုလိုသည်မှာ ကျွန်ုပ်တို့သည် ဤတိုးတက်ရေးမဂ္ဂဇင်းကို စ၍ထုတ်ဝေစဉ်က မည်သူမျှနှင့် မတူဘဲ တစ်မျိုးတစ်ဖုံထွင်ကာ ထုတ်ဝေဘိသကဲ့သို့ 'ဘားမားဂျာနယ်' မှာ ဂျာနယ်တစ်စောင်ဟု ဆိုရသော်လည်း မည်သည့် ဂျာနယ်မျိုးနှင့်မျှ မတူရအောင် အမျိုးမျိုး တီထွင် စီစဉ်ကြိုးစား ထုတ်ဝေမည်ဖြစ်သဖြင့် ဤတိုးတက်ရေးမဂ္ဂဇင်း ပေါ်လာသောအခါကစ၍ တို့မြန်မာခေတ်ကြီးကို တစ်မျိုးတစ်ဖုံ တိုးတက်ပြုပြင် ပြောင်းလဲပေးလိုက်ဘိသကဲ့သို့ ရှေ့ဇွန်လမှစ၍ တို့မြန်မာများ တစ်မျိုးတစ်ဖုံ လှုပ်လှုပ်ရှားရှား ဖြစ်စေမည့် ဂျာနယ်တစ်စောင် ဖြစ်လေသည်" ဟူ၍ ရေးသားဖော်ပြထားသည်။

၁၉၃၆-ခုနှစ်၊ ဇွန်လမှစ၍ 'ဘားမားဂျာနယ်'ကို ထုတ်ဝေသည်။ တန်ဖိုး တစ်စောင် ၃-ပဲ ဖြစ်သည်။ ဆိုက်မှာ သတင်းစာဆိုက်၊ ဆိုက်ကြီး ဖြစ်သည်။ ဘားမားဂျာနယ် ထုတ်ဝေစဉ်က ဗိုလ်ချုပ်လမ်း

http://www.dhammadownload.com

(ယခင်က မောင်ဂိုမာရီလမ်း)သို့ပင် မပြောင်းလွှဲရသေးပေ။ မဂ္ဂဇင်းထုတ်နေသော ၃၇-လမ်းမှာပင် ထုတ်ဝေသည်။ အမှန်က ဣာနယ်ထုတ်ဝေခြင်းသည် သတင်းစာထုတ်ဝေရန်အတွက် မြေစမ်း ခရမ်းပျိုး လိုက်ခြင်းပင် ဖြစ်သည်။ ဘားမားဣာနယ်သည် သတင်းစာသို့ အရောက်တက်လှမ်းသော ဦးပဂိုဝိ၏ ခုတုံးမျှသာ ဖြစ်သည်။ ဘားမားဣာနယ်အဆင့်တွင် အချိန် သိပ်မကြာလိုက်ပေ။ သတင်းစာအဆင့် ရောက်ရှိသွားသည်။

သတင်းစာထုတ်ဝေသောအခါ သိမ်ဖြူလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်ရှိ ယခု တိုင်းရင်းဆေးပညာဦးစီးဌာနဘေးက တိုက်သို့ ပြောင်းလွှေ့လာသည်။ တိုးတက်ရေးသတင်းစာ အယ်ဒီတာချုပ်မှာ ဦးထွန်းသန်းဖြစ်သည်။ သတင်းစာထုတ်ပြီးနောက် များမကြာမီပင် သတင်းစာထုတ်ရန်အတွက် အားယူသော ဘားမားဣာနယ်ကို ရပ်ပစ်လိုက်သည်။ သတင်းစာနှင့်ပုံစံမတူသော တိုးတက်ရေးမဂ္ဂဇင်းကိုမူ တိုးတက်ရေး သတင်းစာနှင့်အတူပင် ဒုတိုယကမ္ဘာစစ် ဖြစ်ပွားချိန် အထိ ဆက်လက်ထုတ်ဝေနေခဲ့သည်။

ကျွန်တော် စာစရေးသည်မှာ တိုးတက်ရေးမဂ္ဂဇင်းနှင့် ၁၇နှစ်မဂ္ဂဇင်းတွင် ဖြစ်၍ တိုးတက်ရေးသတင်းစာတိုက်သို့ မကြာခဏ ရောက်ရှိသွားသည်။ ကျွန်တော် တိုးတက်ရေးမဂ္ဂဇင်းနှင့် အဆက်အသွယ်ပြုလုပ်စဉ်က တိုးတက်ရေးမဂ္ဂဇင်း၏ အယ်ဒီတာမှာ ဟံသဝတီ ဦးဘရင်နှင့် တိုးတက်ရေးဦးသိမ်းတို့ မဟုတ်တော့ပေ။ ထိုအချိန်က မဂ္ဂဇင်းအယ်ဒီတာအဖြစ် ဆောင်ရွက်နေသူမှာ မျိုးညွှန့်အမည်ရှိ လူငယ်ဖြစ်သည်။ မျိုးညွှန့်သည် သတင်းစာကိုလည်း တွဲကိုင်ရသည်။ ၁၉၃၈-ခုနှစ်လောက်က ကျွန်တော်၏ ဆောင်းပါးကို တိုးတက်ရေးမဂ္ဂဇင်းတွင် စတင် ထည့်ပေးသူမှာ မျိုးညွှန့်ဖြစ်သည်။ ဣပန်လက်ထက် ရောက်လာသောအခါ မျိုးညွှန့်ကို ဗဟန်းကြားတောရလမ်းထဲတွင် တစ်ကြိမ်၊ ရွှေတောင်ကြားလမ်း သခင်ဗစိန်အိမ်တွင် တစ်ကြိမ် တွေ့ရသည်။ ထိုအချိန်များ၌ မျိုးညွှန့်သည် သခင်မျိုးညွှန့် ဖြစ်နေပြီ။ ခေါင်းပေါင်းပေါင်းထားသည်ကိုလည်း တွေ့ရသည်။ ထို့နောက်တွင် မျိုးညွှန့် သို့မဟုတ် သခင်မျိုးညွှန့်သတင်း မကြားရတော့။ ကွယ်လွန်သလိုလို ကြားရသည်။

တိုးတက်ရေးမဂ္ဂဇင်းတွင် မျိုးညွှန့်နှင့် ဆက်ဆံရပြီးသည့်နောက် ဒုတိယဆက်ဆံရသော ပုဂ္ဂိုလ်မှာ မျိုးညွှန့်နောက် မဂ္ဂဇင်းအယ်ဒီတာ တာဝန်ယူရသော ဦးသွင်(တောကသာဒွန်း) ဖြစ်သည်။ ၁၉၄၀-ပြည့်နှစ်လောက်တွင် ဦးသွင်သည် တောကသာဒွန်း အမည်ဖြင့် ဆောင်းပါးများ၊ စာအုပ်များ ရေးနေရာမှ တိုးတက်ရေးမဂ္ဂဇင်းသို့ ရောက်လာပြီး မဂ္ဂဇင်း အယ်ဒီတာအဖြစ် အမှုထမ်းသည်။ ဦးသွင်မှာ လူကြီးဖြစ်သည်။ မျိုးညွှန့်အယ်ဒီတာလုပ်နေစဉ်က အပေါ်ထပ်တွင် သူ့အလုပ်ခန်းရှိသည်ဖြစ်၍ တိုက်အပေါ်ထပ်သို့ တက်ရသည်။ ဦးသွင်လက်ထက် ရောက်သောအခါ ဦးသွင်၏အယ်ဒီတာအဖွဲ့မှာ တိုက်အောက်ထပ်၌သာ ရှိသည်ဖြစ်၍ တိုက်အပေါ်ထပ် မတက်ရတော့ပေ။ ဦးသွင်စားပွဲနှင့် ယှဉ်လျက်ရှိသော စားပွဲတစ်လုံးတွင် ထိုင်နေသူမှာ ဓနုဖြူ ဦးအေးမောင်ဖြစ်သည်။

ထိုအချိန်က တနင်္ဂနွေနေ့တိုင်း သတင်းစာအပြင် 'တိုးတက်ရေး တနင်္ဂနွေအထူးထုတ်'လည်း ထုတ်ဝေသည်။ ဝတ္ထု၊ ဆောင်းပါးများ ဝေဝေဆာဆာ ထည့်ထားသော ထိုအထူးထုတ်သည် 'ဘားမားဣာနယ်'ကို အစားထိုးထားခြင်း ဖြစ်သည်ဟု ဆိုနိုင်သည်။ ဣာနယ်ပုံစံအတိုင်းပင် ဖြစ်သည်။ ဓနုဖြူ ဦးအေးမောင်သည် တိုက်တွင်ထိုင်ပြီး တနင်္ဂနွေ အထူးထုတ်အတွက် ဘာသာရေးဆောင်းပါး၊ သိပ္ပံပညာ ဆောင်းပါးများကို ရေးသားသည်။ ဓနုဖြူဦးအေးမောင် အမည်ဖြင့်လည်းကောင်း၊ ဘာသာရေးအယ်ဒီတာ အမည်ဖြင့်လည်းကောင်း ရေးသားသော ဦးအေးမောင်၏ ဆောင်းပါး နှစ်ပုဒ်၊ သုံးပုဒ်သည် တိုးတက်ရေး တနင်္ဂနွေ အထူးထုတ်တိုင်း၏ ဂုဏ်ကျက်သရေဆောင်

http://www.dhammadownload.com

ဖြစ်နေကြသည်။

အယ်ဒီတာဦးသွင် လက်ထက်တွင် တိုးတက်ရေးမဂ္ဂဇင်း၌ ကျွန်တော် ဝတ္ထု စရေးကြည့်သည်။ ထို အချိန်က ကျွန်တော်၏အသက်မှာ ၁၆-နှစ်၊ ၁၇-နှစ် မျှသာ ရှိသေးသည်။

ကျွန်တော်ငယ်စဉ်က တစ်ချိန်တွင် သန်လျင်မြို့နယ်၊ ရွာတစ်ရွာ၌ နေခဲ့ဖူးသည်။ အိမ်ခြေ ၂၀၀-လောက်ရှိသည်။ သို့သော်လည်း လက်လုပ်လက်စား ဆင်းရဲသား တောင်သူလယ်သမားများသာ ဖြစ်ကြသည်။ ထိုရွာနှင့်ကပ်လျက် အခြားရွာတစ်ရွာ ရှိသည်။ ထိုရွာတွင် အိမ်ခြေ ၅၀-လောက်ရှိသည်။ သို့သော်လည်း ထိုရွာသားများထဲတွင် မြေပိုင်ရှင်များက အများစုဖြစ်သည်။ နှစ်ရွာလုံးကို ရွာငယ်တွင်ရှိသော သူကြီးက အုပ်ချုပ်သည်။ ထိုသူကြီးသည် အင်္ဂလိပ်လက်ထက် သူကြီးပီပီ အလွန်ဆိုးသည်။ တောင်သူလယ်သမား ဆင်းရဲသားများအပေါ် ခေါင်းပုံဖြတ်သည်။ အလွဲသုံးစား လုပ်သည်။ အဓမ္မအနိုင်ကျင့်သည်။ သူများ သားပျိုး သမီးပျိုများကို ဖျက်ဆီးသည်။ ခြေတော် တင်သည်။ တစ်နေ့တွင် သူကြီးသမီးကို သူကြီးသဘောမတူသူတစ်ဦးက ခိုးပြေးသည်။ ယင်းအဖြစ်အပျက်ကို အခြေခံလျက် 'ဝိပါက်' အမည်ဖြင့် ဝတ္ထုတစ်ပုဒ်ရေးပြီး တိုးတက်ရေးမဂ္ဂဇင်း ပို့လိုက်သည်။ ကလောင်အမည်ကို 'ဘုန်းကြီးကျောင်းသား' ဟု တပ်လိုက်သည်။

အယ်ဒီတာဦးသွင်က ထိုဝတ္ထုကို ၁၉၄၀-ပြည့်နှစ်၊ ဧအောက်တိုဘာလထုတ် တိုးတက်ရေးမဂ္ဂဇင်းတွင် 'လွင်'ဟု လက်မှတ်ထိုးထားသော ပန်းချီဦးအုန်းလွင်၏ သရုပ်ဖော်ပုံဖြင့် ထည့်လိုက်သောအခါ ထိုဇေသတစ်ဝိုက်၌ အတော်ကလေး ဂယက်ရိုက်သွားသည်။ ကိုလိုနီသူကြီးများ ဓားထက်နေဆဲအချိန် ဖြစ်သည်။ ထိုအချိန်က ကျွန်တော် ကိုရင်ဝတ်နှင့် ဖြစ်သည်။

"ရှင်ပါရဂူ၊ လျှောက်ထားပါသည်ဘုရား၊ ကိုရင်ရေး 'ဝိပါက်' ဝတ္ထုအတွက် ဝတ္ထုငွေ ၃-ကျပ်ကို ယမန်နေ့ ၁၃၀၂-ခု၊ သီတင်းကျွတ်လဆန်း ၃-ရက်နေ့က ကိုရင့်ထံသို့ စာတိုက်မှ တင်ပို့လိုက်ပါပြီ။ ကောင်းမွန်စွာ လက်ခံရရှိလိမ့်မည်ဟု မျှော်လင့်ပါသည်ဘုရား"

မောင်သွင်၊ ၃-၁၀-၄၀

ဟူ၍ ရေးထားသော တိုးတက်ရေးသတင်းစာခေါင်းစီးပါ စာရေးစက္ကူတွင် လက်နှိပ်စက်နှင့် ရိုက်ထားသည့် ဦးသွင်၏စာမှာ ယခုထက်တိုင် ကျွန်တော်၏ ဖိုင်ဟောင်းတစ်ခုထဲတွင် ရှိနေသေးသည်။ ထို အချိန်က ကျွန်တော်ရသော ဝတ္ထုတစ်ပုဒ်အတွက် စာမူခမှာ ၃-ကျပ် ဖြစ်သည်။

နောက်ပိုင်းတွင် ဦးသွင်နှင့်အတော်ပင် ခင်မင်ရင်းနှီးသွားသည်။ ဦးသွင်၏ ကလောင်အမည်မှာ 'တောကသာဒွန်း' ဖြစ်သည်။ 'ဥရောပရှင်းတမ်း' စသော စာအုပ်များကို ရေးသားပြုစုသူဖြစ်သည်။ စစ်ကြီးပြီးသွားသောအခါ ဟံသာဝတီသတင်းစာတွင် အယ်ဒီတာ ဝင်လုပ်သည်။ ကျွန်တော်သည် ၁၉၅၁-ခုနှစ်လောက် အိန္ဒိယမှ ပြန်လာသောအခါ ဟံသာဝတီသတင်းစာတိုက်တွင် ဦးသွင်နှင့် တစ်ခါဆုံသေးသည်၊ ထိုအကြိမ်မှာ သူနှင့်နောက်ဆုံး ဆုံခြင်းသာ ဖြစ်သည်။ နောက်ပိုင်းတွင် ကွယ်လွန်သွားပြီဆိုသည့် သတင်းကိုသာ ကြားရသည်။

တိုးတက်ရေးသတင်းစာတိုက်သို့ အကြိမ်များစွာ ရောက်ဖူးသည်။ သို့သော် ဦးပဏ္ဍိုင်နှင့် တစ်ကြိမ်မျှ ဆုံလည်း မဆုံဖူးပေ။ စကားလည်း မပြောဖူးပေ။ မိမိနှင့် ဆက်ဆံရသူများ ဖြစ်ကြသော ကိုမျိုးညွန့်၊ တိုးတက်ရေးဦးသန်းဖေ၊ ဦးသွင်၊ ဓနုဖြူ ဦးအေးမောင်တို့နှင့်သာ စကားပြောရသည်။ ဦးပဏ္ဍိုင်ကိုမူ တိုက်အတွင်း၌ ရိပ်ခနဲ၊ ရိပ်ခနဲ ဖြတ်သွားဖြတ်လာ လုပ်နေသည်ကိုသာ တွေ့ရသည်။ သူနှင့် တိုက်ရိုက် ဆက်သွယ်ရသည့် ကိစ္စလည်း မရှိ၍ သူ့အလုပ်စားပွဲ မည်သည့်နေရာ၌ ရှိသည်ကိုပင် သတိမမူမိပေ။ သို့သော်

http://www.dhammadownload.com

သူ့အကြောင်းကိုမူ ကြားနေရသည်။

ဦးပဂ္ဂိုဠိသည် အလွန်စေ့စပ်သည်။ သတင်းစာတိုက်တွင် အလုပ်လုပ်ကြသူများသည် သူ့ကို လန့်ကြသည်။ စကားကို ချိချိသာသာ ပြောသည်မရှိ။ အပြစ်တွေ့လျှင် ခပ်ထန်ထန် ခပ်ပြင်းပြင်း ပြောလေ့ရှိသည်။ တိုးတက်ရေးသတင်းစာတိုက်တွင် စာပြင်ဆရာလုပ်နေသူတစ်ယောက်က "သူ တိုက်ရှင် ဦးပဂ္ဂိုဠိကို အလွန်ကြောက်ကြောင်း၊ စာများ၍ဖြစ်စေ၊ အခြားအပြစ်တစ်ခုခုကြောင့်ဖြစ်စေ ခေါ်ပြီး ဆူပူကြိမ်းမောင်းလိုက်သည့်အခါ လန့်ဖျပ်ပြီး တစ်ကိုယ်လုံး တုန်သွားကြောင်း" ပြောပြဖူးသည်။ သို့သော်လည်း ဆူပူကြိမ်းမောင်းခံရသာ ဆူပူကြိမ်းမောင်းသည်။ အခြား အရေးယူခြင်းမျိုးကိုမူ မလုပ်ပေ။

ဦးပဂ္ဂိုဠိသည် ရိုးရိုးသားသားနှင့် အလုပ်ကြိုးစားသူကို လေးစားသည်၊ ချီးမြှောက်သည်။ တိုးတက်ရေးသတင်းစာ၌ ရိုးရိုးသားသားနှင့် အလုပ်ကြိုးစားလုပ်သော ဦးသန်းဖေကို သူ့သမီးနှင့် ပေးစားသည်။ မိသားစုတစ်ယောက် ဖြစ်လာသောအခါ ဦးသန်းဖေသည် တိုးတက်ရေးသတင်းစာ ကြီးပွားရေးသည် မိမိမိသားစုအရေးဟု သဘောထားလျက် ဆတက်ထမ်းပိုးကြိုးစားလုပ်သည် ဖြစ်၍ တစ်ဆင့်ပြီးတစ်ဆင့် တက်လာရာ သတင်းစာအယ်ဒီတာကြီး ဖြစ်သွားလေသည်။ 'လူ့ဘုံခန်းဝါ' စာအုပ်ကို ရေးသူမှာ ထို ဦးသန်းဖေ ဖြစ်သည်။

စစ်ပြီးခေတ်တွင် ဦးပဂ္ဂိုဠိသည် တိုးတက်ရေးသတင်းစာကို ပြန်ထုတ်သေးသည်။ သို့ရာတွင် အောင်မြင်မှုဟူသည်မှာ သူ့ခေတ်နှင့်သူ ရှိ၍ စစ်ပြီးခေတ် ထုတ်ဝေသော တိုးတက်ရေးသတင်းစာသည် တစ်ခေတ်ကုန်သွားပြီ ဖြစ်သောကြောင့် ဆက်လက်ရှင်သန် မနေနိုင်ရှာတော့ပေ။ မအောင်မြင်မှုနှင့် နိဂုံးချုပ်လိုက်ရလေသည်။

လွတ်လပ်ရေးရပြီး သည့်ဘက်ပိုင်းတွင်ကား ဦးပဂ္ဂိုဠိသည် ဘဝဟောင်းကို စွန့်ခွာလျက် ဘဝသစ်သို့ ရောက်လာသည်။ သူ၏ဘဝသစ်မှာ တရားနှင့် မွေ့လျော်သောဘဝ ဖြစ်သည်။ ဦးပဂ္ဂိုဠိသည် သူ၏ဘဝသစ်၌ သာမန်တရားသမား အဆင့်မျှသာမကဘဲ ကမ္မဋ္ဌာန်းဘာဝနာကို ကျင့်ကြံပွားများသူ ဖြစ်လာသည်။ မိမိကိုယ်တိုင် ကမ္မဋ္ဌာန်းဘာဝနာ ကျင့်ကြံပွားများရုံမျှသာမကဘဲ သူတစ်ပါးတို့အားလည်း တရားပြသော ကမ္မဋ္ဌာန်းဆရာ ဖြစ်လာသည်။ သာမန် ကမ္မဋ္ဌာန်း ဆရာမျှသာမကဘဲ ဝိပဿနာကမ္မဋ္ဌာန်းကျမ်းပြု ကမ္မဋ္ဌာနာစရိယ ဖြစ်လာလေသည်။

ပါရဂူ၊ ပရကထာ၊ ၁၆၉-၁၈၀။

စာအုပ်ဖိုး မကြောက်ရ

တိုးတက်ကြီးပွားရေးကို ရွေးရွှေသောသူသည် ပညာရှိသူတော်ကောင်းနှင့် ပေါင်းသင်းရုံမျှနှင့် မပြီးသေး၊ မိမိနှင့် သက်ဆိုင်သော စာအုပ်များကို အဖိုးမည်မျှကြီးစေကာမူ ဝယ်ယူ ဖတ်ရှုရမည်။ မိမိသည် ကုန်သည်ဖြစ်မူ ကုန်သည်နှင့်ဆိုင်သော စာအုပ်မှာ အဖိုးကြီး၍ မိမိ မဝယ်ယူ မဖတ်ရှုသော် မိမိနှင့် ပြိုင်ဘက်ဖြစ်သော ကုန်သည်များက မိမိထက် တစ်ပန်းသာသွားသော် မိမိ၌ ၁၀၀-နှစ်ရာ၊ ၁၀၀၀-နှစ်ထောင် စသည့် ရနိုင်မည့် လာဘ်လာဘများ ပိတ်ပင်သွားပေလိမ့်မည်။ ထို့ကြောင့် စာအုပ်စာတမ်းဖိုး၊ စာနယ်ဇင်းဖိုး ၅၊ တစ်ဆယ်ကို အသုံးပြုရန် ဝန်မလေးရ။ စာအုပ်ဖိုး ၅၊ တစ်ဆယ် အရင်းသည် မကြာမီ ၅၀၀၊ တစ်ထောင် ပြန်လည်ရရှိနိုင်၏။ မိတ်ဆွေသည် ဤစာအုပ်ငယ်ကို တစ်ကျပ်ပေးကာ ဝယ်ယူ ဖတ်ရှုပြီးရုံမျှနှင့် မည်မျှဝမ်းသာသည်၊ မည်မျှ စိတ်ပြောင်းလာသည်ကို အဖိုးထား၍ တွက်သော် စာအုပ်ဖိုးတစ်ကျပ်မှာ ချက်ချင်း အရင်းကျေသွားကြောင်း ထင်ရှားတော့၏။

ဦးပဂ္ဂိုဠိ၊ တက်လှေကားနှင့် ၉ ကုဒ္ဒေဠီကာ၊ ၄၆။

http://www.dhammadownload.com

အရှင်ရာဟုလာ ပုံရိပ်လွှာ

ကထိက ဒေါ်မြင့်သန်း

ကျွန်ုပ်သည် မြောက်ဥက္ကလာပ၊ ရွှေဥမင်တောရ ရွှေဥမင်ဆရာတော် ဘုရားကြီး ကြီးမှူးကျင်းပခဲ့သော (၁၈)ကြိမ်မြောက် ယဉ်ကျေးလိမ္မာနှင့် ဗုဒ္ဓစာပေ သင်တန်းဆင်းပွဲသို့ ရောက်ခဲ့ပါသည်။ အကျိုးဖြူ။ လုံခြုံစိမ်းကလေးများကို ဓမ္မာရုံကြီးအတွင်း တစ်စုတစ်ဝေးကြီး မြင်ရသည်မှာ မျက်စိရော ရင်ပါ အေးတမြမြ ဖြစ်သွားပါသည်။ ထိုဖြူစိမ်းရောင်ကလေးများ အကြားတွင် သင်္ကန်းရောင်ဝါဝါဝင်းနှင့် ကိုရင်ကလေးတစ်ပါးကိုလည်း ဖူးတွေ့ရပါသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓ၏ သားတော် အရှင်ရာဟုလာကလေးကို သတိတရလည်း ဖြစ်သွားပါသည်။

မယ်တော် ယသောဓရာက ခမည်းတော် ဗုဒ္ဓ မြတ်စွာထံမှ "ရွှေဘိုကြီးများကို မယ်မယ့်သားကလေး အမွေသွားတောင်းချေ" ဟု စေလိုက်ရာ သားတော်ကလေး ရာဟုလာက ဗုဒ္ဓ၏သင်္ကန်းတော်စကို ဆွဲရင်း အမွေသွားတောင်း၏။ ဘုရားရှင်က လောကီအမွေမပေး၊ "ဆံကေသာ ပယ်ကာဖြတ်၍ ရာဟုလာကို ရှင်ပြုပေးလိုက်ပါ" ဟု လောကုတ္တရာ ဓမ္မအမွေသာ ပေးလိုက်၏။ ရာဟုလာကို ရှင်သာရိပုတ္တရာထံ အပ်လိုက်ရာ ရှင်သာရိပုတ္တရာကား အကယ်၍ ရာဟုလာ အပြစ်ကြီးငယ် ပြုမိသည်ရှိသော် အနီးကပ်ကြည့်ရှု၊ သွန်သင် ဆုံးမသော ဥပဇ္ဈာယ်ဆရာ ဖြစ်လာသည်။ ရှင်မဟာမောဂ္ဂလာန်ကမူ ရာဟုလာ၏ ဆံကို ရိတ်ပေးသည်။ ကိုရင်ဆောင် သင်္ကန်းကို ရွာဖွေကာ အဝန်းညီစွာ ဝတ်ရုံပေးသည်။ သရဏဂုံသုံးပါးကို ချပေးသည်။ ရာဟုလာကလည်း ပီပီပြင်ပြင် တစ်သဝေမတိမ်း လိုက်ဆိုသည်။ ဆရာညွှန်ကြားသည့်အတိုင်း ပြုလုပ်သည်။ ဓူတင်ဆောင်ရာ၌ ထင်ရှားကျော်ကြားလှသော ရှင်မဟာကဿပကြီးကမူ ရာဟုလာကို သြဝါဒပေး ဆရာကြီးအဖြစ် တာဝန်ယူသည်။ သားတော်ရာဟုလာ ရှင်ပြုပွဲကား ပကာသနမဖက်၊ အခမ်းအနား အဆောင်အယောင် မစွက်၊ သာသနာတွင် ထင်ရှားလှသော အရှင်မြတ်ကြီး သုံးပါးစလုံးက ဝိုင်းဝန်း ဆောင်ရွက်ပေးသဖြင့် အတင့်အတယ် အခမ်းနားဆုံး ရှင်ပြုပွဲကြီး ဖြစ်ပေသည်။ ရှင်ရာဟုလာသည် နုနယ်ငယ်ရွယ်သူကလေး ဖြစ်ပါလျက် ဘုရားရှင်နှင့် ရဟန်းတော်များနည်းတူ ခရီးကြမ်းကို လှမ်းရ၏။ ဆွမ်းခံရ၏။ ထိုအခါ ဖူးတွေ့ရသူ ဒါယကာ၊ ဒါယိကာမများက လွန်စွာ ကရုဏာသက်ကြ၏။ ရှင်တော်မြတ်ဘုရား၏ ရုပ်လက္ခဏာကို ဆောင်ထားသော သားတော်ကလေးဟူ၍ မေတ္တာပွားကြ၏။ ဆွမ်းစသည် လောင်းလှူကြ၏။ သို့သော် သူတို့လောင်းလှူသမျှသည် ရှင်ရာဟုလာအဖို့ နန်းတော်တွင် နေစဉ်က အစာနှင့်မတူ၊ ကွာခြားလှ၏ ဟု ရှင်ရာဟုလာ သတိထားမိ၏။ ယခင်ကနှင့်မတူ၊ အခက်အခဲများကို တွေ့ရရှာ၏။။။ သို့သော် ပင်ကို ဓာတ်ခံကောင်းသော သာသနာ့အာဇာနည်ကလေး ဖြစ်သဖြင့် လျော်ကပတ်သင့်တင့်အောင် ကြိုးစားနေလေသည်။

ရှင်ရာဟုလာသည် ရှင်ပြုပြီးသည်ကစ၍ ဆရာ့စကားကို အတိအကျ နာယူ၏။ ငါသည် ဘုရားသားတော်ဟူ၍ မာန်မာန စိုးစဉ်းမျှမရှိ။ တစ်ခါသော်

http://www.dhammadownload.com

ရဟန်းနှစ်ပါးသည် ရှင်ရာဟုလာ၏ မနောကို စမ်းလို၍ တံမြက်စည်း၊ အမှိုက်တောင်း စသည်တို့ကို ရှင်ရာဟုလာ လာရာလမ်းတွင် ပစ်ချထားပြီး ရှင်ရာဟုလာ ကြားလောက်အောင် ဤသို့ပြော၏။ ရဟန်းတစ်ပါးက 'ငါ့ရှင်၊ ဒီအမှိုက်တောင်းနဲ့ တံမြက်စည်းတွေကို ဘယ်သူ ဒီမှာ လာရှုပ်ထားတာလဲ' ဟု အမေး၊ ကျန်ရဟန်းက 'ကျွန်ုပ် မသိ၊ ဒီလမ်းကို ရှင်ရာဟုလာ သွားလာနေတတ်တာပဲ' ဟု ဖြေ၏။ ထိုအဖြေကို ရာဟုလာကြားသော် 'မိမိ မလုပ်ရပါ' စသည်ဖြင့် မပြော၊ သိမ်းစရာရှိသော တံမြက်စည်းနှင့် အမှိုက်တောင်းတို့ကို နေရာတကျသိမ်းပြီး သူ့တွင် အပြစ်မရှိသော်လည်း ရဟန်းတို့ကို လေးလေးစားစား သဘောဖြင့် တောင်းပန်စကား လျှောက်ထားလိုက်သေး၏။ ဤမျှအထိ မာနကင်းသော ဘုရားသားတော် သာမဏေကလေးဖြစ်ပါ၏။

> **လောကီ အမွေမပေး၊ "ဆံကေသာ ပယ်ကာ ဖြတ်၍ ရာဟုလာကို ရှင်ပြုပေးလိုက်ပါ" ဟု လောကုတ္တရာ ဓမ္မအမွေသာ ပေးလိုက်၏။**

လူကြီးသူမ၊ မိဘဆရာသမားများ၏ ဆုံးမစကားကို နာယူလွယ်ခြင်းသည် ၃၈-ဖြာ မင်္ဂလာ၌ "သောဝစဿတာ မင်္ဂလာ" နှင့် ပြည့်စုံသည်မည်၏။ **ဘုရား သာသနာတော်ကြီး၌ ဆုံးမစကားကို နာယူလွယ်သော တပည့်အပေါင်းတွင် ရှင်ရာဟုလာသည် အမွန်မြတ်၊ အထူးချွန်ဆုံးဖြစ်၏။** ဘုရားရှင်သည် အာဠဝီမြို့အနီး အဂ္ဂိဠဝကျောင်း၌ နေတော်မူစဉ် အအိပ်မတော်သော ရဟန်းငယ်ကို အကြောင်းပြု၍ သဟဿဝယျသိက္ခာပုဒ်ကို ပညတ်တော်မူ၏။ ထိုသိက္ခာပုဒ်ကား "ရဟန်းတို့သည် လူနှင့်၊ ရှင်သာမဏေတို့နှင့် အတူ တစ်ဦးတစ်ယောက်တွင် မအိပ်စက်ရ" ဟု ပညတ်သော သိက္ခာပုဒ်ဖြစ်၏။

ထိုသိက္ခာပုဒ် ပညတ်ချက်ကြောင့် ရှင်ရာဟုလာကို ယခင်က အိပ်ရာနေရာပေးလေ့ရှိသော ရဟန်းများသည် မပေးဝံ့တော့ချေ။ ထို့ကြောင့် ရှင်ရာဟုလာအား အိပ်ခွင့်မပေးနိုင်တော့ကြောင်း ပြော၏။ ထိုအခါ ရှင်ရာဟုလာသည် မိမိအား ညအိပ်ခွင့်နေရာ မပေးသော ရဟန်းတို့ကို မည်သို့မျှမဆို၊ ရဟန်းတို့ ပြောစကားတစ်ခွန်းဖြင့်ပင် ရဟန်းတို့ကို အရိုအသေ ပြုကာ အခြားသို့ ထွက်ခွာသွား၏။

နောက်တစ်နေ့ နံနက်စောစောတွင် မြတ်ဗုဒ္ဓသည် ကုဋီအိမ်သို့ကြွရာ တံခါးပိတ်ထားသဖြင့် ချောင်းဟန့်သံ ပေးလိုက်သည်။ ထိုအခါ ကုဋီတွင်းမှ ချောင်းဟန့်သံ ပြန်ပေးသည်ကို ကြားရသည်။ ဘုရားရှင်က "ကုဋီထဲက အဘယ်သူနည်း" ဟုမေးရာ "တပည့်တော် ရာဟုလာပါဘုရား" ဟု ပြန်လျှောက်ကြားသည်။ "အဘယ်ကြောင့် ကုဋီထဲ၌ လာရောက်ညအိပ်နေရသနည်း" ဟု ဘုရားရှင်ကမေးရာ "အရှင်မြတ်ဘုရား၊ ယခင်ယခင်ကဆိုလျှင် တပည့်တော်ကို ရဟန်းတို့က အိပ်ရာနေရာပေးပါသည်ဘုရား၊ ယခင်ညကမူ သဟသေယျသိက္ခာပုဒ် ပညတ်ထားပြီး ဖြစ်သဖြင့် မည်သည့်ရဟန်းကမျှ တပည့်တော်ကို နေရာ မပေးတော့ပါဘုရား၊ ထို့ကြောင့် တပည့်တော်သည် လွတ်လပ်သော ဤနေရာတွင်သာ လာ၍ အိပ်ရပါသည်။ မည်သူ့ကိုမျှလည်း အပူမကပ်လို၍ ဖြစ်ပါသည်ဘုရား" ဟု လျှောက်ထား၏။

ရှင်ရာဟုလာ၏ လျှောက်ထားချက်အရ ဖြစ်သစ်စ သာမဏေငယ်များကို မစောင့်ရှောက်လျှင် ရှင်ရာဟုလာကဲ့သို့ ကသိလင်တ ဖြစ်ကြရတော့မည်ကို မြင်တော်မူသဖြင့် ယမန်နေ့က ပညတ်ခဲ့သော သဟသေယျသိက္ခာပုဒ်တွင် နှစ်ည၊ သုံးညတော့ နေခွင့်ရှိကြောင်း ဘုရားရှင်က ထပ်မံမိန့်ကြားတော်မူရလေသည်။

ရှင်ရာဟုလာ သာမဏေ ဖြစ်လာသည်က စ၍ ရှင်ရာဟုလာကို ခမည်းတော်ဘုရားက "ကုမာရပဉ္ဉာသုတ္တန်" ကို နှုတ်တက် ချပေးတော်မူသည်။ သုတ္တန်ထဲက အချက်အလက် အနက်အဓိပ္ပာယ်ကို ရှင်ရာဟုလာ ကုန်စင်အောင် မသိနိုင်သေးချေ။ သို့သော်

http://www.dhammadownload.com

အထိန်းသဘောဖြင့် သင်ပေးတော်မူသည်။ တောင်တောင်မြောက်မြောက် အနှစ်မရှိသော စကားမျိုးများ ပြောနေမည့်အစား သိသင့်သိထိုက်သော တရားများနှင့် ထိတွေ့ယဉ်ပါးလာအောင် သွေးဆောင်တော်မူရပေသည်။ ဘုရားရှင်က ဤသို့မေးသည်။

ဟန်ဆောင်ခြင်းကား "အသံမထွက်သော မုသာဝါဒ" ပင်

"ရာဟုလာ၊ တစ်ခုဟူသည်ကား အဘယ်နည်း"

"အာဟာရပါဘုရား၊ သတ္တဝါဟူသမျှ အာဟာရ၌ တည်ကြောင်းပါဘုရား"

"နှစ်ခုဟူသည် အဘယ်နည်း"

"ရုပ်နှင့်နာမ်ပါဘုရား"

"သုံးခုဟူသည် အဘယ်နည်း"

"ဝေဒနာသုံးပါးပါဘုရား"

"လေးခုဟူသည် အဘယ်နည်း"

"အရိယာသစ္စာလေးပါးပါဘုရား"

"ငါးခုဟူသည် အဘယ်နည်း"

"ဥပါဒါနက္ခန္ဓာငါးပါးပါဘုရား"

မြတ်စွာဘုရားကဆက်လက်၍ အတွင်း အာယတန ခြောက်ပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး၊ သတ္တဝါသ ကိုးပါး၊ ရဟန္တာပုဂ္ဂိုလ်၏ အဂ်ါဆယ်ပါးတို့ကိုလည်း ရာဟုလာနှင့် အမေးအဖြေ ပြုလုပ်တော်မူလေသည်။

တစ်ညနေခင်း၌ ဘုရားရှင်သည် သားတော် ရာဟုလာရှိရာ အမွလဋ္ဌိကာကမ္မဋ္ဌာန်းကျောင်းသို့ ကြွတော်မူသည်။ ထိုကမ္မဋ္ဌာန်းကျောင်းသည် ဝေဋ္ဌုဝန်ကျောင်းတိုက် အစွန်အဖျား၌ ရှိ၏။ အေးချမ်းသော နေရာဖြစ်၏။ ထိုကျောင်းသို့ ရှင်ရာဟုလာ သွား၍ နေခြင်းကား ဘုရားရှင်၏ အချီးမွမ်းခံလို၍ ဖြစ်၏။ ထိုကျောင်း၌ ကမ္မဋ္ဌာန်းတရား ပွားများနေသူများကို ဘုရားရှင်က ချီးကျူးလေ့ရှိ၏။ ရှင်ရာဟုလာ၌ ကမ္မဋ္ဌာန်းတရား ပွားများစရာ လက်ဆုပ်လက်ကိုင် ဘာမျှ မရှိသေးပါဘဲလျက် အချီးမွမ်း ခံချင်ရုံ သက်သက်ဖြင့် သွားရောက်နေခြင်းဖြစ်၏။ သူ့ကို ဘုရားရှင်က အားပါးတရ ချီးကျူးလိမ့်မည်ဟုလည်း မျှော်လင့်နေ၏။ ဤသို့ ဟန်ဆောင်ခြင်းကား "အသံမထွက်သော မုသာဝါဒ" ပင် ဖြစ်၍ အချိန်မီ တားဆီးရန် ဘုရားရှင် ကြွတော်မူခြင်းဖြစ်၏။ ဘုရားရှင် ကြွလာသည်ကိုမြင်သော ရှင်ရာဟုလာသည် နေရာတော်ပြင်၊ ခြေဆေးရေခပ်၊ အသင့်စောင့်ကြိုပြီး ဘုရားရှင် ခြေတော်အစုံကို ရေအေးလောင်းကာ ပွတ်သပ် ဆေးကြောပေး၏။ ဘုရားရှင်သည် ရေအနည်းငယ်ကို ခွက်ဖြင့်ခပ်ယူကာ ဤသို့ မိန့်တော်မူ၏။

- ရာဟုလာ၊ ခွက်ထဲက ရေကျန်ကို မြင်၏လော။
- မြင်ပါသည် ဘုရား
- ဤသို့ပင်ဖြစ်သည် ရာဟုလာ၊ သိလျက်နှင့် မုသားဆိုရန် မရှက်သောသူ၊ အရှက်မရှိသော သူတို့အား ရဟန်းတရားသည် နည်းပါးလှ၏။

ထို့နောက် ခွက်ထဲက ရေကျန်ကို အကုန်သွန်ပစ်တော်မူပြီး-

-ရာဟုလာ၊ ရေကျန်အနည်းငယ်ကို သွန်ပစ်လိုက်သည်ကို မြင်၏လော။

- မြင်ပါသည်ဘုရား။

- ဤသို့ပင်ဖြစ်သည် ရာဟုလာ၊ သိလျက်နှင့် မုသားဆိုရန် မရှက်သောသူတို့အား ရဟန်းတရားသည် တစ်စမကျန် သွန်ပစ်ပြီး ဖြစ်၏။

ထို့နောက် ရေခွက်ကိုမှောက်၍လည်းကောင်း၊ လှန်ပြ၍လည်းကောင်း မုသားဆိုခြင်း၏ အပြစ်များကို ဟောကြားတော်မူလေသည်။ ဤသို့လျှင် မုသားဖက်လျှင် တရားပျက်မည်ဖြစ်ကြောင်း ဟောမိန့်တော်မူသည်။ ထို့ပြင်လည်း မုသားစကားကို အပြောင်အပြက်သဘောမျိုးပင်ဖြစ်စေ မပြောမိအောင် ရှောင်ကြဉ်ရမည်ဖြစ်ကြောင်းကိုလည်း "ဘာမထီတိုက်ဆင်ကြီး" ဥပမာပြ၍ ဟောကြားတော်မူပြန်သည်။

မင်းသုံးတိုက်ဆင်ကြီးသည် မိမိ၏ရှေ့ခြေနှစ်

http://www.dhammadownload.com

ချောင်း၊ နောက်ခြေနှစ်ချောင်းဖြင့်လည်းကောင်း၊ ကိုယ်အရှေ့ပိုင်း၊ ကိုယ်အနောက်ပိုင်း၊ ကိုယ်လုံးကြီးဖြင့်လည်းကောင်း၊ အစွယ်၊ နားရွက်တို့ဖြင့်လည်းကောင်း ရန်သူနှင့် ကြုံတွေ့သောအခါ တိုက်ခိုက်တွန်းလှန်တတ်၏။ မိမိကိုယ်ကို ကာကွယ်သမှုလည်းပြုတတ်၏။ သို့ရာတွင် မိမိ၏နှာမောင်းကိုမူ ထိခိုက်မည်စိုး၍ နှုတ်ခံတွင်း၌ ငုံထား၊ သွင်းထားတတ်၏။ ထိုသို့ ငုံထားခြင်းကား ဤတိုက်ဆင်ကြီးသည် တိုက်ဆင်ပီပီ သက်စွန့်ကြိုးပမ်း တိုက်ခိုက်သည် မမည်သေး၊ အကယ်၍ နှာမောင်းကိုပါ ခံတွင်းက ထုတ်လျက် တိုက်ပွဲဝင်မှသာ တိုက်ဆင်အဖို့ တိုက်ဆင် ပီသသည်၊ ထိုတိုက်ဆင်အဖို့ မလုပ်ဝံ့သော အလုပ်ကို လုပ်သည်။ ထိုတိုက်ဆင်အဖို့ မလုပ်ဝံ့သော အလုပ်မရှိပြီဟု ဆိုနိုင်သည်။

ထို့အတူပင် သိလျက်နှင့် မုသားဆိုရန် မရှက်သူ၊ အရှက်မရှိသူတို့အား မပြုလုပ်ဝံ့သော မကောင်းမှုဟူ၍ မရှိနိုင်တော့ချေ။ ထို့ကြောင့် ဘုရားသာသနာတော်တွင်းဝယ် ရယ်မောပြောင်လှောင်သော ဘဘောဖြင့်ပင် မုသားစကားမပြောမိအောင် စောင့်စည်းပါလော့။ ဤသို့ ဘုရားမြတ်စွာက သားတော်ရာဟုလာအား မုသားမဖက် ဟုတ်တိုင်းမှန်ရာ ပြောရန်အတွက် ဆုံးမတော်မူလေသည်။

မြတ်စွာဘုရားက ဆက်လက်၍ "ရာဟုလာ. . ကာယကံ၊ ဝစီကံ၊ မနောကံ အလုပ်များကို လုပ်မည်ပြုသောအခါ၌ဖြစ်စေ၊ လုပ်နေဆဲမှာ ဖြစ်စေ၊ လုပ်ပြီးသောအခါမှာဖြစ်စေ ဤသို့ စဉ်းစားဆင်ခြင်အပ်၏။ ဤငါ၏အမှုသည် မိမိကိုယ်တိုင် ပင်ပန်းဆင်းရဲခြင်းငှာ ဖြစ်လေသလော၊ သူတစ်ပါး ပင်ပန်းဆင်းရဲခြင်းငှာ ဖြစ်လေသလော၊ မိမိသူတစ်ပါး နှစ်ပါးစုံ ပင်ပန်းဆင်းရဲခြင်းငှာ ဖြစ်လေသလော၊ ဆင်းရဲစေကြောင်း မကောင်းမှုများ ဖြစ်လေသလော၊ ဤသို့ စဉ်းစားဆင်ခြင်၍ ဆင်းရဲစေကြောင်း မကောင်းမှုဖြစ်နေလျှင် ထိုအမှုကို တဇွတ်ထိုးစိတ်ဖြင့် မပြုလုပ်ပါနှင့်။ မိမိ၊ သူတစ်ပါး၊ နှစ်ပါးလုံးအား မပင်ပန်း မဆင်းရဲစေကြောင်း ကောင်းသောအမှုဖြစ်ပါက ထိုအမှုများကို နေ့ရောညပါ ကျင့်သုံး၍နေပါလော့၊ ကောင်းမြတ်သော အမှုများကို ပြုလျက် နှစ်သက်ဝမ်းသာ ပျော်ပျော်ကြီးနေပါလော့ ရာဟုလာဟူ၍ ဘုရားမြတ်စွာက ရှင်ရာဟုလာအား ဆင်ခြင်စဉ်းစား၊ အမှားမတွေ့ရအောင် အသိနှင့်ယှဉ်သော အကျင့်များဖြင့် ဘုရားသားတော် ပီသစေရန် ဟောကြားတော်မူလေသည်။

ဤသို့ဖြင့်လျှင် ရှင်ရာဟုလာသည် ဘုရားရှင်၏အဆုံးအမကို နာယူရင်း သက်တော် (၁၈)နှစ်အရွယ်သို့ ရောက်လေပြီ။ ဘုရားသားတော်ပီပီ၊ ဖအေတူသား ဖြစ်သဖြင့် လှပရွန်းစို ကြည်ညိုဖွယ်ရာ ဖြစ်လေသည်။ တစ်နေ့သော် ရှင်ရာဟုလာသည် ဘုရားရှင်၏ နောက်တော်မှ ဆွမ်းခံရင်း လိုက်ပါသွားသည်။ ဘုရားရှင်နှင့် ရှင်ရာဟုလာကို ဖူးတွေ့ရသူများသည် ရေအိုင်ကြီးအတွင်းမှာ လှော်ခတ်သွားနေသော ရွှေလောင်းလှေကြီးနှင့် ရွှေလောင်းလှေငယ်သဖွယ် တင့်တယ်လှပါပေ၏၊ ကြည်ညိုဖွယ်ကောင်းလှပါပေ၏ ဟူ၍ ဖရဏာပီတိ ဂွမ်းဆီထိမျှ ဖြစ်ကြရသည်။ ရှင်ရာဟုလာကလည်း မိမိရှေ့မှ ကြွသွားနေသော ဖခမည်းတော်ဘုရားကို တစိမ့်စိမ့်ကြည့်နေရာမှ မိမိ၏ခြေလက်များကိုလည်း ကြည့်မိ၏။ ရွန်းစိုဖြူဝင်းသော အရောင်အဆင်းအောက်မှ အသားအရေ ပြည့်ဖြိုး၍ ချောမွတ်လှပနေသော မိမိ၏ခြေလက်များကို ကြည့်ရင်း နှစ်သိမ့်ကြည်နူးနေ၏။ ရှင်ရာဟုလာသည် ဘုရားရှင်၏ဆုံးမစကား နာယူနေသည့် အကြားမှ မေ့လျော့လျက် သူရုပ်ရည်ကို ပြန်၍ ချစ်နေမိ၏။ ဘုရားရှင်က

သိလျက်နှင့် မုသားဆိုရန် မရှက်သူ၊ အရှက်မရှိသူတို့အား မပြုလုပ်ဝံ့သော မကောင်းမှုဟူ၍ မရှိနိုင်တော့ချေ။

http://www.dhammadownload.com

"ရာဟုလာ. . အမျိုးမျိုး အဖုံဖုံသောရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်အားဖြင့် ငါးပါးသော ခန္ဓာတို့ကို ငါဟာဟူ၍လည်းကောင်း၊ ငါ၏အတ္တ ဟူ၍လည်းကောင်း မရှုမမြင်၊ မစွဲလမ်းသင့်" ဟု မေ့မေ့လျော့လျော့ဖြစ်နေသော သားတော်ရာဟုလာအား ခမည်းတော်က ကြိုးမြတ်သော ကရုဏာဖြင့် သတိပေး တော်မူ၏။

ရှင်ရာဟုလာသည် ခမည်းတော် မသိဘူးထင်၍ မိမိရုပ်သွင်ကို မိမိဘာသာ ချစ်ခင်တွယ်တာစိတ် မွေးမိ၏။ ယခုတော့မူ ခိုးထုပ်ခိုးထည်နှင့်တကွ ခိုးသူကြီးကို သျှောင်ဆွဲ၍ ဖမ်းလိုက်သကဲ့သို့ အဖမ်းခံလိုက်ရချေပြီ။ ပင်ကိုဓာတ်ခံ ကောင်းမွန်လှသော ရှင်ရာဟုလာသည် ဤမျှလောက် ဟောကြားရုံနှင့်ပင် သတိသံဝေဂကြီးစွာရလျက် ရှေ့သို့ ဆက်မလိုက်တော့ချေ၊ လမ်းဘေးသစ်ပင်တစ်ပင် အောက်သို့သွား၍ တစ်ပါးတည်းထိုင်လျက် တရားဘာဝနာပွားများနေလေသည်။ ထိုနေ့နံနက်က ရှင်ရာဟုလာ၏ သပိတ်ထဲမှာ ဆွမ်းတစ်ဇွန်းစာမျှ ပါမလာခဲ့ချေ။ ဘုရားရှင်ကလည်း သားတော် ရာဟုလာအတွက် ဆွမ်းခံဖွယ်များ မပေးလာပါ၊ ညီတော် အာနန္ဒာကိုလည်း မပို့ခိုင်းပါ။ ဒကာဒကာမများကိုလည်း အသိမပေးပါ။ ထို့ကြောင့် ရှင်ရာဟုလာသည် ထိုနေ့တစ်နေ့လုံး အစားအစာ ကင်းလွတ်ခဲ့ရလေသည်။ ရှင်ရာဟုလာသည် မိမိထံ အစားအစာမပို့ရန် ကောဟု စိတ်ပြစ်မှားမှုကိုမျှ မပြု၊ ဘုရားရှင်ပေးသနားသော ကမ္မဋ္ဌာန်း၊ ထို့နောက် ဥပဇ္ဈာယ်ဆရာ ပေးသနားသော ကမ္မဋ္ဌာန်းကို ပွားများနေ၏။ ဤသို့ တစ်နေကုန်ပွားများပြီးနောက် ညနေချမ်း ရောက်ခါမှ ဘုရားရှင်ထံ ချဉ်းကပ်လာလေသည်။

ရှင်ရာဟုလာသည် ဘုရားရှင်ထံ ရှိသေစွာ ချဉ်းကပ်ပြီး "အာနာပါနကမ္မဋ္ဌာန်းကို အကျိုးကျေးဇူး ကြီးမားစေရန် မည်သို့ပွားရပါမည်နည်း" ဟု လျှောက်ထား၏။

ဘုရားရှင်သည် သားတော်ရာဟုလာ မေးလျှောက်သော ကမ္မဋ္ဌာန်းကို ဖြေကြားတော်မမူဘဲ သူနှင့် အသင့်လျော်ဆုံးသော ကမ္မဋ္ဌာန်းကို ပေးသနားတော်မူလိုသဖြင့် -

"ရာဟုလာ၊ သင်ချစ်ခင်တွယ်တာနေသော ကိုယ်ခန္ဓာသည်ကား ဆံပင်၊ မွေးညင်းစသော သုံးဆယ့်နှစ်ပါးသော အဖို့အစုတို့သာ ဖြစ်၏။ အရင်း အမြစ်ကို စစ်ကြည့်ပါလျှင် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဟူသော ဓာတ်ကြီးလေးပါးနှင့်တကွ ကလာပ်စည်း တစ်ခုနှင့်တစ်ခုကို ခြားထားသော အာကာသ ဓာတ်တို့ကို တွေ့ရပေလိမ့်မည်"

"ရာဟုလာ၊ အညစ်အကြေးများနှင့် ပတ်သက်ဆက်ဆံရသောအခါ မြေရေလေမီးဟူသော ဓာတ်ကြီးလေးပါးတို့သည် ရွံရှာစက်ဆုပ်ခြင်းမရှိ၊ ပကတိအတိုင်း နေကြဘိသကဲ့သို့ မိမိစိတ်ကိုလည်း ဓာတ်ကြီးလေးပါးနှင့် အလားတူစွာ ပကတိအတိုင်း ထား၍ ပွားများပါလျှင် ကြိုက်၊ မကြိုက်ဟူသော ဖဿတို့သည် သင့်စိတ်ပေါ်မှာ လွှမ်းမိုးလာနိုင်မည် မဟုတ်ပေ။"

"ရာဟုလာ၊ အာကာသကောင်းကင်သည် ဘယ်အပေါ်မှာမှ ရပ်တည်မီတွယ်၍ မနေသကဲ့သို့ မိမိစိတ်ကိုလည်း အာကာသနှင့် အလားတူစွာ အမှီအတွယ် မရှာ၊ သဘာသာ လွတ်လပ်နေသည့်အတိုင်း ပွားများပါလျှင် ကြိုက်ခြင်း၊ မကြိုက်ခြင်းဟူသော ဖဿတို့သည် သင့်စိတ်ပေါ်မှာ လွှမ်းမိုးလာနိုင်မည် မဟုတ်ပေ" ဟု တရားပြ ဆုံးမတော်မူလေသည်။ ဤသို့လျှင် ဘုရားမြတ်စွာက သားတော် ရှင်ရာဟုလာအား "ဓာတ်ကြီးငါးဖြာ ကိုယ်ခန္ဓာ" တရား ဟောကြားတော်မူလေသည်။

တဏှာရာဂ ဗွက်တောထဲသို့ မျက်စိလည်ကာ လျှောက်သွားမိခဲ့သော ရှင်ရာဟုလာသည် ခမည်းတော်က အချိန်မီ ဖေးမတော်မူသဖြင့် လမ်းမှန်ပေါ်သို့ ပြန်ရောက်လာခဲ့၏။ ခမည်းတော်မြတ် ပေးသနား

http://www.dhammadownload.com

တော်မူခဲ့သော ဓာတ်ကြီးငါးပါးကမ္မဋ္ဌာန်းကို နေ့စဉ်နေ့တိုင်း ပွားများနေခဲ့၏။ ဤသို့ဖြင့် ရှင်ရာဟုလာသည် သာသနာတော်ဝယ် တရားလက်ဝဲကိုင်ဖြင့် ပျော်ပျော်ကြီးနေခဲ့၏။ အသက်နှစ်ဆယ်တင်းတင်း ပြည့်သော် စာရားရှင်ထံ ရဟန်းပြုခွင့်တောင်းရာ ဘုရားရှင်က ရှင်သာရိပုတ္တရာထံ လွှဲအပ်လိုက်၏။ ရှင်ပြုစဉ် တုန်းက ဦးဆောင်ဦးရွက်ပြုခဲ့ကြသော အရှင်မောဂ္ဂလာန်၊ အရှင်မဟာကဿပ အစရှိသော အရှင်မြတ် အပေါင်းတို့က ခိုးမြှင့်ကြသဖြင့် သာမဏေ ရှင်ရာဟုလာသည် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်လေ၏။ ဘုရားရှင်ပေးသနားသော ဓာတ်ကြီးငါးပါး ကမ္မဋ္ဌာန်းကို ပွားများလျက် အရှင်ရာဟုလာ၏ စိတ်ဓာတ်များသည် ရင့်ကျက်လာခဲ့၏။ အရဟတ္တဖိုလ်ထိ ဆိုက်ရောက်နိုင်သော အခြေခံဉာဏ်ပညာများ နီးကြားတက်ကြွနေကြ၏။ **အတွင်းသန္တာန်မှ တရားအရှိန်ဟပ်သဖြင့် အရှင်ရာဟုလာ၏ မျက်နှာသွင်ပြင်သည် ကြည်လင်သန့်ရှင်းလှလေသည်။** ပွင့်လုဆဲဆဲ ကြာပဒုံသည် နေအရောင်ကို စောင့်ကြိုနေသကဲ့သို့ ဖြစ်ပေသည်။

တစ်ခုသော နေ့လယ်ခင်းတွင် ပွင့်လုဆဲဆဲ ကြာပဒုံသည် နေအရောင်နှင့် အသင့်တွေ့ဆုံလိုက်ရ၏။ နေမင်း၏အဆွေဖြစ်တော်မူသော ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးနောက် အန္ဓဝန်တောသို့ ကြွတော်မူ၏။ ဘုရားရှင်၏ အမိန့်တော်အရ အရှင်ရာဟုလာသည်လည်း နိသီဒိုင်အခင်းကို ပခုံးတင်လျက် လိုက်ပါလာ၏။ ထိုအခါ ဆွမ်းခံသွားတုန်းကကဲ့သို့ပင် သူ့ရှေ့က တရွေ့ရွေ့ ကြွသွားသော ရှေတောင်ကြီးကို တစိမ့်စိမ့် ကြည့်လျက်လှမ်းခဲ့၏။ သို့ရာတွင် ရှေတောင်ကြီးမှ တစ်ဆင့် သူ့ခြေ သူ့လက်များကို တပ်မက်သောစိတ်ဖြင့် မကြည့်တော့ပါ။ နောက်တော်ပါးမှ လိုက်ပါရင်း တစိမ့်စိမ့် ကြည့်နေခြင်းမှာ ငါ၏ ခမည်းတော်ဟူသော တွယ်တာစိတ်ကြောင့် မဟုတ်ပါ။ ပွင့်ခါနီးဆဲဆဲ အားခဲနေသော အသိဉာဏ် ပွင့်လင်းအောင် အလင်းရောင်ပေးလတ္တံ့သော ကျေးဇူးရှင်အဖြစ် လေးစားကြည်ညိုခြင်းသာ ဖြစ်ပေသည်။

အန္ဓဝန်တောတွင်းသို့ရောက်သော် "ဓာတ်ကြီးငါးဖြာ၊ ကိုယ်ခန္ဓာ" တရားကိုပင် အသေးစိတ် ဟောကြားတော်မူသည်။ ခမည်းတော်၊ သားတော် နှစ်ပါးလုံး၏ အသိဉာဏ်သည် အရဟတ္တဖိုလ်အားဖြင့် အဆင့်တူညီ၍ လာလေသည်။

သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာအားဖြင့် ကွန်ရှေ့ငါးပါးလုံး ရင့်ကျက်နေပြီဖြစ်သော အရှင်ရာဟုလာသည် အသေးစိတ် မေးမြန်းတော်မူလေသမျှကို အချက်ကျကျ ဖြေဆိုရင်း နှလုံးသွင်းလျက်ရှိ၏။ ဤသို့တရားနာရင်း နှလုံးသွင်းသော ဘာဝနာဖြင့်ပင်လျှင် အရှင်ရာဟုလာ၏ အသိဉာဏ်သည် အရဟတ္တဖိုလ်အထိ ဆိုက်ရောက်သွားလေသည်။

မြောက်မြားလှစွာသော သားတော်များနှင့် ထပ်တူ ထပ်မျှ အရှင်ရာဟုလာသည်လည်း ခမည်းတော်၏ ဓမ္မအမွေကို ရရှိပြီ ဖြစ်၏။ ယခု ရရှိလိုက်သော အမွေသည် ဟိုယခင် ငယ်ရွယ်စဉ်က သူမယ်တော်တောင်းခိုင်းလိုက်သော အမွေများထက် အဆ အရာအထောင်မက သာလွန်မြင့်မြတ်လှပေ၏။ သုံး၍ မကုန်၊ စား၍မကုန်နိုင်သော ရတနာ ရွှေအိုးကြီးများကို မတောင်းဘဲ ရရှိပေပြီ။

ထို့ကြောင့် -

"ရစ်မသည် မိမိဥကို မခွာမခွဲ အမြဲတမ်း စောင့်ရှောက်သကဲ့သို့၊ စာမရီမည်သော သားကောင်သည် မြီးဆံတစ်မျှင်မျှ မကျွတ်ရအောင် စောင့်ရှောက်ဘိသကဲ့သို့ ဉာဏ်ပညာရင့်ကျက်၍ အကျင့်သီလ ကုံလုံတော်မူသော ရဟန်းမြတ်သည် ငါ့ကို စောင့်ရှောက်တော်မူခဲ့လေပြီတကား" ဟု အရှင်ရာဟုလာက မကြာခဏ ကျူးရင့်သံဆိုတတ်လေသည်။

အရှင်ရာဟုလာကား ရဟန်းဝါတစ်ဝါမျှ မပြည့်မီ ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။ အရှင်ရာဟုလာသည် ရဟန်းရှင်လူဟူသမျှတို့၏ စိတ်နှလုံးကို ရွှင်

http://www.dhammadownload.com

ယခု ရရှိလိုက်သော အမွေသည် ဟိုယခင် ယေရွယ်စဉ်က သူမယ်တော် တောင်းခိုင်းလိုက်သော အမွေများထက် အဆအရာ အထောင်မက သာလွန်မြင့်မြတ်လှပေ၏။

ပြီးစေခဲ့၏။ သာသနာတော်ကြီးတစ်ခုလုံးက အရေးပေးထားပါလျက် ရောင့်တက်မာန်မူခြင်းကင်းခဲ့၏။ ဆရာသမားတို့၏ ဆုံးမစကားကို တစ်သဝေမတိမ်း ခံယူခဲ့၏။ ရာဟုလာ အရှင်မြတ်၏ အရပ်ရပ်သော ဂုဏ်ကျေးဇူးတို့တွင် အထူးချွန်၊ အမွန်မြတ်ဆုံးကား ထိုသို့ လူကြီးသူမ၊ ဆရာသမားများ၏ ဆုံးမစကားကို နာယူလွယ်ခြင်းပင် ဖြစ်၏။ ထိုသို့ "သောဝစဿတာ မင်္ဂလာ" လူကြီးသူမတို့၏ ဆုံးမစကားကို နာယူလွယ်ရုံမျှမက မိမိကို ဆုံးမချင်သူ သဲလုံးအတူ များပါစေဟု လည်း ခံယူထား၏။ အပြစ်ပြု၍ ဆုံးမသူကို ရွှေအိုး လာပေးသူဟုလည်း နှလုံးသွင်းထား၏။

မှန်ပါ၏။ ဘုရား၏အဆုံးအမကို အောက်မေ့သူသည် ဆုံးမလွယ်သည်သာဖြစ်ရာ၏။ ဆုံးမခက်သည် မဖြစ်ရာ၊ တစ်နည်းဆိုသော် သာသနာတော်၏ ကြာမြင့်စွာတည်ခြင်းကို အလိုရှိသူသည် ဆုံးမလွယ်သည် သာလျှင် ဖြစ်ရာ၏။

"အဂ္ဂသိက္ခာကာမ" ကျင့်ဝတ်သိက္ခာကို မြတ်နိုးတော်မူလှသော အရာဝယ် အရှင်ရာဟုလာသည် တေဒဂ်ရ၏။

အရှင်ရာဟုလာသည် သာသနာ့ဝန်ကျေပွန်စွာ အားသွန်ထမ်းဆောင်ရင်း သက်တော် ၄၄၊ ဝါတော် ၂၄ အရတွင် ဘုရားရှင်ကို ပူဇော်ကန်တော့ပြီး တာဝတိံသာနတ်တို့ထံ၌ ပရိနိဗ္ဗာန်စံတော်မူသည်။ ထို့ကြောင့် ဤလူ့ဘောင်၌ အရှင်ရာဟုလာ၏ ရုပ်ခန္ဓာကို မဖူးမြော်ကြရပေ။

ရွှေဥမင်တောရယဉ်ကျေးလိမ္မာနှင့် ဗုဒ္ဓစာပေသင်တန်းဆင်းပွဲ၌ ဖူးတွေ့လိုက်ရသော သာမဏေ

ဝိပဿနာ အရသာ

စစ်တုရင်ထိုးနေသည်ကို စစ်တုရင် မထိုးတတ်သူသည် ဘေးကကြည့်နေလျှင် အလွန်ပျင်းလာ၏။ ဆေးလိပ်မသောက်တတ်သူသည် ဆေးလိပ်သောက်နေသူ၏ အရသာကို မခံစိုနိုင်ဆနိုင်။

ထို့အတူ ဝိပဿနာလုပ်ငန်းကို မလုပ်ဖူးသူသည် ဝိပဿနာ၏ အရသာကို မသိသေးလျှင် ပျင်းရိဖွယ်ဟု ထင်ရ၏။ အရသာကို သိသွားသူကား ၁-နာရီ ကြာသည်၊ ၂-နာရီ ကြာသည် ဆိုကြသည်မှာ ဝိပဿနာလုပ်ငန်းတွင် စိတ်ဝင်စားမိလျှင် တစ်ခဏကလေးမျှသာ ကြာသည်ဟု ထင်မိတော့၏။ ဥပမာဆိုသော် မိမိကြိုက်ရာစကားကို ၁-နာရီ၊ ၂-နာရီ ကြာသော်လည်း ခဏကလေးဟု ထင်ရဘိသကဲ့သို့တည်း။

ဦးပဏ္ဍိုင်၊ ဝိပဿနာအခြေခံနှင့်အဖြေမှန်၊ ၈၈။

ငယ်ကို အကြောင်းပြု၍လည်းကောင်း၊ အရှင်ဝဏ္ဏသိရီ ပြုစုသော "မြတ်ဗုဒ္ဓ၏သားတော် ရာဟုလာရုပ်ဆုံစာ" ကို ဖတ်ရှုလေ့လာရ၍လည်းကောင်း ထိုထိုထပ်ဆင့် အကြောင်းများကြောင့် ဤအထက်ပါ "အရှင်ရာဟုလာ ပုံရိပ်လွှာ" ကို တင်ပြ ဖြစ်ပါသတည်း။ ပ-သုံးလုံးဝိပဿနာပြန်ပွားရေး အဖွဲ့ချုပ် ကဲ့သို့သော ဗုဒ္ဓစာပေသင်တန်းများမှ "အရှင်ရာဟုလာ ပုံရိပ်လွှာ" မျှသာမက ပုံဖြပ်အရှိ ပေါ်ပေါက်အောင် ထိထိမိမိကြိုးဆောင်ရွက်နိုင်ပါစေသတည်း။

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

ကထိက ဓေါ်မြင့်သန်း
၂၀-၉-၉၈

http://www.dhammadownload.com

ဆရာကြီး ဦးပဂျိုင်

ဦးသိန်းရွှေ

ကျွန်တော်သည် ၁၉၅၆-ခု၊ မေလတွင် ဆရာကြီး ဦးပဂျိုင်နှင့် သွားရောက်တွေ့ဆုံရာမှ ဆရာကြီးနှင့် ရင်းနှီးသွားခဲ့ပါသည်။ ထိုအချိန်မှစပြီး ကွယ်လွန်သည်အထိ ဆရာကြီးက ကျွန်တော့်အား ဝိပဿနာတရားကို သင်ကြားပြသပေးခဲ့ပါသည်။ ဆရာ့ကဲ့သို့ လောကီရော လောကုတ္တရာပါ ထူးချွန် ပြောင်မြောက်သည့် ပုဂ္ဂိုလ်မျိုးကား လူတစ်သန်းတွင် တစ်ယောက် ပေါ်ပေါက်ခဲလှပါသည်။ ကြီးပွားချမ်းသာရေးစာအုပ်ကို ရေးသားထုတ်ဝေခဲ့ပြီး တိုးတက်ရေးသတင်းစာကိုလည်း ထုတ်ဝေခဲ့ပါသည်။ သို့ရာတွင် ဝိပဿနာတရားကို လေ့လာလိုက်စား၊ ကျင့်ကြံပွားများ အားထုတ်သည့်အချိန်မှစပြီး လောကီလူမှုကိစ္စများကို ဆရာ လုံးဝစွန့်လွှတ်ခဲ့ပါသည်။

ဆရာသည် အိပ်ချိန်မှအပ ကျန်သောအချိန်များတွင် တရားစာအုပ်များဖတ်ခြင်း၊ ဝိပဿနာတရား ဟောပြောခြင်းနှင့် ဝိပဿနာဘာဝနာပွားများခြင်းဖြင့်သာ အချိန်ကို ကုန်လွန်စေခဲ့ပါသည်။ ထို့ပြင် ရွှေတိဂုံဘုရားလမ်းရှိ ရွှေကျင်မြို့နယ် ဓမ္မာရုံ၌ ရဟန်းတော်များနှင့် လူပုဂ္ဂိုလ်များကို ဝိပဿနာသင်တန်းဖွင့်လှစ်၍လည်း ဟောပြောပို့ချခဲ့သေး၏။ ထိုသင်တန်းအတွက် ဝိပဿနာပွားများနည်း သင်တန်းကျမ်းစာအဖြစ် "ဝိပဿနာဘာဝနာ နှစ်စောင်တွဲ"ကျမ်းကို ၁၉၆၃-ခုနှစ်တွင် ရေးသားပြုစုခဲ့ပေသည်။

ဆရာသည် ဝိပဿနာတရား ပွားများခြင်းကို မြတ်စွာဘုရား ဟောကြားတော်မူသည့် ပါဠိတော်၌ လာသည့်အတိုင်း တိကျစွာ ကျင့်ကြံအားထုတ်ကြရန် အလေးအနက် ဟောကြားခဲ့သည်။ ဘုရားဟောပါဠိတော်၌ မပါရှိသည့်၊ မကိုက်ညီသည့် မဂ်တု၊ ဖိုလ်တု၊ ကမ္မဋ္ဌာန်းတုများကို ကဲ့ရဲ့၊ ဖိနှိပ်၊ ရှင်းလင်းပေးကြရန်လည်း တိုက်တွန်းခဲ့သူဖြစ်၏။ ထို့ပြင် ဒါန၊ သီလ၊ သမထထက် ဝိပဿနာဘာဝနာကို ပွားများအားထုတ်ရန်ကိုသာ အလိုရှိခဲ့ပါသည်။ ဝိပဿနာဘာဝနာသည် ဒါန၊ သီလ၊ သမထထက် အကျိုးကြီးမားကြောင်းကို ဗုဒ္ဓဘာသာဝင်များ သိစေလိုသောအားဖြင့် ဝေလာမသုတ်၊ ကူဋဒန္တသုတ်၊ ဝက္ကလိသုတ် အစရှိသည်တို့ကို အမြဲလိုပင် ဟောကြားပေးခဲ့သူ ဖြစ်ပေသည်။

"ဝိပဿနာ အခြေခံနှင့်အဖြေမှန်" စာအုပ်ကို ၁၉၅၂-ခုနှစ်တွင် ဆရာ ရေးသားထုတ်ဝေခဲ့သေး၏။ ဤကျမ်းစာသည် ဝိပဿနာတရားကို ဘုရားဟော ပါဠိတော်အတိုင်း နည်းနာကျကျ ကျင့်ကြံပွားများလိုသူတိုင်း လက်မလွတ်တမ်း ဝယ်ယူဖတ်ရှုသင့်သည့် ကျမ်းစာအုပ်တစ်အုပ် ဖြစ်လေသည်။

ဆရာ၏ ဝိရိယသည် အဓိပတိတပ်သည့် ဝိရိယမျိုး ဖြစ်၏။ တစ်ခါက "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" ဟူသော စကားရပ်ကို "အဂ်ုတ္တိရ်ပါဠိတော်" မည်သည့်နေရာ၌ လာရှိသည်ကို သိရှိလို၍ စာအုပ်တွင် စာမျက်နှာ (၁)မှစ၍ မတွေ့မချင်း လိုက်ရှာရာ (၃)ရက်မြောက်သည့်နေ့မှ တွေ့ကြောင်း ကျွန်တော့်အား ပြောပြဖူး၏။

ဝိပဿနာတရား ဟောပြောရာ၌ဖြစ်စေ၊ ရေးသားရာ၌ဖြစ်စေ ဆရာသည် ကျမ်းစာအကိုးအကားနှင့် ဟောပြော ရေးသားသူ ဖြစ်သည်။ ဤကဲ့သို့ ဟောပြောရေးသားနိုင်ရန်အတွက်လည်း အကွရာစဉ်အလိုက် Index Card ဖြင့် အချက်အလက်ပေါင်းများစွာကို ရေးသားပြုစုထားခဲ့ပါသည်။ ယခုလို Index Card ဖြင့် ကျမ်းအကိုးအကား ထားရှိပုံမှာ လွန်စွာ စနစ်ကျသည့်အပြင် မည်သူတစ်ဦးတစ်ယောက်မျှ မပြုလုပ်ခဲ့ဖူးသေးချေ။ စာရှုသူတို့ သိရှိနိုင်ရန်အတွက် ဤဆောင်းပါးတွင် ဆရာ၏ Index Card နမူနာအချို့ကို ကူးယူဖော်ပြလိုက်ပါသည်။

http://www.dhammadownload.com

ဝိဂိုဟ။

ဝိဂိုဟ ဟူသော်လည်း အဓိပ္ပာယ်အားဖြင့် ဝိဂ္ဂဟဝါကျနှင့် ဝိဂ္ဂဟသမာသ ဟူ၍ နှစ်မျိုးရှိသည်။

အင်္ဂါတော်။ ။အင်္ဂါနှင့်ပတ်သက်သော ဝိဂ္ဂဟဝါကျ။ ။အင်္ဂါနှင့်ပတ်သက်သော ဝိဂ္ဂဟသမာသ။ ။အင်္ဂါ....။

ဝိဂိုဟ။ အသားတော်။ ။အင်္ဂါအားဖြင့် အင်္ဂါကိုယူ၍ ဆိုသော်လည်း အင်္ဂါတော်ကို ဆိုသော်လည်း ဖြစ်သည်။

ဝိဂိုဟကို ဝေါဟာရ၊ ဝိဂ္ဂဟ စသည်ဖြင့်လည်း ဆိုကြသည်။ ဝိဂ္ဂဟဝါကျနှင့် ဝိဂ္ဂဟသမာသ ဟူ၍ နှစ်မျိုးရှိသည်။ ဝိဂ္ဂဟဝါကျကို ဝိဂ္ဂဟဝါကျ၊ ဝိဂ္ဂဟသမာသကို ဝိဂ္ဂဟသမာသ ဟူ၍ ခေါ်ဆိုသည်။

အင်္ဂါတော်၊ အင်္ဂါ၏ ဝိဂ္ဂဟဝါကျ၊ ဟူသော် ဝိဂ္ဂဟသမာသ၊ ဟူသော်လည်း ရသည်။

ဝဏ္ဏိသ

ဟူသော်၊ ဝဏ္ဏိသ၊ ဟူသော် ဟူသော်လည်းကောင်း

ဟူသော်လည်း အာဒေသ ဟူသော်လည်းကောင်း

ဝဏ္ဏိသသို့ ပေါက်ပုံ . . . .

ဟူသော . . . ဖြစ်သော်၊ ဟူသော်လည်းကောင်း

အင်္ဂါတော်၊ အင်္ဂါ၏ ဝိဂ္ဂဟဝါကျ၊ ဟူသော် ဝိဂ္ဂဟသမာသ၊ ဟူသော်လည်း ရသည်။

ဟူသော . . . ဖြစ်သော်၊ ဟူသော်လည်းကောင်း ဤသို့ ဆိုလိုသည်။

ဝဏ္ဏိသ . . . ကြီး . . . . ဖြစ်သော် . .

ဟူသော . . . . . ဖြစ်သော် . .

ဤသို့ ဝိဂ္ဂဟဝါကျ ပြုလုပ်ပြီးလျှင် ဝိဂ္ဂဟသမာသ ပြုလုပ်ရသည်။

ပ၂၀၃ ခြေ; ပ၂၆၄. အင်္ဂါတော်. ဝိဂ္ဂဟ ပုံစံများ. အသုံးများသော ဝိဂ္ဂဟ။

http://www.dhammadownload.com

ကိုးနိုး

၁. ကိုးကား စတဲ့ အခါမှာတော့ ဘယ်ကျမ်း ဘယ်အုပ် ဘယ်စာမျက်နှာ စသည်ဖြင့် ပြည့်စုံအောင် ကိုးကားပေးရန် လိုပါသည်။ ဥပမာ - "သမိုင်းဝင်ပုဂ္ဂိုလ်များ" စာအုပ်တွင် ပါရှိသော အောင်ဆန်းအကြောင်း ဖတ်ရှုမှတ်သားချက်များ ဆိုပါက - ကိုးကား ပုံစံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

အောင်ဆန်း၊ ဗိုလ်ချုပ်၊ "သမိုင်းဝင်ပုဂ္ဂိုလ်များ"၊ ပုံနှိပ်ခြင်း ၂၀၀၅၊ ရန်ကုန်၊ ပုံနှိပ်တိုက်၊ စာမျက်နှာ ၂၀၊ ကိုးကား - အောင်ဆန်း၊ ဗိုလ်ချုပ်၊ စာမျက်နှာ ၂၀၊ ၂၀၀၅။

ကိုးကားသည့် သတင်းစာ၊ အင်္ဂလိပ်စာ ဖြစ်ပါက ဖတ်ရှုခဲ့သော စာမျက်နှာ ပြောင်းသွားနိုင်ပါသည်။

အောင်ဆန်း၊ ဗိုလ်ချုပ်၊ ပုံနှိပ်ခြင်း ၂၀၀၅၊ ရန်ကုန်၊ ပုံနှိပ်တိုက်၊ စာမျက်နှာ ၂၀၊ ကိုးကား - အောင်ဆန်း၊ ဗိုလ်ချုပ်၊ စာမျက်နှာ ၂၀၊ ၂၀၀၅။

ကိုးကားသည့် သတင်းစာ၊ အင်္ဂလိပ်စာ ဖြစ်ပါက ဖတ်ရှုခဲ့သော စာမျက်နှာ ပြောင်းသွားနိုင်ပါသည်။

အောင်ဆန်း၊ ဗိုလ်ချုပ်၊ "သမိုင်းဝင်ပုဂ္ဂိုလ်များ"၊ ပုံနှိပ်ခြင်း ၂၀၀၅၊ ရန်ကုန်၊ ပုံနှိပ်တိုက်၊ စာမျက်နှာ ၂၀၊ ကိုးကား - အောင်ဆန်း၊ ဗိုလ်ချုပ်၊ စာမျက်နှာ ၂၀၊ ၂၀၀၅။

ကိုးနိုး

၁- ဗမာ့ဒီမိုကရေစီ စစ်တွေ့ဖြင့် စစ်ချင်းတိုက်ပွဲ။

ဆရာ ကြည်၊ ဆရာ ကိုကိုမောင်၊ ဒေါ်ဖြူဖြူ ဝန်ခံချက်များ၊ ဇွန် ၂၀၀၇

ကျွန်တော်တို့ ကောင်စေတနာကြီး တဝှေ့ဝှေ့ ကိုကြီးကားကြီး ကြားထဲမှာ ရောက်နေတာ။

ဆရာ ကြည်၊ ဆရာ ကိုကိုမောင်၊ ဒေါ်ဖြူဖြူ ဝန်ခံချက်များ၊ ဇွန် ၂၀၀၇

(ရုပ်ရှင်ကျော်ဦး ပေးသည်) ၂၁၀၈/၂၀၂၂ ခုနှစ်၊ အားလပ်ရက်၊ ဟိုတယ်ခြင်း ဟန်ချောသည်။

ကိုကိုမောင် ခွဲခဲ့သောအခါတွင်လည်း ဆရာ - ဆရာတို့အတွက် ဘုံဘဝအတွင်းတွင် ကျွန်တော်တို့ ပါဝင်ခဲ့ကြသည်။ ဆရာ - ကျွန်တော်တို့ ဆရာ့ကို ဆုတောင်းပေးပါသည်။ ဆရာ့ကို ဆုတောင်းပေးပါသည်။ ဆရာ့ကို ဆုတောင်းပေးပါသည်။

၂. ကိုးကား - ကိုးကားခြင်း (ဥပမာ ပုံနှိပ်ထုတ်ဝေသည့် စာအုပ်ကို ကိုးကားခြင်း - D/၁၀-၃-၇၆.

၂.၁ ကိုးကား - ကိုးကားခြင်း (ဥပမာ ပုံနှိပ်ထုတ်ဝေသည့် စာအုပ်ကို ကိုးကားခြင်း - D/၁၀-၃-၇၆.

http://www.dhammadownload.com

သောတာပန် – သိဒ္ဓိ။

သောတာပန်ဝတ္ထုသည် သောတာပန်ဖြစ်ခြင်းကို ဘုရားတပါး၊ တွေ့မြင်ရသော ပုဂ္ဂိုလ်ကို သူတပါး၊ ဖြစ်ကြောင်း ဖြစ်ကြောင်းကို ဟောကြားတော်မူသော ဓမ္မဒေသနာတော်ကို ဖြစ်ကြောင်း ဖြစ်ကြောင်းတို့ ဖြစ်ကြောင်း။ ဦးဘဏ္ဍိတ – ဘဝဝိတ္ထာရ – ဆဋ္ဌသင်္ဂါယနာ။ ၂၅.၃.၆၄

သောတာပန်သိဒ္ဓိ။ " " ဆရာတော်ဘုရားကြီး – ၎င်း။

(ပဋိသန္ဓေဖြစ်ကြောင်း – နိဒါနသဟေတု – ဓာတ်၄ပါး; ဇာတ; – ပုံကဲ့သို့ 70. (နိဒါန်းဝတ္ထုသဘောအရ အဆုံး-အောက်ခြေ Bottom.

သောတာပန်- သိဒ္ဓိ - ဟိုလိဝင်စားပွဲ စသည်မှာထုံးကောင်းပါ၏။ ပဋိသန္ဓေဖြစ်ကြောင်း- အောက်ပုဂ္ဂိုလ်-

သောတာပန်သဘောသည်- ကျွန်ုပ်-ဒေါ်-ဟိုးကို ဖေဖြေတော်မူခြင်း။

သက္ကိုယဒိဋ္ဌိ. ဝိစိကိစ္ဆာ - သိမ်လစ္ဆာတပါးဟောသော. အဟိယသုတ်ကြောင်းကြောင်း- ပုဂ္ဂိုလ-
အဟိယသုတ်ကြောင်းကြောင်း - ဒေဒိသ - အဟိယသုတ်ကြောင်းကြောင်းတော်။

P. ၁၀ ဆရာ. ဝတ္ထု - အင်္ဂုတ္တိုရ် - ဆဋ္ဌ နိပါတ်.

သောတာပန်- သိဒ္ဓိ။

သောတာပန်တို့ဖော်ပြခြင်း - သက္ကိုယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သိမ်လစ္ဆာတပါးဟောသော,
ဒိဋ္ဌဂတိကသုတ်, ဝိစိကိစ္ဆာသုတ်ကြောင်း, ဒိဋ္ဌိကိုယ်တိုင်ဖျောက်ဖျက်ခြင်း။
၃၀ ဆရာ - ပဋိသန္ဓေဖြစ်ကြောင်း - ၉၂

ဖော်- ၃၁၂/၃.

သောတာပန်သဘော- အာထော်ဖော်မဟုတ်ပုဂ္ဂိုလ်ကို

ဇာသိ, အာထော်ပုဂ္ဂိုလ်သည် သောကာပုဂ္ဂိုလ်ကို သိ၏၊ သောတာပန်သဘော အကြောင်း သောတာပန်ကို သိ၏။

ပုထုဇ္ဇနော နိစ္စာနိတိ, သောတာပန္နဿ သောဘနံ။ သောတာပန္နော နိစ္စာနိတိ, သကဒါဂါမိဿ ဘဂဝတော သာသနေ ပဋိလာဘော။ သကဒါဂါမီ နိစ္စာနိတိ, အနာဂါမိဿ သောဘနံ။ အနာဂါမီ နိစ္စာနိတိ, အရဟတ္တဿ သောဘနံ။ " ဟောဋ္ဌီ ဟေ ဟောဋ္ဌီ ဧဟေနံ၊ ရာဇာတိ ဥပဓာရေဟိ။ ဥပဓာရေဟိ ရာဇာတိ, ဟောဋ္ဌီ ဧသော စ ဟေနံ။ " အဘိဇာနာတေ ဝတ္ထုတ္တယ အဒ္ဓကထာ။ အဘိဇာနာတေ ဝတ္ထုတ္တယ။ အဘိဇာနာတေ ဝတ္ထုတ္တယ။ (၃၄.၁၄-ကတိ) ။ ဖြစ်ကြောင်းတို့ ဖြစ်ကြောင်း။ ဂါထာ - ပဋိသန္ဓေသောဝိတ္ထာရဝတ္ထုကို" လက်ပံတန်းကုန်းတော်ကြီး ဆရာတော်ဘုရား- အရှေ့ပေခြင်း. ဂါထာဖြင့်ဟောကြား။ (၅.၆.၇၀).

http://www.dhammadownload.com

ဆရာသည် စီးပွားရေးနှင့် မိသားစုသံယောဇဉ်ကို ဖြတ်ပြီး မြတ်စွာဘုရားတရားတော်နှင့် ပျော်မွေ့နေသည်ကိုသာ အမြဲတွေ့ရ၏။ ဝိပဿနာတရားဟောပြောခြင်း၊ အားထုတ်ခြင်းဖြင့်သာ အမြဲ ပီတိဖြစ်နေသူတစ်ဦးပင် ဖြစ်သည်။ ကျွန်တော်နှင့်ဖြစ်စေ၊ မည်သူနှင့်ပင်ဖြစ်စေ ဘုရား၊ တရား၊ သံဃာရတနာ သုံးပါးစကားမှလွဲပြီး အခြား အာလာပသလ္လာပ စကားမျိုးကို လုံးဝ ပြောလေ့မရှိပေ။ ကျွန်တော်နှင့် နှစ်ပေါင်းများစွာ အတူရင်းရင်းနှီးနှီး နေထိုင်ခဲ့သော်လည်း မိမိတွင် ညီအစ်ကိုမောင်နှမဘယ်နှယောက် ရှိသည်၊ ဘာအလုပ်တွေ လုပ်ကိုင်သည်ကို တစ်ခါမျှပင် မမေးဖူးချေ။ ထို့ပြင် ကျွန်တော်၏ သားသမီးများ မည်သည့်အတန်းတွင် ပညာသင်ကြားနေသည်ကိုပင် မမေးခဲ့ပေ။

ဆရာ၏အယူအဆတစ်ခုမှာ မိမိကိုယ်ပိုင်အချိန်များကို ဘုရား၊ တရားကိစ္စဖြင့်သာ အချိန်ကုန်စေပြီး တခြားသော လူမှုရေးကိစ္စရပ်များ၊ ချမ်းသာသည်ထက် ချမ်းသာအောင် စီးပွားရှာခြင်းများ၊ အကျိုးမရှိသော စကားပြောဆိုခြင်းများအတွက် လုံးဝ အသုံးမချလိုခြင်းပင် ဖြစ်သည်။

ဆရာသည် မည်သည့်ကိစ္စတွင်ပင်မဆို သေသေချာချာ တိတိကျကျ လုပ်ကိုင်တတ်ပြီး လွန်စွာ နှိုးသားဖြောင့်မတ်သည်။ William Jacks Company တွင် လခစားအဖြစ် လုပ်ကိုင်ခဲ့စဉ်က ကုမ္ပဏီပိုင် စာရွက်တစ်ရွက်၊ ပင်အပ်တစ်ချောင်းကိုမျှပင် မိမိအိမ်တွင်သုံးရန် မယူခဲ့ဖူးကြောင်း၊ စျေးမှသာ ဝယ်သုံးကြောင်း၊ ဤကဲ့သို့ ယူခြင်းသည် ခိုးယူရာရောက်သည်ဟု ကျွန်တော့်အား ပြောပြခဲ့ဖူးပါသည်။

တစ်နေ့တွင် ဆရာ မူးလဲသွားသဖြင့် အနောက်ပိုင်းဆေးရုံမှ ဒေါက်တာဒေါ်အေးကျင်ထံ ဖုန်းဆက်ပြီး ဆေးရုံတင်ခဲ့ရပါသည်။ ကျွန်တော် ရုံးဆင်းချိန်ရောက်၍ ဆေးရုံတွင် ဆရာ့ကို နေ့စဉ်သွားရောက် တွေ့ဆုံတိုင်း ဝိပဿနာတရားကိုသာ ပြောဆိုပြီး ၎င်းလက်ရှိဖြစ်ပွားနေသော ရောဂါအကြောင်း၊ အိမ်ရှိမိသားစုအကြောင်းတို့ကို တစ်လုံးတစ်ပါဒမျှ

သစ္စာပြုပါ၏

မိမိသည် မိမိလေ့ကျင့်သည့်အတိုင်း ဟောပြောသင်ပြ ရေးသား၍ မိမိဟောပြောသင်ပြရေးသားသည့်အတိုင်းလည်း လေ့ကျင့်လျက်ရှိပါ၏။

ဤမှန်သော သစ္စာစကားကို ဆိုခြင်းဖြင့် ဝိပဿနာဘာဝနာ ပွားများနည်းကို ပါဠိတော်အရပ်ရပ်တို့နှင့် ကိုက်ညီ မှန်ကန်စွာ ဟောပြောရေးသား သင်ပြပေးတော်မူနိုင်သော ပုဂ္ဂိုလ်များစွာ ပေါ်ပေါက်လာနိုင်ပါစေသတည်း။

ပဂ္ဂိုဠိ
(၁၂၅၉ ခုနှစ်ဖွား)
ဦးပဂ္ဂိုဠိ၊ ဝိပဿနာပညာ မိန့်ခွန်း၊ ၆၅။

ပင် မပြောဆို၊ မမေးမြန်းခဲ့ပေ။ ကျွန်တော့်အား အတွန့်နှင့် အနတ္တကို သဘောပေါက်၊ မပေါက် မေးမြန်းပြီး ပြန်လည်ပြောပြခိုင်းပါသည်။ ဆရာ၏ ကျေးဇူးကား ကြီးမားလှပါသည်။

ဆေးရုံတွင် ၁၀-ရက်ကြာသောအခါ ဆရာ ကွယ်လွန် အနိစ္စရောက်ခဲ့သည်။ ကျွန်တော် ကြည်ညိုလေးစားရသော ဆရာသည် ကွယ်လွန်ပြီးနောက် နတ်ပြည်တွင် သောတာပန်နတ်သားဖြစ်မည်ဟု ကျွန်တော် တထစ်ချ ယုံကြည်နေမိပါသည်။

ဦးသိန်းရွှေ
အင်ဂျင်နီယာချုပ် (အငြိမ်းစား)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

ကုမ္ပဏီပိုင် စာရွက်တစ်ရွက်၊ ပင်အပ်တစ်ချောင်းကိုမျှပင် မိမိအိမ်တွင်သုံးရန် မယူခဲ့ဖူးကြောင်း၊ စျေးမှသာ ဝယ်သုံးကြောင်း၊ ဤကဲ့သို့ ယူခြင်းသည် ခိုးယူရာရောက်သည်။

http://www.dhammadownload.com

တန်ဖိုးကြီးသော ရှားပါး စိန်နှစ်စိန်

ဒေါက်တာကံညွန့်

၁၉၆၁-၆၂ ခု ပညာသင်နှစ်တွင် ကျွန်တော် တက္ကသိုလ်မြေကို ခြေချခဲ့သည်။ အထက်တန်း ပညာသင်ကြားရန် စိတ်ဓာတ်ပြင်းပြလျက် ရှိသည်။ ပညာဗဟုသုတ ရှာမှီးလိုစိတ်မှာ ဖခင်ကြီးထံမှ ကောင်းမွေရရှိခဲ့ခြင်းကြောင့်ဖြစ်သည်။ ဖခင်ကြီးသည် အိမ်တွင် စာကြည့်တိုက် တစ်ခုဖြစ်အောင် စာအုပ်မျိုးစုံ ဝယ်ပေးလေ့ရှိသည်။ ဖတ်လည်းဖတ်ခိုင်း၊ မှတ်သားလည်း မှတ်သားခိုင်းသည်။ နေ့စဉ် ဒိုင်ယာရီရေးရန်လည်း အားပေးခဲ့သည်။

ထိုစဉ်က အမှတ် (၁၃၄)၊ ဘရွတ်ကင်းလမ်း (ယခု-ဘိုကလေးစျေးလမ်း)၊ တတိယထပ်တွင် စိန်ကလောင် အမည်ခံ ဗန္ဓုလဦးစိန်နှင့် ၁၃-နှစ်ကြာ အခန်းဘေးချင်းကပ် နေထိုင်ခဲ့သည်။ ဘေးချင်းကပ်ဆိုသော်လည်း နှစ်အိမ့်တစ်အိမ် နေခဲ့ခြင်းသာ ဖြစ်ပါသည်။ ကျွန်တော်တို့ ကလေးများက ဘကြီးဟု တရင်းတနှီးခေါ်သည်။ ဗန္ဓုလဦးစိန်မှာ အလွန် တည်ကြည်အေးဆေးလျက် သည်းခံစိတ်ရှိသော ပုဂ္ဂိုလ်ဖြစ်သည်။ ပြောရသော် အလွန်သဘောကောင်းသည်။ ကျွန်တော်တို့ကလေးများကို စိတ်ကြိုက် ကစားခွင့် ပေးသည်။ တစ်ချက်မျှ ဟန့်ခြင်း၊ မလိုလားအပ်သော အမူအရာ ပြခြင်း အလျှင်းမရှိခဲ့ပေ။ ထို့အတူ ဇနီးဖြစ်သော ကြီးကြီးဒေါ်ခင်မြကလည်း ထို့အတူပင် ဖြစ်ပါသည်။ ထူးခြား၍ မှတ်မိနေသေးသော ဖြစ်ရပ်တစ်ခုမှာ ၁၉၆၃-ခန့်၊ ထိုစဉ်က လုပ်သားပြည်သူ့နေ့စဉ် သတင်းစာတွင် ဆရာကြီးရွှေဥဒေါင်းက "ပင်စင်စား တစ်ဦးနဲ့ ဆွေးနွေးခန်း" ကို အခန်းဆက် ရေးသားလျက်ရှိသည်။ "အရက်သောက်၍ ငရဲမရောက်" ဟု ပင် ရေးသားလာခဲ့သည်။ ဗန္ဓုလဦးစိန်သည် ဒေါက်တာဘမော်အစိုးရအဖွဲ့တွင် ပြန်ကြားရေးဝန်ကြီး ဖြစ်ခဲ့သည်။ ဗန္ဓုလဂျာနယ်ကို ကိုယ်တိုင်ထူထောင်၍ စာများ ရေးခဲ့သည်။ မည်သည့်တက္ကသိုလ်တွင်မှ မတက်ခဲ့ဖူး၊ ဘွဲ့ဒီဂရီမရှိသော်လည်း ပင်ကို အရည်အချင်း အပြည့်အဝဖြင့် ကြိုးစားခဲ့သော ပုဂ္ဂိုလ်ဖြစ်ပါသည်။ ဗန္ဓုလဦးစိန်သည် ကျွန်တော်၏ဖခင်ကြီးအား လိုအပ်သော စာအုပ်စာတမ်းများ ရှာဖွေခိုင်းပြီး "ဆရာဒေါင်း၏ ငရဲသို့ခေါ်ရာ မလိုက်ပါလေနဲ့" ဟူသော ဆောင်းပါးရှည် တစ်ပုဒ် ရေးသားခဲ့သည်။ စာရေးသူက စက္ကူဝယ်၊ မိတ္တူလှည့်၍ အစိုးရအဖွဲ့ သက်ဆိုင်ရာပုဂ္ဂိုလ်များထံသို့ ပေးပို့ခဲ့ရပါသည်။ ထိုစဉ်က မည်သူမျှ မသိလိုက်ရဘဲ စိန်ကလောင်၏ ကလောင်သွားထက်ထက်ဖြင့် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာတွင် ဆရာဒေါင်း၏ "ပင်စင်စား" အခန်း ရပ်တန့်သွားခဲ့သည်။

ဗန္ဓုလဦးစိန်မှာ နေ့စဉ် ပုတီးစိပ်လေ့ရှိပါသည်။ တစ်နေ့ စာရေးသူက "ဘကြီး၊ Auto ရေးပေးပါ"ဟု မေတ္တာရပ်ခံသောအခါ အလွယ်တကူပင် "မောင်ကံညွန့်၊ လောကမှာ မရှိတာထက် မသိတာ ခက်တယ်ကွ၊ မသိတာထက် လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကို

လောကမှာ မရှိတာထက် မသိတာ ခက်တယ်ကွ၊
မသိတာထက် လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကို မလုပ်ဖြစ်တာ ပိုခက်တယ်

http://www.dhammadownload.com

မလုပ်ဖြစ်တာ ပိုခက်တယ်" ဟု ဦးပေါ်ဦး လျှောက်ထုံးကို ကိုးကား၍ တစ်ထိုင်တည်း ရေးပေးလိုက်သည်ကို ယနေ့တိုင် ခေါင်းထဲ သံမှိုစွဲသကဲ့သို့ စွဲမြဲလျက်ရှိပါသည်။ ဤဆုံးမစကားသည် ဘဝတစ်လျှောက်လုံး အသုံးကျလျက် ရှိပါသည်။ ဤကား ပထမစိန် အကြောင်း ဖြစ်ပါသည်။

နောက်များမကြာမီ ၁၉၆၄-ခုနှစ် နှစ်ဦးပိုင်းတွင် မိဘများ အမှတ်(၈၄)၊ လူအိုရုံလမ်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြပါသည်။ ဆရာကြီး ဦးပဏ္ဍိုင် (၀၀) တို့ တက်ရေး-ဦးစိန်အိမ်နှင့် ဓားလွယ်ခုတ်တွင် ရှိပါသည်။ ဆရာကြီးသည် ၈၇-လမ်းထိပ်၊ နိုင်ငံရေးခေါင်းဆောင် ဘကြီးဘဖေ၏ အိမ်အပေါ်ထပ်တွင် နေထိုင်လျက်ရှိပါသည်။ စာရေးသူတို့ အိမ်မှ ကောင်းစွာ လှမ်းမြင်ရပါသည်။ မကြာမီတွင် ကျွန်တော်တို့ အိမ်၌ "ဓမ္မသာကစ္ဆာ" ဌာနအဖြစ် ဆရာကြီးသည် ဝိပဿနာ ပညာရပ်များကို ဆွေးနွေး ပို့ချပါသည်။ စနေနေ့တိုင်း လူနှစ်ဆယ်၊ အစိတ်ခန့် တက်ရောက်ပါသည်။ ဆရာကြီး ဦးပဏ္ဍိုင်မှာ အစဉ်အမြဲ ပြုံးနေတတ်ပြီး အချိန်ကို လွန်စွာတန်ဖိုးထားတတ်ပါသည်။ သင်တန်းချိန် အတိအကျ ရောက်ရှိလာပြီး မှတ်မိသလောက် သင်တန်းပျက်ကွက်ခဲ့သည့် အကြိမ် အလျှင်းမရှိ။ "တစ်ဦးလာလျှင် တစ်ဦးတည်းကိုပင် သင်မည်" ဆိုသည့် စိတ်ဓာတ်ရှိသူ ဖြစ်သည်။ ဆရာကြီးကိုတွေ့စဉ်က ဆရာကြီးသည် ဝိပဿနာမှ လွဲ၍ အပိုစကား ဘာမှမပြော၊ လောကီရေး၊ မင်္ဂလာပွဲ၊ အလှူပွဲ မည်သည့်ပွဲမျှ မသွားတော့ကြောင်း ကြေညာပြီး ဖြစ်သည်။ ဆရာကြီးသည် နေထိုင်ရာ အိမ်အပေါ်ထပ်တွင် တစ်နေကုန် စာရေး စာဖတ် လုပ်နေသည်ကို အမြဲမြင်တွေ့ရပါ၏။ အမှတ် (၈၄)၊ လူအိုရုံလမ်း (ယခု ဒေါ်သိန်းတင်လမ်း)တွင် တရားဆွေးနွေးပွဲ လုပ်သည်မှာ နှစ်နှစ်ကျော်ခန့်ရှိမည်ဟု ထင်ပါသည်။

ထိုစဉ်က ကျွန်တော်သည် ဝိဇ္ဇာဂုဏ်ထူးတန်းတွင် တက်ရောက်လျက်ရှိရာ တစ်နေ့ "ဆရာကြီး၊

လူ့ဘုံ

လူ့ဘုံသည် ကံ ဉာဏ် ဝီရိယနှင့် ပြည့်စုံရသော ဘုံ ဖြစ်၏။ ကံတစ်ခုကိုသာ ယိုးမယ်ဖွဲ့၍ မနေရ။ လူ့ဘုံသည် ငြဟ္မာ့ဘုံမျိုး မဟုတ်။ ငရဲဘုံမျိုးလည်း မဟုတ်။ ရှေးဘုန်း ရှေးကံရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လုံ့လဝီရိယပြုရမည့် ဘုံဌာန ဖြစ်၏။

ဦးပဏ္ဍိုင်၊ အလုပ် ကံနှင့် စိတ်တန်ဖိုး၊ ၄၈။

Auto ရေးပေးပါခင်ဗျာ" ဟု မေတ္တာရပ်ခံ၍ ဆရာကြီးက "မောင်ကံညွှန့်၊ ဘွဲ့ဒီဂရီ ရရှိခြင်းသည် ရတနာသိုက်ကို ရရှိခြင်းမဟုတ်ဘဲ ရတနာသိုက်ကို ဖွင့်လှစ်ရန် သော့တစ်ချောင်း ရရှိခြင်းသာ ဖြစ်သည်။ ပဏ္ဍိုင်" ဟု ရေးပေးလိုက်ပါသည်။ ဆရာကြီး ရေးပေးလိုက်သော စာပိုဒ်ကလေးမှာ မှန်ကန်လွန်းလှပြီး ကျွန်တော်၏ဘဝတစ်လျှောက် ဝိဇ္ဇာဂုဏ်ထူးတန်းတွင် အဆင့်ပထမဖြင့် ဘွဲ့ရခဲ့သည့်အပြင် ဘွဲ့လွန်သင်တန်းများပင် တက်ရောက်ခွင့် ရရှိခဲ့ပါသည်။ ရတနာသော့များ ရ၍ ရတနာသေတ္တာ အများအပြားကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ဆရာကြီးပြောသလို လူဖြစ်စေ၊ ရဟန်းဖြစ်စေ မိမိတို့ရရှိသော ဘွဲ့လက်မှတ်များဖြင့် တင်းတိမ်မနေဘဲ ရတနာသိုက်များကို အားပါးတရ ဖွင့်လှစ်နိုင်ကြပါစေဟု စေတနာရှေ့ထား၍ 'စိန်နှစ်စိန်' ၏ တန်ဖိုးအနှစ်သို့ ထိုက်တန်လှသော စကားလက်ဆောင်များကို တစ်ဆင့် ပေးဝေလိုက်ပါသည်။

ဒေါက်တာကံညွှန့်

၁၃-၁၀-၉၈

**ဘွဲ့ဒီဂရီ ရရှိခြင်းသည်
ရတနာသိုက်ကို ရရှိခြင်းမဟုတ်ဘဲ
ရတနာသိုက်ကို ဖွင့်လှစ်ရန်
သော့တစ်ချောင်း ရရှိခြင်းသာ ဖြစ်သည်။**

http://www.dhammadownload.com

ဓမ္မရတနာဝိပဿနာဖြင့် အမြတ်ဆုံး ပူဇော်တန်တော့ခြင်း

အမရပူရ ဦးတော်

ထူးကဲလွန်မြောက်၍ တန်ဖိုးထိုက်တန်သော တရားရတနာ ဝိပဿနာကို ကိုယ်တိုင် လိုက်နာကျင့်ကြံ ပွားများ အားထုတ်ခြင်းနှင့် ဓမ္မရတနာဝိပဿနာကို အများနားလည် သဘောပေါက်၍ မဂ် ဖိုလ် နိဗ္ဗာန်ရောက်ရှိသည်အထိ ဟောပြောခြင်း၊ ရေးသားပြုစုကာ ဖတ်ရှုနားလည်စေခြင်း စသည်တို့သည် ဓမ္မရတနာ ဝိပဿနာအား ပူဇော်ခြင်း ဖြစ်ပါသည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည့် တရားဒေသနာတော်များကို ဟောကြား ပေးသနားတော်မူခဲ့သော ကျေးဇူးတော်ရှင် မြတ်ဘုဒ္ဓသခင်အား ထိုထိုဓမ္မရတနာ ဝိပဿနာဖြင့် အမြတ်ဆုံး ပူဇော်ကန်တော့လိုက်ပါ၏။

ထို့ပြင် ဓမ္မရတနာဝိပဿနာကို လက်တွေ့ အသိဉာဏ် ပေးသနားတော်မူခဲ့ကြသော ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်မှ ကျေးဇူးရှင် ဝိပဿနာနည်းပြဆရာတော်ကြီးများအားလည်း ထို့ဓမ္မရတနာ ဝိပဿနာဖြင့် အမြတ်ဆုံးပူဇော် ကန်တော့လိုက်ပါ၏။

ဓမ္မရတနာဝိပဿနာ

လောကၦ ဘုဒ္ဓဘာသာဝင်တိုင်းအတွက် ဘာအရေးကြီးဆုံးလဲဆိုလျှင် သံသရာမှ လွတ်မြောက်ရာ အမှန် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုရန် (ဝါ) နိဗ္ဗာန်ချမ်းသာခံစားရန်မှာ အရေးအကြီးဆုံးဖြစ်သည်။

သံသရာမှ လွတ်မြောက်ရန် (ဝါ) ဉာဏ်မှ လွတ်ရန်မှာ အောက်သံသရာဆိုတဲ့ အပါယ်လေးပါးမှ လွတ်ရန်၊ ထိုမှတစ်ဆင့် အလယ်သံသရာဆိုတဲ့ ကာမသုဂတိ (၇)ဘုံ၊ အထက်သံသရာဆိုတဲ့ ငြဟ္မာ (၂၀)၊ အိုနာသေဘေး မီး (၁၁)ပါးမှ လွတ်တဲ့၊ ဘုံ (၃၁) ဝဋ်ဘေးဆိုးကြီးမှ လွတ်ရာအမှန် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုရန် (ဝါ) နိဗ္ဗာန်ချမ်းသာခံစားရန်၊ အမြတ်ဆုံး နိဗ္ဗာန်ချမ်းသာရောက်ရန်မှာ ဝိပဿနာမှလွဲ၍ အခြားမရှိပါ။

ဝိပဿနာဟူသည်

ဝိပဿနာဆိုတာ - ဝိ-အထူး၊ ပဿနာ-ရှုတာ (အထူးရှုခြင်းဖြစ်၏)၊ ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုတို့ကို စောင့်၍ အထူးရှုခြင်းဖြစ်၏။

- ဝိပဿနာသည် ဘုဒ္ဓဘာသာတရားတော်၌ မပါ လျှင် မပြီးသော အလုပ်ဖြစ်သည်။
- ဝိပဿနာသည် အမှန်တရားကို ရှာသော နည်းလမ်း ဖြစ်သည်။
- သစ္စာသိရေး၊ မဂ္ဂင်လမ်းဖွင့်ရေးနှင့် နိဗ္ဗာန်ရောက်ရေး၌ ဝိပဿနာမပါလျှင် မပြီးပါ။
- ဝိပဿနာသည် နိဗ္ဗာန်ရောက်ကြောင်း အနီးကပ်

ဝိပဿနာသည် အမှန်တရားကို ရှာသောနည်းလမ်း ဖြစ်သည်။
သစ္စာသိရေး၊ မဂ္ဂင်လမ်းဖွင့်ရေးနှင့် နိဗ္ဗာန်ရောက်ရေး၌ ဝိပဿနာမပါလျှင် မပြီးပါ။

http://www.dhammadownload.com

ဆုံး အလုပ်ဖြစ်၍ ဝိပဿနာဉာဏ်ရင့်မှ မဂ်ဉာဏ်ရ မည်၊ မဂ်ဉာဏ်သည် နိဗ္ဗာန်ဖြစ်တဲ့ဉာဏ်ဖြစ်ခြင်း ကြောင့်တည်း။

- နိဗ္ဗာန်ကို လိုချင်သူတိုင်း ဝိပဿနာတရားကို သိရှိ နားလည်သဘောပေါက်ရမည်၊ သိရှိနားလည် သဘော ပေါက်သည့်အတိုင်း လိုက်နာကျင့်သုံး ပွားများ အား ထုတ်ရပါမည်။

- ဝိပဿနာဆိုတာ ခန္ဓာကို မလိုချင်အောင် ရှုတာ ဖြစ်၏၊ အလုံးစုံသော ရုပ် နာမ် သခ်ါရ အပေါင်းသည် ဖြစ်ခြင်းသဘော ရှိ၏။ ထိုဖြစ်ခြင်းသဘောမျှသော တရားအပေါင်းသည် ချုပ်ပျောက်၊ ပျက်ဆုံးကြကုန် သော သဘောချည်းသာပါတကား ဟူ၍သာ မြင် သည်အထိ အထူးရှုမှတ် ဆင်ခြင်သုံးသပ်ရတဲ့ အလုပ် ဖြစ်ပါသည်။

ဝိပဿနာပညာ

- ဝိပဿနာပညာဆိုတာက မိမိ၏ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ တို့၏ ဖြစ်မှု ပျက်မှုကို အစဉ်အမြဲ ထပ်တလဲလဲ စောင့်၍ ကြည့်ရှုသိမှတ်ဆင်ခြင်နှလုံးသွင်းနေသော အခါ အနိစ္စတရားကို အနိစ္စအတိုင်း၊ ဒုက္ခတရားကို ဒုက္ခအတိုင်း၊ အနတ္တတရားကို အနတ္တအတိုင်း အမှန် သိသော ဉာဏ်ပညာ ဖြစ်ပါသည်။

- တစ်ဆူတစ်ဆူသော ဘုရားရှင်တို့ ပွင့်တော်မူမှသာ ဝိပဿနာပညာကို ထုတ်ဖော် ဟောကြားတော်မူခြင်း ကြောင့် ဝိပဿနာပညာသည် အဖိုးအနှုံ့ ထိုက်တန်တဲ့ ပညာအကျင့်မြတ် ဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော် ဝိပဿနာပညာသည် မဂ်ပညာအား ကျေးဇူးပြုခြင်းကြောင့် ဖြစ်ပါသည်။

- ဝိပဿနာပညာ အချက်ကြီး သုံးချက်မှာ - ဝိပဿနာရှုလျှင် (၁)အတ္တနဲ့ အနတ္တ ကွဲရမည်။
(၂) လက္ခဏာရေးသုံးပါးဖြင့် ရှုရမည်။
(၃) နိဗ္ဗာန်သို့ စိတ်လွှတ်ရမည် (၀၊) နိဗ္ဗာန်ကို အာရုံ ပြုရပါမည်။

လက္ခဏာရေးသုံးပါး မပါလျှင် ဝိပဿနာမဟုတ်

- အတ္တနဲ့အနတ္တ မကွဲဘဲ ဝိပဿနာရှုလျှင် နတ်ပြည် ပဲ ရောက်နိုင်၏။ အပါယ်တံခါး မပိတ်နိုင်၊ သောတာ ပန် မဖြစ်နိုင်ပါ။

- လက္ခဏာရေးသုံးပါး မပါလျှင် ဝိပဿနာ မဟုတ် ပါ။

- နိဗ္ဗာန်ကို အာရုံပြုစိတ် မလွှတ်လျှင် မဂ်စိတ် မပေါ် နိုင်ပါ။

- ဝိပဿနာပညာ သန့်သန့် တရားအလုပ်သည် ဉာဏ်ဖြင့် ဒုက္ခတွေကို ဆင်ခြင်နှလုံးသွင်းမှု၊ သစ္စာသိ အောင် အားထုတ်မှု၊ ဇာတိချုပ်အောင် အားထုတ်မှု ဖြစ်ပြီး ဇာတိချုပ်အောင် အားထုတ်မှုသည် ဇာတိကို ဖြစ်စေတတ်သော တဏှာချုပ်အောင် အားထုတ်မှု တို့ပင်တည်း။

- ဝိပဿနာပညာသန့်သန့်ဆိုတာ အထူး ဝိသေသ သိမြင်သော ပရမတ္ထသဘာဝကို သိနိုင်သောပညာ စခန်းသက်သက်ကြီး ဖြစ်၏။ ရုပ်နာမ်နှစ်ပါး၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုက်အောင် သိဖို့ အားထုတ်ရသော ပညာဉာဏ်မျိုး ဖြစ်ပြီး အားထုတ်ရာတွင် ပရမတ်ကို အာရုံပြု၍ အားထုတ်ရသည့် ပညာဉာဏ် ဖြစ်ပါ သည်။

- အနတ္တသဘော ဖြစ်ပျက်နေသည့် ပရမတ် သဘော တရားကို သိသောဉာဏ်သည်သာ ပရမတ်ဉာဏ်၊ ပရ မတ်ကိုသိသော ဝိပဿနာပညာဉာဏ်အသိ ဖြစ်ပါ သည်။

- ဝိပဿနာပညာဟာ ရုပ်နာမ်အရှိသဘောကို ထူး ထူးခြားခြား မြင်အောင် ဉာဏ်မျက်စိဖြင့် ကြည့်ပြီး ပွားရတဲ့ ပညာ ဖြစ်ပါသည်။

- ဝိပဿနာပညာဉာဏ်၏ လိုရင်းအကျဆုံး မှတ်သား ရန်မှာ "အလုံးစုံသော ရုပ် နာမ် သခ်ါရအပေါင်း သည် ဖြစ်ခြင်းသဘောရှိ၏။ ထိုဖြစ်ခြင်းသဘောမျှရှိ သော

http://www.dhammadownload.com

တရားအပေါင်းသည် ချုပ်-ပျောက် ပျက်ဆုံးကြကုန်သည်သာ ဖြစ်သည်"ဟု သိမြင်ရသော အသိဉာဏ်ပညာ ဖြစ်ပါသည်။

ဝိပဿနာဉာဏ်

- ရုပ် နာမ်နှစ်ပါး သခ်ါရတရားသည် ဖြစ်သောတရားတို့ကြောင့် အကြောင်းတိုက်ဆိုင်၍ ဖြစ်ပေါ်သော တရားတို့ဖြစ်၍ အကြောင်းရပ်စဲသည်နှင့် ချုပ်ပျောက်ပျက်စီးကြလေကုန်တော့သည်။ ထိုပရမတ်ရုပ်နာမ်တို့သည် 'အကြောင်းဟူသော မှီခိုရာကိုရမှ ဖြစ်လာကြသော ပဋိစ္စသမုပ္ပါဒ်မျိုး၊ သခ်ါရမျိုး ဖြစ်၍ တည်တံ့ခိုင်မြဲမှုမရှိ၊ ထို့ကြောင့် ရင့်ကျက်ခြင်း၊ အိုမင်းခြင်း၊ ဆွေးမြေ့ခြင်း၊ သေကျေပျက်စီးခြင်း ဖြစ်ကြရသည်ဟု မြင်သောဉာဏ်ကို ဝိပဿနာဉာဏ်ဟု ခေါ်ပါသည်။

- ငါ၊ သူတစ်ပါး၊ ယောကျ်ား မိန်းမ၊ သက္ကာန် နိမိတ်လုံးဝ မရှိ၊ အသက်လိပ်ပြာမဟုတ်၊ ကံ စိတ် ဥတု အာဟာရ အကြောင်းလေးပါးကြောင့် ဖြစ်ပြီး ဖြစ်ရာတွင်ပင် ပျောက်ပျက်ချုပ်ငြိမ်းတဲ့ (ရုပ်)၊ ပျက်သဘော ဖောက်ပြန်မှု သိပြီး ပျောက်ပျက်ချုပ်ငြိမ်းတဲ့ (နာမ်) သဘောမျှ သက်သက်ဖြစ်ပြီးလျှင် ပျက်၊ ပျက်ပြီးလျှင် ဖြစ်၊ ဖြစ်လိုက် ပျက်လိုက်နဲ့ ရပ်တည်မှု မရှိလို့ လုံးဝ ချမ်းသာကင်းစင်တဲ့ ဆင်းရဲသဘော၊ ကံ စိတ် ဥတု အာဟာရ အကြောင်းလေးပါးကြောင့် ဖြစ်ပေါ်ပြီး ရပ်တည်၍ မနေ၊ တားမနိုင် ဆီးမရ၊ ပိုင်ဆိုင်သူကင်းမဲ့တဲ့ ကလေကဝ၊ အလေ့ပေါက် ဘောက်သောက်၊ သခ်ါရသဘောမျှဖြစ်၏။ သူပဲ၊ ငါပဲ၊ ယောကျ်ားပဲ၊ မိန်းမပဲ၊ ပုဂ္ဂိုလ်သတ္တဝါပဲလို့ မှားယွင်းသော မိစ္ဆာဒိဋ္ဌိအယူကို စွန့်လွှတ်နိုင်တဲ့၊ အထူးရှု၍ ဆင်ခြင်စဉ်းစား တွေးတောကြံစည် အားထုတ်၍ မြင်သောဉာဏ်ကို ဝိပဿနာဉာဏ်ဟု ခေါ်ပါသည်။

- ရုပ်၊ နာမ် အရှိသဘောကို ထူးထူးခြားခြား မြင်အောင် ကြည့်ပြီး ပွားရတဲ့အခါမှာ အထင်ကိုကျော်ပြီး အမြင်ပေါ်အောင် ရှုရတဲ့ဉာဏ်ဟာ ဝိပဿနာဉာဏ်ပါ။

- ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲသာမဟုတ်၊ ခန္ဓာငါးပါးဆင်းရဲသည် ရှိသေး၏လို့ ဆင်ခြင်တာ ဝိပဿနာဉာဏ်ဆိုက်တာ၊ ဝိပဿနာရှုကွက်မှန်တာ ဖြစ်ပါသည်။

- ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ တရားတော်ကို ကြားနာရုံမျှနှင့် နိဗ္ဗာန်ပေါက်ရောက်ကြသည့် ပုဂ္ဂိုလ်များဟာ ခန္ဓာဉာဏ်လှည့်သည့် ဝိပဿနာဉာဏ်ကြောင့် ဖြစ်ပါသည်။

ဝိပဿနာအားထုတ်မှု

- ဝိပဿနာအားထုတ်မှုသည် ကံ၏အလုပ် မဟုတ်၊ ဉာဏ်၏အလုပ်ဖြစ်၏။ ဉာဏ်အမြင်မှာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ ပျောက်သွားအောင် လေ့လာပွားများရတဲ့ အကျင့်ပါ။ ဒါကြောင့် လက်ရှိနေရာတွင်ပင် အားထုတ်နိုင်ပါသည်။ ပွားများနိုင်ပါသည်။

- ဝိပဿနာအားထုတ်မှုသည် ခန္ဓာကိုယ်ကို စောင့်ကြည့်နေခြင်းပင် ဖြစ်သည်။ ခန္ဓာကိုယ်က ပြလာသည်ကို ရှုရခြင်း ဖြစ်သည်။ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး တရားတို့၏ဖြစ်မှု ပျက်မှုတို့ကို ဉာဏ်မျက်စိဖြင့် မပြတ်အောင် ရှုမှတ်ဆင်ခြင်ပွားများနေခြင်းပင် ဖြစ်ပါသည်။ ခန္ဓာကိုယ်က ပြလာသည်ကို တစ်ဖန် အနတ္တဉာဏ်သွင်း၍ ရှုခြင်း၊ ခန္ဓာကိုယ်ကို ဉာဏ်စိုက်လျက် ဖြစ်ပေါ်လာသော ခန္ဓာ၏ ဖြစ်မှု ပျက်မှု သဘောကို ရှုရခြင်းတို့ပင် ဖြစ်ပါသည်။

- ဝိပဿနာအားထုတ်ရာတွင် ထိုင်ခြင်း၊ သွားခြင်း၊ လျောင်းခြင်းသည် ပဓာနမဟုတ်ပါ၊ မိမိ၏ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့၏ ဖြစ်မှု ပျက်မှုများကို အစဉ်အမြဲ ထပ်ကာ ထပ်ကာ စောင့်၍ ကြည့်ရှု မှတ်သား ဆင်ခြင်နှလုံးသွင်းနေတဲ့ ဉာဏ်ကသာ ပဓာနဖြစ်ပါသည်။

**ဝိပဿနာအားထုတ်ရာတွင်
ထိုင်ခြင်း၊ သွားခြင်း၊ လျောင်းခြင်းသည်
ပဓာနမဟုတ်ပါ၊**

http://www.dhammadownload.com

- ဝိပဿနာတရားကို အားထုတ်ရသော အမှုသည် ကိုယ်အမှုအရာ၊ နှုတ်အမှုအရာတို့နှင့် ပင်ပန်းကြီးစွာ အားထုတ်ရသော အမှုမျိုး မဟုတ်ပါ။ ကိုယ့်သန္တာန်၊ သူတစ်ပါးသန္တာန်၌ ထင်မြင်လာအောင် ရှုကြည့်ရသော ဉာဏ်ဝီရိယတို့ အလုပ်ဖြစ်ပါသည်။

- ဝိပဿနာဘာဝနာ အားထုတ်ရခြင်း၏ မူရင်းပဓာန အချက်ကြီးမှာ ခန္ဓာငါးပါးကို ရွံမုန်းလာရန် (ဝါ) ခန္ဓာငါးပါး ဖြစ်ပေါ်မလာရန် လေ့ကျင့်ပွားများ အားထုတ်ရသော လုပ်ငန်းကြီး ဖြစ်ပါသည်။

- ဝိပဿနာဘာဝနာပွားခြင်း၊ အားထုတ်ခြင်းတွင် ဉာဏ်သည် အဓိကဖြစ်သည်။ တရားတော်တွေကို ဉာဏ်နဲ့ ကျက်စားနေရမည်၊ ခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါးတို့၏ မမြဲမှု အနိစ္စ၊ ဆင်းရဲမှုဒုက္ခ၊ အစိုးမရမှု အနတ္တတို့ကို ဆင်ခြင်သုံးသပ် နှလုံးသွင်းနေသည်ကို ပင် ဝိပဿနာအလုပ်ကို အားထုတ်မှု ပြုလုပ်နေခြင်း ဖြစ်သည်ဟု ဆိုရပါမည်။

ဝိပဿနာအကျိုး

- ဝိပဿနာတရားကို အားထုတ်နေလျှင် နိဗ္ဗာန်သို့ သွားနေသည် မည်၏။ လမ်းဆုံးလျှင် ရွာတွေ့သကဲ့သို့ "ဖြစ်-ပျက်" ဆုံးလျှင် မဖြစ်မပျက်တဲ့ နိဗ္ဗာန်ကို ရောက်ရပါမည်။

- သီလတရားသည် "ဝီတိက္ကမကိလေသာ" ကိုယ်စိတ် နှစ်ပါးဖြင့် ကျူးလွန်ခြင်းကို သတ်နိုင်သည်။

သမာဓိတရားသည် "ပရိယုဋ္ဌာနကိလေသာ" မနောက်၌ ဆူပွက်၍ ထနေသော ကိလေသာကို သတ်နိုင်သည်။

ဝိပဿနာတရားသည် "အနုသယကိလေသာ" အမျိုးမပျက် မြို့၍နေခြင်းကို အပြစ်ပြတ်အောင် သတ်နိုင်သည်။

- သီလတရားကို ကျင့်က တစ်ဘဝ၊ တစ်နပ်စာမျှသာ အကျိုးရောက်၏။ သမထ (၄၀) သမာဓိတရားကို ကျင့်က ဗြဟ္မာ့ပြည်၊ လူ့ပြည်၊ နတ်ပြည် နှစ်ဘဝ နှစ်နပ်စာ အကျိုးမြောက်၏။ အပါယ်ကျခြင်းမှ မငြိမ်းသေးပါ။ ဝိပဿနာတရားကိုကျင့်မှသာ ကိလေသာ အမြစ်ပြတ်၍ နောင် ကျင့်လမ်းခွင်ကို ဝင်စရာမရှိ ဖြစ်တော့သည်။

- ယခုဘဝမှာ ဆရာတော်များထံမှာ နည်းယူပြီး ဝိပဿနာတရားကို ကျင့်ကြံအားထုတ်ပါက ပညာနှံသေးလို့ ယခုဘဝမှာ တစ်မဂ် တစ်ဖိုလ် မရနိုင်ဘဲ သေသွားသည့်တိုင်အောင် နောက်ဘဝမှာ အပါယ်ဘေးမှ လွတ်ကင်းပြီး နတ်ရွာသုဂတိသို့သာ ရောက်ပါသည်။

- နတ်ပြည်ရောက်တော့ လူ့ပြည်က လေ့လာဆည်းပူးအားထုတ်ခဲ့တဲ့ ဝိပဿနာမျိုးစေ့က "ဘွားခနဲ" ပေါ်လာပြီး လျင်မြန်စွာ မဂ် ဖိုလ်ဆိုတဲ့ ဝေစုကြီးကို အမှန်ရနိုင်ပါသည်။ နတ်ပြည်ရောက်လျှင်ရောက်ခြင်း တရားမျိုးစေ့က မပေါက်နိုင်သေးပါလျှင် နတ် အရိယာတွေ တရားဆွေးနွေးသံကို ကြားလျှင် ချက်ချင်း သတိရပြီးတော့ တရားမျိုးစေ့ဟာ ပေါက်နိုင်ပါသည်။

- ဒီလိုမှ မပေါက်နိုင်သေးလျှင် သီတင်းနေ့တိုင်း နတ်ပြည်မမွှာရုံကြီးမှာ နတ်အရိယာပုဂ္ဂိုလ်ကြီးတွေ၊ တစ်ခါ တစ်ရံ သိကြားမင်းတို့ကိုယ်တိုင်၊ တစ်ခါတစ်ရံ အရိယာဗြဟ္မာကြီးကိုယ်တိုင် ဗုဒ္ဓ၏ တရားတော်မြတ်ကို ဟောပြောတဲ့ တရားသံတွေကို ကြားရသည်နှင့် တစ်ပြိုင်နက် လူ့ပြည်က ဆည်းပူးခဲ့တဲ့ တရားမျိုးစေ့သည် မပေါက်ဘဲမနေနိုင်၊ တစ်မဂ် တစ်ဖိုလ်သို့ အမှန်မုချ ရောက်ရမည်သာတည်း။

ဝိပဿနာ ဘာဝနာ ပွားများခြင်းသည် ဗုဒ္ဓဘာသာ တရားတော်တွင် အထွတ်အထိပ်ဖြစ်သော မဂ် ဖိုလ် နိဗ္ဗာန် ရောက်ရှိရေးတွင် အကောင်းဆုံး၊ အတိုဆုံး၊ အသက်သာဆုံးသော နည်းလမ်းကောင်း၊ နည်းလမ်းမှန် ဖြစ်ပါသည်။

ထို့ကြောင့် မဂ် ဖိုလ် နိဗ္ဗာန်ကို ရလိုကြသော ဓမ္မမိတ်ဆွေအပေါင်းတို့သည် တင်ပြခဲ့ပြီးသော "ဝိပဿနာဟူသည်၊ ဝိပဿနာပညာ၊ ဝိပဿနာဉာဏ်၊

http://www.dhammadownload.com

အတ္တ

အချို့တို့သည် "အတ္တ" ကလေးသည် တစ်ဆက်တည်း တည်ရှိနေ၏။ သေလျှင် ဟို ဘဝသို့ ပါလာ၏ဟု သဿတဒိဋ္ဌိအယူကို ယူလေ့ရှိကြ၏။ အချို့ကား သေလျှင်ပြီးတာပဲ ဟု ဥစ္ဆေဒဒိဋ္ဌိအယူကို ယူလေ့ရှိကြ၏။ အချို့ကား တစ်စုံတစ်ယောက်သောသူက ဖန်ဆင်း၍ လူ၊ တိရစ္ဆာန် ဖြစ်ပေါ်နေရ၏ဟု ယူလေ့ရှိကြ၏။ ထို့ကြောင့် နာမရူပ ပရိစ္ဆေဒ ဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ပိုင်လျှင် တစ်စုံတစ်ယောက်သောသူက ဖန်ဆင်းသည်ဟူ၍ လည်းကောင်း၊ "အတ္တ" ကလေးသည် ဘဝတိုင်း ဆက်ကာဆက်ကာ ပါလာသည်ဆိုသည်ကိုလည်းကောင်း၊ သေလျှင် ကိစ္စတုံးတာပဲဟူ၍လည်းကောင်း အယူအမှတ် လွဲမှားနေသည်တို့သည် ကင်းရှင်းသွားတော့၏။

ဦးပဏ္ဍိုင်၊ ဝိပဿနာအခြေခံနှင့်အဖြေမှန်၊ ၂၃၃။

ဝိပဿနာအားထုတ်မှု၊ ဝိပဿနာအကျိုးတရား" အစုစုတို့ကို ကောင်းစွာ နားလည်သဘောပေါက်ပြီး လိုက်နာကျင့်ကြံပွားများ နှလုံးသွင်းနိုင်ရန်အတွက် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေး အဖွဲ့ချုပ်၏ ဝိပဿနာ ပညာတက္ကသိုလ်မှ သင်ကြားပို့ချလျက် ရှိသော ဝိပဿနာသင်တန်းသို့ (စနေနှင့် တနင်္ဂနွေနေ့တိုင်း နံနက် ၈-နာရီ မှ ၁၀-နာရီအထိ) တက်ရောက် လေ့လာဆည်းပူးကြပါရန် ဓမ္မမိတ်ဆွေအပေါင်းအား မွန်မြတ်သော စေတနာဖြင့် နှိုးဆော်တိုက်တွန်းလိုက်ပါသည်။

အမရပူရ ဦးဟော်
(ပ-သုံးလုံး ဝိပဿနာယောဂီ)

ဖြစ်ချင်ပျက်မယ် ရှူချင့်ဖွယ်

၆ ဖြစ်ပျက်နော် ဘယ်မကင်း၊
နယ်အတွင်း ဝင့်ပင်လယ်။

၆ တကယ်မငြင်း ဇွတ်ခင်တွယ်၊
လွတ်ချင်ဖွယ် မသိ။

၆ အဖြစ်တရားကိုတော့ ကြိုက်ပြန်တယ်၊
အမိုက်ဆန်ကာ အာသာဖိ။

၆ အပျက်ကျတော့ ကြောက်ပါတယ်၊
ထောက်စာဖွယ် သတိ။
မဖောက်တာ တွယ်ငြိရင်လ၊
အတိပဋ္ဌ ငါးခန္ဓာ။

၆ ဖြစ်ရှိရင် ပျက်တရားက၊
ဆက်မနား ခဏိကမရဏာ။

၆ ဖြစ်ချင်ပါက ဝင့်သံသရာမှာ၊
မလွတ်ခါခါ စုန်ဆန်မျော၊
မောပါရအစဉ် ဒုက္ခရေလျှဉ်။

၆ မဖြစ်ချင်မှ အပျက်စဉ်မည်၊
အထက်မဂ္ဂင် ရှုပွားပါစို့လေး။

၆ ပ-သုံးလုံးမှ ဥဒါန်းချေသည်၊
ရှုစမ်းအဆွေ ဉာဏ်ခန်းထွင်လို့လေး။

တပည့်-ကဝိန္ဒ မှ ပူဇော်သည်။

http://www.dhammadownload.com

တရားနာရတဲ့ကျိုး ကြီးမားပုံ

အရှင်ဝဏ္ဏိဿရ

ဗုဒ္ဓဘာသာသူတော်စဉ်များ လှူရေး၊ တန်းရေးမှာ လွယ်ကူတယ်။ စေတနာမတွန့်တိုကြဘူး။ ဘယ်လောက်ပဲ ကုန်ကုန် ပုံအောချလိုက်တာပဲ။ ဒါ့ကြောင့် ဒါနအရာမှာ အခက်အခဲ မရှိဘူး။ လွယ်ကူတယ်။

သီလဆောက်တည်တဲ့ နေရာမှာလည်း သိပ် အခက်အခဲ မရှိဘူး။ ကြိုသလို ဆောက်တည်ကြတယ်။ ကျောင်းတိုက်မှာဖြစ်စေ၊ သံဃာတော် တစ်ပါးပါးထံမှာဖြစ်စေ၊ ဘုရားရုပ်ပွားဆင်းတုတော် ရှေ့မှောက်မှာဖြစ်စေ မိမိတို့စိတ်ကြိုက် ငါးပါး၊ ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါး စသည် ခံယူ ဆောက်တည်လို့ ရသဖြင့် သီလခံယူ ဆောက်တည်တဲ့ နေရာမှာလည်း အခက်အခဲ မရှိဘူး။

အဲ - ခက်ခဲတာက ဘာလဲလို့ဆိုတော့ တိုတို ပြောရရင် ဗုဒ္ဓဘာသာသူတော်စင်များ တရားနာရတာ ခက်ခဲတယ်။ တချို့က တရားနာရတာကို အထင်သေးတယ်။ နာမည်ကြီးဆရာတော်မဟုတ်လို့ အထင်သေးတယ်။ ဘွဲ့ထူး၊ ဂုဏ်ထူး ဖြပ်မရှိလို့ အထင်သေးတယ်။ အထင်သေးတော့ စိတ်မဝင်စားဘူး။ ခဏလောက်ဆို ထပြန်ကြတယ်။ တချို့က ပျင်းကို ပျင်းလို့ စိတ်မဝင်စားတာလည်း ရှိတာပေါ့။ ဒါကတော့ မဆန်းပါဘူး၊ ကိလေသာ အထူအပါး၊ အနည်းအများလိုက်ပြီး ပျင်းစိတ်၊ အထင်သေးစိတ်ဝင်တာပါပဲ၊ ဓမ္မမျက်စိနဲ့ကြည့်ရင် သိနိုင်ပါတယ်။

ဒါကြောင့် ဗုဒ္ဓဘာသာ သူတော်စင်များ ဒါနအရာ၊ သီလအရာ အခက်အခဲမရှိသော်လည်း တရားနာတဲ့နေရာမှာ အခက်အခဲရှိတယ်။ နာရိဝက်လောက်၊ တစ်နာရီလောက်ဆိုရင်ပဲ နာရီလေးကြည့်လိုက်၊ ခါးကလေးဆန့်လိုက်၊ အမူအရာအမျိုးမျိုး ပြပြီး သွားစရာရှိသေးတယ်၊ အိမ်မှာဘယ်သူမှ မရှိလို့ ပြန်ရမှာ ဆိုတဲ့ ပုံ၊ အကြောင်းအမျိုးမျိုးပြပြီး တရားကို ပျင်းစိတ်၊ အထင်သေးစိတ်တွေ မဝင်ကြပါနဲ့၊ ရှိသေစွာ နာကြားကြပါလို့ တိုက်တွန်းပါရစေ။

ဘုရားရှင်တော်မြတ်ကြီးဟာ သူကိုယ်တိုင် သိထားတဲ့ တရားပေမယ့် တရားတော်ကို လေးစားသော အားဖြင့် "နန္ဒက" ထေရ်ရဲ့ တရားကို ညလုံးပေါက် နာယူဖူးသတဲ့။ (မူလပဏ္ဏာသ၊ ၆၊ ၂. ၄၃/အံ၆ ၃. ၂၆၀)။

ပြီးတော့ လူချောလူလှ အရှင်မဟာကစ္စည်းလည်း သူ ဘယ်အရပ်ရောက်နေနေ ဘုရားရှင် တရားဟောတော်မူတိုင်း တရားပွဲရှိရာ အရပ်သို့ ဝတ်မပျက် လာလာပြီး တရားနာလေ့ရှိသတဲ့။ (ဝေးတဲ့နေရာ တန်ခိုးတော်ဖြင့် ကြွတယ်လို့မှတ်) တခြားထေရ်ကြီးများက ပုံမှန်ကြွလာတတ်မှန်းသိလို့ သူထိုင်ဖို့ရာ သီးသန့်တစ်နေရာစာ ချန်ချန်ထားကြသတဲ့။ (ဓမ္မပဒ၊ ၆ ၁. ၃၈၉)

ပြီးတော့ သိကြားမင်းကြီးလည်း ကြီးမားတဲ့ စည်းစိမ်ကို စွန့်ထားခဲ့ပြီး လူပြည်ကို လာကာ ဘုရားရှင်ရဲ့ တရားတော်ကို နာယူလေ့ရှိတယ်။ (စာရေးသူ လေ့လာသိရသလောက်တော့)သိကြားမင်းကြီးဟာ တရားနာလာတာ အပါအဝင် လူပြည်ကို ၆၃-ကြိမ် လာဖူးတယ်။ ဒါ ပါဠိတော် အဋ္ဌကထာများမှာ တွေ့ရတာကို ပြောတာ။ ကျမ်းဂန်မှာ မပါတာတွေလဲလည်း ရှိလျှင် ရှိဦးမှာပေါ့။

ပြီးတော့ ဗုဒ္ဓဘာသာ သူတော်စင်များ ကြားဖူး

http://www.dhammadownload.com

နေကျစကား - ဘုရားရှင် ဝါတော် (၇)ဝါအရ တာဝတိံသာ နတ်ပြည်မှာ ဝါကပ်တော်မူလို့ မယ်တော်မိနတ်သားကို ဦးစားပေးပြီး တစ်သောင်းသော စကြဝဠာ လောကဓာတ်မှ လာကြတဲ့ နတ်ပြဟ္မာများကို အဘိဓမ္မာတရား ဟောကြားတော်မူစဉ် နတ်ပြဟ္မာများမှာ ဝါတွင်းသုံးလပတ်လုံး မလှုပ်မယှက်ထိုင်ပြီး တရားနာကြတာလည်း ခိုးကျူးစရာကောင်းတာပဲ။ မယ်တော်မိနတ်သား သောတာပန်တည်သွားလို့ အခြား နတ်ပြဟ္မာတွေ ကုဋေရှစ်သောင်း ကျွတ်တမ်းဝင်သွားသတဲ့။ (ဓမ္မပဒ၊ ၆ ၂. ၁၂၄-၅)

ဒါတွေဟာ အလွန်အံ့ဩစရာကောင်းတဲ့ သင်ခန်းစာတွေပဲ။ ဘုရားရှင်တော်မြတ်ကြီး၊ အရှင်မဟာကစ္စည်း၊ သိကြားမင်းကြီး၊ ရွှေဗိမာန်ကြီးတွေနဲ့ ဖိတ်ဖိတ်တောက် အလွန်ကောင်းစားနေကြတဲ့ နတ်ပြဟ္မာများတောင်မှ တရားတော်ကို လေးလေးစားစား နာယူကြသေးတာပဲ။ ပုထုဇဉ် လူသားများအနေနဲ့ အဘယ်ဆိုဖွယ်ရာ ရှိတော့မလဲ။ ပိုပြီး နာယူထိုက်တာပေါ့။

တရားနာနေစဉ် အာသဝတရားတွေ ကုန်မှန်းမသိ ကုန်တယ်။ (သံယုတ်၊ပါ ၂-၂၁၆-အံ၊ပါ ၂-၄၉၄) အဲဒါ အာသဝ (၄)တန် ကုန်ရာမှန်တဲ့ နိဗ္ဗာန်ရောက်ဖို့လမ်းစ ရသောက်မြစ်တစ်မျိုးပဲ။

ကျောင်းဒကာကြီးအနာထပိဏ်နဲ့ ကျောင်းအမကြီးဝိသာခါတို့ ကျောင်းဆောက်ကိုးကွယ်တာဟာ တရားနာရလို့ပါ။ တရားမနာရဘဲနှင့် အလွတ်သဘော ကျောင်းဆောက်ကိုးကွယ်မှာ မဟုတ်ဘူး။

တရားနာရတာဟာ အခြားကုသိုလ်ဖြစ်ခြင်းရဲ့ အခြေခံအကြောင်းရင်းပဲ။ 'အရင်းစစ် အမြစ်မြေက' ဆိုသလို ဘာကုသိုလ်ပဲလုပ်လုပ် တရားနာခြင်းက အစပါပဲ။

ဒါကြောင့် တရားနာရတာဟာ အခြားကုသိုလ် ဖြစ်ခြင်းရဲ့ အခြေခံအကြောင်းရင်းပဲ။ 'အရင်းစစ် အမြစ်မြေက' ဆိုသလို ဘာကုသိုလ်ပဲလုပ်လုပ် တရားနာခြင်းက အစပါပဲ။ ဘုရားရှင်ရဲ့တရားတော်ဟာ လူမျိုးမရွေး၊ ဘာသာမရွေး လူနတ်ပြဟ္မာသတ္တဝါ အားလုံး မည်သူမဆို ရိုသေစွာ နာကြားရင် သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ 'အနဝဇ္ဇသုခဝိပါက လက္ခဏာ' အပြစ်မရှိ ကောင်းသောအကျိုး ပေးသွားတာချည်းပဲ။

သာဓကပြရရင် ကကုသန်ဘုရားလက်ထက်တော်က ကြက်မကလေးတစ်ကောင်ဟာ ဇရပ်ပေါ်က ရဟန်းတော်များ (အနိစ္စ၊ ဒုက္ခ၊ အနတ္တ)လို့ ရွတ်ဖတ်တဲ့အသံကို ကြားနာရလို့ သေတော့ ဥဋ္ဌရီ ခေါ်မင်းသမီး ဖြစ်သွားတယ်။ (အဋ္ဌသာလိနီ၊ ၆-၁၇)

ဂင်းနောက် တို့ဘုရားရှင်လက်ထက်တော်တုန်းက စမ္ပါမြို့၊ ဂဂ္ဂရာရေကန်အနီး မဏ္ဍပ်ကြီး၌ တရားဟောတော်မူသော ဘုရားရှင်၏တရားတော်ကို ကြားနာရလို့ ဖားကလေးတစ်ကောင် သေတော့ တာဝတိံသာနတ်ပြည်၌ ဖားနတ်သားရယ်လို့ ဖြစ်သွားတယ်။ (ဝိမာနဝတ္ထု၊ ၆၊ ၂၀)

ထိုမှတစ်ပါး သီဟိုဠ်ကျွန်း တလင်္ဂရတိသတောင်လိုဏ်ဂူ၌ သီတင်းသုံးတော်မူသော ဓမ္မဒိန္နရဟန်းတော်မြတ် ရွတ်ဖတ်တော်မူတဲ့ သတိပဋ္ဌာနသုတ်တော်ကို ကြားနာရလို့ ပဉ်ကူလေးတစ်ကောင် သေတော့ သီဟိုဠ်ကျွန်းမှာပဲ အမတ်ကြီးရဲ့သား ဖြစ်သွားတယ်။ (မဂုရသဝါဟိနီကျမ်း)

အခုဆိုခဲ့တဲ့ တိရစ္ဆာန်လေးတွေဟာ လူစကားလုံးဝ နားမလည်ပေမယ့် တရားသံကို ကြားနာရမှုကြောင့် ဘဝကူး ကောင်းသွားတဲ့ သာဓကတွေ ဖြစ်ပါတယ်။

ဂင်းနောက် တို့ဘုရားရှင်လက်ထက်တုန်းကပဲ ဓမ္မသာဝနိယထေရ်ဆိုတာ လွန်ခဲ့တဲ့ ကမ္ဘာတစ်သိန်းအထက် ပွင့်တော်မူတဲ့ ပဒုမုတ္တိရ ဘုရားရှင်ရဲ့ တရားတော်ကို ကြားနာရတာနဲ့ နတ်ပြည်မှာ ကမ္ဘာသုံး

http://www.dhammadownload.com

အို - မာတလိ ၊ လူမိုက်၌ အားရှိ၏။
ထိုအားကို အားဟူ၍ ပညာရှိတို့ မဆိုကုန်။
နူးညံ့သိမ်မွေ့သော သည်းခံခြင်းသည် ရှိ၏။
ထိုနူးညံ့သိမ်မွေ့သော သည်းခံခြင်းကို
အားဟူ၍ ပညာရှိတို့ ဆိုကုန်၏။
သင်ပုန်းချေငြိမ်းချမ်းရေးနှင့် အလုပ်လက်မဲ့မြဲဆန္ဒာဖြစ်ရ။

သောင်း ခံစားရတဲ့ပြင် ကမ္ဘာတစ်သိန်းကာလပတ်လုံးလည်း အပါယ်လေးပါးမှ လွတ်ခဲ့သေးသတဲ့။ ဒီသင်ခန်းစာတွေဟာ လူသားများအနေဖြင့် တရားနာရကျိုး ကြီးမားကြောင်းကို ထောက်ခံနေတာပါပဲ။ (အပဒါန်၊ ပါ။ ၁-၃၁၅) မပျင်းတဲ့စိတ်၊ အထင်မသေးတဲ့စိတ်နဲ့ တရားပွဲဝင်ပြီး တရားနာတော့ 'အသုတံ သုဏာတိ၊ သုတံ ပရိယောဒါပေတိ' အရင်က မကြားသေးရင်လည်း အသစ်အဆန်း ကြားသိရတာပေါ့။ (အံ၊ ပါ-၂-၂၁၆)

တရားနာခြင်းရဲ့အကျိုး ဘယ်လောက်ကြီးတယ်ဆိုတာ ဒီလူပြည်မှ အထက် မိုင်ပေါင်း ၅၂ သန်းမြင့်တဲ့ ငြဟ္မာပြည်ထိ စကြဝဠာတစ်ခုလုံးအပြည့် နေထိုင်တော်မူသော ဘုရား၊ ပစ္စေကဗုဒ္ဓာ၊ ရဟန္တာကြီးများကို အကောင်းစားသင်္ကန်း တစ်စုံစီ လှူရတာထက် တရားနာရတာက ပိုပြီးမြတ်သတဲ့။ (ခမ္မပဒ-၆-၂-၃၅၂)

ဘာ့ကြောင့် ပိုမြတ်တာလဲဆိုတော့ အခြေခံ ရေသောက်မြစ် ဖြစ်လို့တဲ့။ အဲဒါကြောင့် တရားနာမပျင်းဖို့၊ တရားတော်ကို အထင်မသေးဖို့၊ ငွေကုန်ကြေးကျ မများတဲ့၊ အကျိုးကြီးတဲ့ အခွင့်အရေးကြီး ဆုံးရှုံးသွားမှာစိုးလို့ ဗုဒ္ဓဘာသာ သူတော်စင်များ တရားတော်ကို ရိုရိုသေသေ လေးလေးစားစား စိတ်ပါဝင်စားစွာ နာကြားအားထုတ်နိုင်ကြပါစေလို့ ဆန္ဒပြုရင်း တိုက်တွန်းအပ်ပါသည်။

အရှင်ဝဏ္ဏိဿရ

နဂါးကျစ်ကျောင်း၊ ညောင်ဦးမြို့။

တိုးတက်ရေး ဆေးနည်းကြီး

ဥစ္စာစီးပွား တိုးတက်နေသောအခါတို့၌လည်းကောင်း၊ ကြဲတိုင်းအောင်၍ ဆောင်တိုင်းမြောက်နေသောအခါတို့၌လည်းကောင်း လူတို့သည် ဘုရား၊ တရား၊ သံဃာတို့ကို သတိမရကြ။ ဥစ္စာစီးပွား ပျက်စီးသောအခါများ၌လည်းကောင်း၊ ဘေးတွေ့သောအခါများ၌လည်းကောင်း လူတို့သည် ဘုရား၊ တရား၊ သံဃာတို့ကို သတိရ၍ ကြည်ညိုဆည်းကပ်ကိုးကွယ် တတ်ကြလေသည်။

ဘုရား၊ တရား၊ သံဃာစသည်တို့ကို ယုံကြည်အားထား ကိုးကွယ် ဆည်းကပ်သောအခါ ဘေးအန္တရာယ်တို့ ကင်းဝေးနိုင်သည်မှာ အတိဒုက္ခ ဘေးအန္တရာယ် ရောက်သောအခါ၌ သတိရသောအခါမှသာ ဘေးအန္တရာယ် ပျောက်ကင်းစေသော ဆေးနည်းမဟုတ်။ ဥစ္စာစီးပွား တိုးတက်များပြားလာသောအခါတို့၌လည်း ဘုရား၊ တရား၊ သံဃာစသည်တို့ကို ကိုးကွယ် ဆည်းကပ်ပါက ဘေးအန္တရာယ် ကင်းဝေးသည်သာမက သာမန်တိုးတက်မှုများပင် လျှင် အဓိကရ တိုးတက်မှုများ ဖြစ်နိုင်သော ဆေးနည်းကြီး ဖြစ်လေသည်။ (ဤ၌ ရှည်မည်စိုး၍ မဟာဝင်မှလာသော ကျမ်းအကိုးအကားကို မဖော်ပြတော့ပြီ။)

ထို့ကြောင့် အခါခပ်သိမ်း တိုးတက်မှုကို အလိုရှိကုန်သော အကြင်သတို့သား၊ သမီးတို့သည် ထမြောက်အောင်မြင်ကာ ဥစ္စာစည်းစိမ် တိုးတက်နေစဉ် အခါတို့၌လည်း ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘ၊ ကျေးဇူးရှင် စသည်တို့ကို အစဉ်မပြတ် သတိမမေ့သင့်။ မမေ့ရန် အထူးသတိပြုအပ်လေသည်။

တိုးတက်ရေးသတင်းစာ။

http://www.dhammadownload.com

အမျိုး ဘာသာ သာသနာ စာပေ ယဉ်ကျေးမှုကို ချစ်မြတ်နိုးသူ ဆရာကြီး ဦးပဂ္ဂိုဠ်

မောင်ရင့်ကျူး (မြောင်းမြ)

ဝိပဿနာဆရာကြီးဦးပဂ္ဂိုဠ်ကို ကျွန်တော် မမြင်ဖူးပါ။ ကျွန်တော် မသိမိခဲ့ပါ။ ကျွန်တော် မဆုံစည်းခဲ့မိပါ။ သို့သော် ဝိပဿနာဆရာကြီး ဦးပဂ္ဂိုဠ် (တိုးတက်ရေး-ဦးစိန်) ရေးသားထုတ်ဝေခဲ့သော စာပေတချို့ကို ကျွန်တော်ဖတ်ဖူးပါသည်။ ဆရာကြီးဦးပဂ္ဂိုဠ် စတင် တည်ထောင် ဖွဲ့စည်းခဲ့သော ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်တည်ရှိရာ ဗဟန်းမြို့နယ်၊ ကြားတောရလမ်းရှိ၊ ဝိပဿနာပညာတက္ကသိုလ် ဗိမာန်အဆောက်အအုံကို ကျွန်တော်သိပါသည်။

ကျွန်တော်သိသော လူပုဂ္ဂိုလ်များတွင် ကျော်ကြား အောင်မြင်ခဲ့သော ဝိပဿနာဆရာကြီးများမှာ လယ်တီဆရာတော်ဘုရားကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၊ ဝိပဿနာဆရာကြီး ဦးပဂ္ဂိုဠ်၊ ငွေစာရင်းမင်းကြီးဟောင်း ဆရာကြီး ဦးဘခင်နှင့် ယနေ့ခေတ်ကမ္ဘာတွင် ဝိပဿနာ သာသနာပြန့်ပွားအောင် ဆောင်ရွက်နေသူ ဆရာကြီး ဦးဂိုအင်ကာတို့ ဖြစ်ပါသည်။

စာရေးဆရာဘဝ ဦးပဂ္ဂိုဠ်

ဆရာကြီးဦးပဂ္ဂိုဠ် ရေးသားခဲ့သော စစ်ကြီးခေတ်နှင့် စစ်ပြီးခေတ်ကာလ ကျွန်တော်ဖတ်ရှုခဲ့ဖူးသော စာအုပ်တချို့ကို တင်ပြပါမည်။ ၁၉၄၅ ခုနှစ်၊ ဒီဇင်ဘာလတွင် "တက်လေ့ကား" စာအုပ်ကို ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ၁၉၄၆-ခုနှစ်၊ ဇန်နဝါရီလတွင် "၉-ကုဋ္ဌေဋီကာ" စာအုပ်ကို ရိုက်နှိပ်ခဲ့သည်။ နှစ်အုပ်စလုံးကို တစ်အုပ်လျှင် တစ်ကျပ်နှုန်းဖြင့် တိုးတက်ရေး ပုံနှိပ်တိုက်မှ ထုတ်ဝေခဲ့ရာ မကြာမီအတွင်း ကုန်သွားခဲ့သည်။ ရန်ကုန်မြို့နှင့်တကွ အနယ်နယ် အရပ်ရပ်မှ တောင်းဆိုချက်အရ "တက်လေ့ကား နှင့် ၉-ကုဋ္ဌေဋီကာ" နှစ်အုပ်ပေါင်းကို တိုးတက်ရေး ပုံနှိပ်တိုက်မှ တန်ဖိုး တစ်ကျပ်ရှစ်ပဲနှင့် ထပ်မံ ရိုက်နှိပ်ထုတ်ဝေခဲ့ပါသည်။

ထို့ပြင် ဆရာကြီး ဦးပဂ္ဂိုဠ်သည် နှစ်ပေါင်းများစွာ အတော်ကြာက အစပြု၍ မိမိ၏ကြီးပွားရာ ကြီးပွားကြောင်း၊ တိုးတက်ရာ တိုးတက်ကြောင်း နည်းကောင်းလမ်းမှန်တို့ကို ရှာဖွေ ဆည်းပူးခဲ့သည်။ လူတို့၏ ကြီးပွားရာ ကြီးပွားကြောင်း နည်းကောင်းလမ်းမှန်တို့ကို တွေ့ရှိခဲ့သဖြင့် မိမိ၏ အလွန်ဆင်းရဲသောဘဝမှသည် တိုးတက်ကြီးပွား အကျိုးကျေးဇူးများစွာ ခံစားရရှိခဲ့ပေသည်။ အဆင့်မြင့်မြင့်ဘဝ ဟန်ကျပန်ကျ အခြေအနေသို့ ရောက်ရှိခဲ့သည်။ ထိုနည်းကောင်း လမ်းမှန်တို့ကို မြန်မာအမျိုးသားအပေါင်းတို့အား လွယ်လင့်တကူ ခံစား စံစားနိုင်စေရန် ရည်သန်၍ "ဟန်ကျပန်ကျ" အမည်ရှိ စာအုပ်ကို ရိုက်နှိပ် ထုတ်ဝေခဲ့ပါသည်။

ဤစာအုပ်တွင် တက်ကျမ်းများကို တစ်ချိန်က ရေးသားခဲ့သော ဆရာကြီးပီမိုးနင်းထံ လမ်းမှန် လမ်းကောင်းရလိုကြောင်းနှင့် ကူညီပါဝင်ရေးသားရန် တောင်းပန်သဖြင့် "ဟန်ကျပန်ကျ" စာမူနှင့်အတူ "စိတ်တန်ခိုး" စာမူ နှစ်ခုကို ဆရာကြီးဦးပဂ္ဂိုဠ်နှင့်

http://www.dhammadownload.com

ဆရာပီမိုးနင်းတို့ ပူးပေါင်းထုတ်ဝေခဲ့ပါသည်။ ဦးလေးကြီး ဦးတင်မောင်၏ သင့်ဘဝပုံနှိပ်တိုက်မှ ၁၉၆၃-ခု၊ ဇူလိုင်လတွင် ပဉ္စမအကြိမ်အဖြစ် ထုတ်ဝေသော စာအုပ် ဖြစ်ပါသည်။

ဆရာကြီးဦးပဂ္ဂိုဠိသည် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက မြန်မာတိုင်းရင်းသား လူမျိုးတို့၏ **တိုးတက်**ရာ တိုးတက်ကြောင်း၊ ကြီးပွား**ရာ ကြီးပွား**ကြောင်း စာအုပ်ကောင်းများ ရေး**သားခဲ့ရာ "ကြီးစားက ဘုရား ဖြစ်၏"** အမည်ရှိ**သော စာ**အုပ်မှာလည်း စာအုပ်ကောင်း**တစ်အုပ်အ**ဖြစ် ပါဝင်ခဲ့ပါသည်။ "ကြီးပွားချမ်း**သာရေး**" စာအုပ်မှာ သတ္တမတန်းတွင် ကျောင်းသုံး**အ**ဖြစ် ပြဋ္ဌာန်းခဲ့ပါသည်။ ထို့ပြင် "မြန်မာ့အကျိုးနှင့် ကမ္ဘာ့အကျိုး"၊ "ဝိပဿနာဘာဝနာ နှစ်စောင်တွဲ"၊ "ဝိပဿနာအခြေခံနှင့် အဖြေမှန်"၊ "ဂန္ဒိရဝိပဿနာရှုဘွယ် (၃)တွဲ"၊ "ဂေါတမဗုဒ္ဓ (Gotama The Buddha)" (အင်္ဂလိပ်-မြန်မာ နှစ်ဘာသာ)၊ "ဝိပဿနာပညာသည် ဒုလ္လဘ"စသည့်စာအုပ်တို့သည် တိုင်းပြည်လူမျိုးနှင့် သာသနာတော်အတွက် အဖိုးမဖြတ်နိုင်သော စာအုပ်ကောင်းများ ဖြစ်ပါသည်။

ဘာသန္တရဆရာကြီး ဦးပဂ္ဂိုဠိနှင့်သတင်းစာဆရာဘဝ

ဆရာကြီးဦးပဂ္ဂိုဠိသည် ပါဠိ၊ အင်္ဂလိပ်စာ၊ ဂျပန်ဘာသာစသည့် ဘာသန္တရကိုလည်း ဆည်းပူးတတ်ကျွမ်းခဲ့ပါသည်။ အများအကျိုးငှာ ထိုခေတ် ထိုအခါက ဂျပန်စကားပြောနည်းစာအုပ်ပင် ရေးသားခဲ့ပါသည်။ ဝိပဿနာပညာဆိုင်ရာကို လန်ဒန်မြို့၊ အမေရိကန် ဝါရှင်တန်မြို့နှင့် နယူးယောက်မြို့ကြီးများသို့ သွားရောက်၍ စာကြည့်တိုက်ကြီးများတွင် ဘာသာရေးဆိုင်ရာ စာအုပ်များကို ရှာဖွေဖတ်ရှု လေ့လာခဲ့သူ ဖြစ်ပါသည်။ ဒုတိယအကြိမ် အဖြစ်လည်း အမေရိကတိုက်ရှိ မြို့ကြီး (၁၆)မြို့၌ ရှိသော စာကြည့်တိုက်များသို့ သွားရောက်ကာ ဘာသာရေးဆိုင်ရာ စာအုပ်များကို ရှာဖွေ ဖတ်ရှု လေ့လာမှတ်သားခဲ့သည်။

တိုးတက်ရေး သတင်းစာမှာ နေ့စဉ် စောင်ရေ နှစ်သောင်းကျော် ထုတ်ဝေခဲ့ရသဖြင့် မြန်မာပြည်တွင် ထိုစဉ်အခါက စောင်ရေ အများဆုံး ထုတ်ဝေခဲ့ရသော သတင်းစာ ဖြစ်ခဲ့သည်။

ဆရာကြီးဦးပဂ္ဂိုဠိသည် သတင်းစာလုပ်ငန်း အတွက် ကာလကတ္တားမြို့သို့ သွားရောက်ခဲ့သည်။ မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိသောအခါ "သူရိယ" သတင်းစာကို စတင်တည်ထောင်ခဲ့သော ခေါင်းဆောင်ကြီး ဘကြီးဘဖေထံတွင် သတင်းစာလုပ်ငန်း ပညာရပ်ကို သင်ယူခဲ့သည်။ ထို့နောက် မကြာမီ "တိုးတက်ရေးသတင်းစာ"ကို ထုတ်ဝေခဲ့သည်။ ထိုမှတစ်ဆင့်တက်ကာ ဂျာနယ်နှင့်မဂ္ဂဇင်း၊ "စာနယ်ဇင်း" သုံးစောင်ကို တစ်ချိန်တည်း အောင်မြင်စွာ ထုတ်ခဲ့သည်မှာ မြန်မာပြည်သို့ ဒုတိယကမ္ဘာစစ်ကြီး ကူးစက်လာသည်အထိပင် ဖြစ်ခဲ့ပါသည်။ တိုးတက်ရေး သတင်းစာမှာ နေ့စဉ် စောင်ရေ နှစ်သောင်းကျော် ထုတ်ဝေခဲ့ရသဖြင့် မြန်မာပြည်တွင် ထိုစဉ်အခါက စောင်ရေ အများဆုံး ထုတ်ဝေခဲ့ရသော သတင်းစာ ဖြစ်ခဲ့သည်။ ဤသို့လျှင် ဆရာကြီးဦးပဂ္ဂိုဠိသည် စာရေးဆရာဘဝနှင့် သတင်းစာဆရာဘဝအဖြစ် နှစ်ပေါင်းသုံးဆယ်ခန့် ကျင်လည်ခဲ့သူ ဖြစ်ပါသည်။

ဆရာကောင်းတပည့် ပန်းကောင်းပန်

ဆရာကြီးဦးပဂ္ဂိုဠိသည် ဝိပဿနာပညာကို အောက်ဖော်ပြပါ ရဟန်းပညာရှိ၊ လူပညာရှိတို့ထံတွင် ဆည်းပူးခဲ့ပါသည်။ ရန်ကုန်မြို့ရှိ အသိတိ ကျောင်းတိုက်ဆရာတော် ဦးတေဇိန္ဒ၊ ဒေဝသာဂရ သိမ်ကုန်းဆရာတော် ဦးရေဝတဓမ္မ၊ ဗဟန်းကျောင်းတော်ရာ ဆရာတော်ကြီးများအစရှိသော ဆရာတော်ကြီးများအသီးသီးထံတွင်လည်းကောင်း၊ လူပညာရှိ ဆရာကြီးများ ဖြစ်ကြကုန်သော ဆရာကြီး ဦးသူတော်၊ ဆရာကြီး ဆရာလင်း၊ လယ်တီဆရာကြီး ဦးမောင်ကြီး၊ လယ်တီ

http://www.dhammadownload.com

ဆရာကြီး ဦးမြိုင်၊ ဆရာဘီ၊ ဆရာရိပ်၊ ဆရာညွန့်၊ ဆရာဝ၊ မှော်ဝိဆရာသိန်းကြီးနှင့် ဆရာကြီး သခင်ကိုယ်တော်မိုင်း စသည့် ဆရာကြီးများထံတွင် တပည့်ခံကာ သင်ယူဆည်းပူးခဲ့သည်။

ထိုမျှမက ပဲခူး၊ သန်လျင်၊ ပြည်၊ ရွှေတောင်၊ မန္တလေးစသော မြို့ကြီးများသို့ သွားရောက်ကာ ဝိပဿနာ ပညာရပ်ကို ရှာဖွေဆည်းပူးခဲ့သည်။ ထို့ပြင် ဝိပဿနာဆိုင်ရာ ပါဠိတော် အဋ္ဌကထာများမှ ကောင်းနိုးရာရာ ကျမ်းအကိုးအကားများကို မှတ်သားထားသော စာကြည့်တိုက်တွင် ထားရှိသည့် အက္ခရာစဉ်ဖြင့် ကတ်ပြား (၆"×၄")ကတ်ပြားပေါင်း (၂၀၀၀) ကျော် ရှိသည့်ပြင် အင်္ဂလိပ်စာကတ်ပြားများကိုလည်း ရေးသားထားပါသည်။ ထိုကတ်ပြားများရှိ ကျမ်းအကိုးအကားများကို ဆရာကြီးအိမ်တွင် ရှင်လူရဟန်းတို့ နေ့စဉ်လိုလို ကူးယူကြပါသည်။ ဆရာကြီး ဦးပဂ္ဂိဒိုသည် ရဟန်းပညာရှိ၊ လူပညာရှိတို့ထံမှ ဆည်းပူးရရှိထားသော ဝိပဿနာ ပညာရပ်များ နှင့် တကွ ပါဠိတော်၊ အဋ္ဌကထာတို့၌ လာရှိသည့်အတိုင်း "ဝိပဿနာဘာဝနာလုပ်ရပ်" ကို ဆရာကြီးကိုယ်တိုင် ရှေးဦးစွာ ပွားများအားထုတ်လျက် ၁၉၅၁-ခုနှစ်က စ၍ ရှင်လူ ရဟန်း ပရိသတ်တို့အား သင်ပြပေးခဲ့သည်။ ထို့နောက် ၁၉၆၃ ခုနှစ်ကစ၍ "ဝိပဿနာဘာဝနာ" ပွားများနည်းကို ပေးဝေလျှဒါန်းခဲ့သည်မှာ ဆရာကြီး ဦးပဂ္ဂိဒို ကွယ်လွန်သည်အထိ ဖြစ်ပါသည်။

မြန်မာက သိပ္ပံပညာရှင်တွေထက် သာတယ်

ဆရာကြီးဦးပဂ္ဂိဒိုက "မြန်မာကို အထင်မသေးရန် အချိန်သို့ ရောက်နေပါပြီ၊ သူတို့ လုပ်နိုင်ကြရင် ငါတို့လည်း လုပ်နိုင်ကြတာပဲ၊ သူတို့က စထွင်လုပ်ကိုင်ကြတယ်၊ ငါတို့က မကြံစည် မလုပ်ကိုင်ကြလို့သာ၊ အဲဒီလို သိကြစမ်းပါ။

သူတို့မှာလည်း စိတ်နှင့် စေတသိက် ၅၂ ပါး ရှိတာပဲ။ ရုပ်ကလည်း ၂၈-ပါး ရှိတာပဲ၊ ငါတို့မှာလည်း စိတ်နှင့် စေတသိက် ၅၂ ပါး ရှိတာပဲ၊ ရုပ်ကလည်း (၂၈)ပါးရှိတာပဲ၊ သူတို့က ပိုရတာ တစ်ပါးမှ မရှိပါဘူး၊ ဓာတ် (၈)ပါး ပါပဲ၊ မြန်မာမှာလည်း ဓာတ် ၈-ပါး ပါပဲ (နာမ်ဓာတ် ၅၃၊ ရုပ်ဓာတ် ၂၈-ပေါင်း ၈၁)။

သူတို့မှာ အဝိဇ္ဇာနိဝရဏတရားကို ပယ်သတ်နိုင်တဲ့ နည်းမရှိပါဘူး၊ အဝိဇ္ဇာနိဝရဏကို ပယ်ဖြတ်တဲ့နည်း ဆိုတာက ဗုဒ္ဓဝါဒကလွဲ၍ ကမ္ဘာတွင် ဘယ်ဘာသာ၊ ဘယ်အယူဝါဒတွင်မှာမှ မရှိပါဘူး။ အဲဒီနည်းက ဘာနည်းလဲဆိုတော့ ဝိပဿနာဘာဝနာကို ပွားများနည်းပဲ။ နောက်ပြီး နိဗ္ဗာနဓာတ်ဟာလည်း ဗုဒ္ဓဝါဒက လွဲပြီး ကမ္ဘာတွင် ဘယ်ဘာသာ၊ ဘယ်အယူဝါဒတွင်မှာမှ မရှိပါဘူး။ မြန်မာက သာတယ်ဆိုတာကို မိမိတို့ သားသမီးများအား၊ တပည့်များအား ၎င်းတို့စိတ်၌ အမြဲ ကိန်းအောင်းနေစေရန် သဘောပေါက်လာအောင် သင်ပြရပါမယ်" ဟု အမိန့်ရှိခဲ့သည်။

ဆရာကြီးဦးပဂ္ဂိဒိုသည် နိုင်ငံခြားသားများကို ငါတို့ တတ်သိသလို တတ်သိလိမ့်မှာကြပါစေ ဟူသော စေတနာ သဒ္ဓါတရား အစစ်အမှန်ဖြင့် တရားမှန်ကို ပေးဝေလျှဒါန်းတော်မူကြရန် အကြိမ်ပေါင်းများစွာ တိုက်တွန်းခဲ့ပါသည်။

လူငယ်တွေ တိုးတက်ကြီးပွားစေလိုသော ဦးပဂ္ဂိဒို၏ စိတ်ဓာတ်

နာ ဘိက္ခဝေ ဟိနေန အဂ္ဂဿ ပတ္တိ ဟောတိ၊ "အို-ရဟန်းတို့၊ ပေါ့လျော့ ညံ့ဖျင်းသော လုံ့လဖြင့် မွန်မြတ်သော နေရာဌာနသို့ မရောက်နိုင်။

(နိဒါနဝဂ္ဂသံယုတ်ပါဠိတော်)

"မိမိကိုယ်ကို ကြီးပွားတိုးတက်လိုလျှင် (Inferiority Complex)ခေါ် မိမိကိုယ်ကို အထင်သေးသောစိတ်ကို ဖယ်ရှားရမည်။ ကမ္ဘာလောကကြီးသည် တိုးတက်လျင်မြန်လျက် ရှိနေလေပြီ။ ထို့ကြောင့် လက်ရှိ အခြေအနေမှ တိုးတက်ကြီးပွားလိုသော အ

http://www.dhammadownload.com

မောင်တို့ အမိတို့သည် နာရီတိုင်း နာရီတိုင်း၊ မိနစ်တိုင်း မိနစ်တိုင်း အချိန်ကို အချည်းနှီး မကုန်လွန်စေဘဲ မိမိ၏ တိုးတက်မှုအတွက် အထူးတလည် ကြိုးစားအားထုတ်နေရပေမည်။

အမောင် အမိတို့၏ အိမ်နီးချင်းဖြစ်သော ကုလားနှင့် တရုတ်တို့သည် တစ်ဦးထက်တစ်ဦး သာအောင် စိမ်ကိန်းအမျိုးမျိုးချလျက် လူမျိုးကစ်မျိုးလုံး ခြိုး ကြိုးစားလျက်ရှိနေ၏။ ထို့ကြောင့် အမောင် အမိတို့သည် တွေးနေဖို့ ငေးနေဖို့ အချိန်မရှိတော့ပြီ။ ပေါ့ပေါ့ဆဆ ပျော်ပါး မော်ကြွားနေဖို့ အချိန်မဟုတ်တော့ပြီ၊ အချင်းချင်း အတိုက်အခံ စစ်ထိုးနေရန် မသင့်တော့ပြီ။

အမောင် အမိတို့သည် ကြိုးစားပါက မိမိနှင့်တကွ မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားများ သာမက မိမိတို့ ကိုးကွယ်သည့် ဗုဒ္ဓဘာသာ သာသနာတော်ကြီးသည်လည်း အခွန့်ရှည်စွာ ကမ္ဘာတွင် ထင်ရှားစွာ တည်ရှိနိုင်ပေမည်" ဟူ၍ လူငယ်မောင်မယ်များကို တိုးတက်ကြီးပွားစေလိုစိတ်၊ အမျိုးဘာသာ သာသနာကြီး အခွန့်ရှည်စေလိုစိတ်တို့သည် ဆရာကြီးဦးပဂ္ဂိုဠ်၏ ရင်ထဲ၌ ပြည့်သိပ်လျက်ရှိနေသည်ကို "ဟန်ကျပန်ကျ နှင့် စိတ်တန်ခိုး" ဟူသော စာအုပ်တွင် ဖတ်ရှုသိမြင်နိုင်ပေသည်။

ဆရာကြီးဦးပဂ္ဂိုဠ်၏ ဝိပဿနာချီးမွမ်းခန်း

ဆရာကြီးဦးပဂ္ဂိုဠ်သည် ခေတ်နှင့်လျော်ညီစွာ ဝိပဿနာချီးမွမ်းခန်းကို "ပဋ္ဌာစာရီအမျိုးသမီး၊ အတ္တဒတ္တမထေရ်၊ ပေါဠိလမထေရ်၊ မိဘကျေးဇူး၊ နွားကျောင်းသမား၊ ဝေလာမသုတ်၊ ကူဋဒန္တသုတ်၊ ဝက္ကလိသုတ်တို့တွင် ဝိပဿနာဘာဝနာပွားများမှုကို အထူးသာလွန်အလိုရှိတော်မူခြင်း"ကို တစ်သီးတခြား ထိပ်ကထား၍ ရေးသားခဲ့ပါသည်။

ထို့ပြင် ပထမအချက်အနေဖြင့် ဒါန သီလ သမထမျှ၌ ရပ်တန့်မနေမူ၍ မိမိကိုယ်တိုင် "ဝိပဿနာဘာဝနာ" ကို တိုးတက်ပွားများ အားထုတ်စေလိုခြင်း ဖြစ်သည်။

ဒုတိယအချက်မှာကား မြန်မာပြည်တွင် ဈာန်ရာခိုင်နှုန်းမှာ တောသူတောင်သား လယ်သမားကြီးများ ဖြစ်ကြလေသည်။ လယ်သမားကြီးများသည် နွား၊ ကျွဲတို့နှင့် ယှဉ်တွဲကာ အင်တိုက်အားတိုက် မိုး ရွာနေပူမရှောင် အလုပ် လုပ်ကိုင်ကြရ၏။ ဘာသာရေးဗဟုသုတ အကြားအမြင် နည်းပါးလှသော ကျေးလူးရှင် လယ်သမားကြီးများကို "ဝိပဿနာဘာဝနာ" ပညာကို ပေးဝေလှူဒါန်းစေလိုခြင်း ဖြစ်သည်။

(၁၉၃၅ ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီ "ကြီးပွားချမ်းသာရေး" စာအုပ်တွင် ထင်ရှားလေးနက်စွာ ရေးသားထုတ်ဖော်ထားသည်။)

တတိယအချက်ကား ပြည်တွင်း ပြည်ပ တောင်တန်းသာသနာပြု စေလွှတ်တော်မူကြရာ၌ ဗုဒ္ဓ မြတ်စွာ သာသနာတော်မြတ်ကြီး၏ အဆီအနှစ်အရသာတို့ကို ရာခိုင်နှုန်းအပြည့်အစုံ ရရှိနိုင်စေရန် မှန်ကန်သည့် ဝိပဿနာ ဘာဝနာပွားများနည်းကို ထည့်သွင်းဟောပြော သင်ပြပေးစေလိုခြင်းတို့ ဖြစ်ပါသည်။ ဆရာကြီးဦးပဂ္ဂိုဠ်၏ ပဋိပတ္တိ သာသနာပြန့်ပွားလိုစိတ်ဆန္ဒသည်ကား ကြီးမားလှသည်ကို သိရှိနိုင်ပါသည်။

ဓမ္မဝိဟာရီပုဂ္ဂိုလ်ဖြစ်ကြစေရန် တိုက်တွန်း

ဗုဒ္ဓမြတ်စွာ ဟောတော်မူအပ်သော တရားတော်အရပ်ရပ်တို့၏ လိုရင်းပဓာနအချက်ကြီးကို ဆွဲထုတ်လိုက်သည်ရှိသော် အပါယ်လေးပါးတံခါးကို ပိတ်စေ၍ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရေးအတွက် "ဝိပဿနာဘာဝနာ" ကို ပွားများအားထုတ်ရခြင်း ဖြစ်ပေသည်။ ပရိယတ်တွင် ရပ်နားနေရန် မဟုတ်ပေ။ ပရိယတ္တိသည် ပဋိပတ္တိနှင့် ပဋိဝေဓအတွက် အစမျှသာ ဖြစ်ပါသည်။

အင်္ဂုတ္တိရ်ပါဠိတော်၊ ပဥ္စကနိပါတ်၊ "ယောဓီဝ

http://www.dhammadownload.com

ဝင် မြန်မာပြန်တွင် "ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် စာပေကိုသင်လျက် နေ့ကို ကုန်လွန်စေခြင်း၊ တရားဟောခြင်းဖြင့် နေ့ကို ကုန်လွန်စေခြင်း၊ တရားတော်ကို ရွတ်အံသရဇ္ဈာယ်ခြင်းဖြင့် နေ့ကို ကုန်လွန်စေခြင်း၊ တရားတော်ကို ကြံစည်ခြင်း ဝိတက်တို့ဖြင့် နေ့ကိုကုန်လွန်စေခြင်းတို့သည် တရားနှင့် နေလေ့ရှိ၏သူ ဟူ၍ကား မဆိုအပ်။ ဤသာသနာတော်၌ ရဟန်းသည် စာပေကို သင်ယူ၏။ ထိုသင်ယူခြင်းဖြင့် နေ့ကို မကုန်လွန်စေ၊ ကိလေသာငြိမ်းမှုကို ကြိုးစား၏။ "ဓမ္မဝိဟာရီ ဟောတို့" ဤသို့လျှင် ရဟန်းသည် တရားနှင့် နေလေ့ရှိသူ ဖြစ်၏။ ဆိုလိုသည်မှာ တရားအားထုတ်နေခြင်းက သာလွန်ပိုမို အကျိုး ကြီးမားကြောင်းကို ဗုဒ္ဓမြတ်စွာ ညွှန်ကြား ဟောကြား တော်မူခြင်း ဖြစ်လေသည်။

ဝိပဿနာဆရာကြီး ဦးပဏ္ဍိုင်သည် ရဟန်းရှင်လူ အပေါင်းတို့အား ဓမ္မဝိဟာရီပုဂ္ဂိုလ်ဖြစ်ရန်၊ ဝိပဿနာဘာဝနာကို မပြတ်ပွားများ အားထုတ်တော်မူနိုင်ရန် တိုက်တွန်းသည်ကို တွေ့ရှိရပါသည်။

ဆရာကြီးဦးပဏ္ဍိုင်၏ သာသနာစောင့်ရှောက်မှု စိတ်ဓာတ်

တရားတော် အစစ်အမှန်နှင့် အတုကို ခွဲခြားသိရှိနိုင်စိမ့်သောငှာ မဟာပဒေသတရားလေးပါးကို ဗုဒ္ဓမြတ်စွာသည် သုတ်မဟာဝါပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ် (ဆ၊ မြန်၊ စာ - ၁၁၉) ၌ ဟောတော်မူသည်၏ အတိုချုပ်သဘောမှာ -

(၁) ငါသည် ဤတရားတော်ကို ဗုဒ္ဓမြတ်စွာ၏ မျက်မှောက်တော်မှ ကြားနာခဲ့ရ၏။

(၂) ငါသည် ဤတရားတော်ကို သံဃာတော်များထံမှ ကြားနာခဲ့ရ၏။

(၃) ငါသည် ဤတရားတော်ကို အကြားအမြင်များ လျက် နှုတ်ဆောင်သော မထေရ်ကြီးများ အထံတော်မှ ကြားနာသင်ယူခဲ့ရ၏။

(၄) ငါသည် ဤတရားတော်ကို အကြားအမြင်များ လျက် နှုတ်ဆောင်သော မထေရ်ကြီး၏ အထံတော်မှ ကြားနာ သင်ယူခဲ့ရ၏။

ဤသို့ ဟောပြောကြားသော်လည်း လွယ်ကူစွာ လက်ခံခြင်း၊ ပယ်ခြင်းကို မပြုရ၊ ဗုဒ္ဓမြတ်စွာ ဟောတော်မူအပ်သော် တရားတော် အရပ်ရပ်တို့နှင့် ကိုက်မကိုက် ညှိနှိုင်းရမည်။ အကယ်၍ ကိုက်ညီသော်လက်ခံရာ၏။ မကိုက်ညီသော် ပယ်ရာ၏ဟု အထက်ပါ မဟာပဒေသတရားလေးပါးကို ဟောကြားတော်မူခဲ့၏။ ဤသဘောကိုပင် အင်္ဂုတ္တိရ ပါဠိတော်၊ စတုက္ကနိပါတ်၊ သဏ္ဌေတနိယဝဂ်၊ မဟာပဒေသသုတ် (ဆ၊ မြန်၊ စာ ၅၀၂)တွင်လည်း ဟောတော်မူ၏။

ထို့ကြောင့် တရားစစ် တရားမှန် ဟုတ် မဟုတ်ကို သိနိုင်ရန် ပါဠိတော် အရပ်ရပ်နှင့် မှတ်ကျောက်တိုက်ကြည့်ရပေမည်။ ပါဠိတော် အရပ်ရပ်နှင့် ကိုက်ညီသော် လက်ခံရပေသည်။ မကိုက်ညီသော် ပယ်ဖျက်ရပေမည်။ ဤကား ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတော်ပေတည်း။

ဆရာကြီးဦးပဏ္ဍိုင်၏ ခံယူချက်နှင့် သာသနာ့စောင့်ရှောက်မှု စိတ်ဓာတ်သည်လည်း မည်သည့် တရားဟော ဓမ္မကထိကဖြစ်ပါစေ မဟာပဒေသတရားလေးပါး၊ ဘုရားဟောကျမ်းနှင့် မကိုက်ညီလျှင် မည်သည့်တရားသည် ဘုရားဟောကျမ်းနှင့် မကိုက်ညီကြောင်း ထိုဓမ္မကထိကထံ ချက်ချင်း စာရေးဝေဖန်ရဲသည်။ စာရေး အကြောင်းကြားရဲသည်ဟု မှတ်သားထားမိပါသည်။

ဆရာကြီးဦးပဏ္ဍိုင် ရာပြည့်ခရီး

ဗိပဿနာဆရာကြီး ဦးပဏ္ဍိုင်သည် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ တည်းဟူသော သာသနာတော်သုံးရပ်ကို စည်ပင်ပြန့်ပွားစေလိုသော ကြီးမားသောရည်ရွယ်ချက်ဖြင့် ၁၉၆၇ ခုနှစ်တွင် ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေး

http://www.dhammadownload.com

မဟာပဒေသ တရားလေးပါး၊ ဘုရားဟောကျမ်းနှင့် မကိုက်ညီလျှင် မည်သည့်တရားသည် ဘုရားဟောကျမ်းနှင့် မကိုက်ညီကြောင်း ထိုမမှားထိကဲ့ချက်ချင်း စာရေး ဝေဖန်ရဲသည်၊ စာရေး အကြောင်းကြားရဲသည်

အတ္တ နှင့် အနတ္တ
(၈)
သမထ နှင့် ဝိပဿနာ

ပုဒ္ဓမြတ်စွာ ဟောတော်မူသော တရားတော်တို့ကို စုံစမ်းရှာဖွေ လေ့လာသောအခါ လောကီရေးရာသမားများအတွက် လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာရရှိရေးနည်းများလည်း ဖြစ်၏။

ထိုအတ္တနှင့် သွားရသော သမထဘာဝနာနည်းလမ်းများမှာ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ ချမ်းသာ ရရှိစေကာမူ "သောတာပန်" မဖြစ်၊ အပါယ်လေးပါး တံခါးကို မပိတ်စေနိုင်၊ သုဒ္ဓါဝါသ ဗြဟ္မာဘုံသို့ မရောက်ရှိနိုင်၊ နိရောဓသမာပတ်ကို မဝင်စားနိုင်၊ ဒုက္ခ အဝဋ ထာဝစဉ် ကင်းငြိမ်းသော နိဗ္ဗာန်သို့ မရောက်ရှိနိုင်။

ထိုမှ တစ်ဆင့်တက်ကာ အထက်တန်းစားများအတွက် သမထဘာဝနာ အတ္တနည်းလမ်းနှင့် အနတ္တ ဝိပဿနာဘာဝနာဖြင့် သွားရသောနည်းလမ်းကိုလည်း တွေ့ရှိရ၏။

ဤနည်းမှာ သမထယာနိကနည်းဖြစ်၍ စျာန်ကို ရရှိ၏။ သောတာပန်ဖြစ်ပြီးလျှင် အပါယ်လေးပါး တံခါးကိုပိတ်စေ၏။ သုဒ္ဓါဝါသဘုံသို့ ရောက်ရှိ၏။ နိရောဓသမာပတ်ကို ဝင်စားနိုင်၏။ ဒုက္ခ အဝဋ အခါခပ်သိမ်း ကင်းငြိမ်းစေလျက် အစွမ်းကုန်ဖြစ်သော နိဗ္ဗာန်သို့ ရောက်ရှိနိုင်၏။

ဦးပဏ္ဍိုင်၊ ဝိပဿနာပညာ မိန့်ခွန်း၊ ၁၅။

အဖွဲ့ကြီးကို တည်ထောင်ဖွဲ့စည်းခဲ့သည်။ ဝိပဿနာပြန့်ပွားရေးအဖွဲ့ကြီးကို မဖွဲ့မီ နှစ်ပေါင်းများစွာ ကာလကတည်းက ဆရာကြီးဦးပဏ္ဍိုင်သည် ရွှေကျင်မြို့နယ် ဓမ္မာရုံကြီးတွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ ရပ်ကွက် ဓမ္မာရုံများတွင်လည်းကောင်း၊ မြိတ်၊ ထားဝယ်စသော မြို့ကြီးများတွင်လည်းကောင်း ဆရာတော်များနှင့် လက်တွဲကာ ဝိပဿနာပညာ သင်တန်းများကို အစဉ်သဖြင့် သင်ပြပို့ချခဲ့ပါသည်။

ဝိပဿနာဆရာကြီး ဦးပဏ္ဍိုင်သည် အမျိုးဘာသာသာသနာ စာပေယဉ်ကျေးမှုကို ချစ်မြတ်နိုးသူတစ်ဦးဖြစ်ကြောင်း ဆရာကြီး၏စာပေခရီး၊ ဓမ္မခရီးကို လေ့လာကြည့်ခြင်းအားဖြင့် သိနိုင်ပ်သည်။ ဆရာကြီး ဦးပဏ္ဍိုင်၏ စေတနာ ဓမ္မသဘာဝ၏ သတ္တိစွမ်းရည်တို့ကြောင့် ဆရာကြီးကွယ်လွန်သွားသော်လည်း ဝိပဿနာပညာလုပ်ငန်းကြီးမှာ စည်ပင်ပြန့်ပွားလျက် ရှိနေသည်ကို တွေ့ရပါသည်။ ယခုအခါတွင် ဆရာကြီး ဦးပဏ္ဍိုင်နှင့် အတူတကွ အစဉ်သဖြင့် လက်တွဲ သင်ပြခဲ့ကြသော ဆရာတော် ဦးအဂ္ဂဝံသ (ဓမ္မာစရိယ၊ဘီအေ)၊ ဆရာတော်ဦးကုသလ (ဓမ္မကထိက)၊ ဆရာတော်ဦးဇောတိက (ဓမ္မာစရိယ)တို့က အလှည့်ကျ ပို့ချနေကာ ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေး အဖွဲ့ချုပ် အမှုဆောင်လူကြီးများနှင့် ဆရာဒကာလက်တွဲ၍ ဆရာကြီးဦးပဏ္ဍိုင် ဖြစ်စေချင်သော ဝိပဿနာပညာပြန့်ပွားရေး သာသနာပြုလုပ်ငန်းကြီး စည်ပင်ပြန့်ပွား အောင်မြင်နေသည်မှာ မျက်ဝါးထင်ထင် တွေ့မြင်နေပါတော့သည်။

မောင်ရင့်ကျူး (မြောင်းမြ)

http://www.dhammadownload.com

ဆရာကြီး ဦးပဂ္ဂိုဠိနှင့် အနတ္တသာသနာ



ပ-သုံးလုံး ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်ကို စတင် တည်ထောင်သော အာဒိကမ္မိကဆရာကြီး ဦးပဂ္ဂိုဠိ ၏ စိတ်ရင်းသဘောထားကား -

"**အနတ္တပေါက် ဝိပဿနာပညာ**" ရပ်ပဲ ဖြစ်ပါသည်။ အနတ္တပေါက် ဝိပဿနာပညာကို သူကိုယ်တိုင်လည်း နားလည်သဘောပေါက်ပြီး ကိုယ်တိုင်လည်း ကျင့်ကြံအားထုတ်သွားပါသည်။ အချိန်ရှိသမျှ ဒီတရားပဲ ကြံစည်နေ၍ အချိန်ကို အတော် တန်ဖိုးထားသော ပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။

ဆရာကြီး၏ အဓိက ဖြစ်စေလိုသော အချက်ကား - ပြည်တွင်း ပြည်ပ သာသနာပြု စေလွှတ်ကြရာတွင် "**အနတ္တပေါက် ဝိပဿနာပညာ**" ကို ပါသွားစေလိုသော အချက်ပင် ဖြစ်ပါသည်။

အထူးအားဖြင့် ဆရာကြီး၏ စေတနာမှာ မြန်မာပြည် ကျေးဇူးရှင် တောင်သူဦးကြီးများကို ပိုမိုပြီး ဖြန့်ဝေပေးစေချင်ပါသည်။ ဘယ်လောက်အထိ ရည်မှန်းချက်ရှိပါသလဲဆိုရင် စာသင်ကျောင်းတွေမှာ ကျောင်းသားအရွယ်ကစပြီး ဝိပဿနာ အခြေခံကျင့်စဉ်ကို သဘောပေါက်လာအောင် ကျောင်းသုံး ဘာသာရပ်အဖြစ် ပြဋ္ဌာန်းပြီး သင်ပေးထားဖို့အထိ ရည်ရွယ်ချက်ကြီးမားတော်မူခဲ့ပါသည်။

ဝိပဿနာဆိုတော့ လူတွေက လန့်ကြတယ်။ တကယ်တော့ စိတ်သဘော၊ စေတသိက်သဘော၊ ရုပ်သဘော၊ နိဗ္ဗာန်သဘောတွေကို လေ့လာရတဲ့ အလုပ်ပါပဲ။ တစ်နည်းအားဖြင့် ကိုယ့်ဘဝကိုယ် စစ်တမ်းထုတ်နေရခြင်းပဲ ဖြစ်ပါတယ်၊ ကိုယ်နဲ့ပတ်သက်တာမှ ကိုယ်မသိရင် "ဘာမှန်းမသိတော့၊ ညာမှန်းမသိတော့" ဘူးပေါ့။ ဒီလိုသဘောတရားတွေကို သဘောပေါက်လာပြီ ဆိုရင်လည်း ကိုယ့်ကိုယ်လည်း ကိုယ်အထင်မကြီးတော့ဘူး။ သူများကိုလည်း အထင်မကြီးတော့ပါဘူး။

ဒါကြောင့် ဆရာကြီး ပြောလေ့ပြောထ ရှိတာက သူလည်း နာမ်နဲ့ရုပ်ပဲ ရှိတယ်၊ ကိုယ်လည်း နာမ်နဲ့ရုပ်ပဲ ရှိတယ်။ ဒီနာမ်ရုပ်ကလွဲလို့ ဘယ်သူမှ ပိုမရှိနိုင် တဲ့။

ဒီလိုဖြစ်စေချင်တာကလည်း မြန်မာနိုင်ငံမှာ ထေရဝါဒ ဗုဒ္ဓဘာသာကို အများစု ကိုးကွယ်ကြသည့် အတွက် ငယ်စဉ်ကတည်းက ဘုရားမူကို ရိုက်သွင်းထားပေးစေချင်လို့ပဲ ဖြစ်ပါတယ်။ ဘုရားမူဆိုတော့ ဗုဒ္ဓဘာသာများနှင့်သာ ဆိုင်တယ်လို့ သိနေကြပါတယ်။ တကယ်တော့ ဘုရားမူဆိုတာ ဘုရားက သူ့သဘောနဲ့သူ ဟောထားတာ ပညတ်ထားတာလို့ သိနေကြတယ်။ ဒီလို မဟုတ်ပါဘူး။

စာသင်ကျောင်းတွေမှာ ကျောင်းသားအရွယ်ကစပြီး ဝိပဿနာ အခြေခံကျင့်စဉ်ကို သဘောပေါက်လာအောင် ကျောင်းသုံး ဘာသာရပ်အဖြစ် ပြဋ္ဌာန်းပြီး သင်ပေးထားဖို့အထိ ရည်ရွယ်ချက် ကြီးမားတော်မူခဲ့ပါသည်။

http://www.dhammadownload.com

အမှန်မှာတော့ "အနတ္တပေါက် ဝိပဿနာပညာ" ဆိုတာ လောကဓာတ်ကြီးတစ်ရပ်လုံးရဲ့ အလွန်သိမ်မွေ့နက်နဲသော အဘိမဟာသဘော တရားတွေကို သဗ္ဗညုတဉာဏ်တော်ဖြင့် သိတော်မူ၍ သတ္တဝါအားလုံးရဲ့ အကျိုးစီးပွား အလိုငှာ မဖောက်မပြန် မှန်ကန်နေသော အဟုတ်ရှိတဲ့တရားများကို ဖော်ပြပေးခြင်းပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဒီအဘိမဟာတရားဆိုတာ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့နှင့်သာ ဆိုင်သည်မဟုတ်။ ဘာသာတိုင်း၊ လူမျိုးတိုင်းနှင့် ဆိုင်သော ဓမ္မသဘောတွေဖြစ်ပါတယ်။ သက်ရှိ သက်မဲ့၊ သတ္တလောက၊ သခ်ၤါရလောက၊ ဩကာသလောကဆိုတာလည်း ဒီသဘောတရားတွေပဲ ဖြစ်ပါတယ်။ အဲဒီ တရားအားလုံးဟာ အနတ္တတွေချည်းပဲလို့ ထုတ်ဖော် ဟောပြောခြင်းဖြစ်ပါသည်။

ဆရာကြီးရဲ့ ရည်ရွယ်ချက်က ငယ်စဉ်ကတည်းက အဘိဓမ္မာသဘောတရားတွေ သိထားခဲ့ရင် တစ်နည်းအားဖြင့် စိတ်သဘော၊ စေတသိက်သဘော၊ ရုပ်သဘော၊ နိဗ္ဗာန်သဘောတွေကို သိထားခဲ့ရင် ဘဝတစ်လျှောက်မှာ ဗုဒ္ဓယဉ်ကျေးမှု အမွေအနှစ်တွေ ရစေပါတယ်။ မိမိ၏ ဘဝဖြစ်စဉ် သဘောကိုလည်း နားလည်သဘောပေါက်ပြီး လိမ္မာရေးခြား ရှိလာမှာဖြစ်ပါတယ်။ ကြီးပြင်းလာလို့ တရားအားထုတ်တဲ့အခါမှာလည်း အလွယ်တကူ တရားအားထုတ်နိုင်ပါတယ်။

ဒါကြောင့် ဘုရားသာသနာ၊ တရားစစ်၊ တရားမှန် ပြန့်ပွားရေးကို အဓိကထားပြီး ရဟန်းသင်တန်း၊ လူသင်တန်းတွေဖွင့်၍ သာသနာပြုနေခြင်းပဲ ဖြစ်ပါတယ်။ ဝိပဿနာပညာ တတ်ချင်လို့ သင်တန်းလာတက်လျှင် မတတ်တတ်အောင် သင်ပေးပါသည်။

အဖွဲ့ချုပ်ကြီးပွားရေးကို ရှေ့တန်းမတင်ခဲ့ပါဘူး၊ အဖွဲ့ချုပ်ကြီးမှာ ပရိသတ်တွေနဲ့ စည်ကားနေဖို့ကိုလည်း အာရုံမစိုက်ခဲ့ပါဘူး။ ဒါကြောင့်လည်း အဖွဲ့တည်ရာဌာနဆိုလို့ သင်တန်းဖွင့်ဖို့ ဓမ္မာရုံတစ်လုံးသာ ရှိခဲ့ပါတယ်။ အဖွဲ့အနေဖြင့် မထင်မရှား ရှိခဲ့သော်လည်း သာသနာပြန့်ပွားရေး အားထုတ်ခဲ့တာက တော့ အတော်အားရဖို့ ကောင်းပါသည်။

သင်တန်းနည်းပြ ပဓာနနာယကဆရာတော်ကြီး ၃-ပါးမှာလည်း ကိုယ့်ကျောင်းကိုယ်နေ၊ ကိုယ့်ဆွမ်းကိုယ်စားပြီး သင်တန်းချိန်နီးမှ ကြွလာတော်မူကြရပါသည်။ သင်တန်းပြပြီးလျှင် ကိုယ့်ကျောင်း ကိုယ်ပြန်ကြွကြပါသည်။ ဆရာကြီး ရှိစဉ်ကတည်းက အဖွဲ့ချုပ်ကြီးပွားရေးကို ပြောဆိုသံတောင် မကြားခဲ့ရပါဘူး။

ထိုအချိန်က ဆရာကြီးသာ ဒီလိုစိတ်ဓာတ်မျိုး ရှိမယ်ဆိုရင် နေရာထိုင်ခင်း ပြည့်ပြည့်စုံစုံနဲ့ တရားစခန်းတွေ ဖွင့်ဖို့ အခွင့်အလမ်းတွေ သာခဲ့ပါသည်။ ဆရာကြီးရဲ့ စိတ်ထားက တရားနှလုံး သွင်းတတ်အောင် သင်ပေးတဲ့နည်းကိုပဲ ကျင့်သုံးခဲ့ပါသည်။ သိရသလောက်ဆိုရင် ဖိတ်ခေါ်တဲ့ အိမ်တွေမှာ လိုက်ပြီး သင်တန်းဖွင့်ပေးပါတယ်။ ရပ်ကွက် ဓမ္မာရုံတွေမှာလည်း သင်တန်းဖွင့်ပေးပါတယ်။ နယ်လှည့်ပြီး သင်တန်းပေး တရားတွေ ဟောခဲ့ပါတယ်။

ထို့နောက် ရွှေတိဂုံစေတီတော် တောင်ဘက်စောင်းတန်းဦး ရွှေကျင်မြို့နယ် ဓမ္မာရုံမှာ နှစ်ပေါင်းများစွာ ရဟန်းသင်တန်း၊ လူသင်တန်းတွေ ဖွင့်ခဲ့ပါတယ်။ ယခုအခါ ပဓာနနာယကဆရာတော်ကြီး ၃-ပါးက ရွှေတိဂုံစေတီတော် အရှေ့စောင်းတန်းဦး၊ ပ-သုံးလုံး ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်၊ ဝိပဿနာပညာတက္ကသိုလ် ဓမ္မာရုံကြီးမှာ ဆက်လက်သင်ကြားနေပါတယ်။

သင်တန်းများ အခြေအနေကို ဖော်ပြရမည်ဆို့လျှင် ၁၉၆၇-ခုနှစ်မှစ၍ တစ်နှစ်လျှင် ဝါတွင်း ရဟန်းတော်များသင်တန်း၌ အပါး ၂၀၀-ခန့်၊ ၃၂-နှစ် ရှိပါပြီ။ သံဃာအပါး ၆၄၀၀-ခန့် သင်တန်း တက်သွားကြပြီး ဖြစ်ပါတယ်။

http://www.dhammadownload.com

သံယာတစ်ပါးလျှင် လူ ၅၀၀-ကို ဟောပြောပြသပေးနိုင်သည် ထားပါစို့။ ၆၄၀၀×၅၀၀-၃၂၀၀၀၀၀ လူပေါင်း သုံးသန်းနှစ်သိန်း ပြန့်ပွားသွားနိုင်အောင် ရည်မှန်း၍ ရဟန်းတော်သင်တန်းများ ဖွင့်ရခြင်းဖြစ်ပါသည်။ ကျေးဇူးရှင် တောင်သူဦးကြီးများထံ ဖြန့်ဝေတဲ့နည်းကို ဆောင်ရွက်လိုက်ခြင်းပင် ဖြစ်ပါသည်။

ထို့အပြင် အထူးမွမ်းမံသင်တန်းများ အနေဖြင့် စာအားရှိသော ကျောင်းထိုင်ဘုန်းကြီးများအား ဝိပဿနာဆရာဖြစ် သင်တန်း ၅-ကြိမ် ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါသည်။ ဆွမ်းကွမ်း ဆက်ကပ်လှူဒါန်းပြီး နေ့ရောညပါတစ်လခန့် အနီးကပ်သင်ကြားပို့ချလျက်ရှိရာ ကျက်စာများကို အာဂုံရစေ၍ ပြန်ဆိုခိုင်းခြင်း၊ လက်တွေ့ဟောပြောစေခြင်းဖြင့်လည်း သင်ကြားပေးပါသည်။ တစ်ကြိမ်လျှင် သံယာအပါး ၄၀×၅-ကြိမ် သံယာတော်အပါး ၂၀၀ ခန့် "ရဟန်းတော်များ ဝိပဿနာဆရာဖြစ်သင်တန်း" ပို့ချပြီး ဖြစ်ပါသည်။

ဆရာကြီးက ဒီနည်းဖြင့် ပရိသတ်များအောင် ဆောင်ရွက်ခဲ့ပြီး သူ့ရဲ့သာသနာပြု ရည်မှန်းချက်ကို အခြေချပေးခဲ့ပါသည်။ ပရိသတ်ရဲ့ဝန် ပေါ်ပါးသော သာသနာပြုနည်းပင် ဖြစ်ပါတော့သည်။

ဆရာကြီး၏အမြင်

အတ္တနှင့်အနတ္တ ကွဲဖို့ အရေးကြီးခြင်း

တစ်ကမ္ဘာလုံး၏ အယူဝါဒမှာ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ စသော အတ္တအယူများ ဖြစ်ကြ၍ လောကဓာတ်ကြီးတစ်ရပ်လုံးကို အနာဝရဏဉာဏ်၊ သမ္ဗညုတဉာဏ်တော်တို့ဖြင့် ကိုယ်တော်တိုင် ထိုးထွင်း၍ သိမြင်တော်မူရသော သဘာဝဓမ္မမှာ အတ္တမဟုတ်၊ အတ္တမရှိ၊ အနတ္တသဘာဝဓမ္မမျှသာ ရှိ၏။ အတိုချုပ် ဆိုလိုရင်းကား **တစ်ကမ္ဘာလုံး၀ါဒ မှာ အတ္တ၀ါဒဖြစ်၍ ဗုဒ္ဓမြတ်စွာ၏၀ါဒမှာ အနတ္တ၀ါဒ ဖြစ်၏**။ ထို့ကြောင့် သုတ္တန်နည်း၊ အဘိဓမ္မာနည်းတို့ဖြင့် အတ္တနဲ့ အနတ္တကွဲအောင် သုတမယဉာဏ်အားဖြင့် (အနုမာနအားဖြင့်) တိကျပြတ်သားစွာ ရှေးဦးစွာ နားလည်ထားရပေမည်။ ဆရာဖြစ်သူက နားမလည်သည်ကို နားလည်စေရန် (အနုသာသနီနည်း) အမျိုးမျိုးသောနည်းတို့ဖြင့် သင်ပြပေးရမည်။

တပည့်ဖြစ်သူကိုလည်း အတ္တနဲ့ အနတ္တ ကွဲပြီလော၊ နားလည်ပြီလော ဟု ထပ်ကာ ထပ်ကာ စုံစမ်းမေးမြန်းလျက် နားလည်သည်အထိ သင်ကြားပြသပေးရပေမည်။ ဝိပဿနာဘာဝနာကို ပွားများ အားထုတ်လိုသော ပုဂ္ဂိုလ်သည် သုတမယဉာဏ်အားဖြင့် အတ္တနှင့် အနတ္တကွဲအောင် ပြသနိုင်သော ဆရာကောင်းကို ရှာဖွေသင်ယူရမည်။ ဤအချက်သည်ကား ရှေးဦးစွာ အရေးကြီးသော အချက်ကြီးတစ်ရပ်ဖြစ်၏။ သုတမယဉာဏ်အားဖြင့် အတ္တနှင့် အနတ္တ မကွဲသေးလျှင် ရှေ့ဘာဝနာလုပ်ငန်းသို့ မတက်သင့်သေးချေ။

ထို့ကြောင့် "**သဗ္ဗေဓမ္မာ အနတ္တာ**" ဆိုတဲ့ ပါဠိတော်ကို အဖွဲ့ချုပ် တံဆိပ်နှိပ်ပြီး သတိပေးလျက် ရှိပါသည်။

သဗ္ဗေ - ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော
ဓမ္မာ - လောကီ လောကုတ်၊ အဟုတ်စွဲမှတ်၊ ပရမတ် ပညတ်တရားတို့သည်
အနတ္တာ - သတ္တဝါအလို၊ ပုဂ္ဂိုလ်အကြိုက်၊ ကျင့်စရိုက်သို့၊ မလိုက်မလျော၊ သဘောရှိရာ၊ ဘာသာဘာဝ၊ ဖြစ်ပျက်ကြ၍၊ အတ္တမဟုတ်၊ ဓာတ်နှစ်ပါး ဓာတ်ဖွဲတို့ချည်းသာတည်း။
(၀ါ) သူဖြစ်ချင်သလိုဖြစ်၊ သူပျက်ချင်သလို ပျက်၍နေသော အနတ္တတရားတွေပါတကား။

အထူးအားဖြင့် . . .

စာအားရှိသော သီလရှင်များလည်း အတော်များများ ပေါ်ထွန်းလျက်ရှိပါသည်။

ဝိပဿနာဆရာဖြစ်သင်တန်း တက်ရောက်ပြီးတော်ကြို တောင်ကြားမကျန် ဟောပြောနိုင်ကြပါက

http://www.dhammadownload.com

ဓမ္မဝိဟာရီပုဂ္ဂိုလ် ဖြစ်ရန် ကြိုးစားတော်မူအပ်၏

(စာမျက်နှာ ၉၀)

ဘုဒ္ဓမြတ်စွာ ဟောတော်မူအပ်သော တရားတော် အရပ်ရပ်တို့၏ လိုရင်းပဓာန အချက်ကြီးကို ဆွဲထုတ်လိုက်သည်ရှိသော် အပါယ်လေးပါး တံခါးကိုပိတ်စေ၍ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရေးအတွက် "ဝိပဿနာဘာဝနာ" ကို ပွားများအားထုတ်ရခြင်း ဖြစ်ပါသည်။ ပရိယတ်တွင် ရပ်နားနေတော်မူရန် မဟုတ်ပါ။ ပရိယတ္တိသည် ပဋိပတ္တိနှင့် ပဋိဝေဓအတွက် အစမျှသာ ဖြစ်ပါသည်။ ထို့ကြောင့် စာအားရှိတော်မူကြသော ဆရာတော်ကြီးများအား တစ်နေ့လျှင် တစ်ကြိမ်၊ တစ်ကြိမ်လျှင် ၂-နာရီခန့်၊ ၅-ကြိမ်မှ ၉-ကြိမ်အတွင်း ပါဠိတော်အရပ်ရပ်တို့နှင့် ကိုက်ညီစွာ ပွားများအားထုတ်တော်မူနိုင်ရန် ဓမ္မဒါန ပြုလုပ်လိုသည် ဖြစ်ပါ၍ အလှူခံတော်မူကြရန် ရိုသေလေးမြတ်စွာ ရှိခိုး လျှောက်ထားပုံပါသည် အသျှင်သူမြတ်တို့ ဘုရား။ ။ အထူးကား မြန်မာပြည်အရပ်ရပ်တို့မှ ဆရာတော်ကြီးများ ကြွရောက်အလှူခံတော်မူကြပါသည်။ ထိုတွင် ဓမ္မာစရိယ၊ ပါဠိပါရဂူမျှသာမက အဂ္ဂမဟာပဏ္ဍိတဆရာတော်လည်း ပါရှိပါသည်။ ထိုဆရာတော်ကြီးများထံမှလည်း နှေးအဖို့၌ မည်သို့ ဆက်လက် ဆောင်ရွက်ရမည်ဟု ညွှန်ကြားတော်မူသည်တို့ကိုလည်း နာခံမှတ်သားရပါသည် အသျှင်သူမြတ်တို့ဘုရား။ ။ ဤမှန်သော သစ္စာစကားကို ဆိုခြင်းဖြင့် သာသနာတော်မြတ်ကြီး သန့်ရှင်းစင်ကြယ်လျက် အဓွန့်ရှည်စွာ တည်ပါစေသတည်း။ (လိပ်စာ-၉၁၊ လူအိုရုံလမ်း (ဒေါ်သိန်းတင်လမ်း) ကန်တော်ကလေး၊ ရန်ကုန်မြို့)

သေခါနီးလျက်ရှိသော
ပဂ္ဂိုဠိ
၁၂၅၉ ခုနှစ်ဖွား။

ဦးပဂ္ဂိုဠိ၊ ဝိပဿနာဘာဝနာ နှစ်စောင်တွဲ၊ နိဗ္ဗါန်း။

မြတ်စွာဘုရား အလိုရှိတော်မူသည့် "ဟိတာယ သဗ္ဗ ပါဏိနံ" အတိုင်း ဖြစ်မှာ ဖြစ်ကြောင်း စိတ်ကူးယဉ်ရပါသည်။

ဦးအောင်ခင်
(ပ-သုံးလုံး ဥပါသကာ)

အဘိဓမ္မာတရားဆိုတာ ဘုဒ္ဓဘာသာ မြန်မာလူမျိုးတို့နှင့်သာ ဆိုင်သည် မဟုတ်။ ဘာသာတိုင်း၊ လူမျိုးတိုင်းနှင့် ဆိုင်သော ဓမ္မသဘောတွေ ဖြစ်ပါတယ်။

http://www.dhammadownload.com

လောကီ လောကုတ္တရာပညာနှင့် ဦးပဂ္ဂိုဠ်

ညွန့်ဟံ (ကြူတော)

စာနယ်ဇင်းတစ်ခေတ်ဆန်းသစ်စေသူ၊ မြန်မာတို့အား အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်တက်စေသူအဖြစ် တိုးတက်ရေးဦးစိန်ကို ကျွန်တော်တို့ လေးစားကြသည်။

ကျွန်တော်တို့ စာပေနယ်ပယ်တွင် ကျင်လည်ရင်း စာရေးဆရာ သတင်းစာဆရာများအဖြစ် ဂုဏ်ယူစွာ သိမှတ်ခံယူလေ့ရှိကြသည်။ ခေတ်အဆက်ဆက် အဖွဲ့အစည်းတွေလည်း ပေါ်ထွန်းခဲ့သည်။ မျက်မှောက်ခေတ်တွင် အစိုးရမဟုတ်သော အဖွဲ့အစည်းအဖြစ် တည်တံ့စွာရှိသော အဖွဲ့အစည်းတစ်ခုကား "စာပေနှင့် စာနယ်ဇင်း" အဖွဲ့ ဖြစ်သည်။ ဤနေရာတွင် ကျစ်လျစ်သော ဝေါဟာရဖြစ်သည့် စာနယ်ဇင်း ဆိုသည့် စကားရပ်က စိတ်ဝင်စားဖွယ် ဖြစ်၏။ အင်္ဂလိပ်ဘာသာစကား ဝေါဟာရ Periodicals နှင့် သဘောချင်း ညီမျှသည်။ ယခုသော် စာရေးဆရာ၊ သတင်းစာဆရာများကို ပေါင်းရုံး၍ စာနယ်ဇင်း သမားများဟူ၍ လူသိများနေ၏။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းဟူသော အချိန်မှန်ထုတ် စာစောင်များကို သိမ်းကျုံးပြီး အတိုကောက် သုံးနှုန်းခြင်း ဖြစ်၏။

အဆိုပါ စာနယ်ဇင်း ဝေါဟာရနှင့် ပတ်သက်၍ စတင် တီထွင်သူ၏အမည်ကို စူးစမ်းကြည့်မိ၏။ ကျွန်တော်တို့ စာတော်ပေတော်တွင် စိတ်ဝင်စားသည့် ကာလကပင် သိမှတ်ခဲ့ရသည်။ တိုးတက်ရေးဦးစိန် အမည်ခံ စာရေးဆရာကြီးဦးပဂ္ဂိုဠ် ဖြစ်လေသည်။ စာနယ်ဇင်းတစ်ခေတ်ဆန်းသစ်စေသူ၊ မြန်မာတို့အား အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်တက်စေသူအဖြစ် တိုးတက်ရေးဦးစိန်ကို ကျွန်တော်တို့ လေးစားကြသည်။ ဆရာကြီးသည် စာနယ်ဇင်းလောကကို တစ်ခေတ်ဆန်းစေသည်သာမက လောကုတ္တရာရေးဖြစ်သော ဝိပဿနာကျင့်စဉ်ကိုပါ ထူးခြားပြောင်မြောက်စွာ ကြိုးပမ်းခဲ့သူ ဖြစ်၏။ သို့ဖြစ်၍ ဆရာကြီး၏ အကြောင်း တစေ့တစောင်း ဝဲစောင်းကြည့်မိ၏။ ထူးခြားသော သမိုင်းဖြစ်စဉ်ကို တွေ့ရပေ၏။

ဦးပဂ္ဂိုဠ်သည် အမည်ရင်းဖြစ်၏။ တိုးတက်ရေး မဂ္ဂဇင်းထုတ်ဝေရာမှ နောင်တွင် 'တိုးတက်ရေးဦးစိန်' အမည်ဖြင့် ထင်ရှားသည်။ လူသိများကာ ကျော်ကြားသည်။ စာမျိုးစုံလင်အောင် ရေးဖွဲ့သူ ဖြစ်၏။ မြန်မာတို့၏ အမျိုးသားရေး လှုပ်ရှားမှုတွင် အားမာန် အပြည့် ပါဝင်ခဲ့သူ ဖြစ်ကြောင်း တွေ့ရသည်။

သူဘဝ သူအတ္ထုပ္ပတ္တိ၊ သူကြိုးပမ်းမှုများက စိတ်ဝင်စားဖွယ် ဖြစ်ရ၏။ "ကြိုးပွားချမ်းသာရေး" စာတစ်အုပ်တည်းဖြင့် စာပေလောကသို့ အောင်မြင်စွာ ထိုးဖောက် ဝင်ရောက်နိုင်ခဲ့သော ဦးစိန်သည် ခရစ်နှစ် ၁၈၉၇-တွင် နတ္တလင်းမြို့၌ အဖဦးဘိုးဆိတ်၊ အမိ ဒေါ်ဖွားစိန်တို့မှ ဖွားမြင်သည်။ ကာယဗလ ဦးရှိန်၏ ညီအရင်းဖြစ်သည်။

ငယ်စဉ်က နတ္တလင်းမြို့ ဆရာချက်၏ လောကဓာတ်ကျောင်းတွင် စတင် ပညာသင်ကြားခဲ့ပြီး ရန်ကုန်မြို့ အစိုးရဟိုက်စကူးကျောင်းသို့ ရွှေ့ပြောင်းကာ ခုနစ်တန်းအထိ ပညာသင်ယူခဲ့သည်။ ကျောင်းမှ ထွက်ပြီးနောက် ဝီလျံဂျက်ကုမ္ပဏီတွင် ဝင်ရောက် အလုပ် လုပ်ကိုင်သည်။ ယင်းသို့ အလုပ်လုပ်ကိုင်ရင်း ရသမျှအချိန်ကို အကျိုးရှိစွာ သုံးစွဲသည်။ ခရစ်နှစ်

http://www.dhammadownload.com

၁၉၂၀-ပြည့်နှစ်မှ စ၍ ကြီးပွားချမ်းသာရေး အမည်ရှိသည့် စာအုပ်ကို ရေးသားခဲ့သည်။ ၁၉၃၀-ပြည့်နှစ်တွင် ပထမအကြိမ် စတင် ပုံနှိပ်သည်။ စာအုပ်ကို စတင်ရေးသားချိန်က အသက် ၂၃-နှစ် အရွယ်မျှသာ ရှိသေးသည်။

အဆိုပါစာအုပ်တွင် "ကြိုးစားက ဘုရားဖြစ်နိုင်၏" ဟု တိုးတက်ရေးဦးစိန်က ကြွေးကြော်ခဲ့သည်။ ကြွေးကြော်ခဲ့သည့်အတိုင်း အောင်မြင်လေသည်။ အကြောင်းရှိ၏။ တစ်နှစ်နှင့်သုံးလအတွင်း ယင်းစာအုပ်ကို ဒုတိယအကြိမ် ရိုက်နှိပ်ရလေသည်။ ထိုစဉ်က ခုနစ်တန်းအတွက် ကျောင်းသုံးပြဋ္ဌာန်းခြင်း ခံရသည်။

ကြီးပွားချမ်းသာရေး စာအုပ်အပြင် ၁၉၃၃-ခုနှစ် အောက်တိုဘာလ ၁၄-ရက်တွင် တိုးတက်ရေးမဂ္ဂဇင်း ထုတ်ဝေသည်။ မဂ္ဂဇင်း၏ ကြွေးကြော်သံကား "ကြိုးစားက ဘုရားဖြစ်နိုင်၏' ဟူ၍ ဖြစ်ပါ၏။ ကြီးပွားချမ်းသာရေး စာအုပ်ကဲ့သို့ပင် တိုးတက်ရေး မဂ္ဂဇင်းသည် မြန်မာပြည်သူလူထုအား ကောင်းကျိုးဆောင်နိုင်ခဲ့၏။ မဂ္ဂဇင်းတစ်ခေတ် ဆန်းသစ်စေပြီး ခေါင်းဆောင်မှု ပေးနိုင်၏။ အားပေးသည့် ပုဂ္ဂိုလ်များမှာ ဆရာလွန်း၊ ဦးဖိုးစိန် စသူတို့ ဖြစ်၏။ မြန်မာအမည်တွင် မဂ္ဂဇင်းဟု မသုံးသော်လည်း အင်္ဂလိပ်အမည်တွင် The Efficency ဟု အမည်ပေး သုံးစွဲသည်။ ထုတ်ဝေစက အယ်ဒီတာ ဟံသာဝတီဦးဘရင် ဖြစ်ပြီးနောင်တွင် တိုးတက်ရေးဦးစိန်က အယ်ဒီတာ တာဝန်ယူခဲ့၏။

မဂ္ဂဇင်းမျက်နှာဖုံး၌ မျိုးချစ်စာရေးဆရာကြီးများ၊ အယ်ဒီတာများ၊ ဘွဲ့ရအမျိုးသမီးများ၊ တိုးတက်တိထွင်သော ပုဂ္ဂိုလ်ကြီးများ၏ ပုံများကို ဖော်ပြလေ့ရှိ၏။ ၁၉၄၀ ပြည့်နှစ် နောက်ပိုင်းတွင် ပြည်ပနိုင်ငံရေးအခြေအနေကို ဖော်ပြသော ရုပ်ပြောင်များကို မျက်နှာဖုံး သုံးသည်။

ခေါင်းကြီးပိုင်းတွင် စာပေ၊ နိုင်ငံရေးနှင့် တိုးတက်ရေးဆိုင်ရာ အကြောင်းအရာများကို ရေးသားသည်။ အတ္ထုပ္ပတ္တိခန်းတွင် ရှင်စောပု၊ ဦးဖေမောင်တင် စသည့် ပြည်တွင်းသက်ရှိ၊ ကွယ်လွန် ပုဂ္ဂိုလ်ကြီးများ၏ အတ္ထုပ္ပတ္တိ၊ နိုင်ငံရပ်ခြားမှ ချားလ်ဒစ်ကင်း၊ ရှိတ်စပီးယား၊ ကာလ်မတ် စသည့် စာပေနှင့် နိုင်ငံရေး လောကတွင် ထင်ရှားသူများ၏ အကြောင်းအရာတို့ကို ဖော်ပြသည်။ စာဓပခန်း၌ ဝေါဟာရအကြောင်း၊ ဟိတောပဒေသဘာသာပြန်၊ မြို့မမောင်၏ ဝတ္ထုရေးနှင့် ရွေးဟောင်းစာပေများ ပါဝင်၏။ ကဗျာခန်းလည်း ပါသည်။ အမျိုးသမီးဆောင်းပါးကဏ္ဍလည်း ပါ၏။ နိုင်ငံခြားသတင်းခန်းလည်း ပါသည်။ လစဉ်ထုတ် စာအုပ်များအကြောင်း ဖော်ပြသော စာအုပ်ရည်ညွှန်းချက်အခန်းနှင့် တက္ကသိုလ်ကဏ္ဍအဖြစ် တက္ကသိုလ်ခန်းလည်း ပါဝင်ပေသည်။ ရွှေဥဒေါင်း၏ စုံထောက်မောင်စံရှားဝတ္ထုများကြောင့်လည်း ထင်ရှားသည်။ တိုးတက်ရေးမဂ္ဂဇင်းသည် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ခါနီးအထိ ထုတ်ဝေခဲ့သော် မဂ္ဂဇင်း ဖြစ်သည်။ တိုးတက်ရေးဦးစိန်၊ ဦးပဂိုဠိနှင့် ပတ်သက်သော ခေတ်ဦးမဂ္ဂဇင်း စွမ်းဆောင်ချက် ဖြစ်လေသည်။

၁၉၃၆-ခုနှစ်၊ ဇွန်လ ၆-ရက်၊ စနေနေ့မှစ၍ ဦးစိန်သည် ဘားမားဂျာနယ်ကို စတင်ထုတ်ဝေခဲ့သည်။ ထို့နောက် ၁၉၃၆-ခုနှစ်၊ မေလ ၃-ရက်၊ အဂါနေ့မှ စ၍ တိုးတက်ရေးသတင်းစာကို စတင်ထုတ်ဝေခဲ့ပေသည်။ တိုးတက်ရေးမဂ္ဂဇင်း၊ ဘားမားဂျာနယ်နှင့် တိုးတက်ရေးသတင်းစာ သုံးမျိုးစလုံးကို တစ်ပြိုင်တည်း ထုတ်ဝေသည်။

သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ စုစည်းသော စာနယ်ဇင်းလုပ်ငန်းကို တစ်ခေတ်တွင် တစ်ယောက်ထူးချွန်စွာ ဆောင်ရွက်သည့် ပုဂ္ဂိုလ်ကြီး ဖြစ်လေသည်။ ကလောင်အမည် နှစ်မျိုးစလုံးလည်း ထင်ရှားလာပေသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် ၁၉၄၆-ခုနှစ်၊ ဖေဖော်ဝါရီလ ၂-ရက်၊ စနေနေ့မှစ၍ ဦးစိန်သည် တိုးတက်ရေးဂျာနယ်ကို ထုတ်ဝေပြန်သည်။

http://www.dhammadownload.com

လွတ်လပ်ရေးရပြီးနောက် တိုးတက်ရေးဂျာနယ်မှ တိုးတက်ရေး သတင်းစာအဖြစ် ပြောင်းလဲကာ နေ့စဉ် ထုတ်ဝေခဲ့ရာ ၁၉၅၄-ခုနှစ်အထိ ဖြစ်သည်။

တက်ကျမ်းများဟုဆိုသည့် ကြီးပွားရေး ချမ်းသာရေး စာအုပ်များအပြင် ဆရာကြီးပီမိုးနင်း၊ ဆရာကြီး ဒဂုန်နတ်ရှင်တို့နှင့် တွဲဖက်ကာ တိုးတက်ရေး လက်စွဲကိုလည်းကောင်း၊ ဆရာကြီး ပီမိုးနင်းနှင့် တွဲဖက်လျက် ဟန်ကျပန်ကျကိုလည်းကောင်း ရေးသားထုတ်ဝေသည်။

ထို့ပြင် အလုပ် ကံနှင့် စိတ်တန်ခိုး၊ ဗမာနှင့် ဘင်္ဂ၊ ပြည်တွင်းငြိမ်းချမ်းရေး ကမ္ဘာ့ငြိမ်းချမ်းရေး စာအုပ်များကိုလည်း ရေးသားပြုစုခဲ့သေးသည်။

ထို့နောက် ဝိပဿနာတရားများကို စွဲစွဲမြဲမြဲ လေ့လာ လိုက်စားသည်။ လေ့လာမှုက ထက်မြက်ပေရာ ဝိပဿနာသင်တန်းပြ ဓမ္မကထိကတစ်ဦးအဖြစ် ဆောင်ရွက်နိုင်သည်အထိ ပါရမီ ရင့်သန်လာသည်။ ထိုမှတစ်ပါး ဝိပဿနာအခြေခံနှင့်အဖြေမှန်စာအုပ်၊ ဂမ္ဘီရဝိပဿနာရှုဘွယ်(သုံးတွဲ) တို့ကို ပြုစုသည်။

ဦးစိန်၏ ထူးခြားသော ကြိုးပမ်းချက် ရှိသေး၏။ ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ကို တည်ထောင်ပြီး ဝိပဿနာသင်တန်းများ ဖွင့်လှစ်သင်ကြားခြင်း ဖြစ်သည်။ ယင်းသင်တန်းအတွက် ဝိပဿနာ ဘာဝနာ နှစ်စောင်တွဲနှင့် ဝိပဿနာပညာသည် ဒုလ္လဘဟူသော စာအုပ်များကို ရေးသားပြုစုခဲ့သည်။

လောကီရေး လောကုတ္တရာရေးတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သော ဦးပဂ္ဂိုဠ်(တိုးတက်ရေးဦးစိန်) သည် ၁၉၇၈-ခုနှစ်၊ အောက်တိုဘာလ ၅-ရက်ည၊ အသက် ၈၁-နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။

ကျွန်တော်တို့ ဇနီးမောင်နှံ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ရွှေတိဂုံစေတီတော်ကို သွားရောက် ဖူးမြော်လေတိုင်း၊ အခွင့်သာ၍ ပ-သုံးလုံး ဝိပဿနာကျင့်စဉ် ရှိရာ ထိုဝန်းကျင်ကို ရောက်လေတိုင်း သတိတရ ရှိမိသည်။ မြန်မာ့စာပေလောကနှင့် လောကုတ္တရာနယ်

ဦးညွတ်ပါ၏ မြတ်ဆရာ

* နမာမိ
အာစရိသို့ ဝန္ဒာ
အိုကွယ် -
သဒ္ဓါအတိ စာညိုလို့ ကျွန်ပတ္ထနာ။

* စောဗုဒ္ဓေ
ဟောထုတ်ချေ အာဂမ
ညွှန်ပြကာ ကိုယ်တိုင်ကျင့်
ကမ်းလင့်သူပါ။

* ပ-သုံးလုံး မြတ်ဓမ္မာ
အနတ္တာသို့ ဆိုက်ငြား
အိုကွယ် -
မပြတ်ခါခါပ လိုက်စား။

* နည်းသစ်မထွင်
ခရီးအနှစ် ဆင်ခြင်လို့
သမ္မဇဉ် သေအချာပွားသူရဲ့
အမှန်မြင် အဖြေရှာ မမှားစေဖို့
ဒေသနာတရား အဆိပိုပို့နဲ့
အနေအလာမကြွား ဝစီချုပါတဲ့
ကြည်ညို မှီခို "ပဂ္ဂိုဠ်" ဆရာထူးကို
ဆွေတို့ရယ် -
ဦးညွတ်ဝပ်တွား။ ။

မောင်လင်္ကာ (ပေါက်ခေါင်း)

ပယ်အတွက် ကောင်းကျိုးဆောင်သော ကြိုးပမ်းမှုများကား မေ့မျောက်ဖွယ် မရှိဟု ယုံကြည်ပါသည်။

ညွန့်ဟံ (ကြူတော)

http://www.dhammadownload.com

သူတော်သူမြတ်တို့
ဒုက္ခအစဉ် ငြိမ်းလိုလျှင်

ဗုဒ္ဓမြတ်စွာ ပွင့်ပွင့် မပွင့်ပွင့်၊
ဒုက္ခနှင့် နိဗ္ဗာန် ရှိနေ၏။
နိဗ္ဗာန်ကလွဲလျှင် ဒုတွဲပဲ၊
ဒုက္ခကလွဲလျှင် နိဗ္ဗာန်ပဲ၊
နိဗ္ဗာန်ကို သိမြင်လိုက်လျှင်
ဒုက္ခအစဉ် ငြိမ်းသွား၏။

နိဗ္ဗာန်-အသိအမြင်ပေါ်လာအောင် ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမဖက်၊ သက်သက်နာမ်ရုပ်၊ သက်သက် အကြောင်းအကျိုး၊ ဒုက္ခအစုပဲဟု ရှု။
ဒုက္ခအစုဟူသည်-စိတ်သည်လည်းကောင်း၊ စေတသိက်များသည်လည်းကောင်း၊ ရုပ်များသည်လည်းကောင်း ဖြစ်လျှင် ပျက်ကြ သဘာဝ၊ အမှန် ဒုက္ခ-အစုပဲ။
စိတ်ဖြစ်ပေါ်လျှင် ဒုက္ခ-ဟု မြင်အောင်ရှု။
စေတသိက်ဖြစ်ပေါ်လျှင် ဒုက္ခ-ဟု မြင်အောင်ရှု။
မည်သည့်စိတ်၊ စေတသိက်၊ ရုပ်ဖြစ်ဖြစ် ပုဂ္ဂိုလ် သတ္တဝါ၊ သူ ငါမဟုတ်၊ ဒုက္ခသာ-ဟုတ်သည်ဟု ရှုဉာဏ်ရင့်သန်လျှင် မဖြစ်မပျက်၊ အစဉ်ငြိမ်းတဲ့၊ နိဗ္ဗာန်-မြင်တဲ့ အသိဉာဏ်ပေါ်အံ့။
နိဗ္ဗာန်ကို-သိမြင်လျှင် ဒုက္ခငြိမ်းသွား၏။
မမြင်လျှင်-မငြိမ်းနိုင်ပေ။
နိဗ္ဗာန်အသိအမြင် ပေါ်လာအောင် ဒုက္ခကိုပင်ရှု-လူသူမဟုတ်၊ စိတ်၊ စေတသိက်၊ ရုပ် ဖြစ်တိုင်းပျက်၊ ဒုက္ခအဟုတ် မြင်အောင်ရှု၊
နိဗ္ဗာန်မြင်က ဒုက္ခငြိမ်း၊
မမြင်က မငြိမ်း။

http://www.dhammadownload.com

ဆရာကြီး ဦးပဂ္ဂိုဠ်



စိတ်လှသူ

ဦးသောဘဏ္ဍ [ဘီအေစာမေးပွဲ (၂၈-၃-၁၉၃၅)ကို ကာလကတ္တားမြို့တွင် ဝင်ရောက်ဖြေဆိုခဲ့သူ]၏ ဆောင်းပါးမှ

တနင်္ဂနွေနေ့ တစ်နေ့မှာ နှစ်ဦးနှစ်ဝ ဆုံမိကြလေ၏။ ဦးပဂ္ဂိုဠ်ဟူသော နာမည်ကြောင့် အတော်ချောမည့်သူဟု ကြိုးစွာသော မျှော်လင့်ချက် ရှိခဲ့မိပေ၏။ ရှေးဦးစွာ မျက်လုံးကို ကြည့်ခဲ့၏။ အကြောင်းမူ လူတို့၏အတွင်းသဘော သတ္တိအားလုံးကို မျက်လုံးက ဖော်ပြသောကြောင့် ဖြစ်၏။ မျက်လုံးမှာ အားရစရာကောင်းလှပေ၏။ ထိုမျက်လုံးမှနေ၍ အထွေထွေသော အင်္ဂါအစိတ်အပိုင်းတို့ကို စိစစ်ခဲ့ပေ၏။ မိမိမှန်းခြေနှင့်ကိုက်အောင် လှသောသူတစ်ယောက်ဖြစ်နေကြောင်း တွေ့ရသဖြင့် အလွန်အမင်း ဝမ်းသာရပေတော့၏။

ဤလှခြင်းကား ရုပ်လှသည်မဟုတ်၊ နာမ်လှခြင်းပင် ဖြစ်လေသည်။ (လူအရုပ်ဆိုး သလောက် စိတ်လှသူတစ်ဦးဖြစ်ကြောင်းကို သိခဲ့ရ၏။)

တိုးတက်ရေးမဂ္ဂဇင်း၊ အမှတ်-၂၂၊ ဇူလိုင်၊ ၁၉၃၅။

http://www.dhammadownload.com

ဆရာကြီးဦးပဂ္ဂိုဠ်၏ ဘဝပုံရိပ်

မင်းလှ မြတ်ထွေး

သာယာဝတီ နတ္ထလင်းသား မောင်စိန်

ကိုလိုနီခေတ် ဗြိတိသျှအစိုးရသည် ဗြိတိသျှကုန်သည်များ အကျိုးအတွက် မြန်မာနိုင်ငံအတွင်း မီးရထားလမ်းများ ဖောက်ခဲ့သည်။ ၁၈၇၄-ခုနှစ်၌ အောက်မြန်မာနိုင်ငံ ရန်ကုန်မြို့မှ အနောက်မြောက်ဘက် (၁၆၁) မိုင် ကွာဝေးသည့် ပြည်မြို့သို့ မီးရထားလမ်း စဖောက်သည်။ ၁၈၇၇-ခုနှစ်၌ လုံးဝပြီးစီးသွားသည်။

လမ်းပန်းဆက်သွယ်ရေး ပွင့်လင်းလာသဖြင့် အထက်အောက် အညာအကြေမှ ပြည်သူများသည် တစ်မြို့နှင့်တစ်မြို့၊ တစ်နယ်နှင့်တစ်နယ် မီးရထားဖြင့် ကုန်ကူးသန်း ရောင်းဝယ်လာကြသည်။ ရေကြည်ရာ မြက်နုရာ အတည်တကျ ပြောင်းရွှေ့နေထိုင်သူများလည်း ရှိလာကြသည်။

ထိုသူများထဲတွင် ရန်ကုန်မြို့၊ ဘုရားငုတ်တိုလမ်း (ယခု-ဘုန်းကြီးလမ်း) နေ လှည်းမီးချလုပ်ငန်း လုပ်ကိုင်သူ ပန်းပဲဆရာကြီးဦးဘိုးမင်းတို့ မိသားစုလည်း ပါသည်။ ဦးဘိုးမင်းသည် သူ၏လှည်းမီးချလုပ်ငန်းကို သာယာဝတီခရိုင်၊ နတ္ထလင်းမြို့သို့ ပြောင်း၍ လုပ်ကိုင်ခဲ့သည်။

ဦးဘိုးမင်းသည် သူမိသားစုနှင့်အတူ တူမ မဖွားစိန်ကိုလည်း ခေါ်သွားသည်။ နတ္ထလင်းမြို့၌ အနေကြာလာသည့်အခါ ဦးဘိုးမင်းသည် နတ္ထလင်းမြို့သား၊ ဦးသီးဖြူ၊ ဒေါ်ဝိုက်တို့၏သား မောင်ဘိုးဆိတ်ကို တူမ မဖွားစိန်နှင့် နေရာချထားပေးရန် အသင့်တော်ဆုံးလူဟု သတ်မှတ်ရွေးချယ်ပြီး ပေးစားလိုက်လေသည်။

ဤတွင် ဦးဘိုးဆိတ်၊ ဒေါ်ဖွားစိန် မိဘနှစ်ပါးတို့မှ သားသမီး (၉)ယောက် ထွန်းကားလာသည်။

(၁) မရှင်၊ (၂) မောင်ရှိန် (ကာယဗလဖခင်ကြီး ဦးရှိန်)၊ (၃) မောင်စိန် (တိုးတက်ရေးဦးစိန်ခေါ် စာရေးဆရာကြီးနှင့်ဝိပဿနာဆရာကြီး ဦးပဂ္ဂိုဠ်)၊ (၄) မစောခင် (၅) မောင်မြဘူး (၆) မရီ (၇) မောင်ဘအုန်း (၈) မောင်ရွှေ (၉) မောင်စောတို့ ဖြစ်သည်။

မောင်ရှိန်၊မောင်စိန် ညီအစ်ကိုတို့သည် တစ်ယောက်နှင့်တစ်ယောက် အသက် ၂-နှစ်ကွာသည်။ မောင်ရှိန်က ၂-နှစ်ကြီး၍ မောင်စိန်က ၂-နှစ် ငယ်သည်။

မောင်စိန် (ဦးပဂ္ဂိုဠ်)၏ မွေးဖွားသက္ကရာဇ်မှာ ၁၂၅၉-ခု၊ နတ်တော်လပြည့်ကျော် ၁၃-ရက် (၂၁-၁၂-၁၈၉၇) အင်္ဂါနေ့ ဖြစ်သည်။

ငယ်နာမည် ပဂ္ဂိုဠ်

ဦးဘိုးဆိတ်သည် မောင်ရှိန်၊ မောင်စိန် ညီအစ်ကို ကိုနတ္ထလင်းမြို့လယ်ရှိ ဦးရွှေလုပ်ကိုယ်ပိုင်ကျောင်းသို့ ပထမဦးစွာ အပ်သည်။ သိပ်မကြာခင် နတ္ထလင်းမြို့၏ အရှေ့တောင်အရပ်ရှိ အစိုးရထံမှ အထောက်အပံ့ရသည့် ဆရာချက်လောကဓာတ်ကျောင်းသို့ မောင်ရှိန်နှင့် မောင်စိန် ပြောင်းနေရသည်။

ကျောင်းအပ်စက မောင်စိန်၏ နာမည်သည် ပဂ္ဂိုဠ် ဖြစ်သည်။ ပဂ္ဂိုဠ်ဖြစ်ရပုံကို ဆရာကြီးဦးပဂ္ဂိုဠ်က သူ၏ "ကြီးပွားချမ်းသာရေး" စာအုပ်၊ နိဒါန်း၌ ဤသို့ ရေးထားသည်။

"အကျွန်ုပ်၏ အစ်ကိုမောင်နှမတစ်စုတွင် အကျွန်ုပ်သည် အရုပ်အဆိုးဆုံး ဖြစ်ခဲ့ဘိ၏။ အဘယ်မျှ အရုပ်ဆိုးပါသနည်းဟူမူ လွန်စွာတတ်လှသော ပန်းချီ

http://www.dhammadownload.com

ဆရာပင် အကျွန်ုပ်၏ ရုပ်ပုံကို တူအောင်ရေးဆွဲခြင်းဌာ မစွမ်းနိုင်ရကား ထိုပန်းချီဆရာသည် လက်မှိုင်ချ၍ ငိုရမည့်ဘဝသို့ရောက်အောင် အရုပ်ဆိုးသောကြောင့် မိဘဘိုးဘွား၊ တစ်အိမ်သားလုံးက အကျွန်ုပ်အား ငယ်စဉ်ကပင် "ပန်းချီဆိုး" ဝါ "ပဂ္ဂိုဠ်" ဟု ခေါ်ဆိုကြသည်သာမက နွားကျောင်းဖော် နွားကျောင်းဖက်၊ ကျည်းသားရိုက်ဖော် ကျည်းသားရိုက်ဖက် ဖြစ်ကြကုန်သော ငယ်သူငယ်ချင်းများမှာ ယခုတိုင် "ပဂ္ဂိုဠ်"၊ "ပဂ္ဂိုဠ်" ဟု ခေါ်နေကြသေး၏။"

ဆရာကြီးဦးပဂ္ဂိုဠ်သည် အဂိါသားဖြစ်သဖြင့် ကျောင်းကျမှ ဆရာက "မောင်စိန်"ဟု နာမည်ပြင်မှည့်ပေးလိုက်သည်။ အစ်ကို မောင်ရှိန်၊ ညီ မောင်စိန်ဟု ညီအစ်ကိုနှစ်ယောက် ကာရန်ညီလာလေတော့သည်။

"ပဂ္ဂိုဠ်"သည် ကလောင်အမည်ဟု လူသိများကြသော်လည်း အမှန်စင်စစ် ငယ်စဉ်ကပင် ငယ်နာမည်ရင်း က "ပဂ္ဂိုဠ်" ဟု တွင်ခဲ့သည်။

တစ်ရွာမပြောင်း သူကောင်းမဖြစ်

ဦးဘိုးဆိတ်၏ဇနီး ဒေါ်ဖွားစိန်၏တူမများ ဖြစ်ကြသော မဇာလေခန်၊ မရန်တို့သည် ရန်ကုန်မြို့၊ လမ်း (၃၀)၌ နေထိုင်ကြသည်။ တူမများ တောင်းပန်အကူအညီတောင်းသောကြောင့် ဦးဘိုးဆိတ်သည် တူမများပိုင်သော လမ်း (၃၀)ရှိ ကုလားအဘိုးကြီး ပင်းမင်းဆိုင်ကို ၆-လ တန်သည်၊ ၁-နှစ် တန်သည် သွား၍ အုပ်ချုပ်ရသည်။

မဇာလေခန်၊ မရန် ညီအစ်မနှစ်ယောက်က မောင်ရှိန်၊ မောင်စိန်တို့နှစ်ယောက်ကို ကျောင်းထားရန် ရန်ကုန်သို့ ခေါ်လိုက်သည်။

အစ်မများသည် အိမ်နှင့် နီးသော ရန်ကုန်ဟိုက်စကူးကျောင်း (ယခု အ-ထ-က-၁၊ လသာ) သို့ မောင်နှစ်ယောက်ကို ကျောင်းသွားအပ်သည်။ ထိုကျောင်း၌ မောင်စိန် နေရသည်။ မောင်ရှိန်အဖို့မူ လန်ကတ် စတာလမ်း (ယခု နဝဒေးလမ်း)နှင့် ဘုရားလမ်းထောင့်ရှိ ဧကရီဝိတိုရိယ ဗုဒ္ဓဘာသာ ယောကျ်ားလေးကျောင်းမှာ နေရသည်။

ဗီဇစိတ်နှင့် ဝါသနာ

မောင်ရှိန် မောင်စိန်ညီအစ်ကိုသည် ဗီဇစိတ်နှင့် ဝါသနာကိုက စွန့်လွှတ် စွန့်စားလိုစိတ် ရှိကြသည်။ ငယ်စဉ်က ရုပ်ရှင်ကြည့်တာပင် ရွေးချယ်ကြည့်တတ်သည်။ စွန့်စားခန်းများပါသည့် (Eddy polo) (Zeroma) စသည့် ရုပ်ရှင်ကားများကို ကြိုက်သည်။

သူတို့ညီအစ်ကိုသည် ၃-ထပ်တိုက် ပြူတင်းပေါက်က ကျော်လွှားပြီး အုတ်နံရံဘေးတစ်လျှောက် တွယ်ကပ်လျှောက်သည်အထိ သက်စွန့်ဆဲဖျား ဆော့ကစားကြသည်။

ဆရာကြီးဦးပဂ္ဂိုဠ်ကိုယ်တိုင်ရေးသည့် "ကြီးပွားချမ်းသာရေး" စာအုပ်တွင် "အကျွန်ုပ်သည် ငယ်စဉ်က ဘောလုံး အတော်အတန်ကောင်း၏" ဟု သူ၏ဘောလုံးဝါသနာကို ရေးခဲ့သည်။

ဆရာကြီး၏ဗီဇစိတ်ကို သိရပြန်သည်မှာ တစ်ကြိမ်တွင် ဘောလုံးအသင်းခေါင်းဆောင်က သူ့ကို ပယ်ထားလိုက်သည်။

ဤကိစ္စအတွက် ခေါင်းဆောင်ကို မေးရာ "မင်း အမောမခံနိုင်လို့ မပါရဘူး" ဟု ခေါင်းဆောင်က ပြောသည်။

"အကျွန်ုပ်သည် အိမ်သို့ပြန်လာ၍ ခေါင်းဆောင် မှားသလော၊ ငါ ညံ့သလောဟု စဉ်းစားရာ ခေါင်းဆောင် မမှား၊ ငါ ညံ့ကြောင်း ထင်ရှားလေ၏" ဟု ကြီးပွားချမ်းသာရေးစာအုပ်တွင် ဆရာကြီးကိုယ်တိုင် ရေးခဲ့သည်။

အကျွန်ုပ်၏ ရုပ်ပုံကို တူအောင်ရေးဆွဲခြင်းဌာ မစွမ်းနိုင်ရကား ထိုပန်းချီဆရာသည် လက်မှိုင်ချ၍ ငိုရမည့်ဘဝသို့ရောက်အောင် အရုပ်ဆိုးသောကြောင့် မိဘဘိုးဘွား၊ တစ်အိမ်သားလုံးက အကျွန်ုပ်အား ငယ်စဉ်ကပင် "ပန်းချီဆိုး" ဝါ "ပဂ္ဂိုဠ်" ဟု ခေါ်ဆိုကြသည်။

http://www.dhammadownload.com

ဘောလုံးပွဲမတိုင်မီ ၂-လလောက်က သူသည် လွန်မင်းစွာ မကျန်းမမာ ဖြစ်ခဲ့သည်။ ဆေးရုံတွင် တစ်လတက်ရ၍ ယခင်နှစ်ကကဲ့သို့ မကောင်းနိုင်ကြောင်း ဆင်ခြင်မိသည်။

ထိုနေ့မှစ၍ နံနက်တိုင်း၊ ညနေတိုင်း အပြေးကျင့်ခဲ့သည်။ တစ်လ၊ တစ်လခွဲ ကြာသည့်အချိန်ခေါင်းဆောင်က ဝင်ကစားပေးရန် တောင်းပန်လာလေသည်။

ဆရာကြီးသည် ဘောလုံးကို ငယ်စဉ်ကတည်းက ဝါသနာပါခဲ့သည်။ ဆရာကြီး အောင်ဆန်းကွင်း ဘောလုံးပွဲကြည့်သွားရာ လမ်းပိတ်ရောင်းနေသော ခေါင်းရွက်ဗျပ်ထိုးစေ့သည်များကို တွေ့သည်။ လမ်းဖယ်ရောင်းဖို့ ပြောကြည့်သည်။ မရတော့ "ရော့. . ရော့. . ယူ. . ယူ" ဆိုကာ ငွေပေးပြီး လွတ်ရာ သွားရောင်းခိုင်းသည်။

ကုမ္ပဏီလခစား မောင်စိန်

မောင်စိန်သည် အခြေခံပညာကို ဆုံးခန်းတိုင် မသင်ခဲ့ရချ။ သတ္တမတန်းအောင်ပြီးနောက် ကျောင်းထွက်ခဲ့ရသည်။ အစ်မများက သူ့ကို ပညာဆက်သင်စေချင်သည်။ အားပေးသည်။ သို့သော် မောင်စိန်ရော၊ မောင်ရှိန်ပါ ကျောင်းကထွက် အလုပ်လုပ်ရသည်မှာ အကြောင်းရှိသည်။

နတ္တလင်းမြို့ရှိ သူတို့၏ကျေးဇူးရှင်အဘိုးဖြစ်သူ ဦးသိန်းဖြူ ကွယ်လွန်ရှာသည်။ သူတို့၏မိဘနှစ်ပါးဖြစ်ကြသော ဦးဘိုးဆိတ်၊ ဒေါ်ဖွားစိန်တို့သည် စီးပွားရေး ကျဆင်းကာ ဇေယျဝတီသို့ ပြောင်းပြီး သင့်ရာအလုပ် လုပ်စားနေကြရသည်။

မောင်စိန် အသက် ၁၉-နှစ်အရွယ်တွင် ခနိတော ဘီအိုစီကုမ္ပဏီ၌ စာရေးအလုပ် ဝင်လုပ်သည်။ မိဘနှစ်ပါး ဆင်းဆင်းရဲရဲ ဖြစ်နေသည်ကို သွားခေါ်ပြီး အလုပ်နှင့်နီးသည့် ၆၄-လမ်း၌ အိမ်ငှားး၍ မိဘများနှင့် အတူနေသည်။

ဤသည်ကို ဆရာကြီးဦးပဏ္ဍိုင်က ဂမ္ဘီရဝိပဿနာရှုဘွယ်(ပ+ဒု)စာအုပ်တွင် "ကျွန်တော်သည်

လူတို့၏ တိုးတက်ကြီးပွားမှုစာအုပ် ကြီးငယ်တို့ကို ဖတ်၏။ မိမိကိုယ်တိုင် တိုးတက်လာ၏။ ထို တိုးတက်မှုကို ငါတစ်ဦးတည်း ခံစားက အရင်းမျှသာ ရှိချေ၏။ မြန်မာတိုင်း မြန်မာတိုင်း တိုးတက်စေရန် စာအုပ်တစ်အုပ် ရေးသားအံ့။

ကျောင်းကထွက်သောအခါ အင်္ဂလိပ်စာ၊ မြန်မာစာကို ကောင်းစွာမရေးတတ်၊ မဖတ်တတ်ခဲ့ချေ။ တစ်လလျှင် ၃၀-စား စာရေးအလုပ်တစ်ခုကို ရခဲ့၏။ ထို အချိန်၌ ညကျောင်းတွင် စာသင်ခဲ့ရ၏။

လူတို့၏ တိုးတက်ကြီးပွားမှုစာအုပ် ကြီးငယ်တို့ကို ဖတ်၏။ မိမိကိုယ်တိုင် တိုးတက်လာ၏။ ထိုတိုးတက်မှုကို ငါတစ်ဦးတည်း ခံစားက အရင်းမျှသာ ရှိချေ၏။ မြန်မာတိုင်း မြန်မာတိုင်း တိုးတက်စေရန် စာအုပ်တစ်အုပ် ရေးသားအံ့ဟု ကြံစည်ကာ "ကြီးစားက ဘုရားဖြစ်၏" ဆိုသောစကားကို စတွင်ပြီးလျှင် "ကြီးပွားချမ်းသာရေး" အမည်ဖြင့် စာတစ်အုပ်ရေးသားခဲ့သည်" ဟု ပါရှိသည်။

ဇင်းစာအုပ်နိဒါန်းတွင်လည်း "ကျေးဇူးတော်ရှင်များ" ဟူသော ခေါင်းစဉ်ဖြင့် -

"အမိအဖသည် ကျွန်ုပ်အား မြန်မာစာကို သင်ပေး၏၊ နှစ်ယောက်သောအစ်မများသည် အင်္ဂလိပ်စာကို သင်ပေးကုန်၏" ဟူ၍ မိဘနှင့်အစ်မများ၏ ကျေးဇူးကို ဖော်ကျူးရေးသားခဲ့သည်။

အခြေခံကျောင်းမှသည် ဘဝတက္ကသိုလ်ကြီးဆီသို့

မောင်စိန်သည် ကျောင်းနေစဉ်ကပင် အစ်ကို မောင်ရှိန်က ခေါ်သွား၍ ထိုခေတ် ထိုအခါက နာမည်ကြီး ဗားနဒ်စာကြည့်ပိုင်ရှင်ကတ်တိုက်ကြီးသို့ ရောက်ဖူးသည်။ ထိုစဉ်က ဗားနဒ်စာကြည့်ပိုင်ရှင်ကတ်တိုက်ကြီးသည် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်၌ တည်ရှိသည်။

မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာစာပေများ မတိမ်ကော မပျောက်သွားရလေအောင် ဝန်ရှင်တော်

http://www.dhammadownload.com

မင်းကြီး ဆာချားဟားနဒ်၏ ကြိုးပမ်းမှုဖြင့် ဟားနဒ် ပိဋ္ဌကတ်တိုက်ကို ၁၈၈၃-ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁-ရက်နေ့မှ စတင်ဖွင့်လှစ်ခဲ့သည်။

မောင်စိန်သည် ဟားနဒ်ပိဋ္ဌကတ်တိုက်သို့ သွားလေတိုင်း အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ပိန်ပိန်နွဲနွဲ လူကြီးတစ်ယောက် ပေပုရပိုက်များ လေ့လာဖတ်ရှုနေသည်ကို အမြဲတွေ့ရသည်။ ထိုစဉ်က ထိုလူကြီးသည် မည်သူမည်ဝါဟု မောင်စိန် မသိသေး။

နောင်တွင်မှ ထိုလူကြီးမှာ သူရိယသတင်းစာတွင် စာများရေးသားနေသည့် စာရေးဆရာကြီး ဆရာလွန်း (သခင်ကိုယ်တော်မှိုင်း)ဆိုသူ အထင်ကရ ပုဂ္ဂိုလ်ကြီးဖြစ်မှန်း သိရလေသည်။

စာဖတ်ဝါသနာအိုး မောင်စိန်

မောင်စိန်သည် စာဖတ်အလွန်ဝါသနာ သန်သည်။ မောင်စိန်ရော အစ်ကိုမောင်ရှိန်ပါ စာပေတန်ဖိုးချစ်မြတ်နိုးကြသည်။

ဆရာကြီးဦးပဏ္ဍိုင်ရေးသားသည့် "ကြီးပွားချမ်းသာရေး" စာအုပ်တွင် သူကိုယ်တိုင်စာဖတ်ပုံနှင့် လူအများ စာဖတ်ကြရန် ဤသို့ရေးထားသည်။

"တစ်နေ့ကို ၁-နာရီခန့် စာကြည့်မူ စာမျက်နှာ ၂၀-ခန့် ပြီးစီးနိုင်သည်။ ၁၀-ရက်ကြာသော် စာ ၁-အုပ် ပြီးစီးနိုင်သည်။

ထိုနည်းအားဖြင့် ၁-လကို ၃-အုပ်၊ ၁-နှစ်ကို ၃၆-အုပ်၊ ၁၀-နှစ်ကြာသော် စာအုပ် ၃၀၀-ကျော် ပြီး စီးနိုင်၏"

ဤအတိုင်းလည်း မောင်စိန်သည် စာဖတ်ခဲ့သည်။

ထိုအချိန်မှစ၍ ဗိုလ်တထောင်နယ်တွင် ကြောင်မျက်လုံး လုပ်သမျှ ငုံ့ခံခဲ့ကြရသူများ စိတ်အေးသွားကြသည်။

ဗိုလ်တထောင်စာဖတ်အသင်း ထူထောင်ခြင်း

မောင်စိန်နှင့် တစ်ရပ်ကွက်တည်းနေ ဘလုပ်ဘရားသားမှ စာရေးကြီးဦးဘဟန်တို့ တိုင်ပင်ပြီး စာဖတ်ခန်းဖွင့်ဖို့ ကြိုးစားကြသည်။ ဗိုလ်တထောင်စာဖတ်အသင်းဟု အမည်ပေးကြသည်။ ထိုစဉ်က စာကြည့်တိုက်ဟု မခေါ်ကြသေး။ စာဖတ်အသင်း ဥက္ကဋ္ဌအဖြစ် ဦးဘဟန်၊ အတွင်းရေးမှူးအဖြစ် မောင်စိန်ကို ရပ်ကွက်နေသူများက ရွေးချယ်ကြသည်။

လူလောက ထုံးစံအတိုင်း ကောင်းတာလုပ်ရင် မနာလိုသူ ပေါ်လာစမြဲဖြစ်သည်။ ခေတ်ရှေ့ကပြေးနေသူများကို ပို၍ မနာလိုကြသည်။

ဗိုလ်တထောင်လူမိုက် ကြောင်မျက်လုံး ဆိုသူက စာဖတ်အသင်းစည်းကမ်း မလိုက်နာဘဲ သတင်းစာများကို လက်ဖက်ရည်ဆိုင်ထဲ ယူသွားပြီးဖတ်သည်။

မောင်စိန်နှင့် မောင်ရှိန်တို့သည် မတရား စော်ကား မော်ကားလုပ်လာရင် ငုံ့ခံသူများ မဟုတ်ကြ။ အထူးသဖြင့် ညီဖြစ်သူ မောင်စိန်က ပိုဒေါသကြီးသည်။ ညီအစ်ကိုနှစ်ယောက်သား ကြောင်မျက်လုံးရှိရာ လက်ဖက်ရည်ဆိုင်ထဲအထိ ဝင်သွားပြီး ရိုက်မယ် ပုတ်မယ် ကြိမ်းမောင်းပစ်လိုက်သည်။ ကြောင်မျက်လုံးလည်း ရင်မဆိုင်ဝံ့ဘဲ ထွက်သွားသည်။

ထိုအချိန်မှစ၍ ဗိုလ်တထောင်နယ်တွင် ကြောင်မျက်လုံးလုပ်သမျှ ငုံ့ခံခဲ့ကြရသူများ စိတ်အေးသွားကြသည်။ စာဖတ်ခန်းလည်း စနစ်တကျ ဖြစ်လာတော့သည်။

လူမိုက်ကြီးပိုးနီကို ဆုံးမခြင်း

၁၉၂၁-ခုနှစ်တွင် မောင်ရှိန်သည် ရန်ကုန်မြို့ ဘောက်ထော်ဘက်တွင် မြေတစ်ကွက်ဝယ်သည်။ ခြံကျယ်ကြီးထဲမှာ မိသားစုအားလုံး နေနိုင်အောင် အိမ်ကျယ်ကြီးတစ်လုံး ဆောက်သည်။ မိဘများရော ညီငယ်မောင်စိန်ပါ အေးအေးချမ်းချမ်း နေနေကြသည်။ မောင်စိန်မှာ အသက် ၂၄-နှစ်အရွယ် လူပျိုဖြစ်သည်။

http://www.dhammadownload.com

မောင်စိန် မောင်ရှိန်တို့ ဘောက်ထော်ဘက် မရောက်ခင်ကပင် တာမွေ၊ ဘောက်ထော်တစ်ဝိုက်၌ ထောင်ထွက်လူမိုက် လူဆိုးကြီးပိုးနီဆိုသူ ကြီးစိုးနေသည်။ ပိုးနီ၏ တပည့်တွေကပင် မောင်စိန် မောင်ရှိန် ကောင်လေးညီအစ်ကိုကို အညြာအလကားကောင်လေးတွေဟု ထင်နေကြသည်။

ပိုးနီတို့သည် မောင်စိန်တို့အိမ်ကို ခိုးဖို့ လာကပ်သည်။ ဖခင်ကြီးဦးဘိုးဆိတ် အပေါ့သွားနေသည်နှင့် ကြုံနေသဖြင့် တုတ်နှင့် ပစ်သွားသည်။ ဦးဘိုးဆိတ်၏နံဘေးထိမှန်၍ အတော်ခံလိုက်ရသည်။ ထိုအချိန်အထိ အစ်ကိုဖြစ်သူ မောင်ရှိန်က ဖျောင်းဖျပြော၍ မောင်စိန် သည်းခံနေလိုက်သည်။ တစ်နေ့တွင် မောင်စိန်သည် ရန်ကုန်မြို့ထဲသို့ မီးရထားဖြင့် ရုံးတက်ရန် ဘောက်ထော်ဘူတာကို ခြေကျင်လျှောက်သွားသည်။ ပိုးနီနှင့် လမ်းမှာ ပက်ပင်းတွေ့ကြသည်။ ပိုးနီက ပမာမခန့် ရန်စသည်။ မောင်စိန်က ပိုးနီကို လက်သီးနှင့် ဆွဲထိုးလွှတ်လိုက်သည်။

လူမိုက်ကြီးပိုးနီ အတော်မကျေမနပ်ဖြစ်ပြီး "ပိုးနီအကြောင်း မင်းတို့ တစ်နေ့ကျ သိကြရောပေါ့ကွာ" ဟု ကြိမ်းမောင်းသွားသည်။

မောင်စိန်နှင့် မောင်ရှိန် ညီအစ်ကိုသည် မြို့ထဲမှ အိမ်သို့ ပြန်လာတိုင်း သတိ ဝီရိယ ထားပြန်ကြသည်။ မီးရထားကို ဒုတိယတန်းတွဲက စီးပြန်ခဲ့ကြသည်။

ပိုးနီနှင့် တပည့် (၁၄-၅) ယောက်ကလည်း တုတ်တွေ၊ ဓားတွေဆွဲပြီး တာမွေဘူတာက စောင့်နေကြသည်။

မောင်စိန်တို့ မီးရထား တာမွေဘူတာ ဆိုက်ချိန်၌ ပိုးနီတို့လူစုက တတိယတန်းတွဲထဲမှာ သူတို့ညီအစ်ကိုကို လိုက်ရှာကြသည်။ မတွေ့သဖြင့် ဒုတိယတန်းတွဲထဲ ရှာပြန်သည်။ မီးရထားထွက်ခါနီးကျမှ မောင်စိန်တို့ ညီအစ်ကိုကို တွေ့သွားသည်။

မောင်စိန်က အဆင်းအတက် ရထားတွဲတံခါးကို ပိတ်ထားလိုက်သဖြင့် ပိုးနီတို့ ဖွင့်မရဖြစ်နေသည်။ ပိုးနီတို့က တုတ်များကို မောင်စိန်တို့တွဲထဲ ပစ်သွင်းပြီး သူတို့မိရာ ရထားတွဲများကို တွဲလောင်းခိုစီးကာ ဘောက်ထော်ဘူတာအထိ လိုက်လာကြသည်။

မောင်စိန်နှင့် မောင်ရှိန်သည် ပိုးနီတို့ ပစ်သွင်းထားသည့် တုတ်များထဲမှ အကောင်းဆုံးတုတ်များ ရွေးကိုင်ကာ မီးရထား ဘောက်ထော်ဘူတာမရောက်ခင် အရှိန်ပြင်းနေတုန်းမှာပင် ရထားပေါ်က ခုန်ဆင်းလိုက်ကြသည်။

မောင်စိန်တို့ ညီအစ်ကိုနှစ်ယောက်သည် အရှိန်မသေသေးသည့် ရထားတွဲကို တွဲလောင်းခိုစီးလိုက်လာသည့် ပိုးနီတို့ကို တုတ်ဖြင့် တရကြမ်း၊ မနားတမ်း ရိုက်ကြသည်။

မောင်စိန်တို့၏ လက်ဦးမှုကြောင့် လူမိုက်များ ဒဏ်ရာအနာတရနှင့် လဲကျကုန်သည်။

မောင်စိန်နှင့် မောင်ရှိန်သည် လူမိုက်များကို ဖွတ်ဖွတ်ညက်ညက်ကြေအောင် ရိုက်နှက်ဆုံးမပြီး တော့မှ မော်တော်ကားငှားပြီး ၎င်းတို့ကို ရန်ကုန် ဆေးရုံကြီးသို့ ပို့လိုက်ကြသည်။

ထိုအချိန်ကစပြီး ဘောက်ထော်နယ်တစ်ဝိုက်လည်း လူမိုက်ကြီးပိုးနီရန်မှ ဝေးပြီး ငြိမ်းချမ်းသွားလေသည်။

ပထမဆုံးစတန့်မင်းသား မောင်စိန်

မောင်စိန်၏သူငယ်ချင်း ဟိုက်စကူးမကျောင်းသား ကိုညီပုသည် ပထမဆုံး မြန်မာရုပ်ရှင်ဇာတ်ကားဖြစ်သည့် "မေတ္တာနှင့်သူရာ" ဇာတ်ကားတွင် အပျော်တမ်း ဇာတ်လိုက်မင်းသားအဖြစ် ပါဝင်ခဲ့သည်။

မောင်စိန်ရုပ်ရှင်နယ်ထဲ ရောက်လာပုံက အစ်ကိုမောင်ရှိန်၏ သူငယ်ချင်း ကိုလှမောင် တိုက်တွန်းမှုကြောင့် ဖြစ်သည်။ ကိုလှမောင်ကား "သီတာမြ" ဇာတ်ကားတွင် ခေါင်းဆောင်ဇာတ်လိုက် ဖြစ်သည်။

ရန်ကုန်မြို့၊ ကုန်စျေးတန်းနေ ဦးစိန်ဟုတ်သည် "သီတာဖလင်" ရုပ်ရှင်ကုမ္ပဏီကို တည်ထောင်ပြီး "နဖူးစာ ရွာလည်" ဇာတ်ဆန်းကားရိုက်သည်။ "နဖူးစာ ရွာလည်" ဇာတ်ကားသည် အထိုးအသတ်၊ အခုန်အပုံ့ စသည့် အကြမ်းခန်းများချည်း ဖြစ်သည်။

http://www.dhammadownload.com

ရုပ်ရှင်လောကတွင် ယခင်က ဇာတ်နုများသာရှိသည်။ "နဖူးစာရွာလည်" ဇာတ်ကားသည် မြန်မာ့ရုပ်ရှင်ကားများထဲတွင် ပထမဆုံး စတန်းကား ဖြစ်သည်။ သို့သော် ထိုခေတ်က "စတန်"ဆိုသော စကားကို မသုံးကြသေး။ အထိုးအကြိတ်ဟူ၍သာ ခေါ်ကြသည်။

ကိုလှမောင်က နဖူးစာရွာလည် ဇာတ်ကြမ်းကားရိုက်မည့် သီတာဖလင်ကုမ္ပဏီပိုင်ရှင် ဦးစိန်ဟုတ်ကို ကာယဗလ တောင့်တင်းလှသည့် မောင်စိန်၊ မောင်ရှိန် ညီအစ်ကိုကို ဇာတ်ဆောင်ထားရိုက်ရန် တိုက်တွန်းသည်။

စာရေးဆရာပီမိုးနင်းက ဇာတ်ညွှန်းရေး၍ ဒါရိုက်တာက ဦးဘသန်းဖြစ်သည်။

မောင်စိန်(ဆရာကြီးဦးပဏ္ဍိုင်)သည် ပထမဦးဆုံး မြန်မာ့စတန့်မင်းသား ဖြစ်ခဲ့သည်။ မောင်ရှိန် (ကာယဗလဖခင်ကြီးဦးရှိန်)က လူဆိုးအဖြစ် သရုပ်ဆောင်သည်။

ဇာတ်လမ်းမည်မည်ရရ မရှိသော်လည်း အထိုးအကြိတ်၊ အသတ်အပုတ်၊ အခုန်အပျံ့ စသည်တို့ကို ဦးစားပေးရိုက်ထားသော ဇာတ်ကားဖြစ်သည်။

ဇာတ်လမ်းအရ မောင်စိန်က လူဆိုးများ စီးလာသည့် မော်တော်ကားကို ရပ်တန့်သွားအောင် ကားရှေ့မှ ဆီးကြိုလှဲအိပ်လိုက်သည်။

လူဆိုးများ၏ မော်တော်ကားက အရှိန် မသတ်ဘဲ မောင်စိန်၏ရင်ဘတ်ပေါ် ဖြတ်ကြိတ်ပြီး မောင်းသွားခန်းတွင် မောင်စိန်သည် စွန့်စွန့်စားစား ရိုက်ခဲ့သည်။

ကံဘဲတစ်နေရာရှိ ၂-ထပ်တိုက် (ယခု ရန်ကင်း ပညာရေးကောလိပ်နေရာ)ပေါ်မှ နေ၍ မန်ကျည်းပင် ထိပ်ဖျားဆီသို့ ဇာတ်လိုက်မင်းသားမောင်စိန်က ဒိုင်ဗင်ထိုး၍ ခုန်ကူးသည့်အခန်းပါသည်။

ထိုအခန်းရိုက်စဉ် မောင်စိန်၏ လက်မှာ အသားဟက်တက်ကွဲပြီး သွေးခြင်းခြင်းရဲသည်အထိ မောင်စိန်သည် စွန့်စွန့်စားစား လုပ်ပြသည်။

ကန်ပေါင်ပေါ်မှာ ဇာတ်လိုက်မောင်စိန်နှင့် လူဆိုးမောင်ရှိန်တို့ ထိုးကြကြိတ်ကြရင်း နှစ်ယောက်စလုံး ကန်ထဲသို့ တလိမ့်ခေါက်ကွေး ကျသွားပုံမှာလည်း အတော်စွန့်စားရသည့်အလုပ် ဖြစ်သည်။

မောင်စိန်နှင့်မောင်ရှိန် ညီအစ်ကိုတို့ "နဖူးစာ ရွာလည်" ဇာတ်ကားထဲဝင်ပြီး ဤမျှအထိ သက်စွန့်ဆံဖျား အပင်ပန်းခံ၍ ရိုက်ခဲ့ခြင်းမှာ မြန်မာတစ်နိုင်ငံလုံး ကာယဗလပြန့်ပွားရေးအတွက် လှုံ့ဆော်လို၍ ဖြစ်သည်။

နဖူးစာရွာလည်ဇာတ်ကားကို (ယခု ဗိုလ်ချုပ်အောင်ဆန်းစျေးနေရာရှိ) စီနီမာပဲရစ် ရုပ်ရှင်ရုံ၌ ၁၉၂၃-ခုနှစ်၊ မေလ ၆-ရက်နေ့တွင် ပြသခဲ့သည်ကို ထောက်လျှင် ဆရာကြီးဦးပဏ္ဍိုင်သည် "ကြီးပွားချမ်းသာရေး" စာအုပ်ရေးနေစဉ် စတန့်ရုပ်ရှင်ဇာတ်လိုက်အဖြစ် ဝင်ရိုက်ကြောင်း သိရသည်။ ထိုစဉ်က ဆရာကြီး ဦးပဏ္ဍိုင်၏ အသက်မှာ ၂၆-နှစ် ဖြစ်သည်။

တောမြို့စွန်းကလွမ်းအောင်ဖန် ရုပ်ရှင်ကားအပြီးတွင် "နဖူးစာရွာလည်"ဇာတ်ကားကို ရုံတင်ပြသခဲ့သည်။ ရုပ်ရှင်ကြည့်ပရိသတ်ကြီးက မြန်မာနိုင်ငံတွင်သည်လို သက်စွန့်ဆံဖျား ကြိုးပမ်းရိုက်ကူးထားသည့် ဇာတ်ကားမျိုးကို မကြည့်ဖူးကြသောကြောင့် အလွန်အံ့သြကြသည်။

ရုပ်ရှင်ကြည့်ပရိသတ်များထဲမှ လေချွန်သံ တရှိုးရှိုး၊ လက်ခုပ်သံ တဖြောင်းဖြောင်းနှင့် စတန့်မင်းသား မောင်စိန်ကို အားပေးကြသည်အထိ (ဆရာကြီး ဦးပဏ္ဍိုင်) အောင်မြင်ခဲ့သည်။

မောင်စိန်က စတန့်မင်းသားဖြစ်ပြီးပြန်တော့ ဒါရိုက်တာ ဝင်လုပ်ပြန်သည်။

သီတာဖလင်ကပဲ နဖူးစာရွာလည် ဇာတ်ကား အောင်မြင်သည်နှင့် ဒုတိယမြောက် "ခင်လေးသစ္စာ တင့်မေတ္တာ" ဇာတ်ကား ရိုက်ပြန်သည်။ ဇာတ်ညွှန်းကို စာရေးဆရာကြီးပီမိုးနင်းကပင် ရေးသည်။

မောင်စိန်က ဒါရိုက်တာလုပ်သည်။ အစ်ကို

မောင်စိန်(ဆရာကြီးဦးပဏ္ဍိုင်)သည် ပထမဦးဆုံး မြန်မာ့စတန့်မင်းသား ဖြစ်ခဲ့သည်။

http://www.dhammadownload.com

မောင်ရှိန်နှင့် မောင်မောင်ထွန်း (ဘီအေ)တို့က ဇာတ်လိုက်မင်းသားများ ဖြစ်ကြသည်။

"ခင်လေးသစ္စာ တင့်မေတ္တာ" ဇာတ်ကားမှာ မြန်မာ့ရုပ်ရှင်ကားများထဲတွင် ပထမဦးဆုံး အားကစား ပညာပေး ရုပ်ရှင်ကားဖြစ်သည်။

ရုပ်ရှင်ကား စပြသည်နှင့် မှန်ဘီလူးအဝသည် တဖြည်းဖြည်း ကျဉ်းရာမှ ကျယ်လာပြီး (ကိုယ်လက် ကျန်းမာသန်စွမ်းရေး) (Physical Culture) ဟူသော စာစောင်မျက်နှာဖုံးစာလုံးများ ပေါ်လာသည်။

ထို့နောက် တဖြည်းဖြည်းနှင့် ယင်းစာစောင်ကို ဖတ်နေသောမောင်ရှိန်၏ပုံ ပေါ်လာပြီး မှိန်သွားသည်နှင့် မောင်ရှိန်၊ ကိုလှမောင်၊ ဒေါက်တာဘိုးကျန်တို့က အလေးမ ကာယဗလလေ့ကျင့်နည်း၊ ဘောက်ဆင်ထိုး၊ ကြိုးခုန်စသည့် ကျန်းမာသန်စွမ်းရေးနည်းအမျိုးမျိုးကို အချိန်အတော်ကြာ လုပ်ပြပြီးမှ ဇာတ်လမ်းစလေသည်။

နဖူးစာရွာလည်နှင့် ခင်လေးသစ္စာ တင့်မေတ္တာဇာတ်ကားများ အထူးအောင်မြင်သည်။ ယခုကဲ့သို့ စတန့်ကားများ၊ ကျန်းမာသန်စွမ်းရေး ပညာပေး ကာယဗလကားများ အောင်မြင်သဖြင့် မောင်စိန်နှင့် မောင်ရှိန် ညီနောင်ကို ရုပ်ရှင်ကုမ္ပဏီများစွာက ရုပ်ရှင်ဆက်ရိုက်ဖို့ လာရောက်ကမ်းလှမ်းကြသော်လည်း မောင်စိန်၊ မောင်ရှိန်တို့က လက်မခံကြတော့ချေ။

မောင်စိန်၊ မောင်ရှိန် ညီအစ်ကိုနှစ်ဖော် ရုပ်ရှင်ဝင်ရိုက်ခြင်းသည် မြန်မာတစ်မျိုးသားလုံးတို့၏ ကိုယ်လက်ကျန်းမာရေးအတွက် ရုပ်ရှင်ဖြင့် စည်းရုံးလှုံ့ဆော်လိုသော စေတနာသက်သက်ဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့ကား အချစ်၊ အလွမ်းကားများ ရိုက်သူများ မဟုတ်ကြချေ။

ဝီလီယံဂျက် လခစားမောင်စိန်

မောင်စိန်သည် ဓနိတောဘီအိုစီတွင် အလုပ်လုပ်ရာမှ ဝီလီယံဂျက်ကုမ္ပဏီ (William Jack Co.) တိုက်သို့ အလုပ်ပြောင်းလုပ်ခဲ့သည်။ မောင်စိန်သည် စာရေးကလေးဘဝက စလုပ်ခဲ့သည်။ စာရေးကြီးအဆင့်ထိ နှစ်ပေါင်း ၂၀-ခန့် လခစား အလုပ်ဝင်လုပ်ခဲ့သည်။ လခ (၁၀၀) က စလုပ်ခဲ့သည်။

သူ၏ "တက်လှေကားနှင့် ၉- ကုဋေဋိကာ" စာအုပ်တွင်-

"အကြွေးမထားရ" ဟူသော ခေါင်းစဉ်ဖြင့် ဆရာကြီးဦးပဂ္ဂိုဠ်က သူအကြောင်းကို တစေ့တစောင်း ဤသို့ ရေးထားသည်။

"မီးကိုအကြွင်းမထားခဲ့နှင့်၊ ကိစ္စပြီးလျှင် အကုန်သတ်။ အနာရောဂါကို အကြွင်းမထားနှင့်၊ စိတ်ချအောင် အမြစ်ပါဖြတ်။ ကြွေးမြီကို အကြွင်းမထားနှင့်၊ နောင်ဒုက္ခမရောက်အောင် အကုန်ဆပ်"

"ကျွန်ုပ်သည် အသက်အစိတ်လောက်က (ထိုစဉ်က လူပျိုဘဝဖြစ်သည်) ကြွေး ၃၀၀-ခန့် ချေးငှားသုံးစွဲရာ လစဉ် အတိုးသာ မှန်မှန်ပေးဆပ်နေသဖြင့် နစ်နာမှုန်း မသိခဲ့။

တစ်နေ့သော် မစ္စတာစမိုင်း၏ ချွေတာရေးစာအုပ်ကို ဖတ်မိမှ မိမိကြွေးကို အကြေဆပ်ရန် ပြန်လည်တွက်စစ်လိုက်သောအခါ အတိုးရိုးရိုးပေးခဲ့ရသည်မှာ ငွေ-၆၀၀ ကျော် ပေးခဲ့ပြီးပြီကို သိခဲ့ရ၏။

ထိုအချိန်မှစ၍ အလုပ်ဆင်းရန် သက္ကလတ်အင်္ကျီအမည်း တစ်ထည်သာထား၍ (၁) နှစ်ကျော် မသုံးစွဲဘဲ ဆပ်ခဲ့ရဖူး၏။

ထိုအခါမှစ၍ ကျွန်ုပ်ကား ကြွေးကင်းသူ ဖြစ်လာခဲ့၏။ ဤကား ချွေတာရေးဆရာ မစ္စတာစမိုင်း၏ ကျေးဇူးဖြစ်၏။ မူလကြွေးကား-၃၀၀၊ ပေးရသော အတိုးကား-၇၉၅၊ စုစုပေါင်း-၁၀၉၅-ဟူ၏။ ကြွေး

မောင်စိန်၊ မောင်ရှိန် ညီအစ်ကိုနှစ်ဖော် ရုပ်ရှင်ဝင်ရိုက်ခြင်းသည် မြန်မာတစ်မျိုးသားလုံးတို့၏ ကိုယ်လက်ကျန်းမာရေးအတွက် ရုပ်ရှင်ဖြင့် စည်းရုံးလှုံ့ဆော်လိုသော စေတနာသက်သက်ဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

http://www.dhammadownload.com

ကား ကြောက်စရာကြီးပါတကား။"

ထို့ပြင် "ကြွေးဆပ်နည်းခေါင်းစဉ်" ဖြင့် -

ကျွန်ုပ်ကား သားတစ်ယောက်အဖေ၊ အသက် ၂၈ နှစ်ရှိပြီး သူဌေးတိုက်ကြီးတစ်ခုတွင် စာရေးလုပ်၏။ လစာမှာ ၁၀၀-ရ၏။ ကြွေးကား ၃၀၀- တင်လျက်ရှိ၏။ ကြွေးဆပ်လိုသောအခါ အိမ်ရှင်မနှင့် တိုင်ပင်၍ အပျော်အပါးဟူသရွေ့တို့ကို အကုန်ဖြတ်၍ တနင်္ဂနွေနေ့ အိမ်တွင် သူငယ်ချင်းများကိုဖိတ်၍ ထမင်းကျွေးခြင်း၊ လက်ဖက်ရည်ပွဲပြုခြင်းတို့ကို အကုန်ဖြုတ်၏။ ယုတ်စွအဆုံး သူ့ဆွေမျိုး၊ ကိုယ့်ဆွေမျိုးတို့ ညအိပ်ညဉ့်နေ တည်းခိုလို့မရအောင် အိမ်လခ ၃၀-မှ ၁၃-တန် အိမ်ခန်းကလေးတစ်ခုတွင် သွားရောက် ငှားနေ၏။ လက်ဖက်ရည်အချို ဖြုတ်၍ အကြမ်းကို ပဲပြုတ်တွဲ၏၊ နံနက်၊ ည မှန်မှန် ဘုရားရှိခိုး၏။ တစ်နှစ်ကျော်ကျော် ကြာလတ်သော် ကြွေးကျေတော့၏။ ဆယ်နှစ်ခန့်ကြာသော် မိမိက သူတစ်ပါးအား ပေးကမ်းချီးမြှင့် မ စနိုင်သော အခြေအနေသို့ ရောက်လာရုံမျှမက လူပေါင်းတစ်ရာကျော် နေ့စဉ်လုပ်ကိုင်ရသော လုပ်ငန်းကြီး၏ ပိုင်ရှင်တစ်ဦးဖြစ်လာ၏။

ဦးပဏ္ဍိုင်၊ တက်လေ့ကားနှင့် ဓ ကုဋေဋီကာ၊ ၃၂။

ဆရာကြီးဦးပဏ္ဍိုင်သည် ကလောင်အမည်ရှေ့က "ဦး" တပ်၍ ခန့်ခန့်ထည်ထည် ရေးနေသော်လည်း ဆရာကြီး၏ဘဝကား ပျို့မျစ်နုနယ် လူငယ်လူရွယ် မောင်စိန်၏ဘဝသာ ရှိသေးသည်။

"ဟန်ကျပန်ကျ" စာအုပ်တွင် "လခတိုးရန်" ဆောင်းပါးဖြင့် လူငယ်များ အားကျစေရန် သူ့အကြောင်းကို ဤသို့ရေးထားသည်။

"အချို့လခစားများသည် လခကိုတိုးရန် အလိုရှိကြသဖြင့် အထက်လူကြီးကို မျက်နှာလို မျက်နှာရလုပ်ခြင်း၊ ကုန်းချောခြင်း၊ လူများအမှားကို ရှာဖွေခြင်းတို့ကို မိမိ လခတိုးစေရန် သဘောဖြင့် ပြုလုပ် ကြလေသည်။

သို့ပြုလုပ်ခြင်းများမှာ လခတိုးရန် နည်းစစ်လမ်းမှန်များ မဟုတ်ချေ။ ဤနည်းမျိုးကို တကယ့် လူကြီးများသည် မနှစ်မြို့ကြသည်သာမက ပြုလုပ်သူကိုပင် အထင်အမြင် အသေးခံရစေတတ်လေသည်။

အချို့တို့မှာ မိမိအထက်လူကြီးများ လူမျိုးကွဲဖြစ်မူ အမြဲဆလဲပေးခြင်း၊ ကုန်းကုန်းကွကွ လုပ်တတ်ခြင်း၊ ရက်စ်ဆားကို ဘေးလူ မုန်းလောက်အောင် ပြောဆိုတတ်လေသည်။ ဤနည်းလည်း နည်းစစ်လမ်းမှန် မဟုတ်ချေ။ သို့ရာတွင် အထက်လူကြီးတို့အား အရိုအသေမပေးရဟု ကျွန်ုပ် မဆိုလို။ သို့သော် အသင့်အတင့်မျှသာ ဖြစ်စေအပ်၏။

လခတိုး၍ အထက်လူကြီး အသိအမှတ်ပြုခြင်း ခံရလိုလျှင် မိမိလုပ်ငန်းတာဝန်ကို တိတိကျကျ မှန်ကန်ရအောင် သတိ ဝိရိယထား၍ လုပ်ကိုင်ခြင်း၊ အလုပ်ကို ဂရုပြုခြင်း၊ မိမိအလုပ်အတွက် ငွေကုန်ကြေးကျ သက်သာရန် နည်းလမ်းရှာခြင်း၊ မိမိလုပ်ငန်းဘက်တွင် ငွေဝင်များအောင် နည်းလမ်းများကို ရှာဖွေခြင်း၊ မိမိအလုပ်အပြင် မိမိရုံးရှိ၊ မိမိတို့က်ရှိ အလုပ်များကို ကူညီရှာဖွေ လုပ်ကိုင်ပေးခြင်းများကို ပြုလုပ်ပါလျှင် ထိုသူမှာ မျက်နှာလို မျက်နှာရလုပ်သူ၊ ကုန်းချောသူ၊ ဆလဲပေးသူတို့ထက် အဟုတ်တကယ် ပိုမို အကျိုးကျေးဇူး ခံစားရနိုင်လေသည်။

ကျွန်ုပ်သည် ရုံးတွင်လည်းကောင်း၊ တိုက်တွင်လည်းကောင်း စာရေးဘဝနှင့် လုပ်ကိုင်ခဲ့သည်မှာ နှစ်ပေါင်း ၂၀ ခန့်မျှ ကြာခဲ့လေ၏။ ထိုအတွင်း ကျွန်ုပ်ကို အထက်လူကြီး အသိအမှတ်ပြု၍ ယုံကြည် အားကိုး လခတိုးရန် ပြုသောနည်းမှာ မိမိအလုပ်ကို မိမိ 'က-ကြီး' က 'အ'-အထိ နားလည်ထားခြင်း၊ ပေးသမျှ အလုပ်တို့ကို မငြိမငြင် ဆင်ခြေမပေးဘဲ လုပ်ကိုင်ခဲ့ခြင်း၊ မိမိလုပ်သမျှကို အမှားမရှိအောင် လုပ်ခြင်းများကြောင့် အထက်လူကြီးများ အသိအမှတ် မပြုဘဲ မနေနိုင်အောင် ဖြစ်၍လာလေသည်။

မူလကြွေးကား-၃၀၀၊ ပေးရသော အတိုးကား-၇၉၅၊ စုစုပေါင်း-၁၀၉၅-ဟူ၏။ ကြွေးကား ကြောက်စရာကြီးပါတကား။

http://www.dhammadownload.com

ဤကဲ့သို့ လုပ်ကိုင်တတ်ခြင်းမှာလည်း အလုပ်လုပ်နည်း နိသျည်း စာအုပ်စာတမ်း၊ ဂျာနယ်၊ မဂ္ဂဇင်းများကို ဝယ်ယူဖတ်ရှုခြင်းကြောင့် ထိုနည်းကောင်း လမ်းမှန်များကို တတ်သိရခြင်း ဖြစ်လေသည်။

ကျွန်ုပ်သည် အိမ်ထောင်မပြုမီ မိမိလစာငွေကို မိမိတစ်ယောက်တည်း စားနေရာမှ မိမိနှင့် မိမိမိန်းမပါ ၂-ယောက် သုံးစွဲရမည်ဖြစ်၍ လခတိုး၍ လိုချင်သဖြင့် မိမိအလုပ်ပြီးသည့်အခါ မိမိအထက်လူကြီးလုပ်ရမည့် အလုပ်များကို နံနက်စောစောနှင့် ညနေအလုပ်ပြန်တွင် လုပ်ကိုင်ဆောင်ရွက်၏။

ထိုအလုပ်များကား ဈေးတွင် ကျွန်ုပ်တို့တိုက်ရှိ ကုန်များကို စပ်ဟပ်ရောင်းချခြင်း၊ ရန်ကုန်တိုင်းသတင်းစာ၊ ရန်ကုန်ဂေဇက်၊ နေ့စဉ်သတင်းစာကြီးများတွင် ကျွန်ုပ်တို့တိုက်မှ ရောင်းချသော ကုန်များအတွက် ကြော်ငြာများကို မန်နေဂျာအတွက် စိတ်ကူးထုတ်၍ ရေးသားခြင်း၊ အလုပ်သက်သာရေး၊ အချိန်သက်သာရေးတို့ကို ထွင်၍ လုပ်ကိုင်ပေးသဖြင့် နှစ်ကုန်သောအခါ လခတိုးရာ၌ ကျွန်ုပ်တို့လုပ်ကိုင်သော William Jack Co. တိုက်တွင် ဒို၊ ၁၀မျှသာ တိုးလေ့ရှိသော်လည်း ကျွန်ုပ်၌ ထိုနှစ်က လခ ၂၅-တိတိ တစ်ကြိမ်တည်း တိုးပေးခြင်းကို ခံရလေသည်။ (ကျွန်ုပ် အိမ်ထောင်ပြုသောအခါ အသက် ၂၆-နှစ် ရှိပြီ ဖြစ်၍ လခမှာ ၁၁၅- ရရှိလေပြီ။)

လခတိုးရန်မှာ မိမိအထက်လူကြီး မိမိကို ယုံကြည်စိတ်ချ အားကိုးအားထား ပြုလုပ်ရအောင် မိမိလုပ်ကိုင်လိုက်သော အလုပ်တို့ကို မိမိလက်မှမထွက်မီ သေသေချာချာ ဂဃနဏ စစ်ဆေးပြီးမှ လက်လွှတ်သင့်လေသည်။ တစ်ကြိမ် အများကို ပြုလုပ်လိုက်မိ လျှင် နောင်အခါများ၌ မိမိအပေါ်တွင် အယုံအကြည် ဆုတ်ယုတ်သွားတတ်လေသည်။

မိမိကို လာရောက် အလုပ်ပေးသောအခါ မိမိ၌ မည်မျှပင် အလုပ်များနေစေကာမူ စိတ်ပျက်သော အမူအရာကို မပြဘဲ လက်ခံထား၍ ကြိုးစား လုပ်ကိုင်ပါ။ အချိန်တန်၍ မပြီးလျှင် မိမိအပြစ်မဟုတ်

မိမိအလုပ်ကို မိမိ 'က-ကြီး' က 'အ'-အထိ နားလည်ထားခြင်း၊ ပေးသမျှအလုပ်တို့ကို မပြီမငြင် ဆင်ခြေမပေးဘဲ လုပ်ကိုင်ခဲ့ခြင်း၊ မိမိလုပ်သမျှကို အမှားမရှိအောင် လုပ်ခြင်းများကြောင့် အထက်လူကြီးများ အသိအမှတ်မပြုဘဲ မနေနိုင်

ကြောင်း အထက်လူကြီးများ သိလေသည်။

အထက်လူကြီး သက်သာနိုင်သလောက် သက်သာအောင် ကူညီပါ။ အထက်လူကြီးများနှင့် တည့်အောင် ပေါင်းပါ။ အလုပ်တွင် အချိန်ကုန်သက်သာရန် နည်းထွင်ပါ။ ငွေကုန်သက်သာအောင် နည်းထွင်ပါ။ ဝင်ငွေများအောင် နည်းသစ်ထွင်ပါ။ အထူးသဖြင့် မိမိအလုပ်ကို မမှားအောင် လုပ်ပါ။ ထိုသူမျိုးမှာ အမှန် လခတိုးမည်ကား မလွဲတည်း။

ဦးပဂ္ဂိုဠ်၊ ဟန်ကျပန်ကျနှင့် စိတ်တန်ခိုး၊ ၁၄၀-၁၄၂။

ဦးပဂ္ဂိုဠ် ကလောင်အမည်ဖြင့် ပထမဆုံးရေးသော "ကြီးပွားချမ်းသာရေး"

"ကြီးပွားချမ်းသာရေး" စာအုပ်ရေးဖို့ ပြင်ဆင်ချိန်က မောင်စိန်သည် လူပျို လူလွတ်သာ ဖြစ်သည်။

တစ်နေ့ မောင်စိန် သွားနုတ်ရာမှ အနာဖြစ်၍ ဆေးရုံတက်ရသည်။ ဆေးရုံကဆင်း၍ မောင်စိန် ကျန်းမာလာချိန်၌ အစ်ကိုမောင်ရှိန်နှင့် တိုင်ပင်သည်။ အစ်ကိုက မောင်စိန် စာ စရေးရန် အားပေးသည်။ မောင်စိန်သည် အစ်ကိုဖြစ်သူ၏ အကြံပေးချက်အပေါ် သူ၏စေတနာဆန္ဒနှင့် ပေါင်းစပ်ကာ အများအကျိုးပြုစာအုပ်တစ်အုပ်ကို ၁၉၂၀-ခုနှစ်၊ မောင်စိန်၏ အသက် ၂၃-နှစ်တွင် စရေးလေသည်။ တစ်ဖက်မှ လခစားအလုပ်လုပ်ရင်း ကြိုးစားရေးခဲ့ရာ ၁၀-နှစ် ကြာခဲ့သည်။

ရေးသားပြီး စာမူများကိုလည်း မောင်ရှိန် ထံသို့ စိစစ်ပေးရန် ပို့သည်။ စာအုပ်အမည်ကား "ကြီးပွားချမ်းသာရေး" (The Ways of Progress) ဖြစ်သည်။

http://www.dhammadownload.com

မောင်စိန်၏ရေးသားချက်မှာ အတော်အသင့် ပြည့်စုံကောင်းမွန်သော်လည်း ထပ်ပြင်ရေးလျှင် သည့်ထက်ပိုကောင်းမည်ကို သူညီ၏အရည်အချင်းကို သိထားသဖြင့် အစ်ကိုမောင်ရှိန်က မောင်စိန်ကို ထပ်ရေးခိုင်းပြန်သည်။

မောင်ရှိန်က မောင်စိန်ကို ကမ္ဘာကျော်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိစာအုပ်များ၊ ကြီးပွားတိုးတက်ရေးကျမ်းများ၊ စိတ်ပညာ၊ သိပ္ပံစသည့် စာအုပ်အများအပြားကို ထပ်မံ ဖတ်ခိုင်းပြန်သည်။ မောင်ရှိန်သည် သူညီမောင်စိန် ရေးသားချက် ကောင်းသည်ဆိုရုံမျှကို မလိုချင်၊ အကောင်းဆုံးကို လိုချင်သူဖြစ်သည်။

အသက် ၂၃-နှစ် 'မောင်စိန်' အရွယ်က စရေးသော (ဦးပဏ္ဍိုင် ကလောင်အမည်ဖြင့်) "ကြီးပွားချမ်းသာရေး" စာအုပ်မှာ ၁၉၃၀-ခုနှစ် (ဆရာကြီး၏ အသက် ၃၃-နှစ်) တွင် ထုတ်ဝေလိုက်သည်နှင့် မြန်မာတစ်ပြည်လုံး ကျော်ကြားသွားလေတော့သည်။ အရောင်းရဆုံးစာအုပ် စာရင်းဝင် မော်ကွန်းတင်နိုင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက သတ္တမတန်းကျောင်းသုံးစာအုပ်အဖြစ် ပြဋ္ဌာန်းခြင်းခံခဲ့ရသည်။

ဆရာကြီးဦးပဏ္ဍိုင်က ကြီးပွားချမ်းသာရေး စာအုပ်ရေးခြင်းနှင့်စပ်လျဉ်း၍ ဆရာတော်ဦးဇောတိကကို ဤသို့ ပြောခဲ့ဖူးသည်။

"မြတ်စွာဘုရားသည် သက်တော် ၃၅-နှစ်၊ ၃၆-နှစ်အကူး ဘုရားဖြစ်တယ်။ ခြောက်နှစ် ကျင့်ရတယ်။ ဝေနေယျသတ္တဝါတို့အကျိုး၊ လူ နတ် နိဗ္ဗာန်ချမ်းသာရအောင် သယ်ပိုးတော်မူတယ်။

ငါလည်း အများအကျိုး၊ ကြီးပွားချမ်းသာရေး ရေးသားပေးခဲ့ဦးအံ့ဆိုပြီး ရေးလိုက်တာ၊ စာရေးဘဝနဲ့ ရေးရတာ၊ ကမ်းနားရုံးကနေ ဘောက်ထော်အိမ်ကို မှောင်မှ တူးမှ ပြန်ရောက်တယ်။ ခြောက်နှစ်ကြာတော့ ပြီးသွားတာပဲ ကိုယ်တော်" တဲ့။

ဆရာကြီး ဦးပဏ္ဍိုင်သည်ကား တကယ့်လက် တွေ့သမားကြီး ဖြစ်သည်။

"ကြီးပွားချမ်းသာရေး" စာအုပ် (စာမျက်နှာ ၁၄၄-၁၄၅)ထိ ကြွေးမြီကင်းရေးကို အကျယ်ရေးနေစဉ် "**နက်ဖြန်နံနက်တွင် ကြွေးတင်၍ ထရခြင်းထက်ယနေ့ ညစာထမင်းမစားဘဲ အိပ်ရခြင်းက သာလွန်ကောင်းလှ၏**" ဟူသော ဆောင်ပုဒ်အရ သူကိုယ်တိုင်လက်တွေ့ စမ်းသပ်အောင်မြင်သည့်အချက်ကို ဤသို့ ဖော်ပြထားသည်။

"ညတိုင်း လက်ဖက်ရည်သောက်သူ တစ်ယောက်သည် လက်ဖက်ရည်စွဲနေသဖြင့် အဘယ်နည်းနှင့် ဖြတ်နိုင်ပါသလဲ-ဟူအံ့။ ပထမရက်၊ ဒုတိယရက်၊ တတိယရက်၊ ဤ ၃-ရက်မျှသာ စိတ်ကို ချုပ်တည်း အောင့်အည်းနေပါ။ စတုတ္ထနေ့၌ သတိပင် မရတော့ပါ။

ဤနည်းမှာ ကျွန်ုပ်ကိုယ်တိုင် စမ်းသပ်အောင်မြင်သောနည်း ဖြစ်၏။ ထို့ပြင် ကျွန်ုပ်သည် ဤအခန်းတွင် ဤစာမျက်နှာကို ရေးမည့်ဆဲဆဲတွင် ဖြစ်မှ ဖြစ်နိုင်ပါမည်လောဟု စမ်းသပ်လိုသော သဘောဖြင့် ထမင်း၊ ဟင်း၊ အစာအာဟာရတို့ကို တစ်ရက်၌ နှစ်ရက်ခန့် ဘာကိုမျှမစားဘဲ ရေသောက်၍ နေ၏။ ကျင့်၏။ ဘာမျှ မဖြစ်ပါ။ မသေနိုင်ပါ။ နေနိုင် ပါ၏။

ထိုနည်းကို ပြသသော ကျွန်ုပ်၏ ဆရာတစ်ဦးမှာ ဆေးပြင်းလိပ်အလွန်သောက်သူ တစ်ဦးဖြစ်၏။ ၎င်းသည် မိမိစိတ်ကိုမိမိ နိုင်မနိုင် သိလို၍ တစ်နှစ်တစ်နှစ်တွင် တစ်လလုံးလုံး နှစ်တိုင်းနှစ်တိုင်း မသောက်ဘဲ နေ၏။ နေသဖြင့်လည်း ဘေးဥပဒ်အန္တရာယ် မရပါ။

ဒုတိယအမေရိကန်ဆရာကြီးမှာ ထမင်းအစားအစာ တစ်သီတင်းမျှမစားဘဲ ကျင့်၏။ မသေနိုင်ပါ။

"ကြီးပွားချမ်းသာရေး" စာအုပ်မှာ ၁၉၃၀-ခုနှစ် (ဆရာကြီး၏ အသက် ၃၃-နှစ်) တွင် ထုတ်ဝေလိုက်သည်နှင့် မြန်မာတစ်ပြည်လုံး ကျော်ကြားသွားလေတော့သည်။ အရောင်းရဆုံးစာအုပ် စာရင်းဝင် မော်ကွန်းတင်နိုင်ခဲ့သည်။

http://www.dhammadownload.com

ကြီးပွားချမ်းသာလိုလျှင် "သူများဖြစ်လျက် ငါဘာပြု၍ မဖြစ်နိုင်ရမှာလဲ၊ ငါ သူ့ထက်ညံ့သလား" စသော စိတ်မာန်မျိုးကို အစဉ်စွဲပိုက်ထားပါ။"

ဆရာကြီးဦးပဂ္ဂိုဠ်သည် "ကြီးပွားချမ်းသာရေး" စာအုပ်တစ်အုပ်တည်းဖြင့် အထင်ကရ စာရေးဆရာကြီး ဖြစ်လာသကဲ့သို့ ထိုစာအုပ်တွင်ပါသော၊ ဆရာကြီး ဦးပဂ္ဂိုဠ် အစအဦးထွင်ခဲ့သော "ကြိုးစားက ဘုရားဖြစ်၏"၊ "ဖတ်-ကြံ-လုပ်"၊ "စာ-နယ်-ဇင်း" ဟူသော ဝေါဟာရတို့သည် မြန်မာစာပေသမိုင်းတွင် မော်ကွန်းတင်ရစ်လျက်ရှိပေသည်။

"ကြီးပွားချမ်းသာရေးစာအုပ်" တွင် ဆရာကြီး ဦးပဂ္ဂိုဠ်က အောက်ပါအတိုင်း အမှာစကား မြွက်ကြားထားလေသည်။

ဦးပဂ္ဂိုဠ်၏အမှာ

အတ္တာဟိ အတ္တနော နာထော
ကော ဟိ နာထော ပရောသိယာ။
(ဓမ္မပဒပါဠိတော်၊ အတ္တဝဂ်)

ရှင်တော်ဘုရားသည် အထက်ပါ ပါဠိတော်ဖြင့် တိုးတက်ကြီးပွားလိုသူတို့သည် သူတစ်ပါးကို အစဉ်သဖြင့် အားကိုးအားထား ပြုမနေမူ၍ မိမိကိုယ်ကိုသာ မိမိ အားကိုးမှီခိုရာအစစ် ဖြစ်သည်ကို သိရှိကြဟူ၍ ဆုံးမသြဝါဒပေးခြင်း ဖြစ်၏။

ထို့ကြောင့် မိမိကိုယ်ကိုမိမိ အားကိုး၍ မနားမနေ ကြိုးစားပါက လိုအင်ဆန္ဒ ပြည့်ဝရမည်မှာ မြေကြီးလက်ခတ် မလွဲတည်း။

ကြိုးစားက ဘုရားဖြစ်၏-

ဟူ၍ အမောင်တို့အတွက် စကားလုံးတစ်ရပ်ကို အမွေအနှစ်ပေးခဲ့သည်မှာ ဒုတိယစစ်ကြီး မဖြစ်မီကပင်။ ထိုမှတစ်ပါး သိရှိကြပြန်စေလိုသည်မှာ-

ဖတ်-ကြံ-လုပ်

ဟူသော စကားတစ်ရပ်ကိုလည်း အမောင်တို့အတွက် အမွေအနှစ် ပေးခဲ့ပြီးလေပြီ။

ဤ၌ ဆိုလိုရင်းကား လက်ရှိအခြေအနေသည် မည်မျှ အောက်တန်း၌ နေရစေကာမူ လက်ရှိအခြေအနေထက် တိုးတက်ကြီးပွားလိုပါလျှင် စာအုပ်ကောင်းများမှစ၍ စာ-နယ်-ဇင်းများအထိ ဖတ်နိုင်သမျှ ဖတ်ပါ။ စာဖတ်ပြီးလျှင် ဟုတ် မဟုတ်၊ သဘာဝကျ မကျ အပြန်အလှန် ဆင်ခြင်စဉ်းစားပါ။ ထိုစာမှ မိမိ မည်ကဲ့သို့ အကျိုးဖြစ်ထွန်းနိုင်သည်ကို ကြံစည်ပါ။ ယင်းသို့ 'ကြံစည်' ပြီးနောက် ကြံစည်ရရှိသည့် နည်းလမ်းအတိုင်း အလုပ် လုပ်။ ဤကား ဖတ်-ကြံ-လုပ်၊ အဟုတ် ကြီးပွားမည်ဆိုသော အဓိပ္ပါယ်သဘောပင်တည်း"။

အစ်ကိုဖြစ်သူ ဦးရှိန် (ကာယဗလဖခင်ကြီး) ၏ ကျေးဇူးကြီးမားပုံကို ဆရာကြီးဦးပဂ္ဂိုဠ်သည် "ကြီးပွားချမ်းသာရေး" စာအုပ်အစတွင် ဤသို့ရေးထားသည်။

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ကျေးဇူးတော်ရှင်များ

အကျွန်ုပ်သည် ဤစာအုပ်ကို ရေးသားစီရင်နိုင်အောင် ဆောင်ကြဉ်း ပို့သပေးတော်မူကြကုန်သော ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘ၊ အစ်ကို၊ အစ်မတို့ကိုလည်းကောင်း၊ ရန်ကုန်ဗားနဒ်ပိဋကတ်တိုက်ကြီးကိုလည်းကောင်း ကျေးဇူးဆပ်သောအားဖြင့် အရှိအသေ အလေးအမြတ် ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏။

အမိနှင့်အဖသည် အကျွန်ုပ်အား မြန်မာစာကို သင်ပေး၏။ နှစ်ယောက်သော အစ်မများသည် အင်္ဂလိပ်စာကို သင်ပေးကုန်၏။

အစ်ကိုကမူကား ဤသည်စာအုပ်ကား ဖတ်အပ်၏။ ထိုသည်စာအုပ်ကား မှတ်အပ်၏။ ထိုသည် စာအုပ်ကား ဌားအပ်၏။ ထိုထို့ဤဤသော စာအုပ်တို့ကား ဝယ်အပ်၏ စသဖြင့် ညွှန်ကြားပြသပေးရုံမျှမက မိမိပိုင် အဖိုးထိုက် အဖိုးတန်ဖြစ်သော စာအုပ်စာစောင်များကိုလည်း အလိုရှိသမျှ သုံးစွဲနိုင်ရန် ခွင့်ပြုဘိသဖြင့် အထူးကျေးဇူးတင်ပါ၏။ ထိုသို့မဟုတ်ခဲ့မူကား အကျွန်ုပ်သည် ဤအခြေအနေသို့ ရောက်၍ ဤမျှ

http://www.dhammadownload.com

ရေးသားခြင်းငှာ မတတ်စွမ်းနိုင်ရာ။

အကျွန်ုပ်သည် ကျောင်းမှထွက်သောအခါ ဖတ်တတ်၊ မှတ်တတ်၊ ရေးတတ်ရုံထက် ပို၍ မတတ်ချေ။ အကျွန်ုပ်၏ သိပ္ပံကျောင်းကြီးတည်းဟူသော ဗားနှဒ်ပိဋကတ်တိုက်ကြီးက အကျွန်ုပ်အား လောက ကြီး၏ အကြောင်းအ[illegible]ဟူသရွှေ့တို့ကို ပြသသင်ကြား ပေးပါသဖြင့် ပညာရင်နှီကို လွယ်ကူစွာ သောက်စို့ရပါ ပေ၏။ တစ်နည်းကား ဗားနှဒ်ပိဋကတ်တိုက်ကြီးသည် အကျွန်ုပ်၏ ကမ္ဘာ့အဘိဓာန်ကြီး ဖြစ်ပါပေသတည်း။

ဦးပဂျီငို၏ ကျေးဇူး

ကျွန်တော်တို့သည်- ဦးပဂျီငို-စိစဉ် ရေးသား သော၊ ကြီးပွါးချမ်းသာရေး စာအုပ်ကို၊ အ ထပ်ထပ်ကတ်ကြည့်ရာ။မည်သူမဆို တောနေ မြို့နေမခြား။ ကြီးပွါး တိုးတက်ရေးအတွက်။ တကယ်တန်း ကြီးပွါးစေလိုသော ဆန္ဒ အာ သီသနှင့်၊ တိုက်တွန်း နှိုးဆော် ချက် အရ၊ ၁၂၉၈ ခုနှစ်၊နယုန် လဆန်း ၁၀ ရက်နေ့ တွင်။ ပခုက္ကူဒိစတြိတ်၊ ရေစကြိမြို့နယ်၊ မီး လောင်ကျွန်းရွာ- ကိုအေး-၏ အိမ်တွင်၊ အ သင်းသားပေါင်း ၁၀ ယောက်ပါဝင်သော သမဂ္ဂ ငွေစု ငွေချေး အသင်းနှင့်။ စာဘတ် အသင်း တည်ထောင်ရာ၊ကောင်းမွန်စွာ ထ မြောက်အောင်မြင်ပါကြောင်း။ ကျွန်တော်တို့ ကဲ့သို့ တောရွာနေ မိတ်ဆွေ ကောင်းများ သည်၊ အထက်ပါ- ကြီးပွါး ချမ်းသာရေးကို ကြည့်ရှုပြီးလျှင်၊ မိမိတို့ရပ်ရွာတွင် ငွေစု ငွေ ချေး အသင်းများ ထောင်ကာ၊ ကိုယ်တိုင် အလုပ်, လုပ်ကြ ပါမည့် အကြောင်း ကျွန် တော် တောသား က၊ ထပ်မံ၍ နှိုးဆော် လိုက်ပါသည်။

နှိုးဆော်သူ
မောင်ကြွယ်
မီးထောင်ကျွန်းရွာ
ရေစကြိမြို့

တိုးတက်ရေးမဂ္ဂဇင်း၊အမှတ်-၃၆၊စက်တင်ဘာ၊၁၉၃၆။

မြန်မာပြည် အမျိုးသားအပျော်တမ်းရဲတပ်သား ကိုစိန်

၁၉၃၀-ပြည့်နှစ်တွင် မြန်မာ့နိုင်ငံရေးသမိုင်း၌ မှတ်တမ်းတင်ရမည့် တပ်ဖွဲ့ကြီးတစ်ခု ပေါ်ခဲ့လေ သည်။ ယင်းအဖွဲ့ကြီးကား မြန်မာနိုင်ငံတွင် ထင်ထင် ရှားရှား လူသိများခဲ့သည် "မြန်မာပြည် အမျိုးသား အပျော်တမ်း ရဲတပ်ဖွဲ့ကြီး" ပင် ဖြစ်သည်။

ပါတီနိုင်ငံရေးမှ ဘေးထွက်ထိုင်နေသူ ဝတ် လုံတော်ရ အမ်-အေ-ဦးမောင်ကြီးက ကြီးမှူး၍ "ပါတီ နိုင်ငံရေးအသင်းအဖွဲ့များ၏ လက်ကိုင်တုတ် မဖြစ် စေရ၊ တစ်နိုင်ငံလုံး တစ်မျိုးသားလုံးနှင့် သက်ဆိုင်စေ ရမည်"ဟူသော ရည်ရွယ်ချက်ဖြင့် ၁၉၃၀-ပြည့်နှစ်၊ ဇွန်လ ၂၂-ရက်နေ့တွင် ကြည့်မြင်တိုင်ရပ်ကွက်လုံး ဆိုင်ရာ မြန်မာပြည်အပျော်တမ်းအဖွဲ့ကို ဖွဲ့စည်းခဲ့ လေသည်။

ထိုအဖွဲ့ကို အုပ်ချုပ်ရန် ဦးမောင်ကြီး အပါ အဝင် အဖွဲ့ဝင် ၁၇-ဦးအား အစည်းအဝေးမှ ရွေးချယ် တင် မြှောက်ကြသည်။ ထိုစဉ်က အပျော်တမ်းအဖွဲ့သို့ ပါဝင်ရန် စာရင်းပေးကြသူပေါင်း ၃၀၀-ခန့်ပင် ရှိခဲ့ သည်။

ထိုသူများထဲတွင် ကိုရှိန်၊ ကိုစိန်(ဦးပဂျီငို)၊ ကိုဘသာ၊ မောင်လှမောင်၊ မောင်တင်မောင်တို့ ပါဝင်လာကြသည်။

ကိုရှိန်၏ လက်မောင်းတွင် အရစ်ဖြူလေး ၂-ရစ် တပ်ဆင်ရသည်။ ရဲတပ်ကြပ်ကြီးဦးရှိန် ဖြစ်လာ သည်။ ရဲတပ်ဝတ်စုံမှာ အစိမ်းရောင်ဖြစ်သည်။ မြန်မာ ပြည် အပျော်တမ်းရဲတပ်ဖွဲ့ဝင်များ၏ စစ်ပညာ အရည် အသွေးမှာ များစွာတိုးတက်လာကြသည်။ စစ်ဗိုလ် စစ် သားဆို၍ အင်္ဂလိပ်ဂေါ် ရာကုလားများသာ အမြင် များခဲ့ရသော မြန်မာပြည်သားများအဖို့ ရဲစိတ်ရဲမာန် ထက်သန်နေကြသည့် မြန်မာရဲတပ်သားများကို မြင်ရ တွေ့ရလေပြီ။

အမျိုးသားစိတ်ဓာတ်တက်ကြွစေရန် ဘင်ခ ရာအဖွဲ့နှင့် ကိုရှိန်၊ ကိုစိန်တို့ ရဲတပ်ဖွဲ့ဝင်များက ရပ်ထဲ ရွာထဲ၌ စစ်ရေးညီညီဖြင့် စစ်ချီလှည့်လည်ကြသည်။

http://www.dhammadownload.com

အမ်-အေ ဦးမောင်ကြီးမှာ မရှက်မကြောက်ဘဲ ဂုဏ်ယူစွာဖြင့် ရဲတပ်သားများနှင့်အတူ ရဲဝိုလ်ချုပ်ကြီး ယူနီဖောင်းဝတ်၍ ရှေ့ဆုံးက ဦးဆောင်လျှောက်လာသည်။ စစ်ချီခြင်း အလေ့အကျင့်ဖြစ်စေရန် စခန်းချ ခရီးရှည် ချီတက်ပွဲ လုပ်ကြသေးသည်။

ကိုရှိန်၊ ကိုစိန်တို့ ပါဝင်သည့် ရဲတပ်ဖွဲ့ဝင် ပေါင်း ၄၀-ကျော်တို့သည် ၁၉၃၁-ခုနှစ်၊ ဇူလိုင်လ ၁၈-ရက်၊ စနေနေ့ ညနေ ၅-နာရီခွဲအချိန်တွင် အားမာန်အပြည့်ဖြင့် သယ်နိုးကျွန်းသို့ စခန်းချရန် ချီတက်သွားကြသည်။

မိုးသည်းထန်သောကြောင့် အစိမ်းရောင် ယူနီဖောင်းများ ဆေးကျွတ်ကုန်သဖြင့် တစ်ကိုယ်လုံး အသားများပါ အစိမ်းရောင်ဆိုးပြီးသား ဖြစ်သွားကြသည်။ ဂေါ်ရာစစ်ဖိနပ် တဂေါက်ဂေါက်နှင့် ဒေါမာန်ပါပါ လမ်းလျှောက်သူများသည် ဖိနပ်ပေါက်ကုန်ကြသည်။

ကိုရှိန်နှင့်ကိုစိန် ညိအစ်ကို ၂-ယောက်သည် ဖိနပ်မစီးနိုင်တော့သည့် ရဲတပ်သားများ၏ ဖိနပ်များကို ခြင်းကြားကြီးတစ်လုံး ရှာပြီးထည့်ကြသည်။

ကိုရှိန်နှင့်ကိုစိန်သည် ထိုခြင်းကြားကြီးကို ဝါးလုံးတစ်လုံးဖြင့်လျှို့ပြီး ဦးပဲ့ထမ်းကာ စခန်းချရာ သယ်နိုးကျွန်းအထိ သယ်ဆောင်လာခဲ့လေသည်။

သို့သော် ကိုရှိန်၊ ကိုစိန်တို့သည် မပင်ပန်းနိုင်ကြ၊ အခြားရဲတပ်သားများနှင့်အတူ နန်းတော်ရှေ့ ဆရာတင်ရေးစပ်သည့် "ရဲဇာနည်သီချင်း" ကို ညည်ညာညာ သံပြိုင်ဆိုလာကြလေသည်။

ကိုရှိန်၊ ကိုစိန်တို့၏ သူငယ်ချင်းများအပေါ် ထားရှိသော သေအတူ ရှင်မကွာ ရဲဘော်ရဲဘက်စိတ်ကား ချီးကျူးစရာပင်ဖြစ်သည်။

(ဦးကျော်မြင့်လွင်၊
မြန်မာ့ဗလခရီးနှင့် ကာယဗလဖခင်၊ ပထမတွဲ)

ခြေလျင်လမ်းလျှောက်ပွဲ ကိုစိန် ပါဝင်ဆင်နွှဲ

ဦးအုန်းခင်(မိုးကြိုးဦးအုန်းခင်)သည် အလုံ၊ ဧရာဝတီလမ်းသို့ပြောင်းခဲ့ရာ ကိုရှိန်နှင့် ခင်မင်လာသည်။ ဦးအုန်းခင်သည် နှလုံးရောဂါရှိ၍ လမ်းကောင်းကောင်း မလျှောက်နိုင်ရာမှ ကိုရှိန်က သူနှင့်အတူ လမ်းလျှောက် လေ့ကျင့်စေသဖြင့် ဦးအုန်းခင် ကျန်းမာလာသည်။

ကိုရှိန်နှင့် ဦးအုန်းခင်တို့နှစ်ဦး ပူးပေါင်းပြီး မြန်မာနိုင်ငံတွင် ခြေလျင်လုပ်ငန်း စလုပ်လာကြသည်။ သူတို့သည် မြန်မာပြည်ခြေလျင်အဖွဲ့ကြီးကို ၁၉၃၂-ခုနှစ်တွင် ကိုရှိန် (ကာယဗလဖခင်ကြီးဦးရှိန်)၏ အမှတ်-၃၄၊ ဧရာဝတီလမ်း၊ အလုံနေအိမ်၌ ဖွဲ့လိုက်သည်။

ဦးအုန်းခင်၊ ကိုရှိန်၊ ကိုစိန်၊ ကိုဇော်ဝိတ်တို့၏ ကြိုးပမ်းမှုကြောင့် ရွှေတိဂုံစေတီမြတ် ခြေတော်ရင်းမှ အင်းစိန်အထိ အသွားအပြန် မိုင်-၂၀ ခြေလျင်လျှောက်ပွဲ ကျင်းပနိုင်ခဲ့သည်။

ကိုအုန်း၊ ကိုသိန်းဖေ၊ ကိုနု၊ ကိုကြင်စသော တက္ကသိုလ်ကျောင်းသားများ၊ ဦးတင့်(မြန်မာ့အလင်း)၊ ဦးလှ(ကြိုးပွားရေးမဂ္ဂဇင်း)၊ ဦးပုကလေး(သူရိယသတင်းစာ)၊ ဦးမောင်မောင်(ငွေတိုက်ဝိုး)၊ ရဲတပ်ဗိုလ်ချုပ် အမ်-အေ ဦးမောင်ကြီးနှင့်ဇနီး၊ ဦးစိမ်း(မြန်မာ့အလင်း အယ်ဒီတာချုပ်)၊ ဦးဘသန်း(မြန်မာ့အလင်း)၊ ဦးကံကြီး၊ ဒီးဒုတ် အယ်ဒီတာဦးဘချို၊ အောင်ဇေရတု ဦးဘိုးဘ၊ ဦးမောင်ကလေး(မြန်မာ့ဂုဏ်ရည်တိုက်) (ဦးဖိုးကျား၏ ယောကျ်ားမ)၊ လှယဉ်ယဉ်ဂျာနယ်ဦးမောင်မောင်၊ စာရေးဆရာ မြို့မမောင်၊ မြန်မာသွားစိုက်ဆရာကြီး ဦးထောင်ဘို စသည့် အလွှာပေါင်းစုံမှ ပုဂ္ဂိုလ်များက အမျိုးသားကျန်းမာရေးဖြစ်သဖြင့် လမ်းလျှောက်ပွဲတွင် ပါဝင်လာကြသည်။

(ဦးကျော်မြင့်လွင်၊
မြန်မာ့ဗလခရီးနှင့် ကာယဗလဖခင်၊ ပထမတွဲ)

ဦးပဂ္ဂိုဠိနှင့် တိုးတက်ရေးမဂ္ဂဇင်း

၁၉၃၃-ခုနှစ်၊ အောက်တိုဘာလတွင် တိုးတက်ရေးမဂ္ဂဇင်း၊ အမှတ် ၁-ကို စတင်ထုတ်ဝေသည်။

ထိုကာလက ဆရာကြီးဦးပဂ္ဂိုဠိ၏ အရွယ်သည် (ကို)တပ်ခေါ်ရသော အရွယ်သာဖြစ်သည်။ တိုးတက်ရေးမဂ္ဂဇင်းမျက်နှာဖုံးထိပ်တွင် "အယ်ဒီတာ

http://www.dhammadownload.com

ကိုစိန်" ဟု ပါသည်။ မဂ္ဂဇင်းကျောဖုံးတွင်လည်း "အယ်ဒီတာ ကိုစိန်"၊ "ထုတ်ဝေသူ ကိုရွှိန်"ဟု ပါရှိသည်။

မဂ္ဂဇင်း၏ ပထမဆုံးစာရွက်တွင် တိုးတက်ရေးမဂ္ဂဇင်းထုတ်ရန် တိုက်တွန်း အားပေးစေခိုင်းတော်မူကြသော ပုဂ္ဂိုလ်များကို-

"ဆရာလွန်း၊ ပါဠိဆရာကြီးဆရာဘီ၊ ဦးမောင်ကြင် (အမ်-အေ ဝတ်လုံတော်ရ)၊ ဦးဖိုစိန် (အငြိမ်းစားရိက္ခာတော်ရ-ပညာဝန်ထောက်၊ ATM)" ဟူ၍ ဦးထိပ်ထား၍ ဖော်ပြထားသည်။

တိုးတက်ရေးမဂ္ဂဇင်း၏ တန်ဖိုးကား တစ်အုပ် ၆-ပဲ ဖြစ်ပြီး ၂၆၊ ဧရာဝတီလမ်း၊ အလုံ၊ ရန်ကုန်မြို့က ထုတ်ဝေသည်။

ဆရာကြီးဦးပဂ္ဂိုဠ်သည် "ကြီးပွားချမ်းသာရေး" စာအုပ်ဖြင့် အောင်မြင်မှုရသကဲ့သို့ "တိုးတက်ရေးမဂ္ဂဇင်း" ဖြင့်လည်း အောင်မြင်မှု ဆက်လက် ရရှိခဲ့ပြန်သည်။

"ပီမိုးနင်းနှင့် ဆန့်ကျင်ဘက် ကြီးပွားချမ်းသာရေး စာအုပ်ရေးပြီး တကယ်လက်တွေ့ ကြီးပွားတိုးတက်သူတစ်ဦး ဒုတိယကမ္ဘာစစ်မဖြစ်မီက ရှိခဲ့ဖူးသည်။ ထိုပုဂ္ဂိုလ်မှာ ဦးပဂ္ဂိုဠ်ခေါ် တိုးတက်ရေးဦးစိန်ဖြစ်သည်" ဟု စာရေးဆရာကြီးပါရဂူက သူ၏ "ပရကထာ" စာအုပ်တွင် ရေးထားသည်။

ဆရာပါရဂူက "ကြီးပွားတိုးတက်ရေးစာအုပ်များကို ရေးသူဖြစ်သော်လည်း ပီမိုးနင်းသည် သူဘဝ၌ ရုပ်ဝတ္ထုအနေအားဖြင့် ကြီးပွားတိုးတက်ခြင်း မရှိခဲ့ပေ။ အမြဲတမ်း ငွေကြေးချို့တဲ့၍သာလျှင် နေခဲ့ရသည်" ဟု ဆိုခြင်းဖြစ်သည်။

"ဦးပဂ္ဂိုဠ်သည် ပီမိုးနင်းနှင့်မတူဘဲ စာရေးသည့်အတိုင်း လက်တွေ့ကျင့်သုံးသည်ဖြစ်၍ ကံကလည်း လိုက်သောကြောင့် ဘဝတွင် မိမိရည်ရွယ်ချက်အတိုင်း ထမြောက်အောင်မြင်သူ ဖြစ်သွားလေသည်။" ဟု ရေးထားသည်။

"ဦးပဂ္ဂိုဠ်၏ ရည်မှန်းချက်မှာ သတင်းစာကြီးတစ်စောင် ထုတ်ဝေလိုခြင်းဖြစ်သည်။ ထိုအချိန်က

> **"တိုးတက်ရေး"အမည်ရှိ ဦးပဂ္ဂိုဠ်၏မဂ္ဂဇင်းမှာ ဒုတိယကမ္ဘာစစ်မဖြစ်ခင်က အောင်မြင်သော မဂ္ဂဇင်းကြီးတစ်စောင် ဖြစ်လာသည်။**

သတင်းစာကြီးတစ်စောင် ထုတ်ဝေဖို့ရန်မှာ တစ်ယောက်အားဖြင့် ထုတ်ဝေဖို့ရန် မဖြစ်နိုင်ပေ။ ထိုအချိန်က ထွက်နေကြသော သတင်းစာကြီးများ အားလုံးလိုလိုပင် အစုစပ်ပိုင်များ ဖြစ်ကြသည်။ ယင်းအခြေအနေ၌ ဦးပဂ္ဂိုဠ်သည် တစ်စတစ်စ ကြိုးပမ်းအားထုတ်ရာ သတင်းစာပိုင်ရှင်ကြီးဘဝသို့ ရောက်သွားသည်။

ဦးပဂ္ဂိုဠ်သည် သူ၏ရည်မှန်းချက်ကြီးကို တန်းပြီး အကောင်အထည် မဖော်ပေ။ ပန်းတိုင်သို့ ရောက်ရန် ခုနှစ်ပုံကျော်လွှားမသွားဘဲ တစ်လှမ်းချင်း လှမ်းသူ ဖြစ်သည်။ ပထမ လစဉ်မဂ္ဂဇင်းထုတ်ပြီး သွေးတိုးစမ်းကြည့်သည်။

"တိုးတက်ရေး" အမည်ရှိ ဦးပဂ္ဂိုဠ်၏မဂ္ဂဇင်းမှာ ဒုတိယကမ္ဘာစစ်မဖြစ်ခင်က အောင်မြင်သော မဂ္ဂဇင်းကြီး တစ်စောင်ဖြစ်လာသည်။ သို့သော်လည်း လုပ်ငန်းစဉ်က အရင်းအနှီးကို ပုံအောပြီး စရခြင်း မဟုတ်သည့်အတွက် အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ရသည်။

ဦးပဂ္ဂိုဠ်က သူ၏သတင်းစာဘဝခရီးအစကို- "ကျွန်ုပ်တို့သည် အလုပ်တစ်ခုကို အောက်သက်ကျေအောင် ငယ်ရာမှ တစ်စတစ်စ တိုးတက်လာလိုသူများ ဖြစ်သဖြင့် ဤမဂ္ဂဇင်းကို ထုတ်ဝေသော အစ ၂-လမှာ အိမ်ငှားဖြင့် မလုပ်ကိုင်ဘဲ အသိမိတ်ဆွေများအိမ်မှာ ၂-လတိုင်တိုင် နေထိုင်ထုတ်ဝေခဲ့ပြီးလျှင် တတိယလတွင် တစ်လ ၁၃-ကျပ်မျှ ပေးရသော အခန်းငယ်တစ်ခုကို ငှားရမ်းလုပ်ကိုင်ခဲ့လေသည်။

ထို့နောက်မှတစ်ဖန် တစ်လ ၁၈-ကျပ်တန် အခန်းကို ငှား၏။ ထို့နောက် ၂၅-ကျပ်တန် အခန်းကို ငှားပြန်၏။ ယခုအခါမှာမူကား တစ်လလျှင် ၆၀-ကျပ်ခန့် ကုန်ကျသော တိုက်ခန်းကြီးတစ်ခုကို ငှား

http://www.dhammadownload.com

ရမ်း၍ လုပ်ကိုင်ခဲ့၏။ သို့သော် အစပထမကပင် တစ်လ အစိတ်၊ သုံးဆယ်မျှပေးရသောအခန်းကို ငှား၍ လုပ်ကိုင်နိုင်သော အခြေအနေရှိပါ၏။

ဤသို့ဆိုလျှင် အလုပ်ကို တစ်စတစ်စ လုပ်ကိုင်လိုသူများ ဖြစ်သဖြင့် ကျွန်ုပ်တို့ ပထမဆုံး ဤမဂ္ဂဇင်း ခေါင်းကြီးပိုင်းတွင် ဖော်ပြခဲ့သော အာသီသအတိုင်း နေ့စဉ်သတင်းစာတစ်စောင် ထုတ်ဝေရန် အစဉ် အားထုတ်လျက်ရှိပါ၏။" ဟူ၍ တိုးတက်ရေးမဂ္ဂဇင်း၊ အမှတ် ၃၂-တွင် ရေးသားဖော်ပြထားသည်"

(ပါရဂူ၊ ပရိကထာ၊ ၁၇၀-၁၇၁)

တိုးတက်ရေးမဂ္ဂဇင်းကြီး အောင်မြင်သည်မှာလည်း ဆရာကြီး ဦးပဏ္ဍိုင်၏ စာမူရွေးချယ်ရေးမူ အပေါ် သစ္စာရှိ၍ ဖြစ်သည်။

သို့ဖြစ်သောကြောင့် ဆရာကြီး ဦးပဏ္ဍိုင်သည် ပြောသလို လုပ်သည်။ လုပ်သလောက် ပြောသူလည်း ဖြစ်သည်။

တိုးတက်ရေးမဂ္ဂဇင်းကြီး အောင်မြင်သည်မှာလည်း ဆရာကြီးဦးပဏ္ဍိုင်၏ စာမူရွေးချယ်ရေးမူ အပေါ် သစ္စာရှိ၍ ဖြစ်သည်။

ကျွန်ုပ်၏သစ္စာ

ကျွန်ုပ်တို့သည် ဤကိုးတက်ရေးမဂ္ဂဇင်းတွက် ဆောင်းပါးခွေးနာနဲ့၊ ဒိဋ္ဌဘင်းဆွေရင်းတို့၏ဆောင်းပါးဟူ၍ဂင်း၊ ဆရာရင်းများ၏ ဆောင်းပါးဟူ၍ဂင်း၊ အစ်ကိုရှိ၏ဆောင်းပါးဟူ၍ဂင်း၊ အဂတိလိုက်စားခြင်းမပြုဘဲခွေးချယ် ထည့်သွင်းဘေဝ်ပြခဲ့ပါကြောင်း၊

ထိုစကားဘို့သည်မှန်၏- အကြောင်းတား ကျွန်ုပ်တို့ထံတွင် ဒိဋ္ဌဘင်းဆွေရင်းကို၏ဆောင်းပါးများ၊ ဆရာရင်းတို့၏ ဆောင်းပါးများ၊ အစ်ကိုရင်း၏ ဆောင်းပါးများ၊ ဆောင်းပါးပေါင်း များစွာ ပယ်ချထားခဲ့သည်ဖြစ်ပါကြောင်း၊

ထို့ထက်ငွေဖြင့် အခရုခိုင်းစါ ဝယ်ယူရရှိသောစာရေးဆရာကြီးများ၏ ဆောင်းပါးများကိုပင်သျှင် မနှစ်ပြိုက်သဖြင့်ပယ်ချထားသောဆောင်းပါးပေါင်းများစွာရှိခဲ့လသည်၊

ငင်းပြင် တဘက်နှင့် တဘက် အဖြိုင် အဆိုင် ရေးသားကြသော ဆောင်း ပါးများ လည်း၊ စာမျက်နှာ မလောက် သည့် အတွက်နှစ်ဒဲ့နှစ်ဘက်မှ၊ အကောင်းဆုံးတို့ကိုသာလျှင် ရွေးချယ် ထည့်သွင်း ဘေဝ်ပြခြင်းဖြစ်ပါသည်၊ အချို့ဆောင်းပါးများမှာ ကောင်းမွန် လှသော်လည်း၊ နာမည် ဓနရင်များ မပါရှိသည့် အတွက် ချန်လှပ်ထားခဲ့ရပါသည်၊

အကျွန်ုပ်သည်၊ ဤမှုန်သောစကားကိုဆိုခြင်းဖြင့်၊ အကျွန်ုပ်နှင့်တကွ အမျိုးသားတို့၏တိုးတက်ကြီးပွါးရန် တဖန်ထက်၊တနေ့တိုးတက်ဆောင်ရွက်နိုင်ပါစေသတည်း၊

ပ ဏ္ဍိ ဝ်

၁၉၃၄-ခုနှစ်၊ ဒီဇင်ဘာလထုတ် တိုးတက်ရေးမဂ္ဂဇင်း၊ အမှတ် ၁၅-တွင် ဆရာကြီး ဦးပဏ္ဍိုင်က ဤသို့ ရေးထားသည်။

http://www.dhammadownload.com

ဆရာကြီးဦးပဂျီငိုသည် သူ၏တိုးတက်ရေးမဂ္ဂဇင်းတွင် အရေးကြီးသောစာများကို လေးဖက်ဘောင်ခတ်ကာ ထူးခြားပေါ်လွင်စွာ ဖော်ပြလေ့ရှိသည်။

တိုးတက်ရေးမဂ္ဂဇင်း၊ ၁၉၃၄-ခုနှစ်၊ ဖေဖော်ဝါရီလထုတ်၊ အမှတ် ၅-တွင် "ဦးပဂျီငို ဘယ်နည်းနှင့် တိုးတက်ကြီးပွားလာရသနည်း" ဟူသော ခေါင်းစဉ်ဖြင့် ကြီးပွားချမ်းသာရေးစာအုပ် ဝယ်ယူဖတ်ရှုကြရန် ရေးခဲ့သည်။

ဆရာကြီးဦးပဂျီငိုသည် ၁၉၃၄-ခုနှစ်၊ ဇန်နဝါရီလထုတ် တိုးတက်ရေးမဂ္ဂဇင်းတွင် "မရက-မထပြီ၊ သို့သော် နှစ်ဖက်သတ် စဉ်းစား" ဆောင်းပါးကို ရေးပြီး ကလောင်အမည်ကို "နွားကျောင်းသားဟောင်း ဦးပဂျီငို"ဟု ရေးသားဖော်ပြခဲ့သည်။

ဆရာကြီးဦးပဂျီငိုသည် ၁၉၃၅-ခုနှစ်၊ စက် တင်ဘာလထုတ် တိုးတက်ရေးမဂ္ဂဇင်း၊ အမှတ် ၂၄-တွင်-

"မောင်ဘအုန်း၊ မောင်ရွှေ၊ မောင်စော၊ ကာယဗလဦးရှိန်ကို အမှူးပြု၍ ကျန်ညီအစ်ကို ၄-ဦးတို့သည် မြန်မာလူမျိုးတို့၏ အကျိုးနှင့် သာသနာမြတ်ကြီး တိုးတက်ကြံ့ခိုင်နိုင်ရန် ရည်သန်၍ အလုပ်ကို ခွဲဝေကာ နေ့မနေ ညမနား ကြိုးစားနေကြသည်" ဟု ရေးထားသည်ကို ကြည့်ခြင်းဖြင့် "တိုးတက်ရေးမဂ္ဂဇင်း" ကြီးကို ဆရာကြီးဦးပဂျီငိုတို့ ညီအစ်ကိုတစ်စု စုပေါင်းကြိုးစားခြင်းသည် ချီးကျူးဖွယ်ဖြစ်သည်။

ဆရာကြီးဦးပဂျီငိုသည် သူ၏ကျေးဇူးရှင်၊ သူကိုယ်တိုင် ပညာရင်နှီသောက်ခဲ့ရာ ဗားနဒ်စာကြည့်ပိဋကတ်တိုက်ကြီး၏ဓာတ်ပုံကို ၁၉၃၄-ခုနှစ်၊ နိုဝင်ဘာလထုတ် တိုးတက်ရေးမဂ္ဂဇင်းတွင်လည်းကောင်း၊ ရန်ကုန်မြို့ရုံးသစ်ကြီးအနီး၊ ဟံသာဝတီရုံးဟောင်းတွင် ရှိသော ကင်းဝန်မင်းကြီးပိဋကတ်တိုက် ဓာတ်ပုံကို ၁၉၃၄-ခုနှစ်၊ ဒီဇင်ဘာလထုတ် တိုးတက်ရေးမဂ္ဂဇင်းတွင်လည်းကောင်း၊ အမေရိကန်ပြည်၊ နယူးယောက်မြို့ရှိပြည်သူ့စာကြည့်တိုက်ကြီးဓာတ်ပုံကို ၁၉၃၇-ခုနှစ်၊ ဇန်နဝါရီလထုတ် တိုးတက်ရေးမဂ္ဂဇင်း၊ အမှတ် ၄၀-

စာပေကျေးဇူးရှင် သက်ရှိ ရဟန်းရှင်လူပုဂ္ဂိုလ်များသာမက သက်မဲ့စာကြည့်တိုက်ကြီးများကိုပင် ကျေးဇူးရှင်ကြီးများအဖြစ် ဂုဏ်ပြု ဖော်ပြထားသည်

တွင်လည်းကောင်း ဖော်ပြထားလေသည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့် ဆရာကြီးသည် စာပေကျေးဇူးရှင် သက်ရှိ ရဟန်းရှင်လူပုဂ္ဂိုလ်များသာမက သက်မဲ့စာကြည့်တိုက်ကြီးများကိုပင် ကျေးဇူးရှင်ကြီးများအဖြစ် ဂုဏ်ပြုဖော်ပြထားသည်ကို လေ့လာတွေ့ရှိရသည်။

ဆရာကြီးဦးပဂျီငိုသည် အသက်အရွယ်ကြီးမှသာမြတ်စွာဘုရားရှင် ဟောကြားသော နိဗ္ဗာန်ရောက်ကြောင်း လောကုတ္တရာတရားကို လေ့လာလိုက်စားခဲ့သူမဟုတ်။ ငယ်စဉ်ကပင် ဆရာကောင်းများကို အမြဲ ရှာဖွေ ချဉ်းကပ်၍ ဗုဒ္ဓစာပေများကို လေ့လာဆည်းပူး သင်ယူခဲ့သူဖြစ်သည်။

အဘိမွောသဂြိုဟ်ကျမ်းကို ပါဠိဆရာကြီးဆရာဘီထံတွင် ငယ်စဉ်ကပင် သင်ကြားခဲ့သူ ဖြစ်သည်။ ထို့ကြောင့် ၁၉၃၅-ခုနှစ်၊ မတ်လထုတ်၊ တိုးတက်ရေးမဂ္ဂဇင်း၊ အမှတ်-၁၈ မျက်နှာဖုံးတွင် ကျေးဇူးရှင် ပါဠိဆရာကြီး ဆရာဘီ၏ဓာတ်ပုံကို ခံ့ညားထည်ဝါစွာ ဖော်ပြထားလေသည်။

နောင် ပါဠိဆရာကြီးဆရာဘီ၏အိမ် မီးထဲပါသွားသောအခါတွင်လည်း ဆရာကြီးဦးပဂျီငိုသည် ဆရာကြီး ဆရာဘီအား ကျေးဇူးဆပ်သောအားဖြင့် အိမ်တစ်လုံး အသစ်ဆောက်လုပ် လှူဒါန်းလေသည်။

ဆရာကြီးဦးပဂျီငို၏ "တိုးတက်ရေးမဂ္ဂဇင်း" အောင်မြင်မှုရပုံကို ၁၉၇၅-ခုနှစ်၊ စာ-နယ်-ဇင်း သမိုင်းဟောပြောပွဲတွင် စာရေးဆရာကြီး ငွေဥဒေါင်းက "ဂျာနယ်၊ မဂ္ဂဇင်းမှတ်တိုင်များ" စာတမ်းဖတ်ကြားရာတွင် အောက်ပါအတိုင်း ထည့်သွင်းတင်ပြထားသည်။

"ကဝိမျက်မှန်မဂ္ဂဇင်း၏ အင်အားပုံစံမျိုးကို ယူ၍ ၁၉၃၃-ခုနှစ်တွင် ထွက်ပေါ်အောင်မြင်လာ

http://www.dhammadownload.com

သော မဂ္ဂင်းမှာ 'တိုးတက်ရေးမဂ္ဂဇင်း' ဖြစ်ပါသည်။ အမှန်အားဖြင့် တိုးတက်ရေးမဂ္ဂဇင်းသည် ကဝိမျက်မှန် မဂ္ဂဇင်းလောက်ပင် ရောင်စုံပုံများ၊ ပန်းချီပုံများ၊ ဝတ္ထုများကို အသုံးမပြုခဲ့ပါ။ နိုးနိုးပြင်ဆင်မှုဖြစ်သည်။ သို့ရာတွင် ထုတ်ဝေသူ စာရေးဆရာ ဆရာပဂိုဠိကိုယ်တိုင်က အင်အားကောင်းသော ကလောင်တစ်ချောင်းဖြစ်သည့်အပြင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဆရာပီမိုးနင်း၊ ဆရာဒဂုန်နတ်ရှင်နှင့် ဦးဖိုးကျားတို့ကို အမာခံထားကာ တစ်ဖက်တွင် ထိုအချိန်က တက်ကြွလှုပ်ရှိသော လူငယ်များစိတ်ဓာတ်ကို နှိုးဆွပေးသည်။ တစ်ဖက်တွင် ယခင်ကဝိမျက်မှန်မှ မြန်မာပညာရှိကြီး၏ လက်ရာအင်အားကို ယူသည်။

တိုးတက်ရေး၏ အထူးခြားဆုံး ကြိုးပမ်းမှုမှာ မဂ္ဂဇင်း ထွက်ချိန်ရောက်လျှင် ထိုအချိန်က တစ်ဟုန်ထိုး တိုးတက်လှုပ်ရှိသော မြန်မာ့အလင်း သတင်းစာမှာ မျက်နှာဝက်မျှ ကြော်ငြာအင်အားကို အသုံးပြုခြင်း ဖြစ်ပါသည်။ သို့နှင့် စာဖတ်ပရိသတ်၏ စာဖတ်ရှုနည်း မြင့် လာပြီ ဖြစ် သည့် အလျောက် အောင်မြင်သော မဂ္ဂဇင်း ဖြစ်လာခဲ့သည်။"

တိုးတက်ရေးလက်စွဲ

ဆရာကြီးဦးပဂိုဠိသည် တိုးတက်ရေးမဂ္ဂဇင်းကို လစဉ်မှန်မှန် ထုတ်နေစဉ်မှာပင် တိုးတက်ရေးလက်စွဲစာအုပ်ကို (၂၈-၁၁-၃၅)နေ့တွင် ထုတ်ဝေလိုက်သည်။

သူ၏ကိုယ်ပိုင်တိုးတက်ရေးပုံနှိပ်တိုက်၏ မူပိုင်စာအုပ်ဖြစ်ပြီး တန်ဖိုး ၂-ကျပ် ဖြစ်သည်။

စာရေးဆရာကြီး ပီမိုးနင်း၊ဒဂုန်နတ်ရှင်နှင့် ဆရာကြီး ဦးပဂိုဠိတို့ ၃-ယောက်၏ ဆောင်းပါးများကို စုပေါင်း၍ ထုတ်ဝေခြင်းဖြစ်သည်။

တိုးတက်ရေးလက်စွဲစာအုပ်တွင် ဆောင်းပါးပေါင်း (၂၂)ပုဒ် ပါသည်။ ဆရာကြီးဦးပဂိုဠိ ဆောင်းပါးက (၁၂)ပုဒ်၊ ဆရာကြီးပီမိုးနင်းက (၅)ပုဒ်၊ ဆရာကြီးဒဂုန်နတ်ရှင်က (၅)ပုဒ်ဖြစ်သည်။

အိန္ဒိယရောက် ဦးစိန် (ဦးပဂိုဠိ)

ကာယဗလဖခင်ကြီးဦးရှိန်နှင့် သူငယ်ချင်း ဦးလှမောင်၊ ကိုဇော်ဝိတ်တို့သည် ၁၉၃၅-ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉)ရက်နေ့တွင် အက္ကမားစာပို့သင်္ဘောဖြင့် အိန္ဒိယပြည်လုံးဆိုင်ရာ အလေးမပြိုင်ပွဲသို့ ကိုဇော်ဝိတ် ပါဝင်ယှဉ်ပြိုင်ရန် ထွက်ခွာခဲ့ကြသည်။

အိန္ဒိယပြည်လုံးဆိုင်ရာ အလေးမပြိုင်ပွဲသို့ ကိုဇော်ဝိတ်သည် (၂၄-၂-၁၉၃၅)နေ့တွင် ဝင်ရောက်ယှဉ်ပြိုင်ရာ ငွေဖလားဆုကြီး ရရှိသည်။

ဇော်ဝိတ်ကြီး ငွေဖလားဆုကြီးရရှိသည်ကို ဆရာကြီး ဦးပဂိုဠိသည် သူ၏ တိုးတက်ရေးမဂ္ဂဇင်း၊ ၁-၄-၃၅ နေ့ထုတ် အမှတ်-၁၉ ၌ မျက်နှာဖုံးကော်လံအပြည့်ဖြင့် "ဇော်ဝိတ်ကြီးနှင့် အိန္ဒိယပြည်က ရလာသော ငွေဖလားကြီး" ပုံကို ဂုဏ်ပြုဖော်ပြခဲ့သည်။

ဒုတိယအကြိမ် အိန္ဒိယပြည်လုံးဆိုင်ရာ အလေးမပြိုင်ပွဲ ကျင်းပရန်ရှိလာပြန်သည်။ ထိုပြိုင်ပွဲမှ ဂျာမနီနိုင်ငံ၊ ဘာလင်မြို့၌ကျင်းပမည့် ကမ္ဘာ့အိုလံပစ် အလေးမပြိုင်ပွဲသို့ လူရွေးချယ်စေလွှတ်မည် ဖြစ်သည်။

မြန်မာနိုင်ငံကို အိန္ဒိယပြည်၏ ပြည်နယ်တစ်ခုအဖြစ်သာ အင်္ဂလိပ်နယ်ချဲ့အစိုးရက သတ်မှတ်ထားသောခေတ် ဖြစ်သည်။

ဇော်ဝိတ်ကြီး၊ စံတင်နှင့် ထွန်းမြင့်တို့ ပါဝင်ယှဉ်ပြိုင်ကြမည်။ ထိုအလေးမသမားများကို ခေါင်းဆောင်သွားသူများမှာ ဦးရှိန်(ကာယဗလဖခင်ကြီး)၊ ဝတ်လုံတော်ရ ဦးချန်ထွန်း၊ ခြေလျင်ဦးအုန်းခင်၊ တိုး တက်ရေးဦးစိန် (ဦးပဂိုဠိ) တို့ ဖြစ်သည်။

ဆရာကြီးဦးပဂိုဠိသည် အစ်ကိုဦးရှိန်နှင့်အတူ ဇော်ဝိတ်ကြီး အနိုင်ရရှိရေးအတွက် လုံးပန်းသလို မကြာသောကာလတွင် တစ်မူထူးခြားစေမည့်

မကြာသောကာလတွင် တစ်မူထူးခြားစေမည့် သတင်းစာကြီးတစ်စောင် ထုတ်ဝေရန် ကြိုးမားသော ရည်ရွယ်ချက်ဖြင့် အိန္ဒိယပြည်သို့ လိုက်ပါသွားခြင်း ဖြစ်သည်။

http://www.dhammadownload.com

သတင်းစာကြီးတစ်စောင် ထုတ်ဝေရန် ကြိုးမားသော ရည်ရွယ်ချက်ဖြင့် အိန္ဒိယပြည်သို့ လိုက်ပါသွားခြင်း ဖြစ်သည်။

ဆရာကြီးဦးပဏ္ဍိုင်သည် အိန္ဒိယသို့ မသွားခင် တိုးတက်ရေးပုံနှိပ်တိုက်ရှိ တပည့်များအား ဩဝါဒ စကား မှာကြားခဲ့ပြီး ၁၉၃၆-ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈)ရက်နေ့ နံနက် ၈-နာရီခွဲ၌ ကာလကတ္တားသို့သွား မည့် သင်္ဘောပေါ်သို့ ဆင်းခဲ့သည်။

ဆရာကြီးဦးပဏ္ဍိုင်သည် ကိုယ်လက် ကြွခိုင် ကျန်းမာရေးကို အထူးအားပေးခဲ့သူ ဖြစ်သည့်အ လျောက် အိန္ဒိယတွင်လည်း ဇော်ဝိတ်ကြီး အနိုင်ရရှိ ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ကာယဗလဖခင်ကြီးဦးရှိန်နှင့် ဦးပဏ္ဍိုင်တို့၏ ဦးဆောင်မှု၊ မြန်မာပြည်သားတစ်ယောက်ပီပီ ဇော် ဝိတ်ကြီး၏ ကြိုးပမ်းမှုကြောင့် ဂျာမနီအိုလံပစ်လူရွှေပွဲ ကြီး၌ အောင်မြင်ခဲ့သည်။

ဇော်ဝိတ်ကြီးသည် ၁၂-စတုန်နှင့် ဟဲဗီးဝိတ် တန်းတွင် ပြိုင်ဘက်များအပေါ် အပြတ်အသတ် အနိုင်ရရှိ၍ အိန္ဒိယအင်ပါယာချန်ပီယံဘွဲ့ကို ဆက် လက် သိမ်းပိုက်နိုင်ခဲ့သည်။

ဆရာကြီးသည် အခြားတစ်ဖက်တွင်လည်း အိန္ဒိယပြည်ရှိ သတင်းစာတိုက်ကြီးများသို့ စေ့စေ့စပ် စပ် သွားရောက်လေ့လာပြီး သတင်းစာပညာများ ရယူ ခဲ့သည်။

ဆရာကြီးဦးပဏ္ဍိုင်သည် လုပ်ငန်းရည်ရွယ် ချက် ကြီးမားသူ၊ ကြီးမားသောရည်ရွယ်ချက်အပေါ် သန္နိဋ္ဌာန်ချ ဆုံးဖြတ်မှု ခိုင်မြဲသူ၊ ဆုံးဖြတ်ချက်အတိုင်း တိတိကျကျ ဆောင်ရွက်တတ်သူ၊ ဆောင်ရွက်ရာတွင် လည်း အဆင့်ဆင့်ဆောင်ရွက်လေ့ရှိပြီး အောင်မြင် ပြီး မြောက်သည်အထိ စွမ်းဆောင်ရည်ရှိသူဖြစ်ကြောင်း သူစာများက ဖော်ကျူးလျက်ရှိပါသည်။

ဆရာကြီးဦးပဏ္ဍိုင်သည် ပြည်တွင်းရှိ သတင်း စာကြီးများကို လေ့လာပြီး ထို့ထက်တစ်ဆင့်မြင့်သော အိန္ဒိယပြည်ရှိ သတင်းစာကြီးများကို လေ့လာခဲ့သည် မှာ သတင်းစာတစ်စောင် ထုတ်ဝေလိုသော ကြိုးမား သည့် ရည်ရွယ်ချက်ကြောင့် ဖြစ်သည်။

ထို့ကြောင့် ဆရာကြီးဦးပဏ္ဍိုင်သည် ဘားမား ဂျာနယ်ကို ထုတ်ဝေလိုက်ခြင်းသည် သတင်းစာကြီး တစ်စောင် ထုတ်ဝေရန်အတွက် "မြေစမ်း ခရမ်းပျိုး လိုက်ခြင်း"ပင်ဖြစ်ကြောင်း၊ "ဘားမားဂျာနယ်သည် သတင်းစာသို့ အရောက်တက်လှမ်းသော ဦးပဏ္ဍိုင်၏ ခုတုံးမျှသာဖြစ်ကြောင်း" ဆရာပါရဂူက "ပရကထာ" စာအုပ်တွင် ရေးသားထားသည်။

ဆရာကြီးဦးပဏ္ဍိုင်သည် "ဘားမားဂျာနယ်" ထုတ်ဝေမည့်အကြောင်းကို တိုးတက်ရေးမဂ္ဂဇင်း၊ အမှတ်-၃၂ ၌ "ဘားမားဂျာနယ် အမည်ဖြင့် ဂျာနယ် တစ်စောင် ထုတ်ဝေတော့မည်ဖြစ်ကြောင်း၊ ထိုဂျာနယ် မှာ ကျွန်ုပ်တို့ တိုးတက်ရေးမဂ္ဂဇင်းတိုက်မှ ထုတ်ဝေ သော်လည်း တိုးတက်ရေးမဂ္ဂဇင်းအာဘော် အသွင်မျိုး အလျှင်းမဟုတ်ဘဲ တိုးတက်ရေးမဂ္ဂဇင်းက ထုတ်ဝေ ပါသည်ဟု ပြောဆိုသည်ကိုပင် မယုံကြည်နိုင်လောက် အောင် ကွဲပြားခြားနားမည့်ဂျာနယ် ဖြစ်ပေလိမ့်မည်။ ဥပမာပြုလိုသည်မှာ ကျွန်ုပ်တို့သည် ဤတိုးတက်ရေး မဂ္ဂဇင်းကို စ၍ထုတ်ဝေစဉ်က မည်သူမျှနှင့် မတူဘဲ တစ်မျိုးတစ်ဖုံထွင်ကာ ထုတ်ဝေဘိသကဲ့သို့ "ဘားမား ဂျာနယ်" မှာ ဂျာနယ်တစ်စောင်ဟု ဆိုရသော်လည်း မည်သည့်ဂျာနယ်မျိုးနှင့်မျှ မတူရအောင် အမျိုးမျိုး တီထွင်စီစဉ် ကြိုးစားထုတ်ဝေမည်ဖြစ်သဖြင့် ဤတိုး တက်ရေးမဂ္ဂဇင်း ပေါ်လာသောအခါကစ၍ တို့မြန်မာ ခေတ်ကြီးကို တစ်မျိုးတစ်ဖုံ တိုးတက်ပြုပြင် ပြောင်း လဲပေးလိုက်ဘိသကဲ့သို့ ရှေ့ဖွန်လမှစ၍ တို့မြန်မာများ တစ်မျိုးတစ်ဖုံ လှုပ်လှုပ်ရှားရှားဖြစ်စေမည့် ဂျာနယ် တစ်စောင်ဖြစ်လေသည်" ဟူ၍ ရေးသားဖော်ပြထား သည်။

ဆရာကြီးသည် တိုးတက်ရေး မဂ္ဂဇင်း ထုတ် ဝေနေစဉ်မှာပင် ၁၉၃၆-ခုနှစ်၊ ဇွန်လ ၆-ရက်၊ (၁၂၉၈-ခုနှစ်၊ နယုန်လဆုတ် ၃-ရက်)စနေနေ့မှစ၍ "ဘားမားဂျာနယ်" ကို စတင် ထုတ်ဝေခဲ့သည်။ သတင်း စာကြီးတစ်စောင် မထုတ်ခင် ရှေ့ပြေးအဖြစ် ဘားမား ဂျာနယ်ကို ထုတ်လိုက်ခြင်းဖြစ်သည်။

http://www.dhammadownload.com

တိုးတက်ရေးမဂ္ဂဇင်း၊ ၁၉၃၆-ခုနှစ်၊ နိုဝင်ဘာလထုတ် အမှတ်-၃၈ တွင် မာတိကာ၏ ကျော ဘက်စာမျက်နှာ၌ တစ်မျက်နှာအပြည့် လေးထောင့် ဘောင်ခတ်၍ "ဘားမားဂျာနယ်"ကို ဤသို့ ကြော်ငြာခဲ့သည်။

ဘားမားဂျာနယ်
နမူနာတစ်စောင် တစ်ပဲ

ဖတ်သူတိုင်း၊ ဖတ်သူတိုင်းက အသိအမှတ်ပြုပြီး အကောင်းဆုံးဂျာနယ်ဟု တစ်ဆင့်စကား ပြောကြားသဖြင့် ဘားမားဂျာနယ်မှာ ဂျာနယ်တကာတွင် ယခုအခါ နာမည် အကြီးဆုံး ဂျာနယ်တစ်စောင် ဖြစ်၍နေလေပြီ။

ဘားမားဂျာနယ်မှာ လူအတန်းအစား မရွေး ဖတ်ရှုနိုင်သဖြင့် ထိုမျှကျော်ကြားလာရသည်ပြင် ခေါင်းကြီးပိုင်း၊ ခေါင်းရံပိုင်းတို့မှာ မည်သည့် စာ-နယ်-ဇင်း နှင့်မျှ မတူအောင် အမျိုးသားတို့၏မျက်စိကို အတင်းဖွင့်ပေးပါသဖြင့် မြန်မာပြည်ကြီး တစ်မျိုးတစ်ဖုံ ပြောင်းလွဲနေပါပြီ။

ခေတ်ထက် နောက်ကျမကျန်ရစ်ရန် ဘားမားဂျာနယ်ကို ယနေ့တစ်စောင် အစမ်းနမူနာသဘောဖြင့် ဖတ်ရှုနိုင်ရန် တစ်ပဲတန် ခေါင်းတစ်လုံးထည့် မှာကြားလိုက်ပါမူ ကျွန်ုပ်တို့က ဘားမားဂျာနယ်တစ်စောင် ပေးပို့လိုက်မည် ဖြစ်ပါကြောင်း။

ဘားမားဂျာနယ်
၁၁၄၊ ၃၇ လမ်း၊ ရန်ကုန်မြို့

ဦးဇော်ဝိတ်အတွက် ဦးပဂျိုင်၏ကလောင်လက်နက်

ဆရာကြီးဦးပဂျိုင်သည် ဇော်ဝိတ်ကြီး ဘာလင် ကမ္ဘာ့အိုလံပစ် အလေးမပွဲမှာ အောင်ပွဲအလီလီ ရချိန်မှသာ သူ၏ကလောင် လက်နက်ဖြင့် အားပေးခဲ့သည် မဟုတ်။

ဆရာကြီးဦးပဂျိုင်၏အစ်ကို ကာယဗလဖခင်ကြီးဦးရှိန် သင်ကြားပြသပေးမှုကြောင့် အောင်ပွဲအကြိမ်ကြိမ်ရနေသော ဇော်ဝိတ်ကြီး ဂျာမနီနိုင်ငံ ဘာလင်အိုလံပစ်ပွဲ ယှဉ်ပြိုင်ဆင်နွှဲဖို့ ရန်ပုံငွေက အထူးလိုအပ်နေခဲ့သည်။

ဤရန်ပုံငွေ လိုအပ်ချက်ကို နည်းလမ်းအမျိုးမျိုးဖြင့် ရန်ပုံငွေရှာနေကြသကဲ့သို့ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကလည်း အိုလံပစ်ရန်ပုံငွေသတင်းကို ကူညီအားပေး ရေးသားကြသည်။ ဆရာကြီးဦးပဂျိုင်သည် သူ၏ "ဘားမားဂျာနယ်" ကနေပြီး ဇော်ဝိတ်ရန်ပုံငွေအတွက် အမျိုးသားရေးနှင့် ယှဉ်ပြိုင်စိတ်ဓာတ်တက်ကြွဖွယ်ရာများ ရေးခဲ့သည်။

ကာယဗလ ကမ္ဘာ့လူဇော်ပြပွဲများ

ကာယဗလဖခင်ကြီးဦးရှိန်နှင့် တပည့်ဇော်ဝိတ်ကြီးတို့သည် ဂျာမနီကမ္ဘာ့အိုလံပစ်ပွဲပြီးနောက် အင်္ဂလန်အထိ ကာယဗလခရီး လှည့်လည်လေ့လာပြီး မြန်မာပြည်ပြန်ရောက်ချိန်တွင် မြို့နယ်အနှံ့အပြား၌ ကာယဗလပြပွဲ၊ ပြိုင်ပွဲ၊ ဟောပြောပွဲများ လုပ်ကြသည်။ ထိုအချိန်က ကာယဗလလှုံ့ဆော်ရေး တေးအမျိုးမျိုး စပ်ကြသည်။ တေးသံသာများက မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှသည်။

ဆရာကြီးသည် မြန်မာပြည် ကာယဗလအဖွဲ့ဝင် ဖြစ်သည်။ မြန်မာပြည်ကာယဗလ အဖွဲ့ဝင်များဖြစ်ကြသော ကာယဗလဖခင်ကြီးဦးရှိန်၊ ဦးပဂျိုင်၊ ခြေလျင် ဦးအုန်းခင်၊ ဝတ်လုံဦးချန်ထွန်း၊ ဆရာချစ်၊ ကိုဇော်ဝိတ်၊ ကိုစံသင်တို့သည် မှအားမလပ်သည့်ကြားက ဖိတ်ကြားလာသမျှ မြန်မာပြည်အရပ်ရပ်မှ ကာယဗလပြပွဲ၊ ဟောပြောပွဲများသို့ သွားရောက် ကူညီကြသည်။

ကာယဗလဖခင်ကြီးဦးရှိန် ခေါင်းဆောင်သော ကာယဗလပြပွဲ၊ အလေးမပြိုင်ပွဲများသည်ကား မြန်မာပြည်အနှံ့ ပျံ့သွားသည်။ အမျိုးသမီးများပင် အလေးမလာကြသည်။ ဤသည်ကို ကိုလိုနီအင်္ဂလိပ်အစိုးရက စောင့်ကြည့်လာသည်။

ပညာမင်းကြီး၊ ကာယပညာအရာရှိကြီးများနှင့် အပေါင်းပါတို့က ၁၉၃၄-ခုနှစ်မှ စတင်ခဲ့သည့်

http://www.dhammadownload.com

သူတို့၏ ကာယဗလအလေးမ ချေဖျက်ရေးလုပ်ငန်းများကို ပြန်လည် အကောင်အထည်ဖော်လာကြသည်။ ကျောင်းများတွင် အလေးမအားကစားကို အလံမပေးရ အမိန့်ကို ပြန်လည် အကောင်အထည်ဖော်လာကြသည်။

ဒီးဒုတ်ဂျာနယ်က ပညာရေးဌာနအမှားကို ထောက်ပြရေးသားသလို ဆရာကြီးဦးပဂျီဋိ၏ တိုးတက်ရေး မဂ္ဂဇင်းကလည်း အလေးမသမားကို ရှုံ့ချသည့် ပညာရေးဌာနက လူများအား ဤသို့ ချေပရေးထားသည်။

"အလေးမခြင်းသည် အဆွေတို့အား ဘေးဖြစ်သည်ဟု အချို့ပုဂ္ဂိုလ်တို့က ပြောကြသည်။ ထိုမျှမကသေး၊ ယခုခေတ် ကိုယ်လက်လှုပ်ရှားမှု အရာရှိကပင် အလေးမခြင်းသည် ကျွဲလိုနွားလို သန်မာဖို့လား၊ ဝန်ထမ်းဖို့လား၊ သည်လိုဆိုလျှင် ကျွဲတွေ နွားတွေရှိပြီး လူတွေ လုပ်ဖို့မဟုတ်ဟု ပြောဆိုကြသည်ကို အရပ်ရပ်မှ တက်ရောက်ကြသော ကျောင်းဆရာများ အစည်းအဝေးကြီးတစ်ခုတွင် ဟောပြောသွားသည်ကို ကျွန်တော်ကိုယ်တိုင် နာကြားခဲ့ရ၏။

မှန်ကန်စွာ စဉ်းစားနိုင်ပါက ဤစကားကို သုံးရန် ခဲယဉ်းပေသည်။ ၎င်းအရာရှိကိုယ်တိုင်ပင် အလေးမ လေ့ကျင့်ခြင်းဖြင့် မည်မျှခရီးရောက်သည်ကို သိဟန်မတူပေ။ များစွာ သနားဖွယ်ကောင်းလှ၏။ အဘယ့်ကြောင့်ဆိုသော် ဟောပြောသူသည် မြန်မာလူမျိုးတစ်ယောက်ဖြစ်ခြင်းကြောင့်ပေတည်း"ဟု ရှုံ့ချရေးသားခဲ့သည်။

ဆရာကြီးဦးပဂျီဋိ၏ စာပေသြဇာအရှိန်သည်ကား ရေး၍ပင် မကုန်နိုင်ပါ။ ဘားမားဂျာနယ်၊ အမှတ် ၉-တွင်"နားထောင်နည်း" ဆောင်းပါးထိပ်စီး၌ လင်းတနှင့် ကြက်တူရွေး စကားစစ်ထိုးနေပုံဖြင့် မှတ်သားဖွယ် ရေးထားသည်။ ၁၉၃၇-ခုနှစ်၊ မတ်လ (၆) ရက်နေ့ထုတ် ဘားမားဂျာနယ်၊ အမှတ် ၄၀-တွင်လည်း ဂျူဘလီလက်မှုပညာပြပွဲ ဓာတ်ပုံနှင့် ကော်ဇောနှင့်ထီးများ နိုင်ငံခြားမှမတင်သွင်းဘဲ ပြည်တွင်းက ထုတ်လုပ်ကြရန် လှုံ့ဆော်ရေးသားခဲ့သည်။

၎င်း "ဘားမားဂျာနယ်" ကို အငြိမ်းစား ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဦးသန့်က "သတင်းစာ အတတ်ပညာဖြင့် လူကြိုက်များအောင် တင်ဆက်နိုင်သောဂျာနယ်" ဟုပင် ချီးကျူးရေးထားကြောင်း စာရေးဆရာ ဦးကျော်မြင့်လွင်၏ 'မြန်မာ့ဗလခရီးနှင့် ကာယဗလဖခင်' စာအုပ်၊ ဒုတိယတွဲတွင် ရေးထားသည်ကို တွေ့ရသည်။

၁၉၇၅-ခုနှစ်၊ စာ-နယ်-ဇင်း သမိုင်း ဟောပြောပွဲတွင် တင်သွင်းခဲ့သော စာတမ်းများကို "စာ-နယ်-ဇင်း သမိုင်းစာတမ်းများ" ဟူ၍ ပထမတွဲ၊ ဒုတိယတွဲ၊ (၂)တွဲခွဲကာ စာပေဗိမာန်က ထုတ်ဝေခဲ့သည်။

ပထမတွဲတွင်ပါသော "မဂ္ဂဇင်း မှတ်တိုင်များ စာတမ်း" ကို စာရေးဆရာကြီး ငွေဥဒေါင်းက ဖတ်ကြား တင်ပြခဲ့သည်။

စာတမ်းဖတ်ကြားသူ ဆရာကြီး ငွေဥဒေါင်းက "ဗန္ဓုလ၊ ဒီးဒုတ်တို့နောက် နိုင်ငံရေး အရှိန်အဟုန်မြင့်လာချိန်တွင် ထူးခြားသော ဂျာနယ်တစ်စောင်မှာ 'ဘားမားဂျာနယ်' ဖြစ်သည်" ဟူ၍ ဘားမားဂျာနယ်ကို ချီးကျူးထားလေသည်။

တိုးတက်ရေးသတင်းစာ ထုတ်ခြင်း

ဆရာကြီးဦးပဂျီဋိသည် တိုးတက်ရေးသတင်းစာ ထုတ်ဝေရခြင်း၏ အဓိကရည်ရွယ်ချက်ကို သူ၏ "သတင်းစာဆရာနှင့် သတင်းထောက်" စာစောင်တွင် ဖော်ပြပါအတိုင်း ရေးသားထားလေသည်။

"ဗန္ဓုလ၊ ဒီးဒုတ်တို့နောက် နိုင်ငံရေး အရှိန်အဟုန် မြင့်လာချိန်တွင် ထူးခြားသော ဂျာနယ်တစ်စောင်မှာ 'ဘားမားဂျာနယ်' ဖြစ်သည်"

http://www.dhammadownload.com

အမီ နှင့် သား

- သမီးထက် သားကို ပိုပြီးအရေးမပေးနဲ့။
- သားကို အရောတဝင်ချစ်လျှင် မရောင့်တက်စေနဲ့။
- ကိုယ်မှားလျှင် ဝန်ခံလိုက်၊ နို့မဟုတ်လျှင် ကိုယ့်အပေါ်မှာ အလကား အထင်သေးမှာ။
- အကျင့်ကောင်းတဲ့ မိန်းမတွေအကြောင်းကို သားရှေ့မှာ ချီးမွမ်းပေး။
- သူ့အဖေ တော်ကြောင်းကို မပြတ်မလပ်ချီးမွမ်းပေး။
- သားရှေ့မှာ ကိုယ့်ယောက်ျားကို မထီမဲ့မြင် မပြုနဲ့။
- သားရှေ့ကျလျှင် ကိုယ့်ယောက်ျားကို ပိုပြီးအရေးပေး။
- ကစားခုန်စားဘက်မှာ ဝါသနာပါအောင် အားပေး။
- မိန်းကလေးများနှင့် အရောတဝင်နေလျှင် မကန့်ကွက်နဲ့။
- အမေ့နားကိုချည်း ပတ်ချွဲနပ်ချွဲ လုပ်မနေစေနဲ့၊ ခပ်ရှောင်ရှောင်နေ။

တိုးတက်ရေးသတင်းစာ၊ တနင်္ဂနွေအထူးထုတ်၊ ၁၃-၄-၄၁။

"ထိုမှအစပြု၍ ငါသည် ငါ၏အမျိုးသားများ အတွက် ငါ သေသော်လည်း အမွေအနှစ်တစ်ခု ပေးခဲ့အံ့ဟု ရည်စူးကာ "တိုးတက်ရေးမဂ္ဂဇင်း" ကို ထုတ်ဝေခဲ့၏။ ထိုမှတစ်ဖန်တက်၍ "ဘားမားဂျာနယ်"ကို ထုတ်ဝေခဲ့ပြန်၏။ ထိုမှတစ်ဖန်တက်၍ ယခုအခါ၌ကား "တိုးတက်ရေးသတင်းစာ" ကို နေ့စဉ်ထုတ်ဝေရန် ကြိုးစား၍နေ၏။

အကယ်၍ ထို "တိုးတက်ရေးနေ့စဉ်သတင်းစာ" လုပ်ငန်းကြီး ထမြောက်အောင်မြင်ခဲ့သော် ကျွန်ုပ် သေရသော်လည်း သေပျော်ပြီဟု ယူဆ၏။

အကြောင်းမူကား တိုင်းသူပြည်သား အမျိုးသားတို့သည် "တိုးတက်ရေးသတင်းစာ"တိုက်ကြီးကို ကြည့်ပြီးလျှင် ဤသတင်းစာတိုက်ကြီးကို စထွင်ပြုစုပျိုးထောင်သူဟာ အစက ဘာမျှမရှိ၊ တောသား၊ နွားကျောင်းသားကွ၊ တစ်စတစ်စ ရိုးသားစွာ ကြိုးစားလုပ်ကိုင်လာလိုက်တာ ယခု ဘယ်လောက်နေရာကျနေသလဲ။ ကျကျနနနှင့် ရိုးရိုးသားသား ကြိုးစားလျှင် ဖြစ်တာပါပဲ-ဟု စိတ်တွင်ဖြစ်ပေါ်လာခြင်းပင်လျှင်

ဤသတင်းစာတိုက်ကြီးကို စထွင်ပြုစုပျိုးထောင်သူဟာ အစက ဘာမျှမရှိ၊ တောသား၊ နွားကျောင်းသားကွ၊ တစ်စတစ်စ ရိုးသားစွာ ကြိုးစားလုပ်ကိုင်လာလိုက်တာ ယခု ဘယ်လောက်နေရာကျနေသလဲ။

ကျွန်ုပ် ကျေနပ်၍ အမျိုးသားတို့အား အမွေအနှစ်ပေးခဲ့သည်ဟု ယူဆသည့်အပြင် အမျိုးသားများ တိုးမှု တက်မှုတွင်လည်း ကျွန်ုပ်၏ဌာနဘက်တွင် ကျွန်ုပ်တာဝန်ကုန်အောင် ဆောင်ရွက်ခဲ့ပြီဟု ယူဆသည်ဖြစ်ပါကြောင်း။

ဤကား ကျွန်ုပ် "တိုးတက်ရေးသတင်းစာ" တည်ထောင်ခြင်း၏ ပဓာနရည်ရွယ်ချက်ပေတည်း။"

ထို့ပြင် ဆရာကြီးသည် "တိုးတက်ရေးသတင်းစာ" ထုတ်ဝေခြင်း၏သဘောထားကို "သတင်းစာ ဆရာနှင့်သတင်းထောက်" စာစောင်တွင် "တိုးတက်ရေး ဦးစိန်သို့ - ပဂျိုဝိုင်၏ပေးစာ" ပုံသဏ္ဌာန်ဖြင့် ဤသို့ ရေးထားသည်။

တိုးတက်ရေး ဦးစိန်သို့ ပေးစာ

အို. . အချင်းဦးစိန်

အချင်းနှင့် ကျွန်ုပ်ကား တစ်ဦးကိုတစ်ဦး ချစ်ခင်သူဖြစ်သဖြင့် အချင်း၏ "တိုးတက်ရေးနေ့စဉ်သတင်းစာ" လုပ်ငန်းအတွက် အချင်းအား သတိပေးလိုသည်မှာ အချင်းသည် "တိုးတက်ရေးနေ့စဉ်သတင်းစာ"၏ စည်းမျဉ်း (Policy) ကို ကိုင်သောအခါ မည်သူ့ကိုမျှ အဂတိလေးပါး မလိုက်စားပါဘူး၊ အမျိုးသားတို့နှင့် သာသနာတော်မြတ်ကြီး တိုးမှုတက်မှုကို သာ ရည်စူး၍ လုပ်ကိုင်ပါမည်ဟု ကျမ်းသစ္စာ ကျိန်ဆိုထားသူကဲ့သို့ ဆောင်ရွက်ရန် အချင်းဦးစိန်အား သတိပေးလိုက်ပါ၏။

ထိုမှတစ်ဖန် ဆက်လက်သတိပေးပြန်လိုသည်မှာ အချင်းဦးစိန်၏တိုက်တွင် လုပ်ကိုင်နေသူ

http://www.dhammadownload.com

ပုဂ္ဂိုလ်အပေါင်းတို့အားလည်း အချင်းဦးစိန်က တစ်အိမ်ထောင် တစ်မိသား ညီအစ်ကိုမောင်နှမများ-ဟု သဘောထားကာ ထောက်ပံ့ချီးမြှင့်ပါလေ။

၎င်းတို့အားလည်း တိုင်းပြည်အတွက် အဂတိတရား (၄)ပါး မလိုက်စားဘဲ ကျမ်းသစ္စာကို ကျိန်ဆို၍ ဆောင်ရွက်ရာတိုသကဲ့သို့ ဆောင်ရွက်ရန် အစဉ် သတိပေးပါလေ။

ယင်းသို့ သတိပေးပါလျက် မတော်မှန် မရိုးသားခဲ့မှု အချင်း၏သွေးကိုပင် တစ်နေ့က ရန်ကုန်ဆေးရုံကြီးတွင် ခွဲ၍ဖောက်ထုတ်လိုက်ဘိသကဲ့သို့ သဓင်းစာတိုက်မှ ထုတ်နုတ်ပစ်ရန်လည်း သတ္တိရှိပါလေ။

နောက်ထပ်တစ်ဖန် မှာကြားလိုသည်မှာ အချင်းဦးစိန်သည် "တိုးတက်ရေးသတင်းစာ"မှ ရရှိသောအမြတ်ငွေတို့သည် အချင်းဦးစိန် တစ်ဦးတည်း ပိုင်ဟု သဘောမထားပါလေနှင့်။ "တိုးတက်ရေးသတင်းစာ" တိုက်သားအားလုံးတို့ ပိုင်သည်ဟု သဘောထားပါလေ။

ထို့ထက်တစ်ဆင့်တက်၍ ပြောဆိုရမည်ဆိုသော် မြန်မာတစ်မျိုးသားလုံးပိုင်ဟု သဘောထားပါလေ။ အချင်းဦးစိန်၏ ကိုယ်ကိုကား ထိုဘုံပိုင်ပစ္စည်းများ၏ ပစ္စည်းထိန်းမျှသာဟု သဘောထား၍ သတင်းစာတိုက်၏ ကြီးပွားတိုးတက်မှု၊ အချင်းတို့ ကျွန်ုပ်တို့၏ အကျိုး ဘိုးတက်မှု၊ အချင်းဦးစိန်တို့ ကျွန်ုပ်တို့ အမျိုးသားများ ကိုးကွယ်သည့် သာသနာတော်မြတ်ကြီး တိုးမှု တက်မှု ထွန်းကားမှုအတွက် နေ့ရောညပါ ကြိုးစားပါလေ။

ပဏ္ဍိုင်

၁၂၉၉-ခု၊ တပေါင်းလဆန်း ၆-ရက်၊

ရန်ကုန်မြို့။

ဆရာကြီးဦးပဏ္ဍိုင်သည် ဤသို့သောသဘောထား ခံယူချက်များဖြင့် တိုးတက်ရေးသတင်းစာကို ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ရန်ကုန်မြို့၊ သိမ်ဖြူလမ်းနှင့် ဝိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ ယခု တိုင်းရင်းဆေးပညာဦးစီးဌာနဘေးက တိုက်၌ ထုတ်ခြင်းဖြစ်သည်။

၁၉၃၆-ခုနှစ်၊ မေလ ၃-ရက်နေ့မှစ၍ တိုးတက်ရေးသတင်းစာကို နေ့စဉ်ထုတ်ဝေသည်။ သတင်းစာထုတ်၍ များမကြာမီပင် သတင်းစာထုတ်ရန်အတွက် အားယူထုတ်ခဲ့သော ဘားမားဂျာနယ်ကို ရပ်ပစ်လိုက်သည်။

ဆရာကြီးဦးပဏ္ဍိုင်သည် "တိုးတက်ရေးသတင်းစာ" ထုတ်ဝေရာတွင် "လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်" သူဖြစ်သည်ဟု တက္ကသိုလ်တင်ခက ၁၉၉၇-ခု၊ မေလထုတ် ဒွေတာရီမဂ္ဂဇင်း၊ အမှတ် ၄၄-"စာနယ်ဇင်း" ဆောင်းပါးတွင် ရေးသားထားသည်။

တက္ကသိုလ်တင်ခက ဤသို့ဆက်လက် ရေးထားပြန်သည်။

"တိုးတက်ရေးသတင်းစာမထွက်မီကပင် ရန်ကုန်မြို့တွင် ထုတ်ဝေတွင်ကျယ်နေပြီဖြစ်သော သူရိယသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာကြီးနှစ်စောင် ရှိနေပါပြီ။ သူရိယ၊ မြန်မာ့အလင်းသတင်းစာအရွယ်အစားမှာ ရှိုင်လေးချိုးအရွယ်ဖြစ်သည်။ ယခင်က ထုတ်ဝေခဲ့ပြီးသော လောကသာရသတင်းစာ၊ မဟော်သဓာသတင်းစာ၊ အနော်ရထာသတင်းစာ၊ မောရိယသတင်းစာ စသည်တို့မှာလည်း ရှိုင်လေးချိုးအရွယ်အစားချည်းသာ ဖြစ်ပါသည်။ အမြင်များယဉ်ပါးနေပြီဖြစ်သော ရှိုင်လေးချိုးအရွယ်အစားချည်းသာ ဖြစ်ပါသည်။ အမြင်များ ယဉ်ပါးနေပြီဖြစ်သော ရှိုင်လေးချိုးအရွယ်အစားမှ စတင်လမ်းထွင်ကာ ကရောင်းလေးချိုးအရွယ်အစားသို့ ပြောင်းလဲပစ်ခဲ့သည်။

စာမျက်နှာကိုပါ တိထွင်လိုက်ပြန်သည်။ ယခင် သတင်းစာကြီးများကဲ့သို့ ၃-ကော်လံမဟုတ်ဘဲ ၄-ကော်လံခွဲကာ တီထွင်လိုက်ရာ မျက်စိအမြင် အသွင်ပြောင်းလဲသွားစေခဲ့သည်။

တိုးတက်ရေးအမည်အတိုင်း တိုးတက်ပြောင်းလဲစေခဲ့သူ ဖြစ်သည်။

ဤသို့ တီထွင်ထုတ်ဝေသည်သာမက တိုး

http://www.dhammadownload.com

တက်ရေးသတင်းစာသည် စက်ဘီးစီးသွားရင်း ဖတ်နိုင်သော သတင်းစာအရွယ်ဖြစ်ကြောင်း ကြော်ငြာမောင်းခတ်သလို ပြည်သူကို အသိပေးကြေညာခဲ့သည်။

ဤကြော်ငြာနှင့် ပူးတွဲလျက် တိုးတက်ရေးသတင်းစာကို လေးကော်လံအလိုက် လေးချိုးချိုးပြီး စက်ဘီး၏ လက်ကိုင်၌ ညှပ်စေကာ စက်ဘီးစီးရင်း သတင်းစာ ဖတ်သွားသော လူတစ်ယောက်၏ ပုံကိုပါ ဖော်ပြခဲ့သည်။

ထိုခေတ် ထိုအခါ သတင်းစာပရိသတ် အကြိုက် စိတ်ဓာတ်ကို ရိုက်ခတ် လှုပ်ရှားသွားစေခဲ့တော့သည်။"

တစ်ဖန် နွေစဉ်ထုတ် တိုးတက်ရေး သတင်းစာကြီးအပြင် တနင်္ဂနွေနေ့တိုင်း "တိုးတက်ရေး တနင်္ဂနွေ အထူးထုတ်" ကိုလည်း ထုတ်ဝေသည်။ ဝတ္ထု၊ ဆောင်းပါးများ ဝေဝေဆာဆာရှိလှသည်။ ဘားမားဂျာနယ်ကို အစားထိုးထားခြင်းပင် ဖြစ်သည်။

ကလောင်ခွဲ ရန်ကုန်ဂျင်

ဆရာကြီးဦးပဂ္ဂိုဠိ၏ ကလောင်ခွဲမှာ "ရန်ကုန်ဂျင်" ဖြစ်သည်။ (၂-၇-၅၆)နေ့ထုတ် တိုးတက်ရေးသတင်းစာ၊ စာမျက်နှာ (၇)တွင် "ဒီဌဂ္ဂေကို တောင်းပန်လို့တော့ မရနိုင်၊ ဒီဝါတွင်းမှာ အပြုတ်တိုက်ရမည်၊ လက်နက်ကောင်းလိုလျှင် လာခဲ့ကြလော့။" ဟူသော ခေါင်းစီးစာလုံးမည်းကြီးနှင့် "ရန်ကုန်ဂျင်" က ထိထိမိမိရေးထားသည်။ ရန်ကုန်ဂျင်၏ နောက်ထပ် ကလောင်ချက်မှာ "လူထုကြီးတစ်ရပ်လုံး တိုးတက် ကောင်းစားဖို့မှာ သတင်းစာဆရာများ၌ တာဝန်ရှိ၏။သတင်းစာဆရာများကို တိုးတက်ခိုးမြှင့်သင့်ပြီ" ဖြစ်သည်။

တိုးတက်ရေးသတင်းစာ၏ ရှေ့မျက်နှာဖုံး အောက်ဆုံးမျဉ်းအပြင်တွင် မှတ်သားဖွယ်စာကြောင်းများ ပါလေ့ရှိသည်။

သာဓက။ ။"လူများဖို့ ကျင်းတူးလျှင် ကိုယ်အရင် လိမ့်ကျတတ်သည်။" "သူတစ်ပါးကို မေတ္တာပို့လျှင် ကိုယ်အရင် အကျိုးရှိ၏"။ "ဆင်းရဲလျှင် သတ္တိ၊ ချမ်းသာလျှင် သတိရှိရမည်"။

တိုးတက်ရေးသတင်းစာ ကြော်ငြာပုံကလည်း ထိလှ မိလှသည်။ ဘောင်ခတ်၍ ဤသို့ ကြော်ငြာခဲ့သည်။

> **အဖိုးနည်း ဝန်ပါ**
> **တိုးတက်ရေးသတင်းစာ**
> **အိမ်အရောက် တစ်လ ၂-ကျပ်၊ ၈-ပဲ**
> **တစ်စောင် ၂-ပဲ**

ဆရာကြီးဦးပဂ္ဂိုဠိသည် "ကြီးပွားချမ်းသာရေး" စာအုပ်ရေးစဉ် ငယ်ရွယ်စဉ်ကတည်းက မြတ်စွာဘုရားဟောကြားသော တရားဒေသနာကို အခြေခံ၍ စာများကို ရေးခဲ့သူဖြစ်သည်။ တိုးတက်ရေးသတင်းစာထုတ်စဉ် အသက်အရွယ်ရလာချိန်တွင် ပို၍ပင် တရားဆောင်းပါးများ ရေးလာသည်။

တိုးတက်ရေးသတင်းစာ (၅-၂-၅၂) နေ့ထုတ်တွင် "ဤ ၆-ပါးကို နေ့စဉ် ဂရုပြုပေးပါ"၊ (၉-၃-၅၃) နေ့ ထုတ်တွင် "တရားဂုဏ်တော် ၆-ပါး အရသာမမွေအမြိုက်ချမ်းသာကို လက်တွေ့ရလိုလျှင်"၊ (၅-၇-၅၃) နေ့ထုတ်တွင် "စကားအရာ အတိုင်းအထွာငါးရပ် ဘုရားဟောနိပါတ်လာ မိန့်မြွက်ချက်ဒေသနာ"၊ "ဂုဏ်ပြိုင်ရောဂါထနေကြခြင်း၊ မည်သူမဆို တိုးတက်ကြီးပွားနိုင်၏" ဆောင်းပါးများကို ဦးပဂ္ဂိုဠိကလောင်အမည်ဖြင့် ရေးခဲ့သည်။

၁၉၅၆-ခုနှစ်သို့ ရောက်လာချိန်တွင် ဆရာကြီး ဦးပဂ္ဂိုဠိသည် တိုးတက်ရေးသတင်းစာ အယ်ဒီတာအဖြစ် သူကိုယ်တိုင် ပြန်လည်လုပ်ကိုင်သည်။

အယ်ဒီတာကော်လံထိပ်ဆုံးတွင် "ကြိုးစားက ဘုရားဖြစ်၏" "ဝိရိယဝတော ကိန်နာမ ကမ္မံ နသိဇ္ဈတိ။ ဝိရိယရှိသူအား အဘယ်မည်သော အမှုသည် မပြီးစီး မအောင်မြင်ဘဲ ရှိနိုင်ပါအံ့နည်း-အယ်ဒီတာ-ဦးစိန်" ဟု ပါရှိသည်။

ဆရာကြီးဦးပဂ္ဂိုဠိသည် မြတ်စွာဘုရား ဟော

http://www.dhammadownload.com

ဦးပဂ္ဂိုဠ်နှင့် အစ်ကိုဦးရှိန်တို့တွင် ရှိသည့်မာန်မှာ သူလိုငါလို မာန်မျိုးမဟုတ်။ နိုင်ငံနှင့်လူမျိုးအတွက် တက်နေသည့် အမျိုးသားရေးမာန်သာ ဖြစ်သည်။

ကြားသော တရားများကို အယ်ဒီတာ့အာဘော်အဖြစ် အများဆုံး ရေးလာသည်။ အထူးသဖြင့် ဝိပဿနာ ဘာဝနာကို ဦးစားပေး ရေးလာသည်။

အယ်ဒီတာ့အာဘော်ခန်းတွင် အယ်ဒီတာ ဦးစိန် အမည်ဖြင့် ရေးသောခေါင်းစဉ်အချို့မှာ-

"ဘီအေ မဂ်ဖိုလ်"၊ "၂၅၀၀-သာသနာ ငြိမ်းချမ်းရေး"၊ "၈၁-ပါးသောဓာတ် အနတ္တ"၊ "လူမရှိ နတ်မရှိ ခန္ဓာ ၅-ပါးသာ ရှိ၏"၊ "ကုသိုလ်ရှာ အသာကလေး"၊ အနှုံးအနိုင် လှုပ်ရှားခြင်းမရှိရ"၊ "ပုဒ္ဓဘာသာနှင့် ဘာသာပြန်များ သတိပြုကြရန်" တို့ဖြစ်သည်။

လူလောကပြုပြင်ရေး၊ တိုးတက်ကြီးပွားချမ်းသာရေးအတွက်လည်း အယ်ဒီတာဦးစိန်သည် အောက်ပါ ခေါင်းစဉ်များဖြင့် ရေးခဲ့သည်။

"နိုင်ငံခြားအသပြာရရှိမှု"၊ "ငြိမ်းချမ်းရေး ပို၍နီးလာပြီ"၊ "ဗမာနှင့်ဂျပန် အတိုးအဆုတ်"၊ "ဘတ်ဂျက် နှင့် ဗမာဘဏ်များ"၊ "ဘဏ်ဘတ်ဂျက်"၊ တို့ဖြစ်သည်။

ပြောသလိုလုပ်သည့် ဦးပဂ္ဂိုဠ်တို့ ညီအစ်ကို

ကိုလိုနီခေတ်ကတည်းက ဆရာကြီးဦးပဂ္ဂိုဠ်နှင့် ကာယဗလဖခင်ကြီးဦးရှိန်တို့ ညီအစ်ကိုသည် "တိုးတက်ရေးသတင်းစာ" ကို မြန်မာတစ်ပြည်လုံး စောင်ရေအများဆုံးနှင့်အကောင်းဆုံး၊ ဈေးနှုန်းအနည်းဆုံး ဖြစ်အောင် လုပ်ပြမည်ဟု ပြောခဲ့သည်။

ဤသည်ကို သူတို့နှင့် ခင်မင်ရင်းနှီးသူ ဦးမောင်ကလေး (ပညာဝန်ဦးဖိုးကျော်၏ယောကျ္ဖ) က-

"နိုင်ငံရေးသမားများကို အိတ်ထဲထည့်နိုင်တဲ့ ဦးဘဖေ (ဘကြီးဘဖေ)လို ပုဂ္ဂိုလ်မျိုးတောင်မှ မလုပ်နိုင်ဘဲ ကိုရင်တို့ ဘယ်လုပ်နိုင်မှာလဲ" ဟု ပြောသည်။

ဦးမောင်ကလေးက ထိုညီအစ်ကိုကို အပြောကြီးလွန်းသည် ထင်နေသည်။

လက်တွေ့ကျကျ တကယ်တမ်း လုပ်ပြလိုက်သည့်အခါ ဦးမောင်ကလေးလည်း ဘာမျှမပြောနိုင်တော့ချေ။

ဦးပဂ္ဂိုဠ်နှင့် အစ်ကိုဦးရှိန်တို့တွင် ရှိသည့်မာန်မှာ သူလိုငါလို မာန်မျိုးမဟုတ်။ နိုင်ငံနှင့်လူမျိုးအတွက် တက်နေသည့် အမျိုးသားရေးမာန်သာ ဖြစ်သည်။

"တိုးတက်ရေးမဂ္ဂဇင်း" တိုက်အဆောက်အအုံပုံကို မျက်နှာဖုံးအဖြစ်ဖော်ပြသည့် ၁၉၃၄-ခုနှစ်၊ ဒီဇင်ဘာလထုတ် တိုးတက်ရေးမဂ္ဂဇင်း၊ အမှတ်-၁၅၊ မျက်နှာဖုံးတွင် မင်နီဖြင့် ဤသို့ရေးထားသည်။

"တိုးတက်ရေးမဂ္ဂဇင်းမှာ - (၅၀၀၀) မရိုက်ရဟု ပြောနိုင်သူအား ဆုငွေ ၁၀၀ ပေးပါအံ့" ဟု ကြော်ငြာလိုက်သည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့် ဦးပဂ္ဂိုဠ်သည် အလုပ်တစ်ခုကို စိန်ခေါ်ပြီး အာမခံနှင့်လုပ်ရဲသူ၊ လုပ်ဝံ့သူ၊ သတ္တိရှိသူဖြစ်ကြောင်း ထင်ရှားလေသည်။

ထို့ကြောင့်ပင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း ကိုယ်တိုင်ကပင် ဦးရှိန်၊ ဦးစိန်(ဦးပဂ္ဂိုဠ်)ညီအစ်ကို နှစ်ယောက်ကို- "ခရီးစဉ်ယဉ်ကျေးမှု လေးချီးကြီး" တွင် ဤသို့ ချီးကျူး၍ ရေးစပ်ခဲ့သည်။

"သာသနဒါယကာ၊ သတိုးအဆက်ဝေးတောင်မှ
မြန်မာများ ဘာသာ၊ အမျိုးတက်ရေးရှာတဲ့
တိုးတက်ရေး တပည့်ဒါယကာမောင်ရှိန်၊
မောင်စိန်တို့ကိုဖြင့်၊
ပြောင်တသိန်ခေတ်သာ စရသာပ၊
နောင်ကဝိန်အစစ် သဒ္ဓါဗလဝရယ်နှင့်၊
အောင်ချိန်မေတ္တာမျှပါလို့၊
အစစ်ဂါရဝ ရွှင်ကြည်ကြည်ပ၊
အဌလိတင်ချီလို့ လျှောက်ပြန်သနဲ့၊
မြောက်ရန်အလှည့် တည်ကြံကြစေဖို့၊
ဝစီကံ စိတ်တစ်စု မနောတွင်မှ၊

http://www.dhammadownload.com

စိရံ စိရံ တိဋ္ဌတု သဘောတွေနှင့်၊
မိတ်ဟုစောကာ တစ်ခေတ်မမုန်းမူ၍၊
အမယ်မင်း. . . ရှစ်လုံးဘွဲ့ ဂါထာသွားရယ်နှင့်
အချစ်ဆုံးတပည့် ဆရာသနား။ ။

(ဦးကျော်မြင့်လွင်၊
မြန်မာ့ဗလခရီးနှင့်ကာယဗလဖခင်၊ ဒုတိယတွဲ)

လွတ်လပ်ရေးတိုက်ပွဲအတွက် အုတ်တစ်ချပ်

ဒုတိယကမ္ဘာစစ်မီးကြီးသည် မြန်မာနိုင်ငံတွင်းအထိ ကူးစက်လောင်ကျွမ်းလာခဲ့လေပြီ။ ၁၉၄၁-ခု၊ ဒီဇင်ဘာလ ၂၃-ရက်နေ့ နံနက် ၁၀-နာရီအချိန်၌ ဂျပန်ဗုံးကြဲလေယာဉ်ကြီးအစင်း (၆၀)နှင့် တိုက်လေယာဉ် (၃၀)ပါ ဂျပန်လေတပ်ကြီးက ရန်ကုန်မြို့ကို စတင် ဗုံးကြဲတိုက်ခိုက်ပါတော့သည်။

၁၉၄၁-ခုနှစ်၊ ဒီဇင်ဘာလ ၂၅-ရက်နေ့၌ ဂျပန်လေတပ်ကြီးသည် အလုံမြို့နယ်ကို ဗုံးကြဲတိုက်ခိုက်လိုက်ရာ တစ်ရပ်ကွက်လုံး မီးဟုန်းဟုန်း တောက်လောင်သွားပါတော့သည်။

ဦးရှိန်ပိုင်ပစ္စည်းဟူ၍ မည်မည်ရရ ဘာမျှမရလိုက်ဘဲ အဆုံးရှုံးကြီး ဆုံးရှုံးသွားတော့သည်။

ထိုရက်မတိုင်ခင်ကတည်းက ညီဖြစ်သူဦးစိန် (ဦးပဂျိုင်)က သူနေထိုင်ရာ ဘောက်ထော်သို့ ပြောင်းရွှေ့နေရန် ခေါ်သော်လည်း ဦးရှိန်၏စာအုပ်များပါသယ်ဖို့က ခက်နေ၍ မလိုက်ဘဲ နေရစ်ခဲ့သည်။

ယခုတော့ နေ့စေ့လစေ့နှင့် မီးဖွားလုဆဲဆဲ ဇနီးနှင့် သားသမီးများကို ဦးရှိန်သည် သာယာဝတီခရိုင်၊ အိုးသည်ကုန်းသို့ ပို့လိုက်ပြီး သူတပည့် ကိုဇော်ဝိတ်နှင့်အတူ ညီ ဦးစိန်ရှိရာ ဘောက်ထော်သို့ လိုက်နေသည်။

ထိုအချိန်သည်ကား မြန်မာ့လွတ်လပ်ရေးအတွက် သခင်အောင်ဆန်း အမှူးပြုသော ရဲဘော်သုံးကျိပ်တို့ တိုက်ရင်းခိုက်ရင်း မြန်မာ့လွတ်လပ်ရေး တပ်မတော်ကြီးသည် မြန်မာပြည်တွင်းသို့ ခိုတက်လာချိန်ဖြစ်သည်။

ရဲဘော်သုံးကျိပ်ဝင်အချို့မှာမူ အန္တရာယ်ပေါများလှသည့် ရန်သူနယ်များထဲသို့ အထိပင် တိတ်တဆိတ် ထိုးဖောက်ဝင်ရောက်၍ မြေအောက် တော်လှန်ရေးစခန်းများမှ ရဲဘော်များနှင့်အတူ အရေးပါသည့် အလုပ်တွေ လုပ်နေကြလေပြီ။

အမှန်စင်စစ်အားဖြင့် ဦးရှိန်နှင့်ညီ ဦးစိန် (ဦးပဂျိုင်) သည် ခွဲခြား၍မရသော ဒဂိုးပြားတစ်ပြား၏ ခေါင်းနှင့် ပန်းပင် ဖြစ်တော့သည်။ ရည်ရွယ်ချက်တူ၊ လုပ်ရပ်တူသူများ ဖြစ်ကြသည်။ အရွယ်မှာလည်း ၂-နှစ်သာ ကွာသဖြင့် အရွယ်တူများ ဖြစ်ကြသည်။

ဦးရှိန်၊ ဦးစိန်တို့ နေထိုင်ရာ ဘောက်ထော်စခန်းသို့ မြေအောက်တော်လှန်ရေးအဖွဲ့တစ်ဖွဲ့ ရောက်ရှိလာသည်။ ဤတွင် ဦးရှိန်သည် တပည့်ဖြစ်သူ သခင်ချစ် (တောခို ဗကပ)ကို အကြောင်းပြု၍ ညီဖြစ်သူ ဦးစိန် (ဦးပဂျိုင်)၊ ကိုဇော်ဝိတ်တို့နှင့်အတူ မြေအောက်တော်လှန်ရေးအဖွဲ့တွင် ပါဝင်ဆောင်ရွက်ကြတော့သည်။

သူတို့၏မြေအောက်တော်လှန်ရေးအဖွဲ့ ခေါင်းဆောင်မှာ ဂျပန်ပြည်မှ တိတ်တဆိတ် ပြန်လည်ရောက်ရှိလာသော ရဲဘော်သုံးကျိပ်ဝင် ဗိုလ်နေဝင်း အမည်ခံ သခင်ရွှမောင် (ဗိုလ်ချုပ်ကြီးနေဝင်း)ပင် ဖြစ် သည်။

ဗိုလ်နေဝင်းတို့အဖွဲ့သည် ဦးရှိန်၊ ဦးစိန်တို့ခြံ၏ တစ်ဖက်ခြံရှိ တရုတ်အိမ်တွင် စခန်းချ နေထိုင်ကြသည်။ သူတို့ စားရေးသောက်ရေးအတွက် ဦးရှိန်၊ ဦးစိန်တို့ ညီအစ်ကိုကပင် တာဝန်ယူရသည်။

ဦးရှိန်၊ ဦးစိန်နှင့် တော်လှန်ရေးရဲဘော်များသည် ညဘက်ကျရင် ရှိသမျှလက်နက်များနှင့် စစ်သင်တန်း တက်ကြရသည်။ အင်္ဂလိပ်စစ်ပြေးများ၏ လက်နက်များကိုလည်း ရသည့်နည်းဖြင့် သိမ်းဆည်းကြရသည်။

အမှန်စင်စစ်အားဖြင့် ဦးရှိန်နှင့်ညီ ဦးစိန် (ဦးပဂျိုင်) သည် ခွဲခြား၍မရသော ဒဂိုးပြားတစ်ပြား၏ ခေါင်း နှင့် ပန်းပင် ဖြစ်တော့သည်။ ရည်ရွယ်ချက်တူ၊ လုပ်ရပ်တူသူများ ဖြစ်ကြသည်။

http://www.dhammadownload.com

တစ်နေ့တော့ ဘောက်ထော်ဘူတာရုံတွင် အင်္ဂလိပ်စစ်တပ်မှ ကရင်စစ်သားများ ရောက်နေကြောင်း သတင်းရသည်။ ဦးရှိန်၊ ဦးစိန်တို့အဖွဲ့မှ ကိုချမ်းမြက ကရင်စစ်ဗိုလ်ထံမှ ခြောက်လုံးပြူးကို ဝယ်ဟန်ပြု၍ သွားရောက် စုံစမ်းကြည့်သည်။

ကိုချမ်းမြသည် အကျိုးအကြောင်းကို ဗိုလ်နေဝင်း၊ သခင်ချစ်တို့ထံ ပြန်တင်ပြပြီး ကရင်စစ်သားများထံ ပြန်သွားသည်။ အကူအညီပေးမည့် ဗိုလ်ကြီးရှိကြောင်း ပြောပြပြီး ကရင်စစ်သားများကို ဗိုလ်နေဝင်း ရှိရာ စခန်းသို့ ခေါ်ခဲ့သည်။

ဦးရှိန်၊ ဦးစိန်တို့က ရောက်လာသည့် ကရင်စစ်ဗိုလ်နှင့် စစ်သားများကို ထမင်း ကျကျနနကျွေးပြီး ဧည့်ခံထားသည်။ သူတို့ထံမှ သေနတ်များကိုမူ အလွယ်တကူဖြင့် သိမ်းဆည်းရရှိလိုက်သည်။

သူတို့ကိုယ်ပေါ်မှာ လိုအပ်နေသည့် အင်္ကျီ၊ စွပ်ကျယ်၊ ပုဆိုးများကိုလည်း ဦးရှိန်၊ ဦးစိန် ညီအစ်ကို ကပင် ဝတ်ဆင်ပေးလိုက်သည်။

ကရင်စစ်ဗိုလ်နှင့်စစ်သားတို့သည် မြစ်ဝကျွန်းပေါ်သားများ ဖြစ်ကြသည်။ သူတို့နေရပ်ပြန်ကြဖို့ လမ်းစရိတ်ငွေက လိုနေပြန်သည်။

ဦးရှိန်၊ ဦးစိန်တို့ကပဲ ကရင့်စစ်ဗိုလ် စစ်သားများကို ငွေ ၂၅၀ ပေးလိုက်ကြသည်။ ကိုချမ်းမြက ကားတစ်စီးနှင့် သင်္ဘောဆိပ်သို့ လိုက်ပို့လိုက်သည်။

ဆရာကြီးဦးပဂ္ဂိုဠ် (ဦးစိန်) သည် ဤသို့ဖြင့် လည်း အမြဲမြန်မာနိုင်ငံကြီး လွတ်လပ်ရေးရရန် "မြန်မာ့ လွတ်လပ်ရေးတိုက်ပွဲအတွက် အုတ်တစ်ချပ်" အနေဖြင့် ပါဝင်ခဲ့သည်။

(ဦးကျော်မြင့်လွင်၊
မြန်မာ့ဗလခရီးနှင့်ကာယဗလဖခင်၊ စုတိယတွဲ)

ဂျပန်စကားသင် ဆရာ

ဂျပန်တို့သည် ရန်ကုန်မြို့သို့ (၈-၃-၄၂)ရက် နေ့၌ ဝင်ရောက်ခဲ့သည်။ ဂျပန်စကားသင်ကျောင်းများကို ထိုနှစ် ဇွန်လတွင် စတင်ဖွင့်လှစ်ခဲ့သည်။ ဆရာကြီး ဦးပဂ္ဂိုဠ်သည် ဆရာမကြီးဒေါ်အိမ်စိုး၏ကျောင်းနှင့် စစ်ဘက်မှ တည်ထောင်ဖွင့်လှစ်သော ဂျပန်စကားသင်ကျောင်းများတွင် ဝင်ရောက်ကာ ဂျပန်စကား သင်ကြားခဲ့သည်။

ဆရာကြီးဦးပဂ္ဂိုဠ်က သူ၏စာအုပ်မျက်နှာဖုံးတွင် "ကြိုးစားက ဘုရားဖြစ်နိုင်၏၊ ဦးပဂ္ဂိုဠ်၏ ဂျပန်စကားသင်ဆရာ" ဟု ခေါင်းစီးတပ်ထားသည်။

ဆောင်ပုဒ်အဖြစ် မျက်နှာဖုံးတွင် -

"တစ်နေ့ တစ်လံ ပုဂံ ဘယ်ပြေးမလဲ၊
အမောင်၏ဓား တိုလျှင် ခြေတစ်လှမ်းတိုး၍ ခုတ်ပါ။
ယနေ့ကြိုးစားက နက်ဖြန် အကျိုးခံစားရ၏။
ကျောပူမှ ဝမ်းအေး၍ အနာခံမှ အသာစံရမည်"

ဟု ရေးထားသည်။

အင်္ဂလိပ်တို့ ရန်ကုန်မြို့မှ ထွက်ခွာခြင်းမပြုမီ ကာယဗလဦးရှိန်သည် ဦးပဂ္ဂိုဠ်အား ဂျပန်စကားကို လေ့လာနိုင်ရန် ဂျပန်စကားကို အင်္ဂလိပ်ဘာသာဖြင့် ကျန်စွာ လေ့လာနိုင်ရန် ရေးသားထားသော စာအုပ်တစ်အုပ်ကို ဝယ်ယူပေးကမ်းခဲ့သည်။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ဂျပန်စကားသင်စာအုပ်ကိုလည်း ဝယ်ယူရန်ပြောခဲ့သည်။

ထိုစာအုပ် ၂-အုပ်ကိုလေ့လာရ၍ ကာယဗလဦးရှိန်ကို ကျေးဇူးတင်ကြောင်းနှင့် ဂျပန်စကားသင်ခွင့်ရသော ကျောင်း ၂-ကျောင်းမှ စိတ်ရှည်စွာ သင်ကြားပေးသည့် ဆရာကြီးဦးအေးဒါ-ဆံ၊ ဆရာမကြီးဒေါ်အိမ်စိုးနှင့် ဆရာများ၊ ဤစာအုပ်ကို ပြင်ဆင်ပေးသော ဂျပန်ကုန်သည်ကြီး ဟိဂရှိကုချိ-ဆံတို့အား အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြထားသည်။

တက်လေ့ကားနှင့် ၉-ကွေ့ ငိုကာ

ဆရာကြီးဦးပဂ္ဂိုဠ်သည် "တက်လေ့ကား" စာအုပ်ကို ၁၉၄၅-ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေခဲ့သည်။ "၉-ကွေ့ငိုကာ" စာအုပ်ကို ၁၉၄၆-ခုနှစ်၊ ဇန်နဝါရီလတွင် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ တစ်အုပ် ဒဿနိုးဖြင့် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ထိုစာအုပ် ၂-အုပ်စလုံးမကြာခင် ကုန်သွား၍ ၎င်းစာအုပ် ၂-အုပ် ကို အနည်းငယ်ပြုပြင်ပြီး တစ်အုပ်တည်းပြုလုပ်ကာ တိုးတက်ရေး

http://www.dhammadownload.com

ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ပြီး (၁၇-၉-၄၆)-ရက်နေ့၌ ထပ်မံထုတ်ဝေလိုက်သည်။

အခန်းကဏ္ဍအလိုက် ပါဝင်သော ခေါင်းစဉ်များကပင် စာဖတ်သူအား ဆွဲဆောင်မှုအပြည့်ရှိကြောင်း တွေ့ရသည်။ စာကိုယ်ပါ အချက်အလက်၊ အကြောင်းအရာတိုင်းသည်လည်း မှတ်သားစရာချည်းဖြစ်သည်။ သာဓကအားဖြင့် -

ပေါင်းသင်းဆက်ဆံရေး

မည်သူမဆို ယခုလက်ရှိအခြေအနေထက် တိုးတက်ကြီးပွားရန်မှာ မိမိအား တိုးအောင် တက်အောင် တိုးတက်အောင် တိုက်တွန်းအားပေးနေသော ပုဂ္ဂိုလ်များနှင့် ပေါင်းသင်းဆက်ဆံနိုင်သမျှ ပေါင်းသင်းဆက်ဆံပါ။ လူတို့သည် ဥစ္စာပစ္စည်း၊ ရွှေငွေပေးခြင်းကိုသာ ကျေးဇူးတင်ရသည်ဟု ထင်မှတ်ကြ၏။ စင်စစ်ကား အကြောင်းတစ်ခုကို ပေးသူ၊ အမှားတစ်ခုကို ပြုလျှင် ဆုံးမ၊ အမှန်သို့ လမ်းပြနိုင်သူ၊ မိမိ စိတ်ပျက်စိတ်ညစ်သောအခါတို့၌ စိတ်၏သက်သာခြင်း ဖြစ်လာအောင် နည်းပေးလမ်းပြ ပြောဆိုနိုင်သူသည် ဥစ္စာပစ္စည်း၊ ရွှေငွေ ပေးကမ်း စောင်မနိုင်သူနှင့်မခြား ကျေးဇူးတင်ထိုက်သော ပုဂ္ဂိုလ်များ ဖြစ်ကြကုန်၏။ တစ်ခါတစ်ခါ ဥစ္စာပစ္စည်း ပေးသည်ထက်ပင် ပို၍ ကျေးဇူးတင်ရ၏။ ဝိဒေဟရာဇ်မင်းကြီးမှာ မဟော်သဓ၏ အကြံဉာဏ်ကြောင့်သာ အသက်နှင့် စည်းစိမ်တိုးတက်နေရဘိ၏။ ထို့ကြောင့် ပညာရှိသူတော်ကောင်းကို အနာခံကာ ပေါင်းသင်းနိုင်သမျှ ပေါင်းသင်းပေးပါ။

ဦးပဏ္ဍိုင်၊ တက်လှေကားနှင့် ၉ ကုဋေရှိကာ၊ ၄၄။

နိမိတ်မကောင်း

အများအားဖြင့် မြန်မာလူမျိုးတို့၏ စိတ်တွင်းစ ထွင် လုပ်ကိုင်ရာ၌ ချောမောစွာ ဖြစ်လာသော်ထ မြောက်အောင်မြင်မည့် နိမိတ်ဟု အယူရှိတတ်၏။ အစတွင် အနည်းငယ် ထစ်ထစ်ငေါ့ငေါ့ ဖြစ်လာသော် နိမိတ်မကောင်းဘူးဟု ယူဆကာ လက်လျှော့တတ်လူတို့သည် ဥစ္စာပစ္စည်း၊ ရွှေငွေပေးခြင်းကိုသာ ကျေးဇူးတင်ရသည်ဟု ထင်မှတ်ကြ၏။

၏။ ၎င်းအယူအဆကား မှားသောအယူအဆဖြစ်၏။ (အလုပ်ဟူသရွေ့တို့မှာ အစ၌ ခက်စမြဲ၊ အနှောင့်အယှက် ရှိစမြဲဖြစ်၏။) ထိုရှိစမြဲဖြစ်သော အဖြစ်မျိုးကို မကောင်းသောနိမိတ်ဟု မယူဆသင့်။ **စက်ဘီးအစီးသင်သူသည် အစ၌ တဗုန်းဗုန်း၊ တဗိုင်းဗိုင်း လဲရ၏၊ မလဲဘဲ စက်ဘီးမစီးတတ်။** ၎င်းကို နိမိတ်မကောင်းဟု ယူဆသော် ကမ္ဘာလောကကြီး၌ စက်ဘီးစီးတတ်သူ မရှိနိုင်တော့ချေ။ ထို့အတူ အလုပ်၌ အစ၏ အခက်ကလေးများကို နိမိတ်မကောင်းဟု မယူဆအပ်။ လူတိုင်းတွေ့ရသော အနှောင့်အယှက်ကလေးများသာ ဖြစ်၏။ ထိုမှတစ်ပါး ဥပါဒါန်ကြောင့် ဥပဒ်ရောက်တတ်သည် ဆိုသော စကားပုံကိုလည်း သတိပြုအပ်၏။

ဦးပဏ္ဍိုင်၊ တက်လှေကားနှင့် ၉ ကုဋေရှိကာ၊ ၁၅။

ဘုရင်ခံနှင့် ဖဆပလသို့ ဦးပဏ္ဍိုင်၏ အရေးပေါ်စာတမ်း

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် ဗြိတိသျှအစိုးရ မြန်မာနိုင်ငံသို့ ပြန်လည်အုပ်ချုပ်စဉ်ကာလက ဖြစ်သည်။

ဆရာကြီးဦးပဏ္ဍိုင်၏ အရေးပေါ်စာတမ်းတွင် "လယ်သမားတို့အား ဆုတော်ငွေချီးမြှင့်ရန်" အကြံပြုခဲ့သည်။ အကြောင်းအကျိုး ခိုင်ခိုင်လုံလုံဖြင့် တင်ပြခဲ့သည်။

လယ်သမားတို့အား ဆုတော်ငွေ ချီးမြှင့်ခြင်းသည် အင်ဖလေးရှင်း (Inflation) ပေါ်မလာနိုင်ကြောင်း၊ ၎င်းငွေများမှာ မြန်မာများလက်ထဲတွင် ကြာကြာမနေကြောင်း၊ အင်္ဂလိပ်တို့ အမြတ်ယူ၍ ရောင်းချမည့် ကုန်ပစ္စည်း အထည်အလိပ်များကိုပင် ပြန်၍ ဝယ်ရန်မျှသာဖြစ်ကြောင်း၊ ထို့အပြင် ဆန်စိမ်ကိန်းကလည်း အင်္ဂလိပ်ကုန်သည်ကြီးများ၏ လက်ထဲ၌ပင် ရှိပြန်သဖြင့် လယ်အလုပ်များ၍ စပါးအထွက်

http://www.dhammadownload.com

ကျသော် မြန်မာများထက် အင်္ဂလိပ်များပင် ပိုမိုအကျိုးကျေးဇူး ခံစားရလိမ့်မည့်အကြောင်း ရေးခဲ့သည်။

ဗမာနှင့် ဘဏ်

ဆရာကြီးဦးပဏ္ဍိုင်သည် "ဗမာနှင့်ဘဏ်" စာတမ်းကို ၁၉၄၆-ခုနှစ်က ရေးခဲ့သည်။

၁၉၂၀ မှ ၁၉၃၀ ထိ "ကြီးပွားချမ်းသာရေး" စာအုပ်ရေးစဉ်ကပင် ဘဏ်၏တန်ဖိုးကို ထည့်ရေးခဲ့သည်။ "ချမ်းသာရေး" ခေါင်းစဉ်ဖြင့် စာမျက်နှာ (၁၂၂)တွင်

"အထူးသတိပြုရန်မှာ လက်ကိုင်လျတ်ရှိသော ငွေသည် အိမ်တွင်ကျန်ရစ်ခဲ့သော ငွေထက် အကုန်မြန်၏။ အိမ်တွင်ရှိသောငွေသည် ဘဏ်တွင်ရှိသော ငွေထက် အကုန်မြန်၏။

ဘဏ်တိုက်တွင် စုဆောင်းထားသော ငွေကိုပင် မိမိတို့၌ ထိုငွေမရှိ၊ ထိုငွေကို မသိဘိသကဲ့သို့ ထားရသည်။ ထိုငွေကို ငါသည် နှစ်ပေါင်းမည်မျှကြာမှ ထုတ်ယူမည်။ အဘယ်ကိစ္စမျိုး ပေါ့ ပေါက်မှ ထုတ်ယူမည်စသည်ဖြင့် ပိုင်းဖြတ်ထားရမည်" ဟု ရေးခဲ့သည်။

ဆရာကြီးဦးပဏ္ဍိုင်သည် "ဗမာနှင့်ဘဏ်" စာတမ်း၌ "ဘဏ်သည် တိုင်းပြည်အား ဝပြောသာယာရှိအောင် ပြုလုပ်ခြင်း" ဟူသော ခေါင်းစဉ်ဖြင့် ဘဏ်၏ အရေးပါပုံကို အောက်ပါအတိုင်း ရေးသားထားလေသည်။

ဘဏ်သည်
တိုင်းပြည်အား ဝပြောသာယာရှိအောင်
ပြုလုပ်ခြင်း

တိုးတက်လျက်ရှိနေသော တိုင်းပြည်များသည် ဘဏ်ရှိခြင်း၏ အကျိုးကျေးဇူးကို သိရှိကြသဖြင့် ဘဏ်ကို အထူးဂရုပြုကာ တည်ထောင် စီမံ အုပ်ချုပ်ကြလေသည်။

ဘဏ်တိုက်သည် တိုင်းပြည်တွင် အိပ်နေသော ငွေသေမျှားကို တစ်ဖက်က ရအောင် စုဆောင်း၍ ရသမျှငွေကို စီးပွားရေးအတွက် ငွေလိုနေသော သူတို့အား တစ်ဖက်က ချေးငှား မစရခြင်းမှာ ၎င်းတို့၏ အဓိကလုပ်ငန်းကြီး ဖြစ်လေသည်။ ဥပမာဆိုသော် ဦးဖြူ၊ ဦးမဲတို့မှာ ငွေပို၍နေခြင်းကြောင့် ငွေချေးငှားလို သူတို့အား အလိုရှိနေ၏။ သို့ရာတွင် မည်သူ မည်ဝါသည် ငွေအလိုရှိမှန်းကို မသိသဖြင့် မိမိငွေပိုကို မချေးငှားရ၊ တစ်ဖက်တွင်ကား ဦးနီ၊ ဦးစိမ်းတို့သည် ငွေလိုနေကြ၏။ သို့ရာတွင် မည်သူမည်ဝါ ငွေ ချေးငှားမည်ကို မသိခြင်းကြောင့် အလုပ်မလုပ်နိုင်။ တစ်နည်းလည်း ဦးဖြူ၊ ဦးမဲတို့ ငွေချေးငှားလိုမှန်း သိ၏။ သို့သော် ဦးဖြူ၊ ဦးမဲတို့ထံ သွားရောက်၍ ငွေမချေးငှားလို။ ဘဏ်သို့ သွားရောက်ချေးငှားရန်ကိုကား ဦးနီ၊ ဦးစိမ်းတို့မှာ ဝန်မလေးချေ။ ထို့အတူ ဦးဖြူ၊ ဦးမဲတို့သည် ဦးနီ၊ ဦးစိမ်းတို့အား ချေးငှားလိုသော စိတ်မရှိ။ ဘဏ်တွင် မိမိငွေကို အပ်ရန်ကား ဝန်မလေးချေ။ ထို့ကြောင့် ဘဏ်တိုက်သည် ထို ၂-ဖက်ကို တစ်ဦးနှင့် တစ်ဦး မသိစေရဘဲ ဆက်စပ်ပေးသူ ဖြစ်လေသည်။

ဤသို့ပြုလုပ်ပေးခြင်းအားဖြင့် ဦးဖြူ၊ ဦးမဲတွင်လည်း အတိုးရ၍ အကျိုးရှိခြင်း၊ ထို့အတူ ဦးနီ၊ ဦးစိမ်းတို့မှာလည်း မိမိတို့ စီးပွားရေးကို ဆောင်ရွက်နိုင်သဖြင့် အကျိုးရှိခြင်း၊ ထို့အတူ ဘဏ်တွင်လည်း အတိုး အနည်းငယ်မျှသာ ဦးဖြူ၊ ဦးမဲကို ပေးရ၍ ဦးနီ၊ ဦးစိမ်းတို့ထံမှ အတိုး ပိုမိုရရှိခြင်းတို့ကြောင့် ၃-ဦးစလုံး အကျိုးရှိကြလေသည်။ ဤကား သာမန်မျက်စိအမြင်ဖြစ်၍ တကယ်တမ်းဆိုသော် တိုင်းပြည်၏ စီးပွားရေး အလုပ်အကိုင်များမှာ ပိုမိုတွင်ကျယ်လာသဖြင့် လူထုတွင် အထက်ပါ ၃-ဦးပေါင်း ခံစားရသည်ထက် ပို၍ အကျိုးကျေးဇူး ခံစားရပြီးကာ တိုင်းပြည်၌ စည်ပင်ဝပြောလာပေတော့၏။

ဦးပဏ္ဍိုင်၊ ဗမာနှင့်ဘဏ်၊ ၂၄-၂၅။

ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသို့ ဘဏ်၊ ငွေစက္ကူ၊ ငွေတန်ဘိုး ကိစ္စအဝဝတို့အတွက် အစီရင်ခံစာ

(၃-၁၁-၅၀)ရက်စွဲဖြင့် ဆရာကြီးဦးပဏ္ဍိုင်သည် ဘဏ်၊ ငွေစက္ကူ၊ ငွေတန်ဘိုးကိစ္စအဝဝတို့အတွက်

http://www.dhammadownload.com

ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများသို့ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့သည်။

မြန်မာပြည်သည် ကမ္ဘာ့ဘဏ်နှင့် ကမ္ဘာ့ငွေကြေးအဖွဲ့ကြီးသို့ ပါဝင်ရန်နှင့် ငွေကြေးအုပ်ချုပ်မှုအဖွဲ့လည်း မြန်မာပြည်ပြောင်းလဲရန် ဥပဒေပြင်မည်ဟုကြားသိရ၍ ထိုပြဿနာ (၂)ရပ်မှာ အရေးကြီးသဖြင့် လေးနက်စွာ စဉ်းစားလုပ်ကိုင်ဆောင်ရွက်စေလိုသောသဘောဖြင့် (၂၉-၉-၅၀)နေ့တွင် တက္ကသိုလ် ဘောဂပေဒအသင်း၌ ဆရာကြီးဦးပဂ္ဂိုဠ်က အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့သည်။

ထို့နောက် ဆရာကြီးဦးပဂ္ဂိုဠ်သည် (၈-၁၀-၅၀) ရက်နေ့တွင် ဝန်ကြီးချုပ်နှင့် မြန်မာ့စီးပွားရေးပုဂ္ဂိုလ်ကြီး ၂-ဦးဖြစ်သော ဟင်္သာတ ဦးမြ၊ စိန်ဘရားသား ဦးထွန်းစိန်တို့ရှေ့တွင် ဘဏ်လုပ်ငန်း အရေးကြီးပုံ၊ ငွေစက္ကူအုပ်ချုပ်ထုတ်ဝေမှု အရေးကြီးပုံ၊ ငွေတန်ဖိုးဆုံးဖြတ်ရာ၌ အရေးကြီးပုံတို့ကို တစ်ညနေလုံး အကိုးအကားစာအုပ်ပေါင်းများစွာနှင့် ရှင်းလင်းအစီရင်ခံခဲ့သည်။

ယင်းသို့ အစီရင်ခံချိန်၌ သူ၏ စိတ်ထဲတွင် မည်သို့သဘောထားပုံကို ဆရာကြီးက ဤသို့ မေးထားသည်။

"ယင်းသို့ လူကြီးမင်း ၃-ဦးအား ကျွန်တော် အစီရင်ခံရာတွင် ထိုပုဂ္ဂိုလ် ၃-ဦးအား ကျွန်တော်၏ မိတ်ဆွေရင်းဟူသောစိတ်ကို ဖျောက်ပြီးလျှင် ပုဂ္ဂိုလ် ၃-ဦးကိုသာ ရှင်းလင်းပြောပြနေသည်ဟု သဘောမထားဘဲ စီးပွားရေးနှင့် နိုင်ငံရေးခေါင်းဆောင်ပေါင်း ၃၀၀၀-ခန့်ကို ရှင်းလင်းပြောပြနေဘိသကဲ့သို့ ကျွန်တော်သည် စိတ်အားထက်သန်စွာဖြင့် အစီရင်ခံခဲ့ပါသည်"

"ထိုမျှမက ကျွန်တော့်ဘက်တွင်လည်း ငါသည် နိုင်ငံတော်အတွင်းရှိ လူဦးရေ ၁၇-သန်းအတွက် သာမက နောင်လာနောက်သားပေါင်းများစွာတို့၏ သက်သာချောင်ချိရေးကို ဆောင်ရွက်ပေးရာတွင် ရှေ့နေကောင်းတစ်ယောက်သည် တော်မှန်ဖြောင့်မတ်သော တရားသူကြီး ၃-ဦးရှေ့မှောက်တွင် မိမိအမှုသည်များအတွက် သက်သာချောင်ချိမှုကို ရရှိရန် အစွမ်းကုန် ဥပဒေ အကိုးအကားပေါင်းများစွာနှင့် လျှောက်လဲနေဘိသကဲ့သို့ ရိုသေလေးစားစွာ တိုင်းပြည်အကျိုး တစ်ခုတည်းကိုသာ ရှေးရှု၍ ကျွန်တော် အစီရင်ခံခဲ့ပါသည်။"

"အနုမြူဇုံးနှင့် ငွေစက္ကူဘဏ်လုပ်ငန်း" ခေါင်းစဉ်ဖြင့် ဆရာကြီးဦးပဂ္ဂိုဠ်က ဤသို့ရေးထားပြန်သည်။

> **ယခုခေတ်တွင် စစ်တိုက်ရာ၌ အနုမြူဗုံးသည် အရေးအကြီးဆုံးဖြစ်သည်ကို လူတိုင်းသိကြသော်လည်း ငွေစက္ကူအုပ်ချုပ်ထုတ်ဝေရေးနှင့် ဘဏ်လုပ်ငန်းသည် တိုင်းပြည်၏ စီးပွားရေးတွင် အရေးအကြီးဆုံး လက်နက်ဖြစ်ခြင်းကိုကား လူတိုင်းမသိကြချေ။ လူတိုင်းသိလျှင်လည်း ထိုတိုင်းပြည်သည် အထွတ်အထိပ်သို့ ရောက်မည်သာတည်း ။ ။**
>
> မောင်စိန်
> (၂၇-၁၀-၅၀)
> တိုးတက်ရေးသတင်းစာတိုက်
> ရန်ကုန်မြို့

"ဘဏ် အရေးကြီးခြင်း" ခေါင်းစဉ်ဖြင့်လည်း သတင်းစာများထဲတွင် နိုင်ငံရေးနှင့် စစ်ပွဲသတင်းများကိုသာ စာလုံးကြီးများနှင့် ဖော်ပြကြကြောင်း၊ စီးပွားရေးသတင်းကိုမူ စာလုံးကြီးများဖြင့် ပါသင့်ပါလျက် သတင်းစာများက မဖော်ပြကြကြောင်း ရေးသားထားသည်။

စီးပွားရေးတွင်လည်း ငွေကြေးအုပ်ချုပ် ထုတ်ဝေမှုနှင့် ဘဏ်လုပ်ငန်းသည် အရေးအကြီးဆုံးဖြစ်ကြောင်းကိုလည်း -

"တိုင်းပြည်တစ်ပြည်တွင် ငွေစက္ကူအုပ်ချုပ်ထုတ်ဝေရေးလုပ်ငန်းကို အစိုးရကသာ အုပ်ချုပ်ထုတ်ဝေနေသည်ဟု သိရှိကြသော်လည်း ဘဏ်တိုက်ကြီးများက အစိုးရထုတ်ဝေနေသော ငွေစက္ကူများကို လေး

http://www.dhammadownload.com

ငါးခြောက်ဆ ပွားများလာအောင် ဖန်ဆင်းထုတ်ဝေသုံးစွဲနေသည်ကိုကား သာမန်လူတို့ မဆိုထားဘိ၊ အထက်တန်းစားများပင် မသိရှိကြပါ" ဟု ဆရာကြီး ဦးပဏ္ဍိုင်က ရေးထားသည်။

"မြန်မာဘဏ် ကြီးပွားမှ" ခေါင်းစဉ်အောက်တွင် ဤသို့ ရေးထားသည်။

"မြန်မာပြည်တွင် အစိုးရဘဏ်ကြီးမှတစ်ပါး ကုန်သည်ဘဏ်ပေါင်း ၁၅-တိုက်ကျော် ၂၀-ခန့် ရှိသည့် အနက် ရန်ကုန်မြို့တွင် ပြောပလောက်သော မြန်မာဘဏ် တစ်ခုမျှသာရှိရာ ထိုဘဏ်မှာလည်း နိုင်ငံခြားဘဏ်ကြီးများအောက်တွင် လောင်းရိပ်မိနေသဖြင့် တိုးတက်ကြီးပွားသင့်သလောက် တိုးတက်ကြီးပွားခြင်း မရှိနိုင်သေးပါ"။

ဆရာကြီးဦးပဏ္ဍိုက သူ၏ "ဘဏ်အရေးကြီးခြင်း" စာ၏ နိဂုံးတွင် ဘဏ်များကို မည်သို့မည်ပုံ စီမံအုပ်ချုပ် လုပ်ကိုင်အပ်သည်ကို စုံစမ်းစစ်ဆေးပါရန် အစိုးရနှင့် တိုင်းသူပြည်သားတို့ အကျိုးငှာ လေးစားစွာ အစီရင်ခံပါသည်ဟု ရေးသားဖော်ပြထားလေသည်။

ဆရာကြီးဦးပဏ္ဍိုင်သည် လက်ရှိ ပြည်ထောင်စု ဘဏ် (ယူနိယံဘဏ်ကြီး)နှင့် မြန်မာပိုင်ဘဏ်ကြီးတစ်ခု အမြန်ဆုံး တည်ရှိနိုင်ရန် ပိုလ်ချုပ်အောင်ဆန်းတို့ အနီစွမရောက်မီ ရန်ကုန် "ဆော်ရန်တို" အဆောက်အအုံကြီး၌ မူလကြီးစားသူ ၃-ဦးတွင် ဆရာကြီးဦးပဏ္ဍိုင်သည် တစ်ဦးအပါအဝင် ဖြစ်ခဲ့သည်။ မကြာမီ ယူနိယံဘဏ်ကြီးတွင် ဒါရိုက်တာလူကြီးတစ်ဦး ဖြစ်လာကာ ၂-နှစ်တိုင်တိုင် ဆောင်ရွက်ခဲ့သည်။

ဆရာကြီးသည် ထိုစဉ်အခါက အင်္ဂလိပ်အစိုးရတို့ ပြုလုပ်သွားသော ဘဏ်ဥပဒေကြီးကို ပြုပြင်ရန် အထူးကြိုးစားခဲ့သည်။ နောက်ဆုံး၌ ဘဏ်ဥပဒေ ပြင်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

ဆရာကြီးဦးပဏ္ဍိုင်၏ "ခေတ်မီတိုးတက်ပြောင်းလဲရေးဘက်တွင် ပြည့်ဝသော အရည်အချင်းများ" ကို တက္ကသိုလ်တင်ခက ၁၉၉၇-ခုနှစ်၊ မေလထုတ် ဌေးတာရီမဂ္ဂဇင်း၊ အမှတ်-၄၄ တွင် ဤသို့ရေးသားထားသည်ကို တွေ့ရသည်။

"ခေတ်မီတိုးတက်ပြောင်းလဲနိုင်သော တိုးတက်ရေး ဦးစီန်ဟု ခေါ်ရမည်သာ ဖြစ်ပါသည်။ တိုးတက်ရေးဦးစီန်သည် တိုးတက်ခေတ်မီသည်မှာ ယခု ခေတ်သစ်တိုင်အောင် စွမ်းဆောင်ကြိုးပမ်းနိုင်ခဲ့သည်ကိုပါ လေ့လာသိရှိရပါသည်။ ကြီးပွားချမ်းသာရေးစာအုပ်ကို ရေးသားထုတ်ဝေခဲ့သူပီပီ မြန်မာ့စီးပွားရေးလုပ်ငန်းပိုင်းတွင် ကျွမ်းကျင်စွာ နှံ့စပ်သူဖြစ်သည်။

ပဂ္ဂလိကပိုင်စီးပွားရေးလုပ်ငန်း၊ အမျိုးသားပိုင် စီးပွားရေးလုပ်ငန်းနှင့် မြန်မာ့ငွေကြေးပြဿနာများကို စိတ်ဝင်စားသည်။

လွတ်လပ်ရေးခေတ်တွင် ဆရာကြီးဦးပဏ္ဍိုင်သည် အမျိုးသားပိုင် ဘဏ်လုပ်ငန်းများ ပေါ်ပေါက်လာစေရန် လှုံ့ဆော်ဖန်တီးရေးသားခဲ့သည်။

လှုံ့ဆော်ရေးသားခဲ့သည့်အတိုင်း ပြည်ထောင်စုဘဏ်ကို စတင်တည်ထောင်စဉ်က အဖွဲ့ဝင်တစ်ဦး အဖြစ် ပါဝင်ခဲ့သည်။"

သင်ပုန်းချေဖြိုမ်းချမ်းရေးနှင့် အလုပ်လက်မဲ့ပြဿနာ

သင်ပုန်းချေဖြိုမ်းချမ်းရေးစာတမ်းနှင့် ဦးပဏ္ဍိုင်၏ ဖြိုမ်းချမ်းရေးကမ္မဋ္ဌာန်း

ဆရာကြီးဦးပဏ္ဍိုင်သည် ဤစာတမ်းကို (၁၀-၁၂-၅၇) ရက်နေ့၌ ရေးသားထုတ်ဝေခဲ့သည်။

ဆရာကြီးဦးပဏ္ဍိုင်သည် ၁၉၄၈-ခုနှစ် အတွင်းကပင် ဟင်္သာတဦးမြနှင့် တိုင်ပင်ကာ ဆာဦးသွင်ကို ခေါင်းဆောင်တင်၍ ပြည်တွင်းဖြိုမ်းချမ်းရေးရရှိရေးကို ကြိုးစားခဲ့သည်။

ယခု ၁၉၅၀-ခုနှစ်၌ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ သင်ပုန်းချေ ပြည်တွင်းဖြိုမ်းချမ်းရေးအဖွဲ့တွင်

ကြီးပွားချမ်းသာရေးစာအုပ်ကို ရေးသားထုတ်ဝေခဲ့သူပီပီ မြန်မာ့စီးပွားရေးလုပ်ငန်းပိုင်းတွင် ကျွမ်းကျင်စွာ နှံ့စပ်သူဖြစ်သည်။

http://www.dhammadownload.com

သူ ပါဝင်ဆောင်ရွက်နေသည်မှာ ယခုမှ တစ်ပါးသူက သွေးဆောင်၍ လုပ်ခြင်း မဟုတ်ကြောင်းကို ဆရာကြီး ဦးပဂ္ဂိုဠ်က ဤစာတမ်းတွင် ရှင်းပြထားသည်။

ဆရာကြီးဦးပဂ္ဂိုဠ်သည် စာအရေးအသားကောင်းသလို အပြောအဟောလည်း ကောင်းသူဖြစ်သည်။ ဆရာကြီးဦးပဂ္ဂိုဠ်ဟောသည့် သင်ပုန်းချေ ပြည်တွင်းငြိမ်းချမ်းရေးတရားပွဲဆိုလျှင် ပရိသတ်များ လက်ခုပ်တဖြောင်းဖြောင်းနှင့် အားပေးကြကြောင်း၊ ရယ်စရာမောစရာများနှင့် ပရိသတ် တသောသောရှိနေကြောင်းကို ဆရာကြီး၏တပည့်ရင်းတစ်ယောက်ဖြစ်သူ ဦးသိန်းရွှေ၏ မျက်မြင်ကိုယ်တွေ့ ပြောပြချက်အရ သိရသည်။

ဦးပဂ္ဂိုဠ်၏ နိုင်ငံခြားခရီး

ဦးဇော်ဝိတ်ကြီး အိန္ဒိယပြည်လုံးဆိုင်ရာ အလေးမပြိုင်ပွဲသို့ သွားစဉ် ကာယဗလဖခင်ကြီးဦးရှိန်နှင့် ဆရာကြီးဦးပဂ္ဂိုဠ်တို့သည် ခေါင်းဆောင်၍ (၁၈-၂-၃၆) နေ့တွင် အိန္ဒိယပြည်သို့ သွားရောက်ခဲ့သည်။ ဆရာကြီးဦးပဂ္ဂိုဠ်သည် သတင်းစာတိုက်အသီးသီး တွင် သတင်းစာပညာများ လေ့လာခဲ့သည်။

၁၉၄၇-ခုနှစ်တွင် အစိုးရက နိုင်ငံခြားသို့ သတင်းစာပညာလေ့လာရန် သတင်းစာဆရာ ၄-ဦး စေလွှတ်ခဲ့ပြန်သည်။ မြန်မာ့အလင်း ဦးတင်နှင့် တိုးတက်ရေးဦးစိန် (ဦးပဂ္ဂိုဠ်)တို့သည် (၂၉-၉-၄၇)ရက်နေ့တွင် လန်ဒန်မြို့သို့ ပုံနှိပ်တိုက်ဆိုင်ရာပစ္စည်း ရှာဖွေရေးအတွက် လေယာဉ်ဖြင့် သွားခဲ့သည်။

ဆရာကြီးဦးပဂ္ဂိုဠ်သည် အမေရိကန်ပြည်ထောင်စု၌ သတင်းစာပညာနှင့်ဘာသာရေးအရပ်ရပ်ကို လေ့လာရန် (၂၁-၃-၅၅)နေ့တွင် လေယာဉ်ခရီးနှင့်ခဲ့ ပြန်သည်။

ထို့နောက်လည်း အမေရိကန်၊ အင်္ဂလန်စသည့် နိုင်ငံများသို့ လေ့လာရေးခရီး သွားခဲ့ပြန်သည်။

နိုင်ငံခြားမှ ပြန်လာတိုင်းလည်း စာအုပ်စာတမ်းများကိုသာ တပွေ့တပိုက်ချည်းယူပြီး ပြန်လာလေ့ရှိသည်။

အလုပ် ကံနှင့် စိတ်တန်ခိုး

ဆရာကြီးဦးပဂ္ဂိုဠ်သည် "အလုပ် ကံနှင့် စိတ်တန်ခိုး" စာအုပ်ကို ၁၉၅၅-ခု၊ မတ်လတွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ အဖိုးတွေ တစ်ကျပ်ခွဲ ဖြစ်သည်။ တိုးတက်ရေး ပုံနှိပ်တိုက်၊ ရေကျော်ရပ်၊ ရန်ကုန်မြို့က ထုတ်ဝေသည်။

၁၉၆၃-ခုနှစ်၊ ဇူလိုင်လ၊ ပဉ္စမအကြိမ် ထုတ်ဝေရာတွင် ဦးပဂ္ဂိုဠ်၊ ပီမိုးနင်း "ဟန်ကျပန်ကျနှင့် စိတ်တန်ခိုး" ဟူ၍ ၂-အုပ်ပေါင်း၍ ရိုက်နှိပ်ထားသည်။ တန်ဖိုး ၂-ကျပ်၊ ၅၀-ပြား ဖြစ်သည်။

အလုပ် ကံနှင့် စိတ်တန်ခိုးရေးရခြင်း၏ ရည်ရွယ်ချက်

ဆရာကြီးဦးပဂ္ဂိုဠ်သည် ဤစာအုပ်ရေးရခြင်း၏ ရည်ရွယ်ချက်ကို ဤသို့ရေးထားသည်။

"တို့မြန်မာတွေ တိုးတက်ကြီးပွားပါမှ မြန်မာလူမျိုးတွေ ကိုးကွယ်သော သာသနာတော်မြတ်ကြီး အခွန့်ရှည်စွာ ထွန်းကားနိုင်မည့်အရေးကို သဘောပေါက်မိကာ ဤစာအုပ်ကို တိုးတက်ကြီးပွားလိုသော ပုဂ္ဂိုလ်အပေါင်းတို့နှင့်တကွ လာလတ္တံ့သော မြန်မာတက်လူအပေါင်းတို့အား ဤပညာအမွေအနှစ်ကို ရေးသားပေးပို့ခဲ့ပါသတည်း။

တို့မြန်မာအပေါင်း တိုးတက်၍ ဗုဒ္ဓသာသနာတော်မြတ်ကြီး အခွန့်ရှည်စွာ တည်ပါစေသတည်း။"

အို-ဂျီ-အဲလ် (O-G-L) [လိုင်စင်မဲ့ သွင်းကုန်စနစ်]

ဆရာကြီးဦးပဂ္ဂိုဠ်သည် အလုပ် ကံနှင့် စိတ်တန်ခိုးစာအုပ်ကို (၁၆-၃-၅၅) နေ့၌ ထုတ်ဝေရောင်းချရန် ကြိုးပမ်းဆောင်ရွက်နေစဉ် ရန်ကုန်မြို့နေ ဒဂုန် ဦးလှဖေက (၁၃-၃-၅၅)ရက်နေ့တွင် ဆရာကြီး ဦးပဂ္ဂိုဠ်ထံ ရောက်လာပြီး "အို-ဂျီ-အဲလ် ပြဿနာ"ကို ဖြေရှင်း ရေးသားပေးရန် စေခိုင်းလာသည်။

ဆရာကြီးဦးပဂ္ဂိုဠ်က (၂၁-၃-၅၅)ရက်နေ့တွင် အမေရိကန်သွားရန် စီစဉ်ပြီးဖြစ်၍ မရေးနိုင်ကြောင်း

http://www.dhammadownload.com

တောင်းပန်စကားပြောသည်။

ဒဂုန်ဦးလှဖေကလည်း "ဆရာ့ထံ လာရောက် ရေးသားခိုင်းရသည်မှာ သူတစ်ဦးတည်းအတွက် မဟုတ်ကြောင်း၊ မြန်မာကုန်သည်ပိုင်းအချို့က ဆရာ့ထံ အိုဂျီအဲလ်အကြောင်း ရေးသားဖြေရှင်းပေးရန် သွားရောက်တိုက်တွန်းစမ်းပါဟု ပြောဆိုတောင်းပန်ကြသဖြင့် ယခုလို လာရောက်ပြောဆိုရခြင်းဖြစ်ကြောင်း" ထပ်မံရှင်းလင်းပြောဆိုပြန်ပါသည်။

ထို့ကြောင့် ဆရာကြီးဦးပဂ္ဂိုဠ်သည် အို-ဂျီ-အဲလ် သည် မြန်မာပြည်သူ ပြည်သားများအတွက် အကျိုးကျေးဇူးမရှိ ၎င်းကို ပိတ်သင့်ကြောင်း ရေးသားတင်ပြခဲ့သည်။

နောင်တွင် အစိုးရသည် အို-ဂျီ-အဲလ်ကို ပိတ်လိုက်တော့သည်။

ဟန်ကျပန်ကျနှင့် စိတ်တန်ဖိုး

ဤစာအုပ်တွင် ဆရာကြီးဦးပဂ္ဂိုဠ်၏ဆောင်းပါး ၁၃-ပုဒ်နှင့် ဆရာကြီးပိမိုးနင်း၏ ဆောင်းပါး ၂၃-ပုဒ် ပါဝင်သည်။

"အဘယ်ကြောင့် ဤစာအုပ်ကို ရိုက်နှိပ်သနည်း" ခေါင်းစဉ်ဖြင့် ဆရာကြီးဦးပဂ္ဂိုဠ်က ဤသို့ရေးထားသည်။

"လောကဌ လူတိုင်း ကြီးပွားချမ်းသာလိုကြသည်။ ကြားဖူးနားဝ ရှိသမျှလည်း ကြိုးစားအားထုတ်ကြသည်။ သို့သော် မတိုးတက်ကြခြင်းသည် တိုးတက်ရာတိုးတက်ကြောင်း လမ်းကောင်းလမ်းမှန် မရှိခြင်းကြောင့်မဟုတ်၊ မိမိတို့ထွက်လမ်းကို မိမိတို့ မသိ မမြင်ကြ၍ ဖြစ်သည်။

ကျွန်ုပ်သည် နှစ်ပေါင်းများစွာ ကြီးပွားရာ ကြီးပွားကြောင်း နည်းကောင်းလမ်းမှန်ကို ရှာခဲ့သည်။ လမ်းမှန်တို့ကို တွေ့ရှိသဖြင့် ကျွန်ုပ်ကိုယ်တိုင် အလွန်ဆင်းရဲသော ဘဝမှသည် တိုးတက်ကြီးပွား အကျိုးကျေးဇူးများစွာ ခံစားရရှိနေရသည်ပြင် "ဟန်ကျပန်ကျ" အခြေအနေသို့ ရောက်ရှိနေချေပြီ။

ထိုနည်းကောင်းလမ်းမှန်တို့ကို အမျိုးသားအပေါင်းတို့အား လွယ်လင့်တကူ ခံစားစံစားနိုင်ရန် ရည်သန်၍ ကျွန်ုပ်သည် ဤ "ဟန်ကျပန်ကျ" အမည်ရှိသော စာအုပ်ကို ရိုက်နှိပ်ထုတ်ဝေလိုက်ခြင်း ဖြစ်ပေသည်။"

သတင်းစာဆရာမှ ဝိပဿနာဆရာသို့

ဆရာကြီးဦးပဂ္ဂိုဠ်၏ဘဝဝယ် အမြင့်မားဆုံး၊ အထွတ်အထိပ်အကျဆုံးသို့ ရောက်ခြင်းမှာ ဝိပဿနာဆရာကြီးဖြစ်ခြင်းပင်။ မည်သည့်ဂုဏ်ဖြစ်နှင့်မျှ အစားထိုး လဲလှယ်ယူ၍မရသော အမွန်မြတ်ဆုံးသော ဂုဏ်ဖြစ်မှာ ဝိပဿနာကျမ်းပြု ဆရာကြီးဖြစ်ခြင်းနှင့် ဝိပဿနာဘာဝနာပညာကို သင်ကြားပြသ ပေးနိုင်သော ဝိပဿနာကမ္မဋ္ဌာနာစရိယပုဂ္ဂိုလ်ကြီး ဖြစ်ခြင်း ပေတည်း။

ဆရာပါရဂူကလည်း သူ၏ "ပရကထာ" စာအုပ်တွင် ဆရာကြီးဦးပဂ္ဂိုဠ်၏ လောကုတ္တရာဂုဏ်ထူးကို ဤသို့ ချီးကျူးထားသည်။

"လွတ်လပ်ရေးရပြီး သည်ဘက်ပိုင်းတွင်ကား ဦးပဂ္ဂိုဠ်သည် ဘဝဟောင်းကို စွန့်ခွာလျက် ဘဝသစ်သို့ ရောက်လာသည်။ သူ၏ ဘဝသစ်မှာ တရားနှင့် မွေလျော်သောဘဝ ဖြစ်သည်။ ဦးပဂ္ဂိုဠ်သည် သူ၏ ဘဝသစ်၌ သာမန်တရားသမား အဆင့်မျှသာမကဘဲ ကမ္မဋ္ဌာန်းဘာဝနာကို ကျင့်ကြံပွားများသူ ဖြစ်လာသည်။ မိမိကိုယ်တိုင် ကမ္မဋ္ဌာန်းကျင့်ကြံပွားများရုံမျှသာမကဘဲ သူတစ်ပါးတို့အားလည်း တရားပြသော ကမ္မဋ္ဌာန်းဆရာ ဖြစ်လာသည်။ သာမန်ကမ္မဋ္ဌာန်းဆရာမျှသာမကဘဲ ဝိပဿနာကမ္မဋ္ဌာန်းကျမ်းပြု ကမ္မဋ္ဌာနာစရိယ ဖြစ်လာလေသည်။"

အမှန်အားဖြင့် ဆရာကြီးဦးပဂ္ဂိုဠ်သည် အသက်အရွယ်ကြီးလာမှ တရားဘာဝနာဘက် လိုက်စားခြင်းမဟုတ်၊ ဆရာကြီး၏ ဘဝမှတ်တိုင်တစ်တိုင်ချင်းကို စေ့ငုစွာ လေ့လာကြည့်ရာတွင် ဆရာကြီးသည် သူ၏ စာအုပ်တိုင်း၌ ဘုရားဟောတရားဒေသနာများ ညှပ်၍ ရေးထားလေ့ရှိသည်။ ဆရာကြီး အသက် ၂၃-နှစ် အရွယ်က စရေးသော "ကြီးပွားချမ်းသာရေး" စာအုပ် (စာမျက်နှာ ၂၁-၂၂) ကို ဖတ်ကြည့်ရုံဖြင့်

http://www.dhammadownload.com

တစ်သက်တွင် တစ်ခါမျှ မတွေ့၊ မဖတ်၊ မရှု၊ မကြဲ၊ မနာရသေးသော အရသာကို ကျမ်းအိပ်ကြီးများတွင် မွေ့လျော်စွာ တွေ့ရှိရ၏။

ဆရာကြီးသည် **လယ်တီ**ဆရာတော်ဘုရားကြီး၏ "ဘာဝနာဒီပနီ"ကျမ်းကို လေ့လာခဲ့ပြီးဖြစ်ကြောင်း သိနိုင်သည်။

ဦးပဂ္ဂိုဠိ၏ ဝိပဿနာဆရာများ

ဆရာကြီးဦးပဂ္ဂိုဠိသည် ငယ်ရွယ်စဉ် အသက်-၂၀ တစ်ဝိုက်ကစပြီး မြတ်စွာဘုရား ဟောကြားခဲ့သော တရားတော်များကို လေ့လာလိုက်စားခဲ့သည်။ အသက်-၄၀ ရောက်ချိန်၊ ၁၉၃၇-ခုနှစ်တွင် "တိုးတက်ရေးမဂ္ဂဇင်း"ထုတ်ဝေစဉ်ကစပြီး သံသရာလွတ်ကြောင်း ဝိပဿနာတရားဘာဝနာဘက် ဇောက်ချ လိုက်စားလာသည်။

ဆရာကြီးဦးပဂ္ဂိုဠိ၏ "ဂမ္ဘီရဝိပဿနာရှုဘွယ်" (ပ+ဒု) ၂-အုပ်တွဲတွင် "အားကျရန်" ခေါင်းစဉ်ဖြင့် ဝိပဿနာဘက်သို့ ကူးပြောင်းလိုက်စားခဲ့ပုံကို ဤသို့ ရေးထားသည်။

"ထို့နောက် အသက်ကြီးရင့်လာသဖြင့် ဝိပဿနာဘာဝနာဘက်သို့ ကူးပြောင်းလိုက်စားခဲ့၏။ ဒီပနီ အရပ်ရပ်ကို နှံ့စပ်အောင် ဖတ်ခဲ့သည်လည်း ဟူ၏။ သဂြိဟ်ကျမ်းကို ပါဠိဆရာကြီးဆရာဘီထံတွင် အ ရက် ၄၀-ခန့်မျှ သဘောပေါက်ရန် သင်ကြားခဲ့၏။ ထို့နောက် အသက်-၅၀ ကျော်သောအခါ ဓမ္မသင်္ဂဏီ အဖွင့်ဖြစ်သော အဋ္ဌသာလိနီကိုရန်ကုန်မြို့၊ သိမ်ကုန်း ဓမ္မိကာရုံကျောင်း ဆရာတော် ဦးရေဝတဓမ္မထံတွင် သဘောပေါက်ရန် ၂-လခန့် တက်ခဲ့၏။ ထို့နောက် ရန်ကုန်မြို့၊ ပြည်လမ်းပဌာန်းဆရာတော်ထံတွင် ပဌာန်းကျမ်းကြီးကို သဘောသဘာဝအရသာကို မြည်းနိုင်ရန် ၃-လခန့် တက်ခဲ့၏။ ထို့နောက် မန္တလေး (မစိုးရိမ်) ပဌာန်းဆရာတော်ဦးဝိသုဒ္ဓထံ၌ ပဌာန်းနည်းဖြင့် ဝိပဿနာအခြေခံကိုရရှိနိုင်ရန် ၃-လခန့် တက်ခဲ့၏။ ပဌာန်းကျမ်းကြီးကား ဝိပဿနာဘာဝနာ အခြေခံဖြစ်သော ပစ္စယပရိဂ္ဂဟဉာဏ်ကို တန်ကုန်အောင် ပြသော ကျမ်းကြီးပါပေတည်း။

ထို့နောက် စာမေးဖန်များသဖြင့် ရန်ကုန်မြို့၊ တောင်လုံးပြန် ရွှေတောင်ပဋ္ဌကတ်ဆရာတော် ဦးတေဇိန္ဒက ပါဠိတော်**ကျမ်းအိပ်**ကြီးများကို နိဿယနှင့်တွဲ၍ ဖတ်ရှုရန် **အထပ်ထပ်** အမိန့်ရှိရုံမျှမက ကျမ်းများကိုပါ ချီးမြှင့်တော်မူ၏။ မေးသည်တို့ကိုလည်း ဖြေတော်မူ၏။

ထိုတွင် ပထမ၌ ခက်သယောင်ယောင်ရှိသော်လည်း "ကြိုးစားက ဘုရားဖြစ်၏" ဆိုသော မိမိဝါဒအရ မနားမနေ ကြိုးစားသောအခါ တစ်သက်တွင် တစ်ခါမျှ မတွေ့၊ မဖတ်၊ မရှု၊ မကြဲ၊ မနာရသေးသော အရသာကို ကျမ်းအိပ်ကြီးများတွင် မွေ့လျော်စွာ **တွေ့ရှိရ၏။**

ထိုပါဠိတော်များမှာ ဦးသူတော်ထံမှ ရရှိသောနည်း၊ သိမ်ကုန်းဆရာတော် ဦးရေဝတဓမ္မထံမှ ရရှိသောနည်းတို့နှင့် တစ်သားတည်း တွေ့ရှိရလေသည်"

ဦးသူတော်သည် ဆရာကြီးဦးပဂ္ဂိုဠိနှင့် အစ်ကို ဝမ်းကွဲတော်သည်။ ဟင်္သာတဇောတိဖြစ်သည်။ အဘိဓမ္မာဆရာကြီး ဆရာတင်နှင့် ရွှေတောင်ဦးတိက္ခိန္ဒိယတို့ထံမှ ဝိပဿနာဘာဝနာပညာကို သင်ယူခဲ့သည်။ အဘိဓမ္မာဆရာကြီး ဆရာတင်နှင့် ရွှေတောင်ဦးတိက္ခိန္ဒြိယတို့သည် ပခုက္ကူစာသင်နည်းအရ ကျမ်းကြီးပေါက် ပရိယတ္တိစာပေသင်ကြားခဲ့သူများ ဖြစ်သည်။

ဦးသူတော်သည် အဘိဓမ္မာဆရာကြီး ဆရာတင်၊ ရွှေတောင်**ဦးတိက္ခိန္ဒြိယ**ဆရာတော်ထံမှ သင်ကြားရရှိသော ဝိပဿနာဘာဝနာပညာကို ညီဖြစ်သူ ဆရာကြီးဦးပဂ္ဂိုဠိအား သင်ကြားပြသပေးသော ဝိပဿနာဆရာတစ်ယောက် ဖြစ်သည်။

ဆရာကြီးဦးပဂ္ဂိုဠိသည် ပရိယတ္တိကို အခြေခံပြီး ပဋိပတ္တိဝိပဿနာဘာဝနာပညာကို ဆည်းပူးလေ့လာရာတွင် ဆရာကို တစ်ဦးတစ်ယောက်တည်းဟူ၍ မထား။ မည်သည့်အရပ်ဒေသမှာမဆို ဝိပဿနာဆရာ

http://www.dhammadownload.com

ကောင်းရှိကြောင်း သတင်းရတိုင်း ထိုအရပ်ဒေသသို့ အရောက် သွား၍ ဘုရားဟော ပါဠိတော်မူနှင့် အညီ တပည့်ခံ သင်ယူခဲ့သည်။

ဆရာကြီးသည် သူကိုယ်တိုင် ဘုရားဟောပါဠိတော်များကို ကျမ်းစုံအောင် ဆရာကောင်းများထံက သင်ယူဆည်းပူးထားသောကြောင့် အထင်ကရ ဆရာတော်ကြီးများ အပါအဝင် မည်သည့်ပုဂ္ဂိုလ်မျိုးကမဆို ဘုရားဟောပါဠိတော်မူများနှင့် ကွဲလွဲ၍ ဟောပြောသည်၊ ရေးသားသည်ကို တွေ့တိုင်း ငြိမ်မနေနိုင်။ ထိုပုဂ္ဂိုလ်များထံသို့ ဆရာကြီးကိုယ်တိုင် အရောက်သွားပြီး ဘုရားဟောပါဠိတော်ကျမ်းအစောင်စောင်တို့ကို စာမျက်နှာနံပါတ် အတိအကျဖြင့် လျှောက်ထားခြင်း၊ ရှင်းပြခြင်းများ ပြုလုပ်သည်။ အချို့ပုဂ္ဂိုလ်များထံသို့လည်း စာဖြင့် ရေးသားပေးပို့သည်။

"ဦးပဂ္ဂိုဠသည် မှန်တဲ့အရာဆိုရင် မိုးကို ဦးနဲ့ တိုက်ရ တိုက်ရ၊ လုပ်ဝံ့တဲ့ လူစားမျိုး" ဟု ဆရာတော် ဦးကုသလကလည်း ပြောဖူးသည်။

"ခင်ဗျားက လူဗျ၊ ဆရာတော်ကြီးတွေထက် တောင် တတ်သေးသလဲ၊ တော်သေးသလား" ဟု အချို့က ပြောလာသည်ကိုပင် ဂရုမစိုက်ဘဲ ဘုရားဟော တရားအမှန်ဘက်က ရဲရဲဝံ့ဝံ့ ရင်ဆိုင်ခဲ့သူဖြစ်သည်။

ဆရာကြီးဦးပဂ္ဂိုဠ သင်္ကြိုဟ်သင်ယူခြင်း

ဆရာကြီးဦးပဂ္ဂိုဠသည် ငယ်စဉ်က သင်္ကြိုဟ်ကျမ်းကို ရန်ကုန်မြို့၊ ပန်းဆိုးတန်းအနီး၊ ၃၈-လမ်း၊ မော်လမြိုင်ကျောင်းတိုက်၌ သင်ခဲ့ပုံကို ဆရာတော်ဦးဇောတိကအား ဆရာကြီးက ဤသို့ပြောပြခဲ့ဖူးသည်။

"ကိုယ်တော်၊ တပည့်တော်ငယ်ငယ်က ၃၈-လမ်း၊ မော်လမြိုင်ကျောင်းတိုက်မှာ သင်္ကြိုဟ်ကို နေ့လယ်တစ်နာရီ သွားတက်တယ်။ နေ့တိုင်း တပည့်တော်က စောစောရောက်တယ်။ ကျောင်းပေါက်ဝမှာ ဂေါ်ရင်ဂျီကုလား ထင်းပေါက်တာ ထိုင်ကြည့်နေမိတယ်။ ဂေါ်ရင်ဂျီကုလားက အမှတ်မထင် ဘာပြောလဲဆိုတော့ လက်ဦးပေါက်တဲ့ ၁၉-ချက်ဟာ အလကားပဲ၊ အခု အချက် ၂၀-မြောက်အချက်မှ ဟုတ်တာ၊ ထင်းစ ထွက်တယ်. . . တဲ့။

ဒီတော့ တပည့်တော်စိတ်ထဲမှာ ၁၉-ချက်ဟာ အလကားမဖြစ်ဘူး။ ငါလည်း ထပ်ကာထပ်ကာ ကြိုးစား ပေါက်မယ်။ ပေါက်အောင် ကြိုးစားလာတာ နောက်ဆုံးတော့ အောင်မြင်ပေါက်ရောက်ရမယ်လို့ သန္နိဋ္ဌာန်ချခဲ့တယ်. . . တဲ့"

ဆရာကြီးဦးပဂ္ဂိုဠသည် ပါဠိဆရာကြီး ဆရာဘီ၊ မှော်ပီဆရာသိန်းကြီးတို့ထံတွင်လည်း သင်္ကြိုဟ်သင်ခဲ့သည်။

ဆရာကြီးဦးပဂ္ဂိုဠက "ဦးဝိစိတ္တသာရာဘိဝံသကိုယ်တော် တိပိဋကစာမေးပွဲမှာ စာပြန်တော့ ယပ်ခတ်ပေးနေတာ တပည့်တော်တို့ ညီအစ်ကိုဘုရား" ဟု ဆရာတော် ဦးဇောတိကကို ပြောပြသည်။

"တပည့်တော်တို့က တော်တယ်လို့ ကြားက တည်းက တောထဲသွားပြီး ချဉ်းကပ်ထားတာ" ဟု ပြောပြသည်။

"ရွှက်ပုန်းသီးတွေ တော်တော်များသည်" ဟုလည်း ဆရာကြီးက ပြောလေ့ရှိသည်။

ဆရာကြီးဦးပဂ္ဂိုဠ၏ ပဋိပတ်အကျင့်

ဆရာကြီးသည် ပဋိပတ်အကျင့်တရားဘက်ဆိုလျှင်လည်း ၁၉၄၉-ခုနှစ်တစ်ဝိုက်ကပင် စစ်ကိုင်းတောင်၊ မနောမယချောင်သို့ သွား၍ ဆရာကြီးဦးသူတော်၊ အစ်ကိုကာယဗလဖခင်ကြီးဦးရှိန်တို့နှင့်အတူ တရားထိုင်ခဲ့သည်။

တစ်ခါကလည်း ပြည်မြို့၊ ဇောတိကာရုံဆရာတော်ဘုရားကြီးသည် ပါဠိတက္ကသိုလ်ကိစ္စအတွက် ရန်ကုန်မြို့၊ ညောင်တုန်းကျောင်းတိုက်သို့ကြွလာသည်။ ဆရာကြီးဦးပဂ္ဂိုဠနှင့် ဆရာတော်ဦးဇောတိကတို့ သွားရောက်ဖူးမြော်ပြီး ဆရာကြီးက လျှောက်ထားသည်ကို ဆရာတော်ကြီးက ဖြေကြားခြင်း၊ အပြန်အလှန် ဆွေးနွေးကြခြင်းသည် ဆရာတော်ဦးဇောတိကအဖို့ တရားနာ၍ မဝ ဖြစ်ခဲ့သည်။ ဆရာကြီးလည်း တရား ဆွေးနွေးရခြင်းအပေါ် သဘောကျ နှစ်သက်နေသည်။

http://www.dhammadownload.com

၁၉၅၄-ခုနှစ်တွင် ဆရာကြီးဦးပဂ္ဂိုဠိသည် ကမ္ဘာအေးစေတီအနီး ဥတ္တရကုရုကျောင်းဆောင်တွင် တစ်ဝါတွင်းလုံးလုံး တရားအားထုတ်ခဲ့သည်။ ဆရာကြီးက သူ၏ကျောက်သင်ပုန်းကိုပါ ယူသွားပြီး မြတ်စွာဘုရားဟောကြားသော ပါဠိတော်နည်းအရ တရားအားထုတ်ခြင်း၊ စာရေးမှတ်ခြင်းကို သူနည်းနှင့်သူ အားထုတ်ခြင်းဖြစ်သည်။

ထိုနည်းအတူ ရန်ကုန်မြို့၊ ဓမ္မစေတီလမ်းရှိ မိုးညှင်းကျောင်းတိုက်တွင်လည်း တစ်လခန့် တရားအားထုတ်ရာတွင်လည်း ပါဠိတော်မူအတိုင်း သူနည်းနှင့်သူ အားထုတ်ခြင်းဖြစ်သည်။

"ကမ္ဘာအေး ဥတ္တရကုရုမှာ တရားအားထုတ်တော့ စွပ်ကျယ်စုတ်ကလေးအိတ်ထဲထည့်ကာ နှပ်သုတ်ပြီး အားထုတ်နေတာကို ကိုယ်တော်တစ်ပါးက "ဒါ မကောင်းပါဘူး" ဆိုပြီး ယူလွှတ်ပစ်လိုက်တယ်။ နောက် လက်ကိုင်ပဝါပွပွလေးတစ်ထည် လာပေးတယ်။

တပည့်တော်က စွပ်ကျယ်စုတ်ကိုပဲ လိုက်ကောက်ယူထားတယ်" ဟု ဆရာကြီးက ပြောသဖြင့် ဆရာတော်ဦးဇောတိက က "ဘာပြုလို့ စွပ်ကျယ်စုတ်ကိုမှ လိုက်ကောက်တာလဲ ဆရာကြီး" ဟု မေးလိုက်သည့်အခါ "ရေသည်ပြဇာတ် သိတယ်မဟုတ်လား" ဟု သာဖြေပါတော့သည်။

ပဋိပတ်အကျင့်နှင့်ပတ်သက်၍ ဆရာကြီးဦးပဂ္ဂိုဠိက ဆရာတော်ဦးဇောတိကကို ပြောသေးသည်။

"လူတွေဟာ အသက် (၆၀)ကျော်ရင် အလုပ်မလုပ်နိုင်တော့ဘူးလို့ ပြောကြတယ် ကိုယ်တော်ရေ၊ ဒါလည်း မဟုတ်သေးဘူး၊ တပည့်တော် ယခု အသက်(၈၀)နီးနေပြီ၊ တစ်နေ့ကို ၈-နာရီ တရားအားထုတ်တယ် ကိုယ်တော်ရေ" ဟု မကြာမကြာ ပြောပြသည်။

ဆရာကြီးဦးပဂ္ဂိုဠိသည် သူ့အိပ်ရာဘေးတွင် ပရိယတ္တိကျမ်းဂန်တစ်အုပ်၊ ထမင်းစားပွဲနားတွင် တစ်အုပ် ထားလေ့ရှိသည်။

ပရိယတ္တိမွေလိုက်၊ တရားနှလုံးသွင်းလိုက်၊ တစ်နေနိုးသည်နှင့် အကြံပေါ်လာပြီး ပါဠိတော်ကောက်ကြည့်လိုက်၊ မှတ်စုကောက်နေလိုက် လုပ်သည်။ ဆရာကြီး၏ လက်သုံးစကား "ကြိုးစားက ဘုရားဖြစ်၏" နှင့်အညီ ပဋိပတ်ကျင့်ခြင်းဖြစ်သည်ဟု ဆရာတော်ဦးကုသလပြောပြ၍ သိရသည်။ တရားမှတ်စု မှတ်ရာတွင်လည်း စာအုပ်မနှမြောနှင့်။ ပထမတစ်အုပ် ကုန်ရင် နောက်တစ်အုပ် ပြောင်းမှတ်ရသည်ဟု ပြောသည်။

ဆရာကြီးဦးပဂ္ဂိုဠိသည် ပဋိပတ် ရှုဆင်ခြင်နှလုံးသွင်းခြင်းကို မည်မျှအထိ အားပေးသနည်းဆိုလျှင် ဆရာတော်ဦးကုသလကို "ကိုယ်တော် အလုပ် လုပ်နော်၊ အလုပ်လုပ်ပြီး ဟောတာနဲ့ အလုပ်မလုပ်ဘဲ ဟောတာ မတူဘူး၊ အလုပ်လုပ်ပြီးဟောရင် နားထောင်တဲ့လူမှာလည်း အရသာရှိရှိ နာကြားရတယ်၊ ဟောတဲ့လူမှာလည်း အရသာတွေ့တယ်" ဟု ပြောခဲ့သည်။

ယခုအချိန်တွင် ပ-သုံးလုံးဝိပဿနာဘာဝနာပညာပြန့်ပွားရေးအတွက် ဝိပဿနာပညာတက္ကသိုလ်၏ ပဓာနနာယကဆရာတော်ကြီးများ တာဝန်ဖြင့် သာသနာပြုနေကြသော ဆရာတော်ဦးအဂ္ဂဝံသ၊ ဆရာတော်ဦးကုသလနှင့် ဆရာတော်ဦးဇောတိကတို့ကို ဆရာကြီးဦးပဂ္ဂိုဠိက သူ့ရှေ့တွင် လက်တွေ့ တရားအားထုတ်ပြခိုင်း၍ ဘုရားဟောပါဠိတော်နှင့် အညီ လက်တွေ့အားထုတ်ပြခဲ့ကြရသည်။

ဆရာတော်ဦးကုသလ ဆရာကြီးအိမ်သို့ ရောက်တိုင်း ဆရာကြီးသည် ပါဠိတော်၊ အဋ္ဌကထာ ဝိဋ္ဌကတ်ကျမ်းများကို ဖြန့်ချထားပြီး ရေးမှတ်နေသည်ကိုသာ တွေ့ရသည်။

"ဆရာကြီးကတော့ လောကုတ္တရာတရားဘက်လိုက်စားရာမှာ ဆန္ဒာဓိပတိ၊ ဝိရိယာဓိပတိတပ်ပြီး

အလုပ်လုပ်ပြီး ဟောတာနဲ့ အလုပ်မလုပ်ဘဲ ဟောတာ မတူဘူး၊ အလုပ်လုပ်ပြီးဟောရင် နားထောင်တဲ့လူမှာလည်း အရသာရှိရှိ နာကြားရတယ်၊ ဟောတဲ့လူမှာလည်း အရသာတွေ့တယ်

http://www.dhammadownload.com

လုပ်လာခဲ့သူပါဗျာ၊ တရားစာ ရေးတာ၊ ဟောတာ၊ အားထုတ်တာနဲ့ပဲ မမောနိုင် မပန်းနိုင်ပါဘူး၊ တစ်နေ့ (၂၄)နာရီမှာ အိပ်ချိန်ကလွဲလို့ တရားပဲ လုပ်နေသူပါ" ဟု ဆရာကြီး၏တပည့် ဦးသိန်းရွှေ (အင်ဂျင်နီယာ ချုပ်၊ ဆောက်လုပ်ရေး- ငြိမ်း)ကလည်း ပြောပြသည်။

ဝိပဿနာအခြေခံနှင့် အဖြေမှန်

ဆရာကြီးဦးပဏ္ဍိုင်သည် အခြေခံအတန်းပညာကို လုံလုံလောက်လောက် မရခဲ့ရသဖြင့် ဘဝကပေးသော အသိပညာ၊ အတတ်ပညာကို သူမတူအောင် ရှာဖွေခဲ့သည်။ "ကြီးပွားချမ်းသာရေး" စာအုပ် တစ်အုပ်တည်းဖြင့် အသက် (၂၃)နှစ်အရွယ်၌ပင် စာရေးဆရာ "ဦးပဏ္ဍိုင်" ဟု နာမည်ကြီး၍ တိုင်းပြည်က သိခဲ့သည်။

ဆရာကြီးသည် သူရေးသည့်အတိုင်း သူဘဝကို ကြီးပွားချမ်းသာအောင် လုပ်ခဲ့ရာ ကိုယ်ပိုင်ကားကို အသက်(၄၀)မှာ စီးနိုင်ရုံမည်ဟု သန္နိဋ္ဌာန်ချ၍ ကြိုးစားခဲ့ရာ အသက် (၄၂)နှစ်မှာ ကိုယ်ပိုင်ကားစီးနိုင်ခဲ့ကြောင်း ဆရာတော်ဦးကုသလက ပြောပြသည်။

ဆရာကြီးသည် **လောကီစီးပွား**ချမ်းသာကို ပြည့်စုံစွာ ရှာပြီးနောက် သံသရာလွတ်မြောက်ရေး လောကုတ္တရာတရား ဘာဝနာဘက်သို့သာ တစိုက်မတ်မတ် လေ့လာလိုက်စားခဲ့သည်။

ဆရာကြီးသည် ဆရာအဆူဆူထံမှ သင်ယူခဲ့ရသော **"ဝိပဿနာဘာဝနာပုညာ အကျင့်မြတ်သည် ငါတစ်ဦးတစ်ယောက်တည်းအတွက် မဟုတ်၊ အများကောင်းကျိုးအတွက် ဖြစ်ရမည်"** ဟူသောအဓိဋ္ဌာန်ဖြင့် ဝိပဿနာကျမ်းအစောင်စောင်ကို ရေးပြန်သည်။

ဤဝိပဿနာအခြေခံနှင့်အဖြေမှန် စာအုပ်သည် ဆရာကြီးဦးပဏ္ဍိုင် "သတင်းစာဆရာမှ ဝိပဿနာဆရာဘဝသို့" ရောက်လာပြီးနောက် ပထမဆုံး ရေးသောစာအုပ်ဖြစ်သည်။ အသက် (၅၅) နှစ် အရွယ် (၁၂-၈-၅၂)နေ့၌ **ရေးသား** ထုတ်ဝေခဲ့သည်။

ဆရာကြီးဦးပဏ္ဍိုင်သည် ဤစာအုပ်တစ်အုပ်လုံး၏ လိုရင်းအဓိကအချက်ကို ပထမဆုံးစာမျက်နှာ၌ ဤသို့ ဖော်ပြထားသည်။

"ဤစာအုပ်တစ်အုပ်လုံး၏ လိုရင်းမှာ ဘုရားရှင် အလိုရှိဆုံးဖြစ်သော ဥဒယဗ္ဗယနှင့် ဝယဓမ္မာသခ်ိုရာကို ပဓာနထား၍ **ရေးသားခြင်း**ဖြစ်၏။ စာမျက်နှာ-၁၈၄၊ ဥဒယ်ဗ္ဗယဉာ**ဏ်ခန်း၌ တွေ့ရလတ္တံ့**' ဟု စကားအတိုဆုံးနှင့် အထိမိဆုံး **ရေးထား**သည်။

ထို့နောက် ကျေးဇူးရှင်များကို ကျေးဇူးဆပ်သော အားဖြင့် ဤသို့ ရေးသားဖော်ပြထားသည်။

ဤကျမ်းကို ပြုစုရခြင်းသည်

မိမိ၏ကျေးဇူးရှင်တို့၏ ဂုဏ်ကျေးဇူးတို့ကို မထိမ်ချန် မသိုဝှက်ရသည်နှင့်အညီ နှစ်ပေါင်းများစွာက အစပြု၍ တရားဓမ္မကို သင်ကြားပြသပေးတော်မူခဲ့ကြကုန်သော ရန်ကုန်မြို့၊ တောင်လုံးပြန် ရွှေတောင်ပိဋကတ်တိုက်ကျောင်း ဆရာတော်**ဦးတေဇိန္ဒ**နှင့် ကွယ်လွန်သွားရှာသော ပါဠိဆရာကြီးဆရာဘိတို့အား လည်းကောင်း၊ ပဌာန်းပါဠိတော်ကို မြည်းနိုင်ရန် သင်ကြားပေးတော်မူကုန်သော မန္တလေးမစိုးရိမ်ဆရာတော်နှင့် ရန်ကုန်မြို့ ပြည်လမ်းရှိ ပဌာန်းဆရာတော်အား လည်းကောင်း၊ ဝိပဿနာလုပ်ငန်းကို ပါဠိတော်၊ အဋ္ဌကထာများနှင့် ယှဉ်တွဲသင်ပြပေးတော်မူသော ရန်ကုန်မြို့ **သိမ်ကုန်း**ဓမ္မိကာရုံကျောင်း (ညောင်တုန်း) ဆရာတော်**ဦးရေ**ဝတဓမ္မအားလည်းကောင်း၊ ထို့အ တူ ဝိပဿနာလုပ်ငန်းကို တိကျစွာသင်ကြား ပြသပေးသော အစ်ကိုတစ်ဝမ်းကွဲတော်စပ်သူ ဟင်္သာတဦးသူတော်အားလည်းကောင်း ကျေးဇူးဆပ်သည်မည်ပါစေသတည်း။

ပဏ္ဍိုင်

(၁၂-၈-၅၂)

ဤစာအုပ်ကို စာဖတ်သူများ လွန်စွာကြိုက်နှစ်သက်သဖြင့် ၁၉၉၇-ခုနှစ်၊ **ဇန်နဝါရီလ**အထိ (၅)ကြိမ်တိုင်တိုင် ပုံနှိပ်ဖြန့်ဝေခဲ့**ပြီး ဖြစ်**သည်။

သို့ဖြစ်၍ ဤစာအုပ်ကို ဗုဒ္ဓဘာသာဝင်တိုင်း တစ်အိမ်တစ်အုပ်ကျ လက်မလွတ်တမ်း ဖတ်ရှုစေလိုသော စေတနာဖြင့် ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေး

http://www.dhammadownload.com

အဖွဲ့ချုပ်အနေဖြင့် စာအုပ်၏ နောက်ဆုံးစာရွက်တွင် ဤသို့မေတ္တာထား၍ ရေးသားထားလေသည်။

ဝိပဿနာ၏ လက်ငင်းအကျိုး

ကုန်သည်တစ်ဦးသည် ငွေတစ်ရာဖိုး ရင်းလျှင် မည်သည့်ကုန်သည် အမြတ်အများဆုံး ဖြစ်သည်ကို စုံစမ်းရ၏။ ထို့အတူ ကုသိုလ်ကောင်းမှုတွင် အချိန်ကုန် ငွေကုန်ချင်းတူလျှင် အဘယ်ကုသိုလ်သည် အကျိုးအများဆုံး ဖြစ်သည်ကို တွက်စစ်သော် ဘုရားရှင် အလိုတော် ကျ အဖြစ်ဆုံးသော၊ ဒါန၊ သီလ၊ သမထတို့ ထက်လည်း မြတ်သော ဝိပဿနာကုသိုလ်သည် အကောင်းဆုံးဖြစ်၏။

ဝိပဿနာကုသိုလ်ကို ငါလုပ်ဖန်ဟူ စိတ်က ကြံစည်ရုံမျှဖြစ်သော ကုသိုလ်သည် အဖိုး မဖြတ်နိုင်၊ (စာမျက်နှာ ၁၁၄ ၌)။ အကယ်၍များ ထ၍ ပြုကျင့်ပါက ရရှိမည့် လက်ငင်းတိုးတက်ကြီးပွားနိုင်မည့် အကျိုး ၅-ပါးကို စာမျက်နှာ ၃၈-တွင် ဖတ်ပါ။

ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်

ဂန္ဓိရဝိပဿနာရှုဘွယ် ပထမတွဲနှင့် ဒုတိယတွဲ

ဆရာကြီးဦးပဂ္ဂိုဠိသည် ဝိပဿနာဘာဝနာကို ကိုယ်တိုင်သင်၊ ကိုယ်တိုင်ကျင့်ကြံပွားများ အားထုတ်သကဲ့သို့ ၁၉၅၁-ခုနှစ်ကစ၍ ပရိသတ်အား ပါဠိတော်၊ အဋ္ဌကထာတို့နှင့်အညီ သင်ကြားပေးခဲ့သည်။

ထိုစဉ်မှာပင် ဂန္ဓိရဝိပဿနာရှုဘွယ် ပထမတွဲကို (၁၄-၆-၅၄)နေ့တွင် ထုတ်ဝေခဲ့သည်။ ဒုတိယတွဲကိုမူ ဆရာကြီးဦးပဂ္ဂိုဠိသည် အမေရိကန်ပြည်၌ ၃-လ ကျော်မျှ ဘာသာအရပ်ရပ်တို့ကို စုံစမ်းလေ့လာပြီး ပြန်လာမှ ယခင်ရေးပြီးသည်တို့ကို ပုံနှိပ်ရခြင်းထက် ဗုဒ္ဓဝါဒကို ကမ္ဘာ့ဝါဒကြီးဖြစ်မြောက်လာစေရန် ထည့်သွင်းရေးသားခြင်းက ပိုမိုအကျိုးများမည်ကို သိရှိခြင်းကြောင့် ဒုတိယတွဲကို အသစ်ပြင်ဆင်ရေးသား ထုတ်ဝေသည်။

ဆရာကြီးဦးပဂ္ဂိုဠိ၏ကျမ်းများ၏ နိဒါန်းပိုင်းတွင် ကျေးဇူးဆပ်ခြင်း အမြဲပါသည်။ "ဂန္ဓိရဝိပဿနာရှုဘွယ်" ပထမတွဲ-ကျေးဇူးဆပ်ခြင်း-တွင် "ဝိပဿနာ အခြေခံနှင့်အဖြေမှန်" စာအုပ်၌ဖော်ပြခဲ့သော ပုဂ္ဂိုလ်ကြီးများ အကုန်ပါသည့်အပြင် ဤပထမတွဲကျမ်းကို ပြုစုရာ၌ အကြံဉာဏ်ပေးသော ဦးကြွံစု(ဘီအေ)အား လည်းကောင်း၊ တူဖြစ်သူ မောင်ခင်မောင်ဆန်းအား လည်းကောင်း၊ အဘက်ဘက်မှ ကူညီကြကုန်သော တိုးတက်ရေးတိုက်သားများအားလည်းကောင်း ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်ထားသည်။

ဂန္ဓိရရှုဘွယ်၊ ပထမတွဲအစတွင် "ကြိုးစားကဘုရားဖြစ်၏" ခေါင်းစဉ်ဖြင့် ဤသို့ရေးထားသည်။

"လောကကြီး၌ သူတစ်ပါးဖြစ်နိုင်လျှင် မိမိလည်းဖြစ်နိုင်၏။ သို့ရာတွင် တန်ဖိုးပေးရ၏။ စိန်ကောင်းကို အလိုရှိလျှင် တွင်းကို နက်စွာတူးရ၏။ သူတစ်ပါး ထက်သာလိုလျှင် ပို၍ကြိုးစားရမည်။ သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့ဖြစ်လိုလျှင် စာဖတ်ရ၏။ စာဖတ်ပြီးလျှင် ဆက်၍စဉ်းစားရ၏။ အကြံထုတ်ရ၏။ စိတ်ကူးယဉ်ရ၏။ လေထဲ၌ တိုက်အိမ် ဆောက်ရ၏။

ဓမ္မပဒပါဠိတော်အစ၌ 'မနောပုဗ္ဗင်္ဂမာဓမ္မာ' ဟူ၍ ဟောတော်မူ၏။ အဓိပ္ပါယ်ကား ကိစ္စအဝဝတို့၌ စိတ်သည် ရှေ့သွားခေါင်းဆောင်ဖြစ်၏။ စိတ်ကူးပြီးမှ ကာယက၊ ဝစီကံသို့ လိုက်ပါလာရ၏။ တစ်နည်းဆိုသော် စဉ်းစားပါ၊ အကြံထုတ်ပါ၊ စိတ်ကူးယဉ်ပါ၊ လေထဲ၌ တိုက်အိမ်ဆောက်ပါ။ ယခုအခါ လေထဲ၌ တစ်

သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့ဖြစ်လိုလျှင် စာဖတ်ရ၏။ စာဖတ်ပြီးလျှင် ဆက်၍စဉ်းစားရ၏။ အကြံထုတ်ရ၏။ စိတ်ကူးယဉ်ရ၏။ လေထဲ၌ တိုက်အိမ်ဆောက်ရ၏။

http://www.dhammadownload.com

နေ့လုံး တစ်ညလုံး သွားလာနေသောလေယာဉ်ပျံများသည် စောစောပိုင်းက စာဖတ်မှု၊ စဉ်းစားမှု၊ အကြံထုတ်မှု၊ စိတ်ကူးယဉ်မှု၊ လေထဲ၌တိုက်အိမ်ဆောက်မှုတို့မှ ပေါ်ထွက်လာရသော အကျိုးကျေးဇူးတို့ပေတည်း။

သူလုပ်နိုင်က ငါလုပ်နိုင်၏။ သူ၌စိတ်တစ်လုံးနှင့် စေတသိက် ၅၂-လုံးရှိ၏။ ငါ၌လည်း ဤအတိုင်းပင်ရှိ၏။ တစ်ဦးက တစ်ဦးကို မ်သာဓေဟူသော "ဓမ္မနိယာမ" ဆောင်ပုဒ်ကို အမြဲလက်ကိုင်ထားလျက် "ကြိုးစားက ဘုရားဖြစ်၏" ဟူသောဂါထာကို အမြဲရွတ်ဆိုပါ။ စိတ်ကောင်း မွေးမြူပါလေ။

ဉာဏ်ပညာဆိုသည်မှာ စိတ်နှင့်စေတသိက်တို့ပင် ဖြစ်၏။ ဉာဏ်ပညာ စိတ်၊ စေတသိက်တို့ကို တိုးတက်ကြီးမား ရင့်သန်လာရန် အကောင်းဆုံးတရားမှာ မဂ္ဂင်ရှစ်ပါး တရားဖြစ်ကြောင်းကို ရှင်တော်ဘုရားတိကျစွာ ဟောတော်မူခဲ့လေပြီ။

ဤကျမ်းသည် မဂ္ဂင်ရှစ်ပါး သဘောတရားကို လွယ်ကူစွာ သိရှိနိုင်ရန် များစွာသော ပါဠိတော်တို့ကို ဆောင်လျက် မသိသည်ကိုသိအောင် "အနုသာသနီ" နည်းဖြင့် ဖော်ပြထားသော ကျမ်းဖြစ်၏။

ဤကျမ်းသည် အကြံသစ် ဉာဏ်သစ်တို့ဖြင့် မြန်မာသစ်ကိုသာမက ကမ္ဘာသစ်ကို ထူထောင်ရန် ရည်သန်လျက် ရေးသားထားသောကျမ်းဖြစ်၏။ ဖတ်ရှု လေ့လာသူတို့အား ယထာဘူတ "သဘာဝဓမ္မ" အမြင်မှန်ကို ရရှိစေလျက် မြန်မာ့နိုင်ငံရေးခေါင်းဆောင်သာမက၊ မြန်မာ့စီးပွားရေးခေါင်းဆောင်သာမက၊ မြန်မာ့ကလောင်ရေးခေါင်းဆောင်သာမက ကမ္ဘာ့ခေါင်းဆောင်ကြီးများ ဖြစ်လာစေရန် ရည်မှန်းလျက် ရေးသားကာ အမွေအနှစ်ပေးအပ်ခဲ့သော ကျမ်းပေတည်း။"

ဤစာအုပ်တွင် ဝိပဿနာဘာဝနာကို လူတိုင်းပွားများနိုင်၍ တကယ်ပွားများစေလိုသော ဆရာကြီး ဦးပဏ္ဍိုင်၏ စေတနာကို စာမျက်နှာ (၉၆-၉၇)၌ ဖော်ပြချက်က သက်သေအဖြစ် ရပ်တည်နေသည်။

"ဝိပဿနာဘာဝနာအတွက် အနာနှင့်ဆေး

စာသင်ခဲ့ခြင်းသည် စာ-နယ်-ဇင်း လောက် ဖတ်ရန် စာသင်သည်မဟုတ်။ ခက်ခဲနက်နဲသော ရတနာအဖြာဖြာကို စာဖတ်ခြင်းဖြင့် တူးဖော်ရန် ဖြစ်၏။

ကိုက်အောင် ပေးထားသော အဋ္ဌကထာကြီးမှာ ဝိသုဒ္ဓိ မဂ်အဋ္ဌကထာကြီး ဖြစ်၏။

ဝေဘူလ်တောင်တွင် စိန်ကျောက်ရတနာ အဖြာဖြာရှိ၏။ ကျောက်ခဲ၊ မီးသွေးခဲတို့လည်း ရှိ၏။ ထိုသို့ရှိပါလျက် စိန်ကျောက်တို့ကို မယူဘဲ ကျောက်ခဲ မီးသွေးခဲတို့ကို ထမ်းလာသောသူ မဖြစ်စေသင့်။

ဆိုလိုရင်းကား စာသင်ခဲ့ခြင်းသည် စာ-နယ်-ဇင်း လောက် ဖတ်ရန် စာသင်သည်မဟုတ်။ ခက်ခဲနက်နဲသော ရတနာအဖြာဖြာကို စာဖတ်ခြင်းဖြင့် တူးဖော်ရန် ဖြစ်၏။

အောက်တန်းစားလူပျင်းသည် အပင်ပန်း မခံလို၊ ဆေးနည်းတိုနှင့် တင်းတိမ်နေ၏။ ပညာရှိကား မူလသဘာဝကို နိုင်အောင် ကြိုးစားကြကုန်၏။

အလွယ်တကူနှင့် လူတိုင်းဖတ်နိုင်သည့်စာကို ဖတ်လျှင် လူတိုင်းလိုပင် ဖြစ်၏။ ခက်ခဲနက်နဲအဖိုးထိုက်တန်သောစာကို တိုးတက်ဖတ်ရှုနိုင်ပါမှသာလျှင် လူတိုင်းထက် ပိုမိုချွန်ထက်သိရှိနိုင်ပေလိမ့်မည်။

မိမိကိုယ်ကို တန်ဖိုးထားလိုလျှင် သူများ ကြိုးစားသည်ထက်ပို၍ ကြိုးစားတော်မူပါ။ သူတစ်ပါးက တောင်းကိုဖောက်လျှင် မိမိက တောင်းကိုမဖောက်ဘဲ တောင်ကိုဖောက်နိုင်ရန် ကြိုးစားတော်မူပါ။

ထို့ကြောင့် "တောင်းကိုမဖောက်၊ တောင်ကို ဖောက်သည်၊ စိန်ကျောက်အသွင်၊ သီလဝံ"ဟု အရှင်မဟာသီလဝံသ အမိန့်ရှိတော်မူဖူးသကဲ့သို့ သူများထက်ပို၍ ကြိုးစားကာ ဆေးနည်းတိုသဖွယ်မျှသာဖြစ်သော ဤဂန္ထီရဂျွယ်စာအုပ်မျှလောက်ဖြင့် တင်းတိမ်နေတော်မမူဘဲ သဘာဝကို နိုင်နင်းတော်မူနိုင်ရန် ဝိပဿနာနှင့်ဆိုင်သော ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာသို့ တိုးတက်ကြိုးစား ဖတ်ရှုတော်မူကြပါစေသတည်း"

"ဝိပဿနာဘာဝနာလုပ်ငန်းသည် ပထမ၌ သ

http://www.dhammadownload.com

ဘာဝကို မသိသေးမှု ခက်လည်းခက်ခဲ၏၊ နက်လည်းနက်နဲ၏။ ထို့နောက် သဘာဝကို သဘောပေါက်သွားသောအခါ အလုပ်မလုပ်ရသေးစေကာမူ လောကတွင် ဝမ်းသာ၍ မဆုံးနိုင်သော ဝမ်းသာရွှင်လန်းခြင်းကို လက်တွေ့ခံစားရတော့၏။"

ဂမ္ဘီရဝိပဿနာရှုဘွယ်၊ ဒုတိယတွဲ

ဤဒုတိယတွဲသည် ပထမတွဲထုတ်ဝေပြီးနောက် ဆရာကြီးဦးပဂ္ဂိုဠိသည် အမေရိကတို့ကိုသို့ ဘာသာအရပ်ရပ်တို့ကို သွားရောက်လေ့လာပြီးမှ အခြား ဘာသာအသီးသီးအကြောင်းကိုပါ ဝေဖန်ပိုင်းခြားပြထားသော ကျမ်းဖြစ်သည်။

ဆရာကြီးဦးပဂ္ဂိုဠိသည် ဗုဒ္ဓဝါဒကို ကမ္ဘာသို့ လျှဒါန်းနိုင်ရန် အမေရိကန်ပြည်တွင် မည်သို့လေ့လာခဲ့ပုံ၊ ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းကလည်း ကြိုးစားကြရန် အောက်ပါအတိုင်း တိုက်တွန်းနှိုးဆော်ရေးသားခဲ့သည်။

"နိဗ္ဗာန်အလှူ

ထို့ပြင်တစ်ရပ် သဂါထာဝဂ္ဂဒေဝတာသံယုတ်ပါဠိတော်၊ အာဒိတ္တဝဂ်၊ ဒုတိယသုတ်၌ -

အမတံ ဒဒေါစ သော ဟောတိ
ယော ဓမ္မမနုသာသတိတိ။

ဟူ၍ ရှင်တော်ဘုရား ဟောတော်မူခဲ့လေသည်။ အဓိပ္ပာယ်သော်ကား အကြင်သူသည် မဂ် ဖိုလ် နိဗ္ဗာန်သို့ရောက်အောင် တရားတော်ကို နားမလည် နားလည်အောင် ပြောဟောပြသပေးခြင်းသည် နိဗ္ဗာန်ကို ပေးလှူသည်မည်၏ ဟူ၍ ရှင်တော်ဘုရားက ဟောတော်မူခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် သမထဘာဝနာမှ ကျော်လွန်ကာ ဝိပဿနာဘာဝနာ လုပ်ငန်းကြီးနှင့်တကွ ရှင်တော်ဘုရား၏ တရားတော်မြတ်ကြီးကို ကမ္ဘာသို့ ပေးဝေလှူဒါန်းခြင်းသည် အလွန်ကြီးမားလှစွာသော နိဗ္ဗာန်အလှူကြီးကို ကမ္ဘာသို့ ပေးဝေလှူဒါန်းခြင်း ဖြစ်ခြင်းကြောင့် ထိုအလှူကြီးကို မမှိတ်မသုန် အစွမ်းကုန်သော အားတို့ဖြင့် ကြိုးစားတော်မူကြရန် ဒုတိယအကြိမ် ဆက်လက် တိုက်တွန်းလိုက်ရပေသတည်း။"

"ဗုဒ္ဓဝါဒကို ကမ္ဘာသို့ လှူဒါန်းခြင်း

ကမ္ဘာသို့ ဗုဒ္ဓဝါဒကို ပေးဝေဖြန့်ဖြူးနိုင်ရန်မှာ ကမ္ဘာ၏ အခြေအနေအရပ်ရပ်တို့ကို သိရှိရန် လိုအပ်ပြန်သဖြင့် ကမ္ဘာ့အခြေအနေအရပ်ရပ်ကို လေ့လာစုံစမ်းခဲ့ပါသည်။

(၁) လက်ရှိ ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး၊ ပေါင်းသင်းဆက်ဆံရေး၊ လောကဓာတ်ပညာရေး စသည်တို့ကို လေ့လာစုံစမ်းခြင်း။

(၂) ကမ္ဘာ့ဘာသာရေးအရပ်ရပ် အထူးသဖြင့် မဟာမေဒင်ဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာတို့ကို လေ့လာစုံစမ်းခြင်း။

(၃) ပတ်ဂျလိယောဂီကျမ်းမှစ၍ ဗုဒ္ဓဝါဒ သမထဘာဝနာနှင့် အနီးစပ်ဆုံးဖြစ်သော(ယောဂီ)ကျမ်းများကိုလည်း လေ့လာစုံစမ်းခြင်း။

(၄) ဗုဒ္ဓဝါဒရှင်တော်ဘုရား၏ တရားတော်များကို အင်္ဂလိပ်ဘာသာ ပြန်ဆိုရေးသံ့းထားခြင်းတို့ကို လေ့လာစုံစမ်းခြင်း။

ယင်းသို့ လေ့လာစုံစမ်းခြင်းတို့မှ ထွက်ပေါ်လာသော "ဖြစ်နိုင်၊ မဖြစ်နိုင်" အဖြေအရပ်ရပ်တို့ကို အပေါင်းအနုတ် ပြုလုပ်လိုက်သောအခါ ရှင်တော်ဘုရား၏ဝါဒကို ကမ္ဘာ့အခြေအနေက လက်ခံရန် အသင့်ရှိနေပြီဖြစ်ကြောင်းကို ကောင်းစွာသိမြင်ရပါသည်။

အထူးသဖြင့် ယခုအခါ SCIENTISTS လောကဓာတ်ဆရာကြီးများက ကမ္ဘာလောကကြီးအတွင်း ဖြစ်ပေါ်နေသမျှတို့သည် အကြောင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားဖြစ်ခြင်းကို ကောင်းစွာ လက်ခံလာကြလေပြီ။

ဤ၌အကြောင်းဖြစ်ပေါ်မှုကြောင့် အကျိုးတရားဖြစ်ပေါ်သည်ဆိုသော ရှင်တော်ဘုရား၏ ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ယခုလောကဓာတ်ဆရာကြီးများတိကျလေးနက်စွာ ထောက်ခံနေသည်ကို ထင်ရှားစွာသိနိုင်လေပြီ။

http://www.dhammadownload.com

ထို့ကြောင့်လည်း ကမ္ဘာကို ဗုဒ္ဓဝါဒပေးဝေလျှက် ဒါန်း ဖြန့်ဖြူးရန် အခြိန်ကျရောက်နေပြီဖြစ်ကြောင်းကို ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် ကောင်းစွာ သိရှိတော်မူကြပြီးလျှင် အထက်တွင် ရှင်တော်ဘုရား မိန့်ဟတော်မူခဲ့သည့်အတိုင်း သာသနာတော်မြတ်ကြီး ပျောက်ကွယ်မှုနှင့် အခွန့်ရှည်စွာ တည်ရှိမှုမှာ ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူတို့ ရှိသေလေးစားမှု၊ ကာကွယ်စောင့်ရှောက်မှု၊ ပြုစုအားပေးမှုတို့အပေါ်တွင် တည်ရှိနေရကား၊ ဗုဒ္ဓဝါဒကြီး အခွန့်ရှည်လျားကျယ်ပြန့်စွာ တည်ရှိနိုင်စိမ့်သောငှာ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် ယခုအခါန်ကစ၍ အထူးကြိုးစားတော်မူကြရန် တတိယမွိဿုံးကြိမ်မြောက် တိုက်တွန်းနှိုးဆော်လိုက်ရပြန်ပေသတည်း”

ဆရာကြီးဦးပဏ္ဍိုင်ဟူသော နာမပညတ်ရှိသော ပုဂ္ဂိုလ်ထူးကြီးကို နေလိုလိုထင်ရှားသော ဆရာတော်ကြီးနှစ်ပါးက ခိုးကျူးပြီး ဤ “ဂန္ဓိရဝိပဿနာ” ဒုတိယတွဲကို ဩဇာအာဏာရှိသည့် ပုဂ္ဂိုလ်များထံ အရောက်ပို့ပေးရန် စာမျက်နှာ (၄၄၀ မှ ၄၄၃ အထိ) နိဂုံးချုပ်အနေဖြင့် ဤသို့ရေးထားသည်။

“ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။
ဓမ္မအလှူ၊ ပေးဝေမူက၊ လူတွင်လူမြတ်၊
ခေါ်ပညတ်၏။
မယ့်ပို တထာရူပါ သဒ္ဓါ သံဝိဇ္ဇတိ။

ဤကျမ်း၏အစမှ စာမျက်နှာ ၄၄၀ အထိ ဖတ်ရှုပြီးသော ပုဂ္ဂိုလ်များသာလျှင် အောက်ပါစာပိုဒ်ကို ဖတ်ရှုတော်မူကြစေလိုပါသည်။

(ကျမ်းပြုသူ)
ဘဒ္ဒန္တဇောတ ဆရာတော်
(အဂ္ဂမဟာပဏ္ဍိတ)
ရန်ကုန်မြို့

ဆရာတော်ကြီးနှစ်ပါး၏ အာသီသ

အောက်ပါ အကြောင်းခြင်းရာတို့မှာ ဤကျမ်း “စာမူ” ကို ကြည့်ရှုစစ်ဆေး စောင့်ရှောက်ပေးတော်မူကြစဉ်က အထက်ပါဆရာတော်နှင့် ရန်ကုန်မြို့ တောင်လုံးပြန် အသီတိကျောင်းတိုက်၊ ရွှေတောင်ကျောင်း၊ သက်တော် ၈၃-နှစ်၊ ဝါတော် ၆၄-ဝါရှိ ဆရာတော်ဦးတေဇိန္ဒတို့၏ မိန့်ဟတော်မူသောစကားရပ်များပေတည်း။ ဆရာတော်အရှင်ဘဒ္ဒန္တဇောတမှာ သက်တော် ၇၇-နှစ်၊ ဝါတော် ၅၇-ဝါရှိပြီ ဖြစ်ပါကြောင်း။

ဆရာတော် ။ ဒကာကြီးရဲ့ စာမူကို ပုဂ္ဂိုလ်တစ်ဦးဦး ဘဒ္ဒန္တဇောတ အား ပြသပြီးပြီလော။

ပဏ္ဍိုင် ။ မှန်ပါ။ အသီတိကျောင်းတိုက် ရွှေတောင်ကျောင်း ဆရာတော် ဦးတေဇိန္ဒ အား ပြသပြီးပါပြီဘုရား။ ဆရာတော်ကြီးက စာမူကို ဖတ်ရှုတော်မူပြီးနောက် ကောင်းသားပဲ၊ ပါဠိတော်အကိုးအကားတွေလဲ အခိုင်လုံသားပဲ၊ မင်းပါဠိတော်တွေကို ငါအကုန်တွေ့ရှိဖူးတယ်။ ခုထက်တိုင် တော့်တော်များများ ရရှိနေသေးတယ်။ ဒါပေမယ့် မင်းလို မူရင်းကျမ်းတွေကိုတော့ တခြို့တစ်ဝက်ပဲ သတိရတော့တယ်။ မင်းက မူရင်းကျမ်းရင်းတွေကို ဖော်ပြထားတော့ စာဖတ်တဲ့လူတွေ ရှာရဖွေရတာ လွယ်ကူသွားတာပေါ့ဟု အမိန့်ရှိပါတယ် ဘုရား။

ဆရာတော် ။ ဟာ-ဒါဖြင့် ဆရာတော်ကြီး ကြည့်ရှုပြီးပြီဆိုရင် ဘုန်းကြီး ထပ်ကြည့်ရှုစစ်ဆေးဖို့ မလိုတော့ဘူး ဒကာကြီး၊ ဘာကြောင့်လဲဆိုတော့ ရွှေတိဂုံစေတီ

ဤကျမ်းစာအုပ်ကို ရိုက်နှိပ်ပြီးရင် ဩဇာအာဏာရှိတဲ့ ပုဂ္ဂိုလ်တွေထံ ရောက်အောင်ပို့ပေးဖို့ မေတ္တာရပ်ခံတယ် ဒကာကြီး

---

http://www.dhammadownload.com

တော်ကြီးရဲ့ ဘုရားလူကြီးများ အဖွဲ့က တင်မြှောက်ထားတဲ့ 'ဩဝါဒါ စရိယ' အဖွဲ့ကြီးရှိတယ်။ အဲဒီအဖွဲ့ကြီးမှာ ဆရာတော်ကြီးကိုးပါး ပါရှိ တယ်။ အဲဒီ 'ဩဝါဒါစရိယ' အဖွဲ့ကြီးမှာ ဆရာတော်ဦးတေဇိန္ဒက အကြီးအမှူး ဥက္ကဋ္ဌဖြစ်တယ် ဒကာကြီးရဲ့၊ ဒီတော့ ဆရာတော်ကြီး သဘောကျရင် ဘုန်းကြီး ကြည့်ရှု စစ်ဆေးဖို့ မလိုတော့ ဘူး။

ပဂျီငို ။ အရှင်ဘုရား အမိန့်ရှိတာမှန်ပါတယ်၊ သဘာဝလည်း ကျပါတယ်၊ သို့ပေမယ့် ဆရာတော်ကြီးက မင်း ဒီစာမူကို ယူပြီး အရှင်ဘုရားထံသွားပြီး ကြည့်ရှု စစ်ဆေးစောင့်ရှောက်ပေးရန် လျှောက်ထားချေဟု အမိန့်ရှိလိုက်ပါသဖြင့် အရှင်ဘုရားထံ လာရောက်လျှောက်ထားရခြင်း ဖြစ်ပါသည် ဘုရား။

ဆရာတော် ။ အော်-ဒီလိုလား။ ကဲ-ကဲ-ဒါဖြင့် ထားခဲ့ဟု အမိန့်ရှိတော်မူ၏။ (ဤကား လိုရင်းအတိုချုပ်တည်း)။

အချိန်ကျ၍ စာမူကို သွားရောက်ယူသောအခါ ဆရာတော်က ပြုံးလျက် ဒကာကြီး၊ ဒကာကြီးစာကို ဘုန်းကြီး အတော်ပင်စိတ်ဝင်စားတယ်။ လိုအပ်သည်တို့ကိုလည်း ကြည့်ရှုစစ်ဆေး စောင့်ရှောက်ပြီးပြီ။ ဒီမှာ တစ်ခုတော့ ဒကာကြီးကို မေတ္တာရပ်ခံချင်တယ်။

ဒါကတော့ တခြားမဟုတ်ပါဘူး ဒကာကြီး၊ ဤကျမ်းစာအုပ်ကို ရိုက်နှိပ်ပြီးရင် ဩဇာအာဏာရှိတဲ့ ပုဂ္ဂိုလ်တွေထံ ရောက်အောင် ပို့ပေးဖို့ မေတ္တာရပ်ခံတယ် ဒကာကြီးဟု နှစ်ကြိမ်၊ သုံးကြိမ် အမိန့်ရှိတော်မူ၏။

ပဂျီငို ။ အရှင်ဘုရား အမိန့်ဩဝါဒကို တပည့်တော် ဆောင်ရွက်ပါမည်ဘုရား၊ စိတ်ချတော်မူပါဟု နှစ်ကြိမ်၊ သုံးကြိမ်ပင် ဝန်ခံခဲ့၏။

ထိုမှ စာမူကို ယူ၍ ယခင်ဆရာတော်ဦးတေဇိန္ဒ ထံသို့ ပြန်လျက် ကိစ္စအဝဝကို လျှောက်ထားရာ ဆရာတော်ကြီးက "အေး" အကောင်းသားပဲ၊ ဩဇာ တိက္ကမရှိတဲ့ လူရောရှင်ပါ ဆိုသလို သဘောပေါက် သွားရင် ခရီးရောက်နိုင်တာပေါ့။ ဒီတော့ မင်းကလည်း ဆရာတော် အမိန့်ရှိလိုက်သလို အရာရောက်မည့် ပုဂ္ဂိုလ်တွေထံ ဤကျမ်းစာအုပ် ရိုက်နှိပ်ပြီးတော့ အရောက်ပို့ပေးပါဟု အမိန့်ရှိတော်မူလိုက်လေ သတည်း။

ယင်းသို့ ဖြစ်ခြင်းကြောင့် သာသနာတော်မြတ်ကြီး အခွန့်ရှည်ရေးနှင့် မိမိ၏ဓမ္မဒါနကြီး ပြုစုရေးကို ရှေးရှုတော်မူကြလျက် ဆရာတော်ကြီးများ၏ 'အာသီသ' ကို ဖြည့်စွမ်းနိုင်ရန် ကျွန်တော်ကလည်း လက်လှမ်းမီသော ပုဂ္ဂိုလ်အသီးသီးတို့ထံ ဤကျမ်းကို အရောက်ပေးပို့ လှူဒါန်းတော်မူကြရန် အထူးမေတ္တာရပ်ခံပါသည် သူတော်ကောင်းအပေါင်းတို့ -။

ဂမ္ဘီရဝိပဿနာရှုဘွယ်၊ တတိယတွဲ

ဆရာကြီးဦးပဂျီငှိသည် ဤ "ဂမ္ဘီရဝိပဿနာရှုဘွယ်၊ တတိယတွဲ" ကျမ်းကို ၁၉၆၂-ခုနှစ်၊ ဇူလိုင်လတွင် ရေးသားထုတ်ဝေခဲ့သည်။ ဤကျမ်းနှင့်စပ်လျဉ်း၍ ဝေဖန်ကြပုံကို ဆရာကြီးက အောက်ပါအတိုင်း ထည့်သွင်းရေးထားသည်။

"ဤကျမ်းကို ဝေဖန်တော်မူကြခြင်း

ဆရာတော်ဦးတေဇိန္ဒ	- ဩဝါဒါစရိယဥက္ကဋ္ဌ
မန်းဦးဆရာတော်	- အဂ္ဂမဟာပဏ္ဍိတ
ပဋ္ဌာန်းဆရာတော်	- အဂ္ဂမဟာပဏ္ဍိတ
ဦးကြာခိုင်	- ဝတ်လုံတော်ရကြီး
ဘကြီးဘဖေ	- ခေါင်းဆောင်ကြီး
ဗုဒ္ဓဝင်ဆရာထွန်း	- ဓမ္မကထိက

ဆွမ်းကျွေးတစ်ခုတွင် အသက် ၈၃-နှစ်ရှိ ဝိပဿနာဘာဝနာကို လိုက်စားလေ့ကျင့် ပွားများနေလေ့ရှိသော ဝတ်လုံတော်ရကြီးဦးကြာခိုင်က စလိုက်သည်မှာ- ဘယ့်နှယ်လဲ ခင်ဗျား "ဂမ္ဘီရဝိပဿနာကျမ်း" ကို ခေါင်းဆောင်ကြီးဦးဘဖေက တယ်ကောင်းလို့ ချီး

http://www.dhammadownload.com

ကျူးနေပါကလားဟု ပြောဆို၏။ (ဦးကြာခိုင်သည် ဤကျမ်း တတိယတွဲကို အမြန်ဆုံးထွက်ရန် မကြာခဏ တိုက်တွန်း အားပေးသောပုဂ္ဂိုလ်များတွင် တစ်ဦး အပါအဝင်ဖြစ်လေသည်။ အသက်-၈၀ ရှိ ခေါင်းဆောင်ကြီးဦးဘဖေသည်ကား ကမ္ဘာ့ဘာသာကြီးများကို အထူးလေ့လာလိုက်စားဖူးလျက် မကြာမီက ရိပ်သာတစ်ခုတွင် ကမ္မဋ္ဌာန်းတရားကိုအရက်-၄၀ ကျော် ပွားများခဲ့၏။ ယခုအခါ ဝါတွင်း၀ါပ ဥပုသ်နေ့များနှင့် မိမိမွေးနေ့ဖြစ်သော တနလ်ာနေ့တိုင်းတွင် အသက်လွတ်စားကာ မေတ္တာဘာဝနာကို ပွားများနေသော ပုဂ္ဂိုလ်ကြီးဖြစ်လေသည်။)

ဗုဒ္ဓဝင်ဆရာထွန်းက ခင်ဗျားဝိပဿနာရှုဘွယ် ကျမ်းဟာ အစမှာ တော်တော့်ကို ကောင်းတယ်၊ အလယ်ကျတော့ သာကောင်းလာတယ်၊ ဆုံးခါနီးတော့ အကောင်းဆုံးပဲဗျို့၊ ဒီကျမ်းသာ ထွက်သွားရင်တော့ ဘာသာရေးနှင့် သာသနာရေးနယ်မှာ အတော့်ကို တုန်လှုပ်သွားမှာပဲဟု ဤကျမ်းကို တည်းဖြတ်ပြီးသော အခါ အမိန့်ရှိ၏။

ပဌာန်းဆရာတော်ဦးဝိသုဒ္ဓ (အဂ္ဂမဟာပဏ္ဍိတ) က ဤကျမ်းကို စာအုပ်မရိုက်မီ ကြည့်ရှုသုံးသပ်တော်မူပြီးနောက် ဒကာကြီးကျမ်းဟာ ကောင်းပါတယ်။ ဒကာကြီးက စာရေးဆရာဆိုတော့ သာကောင်းလာပြန်တာပေါ့ဟု မိန့်တော်မူ၏။

ဆရာတော် ဘဒ္ဒန္တဇောတ (အဂ္ဂမဟာပဏ္ဍိတ) က ဤကျမ်းကိုကြည့်ရှု သုံးသပ်တော်မူပြီးနောက် ဒကာကြီး၊ ဝိပဿနာနှင့်ဆိုင်ရင် ရေးသာရေး၊ ဒကာကြီးကို စိတ်ချရပြီဟု မိန့်တော်မူ၏။

ဆရာတော် ဦးတေဇိန္ဒ (ရွှေတိဂုံစေတီတော် ဘုရားလူကြီးများ သြဝါဒါစရိယအဖွဲ့၏ ဥက္ကဋ္ဌ)က ဤကျမ်းကို ကြည့်ရှုသုံးသပ်တော်မူပြီးနောက် ဒကာကြီးကျမ်းက အာဘော်နှင့်တကွ ပါဠိတော်အကိုးအကားတွေက သိပ်ခိုင်လုံတာပဲ။ ပြီးတော့ ဒကာကြီး ကျမ်းက မူတည်ပုံအထိုင်သိပ်ကောင်းတယ်ဟု မိန့်တော်မူ၏။"

ဤကျမ်းရေးသားရာတွင် ကျေးဇူးတင်ရှိသော ပုဂ္ဂိုလ်ကြီးများအား ဆရာကြီးဦးပဏ္ဍိုင်သည် "ကျေးဇူးဖော်ပြ ဒုလ္လဘ" ခေါင်းစဉ်ဖြင့် ဤသို့ရေးထားသည်။

"ကျေးဇူးဖော်ပြ ဒုလ္လဘ

စာပေကျမ်းဂန်တို့ကို သင်ကြားပေးဝေတော်မူသော ရန်ကုန်မြို့၊ အသီတိကျောင်းတိုက် ဆရာတော် ဦးတေဇိန္ဒအားလည်းကောင်း၊ ကွယ်လွန်သူပါဠိဆရာကြီး ဆရာဘီအားလည်းကောင်း၊ ပဌာန်းကျမ်းကို သင်ပြပေးတော်မူသော ခင်ဦးတောရပဌာန်းဆရာတော်အားလည်းကောင်း၊ဝိပဿနာ ဘာဝနာပွားများနည်းကို ပဌာန်းနည်းဖြင့် တိကျစွာ သင်ပြပေးတော်မူသော မန္တလေးမစိုးရိမ်ပဌာန်းဆရာတော် ဦးဝိသုဒ္ဓအားလည်းကောင်း၊ ပရမတ္ထဓမ္မသဘာဝဆိုက်အောင် ဝိပဿနာဘာဝနာပွားများနည်းကို ပြသပေးသော အစ်ကိုတော် ဦးသူတော်အားလည်းကောင်း၊ ပါဠိတော်တို့ကို ဆောင်တော်မူလျက် ဝိပဿနာဘာဝနာပွားများနည်းကို သင်ပြပေးတော်မူသော ရန်ကုန်မြို့၊ ဒေဝသာဂရသိမ်ကုန်းကျောင်းဆရာတော် ဦးရေဝတဓမ္မအားလည်းကောင်း၊ ယမိုက်ကျမ်းကို သင်ပြပေးသော (ဆူးလေ)အဘိဓမ္မာပြန်ပွားရေးအသင်း ဥက္ကဋ္ဌ ဆရာကျော်အားလည်းကောင်း၊ ဝဏ္ဏကျော်ထင်ဦးထူးရွှေ (ဘီအေ၊ ဒီတီ) ထံမှစာသင်ပြနည်း၊ တရားသင်ပြနည်းတို့ကို မေးမြန်းရာ နားလည်အောင်ပြောပြခြင်း၊ အဘိဓမ္မာကျမ်းအစ သင်ပြနည်းတို့ကို အတုယူရခြင်းတို့ကြောင့် ဝဏ္ဏကျော်ထင် ဦးထူးရွှေအားလည်းကောင်း၊ ရန်ကုန်မြို့ ဂွတ္တလစ်လမ်း၊ သီရိဂုဏ်ရည်ရပ်ကွက်ရှိ (ဇော်ရဲ့ဝိုင်ရှင်) ဦးထွန်းမောင်အိမ်၌ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို အင်္ဂလိပ်ဘာသာဖြင့် သင်ပြပေးတော်မူသော ဆရာတော် ဦးစရိယသေက္ခနှင့် မြန်မာဘာသာဖြင့် ရှင်းပြပေးသော (သက်ကြီးတက္ကသိုလ် ဗုဒ္ဓကျမ်းစာပြ)ဆရာမြ၊ အိမ်ရှင်(ဇော်ရဲ့ဝိုင်ရှင်)ဦးထွန်းမောင်တို့အားလည်းကောင်း၊ ဝိပဿနာဘာဝနာပွားများရေးအတွက် ကျမ်းပြုတော်မူကုန်သော ရဟန်းဆရာ လူဆရာတို့အားလည်းကောင်း၊ ရိပ်သာများ အပါအဝင် ဓမ္မကထိကအပေါင်းတို့အားလည်းကောင်း၊

http://www.dhammadownload.com

ရန်ကုန်မြို့၊ ဘောင်ဒရီလမ်း (ယခု ဓမ္မစေတီလမ်း)ရှိ မိုးညှင်းကျောင်းတိုက်တွင်လည်းကောင်း၊ ကမ္ဘာအေးစေတီ ဥတ္တရကုရု ကျောင်းတိုက်တွင်လည်းကောင်း စာကြည့်ခွင့် တရားအားထုတ်ခွင့်ပြုတော်မူခြင်းကြောင့် ဆိုင်ရာပုဂ္ဂိုလ်တို့အားလည်းကောင်း၊

ဝိပဿနာ ဘာဝနာ ပွားများရေးဘက်တွင် အဘက်ဘက်မှ ကူညီပေးသော (ဟင်္သာတ)ဦးမြအားလည်းကောင်း၊ ဤကျမ်းပြုစုရာတွင် လိုအပ်သော ကျမ်းစာများကို ရှာဖွေပေးခြင်း၊ ကျမ်းစာမူကို ဖတ်ရှုပေးခြင်းတို့ကြောင့် တူဖြစ်သူ ခင်မောင်ဆန်းအားလည်းကောင်း၊ ဤကျမ်းတွင် ပါဝင်သော ပုံများကို ထပ်ကာထပ်ကာ ပြန်၍ဆွဲပေးသော တပည့်မောင်ရီလင်းအားလည်းကောင်း၊ ဤကျမ်းကို ရိုက်နှိပ်ရာတွင် စိတ်တိုင်းကျဖြစ်အောင် ကူညီဆောင်ရွက်ပေးလေသော သင့်ဘဝမဂ္ဂဇင်းပိုင်ရှင် ဇနီးမောင်နှံတို့နှင့်တကွ အလုပ်သမားအပေါင်းတို့အားလည်းကောင်း စုပေါင်းကာ အထူးကျေးဇူးတင်ရှိပါသည်။

ကြည့်ရှုသုံးသပ်တော်မူခြင်း

မန္တလေးမြို့ မဟိုရိမ်ကျောင်းတိုက် ပဌာန်း ဆရာတော် ဦးဝိသုဒ္ဓ၊ ရန်ကုန်မြို့၊ ရွှေကျင်ကျောင်းတိုက် မဟာ နာယက ဥက္ကဋ္ဌ ဘဒ္ဒန္တဇောတဆရာတော်၊ ရန်ကုန်မြို့၊အသီတိကျောင်းတိုက် ဆရာတော်ကြီးဦးတေဇိန္ဒအရှင်သူမြတ်တို့အားလည်းကောင်း၊ ခေါင်းဆောင်ကြီး ဘကြီးဘဖေအားလည်းကောင်း ဤကျမ်း၏ ဝိပဿနာဘာဝနာ ပထမပိုင်းဖြစ်သော စာမျက်နှာ (၅၀၀) ခန့်ကို ကြည့်ရှုသုံးသပ်ပေးတော်မူကြသဖြင့် အထူးကျေးဇူးတင်ရှိပါသည်။

ထိုမှတစ်ပါး၊ ဓမ္မကထိက ဗုဒ္ဓဝင်ဆရာထွန်းအားလည်း ဤကျမ်းရိုက်နှိပ်ရန် စာမူကိုတည်းဖြတ်ပေးပြန်သဖြင့် ဗုဒ္ဓဝင်ဆရာထွန်းအား အထူးကျေးဇူးတင်ရှိပါသည်။

> ဒီကျမ်းသာ ထွက်သွားရင်တော့
> ဘာသာရေးနှင့် သာသနာရေးနယ်မှာ
> အတော့်ကို တုန်လှုပ်သွားမှာပဲ

ခေါင်းဆောင်ကြီး ဘကြီးဘဖေ၊ ဝဏ္ဏကျော်ထင် ကာယဗလဦးရှိန်

နောက်ဆုံးကား အနောက်နိုင်ငံ ဗဟုသုတအဖြာဖြာတို့ကို အစဉ်ရှာမှီးလျက် ကောင်းနိုးရာရာတို့ကို အကြံပေးလေ့ရှိသော အစ်ကိုဖြစ်သူ ဝဏ္ဏကျော်ထင် ကာယဗလဦးရှိန်နှင့် (သဝိညာဏက) သက်ရှိစွယ်စုံကျမ်းကြီးသဖွယ် အဘက်ဘက်မှ တီးတိုင်းမြည်ပေသော ခေါင်းဆောင်ကြီး ဘကြီးဘဖေတို့အားလည်းကောင်း၊ ငင်းတို့ပေးသောအကြံဉာဏ်များနှင့်တကွ အလွန်အဖိုးထိုက်တန်၍ ဝယ်ယူရန်မရရှိနိုင်သော ငင်းတို့၏စာအုပ်များကို မိမိစာအုပ်သဖွယ် အသုံးပြုခွင့်ပေးထားကြသည့်ပြင် မေးတိုင်းမေးတိုင်းတို့ကို လွယ်ကူစွာ ဖြေဆိုကြပါသဖြင့် ထိုပုဂ္ဂိုလ်ကြီးနှစ်ဦးအားလည်း အထူးကျေးဇူးတင်လျက်ရှိပါသည်။

အကြောင်းထူးကား

အထက်တွင် ဖော်ပြခဲ့သော "ကတညူ၊ ကတဝေဒိ ပုဂ္ဂလော ဒုလ္လဘော လောကသ္မိ" ဟူသော ဗုဒ္ဓမြတ်စွာ ဒေသနာတော်နှင့်အညီ ဤကျမ်းကိုပြုစုနိုင်ရန် ဆိုင်ရာဆိုင်ရာဘက်တို့မှ ကူညီအားပေးတော်မူကြကုန်သော ကျေးဇူးရှင်အပေါင်းတို့အား ကျေးဇူးတင်ရှိခြင်းကို ထင်ရှားစွာ ပြုလိုက်ရပေသတည်း။"

ဆရာကြီးဦးပဂ္ဂိုဠိသည် "ဂန္ဓိရဝိပဿနာရှုဘွယ်၊ တတိယတွဲ" ကျမ်းအကြောင်းကို နိဒါန်းဖတ်ရုံဖြင့် ရိပ်စားမိစေရန် ဤသို့ရေးသားသည်။

"ဤကျမ်းငယ်သည် ခေတ်ပုဂ္ဂိုလ်တို့နှင့် လျော်ညီစေ၍ အောက်တန်း၊ အလယ်တန်း၊ အထက်တန်း ထိုသုံးတန်းတို့ကို ရည်ရွယ်ကာ ရေးသားပြုစုသည်ကို ရှေးဦးစွာ သတိပြုတော်မူကြစေလိုပါသည်။ (ညီငယ်များကို စောင့်၍ခေါ် ရန် ဖြစ်ပါသည်)"

"ဤကျမ်းမှာ ဝိပဿနာဘာဝနာလုပ်ငန်းကို လိပ်ပတ်လည်လျက် လွယ်ကူစွာ သဘောပေါက်စေရန် အကြိမ်ကြိမ် စိစစ်ရွေးချယ်ပြီးနောက် တစ်ဆင့်ပြီးမှ တစ်ဆင့်တက်ကာ ရေးသားဖော်ပြထားသောကျမ်းဖြစ်လေသည်"

http://www.dhammadownload.com

"ထို့ကြောင့် ဤကျမ်းငယ်ကို ဖတ်ရှုသောအခါ မည်သည့်အခန်းကိုမျှ ကျော်လွန်မသွားဘဲ အခန်းတိုင်း အခန်းတိုင်းကို ကြေညက်စွာ ဖတ်ရှုသွားတော်မူရန် အထူးတိုက်တွန်းပါ၏။

မင်၊ ဖိုလ်၊ နိဗ္ဗာန်ကိုအလိုရှိ၍ ကျင့်သောယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ အတ္တနှင့်အနတ္တ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိစသည်တို့ကို သုတမယဉာဏ်အားဖြင့် သိရှိထားရလေသည်။

ဤကား အထူးအရေးကြီးသော ပဓာန်လိုရင်း အချက်ကြီးပေတည်း။ ယင်းသို့ ဒိဋ္ဌိပသုဒ္ဓိမဖြစ်လျှင် ယောဂီသူမြတ် အလိုရှိအပ်သော မင်၊ ဖိုလ်၊ နိဗ္ဗာန်သို့ မရောက်ရှိနိုင်သည်ကို စွဲမြဲစွာ သိမှတ်ထားရပေမည်။ (သို့သော် ပုညသမ္ဘာရကား ဖြစ်၏။)

ထို့နောက် သမထဘာဝနာမှ ဝိပဿနာဘာဝနာသို့ တိုးတက်သောအခါ သမထယာနိကပုဂ္ဂိုလ်တို့ သိအပ်သည့်နည်း၊ ဝိပဿနာယာနိကပုဂ္ဂိုလ်တို့ သိအပ်သည့်နည်းတို့ကို ရှေးဦးစွာ သုတမယဉာဏ်အားဖြင့် သိရှိထားရ၏။ (သိသော် လူလိမ်မခံရ)

ဤကျမ်းသည် ထိုရှေးဦးစွာ သိအပ်သော ပြဿနာအရပ်ရပ်တို့ကို မှန်ကန်စွာသိရှိနားလည်နိုင်စေရန် ပါဠိတော်အရပ်ရပ်တို့ကို ဆောင်လျက် အမျိုးမျိုး သောနည်းတို့ဖြင့် ရှင်းလင်းဖော်ပြထားသော ကျမ်းဖြစ်လေသည်။

"တစ်နည်းဆိုသော် 'သင္ဘလောကေ အနဘိရတိသညာ'ဟု ဖော်ပြသည့်အတိုင်း **သဒ်တနယ်ဈာတွင်းရှိလောကဓာတ်ကြီးတစ်ရပ်လုံးတွင် ဘာမျှမွေ့လျော်ဖွယ် မရှိပါတကားဟု** ပညာမျက်စိတွင် ထင်ရှားစွာပေါ်လာပါမှ မင်၊ ဖိုလ်၊ နိဗ္ဗာန်ကို ရရှိ ရောက်ရှိနိုင်သည်ဆိုခြင်းကို ကြိုတင်သိရှိနားလည်ထားရပေမည်။

ထိုမျှအထိ လုပ်ငန်းစဉ်ကိုပါ သိရှိနားလည်စေရန် ဤကျမ်းသည် တစ်ဆင့်ပြီးမှတစ်ဆင့် တက်ကာ ပါဠိတော်အရပ်ရပ်တို့ကို ဆောင်လျက်ရေးသားဖော်ပြထားသော ကျမ်းဖြစ်လေသည်။

ဤကျမ်းသည် သုတမယဉာဏ်အားဖြင့် အတ္တနှင့် အနတ္တကို ကွဲစေခြင်း၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိတို့ကို ကင်းစေခြင်း၊ အဝိဇ္ဇာနှင့် တဏှာကိုသတ်နည်း၊ အဝိဇ္ဇာမှ လွဲယိုကူစွာ ဝိဇ္ဇာဉာဏ် ဖြစ်စေနိုင်ခြင်း၊ အတိုချုပ်အားဖြင့်ဆိုသော် အပါယ်လေးပါးတံခါးကို ပိတ်စေသော စူဠသောတာပန်မှ မင်ဖိုလ်နိဗ္ဗာန်သို့ရောက်ရှိရေး နည်းလမ်းများကို သုတမယဉာဏ်အားဖြင့် လွယ်ကူစွာ သိရှိနားလည်စေရန် ရေးသားဖော်ပြထားသောကျမ်း ဖြစ်လေသည်။ ထို့ကြောင့် စာဖတ်၍ လေ့ကျင့်ရန်သာ လိုတော့၏။

နိဂုံးချုပ်ကား စာမျက်နှာ (၄၆၉) ပထမစာကြောင်းမှစ၍ နောက်စာမျက်နှာ (၄၇၀)၌ လာရှိသော စာကြောင်းငါးကြောင်းအထိ နိဂုံးချုပ်သဖွယ် ဖတ်ရှုလိုက်နာရန် အထူးတိုက်တွန်းပါ၏။"

ဆရာကြီး၏ "ဂမ္ဘီရဝိပဿနာရှုဘွယ်၊ တတိယတွဲ" ကျမ်းကို သတင်းစာအစောင်စောင်က ဤသို့ ခီးကျူးကြသည်။

ကြေးမုံသတင်းစာမှ ဆရာဇဝနက (၂၉-၈-၆၂) နေ့၌ "ဘာကြောင့်တော့ဖြင့် မပြောတတ်ပါ။ ကျွန်တော့်ကို ဘာသာတရားမရှိသူတစ်ယောက်ဟု ထင်မှတ်နေသူ တော်တော်များများ ရှိကြသည်။ အချို့က ကျွန်တော့်အား ရှူးရဲ့ဖြစ်ဖြစ်၊ ဝိန်ဖောင်းကလေးပဲ ဖြစ်ဖြစ် အားထုတ်ဖို့ တိုက်တွန်းကြသည်။

ထိုသို့ ထင်မှတ်နေကြသူတို့အထဲတွင် ဆရာကြီး ဦးပဏ္ဍိုင်သည် တစ်ဦးတစ်ယောက် အပါအဝင်ဖြစ်လေရော့သလား၊ သို့မဟုတ် ဆရာကြီးသည် ယခုတလော ကျွန်တော်၏စိတ်ထဲ၌ ဖြစ်ပေါ်နေသောဆန္ဒကို တစ်နည်းနည်းဖြင့် သိမြင်လေရော့သလား မဆိုနိုင်ပါ။ ဆရာကြီးသည် ကျွန်တော့်ထံသို့ ဆရာကြီးကိုယ်တိုင် ရေးသားအပ်သော "ဂမ္ဘီရဝိပဿနာရှုဘွယ်ကျမ်း" ကို ဓမ္မလက်ဆောင်အဖြစ် ခီးမြှင့်လိုက်ပါသည်။ သာဓု-သာဓု-သာဓု" ဟု ခီးကျူးထားသည်။

"ပြည်ထောင်စု" သတင်းစာနှင့် "ဟံသာဝတီ" သတင်းစာ ၂-စောင်၏ ဆရာကြီးဦးပဏ္ဍိုင်၏စာအုပ်အကြောင်းကို ဖော်ကျူးရေးသားချက်များမှာ အနှစ်သာရ ပြည့်ဝလှသဖြင့် အစအဆုံး တင်ပြအပ်ပါသည်။

http://www.dhammadownload.com

ပြည်ထောင်စု
The Pyidaungsu Daily ဧရာဝတီ

(ပြည်ထောင်စု ထင်မြင်ချက်။ ၃၁-၈-၆၂)

"ပြည်ထောင်စု
(ပြည်ထောင်စု ထင်မြင်ချက် ။ ၃၁-၈-၆၂)
ဂမ္ဘီရဝိပဿနာရှုဘွယ်ကျမ်း၊ တတိယတွဲ
ကျမ်းပြုသူ ဦးပဂျီဝိ၊ သင့်ဘဝစာပုံနှိပ်တိုက်၊
၁၇၊ မလွှကုန်း၊ ကျောက်မြောင်း၊ ရန်ကုန်၊
စာမျက်နှာ ၅၄၂-မျက်နှာ၊ ၁၆-ချိုးအရွယ်အစား
ကတ်ထူဖုံး၊ တစ်အုပ် ၇-ကျပ်နှင့် ပြားငါးဆယ်။

ဝိပဿနာလုပ်ငန်း (ဝိ-အထူး၊ ပဿနာ-ကြည့်ရှုခြင်း၊ အထူးကြည့်ရှုခြင်း)မှာ ယခုအခါ စစ်မဖြစ်မီက ထက် ပိုမိုကျယ်ပြန့်လာသည်ကို တွေ့ရှိရပေသည်။ ထိုသို့ ကျယ်ပြန့်လာခြင်းမှာလည်း လိုက်စားလာသူများ များပြားလာခြင်းကြောင့် ဖြစ်ပေသည်။

ယင်းသို့ ဝိပဿနာလုပ်ငန်းကို လိုက်စားသူ များပြားတိုးတက်လာသော်လည်း အများအားဖြင့် ဘာမှန်းမသိဘဲ သူများယောင်လို့ယောင်၊ အမောင် တောင်မှန်းမြောက်မှန်းမသိဆိုသကဲ့သို့ အခြားသူများ ရှုးရဲ့ ရှုးရဲ့လုပ်၍သာ လုပ်လိုက်ကြသော်လည်း ဝိပဿနာ၏ အနှစ်သည် ဘယ်အရာ၊ မည်သို့သော ရည်ရွယ်ချက်ဖြင့် ဝိပဿနာရှုသည်၊ ဝိပဿနာရှုရာတွင် ဘာကြောင့် ရှုးရဲ့ ရှုးရဲ့လုပ်ရသည် စသော အချက်တို့ကို အတွင်းနှိုက်သိသူများ ရှားပါးခဲ့သည်ဟု ဆိုချေက မှားမည်မထင်။

ထိုအတောအတွင်း ဝိပဿနာလုပ်ငန်းနှင့် ပတ်သက်၍ ပြန်လည်ရေးသားပြုစုသူများ ပေါ်ခဲ့သည့် အနက် မန္တလေးမှ ဆရာကြီးရွှေဥဒေါင်းနှင့် ဂမ္ဘီရ ဝိပဿနာရှုဘွယ်ကျမ်း ပြုစုသူ ဦးပဂျီဝိတို့မှာ ထင်ရှားသူများအဖြစ် ကျွန်ုပ်တို့ မှတ်သားမိပေသည်။

ထိုထင်ရှားသူနှစ်ဦးတွင် ထင်ရှားချင်းက မတူကြချေ။ ဆရာကြီးရွှေဥဒေါင်းမှာ ကမ္ဘာစိတ်ပညာရပ်များ၊ ဗုဒ္ဓတရားတော်များနှင့် မြန်မာဗုဒ္ဓအဘိဓမ္မာတရားတော်များ၊ ကျမ်းဂန်များ အတတ်နိုင်ဆုံး ကြေညက်စွာ လေ့လာလိုက်စားပြီး ဝိပဿနာလုပ်ငန်းကို ဆရာကြီးကိုယ်တိုင် လုပ်ကိုင်ပြီးနောက် ကိုယ်တွေ့ဝိပဿနာများနှင့် တွေးခေါ်မှုအကြောင်းကို ဝိပဿနာပရိသတ်နှင့် ပြည်သူလူထုထံသို့ မဂ္ဂဇင်းများမှတစ်ဆင့် တင်ပြရာမှ နာမည်ကျော်ကြားလာသည့် ပုဂ္ဂိုလ်ကြီးဖြစ်သည်ဟု ကျွန်ုပ်တို့ နားလည်မိသည်။ ထို့အပြင် ဆရာကြီးရွှေဥဒေါင်း၏ ထိုဝိပဿနာ (အခြား လောကုတ္တရာရေးရာ ဆောင်းပါးများလည်း ရှိပါသည်) စာပေများတွင် ဆရာကြီး၏ ဖီလိုဆိုဖီများသည် အများအပြား ပါရှိသည်ကို တွေ့ရှိရပြီး ထိုဖီလိုဆိုဖီများကြောင့်လည်း ပို၍ကျော်ကြားသည်ဟု ဆိုက မှားဖွယ်ရှိရာ မမြင်မိချေ။

ဦးပဂျီဝိကား ဝိပဿနာအကြောင်းအရာများ ရေးသားရာတွင် ၎င်း၏ကိုယ်တွေ့ထက် မြတ်စွာဘုရားဟောတော်မူသောကျမ်းဂန်တို့ကို ကိုးကားဖော်ပြလေ့ရှိရာမှ လူသိများလာသည့်အတိုင်း ယခုစာအုပ်တွင်လည်း မြတ်စွာဘုရားဟော ပါဠိတရားတော်များကို အကွင်းလိုက် အကွက်လိုက် ကိုးကားဖော်ပြထားသည်ကို ဖတ်ရှုရပါသည်။

ယခုကျမ်းကို ဦးပဂျီဝိက သခ်ံတ-အသခ်ံတ အကြောင်း မျက်မြင်ကိုယ်တွေ့ မှန်မမှန် ပြဿနာ၊ (ထိုပြဿနာတွင် ဦးပဂျီဝိက တူညီသောမျဉ်းနှစ်ကြောင်းကို အဂ်လိပ်စာလုံး(တီ)ပုံသဏ္ဌာန်ထား၍ အမြင်မှားနိုင်ကြောင်း သဘောများကို ရှင်းပြထားသည်။) ဒုက္ခအကြောင်း၊ တဏှာအကြောင်း၊ အဝိဇ္ဇာအကြောင်း၊ ဒိဋ္ဌိဝိသုဒ္ဓိအကြောင်း၊ ကမ္ဘာကြီးသည် မလုံးကြောင်း၊ ဘာဝနာပြဿနာစသည်တို့ကို အကျယ်ချဲ့ထွင် ရှင်းလင်းရေးသား ဖော်ပြထားလေသည်။"

> မည်သို့သော ရည်ရွယ်ချက်ဖြင့် ဝိပဿနာရှုသည်၊ ဝိပဿနာရှုရာတွင် ဘာကြောင့် ရှုးရဲ့ ရှုးရဲ့လုပ်ရသည် စသော အချက်တို့ကို အတွင်းနှိုက် သိသူများ ရှားပါးခဲ့သည်ဟု ဆိုချေက မှားမည်မထင်။

http://www.dhammadownload.com



(ဟံသာဝတီ အာဘော်။ ၃-၉-၆၂)

ဂန္ဓိရဝိပဿနာရှုဘွယ်ကျမ်း တတိယတွဲ

ကျမ်းပြုသူ - ဦးပဂျိုင်

ရန်ိုင်သောဌာန၊ အကျိုးဆောင်၊ ဝိပဿနာဘာဝနာ ပြန့်ပွားရေးအဖွဲ့၊ ၉၁၊ လူအိုရုံလမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့၊

ဤဝိပဿနာ ဂန္ဓိရရှုဘွယ်ကျမ်းကို ပြုစုသူ ဦးပဂျိုင်မှာ တိုးတက်ရေးအယ်ဒီတာချုပ် ဦးစိန်ပင် ဖြစ်သည်။ ၎င်းသည် သတင်းစာလောကမှ အနားယူပြီးနောက် ပုဒ္ဓ၏ ပဋ္ဌာန်းစာပေများကို မူရင်းကျကျ သိရှိရန် ပါဠိတော်နိဿယများ၊ ဦးမြို့၏ ပဋ္ဌာန်တော် ဘာသာပြန်များအား ဆည်းပူးလေ့လာထားရုံသာမက ပဋ္ဌာန်အကျော် ဆရာတော်ကြီးများထံတွင်လည်း လေ့လာမှတ်သား သင်ကြားသူ တစ်ယောက် ဖြစ် သည်။ ပုဒ္ဓဘာသာမှတစ်ပါး အခြားဘာသာကြီးမျိုး ကိုလည်း ကျွမ်းကျင်သူလည်း ဖြစ်သည်။ အနောက် နိုင်ငံများသို့ သွားရောက်လှည့်လည်၍ ဘာသာရုံ ဝါဒ စုံများကိုလည်း စူးစမ်းလေ့လာ၍ အခွင့်သင့်သလို ပုဒ္ဓ၏ တရားတော်များကို ကမ္ဘာအရပ်ရပ်သို့ တင်ပြခဲ့သူ လည်း ဖြစ်သည်။ (ပုဒ္ဓတရားတော်သည် ဟိန္ဒူ ဗြာဟ္မဏ ဘာသာနှင့် ထူးမခြားနား ဖြစ်သည်) ဟု ကမ္ဘာတွင် ထင်မြင် ယူဆ နေသူများကို ဟိန္ဒူ ဗြာဟ္မဏဘာသာ စသည်တို့၌ ဝိပဿနာတရားတော်နှင့် မင်္ဂတရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားများ မရှိ၊ ပုဒ္ဓဘာသာ၌သာ ထိုတရားတော်များရှိ၍ မတူရုံသာမက သာလွန် ထူးခြားနေကြောင်းကို လည်း ကမ္ဘာအရပ်ရပ် ရောက်တိုင်း ရှင်းပြခဲ့သူ ဖြစ်သည်။

ထိုကဲ့သို့ သဘောရှိသော ပုဂ္ဂိုလ်မျိုး ပြုစုသော ကျမ်းသည် ကိုယ့်အတွေး၊ ကိုယ့်အကြံ၊ ကိုယ့်ဝါဒ၊ ကိုယ့်သဘောကျ ထင်ရာမြင်ရာ ရေးသားသော ကျမ်းစာမျိုး မဟုတ်ကြောင်း သိသင့်ပေသည်။ သူ၏ကျမ်းတွင် ဖော်ပြသမျှသော အခန်းကဏ္ဍ အကြောင်းအရာဟူသမျှတွင် သာဓကပါဠိများကင်း၍ ရေးသား ဖော်ပြထားသည်ကိုကား မတွေ့မြင်ရပေ။

ဒုက္ခသစ္စာကို ပြဆိုရာ တစ်နေရာတွင် အဘိဓမ္မာ ကျမ်း၊ သစ္စဃဋိကာလာ (ဒုက္ခံ ဒုက္ခသစ္စန္တိ၊ အာမန္တာ။ ဒုက္ခသစ္စံ ဒုက္ခန္တိ၊ ကာယိကဒုက္ခံ စေတသိကဒုက္ခံ ထပေတွာ အဝသေသံ ဒုက္ခသစ္စံ၊ နဒုက္ခံ) စသည်ဖြင့် သက်ဆိုင်ရာ ပါဠိတော်ကြီးကို ကိုးကားပြဆိုခြင်းသည် အလွန်အကွက်ဆိုက်သည်ဟု ဆိုသင့်ပေသည်။ လူတိုင်းလိုလို ဒုက္ခနှင့် ဒုက္ခသစ္စာ အတူတူပင်ဟု မှတ်ထင်နေကြသည်။ ယင်းသို့ မှတ်ထင်သည့်အတိုင်း ဒုက္ခကို လူတိုင်းသိသလို ဒုက္ခသစ္စာကိုလည်း လူတိုင်း သိနေသည်ဟု ယူဆကြသည်။ ထိုကဲ့သို့ ယူဆလျှင် လူတိုင်း သစ္စာကိုသိမြင် အရိယာဝင်ချည်း ဖြစ်နေပေလိမ့်မည်။ ထိုကဲ့သို့ မယူဆသင့်ကြောင်းကိုလည်း ဥပမာ၊ သာဓက စုံလင်စွာ ပြဆိုထားသည်ကို တွေ့ရသည်။ ထိုကျမ်းသည် ဝိပဿနာဂန္ဓိရရှုဘွယ် ဟူသော အမည်နှင့် လိုက်ညီစွာ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ ၂-ပါးနှင့် ရုပ်၊ နာမ်တရားများကို ကျေလည်အောင် ပြဆိုပြီးလျှင် ဝိပဿနာတက်လမ်းဖြစ်သည့် ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိအစ နိဗ္ဗာန်အဆုံးရှိသော နက်နဲသော တရားတော်များကိုလည်း မြန်မာစာတတ်သူတိုင်း နားလည်အောင် ရေးသားထားသည်ကို တွေ့ရသည်။

ဦးပဂျိုင်၊ ဂန္ဓိရဝိပဿနာရှုဘွယ်၊ တတိယတွဲ၊ ၂၅-၂၉။

ဤရွေ့ ဤမျှသော သတင်းစာများက ချီးကျူးထားသော "ဂန္ဓိရဝိပဿနာရှုဘွယ်ကျမ်း"၊တတိယတွဲကို ဆရာကြီးဦးပဂျိုင်သည် နိဂုံးချုပ်အနေဖြင့် အနှစ်ထုတ် ဖော်ပြထားပုံကား ဤသို့ဖြစ်သည်။

http://www.dhammadownload.com

နိဂုံးချုပ်

ယောဂီသူတော်မြတ်သည် လောကဓာတ်ကြီးတစ်ရပ်လုံးကို ဗုဒ္ဓမြတ်စွာပေးတော်မူသော ပညာမျက်စိဖြင့် ကြည့်ရှုစစ်ဆေးလိုက်သောအခါ အသခ်တဓာတ်နှင့် သခ်တဓာတ်နှစ်ပါးကို သိမြင်တွေ့ရှိရမည်။

အသခ်တဓာတ်သည် သုခအတိဖြစ်သောနိဗ္ဗာန်ဟု အနုမာနသိဒ္ဓိအားဖြင့် သိမြင်တွေ့ရှိရ၍ သခ်တဓာတ်သည် ဒုက္ခအတိဖြစ်သော လူဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံအပါအဝင်ဖြစ်သော ၃၁-ဘုံတို့ကို သိမြင်တွေ့ရှိရမည်။

တစ်ဖန် ဒုက္ခသည် အဘယ့်ကြောင့် ဖြစ်ပေါ်ရသနည်းဟု စုံစမ်းရှာဖွေ စစ်ဆေးပြန်သော် ဝိပဿနာဘာဝနာပွားများရေး ကျင့်စဉ်ကို တွေ့မြင်သိရှိရမည်။

ပုဒ္ဓဘာသာဝင်ဖြစ်ရခြင်း၏ အချုပ် အကောင်းဆုံးအလုပ်များမှာ ဝိပဿနာဘာဝနာပွားများရခြင်းဟု တိကျပြတ်သားစွာ သိရှိထားရမည်။

ဝိပဿနာဘာဝနာပွားများရေးကို အဘယ်က စရပါအံ့နည်းဆိုသော် မည်သူက မည်သို့ပင် ပြောစေကာမူ နားမယောင်ဘဲ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်က စရမည်ဟု ဧကန်သိရှိမှတ်သားထားရမည်။

အကြောင်းသော့်ကား ဝိပဿနာဘာဝနာပွားရာတွင် ရှေးဦးစွာ ဒိဋ္ဌဝိသုဒ္ဓိ ဖြစ်ရလေသည်။ ဒိဋ္ဌဝိသုဒ္ဓိမဖြစ်လျှင် (၀၊) အတ္တဒိဋ္ဌိမစင်လျှင် မင်၊ ဖိုလ်၊ နိဗ္ဗာန်သို့ မရောက်ရှိနိုင်ခြင်းကြောင့် ဖြစ်လေသည်။

အချုပ်ကား သစ္စာလေးပါးနည်းအရ ဒုက္ခကို အကြိမ်ကြိမ် အဖန်ဖန် ထပ်ကာထပ်ကာ ဆင်ခြင်သုံးသပ်နေရပေမည်။ ထိုမှဆက်ကာ ဒုက္ခဖြစ်ရခြင်း အကြောင်းရင်းမှာ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရစသည်တို့ကြောင့် ဖြစ်ရခြင်းပါတကားဟု ထပ်ကာထပ်ကာ အကြိမ်ကြိမ် အဖန်ဖန် ဆင်ခြင်သုံးသပ်နေရပေမည်။

သတိပြုရန်ကား - ဒုက္ခဖြစ်ရခြင်းအကြောင်းရင်း (သမုဒယသစ္စာ)တရားကို ထပ်ကာ ထပ်ကာ ဆင်ခြင်ပွားများရန် အများအားဖြင့် မေ့လျော့နေတတ်ကြလေသည်။

> **ပုဒ္ဓဘာသာဝင်ဖြစ်ရခြင်း၏ အချုပ် အကောင်းဆုံး အလုပ်များမှာ ဝိပဿနာဘာဝနာ ပွားများရခြင်းဟု တိကျပြတ်သားစွာ သိရှိထားရမည်။**

ဤတွင် "ဒါတွေ ငါအသိသားပဲ" ဆိုကာ မဆင်ခြင် မသုံးသပ်ဘဲ မနေရ။ ဒုက္ခဖြစ်ခြင်းအကြောင်းကို ဆင်ခြင်ပွားများလေလေ ဒုက္ခဖြစ်စေတတ်သော အကြောင်းရင်းတို့ကို မလုပ်ရဲလေလေဖြစ်၍ လာပေတော့၏။

ဤသည်လည်း ဝိပဿနာဘာဝနာ ပွားများရာတွင် လိုရင်းပဓာနအချက်ကြီး တစ်ရပ်ဖြစ်လေသည်။ ဤနည်းကို လေ့ကျင့်ဖန်ပါများသော် လောကကြီးတွင် မွေ့လျော်ဖွယ်ရာ မည်သည်မျှ မရှိပါတကား ဆိုသော "သဗ္ဗလောကေ အနဘိရတိသညာ" အခြေအနေသို့ ဆိုက်ရောက်လာပေတော့၏။

ထိုအခါ ဘုံသုံးပါးတွင် အရသာကို မခံစားလိုတော့ဘဲ ဝိပဿနာဘာဝနာ ပွားများခြင်း၌သာ အချိန်ကို အသုံးပြုနေပေတော့၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသနုပဿနာဉာဏ်ခန်း၌ -

တိဝိဓေ သုဂတိဘဝေပိ နာဘိရမတိ။

တီသု ပန အနုပဿနာသုယေဝ ရမတိ။ - ဟု လာရှိလေသည်။

ဤသို့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာနှစ်ပါးကို ပိုင်နိုင်လာသောအခါ ဒုက္ခမှလွတ်ရာ နေရာဌာနကို ရှာသော် အသခ်တဓာတ် မြတ်သောနိဗ္ဗာန်ကို တွေ့မြင်သိရှိလာပေတော့၏။

တစ်ဖန် အသခ်ဓာတ် မြတ်သောနိဗ္ဗာန်သို့ အသို့ရောက်ရအံ့နည်းဟူသော် ဝိပဿနာဘာဝနာပွားများရေးလမ်းစဉ်ကို ထင်ရှားစွာတွေ့မြင်လာပြန်တော့၏။

ထိုအခါ ဒုက္ခကိုသိ၍ သမုဒယကို ရှဉ့်မှန်းသည်နှင့်အမျှ နိရောဓသစ္စာ နိဗ္ဗာန်၏သုခကိုသိ၍ နိဗ္ဗာန်

http://www.dhammadownload.com

ရောက်ကြောင်းတရားကို လက်မလွတ်နိုင်ဘဲ မဂ္ဂသစ္စာကို ကျင့်သုံးကာနေပေတော့၏။ မဂ္ဂသစ္စာကို ကျင့်သုံးလေလေ (ဝါ) ဝိပဿနာဘာဝနာကို ပွားများလေလေ အပါယ်လေးပါးတံခါးကို ပိတ်စေလျက် နိဗ္ဗာန်နှင့်နီးလေလေ ဖြစ်၍နေပေတော့၏။

မင်၊ ဖိုလ်၊ နိဗ္ဗာန်မှာ မိမိ၏ပါရမီနှင့် အားထုတ်မှုတွင် မူတည်လျက် အမြန်နှင့်အနှေး ရောက်ရှိရပေတော့သတည်း။"

ဆရာကြီးဦးပဂျိုင်သည် "ဂမ္ဘီရဝိပဿနာရှုဘွယ်ကျမ်း"၊ တတိယတွဲကို နိဂုံးချုပ်ရေးသားပြီးနောက် စာမျက်နှာ (၅၁၁)မှ (၅၄၀)ထိကို "ကမ္ဘာကို မြန်မာက သာသနာပြုနိုင်ရန်" အတွက် "ကမ္ဘာဘာသာ ပြဿနာ" အကြောင်း ရေးခဲ့သည်။

"ကမ္ဘာ့ဘာသာပြဿနာ" အကြောင်းရေးရာတွင် "ဗြာဟွဏဘာသာနှင့် ဗုဒ္ဓဘာသာ"၊ "ခရစ်ယာန်ဘာသာ"၊ "အစ္စလာမ်ဘာသာ"၊ "ပါရှားဘာသာ"၊ "ပီသာဂူရပ်(စ်) PYTHAGORAS"၊ "ပါရှားအင်ပါယာကြီး"၊ "ဂရိ(စ)အင်ပါယာကြီး"၊ "မိုဟင်ဂျိုဒါရိုး MOHENJO-DARO"၊ "သီရိဓမ္မာသောကမင်းကြီး"၊ "သီရိဓမ္မာသောကမင်းကြီးအင်ပါယာ" အကြောင်းများကို ကျကျနန ဝေဖန်သုံးသပ်ပြထားသည်။

ဆရာကြီးဦးပဂျိုင်က နောက်ဆုံး ဤသို့တိုက်တွန်းခဲ့သည်။

"သီရိဓမ္မာသောကမင်းကြီးသည် အတိုင်းတိုင်းအပြည်ပြည်သို့ သာသနာပြုတော်မူဘိသကဲ့သို့ အထက်တွင် ဖော်ပြခဲ့သောအကြောင်းခြင်းရာတို့ကို မြန်မာက ကမ္ဘာသို့ လှည့်လည်ရှင်းလင်းဟောပြောပြသပေးရန် ကမ္ဘာသူ ကမ္ဘာသားတို့အကျိုးငှာ အထူးတိုက်ထွန်းခဲ့ရပေသတည်း။"

ဆရာကြီးဦးပဂျိုင်၏ ဝိပဿနာဘာဝနာပညာ ပြန့်ပွားရေးလုပ်ငန်း

ဆရာကြီးဦးပဂျိုင်သည် ပါဠိတော်မူအရ မိမိရရှိထားသော ဝိပဿနာဘာဝနာပညာကို ပရိသတ်အပေါင်းတို့အား ၁၉၅၁-ခုနှစ်ကစ၍ ဟောပြောပြသ သင်ကြားပေးခဲ့သည်။

၁၉၅၂-ခုနှစ်တွင် ဦးကြံစု၊ ဗုဒ္ဓဝင်ဆရာထွန်း၊ ဦးသူတော်နှင့် ဆရာကြီးဦးပဂျိုင်တို့သည် "ဝိပဿနာဘာဝနာပြန့်ပွားရေးအဖွဲ့" ကို ဖွဲ့စည်းရန် တိုင်ပင်ကြသည်။ ထို့နောက် တစ်လအကြာတွင် ဆရာကြီး ဆရာလင်းကို ဖိတ်ကြား၍ မိမိတို့၏ အကြံအစည်၊ အစီအမံကို ပြောပြပြီး ဆုံးမသြဝါဒပေးရန် တောင်းပန်ကြသည်။

ဆရာကြီးဆရာလင်းက တစ်မနက်လုံးလုံး လိုအပ်ချက်များကိုပါ ပါဠိတော်များစွာ ကိုးကားလျက် ဆုံးမသြဝါဒပေးပြီးနောက် ဝိပဿနာပြန့်ပွားရေး မလုပ်မီ ဝိပဿနာဘာဝနာ ထူထောင်ရေးကို ပထမစ၍ ဆောင်ရွက်ရန် အကြံပေးသည်။ ထို့နောက်မှ ပြန့်ပွားရေးကို ပြုလုပ်ရန် ညွှန်ပြသည်။

ဆရာကြီးဆရာလင်း ညွှန်ပြတော်မူသည့်အတိုင်း "ဝိပဿနာထူထောင်ရေးအဖွဲ့"ဟု ဆိုင်းဘုတ်ရေးကာ ဆူးလေစေတီတော် အရှေ့ဘက်မုခ် လွန်းဦးလှတန်ဆောင်းတွင် ဆရာကြီးဦးသူတော်နှင့် ဆရာကြီးဦးပဂျိုင်တို့သည် ဝိပဿနာဘာဝနာပွားများလိုသူများကို ဝိပဿနာဘာဝနာပွားများနည်း သင်ပြပေးခဲ့သည်။

ထိုအချိန်တွင် သီရိလင်္ကာနိုင်ငံမှ မစ္စတာဘရူးဝါးဆိုသူသည် ဆရာကြီးဦးပဂျိုင်၏ ဝိပဿနာပညာကို သင်ယူနေသည်။ မစ္စတာဘရူးဝါးက ဆရာကြီးကို "သူတို့နိုင်ငံတွင် ဤသို့သော ဝိပဿနာပညာရှာလိုသူများစွာရှိကြောင်း၊ မြန်မာနိုင်ငံကိုလာ၍ သင်ယူချင်ကြကြောင်း၊ သို့သော် သင်ကြားလေ့လာရန် စင်တာတစ်ခုလိုကြောင်း" ပြောပြသည်။

ဆရာကြီးဦးပဂျိုင်သည် ဝိပဿနာဘာဝနာပွားများနည်း ကျမ်းတစ်စောင်တစ်ဖွဲ့ ဆဋ္ဌမူတစ်ခုတည်းရှိစေရန် ကြိုးစားခဲ့သည်။ ဆရာကြီးဦးပဂျိုင်သည် ၁၉၅၅-ခုနှစ်၊ ဩဂုတ်လ ၁-ရက်နေ့တွင် ကမ္ဘာအေးစေတီပရိဝုဏ်အတွင်း၌ ညှိနှိုင်းဆွေးနွေးပွဲတစ်ခုကျင်းပခဲ့သည်။

ခေါင်းဆောင်ကြီးဦးသိန်းမောင်၊ ဟင်္သာတဦးမြ၊

http://www.dhammadownload.com

ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓသာသနာတော် (၃) ရပ်ကို အတိုဆုံး၊ အရှင်းဆုံးဖြင့် "ပ-သုံးလုံး"ဟု ပထမ ဦးစွာ တီထွင်သုံးစွဲသူမှာ ဆရာကြီးဦးပဂ္ဂိုဝင်း ဖြစ်တော့သည်။

ဦးချန်ထွန်း စသောပုဂ္ဂိုလ်လေးငါးဆယ်ယောက်နှင့် သံဃာတော်သုံးပါး တက်ရောက်ခဲ့ကြသည်။

သို့သော် အကြောင်းမညီညွတ်သဖြင့် အောင်မြင်မှု မရခဲ့ချေ။

ထို့နောက် ဆရာကြီးသည် ၁၃၂၉-ခု၊ တော်သလင်းလပြည့်ကျော် ၅-ရက် (၂၃-၉-၆၇) (စနေနေ့) ညနေ ၄-နာရီအချိန်တွင် အမှတ် (၂၀၁/ ၃)၊ လွစ္စလမ်း (ဆိပ်ကမ်းသာလမ်း)၊ ဦးစံလွင် (အီကောနောမစ်)အိမ်၌ ဝိပဿနာပြန့်ပွားရေးအဖွဲ့ကို ပထမဆုံးအကြိမ် ဖွဲ့စည်းခဲ့သည်။

ဆရာကြီးဦးသူတော်က ဥက္ကဋ္ဌ၊ ဆရာကြီးဦးပဂ္ဂိုဝင်က ဒုတိယဥက္ကဋ္ဌ၊ အကျိုးဆောင်ချုပ်ကား ဦးသန်းအောင် ဖြစ်ပါသည်။

ဝိပဿနာပြန့်ပွားရေးအဖွဲ့၏ **ရည်ရွယ်ချက်** (၃) ရပ်ကို ဤသို့ ချမှတ်ခဲ့သည်။

(၁) ဗုဒ္ဓမြတ်စွာ သာသနာတော်၏ (သီလ၊ သမာဓိ ပညာ)ဟူ၍ သိက္ခာ (၃)ရပ်ရှိရာဝယ် ဝိပဿနာတည်းဟူသော (ပညာ)သိက္ခာကို ဘုရားရှင် အလိုရှိတော်မူသည်နှင့်အညီ မိမိကိုယ်တိုင်လည်း နားလည်သဘောပေါက် ကျင့်ကြံအားထုတ်ရန်နှင့် သူတစ်ပါးအားလည်း မိမိသိရှိသည်နှင့်အမျှ နားလည်ကျင့်ကြံ အားထုတ်တတ်စေရန်။

(၂) ပဋိပတ္တိသာသနာတော်ကြီးကို ဘုရားဟောပါဠိတော်နှင့် ကိုက်ညီစွာ ပြန့်ပွားအောင်ဆောင်ရွက်ရန်။

(၃) ရဟန်းရှင်လူ 'ကြီးငယ်မဟူ' သူတော်စင်အပေါင်းတို့သည် သာသနာတော်မြတ်၏ အနှစ်သာရဖြစ်သော (ဝိပဿနာဘာဝနာ)ကို ပြည်တွင်း ပြည်ပ နှစ်ဌာနတို့တွင်စည်ပင်ပြန့်ပွားအောင် ကိုယ်စွမ်း ဉာဏ်စွမ်းအားရှိသမျှ ကြိုးစားဆောင်ရွက်တော်မူကြရန်။

ဆရာကြီးဦးပဂ္ဂိုဝင်သည် ဤသို့ခိုင်မာသည့် ဝိပဿနာအဖွဲ့အစည်းကြီးတစ်ရပ် ဖွဲ့စည်းပြီးနောက် ဝိပဿနာဘာဝနာ သင်ကြားပြသဟောပြောမှုများကို ရွှေတိဂုံစေတီတော်၏ တောင်ဘက်မုခ်အနီး ရွှေကျင်မြို့နယ်ဓမ္မာရုံသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။

ပထမ၌ ဆရာကြီးသည် "သင်တန်း"ဟူ၍ မသုံးသေးချေ။ ရွှေကျင်မြို့နယ် ဓမ္မာရုံ၌ ဝိပဿနာ သင်ပြပေးရာတွင် ဝိတ်ကားဆိုင်းဘုတ်မှာ "တရားပွဲရှိသည်၊ မည်သူမဆို တက်ရောက်နာယူနိုင်သည်" ဟု ရေးထားသည်။ တဖြည်းဖြည်းနှင့် လူအများက ဝိပဿနာသင်တန်းဟု အမည်ဖော် ခေါ်လာကြသည်ဟု ဆရာတော်ဦးဇောတိကထံမှ သိရသည်။

ဆရာကြီးဦးပဂ္ဂိုဝင်သည် စကားကိုသိပ်သိပ်သည်းသည်း ကျစ်ကျစ်လျစ်လျစ်နှင့် ထိထိရောက်ရောက် သုံးစွဲသူဖြစ်သည်။ အကြောင်းကိစ္စတစ်ရပ်အတွက် စကားတစ်ခွန်းတည်းဖြင့် ပြော၍ ပြီးမည်ဆိုလျှင် စကားတစ်ခွန်းတည်းသာ ပြောသူဖြစ်ကြောင်း ဆရာတော်ဦးဇောတိကက ပြောပြသည်။

ဆရာကြီးဦးပဂ္ဂိုဝင်၏ဇနီး ဒေါ်မြည့်နှင်းကလည်း ပြောသည်။ ဆရာကြီးသည် သူ၏လုပ်ရပ်ကို သူများက တုလာလျှင် (သို့မဟုတ်)တူလာပြီဆိုလျှင် ဆရာကြီးသည် ဉာဏ်စွမ်းရည်အသစ်ဖြင့် အသစ်အဆန်းထွင်လုပ်တတ်သူဖြစ်သည်။

ထိုအဆိုစကားမှန်ကြောင်း အောက်ပါသာဓကတစ်ရပ်က ထင်ထင်ရှားရှား ပြနေသည်။

ဆရာကြီးဦးပဂ္ဂိုဝင်တည်ထောင်သော "ဝိပဿနာပြန့်ပွားရေးအဖွဲ့"သည် ရွှေကျင်မြို့နယ်ဓမ္မာရုံ၌ တည်ရှိစဉ်က ဖြစ်သည်။ ကမာရွတ်ဘက်တွင် "ဝိပဿနာပြန့်ပွားရေးအဖွဲ့" ဟူ၍ အခြားအဖွဲ့တစ်ဖွဲ့ ပေါ်လာပြန်သည်။

ထိုအခါ ဆရာကြီးဦးပဂ္ဂိုဝင်က သူ၏ "ဝိပဿနာပြန့်ပွားရေးအဖွဲ့" ကို "ပ-သုံးလုံး ဝိပဿနာပြန့်ပွား

http://www.dhammadownload.com

ရေးအဖွဲ့" ဟူ၍ သတ်မှတ်လိုက်တော့သည်။

ပထမ (ပ)တစ်လုံးသည် ပရိယတ္တိသာသနာတော် ဖြစ်သည်။ ဒုတိယ (ပ)တစ်လုံးသည် ပဋိပတ္တိသာသနာတော်ဖြစ်သည်။ တတိယ (ပ)တစ်လုံးသည် ပဋိဝေဓသာသနာတော်ဖြစ်သည်။

ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓသာသနာတော် (၃) ရပ်ကို အတိုဆုံး၊ အာရုံဆုံးဖြင့် "ပ-သုံးလုံး"ဟု ပထမဦးစွာ တီထွင်သုံးစွဲသူမှာ ဆရာကြီးဦးပဂ္ဂိုဠ်ပင် ဖြစ်တော့သည်။

ဆရာကြီးဦးပဂ္ဂိုဠ်သည် ဝိပဿနာပညာပေးလှူသော ဓမ္မဒါနအလှူကို ရွှေကျင်မြို့နယ် ဓမ္မာရုံ၌သာမက ရန်ကုန်မြို့ပေါ်ရှိ ဓမ္မာရုံအသီးသီးသို့လည်း လှည့်လည် ဟောပြော ပြသခဲ့သည်။ နယ်မြို့ကြီးများဆိုလျှင်လည်း မြို့၊ ထားဝယ်အထိ သွားရောက်၍ ဓမ္မဒါန ပေးလှူခဲ့သည်။

ဆရာကြီးဦးပဂ္ဂိုဠ်သည် ဝိပဿနာတရားကို သူကသာ ဟောပြောသည်မဟုတ်၊ အခြားပုဂ္ဂိုလ်များက ဟောရင်လည်း နာကြားသူဖြစ်သည်။

ဆရာကြီး စေခိုင်းသဖြင့် "နာရင် ဟောမယ်၊ ဟောရင် နာမယ်၊ ဟောရင်နာမယ်ဟူသည် ပရိယတ္တိကို အခြေခံပြီး ဟုတ်တာမှန်တာဟောမှ နာမယ့်သဘော" စာရွက်စာတမ်းများကို ပထမဆုံးအကျိုးဆောင်ချုပ် ဦးသန်းအောင်ကရိုက်နှိပ်ဖြန့်ဝေခဲ့ရကြောင်း သိရသည်။

ပဋိပတ်လုပ်ငန်းနှင့် ပတ်သက်၍လည်း "ကျုပ်က ၁၀ ရာခိုင်နှုန်း ပေးနိုင်တာ၊ ခင်ဗျားတို့က ၉၀ ရာခိုင်နှုန်း ကြိုးစားရမှာ" ဟု ဝိပဿနာပညာ သင်ကြားပြသရင်း အမြဲတွန်းအားပေးလေ့ရှိကြောင်း သိရသည်။

ဝိပဿနာဘာဝနာနှစ်စောင်တွဲ

ဆရာကြီးသည် "ဝိပဿနာဘာဝနာနှစ်စောင်တွဲ" ကျမ်းကို ဝိပဿနာဘာဝနာပညာ သင်ယူကြသော သင်တန်းသားများအတွက် "ဝိပဿနာပွားများနည်း သင်တန်းကျမ်းစာ" အဖြစ် ရေးသားထုတ်ဝေခြင်း ဖြစ်သည်။ ကျမ်းစာအုပ်တစ်စောင်တစ်ဖွဲ့ဟူ၍ ရေးသားထားခြင်းမဟုတ်၊ ပါဠိတော်အချို့ကို သင်တန်းပြရာ၌ ရေကူးနေကြရပါက ဝန်လေးမည်၊ အချိန်ကုန်မည်ဖြစ်ခြင်းကြောင့် ပါဠိတော်များကို အကျဉ်းချုံးကာ ရေးသားထားခြင်းဖြစ်သည်။ သို့သော် သင်ကြားပြသသည့်အခါ သဘောပေါက်လာသည် အထိရှင်းလင်းပြသဖို့ အထူးလိုအပ်ကြောင်းကိုလည်း အမှာစကား ရေးသားထားလေသည်။ ၎င်းစာအုပ်ကို ၁၉၆၃-ခုနှစ်၊ (၂၄-၄-၆၃)နေ့က စတင်ထုတ်ဝေခဲ့သည်။

ဆရာကြီးသည် "ဝိပဿနာဘာဝနာနှစ်စောင်တွဲ" စာအုပ်မျက်နှာဖုံး၌ပင် ဤစာအုပ်သည် မည်သို့သောစာအုပ်မျိုးဖြစ်သည်ကို စာအုပ်၏အနှစ်သာရကို စာမျက်နှာဦးတွင် ဤသို့ရေးထားသည်။

"ပါဠိတော် ဒုလ္လဘတရားငါးပါး (စာမျက်နှာ၁၄၆)
ယောဂီ ဒါနပြုတတ်၏လော။ (ပုဗ္ဗ-မုဋ္ဌ-ပရ-၁၄၇)
လူတွေ့ မကုန်သေးဘူးလား (စာမျက်နှာ ၁၇၀)
မဟာပဒေသတရားလေးပါး (မှားလျှင်ပယ်ရ၏။၉၂)
နည်းမမှန်က သောတာပန်မဖြစ်။
(အရဟတ္တမဂ္ဂသာ ၃၃)"

ဆရာကြီးသည် စာအုပ်စာတမ်းများ ရေးသားပြုစုတိုင်း ၎င်းရေးသားရခြင်း၏ ရည်ရွယ်ချက်ကိုပါထည့်သွင်းဖော်ပြလေ့ရှိသည့်အတိုင်း ယခုလည်း "ဝိပဿနာဘာဝနာ နှစ်စောင်တွဲ" စာအုပ်တွင် "ဝိပဿနာ ခို်းမွမ်းခန်း" ကို ထိပ်ကထားပြီး ရေးရခြင်း၏ ရည်ရွယ်ချက်ကို ဤသို့ဖော်ပြထားလေသည်။

"ဝိပဿနာခို်းမွမ်းခန်း

ခေတ်နှင့်လျော်ညီစွာ ဤဝိပဿနာခို်းမွမ်းခန်းကို တသီးတခြား ထိပ်ကထား၍ ရေးသားရခြင်း၏ အကြောင်းရင်းမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြကုန်သော်လည်း ဗုဒ္ဓမြတ်စွာသည် ဒါန၊ သီလ၊ သမထဘာဝနာတို့ထက် "ဝိပဿနာဘာဝနာ" ပွားများမှုကို အထူးသာလွန် ပို့မိုအလိုရှိတော်မူခြင်းကို အများအားဖြင့် မသိကြခြင်းကြောင့် ထိပ်က ရေးသားခဲ့ရခြင်း ဖြစ်၏။

http://www.dhammadownload.com

အထူးကား

(၁) မိမိကိုယ်တိုင် ဝိပဿနာဘာဝနာကို ပွားများအားထုတ်စေလိုခြင်း၊

(၂) ၈၅-ရာခိုင်နှုန်းဖြစ်သော တောသူတောင်သားကျေးဇူးရှင်လယ်သမားကြီးများအား "ဝိပဿနာဘာဝနာ"ပညာကို ပေးဝေလျှဒါန်းစေလိုခြင်း၊

(၃) သာသနာပြုစေလွှတ်ကြရာတွင် ဝိပဿနာဘာဝနာ ပညာရပ် ပါဝင်စေလိုခြင်းတို့ကြောင့် -

ဤဝိပဿနာဘာဝနာ ခရီးမွန်းခန်းကို တသီး တခြား ထိပ်ကထား၍ ရေးသားခဲ့ခြင်း ဖြစ်လေသည်"

အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးရှင် စံကင်းဆရာတော်ဘုရားကြီးက ဦးပဂ္ဂိုဠိ၏ တရားတွေ၊ စာတွေ သိပ်ကောင်းကြောင်း ဒသမသာသနာပိုင် မြောင်းမြဆရာတော်အား အမိန့်ရှိပုံ အထောက်အထားကို ဖတ်ရှုခြင်းအားဖြင့် ဆရာကြီးဦးပဂ္ဂိုဠိ၏ ဝိပဿနာဘာဝနာပညာ ပြန့်ပွားရေးလုပ်ငန်းသည် မည်မျှအထိ အောင်မြင်ခဲ့သည်ကို အထင်အရှား သိရှိနိုင်သည်။

"အဘိဓဇမဟာရဋ္ဌဂုရု
ကျေးဇူးရှင် စံကင်းဆရာတော်ဘုရားကြီးက
ဦးပဂ္ဂိုဠိ၏အကြောင်း
ဒသမသာသနာပိုင် မြောင်းမြဆရာတော်အား
အမိန့်ရှိပုံ

ဘဝလွန်တော်မမူမီ လေးငါးနှစ်လောက်တွင် ကျေးဇူးရှင်စံကင်းဆရာတော်ဘုရားကြီးက ဦးပဂ္ဂိုဠိခေါ် ဦးစိန်၏ ဝိပဿနာစာအုပ်များကို ဦးဇင်း၊ ကိုရင်များက နေ့စဉ် လာရောက်ဖတ်ပြ၍ နာယူရကြောင်း၊ တရားတွေ၊ စာတွေ သိပ်ကောင်းကြောင်း၊ တိုက်တာသံယာများကို သြဝါဒပေးတဲ့အခါ ရုပ်နာမ်အကြောင်း၊ ဝိပဿနာအကြောင်းများ ဟောပြောပေးလျှင် သိပ်ကောင်းမည်ဖြစ်ကြောင်း မြောင်းမြဆရာတော်ကို တိုက်တွန်းတော်မူပါသည်။

ထို့ကြောင့် အဖိတ်နှေသြဝါဒများတွင် ရုပ်နာမ်အကြောင်း၊ ဝိပဿနာအကြောင်းများကို ထည့်သွင်းသြဝါဒပေးတော်မူပါသည်။ ကိုယ်တော်တိုင် ခန္ဓာကိုယ်၏အပြစ်ကို မြင်တော်မူသည့်အားလျော်စွာ ခန္ဓာနှင့် ပတ်သက်၍ သံဝေဂယူစရာများကို ဟောကြားတော်မူပါသည်။

မြောင်းမြဆရာတော်၏ အဖိတ်နှေသြဝါဒများ ရာပြည့်ပူဇော်ပွဲ။ ၁၃၅၀။
ဦးသြဒါတသိရိဘိဝံသ၏ အတုလဂုဏ်ရည်။"

GOTAMA THE BUDDHA

အင်္ဂလိပ်မြန်မာ (၂)ဘာသာဖြင့် ထိုစာအုပ်ကို ၁၉၇၃-ခု၊ မတ်လတွင် ထုတ်ဝေသည်။ အင်္ဂလိပ်ဘာသာဖြင့် ပထမအကြိမ် ထုတ်ဝေခြင်းဖြစ်သည်။ မြန်မာဘာသာ အနေဖြင့် (၂၇-၁၂-၇၀) နေ့ကတည်းက ဆရာကြီးဦးပဂ္ဂိုဠိ ကိုယ်တိုင် ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်သည်။

ဆရာကြီးဦးပဂ္ဂိုဠိက ဤစာအုပ်၏ ပထမစာမျက်နှာတွင် ဤသို့ရေးထားသည်။

ပြည်တွင်းပြည်ပ၌
သာသနာပြုရန်

ဤအကြံဉာဏ်ပေး စာအုပ်ငယ်သည် ပြည်တွင်းပြည်ပသို့ သာသနာပြုရာ၌ လွယ်ကူစေရန် နိုင်ငံခြားသို့ သွားရောက်ပြီးလျှင် သင့်လျော်သောနည်း လမ်းသစ်များကို စုံစမ်းရှာဖွေကာ အင်္ဂလိပ်-မြန်မာ ၂-ဘာသာဖြင့် ထုတ်ဝေလိုက်သော ထူးခြားသည့် အကြံဉာဏ်ပေး စာအုပ်ငယ် ဖြစ်ပါသည်။

PROPAGATION OF THE DHAMMA WITHIN BURMA AND ABROAD

This booklet offers hints and suggestions of special significance that would facilitate the propagation of the Buddha Dhamma within Burma and abroad. It is compiled and published both in Burmese and English, and is an outcome of a study

http://www.dhammadownload.com

tour of the West by the author who collected facts and data for a new way of approach to the problem of propagation of the Sublime Truth i.e. The Buddha Dhamma.

ဦးပဏ္ဍိုင်၊ **Gotama The Buddha** ၊ ၀။

ဆရာကြီးဦးပဏ္ဍိုင်သည် ထိုစာအုပ်တွင် ဘာသာကြီး ၄-ဘာသာအကြောင်း၊ အနောက်နိုင်ငံရှေးပညာရှိကြီးများအကြောင်း၊ အတ္တနှင့်အနတ္တအကြောင်း၊ အနောက်နိုင်ငံ၌ လိုအပ်သည့် ဓမ္မသဘာဝများကို ရှုထောင့်စုံမှ ဖော်ပြထားသည်။

ပြည်တွင်း၊ ပြည်ပသာသနာပြုရန် အထူးသဖြင့် ပြည်ပသာသနာပြုသွားမည့် ပုဂ္ဂိုလ်များအတွက် ထူးခြားသည့် အကြံဉာဏ်များပေးထားသော စာအုပ်ဖြစ်သည်။

ယနေ့မျက်မှောက်ခေတ် ပြည်ပသို့သာသနာပြုသွားကြမည့် ရဟန်းရှင်လူတို့ လက်စွဲထားသင့်သော စာအုပ်ဖြစ်သည်။

ဆရာကြီးဦးပဏ္ဍိုင်က စာအုပ်၏နိဂုံးတွင်-

"ထို့ကြောင့် မိမိတို့ကိုယ်တိုင်လည်း ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်၊ အပါယ်လေးပါးတံခါးတို့ကို ပိတ်စေရန် (၀ါ) သောတာပန်ဖြစ်စေရန် မနေမနားကြိုးစားတော်မူကြပြီးလျှင် အနောက်နိုင်ငံမှအစပြု၍ ကမ္ဘာသူ ကမ္ဘာသားတို့အားလည်း အပါယ်လေးပါးတံခါးပိတ်စေသောနည်းကို ပေးဝေလှူဒါန်းတော်မူရစ်ကြပါလေ အဖွဲ့ဝင်သူတော်ကောင်းအပေါင်းတို့ ခင်ဗျား" ဟု ဆရာကြီးဦးပဏ္ဍိုင်က တိုက်တွန်းမှာကြားထားလေသည်။

ဝိပဿနာပညာမိန့်ခွန်း

ဆရာကြီးဦးပဏ္ဍိုင်၏ ဝိပဿနာပညာဟောပြောရေးသားချက်ကို (၂၀-၂-၇၂)နေ့၌ ထုတ်ဝေဖြန့်ဖြူးခြင်းဖြစ်သည်။

ဆရာကြီးဦးပဏ္ဍိုင်၏ ဝိပဿနာပညာမိန့်ခွန်း စာအုပ်ဖြစ်ပေါ်လာရခြင်းကို ဝိပဿနာပြန့်ပွားရေး အဖွဲ့က စာအုပ်မျက်နှာဖုံးတွင် ဤသို့ရှင်းလင်း ရေးသားထားသည်။

"လွန်ခဲ့သော ၁၉၇၁-ခုနှစ်၊ ဝါတွင်း၌ ဝိပဿနာပွားများနည်းကို ရဟန်းတော်များနှင့် လူပေါင်းများစွာတို့အား ဝိပဿနာဆရာကြီးဦးပဏ္ဍိုင်က ဓမ္မဒါနပြုခဲ့ရာ ရဟန်းတော်အချို့နှင့် လူပုဂ္ဂိုလ်အချို့တို့က မိမိတို့က တစ်ဖန် ဟောပြောပြသပေးရာ၌ ကျမ်းအကိုးအကားများနှင့်တကွ ကျမ်းဆက်စပ်ပုံတို့ကို မမှတ်မိနိုင်ခြင်းကြောင့် အစီအစဉ်တစ်ရပ်ကို ရေးသားပေးရန် တောင်းဆိုတော်မူကြပါသည်။

ထို့ကြောင့် ယင်းသို့တောင်းဆိုတော်မူကြကုန်သော ပုဂ္ဂိုလ်တို့၏ အလိုဆန္ဒပြည့်ဝစေရန်နှင့် အစစ်အမှန်ဖြစ်သော ဝိပဿနာဘာဝနာပွားများနည်းပြန့်ပွားစေရန် ဆရာကြီး၏ ရေးသားပေးချက်ကို မိန့်ခွန်းအဖြစ်ဖြင့် ရိုက်နှိပ်ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။"

မြန်မာ့အကျိုးနှင့် ကမ္ဘာ့အကျိုး

ဆရာကြီးဦးပဏ္ဍိုင်သည် "မြန်မာ့အကျိုးနှင့် ကမ္ဘာ့အကျိုး" စာအုပ်ကို ၁၉၇၅-ခုနှစ်က ရေးသားထုတ်ဝေခဲ့သည်။

စာအုပ်၏အတွင်းမျက်နှာဖုံးတွင် "ကံကောင်းချင်သလား၊ စေတနာကောင်းလျှင် ကံကောင်း၏" ဟု ပါသည်။

ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်ကလည်း အရေးကြီးသောအချက်ကို စာဖတ်သူများ အလွယ်တကူ ကြိုတင်သိရှိနိုင်စေရန် ဤသို့ရေးထားသည်။

" အဖွဲ့ဝင်အပေါင်းတို့ . . .

ကံကောင်းချင်ကြသလား၊

တစ်အိမ်သားလုံး ချမ်းသာချင်ကြသလား၊

ဆွေမျိုးတွေနှင့်တကွ တစ်ရပ်လုံးချမ်းသာချင်ကြသလား၊ နိုင်ငံခြားငွေကို ပို၍လိုချင်ကြသလား၊ မြန်မာ့အကျိုးနှင့် ကမ္ဘာ့အကျိုးရှိခြင်းကို အလိုရှိကြပါသလား၊ အဖြေမှန်လုပ်နည်းကို ရှင်တော်ဘုရားထံမှ ရရှိ

http://www.dhammadownload.com

သော မြန်မာ့ယဉ်ကျေးမှုနည်းများဖြင့် ဆရာကြီး ဦးပဂ္ဂိုဠိပြောဆိုရေးသားချက်များကို ဤစာအုပ်တွင် ဖတ်ရှုနေစဉ် မိမိကိုယ်တိုင် ရှေးဦးစွာ ကံကောင်းနေသည်ကို သိမြင်တွေ့ရှိရလတ္တံ့"

ဤစာအုပ်ကို ဆရာကြီး၏မိန့်ခွန်းဖြင့် ဤသို့ဖွင့်ထားလေသည်။

"ဦးပဂ္ဂိုဠိ၏ မိန့်ခွန်း

လွန်ခဲ့သည့်အနှစ် လေးဆယ်ခန့်က အစပြု၍ လောကီလောကုတ္တရာ စွယ်စုံသင်ပြလျက်ရှိသည့် အသက် (၇၈)နှစ်သို့ ရောက်ရှိနေသော ဆရာကြီးဦးပဂ္ဂိုဠိ၏ အကြမ်းရေးသားထားသော မိန့်ခွန်းကို ဖတ်ရှုရာ -

(၁) မြန်မာနှင့် ကမ္ဘာ့စီးပွားရေး တိုးတက်ရန်၊

(၂) မြန်မာနှင့် ကမ္ဘာသားတို့ အပါယ်တံခါးပိတ်စေရန်၊

(၃) စေတနာ၊ ဩဇာဓာတ်နှင့် မေတ္တာဩဇာဓာတ်တို့ကို ဘုရားဟောပါဠိတော်များအတိုင်း အံဝင်ခွင်ကျဖော်ပြထားသည့် ပင်မနှင့်တကွ အကိုင်းအခက်၊ အချက်အလက်များကိုအောက်ပါအတိုင်း တွေ့ရှိရပါသည်။"

ဤစာအုပ်တွင် ဆရာကြီးဦးပဂ္ဂိုဠိက စာဖတ်သူများ စွဲကျန်ရစ်စေရန် အောက်ပါအတိုင်း နိဂုံးချုပ်ထားလေသည်။

"နိဂုံးချုပ်လိုရင်း

အဖွဲ့ဝင်အပေါင်းတို့ ယနေ့မိန့်ခွန်း၏ လိုရင်းအချုပ် ပဓာနအချက်မှာ-

အစတွင် ကံကောင်းချင်သလား၊ ချမ်းသာချင်သလား၊ ဆွေမျိုးတွေနှင့်တကွ တစ်ရပ်လုံး ချမ်းသာချင်ကြသလား စသည်တို့ကို မူတည်ခဲ့သည်။

အလယ်တွင် ကံကောင်းခြင်း၊ ချမ်းသာသုခရရှိခြင်း၊ လွန်ခဲ့သည့်အကုသိုလ် အကျိုးပေးမည်များကို လျော့နည်းပျောက်ကင်းသွားစေ၍ ကုသိုလ်အကျိုးပေး ကြီးမားလာခြင်း၊ သူတစ်ပါးတို့၌ ကပ်ဆိုက်သော်လည်း မိမိတို့၌ လာဘ်တိုက်ခြင်း စသည်တို့အတွက် ဘုရားဟောပါဠိတော် နည်းများကို ထပ်ကာ ထပ်ကာ ဖတ်ရှုတော်မူကြပါလေ။ ထိုသို့ ဖတ်နေခြင်းပင်လျှင် ကုသိုလ်ကောင်းမှု ပြုသည်မည်၏။ လာမည့်ဘေး ဝေး၏၊ ထိမည့်ခလုတ် ဆုတ်စေ၏။ သေသည့်တိုင်အောင် ဖတ်ရှုဆင်ခြင်တော်မူကြပါလေ။ ဖတ်တိုင်း ဖတ်တိုင်း ကုသိုလ်ရရှိနေ၏။ ကုသိုလ်ရရှိတိုင်း ရရှိတိုင်း ကံကောင်းနေ၏။

အဆုံးကား နိဂုံးချုပ်ပြောရသော် မာယနည်းကို မှီးလျက် တံမြက်စည်းကိုင်သူတို့သည်လည်းကောင်း၊ ကလောင်ကိုင်သူတို့သည်လည်းကောင်း၊ တူ၊ တံစဉ်ကိုင်သူတို့သည်လည်းကောင်း၊ သယံဇာတတူးဖော်သူတို့သည်လည်းကောင်း၊ လခ၊ လက်ခရရှိသူတို့သည်လည်းကောင်း၊ စေတနာဝန်ထမ်းသူတို့သည်လည်းကောင်း၊ မြန်မာနိုင်ငံတော်အတွင်းရှိ လူရှင်ရဟန်းအပေါင်းတို့နှင့်တကွ နိုင်ငံခြားသို့သွားရောက်တာဝန်ထမ်းဆောင်နေသူ အပေါင်းတို့သည်လည်းကောင်း မြန်မာ့အကျိုးနှင့် ကမ္ဘာ့အကျိုးငှာ -

စေတနာတည်းဟူသော ဓမ္မသဘာဝဩဇာဓာတ်ကို ဖြန့်ဖြူးပေးဝေ လှူဒါန်းတော်မူကြပါကုန်။ ထိုသို့ ဓမ္မဒါနပြုခြင်းဖြင့် မိမိပြန်လည်ရရှိမည့်အကျိုးမှာ အဖိုးမဖြတ်နိုင်ချေ။ (သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ - ဓမ္မပဒပါဠိတော်၊ တဏှာဝဂ်)

တစ်နည်းသော် သိပ္ပံပညာလိုက်စားသူတိုင်း စေတနာဒိုင်မင်းရှင်းကို သဘောပေါက်လာအောင်ရှင်းလင်း သင်ပြပေးတော်မူကြပါကုန်။

မိမိအတွက်ကား -

ယနေ့ယခု နှစ်ပတ်လည် စည်းဝေးပွဲတွင် မြန်မာ့အကျိုးနှင့်ကမ္ဘာ့အကျိုးငှာ ဟောပြောရသော ကောင်း

မည်သူက ပြောဟောသည်ဖြစ်စေ ငါဘုရား ဟောတော်မူသော ပါဠိတော်တို့နှင့် ကိုက်မကိုက် ညှိနှိုင်းရမည်။ ကိုက်ညီသော် လက်ခံ၍ မကိုက်ညီသော် ပယ်ရမည်

http://www.dhammadownload.com

မူအဖို့ကို ၃၁-ဘုံ၌ ကျင်လည်ကုန်သော သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါ၏။

အမျှ - အမျှ - အမျှ ယူတော်မူကြပါကုန်လော့။

ယခုပြုရသော ကုသိုလ်စေတနာကြောင့် မိမိသည် မြန်မာ့အကျိုးနှင့်တကွ ကမ္ဘာ့အကျိုးငှာ အပါယ်တံခါးကို ပိတ်စေ၍ ဘုံစဉ်စံရသော၊ အနတ္တ (နိဗ္ဗာန်သည် အနတ္တ)ဓမ္မသဘာဝဖြစ်သော၊ အတုမရှိသော အကောင်းဆုံးတရားတော်ကို အလွယ်ဆုံး အတိုဆုံးဖြင့် အမြန်ဆုံး ရေးသားနိုင်သောကိုယ် ဖြစ်ရပါစေသတည်း။"

ဝိပဿနာပညာသည် ဒုလ္လဘ

ဆရာကြီးဦးပဏ္ဍိုင်သင်ပြသော ဝိပဿနာကျင့်စဉ် ပါဠိတော်များ ဖြစ်သည်။ ဆရာကြီးဦးပဏ္ဍိုင်သည် ၁၉၆၃-ခုနှစ်ကစပြီး မဟာပဒေသတရားလေးပါးနှင့် ကိုက်ညီစွာ လူသင်တန်းနှင့် ရဟန်းတော်သင်တန်းများ၌ ရေးသားသင်ပြပေးခဲ့သော ပါဠိတော်များအနက် အချို့တို့ကို တိုင်းသူပြည်သားတို့အကျိုးငှာ ပ-သုံးလုံးဝိပဿနာပြန့်ပွားရေးအဖွဲ့က ၁၉၇၇-ခုနှစ်တွင် စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေခြင်း ဖြစ်သည်။

ထိုစာအုပ်၏နိဒါန်းတွင် ဆရာကြီးဦးပဏ္ဍိုင်က "မဟာပဒေသတရားလေးပါး" ကို ဤသို့ရေးသားထားသည်။

မဟာပဒေသတရား ၄-ပါး

သုတ်မဟာဝါပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ်၌လည်းကောင်း၊ အင်္ဂုတ္တိရ်ပါဠိတော်၊ စတုက္ကနိပါတ်၊ သဠာယတနိယဝဂ်၊ မဟာပဒေသသုတ်၌လည်းကောင်း ဟောတော်မူသော "မဟာပဒေသတရား ၄-ပါး" အတိုချုပ်မှာ -

မည်သူက ပြောဟောသည်ဖြစ်စေ ငါဘုရား ဟောတော်မူသော ပါဠိတော်တို့နှင့် ကိုက်မကိုက် ညှိနှိုင်းရမည်။ ကိုက်ညီသော် လက်ခံ၍ မကိုက်ညီသော် ပယ်ရမည်ဟု ဟောတော်မူခဲ့လေသည်။ ထို့ကြောင့် ကျွန်ုပ်ပြောဟောသည်ဖြစ်စေ၊ အခြားပုဂ္ဂိုလ်တစ်ဦးဦးက ပြောဟောသည်ဖြစ်စေ ပါဠိတော်တို့နှင့် ကိုက်ညီသော် လက်ခံ၍ မကိုက်ညီသော် ပယ်ဖျက်တော်မူကြပါလေ အဖွဲ့ဝင်အပေါင်း သူတော်ကောင်းတို့။"

ဦးပဏ္ဍိုင်နှင့် သုတေသနဆွေးနွေးပွဲ

ဆရာကြီး ဦးပဏ္ဍိုင်သည် ဘဝတိုးတက်ရေး၊ လောကီရေးရာအောင်မြင်ရေးတို့တွင် အောင်မြင်သူတစ်ယောက်ဖြစ်လာသည်အထိ စွမ်းဆောင်နိုင်သူဖြစ်သကဲ့သို့ လောကုတ္တရာ ဝိပဿနာတရားဘာဝနာဘက် လိုက်စားချိန်ကစပြီး လောကီကိစ္စများကို စွန့်ပစ်ခဲ့သူလည်း ဖြစ်သည်။

ဆရာကြီးဦးပဏ္ဍိုင်၏အစ်ကို ကာယဗလဖခင်ကြီး ဦးရှိန်ကမူ စာတမ်းဖတ်ပွဲ၊ သုတေသနဆွေးနွေးပွဲများကို မှန်မှန်တက်တုန်းအချိန်က ဖြစ်သည်။

အစ်ကိုဖြစ်သူ ဦးရှိန်က သုတေသနဆွေးနွေးပွဲတက်ရောက်နားထောင်ရန် ပြောလာသဖြင့် ဆရာကြီးသည် အစ်ကိုနှင့် လိုက်သွားရပြန်သည်။

ဆရာကြီးဦးပဏ္ဍိုင် ဝတ်ဆင်ထားပုံကား ပုဆိုးကန္ဓမ်းနွမ်း၊ ပိတ်ဖြူ ပိတ်ကြမ်း တိုက်ပုံဟောင်းနှင့် ဝါးပဝ်ဦးထုပ် ဆောင်းထားလိုက်သေးသည်။ သူ့ကို တွေ့ရမြင်ရသူများက တောသားကြီးဟုပဲ ထင်ကြသည်။

တက္ကသိုလ်ဆရာများက စာတမ်းဖတ်ပွဲတက်လာသူများကို စာတမ်းများ လိုက်ဝေငှကြသည်။ ဆရာကြီးဦးပဏ္ဍိုင်ရှေ့ရောက်သည့်အခါ ဆရာကြီးကို ကျော်ပြီး အခြားသူအား စာတမ်းဝေသွားပါတော့သည်။

ဆရာကြီးဦးပဏ္ဍိုင်က ထိုအဖြစ်အပျက်ကို စိတ်မဆိုးနိုင်ဘဲ "ကျုပ်ပုံကလည်း ကမ်းနားကတက်လာတဲ့ တောသားကြီးတစ်ယောက်လို ဖြစ်နေတာကိုဗျ" ဟု တဟဲဟဲနှင့် သဘောကျရယ်မောနေပါသည်။

စာတမ်းဖတ်ပွဲရပ်နားတော့မှ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာမောင်မောင်ခက ကာယဗလဖခင်ကြီးဦးရှိန်နှင့် ဝိပဿနာဆရာကြီးဦးပဏ္ဍိုင်တို့ထံလာရောက်နှုတ်ဆက်ရင်း ဆရာကြီးဦးပဏ္ဍိုင်ကို-

"ဆရာရေးတဲ့ ကြီးပွားချမ်းသာရေးစာအုပ်ကို ကျွန်တော်ဖတ်ရလို့ ဆရာ့ကျေးဇူးကို မကြာမကြာ ပြောနေ

http://www.dhammadownload.com

ရတယ်" ဟု ဂါရဝပြု ပြောကြားသွားပါသည်။

(ဦးကျော်မြင့်လွင်၊
မြန်မာ့ဗလခရီးနှင့် ကာယဗလဖခင်၊ ဒုတိယတွဲ။)

ဆရာကြီးဦးပဂျီငိုသည် ယခုလို သုတေသနဆွေးနွေးပွဲ တက်ရောက်သည့် အသက်အရွယ်ကြီးရင့်ချိန်ရောက်မှ သူတစ်ပါးကို အပြစ်မမြင်ခြင်းမဟုတ်၊ ၁၉၄၆-ခုနှစ် "တက်လှေကားနှင့် ၉ ကုဋေဋီကာ"ရေးချိန်ကတည်းက သူတစ်ပါးကို အပြစ်မမြင်တတ်သော ဆရာကြီးဖြစ်သည်။

ဖြစ်ပေါ် လာသည့်ကိစ္စတစ်ရပ်အပေါ် မိမိဘက်က မိမိအပြစ်သာဟု ဆရာကြီးဦးပဂျီငို ရှုမြင်ပုံကို ဆရာကြီး၏ "တက်လှေကား" စာအုပ်၊ စာမျက်နှာ (၅၃)၌ ဆရာကြီးက သူ၏ကိုယ်တွေ့ကို ဤသို့ ရေးသားခဲ့သည်။

ကိုယ့်အပြစ်

သူတစ်ပါးက မိမိအား ဂရုမစိုက်လျှင် စိတ်မဆိုးပါနှင့်၊ အပြစ်အမှန်ကို ရှာပါ၊ သူ့အပြစ်လော၊ မိမိအပြစ်လော၊ အမှန်မှာ မိမိအပြစ်က များလေသည်။ ကျွန်ုပ်သည် စာရေးလုပ်နေစဉ်က ခြံနီးချင်းဖြစ်သော တရုတ်သူဌေးသည် ၎င်း၏ဆွမ်းကျွေးကိုသော်လည်းကောင်း၊ အလှူအတန်းသို့သော်လည်းကောင်း ကျွန်ုပ်အား ဘယ်အခါမျှ မဖိတ်၊ အပြစ်ကိုရှာသော် ၎င်းထံသို့ လာသူများမှာ မော်တော်ကားကိုယ်စီနှင့် ဖြစ်၏။ ကျွန်ုပ်ကား လန်ချားကိုပင် မှန်မှန်မစီးနိုင်၊ ကျွန်ုပ်သည် ထိုသူအား ယခုတိုင် စိတ်မဆိုး၊ ၎င်းတို့ ဂရုစိုက်လောက်အောင် ငါ လုပ်အံ့ဟု အမျိုးမျိုး ကြိုးစားခဲ့၏။ အိမ်ဘေးခြံက ဆွမ်းကျွေးတိုင်း၊ အလှူလုပ်တိုင်း ကျွန်ုပ်၏ ကြိုးစားမှုဒီဂရီ တိုးတက်ခဲ့၏။ နောက်ဆုံး၌ ဘေးခြံက ထောင်ကဲသည် ကျွန်ုပ်အိမ်သို့ အလည်အပတ် လာရတော့၏။ ကျွန်ုပ်လည်း စာရေးဘဝမှ ဝင့်ကျွတ်ခဲ့ရတော့၏။ ဤ၌ မိမိအပြစ်ကို မိမိမရှုဘဲ ထောင်ကဲကို အပြစ်တင်နေခဲ့သော် ကျွန်ုပ် ဤစာရေးနိုင်သော အခြေအနေသို့ မရောက်။

ဦးပဂျီငို၊ တက်လှေကားနှင့် ၉ ကုဋေဋီကာ၊ ၅၃။

ဆရာတော်ဦးကုသလကိုလည်း "တရားဟောသည့်အခါ ဖြည်းဖြည်းမှန်မှန် ဟောရသည်" ဟု ဆရာကြီးဦးပဂျီငိုက သင်ပြပေးရင်း-

"ကိုယ်တော်၊ ကိုယ့်အပြစ်ကို ထုတ်ဖော်ပြောသူ ဟာ ရွှေအိုးကြီးကို တူးဖော်ပေးတဲ့သူပဲ" ဟု ပြောပြီး ဆရာတော်ဦးကုသလ တရားဟောပြီးတိုင်း ဟောသွားပုံ ဟောသွားနည်း အကျိုးအပြစ်ကို စာဖြင့် မှတ်ချက်ချလေ့ရှိသည်။

ဆရာတော်ဦးကုသလက "ဆရာကြီးဦးပဂျီငို၏ ကျေးဇူးကြောင့်ပဲ ပိဋကတ်တော်ထဲမှ ကျမ်းအိပ်တွေ ကြည့်ဖြစ်တော့ကြောင်း၊ ဘယ်ပါဠိတော် လှန်ပါဆိုရင် ကျမ်းစာအုပ်များ လှန်ရကြောင်း၊ နေ့တိုင်း ဆရာကြီးအိမ်သွားပြီး နေ့တိုင်းကူးရေးရကြောင်း၊ ကိုယ်တော်ရေ၊ ပါဠိတော်ကို မွှေနိုင်ရင် အဌကထာကို လှန်ကြည့်စရာ မလိုတော့ကြောင်း၊ မြန်မာပြန်ကိုလည်း အထင်မသေးဖို့လိုကြောင်း" ပြောပြသည်။

ဆရာတော်ဦးကုသလက " သဘောတရားပိုင်ပိုင် သင်ပေးတာက ဦးသူတော်၊ ပါဠိတော်အခိုင်အလုံနဲ့ သင်ပေးတာက ဦးပဂျီငို" ဟု ပြောပြသည်။

ဆရာတော်ဦးကုသလက ဆရာကြီး၏ဂုဏ်ပုဒ်များကို ဤသို့ ချီးကျူးပြောဆိုသည်။

"ဝီရိယမှာ ထိပ်ဆုံးကရှိပြီး တကယ့်တိဟိတ် သာသနာ့အာဇာနည်ပုဂ္ဂိုလ်ကြီးပါပဲ၊ သူသည် လူဝတ်ကြောင် ဖြစ်ပေမယ့် သတ္တိရှိရှိနဲ့ တရားနဲ့ပတ်သက်လာရင် ဆရာတော်များကို ထောက်ပြဝံ့သူဖြစ်သည်။ ဘုရားဟောပါဠိတော်ကို ထိပါးလာမယ်ဆိုရင် အသက်ကို အသေခံမယ့် လူစားမျိုးဖြစ်သည်။"

အချို့က ဆရာကြီးဦးပဂျီငိုကို ဘုန်းကြီးလူထွက်ဟု ထင်ကြသည်။ အမှန်က ကိုရင် ၇-ရက်လောက်ပဲ ဝတ်ခဲ့ဖူးသည်။

အချို့ကလည်း "ခင်ဗျားက လူဗျ၊ ဆရာတော်ကြီးတွေထက် တတ်သေးသလား"ဟု ဆရာကြီး အမေးခံရသည်။"

တစ်ချိန်က ညောင်တုန်းမြို့တရားပွဲတစ်ခုမှာ သူ့ကိုယ်သူ ရဟန္တာဟု ထင်နေသူက တရားဟောသည်။

http://www.dhammadownload.com

ဒေသနာမကြား၊ အာပတ်မဖြေဘဲ နေသည်။ ထို့ကြောင့် ဆရာကြီးဦးပဏ္ဍိုနှင့် ဆရာတော်ဦးကုသလတို့သည် ရဟန္တာစစ်တမ်း တရားသွားဟောရသည်။

ဆရာတော်ဦးကုသလ ဟောသည်ကို ဆရာကြီးဦးပဏ္ဍိုင် သဘောကျသွားသည်။ တည်းခိုရာအိမ်ရောက်တော့ ဆရာကြီးက ဆရာတော်ဦးကုသလကို ထိုင်ဦးချပြီး-

"တပည့်တော် သေပျော်ပြီဘုရား၊ အရှင်ဘုရားတို့ကို ရလိုက်တာ တပည့်တော် သေပျော်ပါပြီဘုရား၊ သာသနာပြုမယ့် ပုဂ္ဂိုလ်တွေရလိုက်တာ အထူးဝမ်းသာပါတယ်ဘုရား"ဟု အားရကျေနပ်စွာ လျှောက်ထားခဲ့ဖူးသည်။

"ဘုန်းကြီးတို့ပင် ဆရာကြီးဦးပဏ္ဍိုင်၏ တစ်ဝက်မမီပါ။ လာဘ်လာဘတံတိုင်းကြီးက ကာရံထားတယ်၊ သူက ဘာမျှမလို၊ သူကပဲ လှူသည်၊ သူများထံမှ ဘာအလှူမျှ မမျှော်လင့်သူဖြစ်တယ်" ဟု ဆရာတော်ဦးကုသလက အမိန့်ရှိပါသည်။

ဆရာတော်ဦးဇောတိက ကလည်း "ဆရာကြီးဦးပဏ္ဍိုင်သည် စိတ်ဓာတ်ပြင်းထန်သူဖြစ်သည်။ တိဟိတ်စိတ်ဓာတ်မျိုး ဖြစ်သည်" ဟု ပြောသည်။

ဦးသိန်းရွှေကလည်း "ဆရာကြီးဦးပဏ္ဍိုင်သည် စကားပြောရင်ဖြစ်ဖြစ်၊ တရားဟောရင်ဖြစ်ဖြစ် အားနဲ့အင်နဲ့ ပြောဟောတတ်သူဖြစ်သည်" ဟု ဆိုသည်။

ရန်ကုန်မြို့၊ သမိုင်းကျိုက်ဝိုင်း၊ မဟာတိလောကာရုံကျောင်းဆရာတော် ဦးတိလောကသည်လည်း ဆရာကြီးဦးပဏ္ဍိုင်ထံမှ ဝိပဿနာပညာ ရယူခဲ့သော ဆရာတော်တစ်ပါးဖြစ်သည်။

ဆရာတော်ဦးတိလောကက ဆရာကြီးအကြောင်း ဤသို့ ပြောပြသည်။

"ခေတ်ပညာတတ်တစ်ယောက်က မေးလာသည်မှာ 'အရှင်ဘုရားတို့ဟောတဲ့ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ မြေ၊ ရေ၊ လေ၊ မီး ဓာတ်ကြီး ၄-ပါးဟာ ဝိရောဓိတရားတွေပဲ၊ ပဋိပက္ခအသွင်ဆောင်နေတယ်။ ဘယ်လိုလုပ် တစ်ပေါင်းတည်း ဖြစ်နိုင်သလဲ' ဟု မေးလာသည်။

ဆရာတော်က "ဆိုဒီယမ်နှင့် ကလိုရင်းဓာတ်ဟာလည်း ပဋိပက္ခအသွင်ဆောင်တာပဲ။ ဒီလိုဆိုရင် ဆိုဒီယံ+ကလိုရင်းဆိုတော့ ဘာဖြစ်လဲလို့" မေးလိုက်တဲ့အခါ "ဆိုဒီယံကလိုရိုက် ရပါတယ်ဘုရား" ဟု သူ့ဟာသူ အဖြေပေါ်သွားသည်။

ဤသည်မှာ ဆရာကြီးဦးပဏ္ဍိုင် သင်ကြားပြသခဲ့သော ဆရာကြီး၏ ကြီးမားလှသော ကျေးဇူးတော်ကြောင့် ဖြစ်ပါသည်"ဟု ဆရာတော်ဦးတိလောက က ပြန်လည်ပြောကြားသည်။

"ဆရာကြီးဦးပဏ္ဍိုင်သည် ဟိုခေတ်ကပင် 'ထိ-မိ' ဟူသော တိုတိုဖြင့် အဓိပ္ပာယ်လုံလောက်သော စကားကို သုံးခဲ့ကြောင်း"

"လူလောက ပြောကြတာက သားဦးလေး မွေးလာရင် သားဦးရတနာ ဖွားမြင်ကြောင်း ပြောကြတယ်၊ တရားသဘောအမှန်ဖြင့် ကြည့်ရင် ဒုက္ခလေးတစ်ခု ထပ်ပွားလာတာပဲ"ဟု ဆရာကြီးဦးပဏ္ဍိုင်က ဟောကြောင်း" ဆရာတော်ဦးတိလောက က ပြောပြသည်။

သမ္မပ္ပလာပရှောင်ကြဉ်သော ဆရာကြီးဦးပဏ္ဍိုင်

ဆရာတော်ဦးကုသလနှင့် ဆရာကြီးဦးပဏ္ဍိုင်တို့ ထားဝယ်သွားပြီး တရားဟောရာတွင် စည်ပင်ဧည့်ရိပ်သာ၌ တစ်ယောက်တစ်ခန်း တည်းခိုကြသည်။

ဆရာကြီးသည် တရားဟောချိန်တန် သွားဟောသည်။ ဧည့်သည်လာရင် လက်ခံစကားမပြော။ ဆရာတော်ဦးကုသလထံသာ လွှတ်သည်။

ဆရာကြီး၏ အိမ်သို့ ဆရာတော်ဦးဇောတိက ရောက်တိုင်းလည်း ဆရာကြီးသည် တရားပဲ ဟောသည်၊ မေးသည်၊ ဆွေးနွေးသည်၊ အပြင်ကိစ္စ မပြော။ ဧည့်သည်ရောက်လာ၍ "ဦးလေးနေကောင်းလား"ဟု လာနှုတ်ဆက်သူကို "နောက်ဖေးမှာ အိမ်ရှင်မရှိတယ်" ဟုသာ ပြန်ပြောသည်။

အိမ်ရှင်မကိုပင် ထမင်းစားချိန် လာမခေါ်ရ။ "စားချိန် ငါသိတယ်"ပြောထားသည်။ ဆရာကြီးသည် လက်နှိပ်ဘဲလ် အမြဲဆောင်ထားသည်။ ထမင်းစား ချိန်၊ စားပြီးချိန်၊ သင်တန်းအချိန် ဘဲလ်နှိပ်လိုက်သည်။

http://www.dhammadownload.com

ဆရာကြီးသည် ဂေလင်္ဂကြောင့်ပတ် ပြောတာ ဟောတာ မကြိုက်၊ အမှုဆောင်အစည်းအဝေးမှာ လည်း တိုတိုနှင့် တိတ်ကျကျ ပြောရသည်။

ဦးသိန်းရွှေသည် ဇနီးနှင့်အတူ ဆရာကြီးဦးပဂ္ဂိုဠိ ထံသို့ သွားသည့်အခါ၌ပင် လောကီကိစ္စ ဘာမျှမမေး၊ သားသမီးပညာရေး မမေး၊ နောက်ဖေးက အဒေါ်ဆီ သွားဟုသာ ပြောပြီး တရားပဲ ဟောသည်။ တရားနာ လည်လားပဲ မေးသည်။

ဦးပဂ္ဂိုဠိ၏ သောင်းပြောင်းထွေလာ ပုံရိပ်လွှာ

ဆရာကြီးဦးပဂ္ဂိုဠိအကြောင်း အကျိုးဆောင်ချုပ် လုပ်ခဲ့သူ ဦးစိန်ညွှန့်ကိုယ်တွေ့လေးများကလည်း ပြီး စရာလေးများပါ ပါတော့သည်။

တိုးတက်ရေးပုံနှိပ်တိုက်က လက်နှိပ်စက်သမား လက်နှိပ်စက်ရိုက်ပုံ သဘောကျ၍ ဆရာကြီးဦးပဂ္ဂိုဠိ က ဘောက်ဆူချရာ ယူရန် ငြင်းဆိုနေသည့်အတွက် ပေးမည့်ငွေ ဆုတ်ပစ်လိုက်သည်။

ဆရာကြီးက ဦးစိန်ညွှန့်ကို တရားဟောခိုင်းပြီး နားစိုက်ထောင်ကာ ဟောပုံ ပြောပုံ သဘောကျသ ဖြင့် လက်ဖက်ရည်နှင့် မုန့်ကျွေးသည်။ မစားဘူးငြင်း သဖြင့် အကုန်သွန်ပစ်သည်။ စားမယ်ပြောတော့လည်း ထပ် မှာကျွေးပြန်သည်။

ဆရာကြီးဦးပဂ္ဂိုဠိက ဒေါ်မြရင် (ပ-သုံးလုံးယော ဂီ)ကို သတ္တဝါတို့၏ ပဋိသန္ဓေတည်နေခန်းအကြောင်း တရားဟောခိုင်းသည်။ ဆရာကြီးက သဘောကျသ ဖြင့် ကျွေးရာ ဒေါ်မြရင်က စားသဖြင့် ဆရာကြီး သိပ် ဝမ်းသာသွားသည်။

ဦးစိန်ညွှန့်သည် ညနေဘက် ဆရာကြီးခေါ်၍ ဆရာကြီးအိမ်သွားရာ ဆရာကြီးသည် ခါးတောင်း မြောင်အောင် ကျိုက်ပြီး ကျန်းမာရေးလုပ်နေသည်။ ဦးစိန်ညွှန့်ကိုလည်း ခါးတောင်းကျိုက်ခိုင်းပြီး "ကျန်းမာ ရေးအရ လုပ်၊ သုံးမိနစ်တော့ ရတယ်" ဟုပြော၍ ဦးစိန်ညွှန့်ပါ ကျန်းမာရေးလေ့ကျင့်ခန်း လုပ်ဖြစ်သွား တော့သည်။

ထို့နောက် ဆရာကြီးက ဦးစိန်ညွှန့်ကို တရား ဟောပြီး "ဟေ့ စိန်ညွှန့်၊ မင်း ခု ငါပြောတာ နားလည် လား" ဟု မေးသည်။

"ဆရာကြီးပြောသမျှ နားထောင်ရင်း ဖြစ်ရင် ပျက် ပျက်သွားတာ ရှုနေလို့ မမှတ်မိတော့ဘူး" ဟု ဖြေလိုက် ရာ ဆရာကြီးက "မင်းက ငါ့ထက်တောင် သာသွားပြန် ပြီ" ဟု ဆိုပါသည်။

တရားအားထုတ်ရင် နိဗ္ဗာန်ကို အာနုံပြုပြီး တရား အားထုတ်ရမည်ဟု ဆရာကြီးက သွန်သင်ခဲ့သည်။

ဆရာကြီးဦးပဂ္ဂိုဠိသည် လွန်ခဲ့သောနှစ်ပေါင်း (၅၀)ကစပြီး မိသားစုနေ့စဉ် အသုံးစာရင်းကို ရေး သွင်းထားသည်။ မီးဖိုချောင်သုံးပစ္စည်း စျေးနှုန်းက အစ အပြည့်အစုံရှိသည်။

ဦးပဂ္ဂိုဠိ၏အစားအသောက် အနေအထိုင်

ဆရာကြီးဦးပဂ္ဂိုဠိ၏ ထမင်းစားပုံဆောင်ပုဒ်မှာ **"တစ်ခါစား အဝက်သား၊ တစ်နေ့ လေးကြိမ်စား"** ဖြစ် သည်။

"လူတို့သည် အစားကြီးလျှင် အင်အား တိုးတက် သန်မာသည် ထင်ကြ၏၊ လုံးလုံး မှားလေသည်။ အ စားမှန်၊ အချိန်မှန်ခြင်းသာ အင်အားတိုးတက် ကျန်း မာသန်စွမ်းနိုင်လေသည်" ဟု ကြီးပွားချမ်းသာရေး စာ အုပ် စာမျက်နှာ (၁၇၅)တွင် ရေးခဲ့သည်။ ကျန်းမာရေး အတွက် အထူးဂရုစိုက် စားခြင်းဖြစ်သည်။

ဆရာကြီးအလွန်ကြိုက်တတ်သည့် တည်ငြိမ်သီ ကိုပင် တစ်ခြမ်းထက် ပိုမစား၊ ဆရာကြီးသည် ငယ် စဉ်ကစ၍ အမဲသား၊ ဝက်သားမစား။ အချိုမှန့်, လုံးဝ မကြိုက်။ ဆိတ်သားနှင့် ပဲကိုပင် စားသည်။

ဇွန်းခက်ရင်းနှင့် စားသည်။ အချိန်မရွေး ထပြီး အလုပ်လုပ်နိုင်ရန် ဖြစ်သည်။ ဧည့်ခန်း၊ ထမင်းစား ခန်း၊ အိပ်ရာဘေးတို့၌ စာအုပ်များ အဆင်သင့်ထား သည်။ ထမင်းစာရင်းလည်း ထ စာရေးသည်။ စာ အကိုးအကားရှာသည်။ အိပ်ရာထဲတွင် မီးထွန်း၍ လည်း စာရေးသည်။

ယားယံသည့်အခါ ကုတ်သော ကုတ်တံတုတ်ကို ပင် ၃-ချောင်းထားသည်။ အိပ်ရာ၊ ဧည့်ခန်းနှင့်

http://www.dhammadownload.com

ထမင်းစားခန်း၌ ထားသည်။

ဆရာကြီးသည် လမ်းဘေးဈေးဆိုင်မှာ ဘယ်တော့မှ မစား။ ဆေးလိပ်၊ ကွမ်း ဘယ်တော့မှ မသောက်၊ မစား။ နံနက်စောစောတွင် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်း အမြဲလုပ်သည်။

အချိန်မရွေး ဧည့်သည်ရောက်လာရင် "ငါစား မယ့် စားစရာတွေကျွေးလိုက်၊ ဝအောင်ကျွေးလိုက်" ဟု အမြဲခိုင်းသည်။

မရှိဆင်းရဲသူဆိုရင် ပိုကျွေးခိုင်းသည်။

"ငါလှူမယ်ဆိုရင် မဖိတ်လည်း လှူရတာပဲ"ဟု ဆရာကြီးက အမြဲယုံကြည်သလို ဧည့်သည်ရောက်လာတိုင်းလည်း အမြဲလှူနေသည်။

ကျောင်းမနေနိုင်သူလေးများကို အမြဲထောက်ပံ့သည်။ အလှူခံတာ လုံးဝမကြိုက်။ သူက လှူသူသာဖြစ်ရမည်ဟု စွဲစွဲမြဲမြဲ ယုံကြည်သူဖြစ်သည်။

ဂျပန်ခေတ်က ရန်ကုန်မြို့တွင် လူများ အလွန်ဆင်းရဲကြသဖြင့် စားသုံးဆီများ လှူခဲ့သည်။ ဖ-ဆ-ပ-လခေတ် ရေကျော်အိမ်မှာ နေတုန်းကလည်း ထောင်သားများ ထောင်က အစုအပြုလိုက် လွတ်လာသည်ကို ထမင်းဟင်းများ ချက်ပြုတ်ကျွေးမွေး အလှူပေးခဲ့သည်။

ဆရာကြီးသည် သူ၏အိမ်တံခါးနှင့် ကျောက်သင်ပုန်းမှာ ဤသို့ရေးထိုးထားသည်။

"ကြိုးစားက ဘုရားဖြစ်၏။
မိမိ အသက်ရှင်နေခြင်းသည် အများချမ်းသာဖို့ ငါသေဖို့ တစ်ရက်နီးလာပြီ"

ဆရာကြီးအိမ်၌ စနေနေ့တိုင်း မိသားစုတရားသဘင်ရှိသည်။ ဆရာကြီးက ဟောပြောသင်ကြား ပြသသည်ကို မိသားစုဝင်တစ်ယောက်ချင်းက ပြန်ပြောရသည်။ မပြောနိုင်ရင် ဆူသည်။

ငြုတ်သီးဖတ်ကီစွ

ဆရာကြီးအတွက် တိုးတက်ရေးသတင်းစာတိုက်သို့ ထမင်းချိုင့် အမြဲပို့ရသည်။ တစ်နေ့တွင် ဆရာကြီး ထမင်းစားပြီး၍ ထမင်းချိုင့်ကို အိမ်ပြန်ပို့လိုက်ရာ စက္ကူနှင့်ထုပ်ထားသော အထုပ်သေးလေးပါပါ လာသည်။

ဇနီးဖြစ်သူဒေါ်မြညွှန့်က ဖြေကြည့်ရာ ဟင်းထဲမှာ ပါသွားသော၊ မည်က်သော ငြုတ်သီးဖတ်ကို တွေ့ရသည်။

စာလေးတစ်ကြောင်းလည်း ပါသေးသည်။

"နောင် ဤသို့မဖြစ်ရန် သတိပေးသည်" ဟူ၏။

နောင်တွင်မူ ဒေါ်မြညွှန့်သည် ဟင်းထဲထည့်မည့် ငြုတ်သီးများ ညက်သထက် ညက်စေရန် ငြုတ်သီးကြိတ်စက်လေး ဝယ်ထားရသည်။

အချိန်လေးစားခြင်း စည်းကမ်းရှိခြင်း

ဆရာကြီးဦးပဂျိုင်သည် ဘယ်ကိစ္စလုပ်လုပ် သတ်မှတ်အချိန်ကျရင် လူစုံစုံ မစုံစုံ စသည်။ ဆရာတော် ဦးကုသလအား-

"မြန်မာလူမျိုးက စောင့်မှန်းသိရင် အမြဲနောက်ကျတယ်" ဟု ပြောခဲ့သည်။

ဆရာကြီးသည် ဘောလုံးပွဲကြည့်တာကအစ အချိန်ကို သိပ်လေးစားသည်။ သူ့လက်မှာ စတော့ဝပ်(ချ်) နာရီရှိသည်။ ဘောလုံးကစားလို့ ၄၅-မိနစ် စ့ေသည်နှင့် ကွင်းလယ်ဒိုင်လူကြီးက ဝီစီမမှုတ်ရင် အသံသြဇာနှင့် ပြည့်စုံသည့် ဆရာကြီး၏အသံကြီးက တစ်ကွင်းလုံး ဟိန်းသွားအောင် (Time Up) ဟု အကျယ်ကြီးအော်လိုက်သည်။

ကွင်းလယ်နှင့် စည်းကြပ်ဒိုင်လူကြီးများသည် သူတို့လက်မှ နာရီကို ငဲ့ကြည့်လိုက်ရာ အချိန်ကိုက်ဖြစ်နေသည်။

နောင်တွင် ဒိုင်လူကြီးများက ဦးပဂျိုင်ကို သိနေသည်။ အအော်မခံရအောင် သတိထားရတော့သည်။

ဆရာကြီးဦးပဂျိုင်က "ကြိုးပွားချမ်းသာရေး" စာအုပ်၊ စာမျက်နှာ (၇၅)တွင် ဤသို့ ရေးထားသည်။

"လောကတွင် ကြိုးပွားချမ်းသာလိုသူ ဟူသရွေ့ သူသူငါငါ မည်သူမဆို ဘယ်အချိန်၊ ဘယ်နာရီ၊ ဘယ်မိနစ်ကိုမျှ အသုံးမကျ၊ အပိုဟူ၍ မရှိအောင် ကြိုးစား

http://www.dhammadownload.com

လုပ်ကိုင် အသုံးပြုနိုင်သူများမှာ မုချဆတ်ဆတ် တိုးတက်ကြီးပွား လိုရာသို့ ရောက်ရန်မည်ကား တထစ်ချ မှတ်ယူအပ်၏။

အချို့ကို သုံးတတ်၊ စွဲတတ်သူများမှာ ကြီးပွားချမ်းသာခြင်း၏ အမွေခံ အမွေစားများ ဖြစ်ကြ၍ မသုံးစွဲတတ်သူ ပျော်ငိုးတို့မှာ ဆင်းရဲခြင်း၏ သားကြီးသြရသများ ဖြစ်ကြလေသည်။"

ဆရာကြီးက ရုံးသွားလျှင် "No Parking" ဆိုင်းဘုတ်ရှိလျက်နှင့် ကားရပ်ထားလျှင် သိပ်ဆူသည်။ သူလည်း စည်းကမ်းအမြဲလိုက်နာသည်။

ပ-သုံးလုံး ဝိပဿနာပြန်ပွားရေးအဖွဲ့ အမှုဆောင်လူကြီးများအစည်းအဝေးလုပ်တိုင်း မဆိုင်တာ ဝင်ပြောလျှင်လည်း မကြိုက်။ တစ်နေ့တွင် ဆရာတော်တစ်ပါး တရားပြ နားချိန်၌ အကျိုးဆောင်ချုပ်က စာကြမ်းရေးနေသည်ကို မဆိုင်သူတစ်ယောက်က စပ်စပ်စုစု လှမ်းကြည့်သည်ကို ဆရာကြီး တွေ့သွား၍ ထိုသူအား ဆူတော့သည်။

အမှုဆောင်အစည်းအဝေး သတ်မှတ်ချိန်ထက် နောက်ကျမှ ရောက်လာသူအား အဝင်မခံဘဲ ပြန်လွှတ်သည်။

ဆရာကြီးဦးပဂ္ဂိုဒိသည် သူ့ထံသို့ ၂-နာရီအရောက်လာမည်ဆိုရင် အတိအကျရောက်မှ ကျေနပ်သည်။ မရောက်ရင် မယုံတော့။ အချိန်မလေးစား၊ မတိကျဟု ထင်တော့သည်။

သူကလည်း ဆရာတော်ဦးကုသလကျောင်းသို့ ၂-နာရီအရောက်လာမည် ပြောထားလျှင် ဆရာကြီးသည် အသက် (၇၀)ကျော်သော်လည်း ဆရာတော်ကျောင်းသို့ မိုးရွာရွာ နေပူပူ၊ တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် ရောက်အောင်လာကြောင်း သိရသည်။

ဆရာကြီးဦးပဂ္ဂိုဒိသည် သူ့ထံရောက်လာသူများကို "ဘာကိစ္စ လာလဲ" မေးလေ့ရှိသည်။ သူမေးစဉ်က "ဘာမှ ကိစ္စမရှိပါဘူး" ပြောပြီး နောက်ကော့မှ ကိစ္စရှိတာပြောလျှင် ထိုကိစ္စအတွက် ဆောင်ရွက်မပေးတော့ဘဲ ပြန်လွှတ်လေတော့သည်။

> **စကားကို ကြမ်းတမ်းစွာပြောဆိုမည့်အစား မပြောမဆိုဘဲနေခြင်းက သာလွန် မြင့်မြတ်လေသည်။**

ဆရာကြီးဦးပဂ္ဂိုဒိ၏ မေတ္တာဝါဒ

ဆရာကြီး၏မေတ္တာဝါဒသည် ယဉ်ကျေးသိမ်မွေ့ခြင်းက စတင်သည်။ "ကြီးပွားချမ်းသာရေး" စာအုပ်စာမျက်နှာ (၁၅၃-၁၆၉)၌ အောက်ပါအတိုင်း ရေးသားထားလေသည်။

"ခက်ထန်ကြမ်းကြုတ်သော စကားတစ်လုံး ထွက်သွားသောအခါ ခံရသူ၊ ကြားရသူတို့၌ ယမ်းတောင့်မှုကျည်စေ့တစ်လုံး ထိမှန်သည်ထက်ပို၍ နာကျင်လေသည်။ ချွန်ထက်သော်လဲ့တံနှင့် ထိုးဆွသည်ထက် ပို၍ စူးရှလေသည်။

တစ်ခဏမျှ မျက်နှာပြု၍ တစ်လုံးမျှသော ပီယဝါစာ ချိုသာပေပြစ်သော စကားသည် စစ်ပိုလ်ခြေနှင့် တိုက်ရသည်ထက် လွန်ကဲ၍ အောင်မြင်မှုအကျိုးကျေးဇူးတို့ကို ခံစားရလေသည်။

ထို့ပြင် ပြိုးရွှင်ရန်မှာ မျက်နှာမှ အကြောပေါင်း ၁၆-ကြောမျှသာ လှုပ်ရှားရ၍ ဒေါသဖြစ်ရန်၊ မျက်မှောင်ကုတ်ရန်မှာ အကြောပေါင်း ၆၀-ခန့်မျှ လှုပ်ရှားရလေသည်"

"စကားကို ကြမ်းတမ်းစွာ ပြောဆိုမည့်အစား မပြောမဆိုဘဲ နေခြင်းက သာလွန်မြင့်မြတ်လေသည်"။

"လောကဌ မည်သူမဆို မိမိတို့အား သူတစ်ပါးတို့က သာယာချီးမြှင့်သောစကားဖြင့် ပြောဆိုစေလိုသော စိတ်ဆန္ဒများရှိကြသော်လည်း သူတစ်ထူးကို မိမိတို့ကမူကား သာယာစွာ ပြောဆိုရန် လူတိုင်းစိတ်မှာ မရှိ"

"မိမိကိုယ်ကိုမိမိ အမွှမ်းတင်ကာ ကောင်းကြောင်းများကို ပြောဆိုမိသောအခါ သေးသိမ်ခြင်း အခြေအနေသို့ရောက်၍ သွားတတ်လေသည်"

"လူတစ်ဦး၌ ကောင်းသည်လည်းရှိ၏။ မကောင်းသည်လည်းရှိ၏။ အကောင်းများစွာရှိပါလျက် အနည်း

http://www.dhammadownload.com

ငယ် မကောင်းသောအချက်ကလေးကို ရွေးကောက်၍ ပြောခြင်းမှာ ပြောဆိုသူသာ မိုက်ရာသို့ မနာလိုသူအဖြစ်သို့ ရောက်တတ်၍ မိမိသဘော သေးသိမ်ကြောင်း ဖော်ပြသည်နှင့် တူ၏။"

"လောကဌ် များစွာသောလူတို့သည် မိမိတို့ထက် အောက်တန်းကျသောသူများကို စောင်မရန်၊ သနားရန် မခဲယဉ်းကြပေ။ သို့ရာတွင် မိမိတို့နှင့် တန်းတူဖြစ်သောသူများအတွက် ကူညီရန်လည်းကောင်း၊ ၎င်းတို့အတွက် သနားရန်သော်လည်းကောင်း၊ စောင့်ရှောက်ရန်သော်လည်းကောင်း ခဲယဉ်းတတ်ကြလေသည်။"

"မိမိနှင့် ဂုဏ်တူတန်းတူဖြစ်သူများ အကျိုးပေးသည့်အကြောင်းကို ကြားရသောအခါ မုဒိတာတည်းဟူသော ဝမ်းမြောက်ခြင်းမဖြစ်နိုင်။ ၎င်းသူများ ပျက်စီးဆုံးရှုံးသည်ဟု ကြားရသောအခါ ဝမ်းသာတတ်ကြလေသည်။ ထိုသို့ဖြစ်ရခြင်းမှာ ဝမ်းတွင်းဓာတ်ခံ အင်မတန် ညံ့ဖျင်းခြင်းကြောင့် ဖြစ်လေသည်။

ထို့ထက် ဆိုးဝါးသော အချက်တစ်ရပ်မှာ အချို့တို့သည် ဆွေရင်းမျိုးရင်း သူငယ်ချင်းတို့ကိုပါ ဂုဏ်ပြိုင်ကာ ၎င်းတို့ကြီးပွားချမ်းသာခြင်းတို့ကိုပင် မရှုလိုသူများမှာ လောကတွင် အတော် ဉာဏ်အမြင်သေးသိမ်သော သူညံ့များ ဖြစ်ကြလေသည်။"

"မေတ္တာသည် ပကတိအားဖြင့် ကိုယ်၏ပတ်ဝန်းကျင်၌ ပုံ့လွှင့်၍နေ၏။ ထိုပုံ့လွှင့်၍နေသော မေတ္တာတို့ကိုစု၍ တစ်ခုသောအရာသို့ စူးစိုက်လိုက်သည်ရှိသော် လျင်မြန်စွာ သွားရောက် ထိခိုက်တတ်သော သတ္တိရှိ၏။

ထို့ကြောင့် ဗုဒ္ဓဘာသာတရားတွင် သက်ဝင်ယုံကြည်သောသူတို့သည် ညဉ့်တိုင်း၊ နံနက်တိုင်း မေတ္တာပို့သခြင်းကိစ္စကို အထူးပြုကြကုန်၏။

တစ်ယောက်သော မိမိ၏ သူငယ်ချင်းမိတ်ဆွေကို မေတ္တာစူးစိုက်လိုက်ပါက ထိုစူးစိုက်ခြင်းခံရသော မိတ်ဆွေသည် ရုပ်ဝေဒ္ဒ နေစေကာမူ မိမိအား သတိရရှိ၍ မိမိအား ချစ်ခင်သောစိတ်များ ပေါ်ပေါက်လာလေသည်။

လူတစ်ယောက်လမ်းလျှောက်လာသည်ကို မေတ္တာစိတ်ဖြင့် ကြည့်ရှုသည်ရှိသော် မိမိအား ထိုလူက ခေါ်လို၊ ပြောလို၊ နှုတ်ဆက်လိုသောစိတ်များ ပေါ်၍လာလေသည်။ ထို့အတူ မုန်းစိတ်ဖြင့် ကြည့်ရှုသော် မိမိအပေါ်တွင် ထိုလူက မာန်မာနထောင်လွှားလိုသောစိတ်များ ပေါ်လာတတ်လေသည်။"

"ပါးစပ်မှ မေတ္တာပို့သည့်အတိုင်း လက်ကလည်း ဆောင်ရွက်မှသာလျှင် မေတ္တာစစ်ဖြစ်လေသည်။

ဥပမာ-နံနက်တိုင်း၊ ညတိုင်း ၇-ရက်သားသမီးတို့ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေဟု ဆုတောင်း၍ လမ်းတွင် ဆူးငြောင့်ခလုတ် စသည်ကို တွေ့ရှိက ဖယ်ရှားပေးခြင်း၊ လူတစ်ဦးဒုက္ခတွေ့ရှိပါက မိမိတတ်အားသမျှ စောင့်ရှောက်ခြင်း၊ အခြားလူများ တစ်ဦးနှင့်တစ်ဦး မသင့်မတင့်ရှိက သင့်တင့်အောင် ဆောင်ရွက်ပေးခြင်း၊ သူတစ်ထူးသည် မိမိရှိသည့်အတွက် စိတ်ချမ်းသာစေခြင်း၊ မိမိတစ်ဦးတည်း ကောင်း၍ အများနစ်နာသည့်အရေးတို့ကို ရှောင်ကြဉ်ခြင်း၊ ဤကဲ့သို့ လက်ကပါ ဆောင်ရွက်ပေးမှသာလျှင် ပို့သသောမေတ္တာနှင့် လုပ်ကိုင်သောအလုပ်မှာ တစ်သားတည်းဖြစ်၍ လူနတ်ဗြဟ္မာအပေါင်းများစွာတို့သည် မိမိ၏အပေါ်၌ ချစ်ခင်နှစ်သက်သော မေတ္တာစိတ်များ ပေါ်ပေါက်လာ၍ မိမိလည်း အကျိုးရှိ၊ ၇- ရက်သားသမီးတို့ရှိလည်း အကျိုးဖြစ်ထွန်းနိုင်သော မေတ္တာစစ် ဖြစ်လေသည်။"

"ငါသည် ချမ်းသာခြင်းကို အလိုရှိသကဲ့သို့ သူတစ်ပါးတို့သည်လည်း ချမ်းသာခြင်းကို အလိုရှိကြ၏။ ငါသည် ဒုက္ခမခံလိုသကဲ့သို့ သူတစ်ပါးတို့လည်း ဒုက္ခမခံလိုကြ။ ငါသည် ရောဂါကင်းရှင်းလိုဘိသကဲ့သို့ သူတစ်ပါးတို့သည်လည်း ကင်းရှင်းလိုကြကုန်၏။ ငါသည် မပျက်စီးလိုဘိသကဲ့သို့ သူတစ်ပါးလည်း မပျက်စီးလိုကြကုန်ဟု မိမိကိုယ်ကို သက်သေပြုကာ ကိုယ်ချင်းစာ၍ သူတစ်ပါးတို့ စီးပွားချမ်းသာကို မိမိနှင့်ထပ်တူအလိုရှိအပ်၍ စာမျက်နှာ (၁၅၃)တွင် ပါရှိသော မေတ္တာပို့ခြင်းကို အဖန်တလဲလဲ ရွတ်ဖတ် သရရွာယ်ရာ၏။

ထိုသို့မေတ္တာတရားကို ညဉ့်နံနက်တိုင်း ပွားများ

http://www.dhammadownload.com

ပြီးနောက် မိမိကိုယ်တိုင်ကလည်း ဘေးရန်ကင်းရာ ကင်းကြောင်း၊ ချမ်းသာရာ ချမ်းသာကြောင်း အလုပ်မျိုးကို လုပ်ကိုင်ရလေသည်။ သို့မဟုတ်မူ၍ တစ်နေ့ လုံး အပြစ်မကင်းသော အမှုတို့ကိုပြုခြင်း၊ ဒုစရိုက် ဆယ်ပါးတို့ကို လွန်ကျူးခြင်းဖြင့်သာ အချိန်ကုန်နေပါက ခုတ်ရာတခြား၊ ရှရာတစ်ပါးဖြစ်၍နေသဖြင့် မေတ္တာ၏ အဟုန်ကို လိုသလောက် မထူးရှိနိုင်သည်ကို အထူး သတိပြုအပ်၏။"

"သည်းခံခြင်းမှာလည်း မိမိက နိုင်ပါလျက် ဘူရိဒတ်နဂါးမင်းသည် အမျက်ဒေါသဖြင့် အလမ္ဘာယ အားလည်းကောင်း၊ ခင်ပွန်းကိုပြစ်မှားသော နေသာဒ ပုဏ္ဏားအားလည်းကောင်း ကြည့်ရှုလိုက်ခဲ့ဖြင့် သူတို့ သည် ပြာမှုန်ကဲ့သို့ ကြေမွ၍သွားနိုင်သည်။

သို့ပါလျက် ဘူရိဒတ်နဂါးမင်းကြီး သည်းခံသကဲ့ သို့ သည်းခံခြင်းတရားကို ကျင့်ရမည်။"

ပွားများရမည့် မေတ္တာဘာဝနာကို ဆရာကြီး၏ "ဂင်္ဂါရဝိယသနာရှာဘွယ်" ပထမတွဲ၊ စာမျက်နှာ (၁၀၂-၁၁၉)၌ ဤသို့ရေးသားထားသည်။

"မေတ္တာလည်း ပို့ရ၏၊ သူတစ်ပါးအကြောင်း မကောင်း မပြောရ၊ သူတစ်ပါး ပျက်စီးရာပျက်စီးကြောင်း ကိုလည်း မပြုကျင့်ရချေ။

မေတ္တာပို့ခြင်းမှာ စိတ်ကသာ မေတ္တာပို့နေရုံ မဟုတ်ဘဲ ဝစီကံအားဖြင့်လည်း သူတစ်ပါး ကျေးဇူးကို ဖော်ပြပြောဆိုသင့်က ပြောဆိုအပ်၏။

သူတစ်ပါးအကြောင်း မကောင်းဖွဲ့နွဲ့ပြောဆိုနေခြင်းသည် မိမိမသိသော်လည်း အကုသိုလ်ဖြစ်၍ နေ၏။ ထိုမျှမက နားထောင်ရသူမှာ အထက်တန်းကျသူဖြစ်က မိမိအား အထင်အမြင်သေးခြင်းကို ချက်ချင်း ခံရတတ်၏။"

"စိတ်သည် (၀၀) မေတ္တာဓာတ်သည် အလွန်ထက်မြက်စူးရှသောသတ္တိရှိ၏။ ဥပမာပြရသော် မိမိသိရှိသူ တစ်ယောက်အား သတိရ၏။ ထိုသူအား ကောင်းစားစေလို၏။ ထိုသူအတွက် မေတ္တာသက်ဝင်ကာ ထိုသူကောင်းစားမှုကို စိတ်ကူး၏။ ထိုသူကျေးဇူးကို သတိရကာ ကျေးဇူးတင်ရှိနေ၏။ ထိုသူအား မေတ္တာပို့နေ၏။ အဖြေကား မကြာမီ ထိုသူထံမှ သတင်းတစ်ခုခုကို ကြားရ၏။ တစ်ခါတစ်ရံ လူချင်း တွေ့ရ၏။ တစ်ခါတရံ ထိုသူထံမှ လက်ဆောင်တစ်ခုခုကို ရတတ်၏။

ဤကား ဓာတ်သဘောများဖြစ်ကြ၏။ အလွန်ဆန်းကြယ်လှ၏။ **စာအားခြေခံရှိသူတို့အတွက်ကား လွယ်ကူစွာ သဘောပေါက်နိုင်၏။**

ထို့အတူပင် မိမိသိရှိထားသူတစ်ယောက်အား သတိရပြန်ကာ၊ ထိုသူအပေါ်တွင် ရုန်းငြိုးဖွဲ့ကာ ထိုသူ အပေါ်တွင် မကောင်းကြံစည်စိတ်ကူးပါက အထက် ပါနည်းအတိုင်း ထိုသူကလည်း မိမိအပေါ်တွင် ထို စိတ်မျိုး ဖြစ်ပေါ်လာတတ်လေသည်။

ဓာတ်တို့သည် ဤမျှ သာမန်လူတို့ မယုံကြည်နိုင် လောက်အောင် ဆန်းကြယ်စွာ ဆက်သွယ်လျက်ရှိကြ၏"

"လောကတရားခုနစ်များ၌ သူက မိမိကို ရိုက်နှက်ခြင်းကြောင့် မိမိက ခုခံသော် အပြစ်မရှိနိုင်ဟု ဆိုမည် ဖြစ်သော်လည်း ဘုရားရှင်၏ တရားတော်၌ကား မည်သည့်အကြောင်းကြောင့်ဖြစ်စေ ဒေါသထွက်လျှင် အပြစ်မှ မလွတ်ကင်းချေ"

"အာသေဝနပစ္စည်းရှိသော စိတ်ဓာတ်မေတ္တာသတ္တိသည် ကြီးစွာသော တန်ခိုးအာနိသင်ကို ဆောင်၏"

သူတစ်ပါးအကြောင်း မကောင်းဖွဲ့နွဲ့ပြောဆိုနေခြင်းသည် မိမိမသိသော်လည်း အကုသိုလ်ဖြစ်၍နေ၏။ ထိုမျှမက နားထောင်ရသူမှာ အထက်တန်းကျသူဖြစ်က မိမိအား အထင်အမြင်သေးခြင်းကို ချက်ချင်းခံရတတ်၏

"လူမိုက်ကို သနားပါ

ထိုမှတစ်ပါး အကြင်သူတော်ကောင်းအား ဥပမာ တစ်ခုပြုကာ သဘာဝကိုပြရသော် တစ်စုံတစ်ယောက် သောသူသည် အဂိုမစုံ၊ မျက်စိကန်းနေ၏။ ထိုသူကို သနားကရုဏာပြုကြရကုန်၏။ ထို့အတူ တစ်စုံတစ်

http://www.dhammadownload.com

ယောက်သောသူသည် နားပင်းနေ၏။ ထိုသူအား သနားကြကုန်၏။ ထို့အတူ တစ်စုံတစ်ယောက်သော သူသည် ခြေကျိုးနေ၏။ ထိုသူအား သနားကြကုန်၏။

ထိုနည်းတူစွာပင် တစ်စုံတစ်ယောက်သောသူသည် သိအပ်သော လူတို့၏တရားကောင်း တရားမြတ်ကို မသိရရှာ၍ မိမိအပေါ်တွင် နိုင်ထက်စီးနင်းပြုလုပ်ပါက (၀ါ) တစ်ဦးတစ်ယောက်အပေါ်တွင် မတရားပြုကျင့်ပါက ထိုသူမိုက်အား အထက်တွင် အဂီါမစုံသူတို့ကို သနားကရုဏာရှိဘိသကဲ့သို့ ဤသူအားလည်း **သြော်-တရားစစ် တရားမှန်ကို ဘာမျှ မသိရှာသူပါတကား၊ အသိဉာဏ်ပညာ ချို့ယွင်းနေသူပါတကားဟု သံနားကရုဏာ ပြုအပ်သည်ကို အထူး သတိပြုတော်မူပါလေ။** ဤသို့သဘောမထားပါက မိမိကိုယ်သို့ အကုသိုလ် ကူးစက်ဝင်ရောက် ကိန်းအောင်းတတ်၏"

ဆရာကြီးဦးပဏ္ဍိုင်သည် "မြန်မာ့အကျိုးနှင့် ကမ္ဘာ့အကျိုး"၊ စာမျက်နှာ (၂၆-၂၇)တွင် ပါဠိလို မေတ္တာမပို့တတ်သူများအတွက် မြန်မာလို မေတ္တာပို့နိုင်ရန် ဤသို့ ရေးသားထားလေသည်။

"မေတ္တာပို့ရာ၌ ပါဠိတော်များကို အလွတ်မရသေးသော ပုဂ္ဂိုလ်များအတွက် ဖော်ပြပေးခဲ့ပေဦးအံ့။

ချမ်းသာသူများ စားသောက်သောအခါစသည်တို့၌ ငါစားသောက်နိုင်သလို စားသောက်နိုင်ကြပါစေ၊ ငါဝတ်သလို ဝတ်နိုင်ကြပါစေ၊ ငါကိုယ်ပိုင်ကားစီးသလို စီးနိုင်ကြပါစေ၊ ငါလှူဒါန်းသလို လှူဒါန်းနိုင်ကြပါစေ၊ ငါကောင်းစွာနေထိုင်နိုင်သလို နေထိုင်နိုင်ကြပါစေ၊ ငါဘေးရန်ကင်းသလို ဘေးရန်ကင်းကြပါစေ စသည်ဖြင့်လည်း မေတ္တာပို့သခြင်းကို ပြုလုပ်နိုင်ကြပါသည်။

မိမိက ဆင်းရဲနေသူဖြစ်ပါက လူအပေါင်းတို့အား ကောင်းမွန်စွာ စားနိုင်သောက်နိုင်ကြပါစေ၊ ကောင်းမွန်စွာ ဝတ်နိုင်ကြပါစေ၊ ကောင်းမွန်စွာ လှူဒါန်းနိုင်ကြပါစေ၊ ကောင်းမွန်ချမ်းသာစွာ နေထိုင်နိုင်ကြပါစေ၊ ငါဆင်းရဲသလို မဆင်းရဲကြပါစေကုန်သတည်းဟူ၍ မေတ္တာပို့သနိုင်ကြပါသည်။"

"ထို့အတူ မှန်ကြည့်တိုင်း၊ ရေချိုးတိုင်း၊ မော်တော်ကားစီးတိုင်း၊ လက်ဝတ်ရတနာဝတ်တိုင်း၊ ကုသိုလ်ပြုတိုင်း ဤနည်းအတိုင်း ကျင့်ပါလေ။ သူတစ်ပါးအကျိုးယုတ်လျော့စေမည့် စကားမျိုးကို မပြောရ၊ အလုပ်မျိုး မလုပ်ရ။ ထို့ထက် သတ္တဝါအများ အကျိုးယုတ်စေမည့်စကားမျိုး၊ အလုပ်မျိုး မပြောရ၊ မလုပ်ရ။

ဤသို့ မေတ္တာဘာဝနာ လုပ်ငန်း လုပ်သွားပါက မကြာမီ သုံးလေးလအတွင်း ထင်ရှားစွာ အကျိုးကျေးဇူး ခံစားရ၏။ သုံးလေးနှစ်ဆိုသော် ပြောဖွယ်မရှိပြီ။

လာမည့်ဘေး ဝေး၍ ပေးမည့်ကုသိုလ်အကျိုး လျင်မြန်၏။ ဤကား ဓမ္မနိယာမသဘာဝ ဖြစ်ပေတော့၏။" ဟု ဆရာကြီးဦးပဏ္ဍိုင်က "အလုပ် ကံနှင့် စိတ်တန်ဖိုး" စာအုပ်၊ စာမျက်နှာ (၁၁၁)၌ ရေးသားခဲ့သည်။

ဆရာကြီးကိုယ်တိုင် မေတ္တာပွားများပုံကို တပည့်များအား ပြန်ပြောပြသည်မှာ "ဘတ်စ်ကားစီးရင်ကားက ကျပ်၍ နောက်ကျခြင်းကြောင့် ဒေါသ မဖြစ်ရ၊ ကိုယ်က စောသွားရသည်။

ကိုယ်က လူကျပ်တာကို ကြည့်မနေနဲ့။ လူမမာများ၊ ကလေးများ၊ သက်ကြီးရွယ်အိုများ၊ ရဟန်းများကို ဦးစားပေး စီးပါ။"

"ကားလမ်းဖြတ်ကူးရင်လည်း ငါရဲ့အတွက် အသက်ရှင်ဖို့ထက် ငါ့ကို ကားတိုက်ခဲ့ရင် ကားပေါ်ပါလာတဲ့လူတွေ ဆေးကျောဒဏ်ရာရတာမျိုး မဖြစ်စေလိုတဲ့ မေတ္တာနဲ့ ကူးရမယ်" ဟု ဆိုပါသည်။

ဆရာကြီးဦးပဏ္ဍိုင်သည် ဝိပဿနာဘာဝနာပညာသင်တန်းပြရင်း သင်တန်းသားများကို ပြောလေ့ရှိသည်မှာ **"ဘတ်စ်ကားခ ပြန်အမ်းတဲ့အခါ စပယ်ယာကို မယုံကြည်တဲ့စိတ်နဲ့ ငွေကို မစစ်နဲ့၊ ငွေပိုနေရင် ငါက ပြန်ပေးမယ်ဆိုတဲ့ မေတ္တာစိတ်နဲ့ စစ်ပါ"** တဲ့။

ဆရာကြီးသည် အရာရာတွင် မေတ္တာနှင့်သာ ကြံစည်ပြီး မေတ္တာနှင့်သာ ပြောသည်၊ မေတ္တာနှင့်သာ လုပ်ကိုင်ဆောင်ရွက်လေ့ရှိသည်။

သူသည် စွယ်စုံပညာရှင်ကြီးလည်း ဖြစ်သည်။ စိုက်ပျိုးရေးဘက်လည်း ဝါဿနာပါသည်။ တိုင်းရင်း

http://www.dhammadownload.com

ဆေးပညာဘက်လည်း ဝါသနာပါ၍ ကြည့်မြင်တိုင် သဘာဝမွမဆရာတော်ဦးကျန်ဖြိုယထံတွင် တိုင်းရင်း ဆေးပညာ သင်ယူခဲ့သေးသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးခါစ ခေတ်ကာလက ဆရာကြီးဦးပဂ္ဂိုဠိနှင့် အမ်ဘိုးချိန်တို့ တစ်ယောက်တစ်လှည့်စီ မြန်မာ့အသံကနေ၍ ဘောလုံးပွဲကစားပုံကို အသံလွှင့်ကြေညာခဲ့ရကြောင်း သိရသည်။

ဆရာကြီးဦးပဂ္ဂိုဠိသည် ကိုယ့်နိုင်ငံနှင့် ကိုယ့်လူမျိုးကို အထူးချစ်မြတ်နိုးသည်။ ဇာတ်သဘင် သွားရောက်ကြည့်ရှုစဉ် နန်းဝတ်နန်းစားနှင့် မြန်မာရှင်ဘုရင်များ၊ မိဖုရားများနှင့် နန်းတော်ကြီးပုံတို့ကို မြင်ရသည့်အခါ ကိုယ့်ဘုရင် ကိုယ့်အရှင်တို့ကို သတိရလွန်း၍ မျက်ရည်များပင် ကျမိသည်ဟု ဆိုလေသည်။

ဆေးရုံပေါ်ဝယ်

ဆရာကြီးဦးပဂ္ဂိုဠိသည် ငယ်ရွယ်စဉ်ကစ၍ ကျန်းမာရေးကို အထူးဂရုစိုက်ခဲ့သူဖြစ်သည်။ ထို့ကြောင့် အသက်(၈၁)နှစ်ထိ ကျန်းကျန်းမာမာ နေခဲ့ရသည်။

သို့သော် တစ်နေ့တွင်မူ ဆရာကြီးဦးပဂ္ဂိုဠိသည် လမ်းလျှောက်ရင်း ခွေလဲကျသွားသည်။ သို့သော် ပြန်၍ ထနိုင်သည်။ ထိုလက္ခဏာသည် နှလုံးရောဂါ ပထမအကြိမ်တိုက်ခိုက်မှု ခံရခြင်းဖြစ်သည်။

ဒုတိယအကြိမ် (Heart Attack) ဝင်ရောက်ချိန်မှာတော့ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးပေါ်သို့ တင်လိုက်ရတော့သည်။

ဆရာကြီးဦးပဂ္ဂိုဠိသည် ယောဂီဝတ်စုံ ခဏ ခဏ ဝတ်လေ့ရှိသည်။ ယခုဆေးရုံတက်ချိန်တွင်လည်း ယောဂီဝတ်စုံနှင့် ဖြစ်သည်။

ဆေးရုံပေါ်ဝယ် ဆရာကြီးသည် ဦးသိန်းရွှေအား သူရေးသားခဲ့သော "ဝိပဿနာဘာဝနာ နှစ်စောင်တွဲ" ကျမ်းကိုသာ ဖတ်ခိုင်းသည်။ နားလည်လားဟုလည်း မေးသည်။ ဆရာကြီးသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးမှလွဲ၍ ဘာစကားမျှ မပြောတော့။

ဆရာကြီးသည် အိမ်က ကျောက်သင်ပုန်းကြီးကို သယ်ယူလာခိုင်းသည်။ ဆေးရုံတက်သူများ၊ ဧည့်သည်များ၊ ဆေးရုံဝန်ထမ်းများကို ကျောက်သင်ပုန်းပေါ်တွင် ဝိပဿနာဘာဝနာတရားကို ရေးပြ၊ သင်ကြား ပြသပေးနေသည်။

ဆရာကြီးက ဆေးရုံပေါ်ဝယ် "ဘုန်းကြီးတွေ ကြွလာပြီ၊ ဦးချကြ" ဆိုပြီး ဦးချသည်။ ဆရာကြီး၏မိသားစုများသည် ဆရာကြီးခိုင်း၍သာ လိုက်၍ဦးချလိုက်ကြသည်။ ဘုန်းကြီးတစ်ပါးမျှ မမြင်ကြ။ ဆရာကြီးကမူ ဘုန်းကြီးများကို မျက်ဝါးထင်ထင် မြင်တွေ့နေပုံရသည်။

ဆေးရုံပေါ်တက်နေစဉ်မှာပင် ဗိုင်ယာရိစာအုပ်၊ ဘောလ်ပင်များ ထည့်ယူလာပေးခဲ့ရသည်။ ဝိပဿနာတရားနှင့်ပတ်သက်၍ အမြဲရေးမှတ်နေသူ ဖြစ်သည်။

ဆရာကြီးက ဆေးရုံပေါ်မှာ သူ တရားဟောပြီး တိုင်း ကြေးစည်ထုလိုသဖြင့် ကြေးစည်သေးသေးလေး တစ်လုံးကို ဆေးရုံသို့ ယူလာပေးရသည်။ တရားဟောပြီးတိုင်းလည်း ထိုကြေးစည်လေးကို တီးခိုင်းသည်။

တစ်နေ့ - ဆရာကြီး၏ဇနီး ဒေါ်မြညွှန့် ဆေးရုံမှ အိမ်ပြန်ခါနီးတွင် "မင်းတို့ ဒီနေ့ နောက်တစ်ခေါက် လာရဦးမှာပါ" ဟု ပြောသော ဆရာကြီး၏ နောက်ဆုံးစကားကိုမူ မည်သူမျှ သတိမူနိုင်စွမ်း မရှိတော့ချေ။

တစ်ဘဝ တစ်သံသရာ၏ နိဂုံး

တစ်ချိန်က ဗြိတိသျှဘားမားရုပ်ရှင်ခြံထဲတွင် ဆရာကြီးဦးသူတော်၊ ဆရာကြီးဦးပဂ္ဂိုဠိ၊ ပဲရော့ဦးဆန်နီ၊ ဗြိတိသျှဘားမားဦးညွှန့်တို့သည် ဝိပဿနာတရားဆွေးနွေးကြသည်။

"ခင်ဗျားတို့တွေ ရုပ်နာမ်တွေပဲ ပြောပြောနေကြတယ်၊ ရုပ်နာမ်ရှိသလား" ဟု ဆရာကြီးဦးပဂ္ဂိုဠိက မေးလိုက်သည်။

ပဲရော့ဦးဆန်နီ၊ ဗြိတိသျှဘားမား ဦးညွှန့်တို့က အမှတ်တမဲ့ဖြစ်၍ ဘာမျှမဖြေနိုင် ဖြစ်နေကြသည်။

ဆရာကြီးဦးပဂ္ဂိုဠိက ရုပ်နာမ်ဟူသည် ပညတ်၊ အမှန်ရှိ၊ အဟုတ်ရှိသည့် ဓမ္မသဘာဝသဘောသက်သက်သို့ ဝိပဿနာဉာဏ်အမြင်ဆိုက်အောင် ရည်ရွယ်၍ မေးလိုက်ခြင်းဖြစ်သည်။

http://www.dhammadownload.com

"ငှက်ပျောသီး နွှာစားရတာကမှ ခက်သေးတယ်၊ ဝိပဿနာက တကယ်သိလိုက်ရင် တစ်ချက်တည်းပဲကွ" ဟု ဆရာကြီးဦးပဂျိုင်က ဦးစိန်ညွှန့်ကို ပြောကြောင်း သိရသည်။

ဆေးရုံပေါ်ဝယ် ဆရာကြီးဦးပဂျိုင်က ဦးစိန်ညွှန့်ကို "သေပြီးနောက် မင်းဘာဖြစ်ချင်လဲ၊ မင်းသေရင် ဘယ်သွားမလဲ"ဟုမေးသည်။

"ဆရာကြီးကော ဘယ်သွားမလဲ" ဟု ဦးစိန်ညွှန့်က ပြန်မေးတော့ "သုဒ္ဓါဝါသဗြဟ္မာ့ဘုံသွားမယ်၊ ဟိုကျ ဓမ္မသဘင်မှာ တရားနာရရင် တစ်ခါတည်း ပြီးတာပဲ" ဟု ပြောသည်။

ဆရာကြီးဦးပဂျိုင်က ဦးစိန်ညွှန့်ကို မှတ်မှတ်ထင်ထင် နောက်ဆုံးပြောသွားသည့်စကားကတော့ -

"ငါစာရေးနေတာ အလကားရေးနေတာ မဟုတ်ဘူး၊ ငါစာရေးနေတာဟာ ဝိပဿနာရှုနေတာပဲ၊ တစ်ခုပြီး တစ်ခု ပျက်နေတယ်။ ငါစဉ်းစားတာလည်း ပျက် နေတာပဲ။"

"လောဘက သတ်လို့ ရတယ်ကွ၊ ဒေါသက သတ်လို့ ရတယ်ကွ၊ ဝိပဿနာရှုဆင်ခြင်တာ လက်လွတ်ရင် မောဟပဲကွ" ဟု ဆရာကြီးက ဦးသိန်းရွှေကို ပြောခဲ့သည်။

ဆရာကြီးဦးပဂျိုင်က ဆရာတော်ဦးဇောတိကကို မကြာခဏ ပြောသောစကားမှာ "တပည့်တော်က နတ်ပြည်မှာ နတ်ဓမ္မကထိက သွားလုပ်မှာ၊ နတ်ပြည်မှာ ကမြင်းရအောင် သွားမှာမဟုတ်ဘူး"ဟူ၏။

"ကိုယ်တော်၊ ပါဋ္ဌိတော်ကိုင်ထား၊ တပည့်တော်လည်း ပါဋ္ဌိတော် ကိုင်သေသွားမယ်"ဟု ဆရာတော်ဦးဇောတိကကို နောက်ဆုံးပြောသွားသည်။

ဆရာကြီးဦးပဂျိုင်သည် ဆေးရုံတက်နေစဉ် ဆရာတော်ဦးကုသလ ကြွလာတိုင်း တရားဟောရန်လျှောက်သည်။ တရားအဆုံး၌ ဆရာကြီးက သာဓုသုံးကြိမ်ခေါ်ပြီး ကြေးစည်ထုခိုင်းသည်။

ဆရာကြီးဦးပဂျိုင်က ဆရာတော်ဦးကုသလကို နောက်ဆုံးပြောခဲ့သောစကားကတော့ "တပည့်တော်ရဲ့ အမွေခံယူဖို့ ဆရာတော်များ ပေါ်လာပါပြီ၊ တပည့်တော် သေပျော်ပါပြီ။

ဘုရားဟောတရားအတိုင်း တရားအမွေခံသာဖြစ်ကြပါစေ။ ပစ္စည်းအာမိသအမွေခံ မဖြစ်ကြပါစေနှင့်" ဟူ၏။

ဆရာကြီးဦးပဂျိုင်သည် ဆေးရုံပေါ်ဝယ် ပိုက်များ တန်းလန်းနှင့်ပင် ဝိပဿနာတရားကို ဟောကြားလျက်ရှိရာက (၅-၁၀-၇၈)နေ့ည (၁၁း၁၀)နာရီအချိန်၊ အသက် (၈၁)နှစ်တွင် တစ်ဘဝ တစ်သံသရာ၏ နိဂုံးသတ်သွားလေသည်။

ဆရာကြီးဦးပဂျိုင်သည် ရုပ်ရှင်လောက၊ စာပေလောက၊ သတင်းစာလောက၊ တိုးတက်ကြီးပွားချမ်းသာရေးလောက၊ မြန်မာ့ကာယဗလ ကျန်းမာရေးလောက၊ နိုင်ငံရေးနှင့် စီးပွားရေးလောကတို့တွင် ထင်ရှားသော ပုဂ္ဂိုလ်ထူးကြီးဖြစ်ပြီး (၇-၁၀-၇၈) ရက်နေ့ထုတ် "ကြေးမုံ သတင်းစာ" ၌ "တိုးတက်ရေး ဦးစိန် ကွယ်လွန်" ဟူသော ခေါင်းစဉ်ဖြင့် ဆရာကြီးဦးပဂျိုင်၏ ဘဝကိုယ်ရေးအကျဉ်းကို ဖော်ပြခဲ့ပါသည်။



တိုးတက်ရေးဦးစိန် ကွယ်လွန်

၊ ရန်ကုန် အောက်တိုဘာ ၆

တိုးတက်ရေးဦးစိန် (ဦးပဂျိုင်) (၈၁နှင်)သည်၊ ယမန်နေ့ည ၁၁-နာရီတွင်ရန်ကုန် သနောက်ပိုင်းဆေးရုံ၌လူကြီးဇောဂါဖြင့် ကွယ်လွန်သွားပေသည်။

ဦးစိန်သည် နတ်တလင်း၌ မွေးဖွားခဲ့ပြီး ကြီးပွားချမ်းသာရေး ခာအုပ်မှာ၊ ရေးသား ထုတ်ဝေခဲ့ရာကျောင်းသုံးဖြစ်ခဲ့သည်။ ထို့နောက် တိုးတက်ရေးမဂ္ဂဇင်း၊ ဘာမောကျာနယ်နှင့်တိုးတက်ရေးသတင်းစာတို့ကို ဝင်ကြီ ဒေတ်က ထုတ်ဝေခဲ့သည်။

ထို့အပြင်ဟန်ကူ ပန်ကုဓာအုပ်၊ တိုးတက်ရေးလက်စွဲ၊ အလုပ်လုံနှင့် ဒိတ်တန်ခိုး၊ မဟာဘက်နှင့် ဌေကြေး မြဿနာ၊ မြည်တွင်း ဒိုင်းချမ်းရေးစာအုပ်တို့ကိုရေးသားခဲ့သည်။

ဝင်ပြီး ဒေတ်တွင် တိုးတက်ရေးသတင်းစာကို၊ ၁၉၅၄ခု အထိ ထုတ်ဝေခဲ့သည်။ အခြေခံနှင့် အမြေပုန် ဝိပဿနာတရား၊ နှင့်ဂန္တီ ဝိပဿနာရှုမှုယ် ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲတို့ကို ရေးသား ထုတ်ဝေခဲ့သည်။

အောက်တိုဘာ ၉ ရက်မှုန်းလွဲ ၂ နာရီတွင် အနောက်ပိုင်း ဆေးရုံမှကြီ အောသုသာန်သို့ ပို့ဆောင် သဂြိတ်ပေးမှုသိခသည်။

(၉-၁၀-၇၈)

တနင်္လာနေ့၊ မွန်းလွဲ ၂-နာရီတွင် ဆရာကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်အလောင်းကို ရန်ကုန် အနောက်ပိုင်း ပြည်သူ့ ဆေးရုံကြီးမှ ကြံတော သုသာန်သို့ ပို့ဆောင်၍ မီးသဂြိုဟ်ကြသည်။

http://www.dhammadownload.com

စည်ကားသိုက်မြိုက်စွာ ဆရာကြီးဦးပဂ္ဂိုဠ်၏ အသုဘလိုက်ပါပို့ဆောင်ကြသော လောကသားအားလုံးတို့မှာ အစားထိုးမရသော ဆုံးရှုံးမှုကြီးတစ်ရပ်ကို တွေ့ထိခံစားကြရင်း သံဝေဂတရားပွားများကြပါသည်။

ဆရာကြီး၏ ပ-သုံးလုံး ဝိပဿနာသင်တန်းသား အပေါင်းတို့အဖို့မူကား ရွှေတောင်ကြီး ကွယ်သွားဘိသကဲ့သို့ဖြစ်ကာ မိမိတို့၏ စိတ်၊ စေတသိက်တို့ ဖြစ်ပျက်နေသည်ကို ဝိပဿနာဉာဏ်ဖြင့် ရှုမြင်နေမိကြသည်။

သို့သော်လည်း ဆရာကြီးနောက်ဆုံးမှာကြားသွားသော "တပည့်အပေါင်းတို့ တရားအမွေခံဖြစ်ကြပါစေ" ဆိုစကားကို မြေဝယ်မကျ နားထောင်ရန်မှာ တပည့်အပေါင်း၏တာဝန်ဖြစ်သည်ကို ကောင်းစွာသတိထားလျက် အသိတရား ရနေကြပါသည်။

ဤသို့သော သဒ္ဓါစွမ်းအားကြောင့် ပဓာန နာယက ဆရာတော်ဘုရားကြီးသုံးပါး ဖြစ်ကြသော ဦးအဂ္ဂဝံသ၊ ဦးကုသလနှင့် ဦးဇောတိကတို့၏ ဩဝါဒကို အမြဲခံယူလျက် ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်ကြီးသည် "ဝိပဿနာဘာဝနာပညာသာသနာ" အတွက် စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်လျက် ရှိပါသည်။

ပဓာနနာယက ဆရာတော်သုံးပါးနှင့် ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် အမှုဆောင်များ၏ ကြီးမားသောသဒ္ဓါအား၊ ဝိရိယအားကြောင့်ပင် ယခုအချိန်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အရှေ့ဘက်စောင်းတန်းဦး၊ ဗဟန်းကြားတောရလမ်းမကြီးပေါ်တွင် "ဝိပဿနာပညာတက္ကသိုလ်" ကြီးကို ခဲ့ညားထည်ဝါစွာ ဖွင့်ထားနိုင်ခဲ့ပါသည်။

ဆရာကြီးဦးပဂ္ဂိုဠ်ကိုယ်တိုင် ဝိပဿနာဘာဝနာပညာမျိုးစေ့ချပေးခဲ့သည်ကို ပဓာနနာယကဆရာတော်ကြီးသုံးပါးနှင့် ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်၏ ကြိုးစား ဆောင်ရွက်ချက်တို့ကြောင့် ဝိပဿနာသာသနာ သစ်ပင်ကြီးသည် ယခုအချိန် တွင်အကိုင်း အခက် အရွက်တို့နှင့် စည်ပင်ဝေဆာလျက်ရှိပါသည်။ ကြီးမားသော ပင်စည်၊ ခိုင်မြဲသော အမြစ်ကြီးများနှင့် ခိုင်မာစွာ ရပ်တည်လျက်ရှိပါသည်။

"ဝိပဿနာ" သာသနာသစ်ပင်ကြီးသည် အကိုင်း၊ အခက်၊ အရွက်၊ အခွံ အခေါက် အကာတို့နှင့်သာကြီးမားနေခြင်းမဟုတ်ဘဲ ကြီးမားသောပင်စည်ကြီးတွင် ပြည့်ဝသော အနှစ်နှင့်တူသည့် "ဓမ္မသဘာဝကြီး" နှင့် ရပ်တည်လျက်ရှိပေသည်။

မင်းလှ မြတ်ထွေး

ကျမ်းကိုးစာရင်း (နှစ်အလိုက်)

၁။ ကြီးပွားချမ်းသာရေး၊ ဦးပဂ္ဂိုဠ်၊ ၁၉၂၀ စ၍ ၁၉၃၀ ပြီးသည်။
၂။ တိုးတက်ရေးမဂ္ဂဇင်း၊ ဦးပဂ္ဂိုဠ်၊ ၁-၁၀-၁၉၃၃ စတင်ထုတ်ဝေသည်။
၃။ တိုးတက်ရေးလက်စွဲ၊ ဦးပဂ္ဂိုဠ်၊ ပီမိုးနင်း၊ ၁၇နှစ်နတ်ရှင်၊ ၂၈-၁၁-၃၅။
၄။ ဘားမားကျာနယ်၊ ဦးပဂ္ဂိုဠ်၊ ၆-၆-၃၆ စတင်ထုတ်ဝေသည်။
၅။ တိုးတက်ရေးသတင်းစာ၊ ဦးပဂ္ဂိုဠ်၊ ၁၉၃၆ စတင်ထုတ်ဝေသည်။
၆။ သတင်းစာဆရာနှင့် သတင်းထောက်၊ ဦးပဂ္ဂိုဠ်၊ ၁၉၃၇။
၇။ ဂျပန်စကားသင်ဆရာ၊ ဦးပဂ္ဂိုဠ်၊ ၁၀-၆-၄၃။
၈။ တက်လေ့ကား၊ ဦးပဂ္ဂိုဠ်၊ ၁၉၄၅၊ ဖီဇင်ဘာ။
၉။ ၉ ကုဋေဦးကာ၊ ဦးပဂ္ဂိုဠ်၊ ၁၉၄၆၊ ဇန်နဝါရီ။
၁၀။ ဘုရင်ခံနှင့် ဖဆပလသို့ ဦးပဂ္ဂိုဠ်၏ အရေးပေါ်စာတမ်း၊ ဦးပဂ္ဂိုဠ်၊ ၁၉၄၆။
၁၁။ ဗမာနှင့်ဘင်္ဂလီ၊ ဦးပဂ္ဂိုဠ်၊ ၁၉၄၆။

http://www.dhammadownload.com

၁၂။ ဝဏ်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသို့ ဘဏ်၊ ငွေစက္ကူ ငွေတန်ဘိုး ကိစ္စအဝဝတို့အတွက် အစီရင်ခံစာ၊ ဦးပဂ္ဂိုဠ်၊ ၃-၁၁-၅၀။

၁၃။ ဝိပဿနာအခြေခံနှင့် အဖြေမှန်၊ ဦးပဂ္ဂိုဠ်၊ ၁၂-၈-၅၂။

၁၄။ ဂန္ဌိရဝိပဿနာရှုဘွယ် (ပ)တွဲ၊ ဦးပဂ္ဂိုဠ်၊ ၁၄-၆-၅၄။

၁၅။ ဂန္ဌိရဝိပဿနာရှုဘွယ် (၃)တွဲ၊ ဦးပဂ္ဂိုဠ်၊ ၃-၁၀-၅၄။ (ပ+၃) ၁၉၇၈၊ စက်တင်ဘာ။

၁၆။ ဟန်ကျပန်ကျနှင့် စိတ်တန်ခိုး၊ ဦးပဂ္ဂိုဠ်၊ ပိဓိုးနင်း၊ ၁၉၅၅၊ မတ်လ။

၁၇။ အလုပ်၊ ကံနှင့် စိတ်တန်ခိုး၊ ဦးပဂ္ဂိုဠ်၊ ၆-၃-၅၅။

၁၈။ အလုပ်၊ ကံနှင့် စိတ်တန်ခိုး၏ နောက်ဆက်တွဲ ဈာ-ဇီ-အဲလ်၊ ဦးပဂ္ဂိုဠ်၊ ၆-၃-၅၅။

၁၉။ သင်ပုန်းချေငြိမ်းချမ်းရေးနှင့် အလုပ်လက်မဲ့ပြဿနာ၊ သင်ပုန်းချေငြိမ်းချမ်းရေးစာတမ်းနှင့် ဦးပဂ္ဂိုဠ်၏ ငြိမ်းချမ်းရေးကမ္မဋ္ဌာန်း၊ ဦးပဂ္ဂိုဠ်၊ ၁၀-၁၂-၅၇။

၂၀။ ဂန္ဌိရဝိပဿနာရှုဘွယ် (တ) တွဲ၊ ဦးပဂ္ဂိုဠ်၊ ၁၉၆၂၊ ဇူလိုင်။

၂၁။ ဝိပဿနာဘာဝနာ နှစ်စောင်တွဲ၊ ဦးပဂ္ဂိုဠ်၊ ၂၄-၄-၆၃။

၂၂။ **Gotama The Buddha**၊ (အင်္ဂလိပ် မြန်မာ)၊ ပထမမိန့်ခွန်း၊ ဦးပဂ္ဂိုဠ်၊ ၂၇-၁၂-၇၀(မြန်မာ)၊ မတ် ၁၉၇၃(အင်္ဂလိပ်)

၂၃။ ဝိပဿနာပညာ မိန့်ခွန်း၊ ဦးပဂ္ဂိုဠ်၊ ၂၀-၂-၇၂။

၂၄။ မြန်မာ့အကျိုးနှင့် ကမ္ဘာ့အကျိုး၊ ဦးပဂ္ဂိုဠ်၊ ၁၉၇၅။

၂၅။ မြန်မာ့ဗလခရိုးနှင့် ကာ်ယဗလဖခင် (ပ) + (၃)၊ ဦးကျော်မြင့်လွင်၊ ၁၉၇၅။

၂၆။ စာ-နယ်-ဇင်း သမိုင်းစာတမ်းများ၊ ပထမတွဲ၊ စာပေဗိမာန်ထုတ်၊ ၁၉၇၅။

၂၇။ ဝိပဿနာပညာသည် ဒုလ္လဘ၊ ဦးပဂ္ဂိုဠ်၊ ၁၉၇၇။

၂၈။ ကြေးမုံသတင်းစာ၊ ၇-၁၀-၁၉၇၈။

၂၉။ မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်၊ ၁၉၇၉။

၃၀။ မြန်မာစာပေ အဘိဓာန်၊ မလိခ၊ ၁၉၈၅၊ ဇူလိုင်။

၃၁။ ဝိပဿနာဘာဝနာ အနှစ်ချုပ်ကျင့်ဖွယ်၊ ဘဒ္ဒန္တဇောတိက၊ ၁၉၉၆။

၃၂။ စာနယ်ဇင်း၊ တက္ကသိုလ် တင်ခ၊ ငွေတာရီမဂ္ဂဇင်း၊ အမှတ် ၄၄၊ ၁၉၉၇၊ မေလ။

၃၃။ ပရကထာ၊ ပါရဂူ၊ ၁၉၉၈၊ ဇန်နဝါရီ။

သံတူကြောင်းကွဲ

* အဖိုးထိုက်စွ
ဓနဥစ္စာ၊ များသူငါတို့
သေတ္တာလုံပိတ်၊ သော့ခတ်နှိပ်၍
သိုသိပ်ထားတတ်၏။

* ထိုနည်းမကွာ
ငါခန္ဓာလည်း၊ မကြာမနေး
မဝေးကွာလ၊ ချိန်ခဏတွင်
မုချစင်းစင်း၊ သေတ္တာတွင်းသိပ်
ကမ္ဘည်းနှိပ်၍
ဖုံးပိတ်ကြဦးမည်။

* ဤသို့ သိုသိပ်
ကမ္ဘည်းနှိပ်၍၊ ဖုံးပိတ်ခြင်းကား
ဖိုးများထိုက်၍ မဟုတ်ပေ၊
သိမ်းထားရန်လည်း မဟုတ်ပေ။

* အမှန်သစ္စာ
ဆိုရပါမူ၊ လွန်စွာရွံမုန်း
ချည်းနှီးတုန်းမို့၊ အသုံးမကျ
စွန့်ပစ်ကြဖို့
ဖုံးကြ ပိတ်ကြခြင်းသာတည်း။

ပ-သုံးလုံး ဘိက္ခု

(ဝိတ္တယာထေးဒယကးထိုးရဲ့ဟာဝေ)

။ဦးလခဒရဲဒဂေးခန်းကးဦ ဒဂေးဒဂမးယြေးဆ ဝိုးဆးပေးဂိန်ရဲဂြင်းကးဂဒ ဂဝိုးဂေးထဟာဝယ်ထဦးလိုးလဲ
။ဝဲ့ခံးဂခးန်ထဒက ယွးဦးဂိုးဂါးဂိ ဂေးကးဂဒ ဒယွဒယွဒယြထ ဂၢထထ ယဒွဲမြဂးဦးယြထ ဂယးဂယးယွ ယွးဂါးဂမဒဒွိုဂ ဂကးဂဒိးဂါး ယွန်ဒ
ဂၢထးလခဟကမွဂလဲ ဒုံန်ဂၢထထင်ပထးဂုဂဆမဒဂမ ဒယိးယြပြဂဂိဝ ဂၢန်ရွိဒဂယိဒ မွိးဒလးထဲဂပဲဟမိဒ ယးဒယိုဝ ဂကခဇုံးထန်ယ

၅၅-၀၀-၆

ဟွဝကထွဲ

HANTHAWADDY



http://www.dhammadownload.com

ဝိပဿနာပြန်ပွားရေးတဖွဲ့.



ရှေ့တန်း(ဝဲမှယာ) ဦးစစ်မောင်၊ဦးကံလှိုင် (ဆော်သြတရားမှူး)၊ ဦးဓမ္မာဝင်၊ဦးစိန်ညွန့် (အကျိုးဆောင်ချုပ်)၊ ဦးတင်လင်း၊ ဦးအောင်သန်း၊ဦးဘလတ်(ပစ္စည်းထိန်းမှူး)။ အလယ်တန်း (ဝဲမှယာ) ဦးမင်းရှိန်၊ ဦးလှအောင်၊ ဦးသူတော်(ဥက္ကဋ္ဌ)၊ ဆရာတော် ဦးကုသလ၊ဦးပကျိုင်(ဒု-ဥက္ကဋ္ဌ)၊ ဦးဘသန်း၊ဦးကျိုက်သော်(တွဲဘက်အကျိုးဆောင်၊အထွေထွေ)။ နောက်တန်း (ဝဲမှယာ) ဒေါ်သောင်း ရွှေ၊ဒေါ်ပြရင်၊ဦးသိုက်အောင်(စာရင်းစစ်)၊ ဦးသန်းအောင်(ဒု-ဥက္ကဋ္ဌ)၊ ဦးစိန်ထွန်း၊ ဦးမောင်ဦး၊ ဦးစိန်ဝင်း (အကျိုးဆောင်၊သင်တန်း)၊ဦးမြတ်ဇင်၊ဦးစိန်ကြည်(ဘဏ္ဍာရေးမှူး)၊ဒေါ်ခင်သန်း။ မတက်ရောက်နိုင်သူများ ဦးကျင်ဇေ (အကျိုးဆောင်၊အထွေထွေ)၊ ဦးဝံထွန်း၊ဦးဘအောင်၊ဦးဝိုးမြင့်၊ဒေါ်စိန်ယဉ်၊ဦးခင်ဆွေ၊ဦးတင်အောင်။

http://www.dhammadownload.com

http://www.dhammadownload.com

ภาพที่ ๑ พระเจ้าอยู่หัวและสมเด็จพระนางเจ้าฯ พระบรมราชินี ทรงเยี่ยมราษฎรที่ประสบอุทกภัย ณ ตำบลบางกุ้ง อำเภอบางไทร จังหวัดพระนครศรีอยุธยา เมื่อวันที่ ๑๐ กันยายน ๒๕๒๕ (๑/๑)

"ข้าพเจ้าขอถวายความจงรักภักดี ต่อพระเจ้าอยู่หัวและสมเด็จพระนางเจ้าฯ พระบรมราชินี ด้วยเกล้าด้วยกระหม่อม ขอพระองค์ทรงพระเจริญ ขอพระองค์ทรงพระเจริญ ขอพระองค์ทรงพระเจริญ"

http://www.dhammadownload.com

ဆရာတော်ဘုရားကြီးနှင့် ရွှေတိဂုံဘုရားပေါ်တွင် ပူဇော်ပွဲခံကြသော ဒကာ ဒကာမများ

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီးပေါ်တွင် ဆရာတော်ဘုရားကြီးနှင့် ဒကာ ဒကာမများ ပူဇော်ပွဲခံကြစဉ်က ရိုက်ကူးထားသော ဓာတ်ပုံ။ ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓဟူးနေ့ ဖွားမြင်တော်မူသော ကြောင့် ဗုဒ္ဓဟူးနေ့သားများ ပူဇော်ပွဲခံကြခြင်း ဖြစ်သည်။ ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓဟူးနေ့ (၀၀) သားတော်ဖြစ်ကြောင်း ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသည်။ ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓဟူးနေ့ (၀၀) သားတော်ဖြစ်ကြောင်း ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသည်။



ဆရာတော် ဦးကုသလ ဓမ္မဒါန ပြုနေပုံ။

၁၃၃၂-ခုနှစ် ဝါတွင်းတွင် ရန်ကုန်မြို့ ရွှေတိုရုံဘုရားလမ်းရှိ ရွှေကျင်မြို့နယ် ဓမ္မာရုံကြီး၌ ရဟန်းတော် (၁၂၀) တရာ့နှစ်ဆယ်ကျော်တို့အား ဝိပဿနာပြန့်ပွားရေးအမွဲမှ ဆရာတော် ဦးကုသလသည် ဥပုသ်နေ့တိုင်း နေ့လည် ၂-နာရီမှ ၃-နာရီအထိ ဝိသုဒ္ဓိမင်ကို မူတည်လျက် ဝိပဿနာ ဘာဝနာ ပွားများနည်းကို ဓမ္မဒါန ပြုနေပုံ (ရိုက်ကူးသောနေ့ ၁၀-ဂ-၇၀)

ထို့အတူ ဆရာတော်သည် တနှစ်ပတ်လုံး တနင်္ဂနွေနေ့ နံနက်တိုင်း ဂ-နာရီမှ ၉-နာရီအထိ ထိုဓမ္မာရုံကြီး၌ပင် တကာ-တကာမ(၈၀)ရှစ်ဆယ်ကျော်တို့အား ဝိပဿနာ ဘာဝနာ ပွားများနည်းကို သင်ပြပေးဝေလှူဒါန်းလျက် ရှိရာ မည်သူမဆို တက်ရောက်နိုင်ပါသည်။

http://www.dhammadownload.com



ဆရာကြီး ဦးပဂ္ဂိုဠ် ဓမ္မဒါန ပြုနေပုံ။

၅၂ပုံမှာ အမဲ့မှ ဆရာတော်ဦးကုသလ ဓမ္မဒါနပြုအပြီးတွင် နေ့လည် ၃-နာရီမှ ၄-နာရီအထိ ဆရာကြီးဦးပဂ္ဂိုဠ်က (ပ-သုံးလုံးကို ပူတည်လျက်) ပဋိဝေဓသို့ ဆိုက်ရောက်နိုင်ရန် ထူးခြားစွာ ပရိယတ္တိနှင့် ပဋိပတ္တိ ၂-ရပ်တို့ကို ပူးတွဲကာ ဓမ္မဒါနပြုနေပုံ။ (ရိုက်ကူးသောနေ့ ၁၀-၈-၇၀)

ထိုနည်းတူစွာ ယင်းရွှေကျင်ဓမ္မာရုံကြီး၌ပင် ဆရာတော် ဦးကုသလနှင့် ဆရာကြီး ဦးပဂ္ဂိုဠ်တို့က တနှစ်ပတ်လုံး တနင်္ဂနွေနေ့ နံနက်တိုင်း ၈-နာရီမှ ၁၀-နာရီအထိ ပရိယတ္တိနှင့် ပဋိပတ္တိတို့ကို ပူးတွဲကာ လူပရိသတ်တို့အား ဝိပဿနာ ဘာဝနာ ပွားများနည်းကို သင်ပြပေးနေပါသဖြင့် မည်သူမဆို ကြွရောက်သင်ယူတော်မူနိုင်ကြပါသည်။

http://www.dhammadownload.com



အသျှင်ကုသလ ဓမ္မဒါန ပြုနေပုံ

အဖွဲ့မှ အသျှင်ကုသလသည် ၁၃၃၃-ခုနှစ် ဝါတွင်းဥပုသ်နေ့တိုင်း ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း၊
ရွှေကျင်မြို့နယ် ဓမ္မာရုံကြီး၌ ရဟန်းတော်များအား ဝိပဿနာပညာကို ဓမ္မဒါနပြုနေပုံ။

http://www.dhammadownload.com

http://www.dhammadownload.com

ဓမ္မာစရိယ ဦးဝိစိတ္တ
ပါမောက္ခချုပ်၊ ဗုဒ္ဓဘာသာနှင့်ပါဠိတက္ကသိုလ်
ဒုတိယဘုရားရှိခိုးခန်းမဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဆရာတော်ဘုရားကြီး
(၁၇-၇-၈၄)

http://www.dhammadownload.com



ဝိပဿနာပညာတက္ကသိုလ်

ပ – သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်



http://www.dhammadownload.com

ဆရာကြီးဦးပဏ္ဍိုင်၏ ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြု ကျေးဇူးဆပ်ခြင်း

ကျွန်ုပ်တို့သည် ကြုံတောင့်ကြုံခဲလှသည့်
ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကြီးနှင့် ကြုံရ ဆုံရခိုက်တွင်
မြတ်စွာဘုရားရှင်၏ အလိုတော် "ဆန္ဒ" နှင့်အညီ
သတ္တဝါ အများတို့အား သံသရာတည်းဟူသော
ဘဝ - "ခန္ဓာ" - ဝဋ် - "ဒုက္ခ" အပေါင်းမှ ကင်းရာအမှန်
အေးငြိမ်းချမ်းသာရာ အမြတ် "နိဗ္ဗာန်"သို့သာ
ရ-ရောက် ပေါက်မြောက်ကြရန်
ရည်သန် ဆောင်ရွက်ကြခြင်းပင် ဖြစ်ပေသည်။

× × ×

ထိုအေးငြိမ်းချမ်းသာရာ "နိဗ္ဗာန" ဓာတ် အမြတ်တရားသို့
ကပ်ရောက်ရန်မှာမူကား
မဂ္ဂင် (၈)ပါးတည်းဟူသော "ဗုဒ္ဓသာသနာ" ၏
အဆုံးအမ - သီက္ခာ (၃)ပါး အမှန်တရားကိုသာ
"ဝိပဿနာ" မြတ်ပညာဖြင့် "နည်းမှန် လမ်းကျ" အားထုတ် ကျင့်ကြံနိုင်မှ
ရ-ရောက် ပေါက်မြောက်နိုင်ပါသည်။
ဤအရာတွင် ဆရာကြီးများ အထူး မှာတမ်းပြုခဲ့သည်မှာ
သမ္မာဒိဋ္ဌိ ဉာဏ်အရာ အသိဉာဏ်ဝိဇ္ဇာကို ဦးထား ကျင့်ကြံစေသည့်
အကျင့် - "စရဏ" - ဝိပဿနာ ပွားများမှုမျိုးကိုသာ
"ဗုဒ္ဓ၏ အလိုတော်ကျ" ဖြစ်စေရန် အဓိကထားကာ
မဟာပဒေသလေးပါး တရားနှင့်အညီ "တိုင်းထွာ စိစစ်ပြီး"
သစ္စာလေးပါး တရားသဘောနှင့် မဟာသတိပဋ္ဌာန်လာ ကျင့်စဉ်တရားတို့ကို
"အမှန်တရားရောက်အောင်" သေချာ ကျန ဟောပြော ပြသကြဖို့
အထပ်ထပ် မှာကြားခဲ့ပါ၏။
ယခုအခါ ကျွန်ုပ်တို့အား
နည်းလမ်းတကျ ကျင့်ကြံပွားများတတ်အောင် "မျိုးစေ့ချ" ပေးခဲ့သော
ကျေးဇူးတော်ရှင် "ဆရာကြီး၏ဂုဏ်" ကို
ရည်မှော်ပူဇော်သည့် "ရာပြည့် ပူဇော်ပွဲကြီး" နှင့် ကြုံကြိုက်ပါသဖြင့်
ဆရာကြီးတို့ အထူးကြိုးစားကာ "မူချ" သင်ပြခဲ့သော သင်ကြားနည်း နာယူနည်းသဘောများကို
ပြန်လည် ထုတ်ဖော်ပေးခြင်းအဖြစ်နှင့်သာ ကျေးဇူးဆပ်လိုက်ရပါကြောင်း ။

ဆရာဦးသန်းအောင် (ဓမ္မရက္ခိတ)
ကျိုက်ဝိုင်း၊ သမိုင်း။

http://www.dhammadownload.com

ဗုဒ္ဓဝါဒ၏ တရားသဘောဆိုင်ရာ ဖြန့်ဝေမှုနှင့် ဆရာကြီးဦးပဂ္ဂိုဠိ၏ နည်းပေး လမ်းပြ သင်ကြားချက်များ

ဆရာဦးသန်းအောင် (ဓမ္မရက္ခိတ)

"ဗုဒ္ဓဝါဒ" တရားသဘောများနှင့် ဖြန့်ဝေမှု၊ နည်းပေး သင်ကြားမှုဆိုင်ရာ ရှင်းလင်းချက်

၁။ **ဗုဒ္ဓမြတ်စွာ၏ တရားသဘောဟူသည်မှာ -**

လောကီ၊ လောကုတ္တရာဆိုင်ရာ "ဓမ္မ" - သဘာဝမှန်သမျှသည် သူ့သဘော သူ့ဆောင်ကာ ဖြစ်လာသည့် တရားများဟု ကြောင်းကျိုးညီညွတ်စွာ ပေါ်လွင်အောင် ဟောဖော်ပေးသော သဘာဝတရား - "အနတ္တ"ဝါဒ သာတည်း။

ထို "အနတ္တ"ဝါဒ သဘာဝတရားကို သိမြင်အောင် ထုတ်ဖော်ရာ၌ တရားအားလုံးကို ကိုယ်တိုင်မှန်စွာ သိမြင်တော်မူသည့် "သပ္ပညုတ" ဉာဏ်ရှင်၊ "သမ္မာသမ္ဗုဒ္ဓ" ဂုဏ်ရှင် (ဘုရားရှင်)မှိုး တစ်ဆူ တစ်ဆူ ပွင့်ထွန်းပေါ်ပေါက်ကာ ထုတ်ဖော်ဟောကြားပေးတော်မူမှသာ သိမြင်နိုင်ရာသော ရတောင့်ရခဲလှသည့် "ဒုလ္လဘ" တရားမျိုး ဖြစ်ပါ၏။

၂။ **ထို သဘာဝ-"အနတ္တ"ဝါဒ တရားသဘောများကို ဖြန့်ဝေမှု (သာသနာပြုမှု) ဟူသည်မှာ -**

ဗုဒ္ဓဝါဒ၏ အဆုံးအမ-"သာသနာ"ဟူသော မဂ္ဂင်ရှစ်ပါး တရားသဘောသို့ သက်ဝင်သည့် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို "မိမိ၊ သူတစ်ပါး နှစ်ဦးသားတို့" ပြည့်စုံအောင် ဆောင်ရွက်ပေးနိုင်မှသာ ဗုဒ္ဓ၏ တရားသဘောအစစ်အမှန်ကို ဖြန့်ဝေရာ (သာသနာပြုရာ) ရောက်ပေမည်။

၃။ **ဆရာကြီး၏ နည်းပေး လမ်းပြ သင်ကြားချက်ဟူသည်မှာ -**

ဗုဒ္ဓဝါဒ၏ အနှစ်သာရ ထိုမဂ္ဂင်တရားကိုယ်ထိုက်သည့် ပညာမဂ္ဂင်အရာ ကျင့်သိက္ခာ၏ အဓိကဖြစ်သော ဝိပဿနာမြတ်ပညာကို (ဝါ) အနတ္တပညာကို သတ္တဝါအများတို့အား ခုန္ဓာဒုက္ခ ငြိမ်းရာ နိဗ္ဗာန်သို့ ရစေရောက်စေလိုသည့် ဗုဒ္ဓမြတ်စွာ၏ ဆန္ဒတော်နှင့်အညီ သဘာဝသစ္စာ အမှန်တရားကိုသာ ဉာဏ်တွင်းကပ်ရောက် ပေါက်မြောက်အောင် ကျင့်ဆောင်နိုင်သည့် နည်းလမ်းများကို ပြည့်စုံအောင် ဆောင်ရွက်နိုင်စေရန် သင်ပြပေးခြင်း၊ သင်ယူနိုင်ခြင်းပင် ဖြစ်ပါ၏။

ဆရာကြီးဦးပဂ္ဂိုဠိ၏ သင်တန်းနှင့် သာသနာပြုဆိုင်ရာ သင်ကြားချက်

ကျွန်ုပ်သည် ဆူးလေစေတီတော်၊ အာဘိဓမ္မာပြန့်ပွားရေးအသင်း၌ ဆရာကြီးသင်ကြားနေသည့် ဝိပဿနာ တရားသင်တန်းသို့ ၁၉၆၃-ခု၊ ဧပြီ ၂၈-ရက်၊ တနင်္ဂနွေနေ့သင်တန်းတွင် စတင် သင်ကြားဖြစ်သည်။ (သင်တန်း စတင်ပြသည်မှာ ၂၄-၄-၆၃ ဖြစ်၏။)

သင်တန်းမှာ တစ်ပတ်လျှင် ၂-ကြိမ်၊ တနင်္ဂနွေ၊ ဗုဒ္ဓဟူးတွင် ပြသရာ ၃-ကြိမ်မျှ တက်ရောက်သင်ကြားသည်အထိ ဟောပြောသည့်တရားနှင့်ဆိုင်ရာ ဝေါဟာရများကို နားမလည်သဖြင့် ဘာပြော၍ ဘယ်သို့ဆိုသည်ကို သဘောမပေါက်ခဲ့ပါချေ။

http://www.dhammadownload.com

ထို ၃-ကြိမ်မြောက် သင်တန်းအပြီးတွင်ပင် ဆရာကြီးက ၎င်းသင်ကြားသည့် တရားသဘောများကို နားမလည်ပါက အချိန်မရွေး အိမ်မှာလာရောက်မေးမြန်းနိုင်ကြောင်း ဖိတ်ကြားရာ ထိုတနင်္ဂနွေ၊ ဗုဒ္ဓဟူးသင်တန်း၏ နောက်ရက်ဖြစ်သည့် တနင်္လာ၊ ကြာသပတေးရက်များတွင် ဆရာကြီး၏အိမ်၌ လာရောက်သင်ကြားလိုကြောင်း ခွင့်တောင်းကာ သီးသန့် တက်ဖြစ်ပါသည်။

ထိုသို့ သင်ကြားရာမှ နာမ်၊ ရုပ်၊ ခန္ဓာ စသည်များကို နားလည်နိုင်ရန် အဘိဓမ္မာဆိုင်ရာ သင်္ဂြိုဟ်ကျမ်းမှ စိတ်၊ စေတသိက်၊ ရုပ်ပိုင်းလောက်အထိ အခြားတစ်နေရာ၌ သင်ဖို့ ညွှန်ကြားသဖြင့် ကြည့်မြင်တိုင်ကျောင်းကြီးကျောင်းတိုက်၊ ရွှေပြည်တိုက်ကျောင်းမှ ဦးလေးတော်သူ ဆရာတော်ဦးကျန်ဒြိယအထံတွင် အင်္ဂါနှင့် သောကြာရက်များတွင် ခွင့်ပန်ကာ (တရားဝေါဟာရ ဆိုင်ရာများကိုပါ မေးမြန်းမှတ်သားရခြင်း အပါအဝင်) သင်ကြားဖြစ်ပါသည်။

ထိုကဲ့သို့ တစ်ပတ်လျှင် တနင်္ဂနွေမှ သောကြာအထိ ၆-ရက်တက်ပြီး စနေနေ့တွင် ထိုသင်ပြီးသမျှတို့ကို ပြန်လည်စိစစ်ကာ သင်ကြားခဲ့ရာ ၂-လခွဲခန့် အကြာတွင် ဆရာကြီးသိစေလိုသည့် -

* ဗုဒ္ဓဝါဒ "အနတ္တ" သဘောနှင့်
* သာသနာတော်၏အနှစ်သာရ။

အဆုံးအမ=သာသနာ။

* သီလ၊ သမာဓိ၊ ပညာ = သိက္ခာ ၃-ပါးသဘောကို နားလည် သဘောပေါက်ကြောင်း ဆရာ့အား ပြောကြားမိပါသည်။

ဤတွင် မည်မျှအထိ သိရှိသဘောပေါက်သည်ကို ပြန်လည်မေးမြန်း စစ်ဆေးကာ ကျေနပ်မှုရှိပြီးနောက် ထိုမဂ္ဂင်တရားကိုယ်ထိုက်သည့် သိက္ခာ ၃-ရပ်ကို မိမိက စတင်တည်စေကာ အများအကျိုးအတွက်ပါ သာသနာပြုရမည်ဖြစ်ကြောင်း တိုက်တွန်းပြီးမကြာမီ ၎င်း၏အဖွဲ့တွင် အကျိုးဆောင်ရန် တာဝန်ပေးပါသည်။

ဤနေရာ၌ ဆရာကြီးတို့၏ ဝိပဿနာဘာဝနာပြန့်ပွားမှု ဆောင်ရွက်ရာတွင် မည်သည့်ရည်ရွယ်ချက်ဖြင့် ကြိုးစားပြုလုပ်ကြသည်ကို သိရှိရန် လိုအပ်ပါသည်။

ဆရာကြီးများ နည်းခံသင်ကြားခဲ့စဉ်အခါက - လောကီ၊ လောကုတ္တရာ နှစ်ဖြာလုံးကို တိုးတက် ကြီးပွားစေလိုသည့် ပညာရှိ သူတော်ကောင်း ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်ပညာရှိကြီးများထံ၌ နည်းမှီးခဲ့ရသဖြင့် သာသနာတော်၏ သမိုင်းစဉ်တစ်လျှောက် အနှောင့်အယှက် အဖျက်အဆီးရှိလာတိုင်း ဆရာ ဒကာ အပြန်အလှန် ကူညီစောင့်ရှောက်ခဲ့ရပုံ စသည်များကို သိခဲ့သည့်အပြင် မိဘသဖွယ် ကိုးကွယ်ဆည်းကပ်ကာ သင်ကြားခဲ့သည့် ဆရာကြီးဆရာဘီနှင့် ဆရာကြီးဦးသူတော်တို့ထံမှ သာသနာတော်ကို စောင့်ရှောက်ရာတွင် "အဓိက"ကျသည့် (အချက်အလက်) ပညာရပ်များကို ၎င်းရရှိခဲ့သည့်အတိုင်း ပြောဆို သင်ကြားပေးသဖြင့် အထူးမှတ်သားထားမိပါသည်။ (ထိုအကြောင်းအရာများကို အလျဉ်းသင့်ရာ စာစဉ်တွင် ဖော်ပြပါမည်)

ကျွန်ုပ် သင်ကြားခဲ့ရာတွင် အခက်အခဲတွေ့ခဲ့ရသည့် တရားဓမ္မဆိုင်ရာ ပါဠိ စသော အခေါ်အသုံးများ၊ နာမ်၊ ရုပ်၊ ခန္ဓာ၊ ဝဋ္ဌ ၃-ပါး၊ ကိလေသာတရား စသည်များ၏ အစိတ်စိတ်၊ အရေအတွက်များ စသည်ဖြင့် မသိသည်များကို သိနိုင်အောင် ကြိုးစားသင်ကြားမိရသည်မှာ ဆရာကြီး၏ (ပညာ၊ ဥစ္စာ စသည် ရှာကြံရာတွင်) လိုအပ်သည့် နည်းပညာနှင့် ကိုယ်ရောစိတ်ပါ မြော်မြင်ထက်သန်မှု ရှိလာအောင် တိုက်တွန်းအားပေးမှုကြောင့်ပင် ဖြစ်ပါသည်။

ဤသို့ ဖော်ပြရခြင်းသည် ယခုဤစာကို ဖတ်ကြရသူများသည် ထိုမျှလေးနက်လှသည့် တရားများကို သိနိုင်အောင် ကြိုးစားကာ ဆရာကြီးများ၏ သာသနာပြု ပြန့်ပွားမှုတွင် အတူတကွ ဆောင်ရွက်နိုင်ကြစေရန် ရည်သန်ဖော်ပြရပါ၏။

ဆိုလိုရင်း အချုပ်မှာ -

ဆရာကြီးတို့၏ ကြီးမားသောဆန္ဒနှင့် ရည်ရွယ်

http://www.dhammadownload.com

လုပ်ဆောင်ပုံများသည် ၎င်းတို့ အသိဉာဏ်ရှိသမျှ လောကဘက် ကြီးပွားစေမှုတွင်လည်းကောင်း၊ လောကုတ္တရာဆိုင်ရာတွင်လည်း အသက်နှစ်ဆယ်ကျော် အရွယ် ကြီးပွားချမ်းသာရေး စာအုပ်ရေးစဉ်ကပင် ဗုဒ္ဓ၏တရားသဘော၌ ပါရှိသည့် ကံ၊ ဉာဏ်၊ ဝီရိယ စသော အခြေခံများမှ စတင်ကာ အဆင့်ဆင့် တိုးတက် ကြိုးစားခဲ့မှုကြောင့်လည်းကောင်း သာသနာ ပြုမှု၌ ပို၍ကြိုးစားလိုခဲ့သည်။

* တရားကျမ်းပြုခြင်း
* အများသူငါတို့အား သင်ကြားပေးခြင်း
* ထက်အောက်နိုင်ငံတစ်ခွင် ကိုယ်တိုင် လှည့်လည်ကာ သာသနာ့အကျိုး ဆောင်ရွက်ပေးနိုင်ခြင်းများကို သိရှိ အတုယူကာ မိမိတို့ပါ ကြိုးစားနိုင်ကြစေလို၍ ဖြစ်ပါသည်။

ထောင်ရေးအဖွဲ့ဟူသော အမည်ဖြင့် စတင်ကာ ဆောင်ရွက်ခဲ့ကြ၏။

ဆရာကြီးဦးသူတော်အား ဥက္ကဋ္ဌ အကြီးအမှူး အရာထားပြီး ကိုယ်တိုင်နားလည်နိုင်ကြရန် တရားသင်တန်းပြုလုပ်ခြင်း၊ ဆွေးနွေးမှု အယူအဆ ညှိနှိုင်းမှုများအပါအဝင် ဟောပြောပွဲ ပြုလုပ်ခြင်းစသည့် နည်းများဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။

၁၉၅၂-ခုနှစ်မှ ၁၉၆၂-ခုနှစ်ထိ ၁၀-နှစ်တာ ကာလအတွင်း တရားကျမ်းစာများထုတ်ဝေခြင်းနှင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးကျင်းပချိန်တွင် တရားဓမ္မ ကျင့်စဉ်နှင့်ဆိုင်ရာ "ဝိသုဒ္ဓိမဂ်"ကဲ့သို့ ခေတ်နှင့်လျော်သည့် တရားကျင့်ရာ ကျမ်းတစ်ဆူ ဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့ကြပါ၏။

ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးကျင်းပချိန်တွင် တရားဓမ္မ ကျင့်စဉ်နှင့်ဆိုင်ရာ "ဝိသုဒ္ဓိမဂ်"ကဲ့သို့ ခေတ်နှင့်လျော်သည့် တရားကျင့်ရာ ကျမ်းတစ်ဆူ ဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့ကြပါ၏။

"ဝိပဿနာဘာဝနာ ထူထောင်၊ ပြန့်ပွားမှု" ရည်မှန်းချက် မူသဘောနှင့် ဆောင်ရွက်ချက်များ

ဝိပဿနာဘာဝနာဟူသော ဤလေးနက် ရင့်ကျက်သည့် တရားသဘောကို ပြန့်ပွားအောင် ဆောင်ရွက်ရာ၌-

အပြောနှင့် အလုပ်၊ အလုပ်နှင့် အပြော ညီညွတ်စွာရှိရန် လိုအပ်လှပေသည်။

ဆရာကြီးတို့သည် ထိုသဘောတရားကို အများအတွက်ပါ ရရှိစေရန် စတင်ကြိုးစားရာတွင် စိတ်သဘော ညီညွတ်သူများနှင့်အတူ စုစည်းကာ ပညာရှိ ဆရာကြီးဆရာလင်းအား ပင့်ဖိတ်ပြီး ဩဝါဒ ခံယူပါသည်။ **ပြန့်ပွားရေးထက် မိမိက စတင်ထူထောင်ရန် ဩဝါဒ ပေးပါသည်။**

ထိုဆရာကြီး၏ အကြံပြုချက်အရ ဆူးလေရင်ပြင်ရှိ လွန်း-ဦးလှတန်ဆောင်းတွင် ဝိပဿနာထူ ထိုကျမ်းစာမျိုး ဖြစ်မြောက်ရေးမှာ အကြောင်းအမျိုးမျိုးကြောင့် မအောင်မြင်ခဲ့ပါချေ။ ထိုသို့ ပျက်ကွက်ခဲ့မှုကြောင့် ကိုယ့်အား ကိုယ်ကိုးသဘောဖြင့် ကြိုးစားခဲ့ရာ ၁၉၆၂-ခုနှစ်တွင် "ဂမ္ဘီရဝိပဿနာရှုဘွယ်" (တတိယတွဲ)ကို ထုတ်ဝေပြီး "ဝိပဿနာဘာဝနာ ပြန့်ပွားရေးအဖွဲ့" အမည်ဖြင့် အများသူငါတို့အား ဖိတ်ကြား ကြေညာခဲ့ပေသည်။

ထိုအဖွဲ့တည်ရာ အမှတ် ၉၁၊ လူအိုရုံလမ်း (ဒေါ်သိန်းတင်လမ်း)၊ ကန်တော်ကလေးတွင်ရှိ ၎င်း၏နေအိမ်တွင် တရားသင်တန်းများနှင့် အခြားပြန့်ပွားရေးဆိုင်ရာများကို ဆူးလေ ဝိပဿနာဘာဝနာထူထောင်ရေးအဖွဲ့တွင် အတူဆောင်ရွက်ခဲ့ကြသော ဆန္ဒတူပုဂ္ဂိုလ်များနှင့်အတူ ဆရာကြီး ဦးသူတော်ကိုပင် ဥက္ကဋ္ဌအကြီးအမှူးပြုကာ ဆက်လက်ဆောင်ရွက်ကြပါသည်။

(ထိုထူထောင်ရေးပြုမှုတွင် ပါဝင်သူများနှင့် ဆောင်ရွက်မှုစသည်ကို အလျဉ်းသင့်ရာစာစဉ်တွင် ဖော်ပြပါမည်။)

http://www.dhammadownload.com

ဝိပဿနာအဖွဲ့တည်ရာနှင့် သင်တန်းများ တိုးချဲ့ဆောင်ရွက်ခြင်း

၁၉၆၃-ခုနှစ်မှ ၁၉၆၇-ခုနှစ်အထိ ငါးနှစ်တာ ကာလတွင်

* ဆူးလေ့၊ အဘိဓမ္မာ ပြန့်ပွားရေးအသင်းတွင် ၁၉၆၃-ဖြေ-၂၄ရက်နေ့ စတင်သင်တန်းနှင့်
* ၎င်းနှစ် အောက်တိုဘာအတွင်း စတင်သည့် အလုံ၊ ဧရာဝတီလမ်း (ဆရာကြီး၏အစ်ကိုရင်း) ဆရာကြီးဦးရှိန်(ကာယဗလ)အိမ်/သင်တန်း တွင် သင်ကြားသည်။
* ၁၉၆၄-ခုဋ္ဌ ၎င်းသင်တန်းများအပြင် ကြည့်မြင်တိုင် ကျောင်းကြီးတိုက် ရွှေပြည်တိုက်ကျောင်း ဆရာတော် ဦးဣန္ဒြိယ အမှူးပြုပြီး အဖွဲ့အစည်းကို ဝိပဿနာပြန့်ပွားရေးအဖွဲ့ ဟူသောအမည် ဖြင့် အဖွဲ့တည်ရာဌာနပါ ပြောင်းရွှေ့ကာ ၎င်းနှစ် ဦးကပင် စတင်၍ သင်တန်းဌာနတစ်ခု တိုးချဲ့ ဖွင့်လှစ်သည်။
* ထို ၁၉၆၄-၁၉၆၅ ခုနှစ်အတွင်းတွင်မူ - တရားသင်တန်းများ အခြားနေရာများ၌ပါ ဖွင့်လှစ်သည့်အပြင် နယ်မှဆရာတော်ကြီးများအား အဖွဲ့တည်နေရာတွင်လည်းကောင်း၊ ဆရာကြီး နေအိမ်နှင့် အခြားသင့်ရာနေရာများသို့ပင်ဆောင် လျှောက်ထားခြင်းအားဖြင့်လည်းကောင်း၊ ပြည်လမ်းရှိ အချို့မြို့ရွာများနှင့် မန္တလေးမြို့ပတ်ဝန်းကျင်ရှိ ဆရာတော်ကြီးများထံသို့လည်းကောင်း ကိုယ်တိုင်သွားရောက်ကာ လျှောက်ထားပါသည်။

ထို "ဝိပဿနာကျင့်စဉ်"အမှုန်တရား ပြန့်ပွားအောင် ကြိုးစားရာ၌ ဆရာတော်ကြီးများက ဦးဆောင်ပြုလျက် မိမိတို့အဖွဲ့၏ ရည်ရွယ် ပြုလုပ်ဆောင်ရွက်ချက်များကို ကူညီစောင့်ရှောက်တော်မူရန် လျှောက်ကြားခြင်းဖြင့်လည်းကောင်း၊ မြို့နယ်အများသို့ ဆက်သွယ်မိရာဆရာတော်များထံ စာရွက်စာတမ်းနှင့် စာအုပ်များ လျှဒါန်းမှုပြုကာ လျှောက်ကြားခြင်းဖြင့်လည်းကောင်း နည်းမျိုးစုံဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။

၁၉၆၆-ခုနှစ်တွင် အဖွဲ့တည်ရာကို ရွှေကျင်မြို့နယ်မမွာရုံ၊ ရွှေတိုဂုံဘုရားလမ်းသို့ ပြောင်းရွှေ့ကာ သင်တန်းများ တိုးချဲ့ဆောင်ရွက်သည်။

"ဝိပဿနာပြန့်ပွားရေးအဖွဲ့" အမည်ဖြင့် ၁၉၇၃-ခုနှစ်အထိ ဆောင်ရွက်ပြီးငင်းနောက်တွင် "ပ-သုံးလုံးဝိပဿနာပြန့်ပွားရေးအဖွဲ့" အမည်ဖြင့် ဆောင်ရွက်သည်။

၁၉၆၆-ခုနှစ်မှစ၍ သင်တန်းများကို ရဟန်းတော်များနှင့် လူပုဂ္ဂိုလ်များကို နေ့ရက်ခွဲခြားကာ သင်ကြားခြင်း ပြုခဲ့သည်။

၁၉၆၇၊ စက်တင်ဘာ၊ ၂၃ရက်၌ အဖွဲ့ကိုလည်း အများပါဝင်ဆောင်ရွက်နိုင်ရန် (လုပ်ထုံး)စည်းမျဉ်းနှင့် တကွ စနစ်တကျ တိုးချဲ့ဆောင်ရွက်ခဲ့ကြပါသည်။

ဤတွင် အကျွန်ုပ်သည် အဖွဲ့၏ အကျိုးဆောင်ချုပ် အဖြစ်ဖြင့်လည်းကောင်း၊ အခြားသင့်ရာတာဝန်များကို ဆောင်ရွက်ပေးခြင်းဖြင့်လည်းကောင်း ဆရာကြီး မကွယ်လွန်မီ ၁၉၇၈-ခု၊ ဝါဆိုဦးအထိ ဆောင်ရွက်ပေးခဲ့ရပါ၏။

ဝိပဿနာ ပြန့်ပွားရေးအဖွဲ့၏ "မူဝါဒ"သဘောများ

၁။ ဝိပဿနာ တရားအားထုတ်ရာ နည်းပညာကို မိမိကိုယ်တိုင် ဗုဒ္ဓ၏တရားတော်နှင့်အညီ ကျင့်ကြံအားထုတ်တတ်ပြီး မိမိသိရှိသမျှ သူတစ်ပါးအားလည်း နည်းပေးလမ်းပြပြုကာ ကျင့်ကြံတတ်စေလိုခြင်း၊

၂။ ထိုတရားကျင့်ရာ ပဋိပတ္တိသာသနာကျင့်စဉ်များကို ဗုဒ္ဓအလိုကျ ပါဠိတော်လာအတိုင်း နည်းမှန်လမ်းကျ ပြန့်ပွားအောင် ဆောင်ရွက်နိုင်စေလိုခြင်း၊

၃။ ဗုဒ္ဓမြတ်စွာ သာသနာတော်၏ "ပညာသိက္ခာ"၊ ဝိပဿနာ မြတ်ပညာကို ပြည်တွင်း၊ ပြည်ပ နှစ်ဌာနတို့၌ ပြန့်ပွားစေရန် စွမ်းအားရှိသမျှ ဆောင်ရွက် ဖြန့်ဝေနိုင်စေလိုခြင်း ဟူသည်ကို ဆရာကြီးများ တရားပြန့်ပွားရေး စတင်စဉ်ကပင် ညှိနှိုင်းကျင့်သုံးခဲ့ကြသည်။

http://www.dhammadownload.com

ဗုဒ္ဓဘာသာဝင်တိုင်း၏ ရည်မှန်းချက်ပန်းတိုင်သည် "နိဗ္ဗာန်"။ ထိုနိဗ္ဗာန်သို့ ရရာရကြောင်း နည်းလမ်းကောင်းအဖြစ်ဖြင့် အသိဉာဏ် ဝိဇ္ဇာနှင့် အကျင့် စရဏတရားသဘောများကို ဗုဒ္ဓမြတ်စွာ၏ အလိုကော်ကျ ပါဠိတော်လာအတိုင်းသာ အခြေခံထားကာ သင်ပြပေးမည်

ကျွန်ုပ်တို့၏ ဆောင်ရွက်ချက်များ

ဤရည်ညွှန်းချက်ပါ "မူဝါဒ"သဘောကို အခြေခံလျက်-

၁။ ဆရာတော်ကြီးများအား ဦးတည်လျှောက်ထားရာ၌လည်းကောင်း၊

၂။ တရားသင်တန်းပေးခြင်း၊ တရားသဘောကို နည်းအမျိုးမျိုးနှင့် ဖြန့်ဝေရာတွင်လည်းကောင်း ထိုသဘောပါဝင်အောင် လျှောက်ထားစေခြင်း။

တရားသင်တန်းအဖြစ် ဆောင်ရွက်ရာ၌လည်း ထိုသဘောဖြင့် စတင်ကာ အသိပေးစေပြီး ဖော်ပြမည့် အကြောင်းအရာများကိုပါ တရားသင်တန်း၏ အစီအစဉ်အဖြစ်ဖြင့်(စာဖြင့်) ရိုက်နှိပ်ဖြန့်ဝေစေပါသည်။

သင်တန်း၏အစီအစဉ်၌ ပါဝင်စေသည့် အကြောင်းအရာများမှာ -

၁။ ဗုဒ္ဓဘာသာဝင်တိုင်း၏ ရည်မှန်းချက်ပန်းတိုင်သည် "နိဗ္ဗာန်"။ ထိုနိဗ္ဗာန်သို့ ရရာရကြောင်း နည်းလမ်းကောင်းအဖြစ်ဖြင့် အသိဉာဏ် ဝိဇ္ဇာနှင့် အကျင့် စရဏတရားသဘောများကို ဗုဒ္ဓမြတ်စွာ၏ အလိုတော်ကျ ပါဠိတော်လာအတိုင်းသာ အခြေခံထားကာ သင်ပြပေးမည်ဟူ၍ အဓိကထားပြီး ဖော်ပြ ဝေငှပေးရခြင်း။

၂။ "သင်ကြားပေးရန် အစီအစဉ်များ" ဟူသော ခေါင်းစဉ်အမည်ဖြင့် အစီအစဉ်များကို အောက်တွင် ဖော်ပြပေးရသည်။

၎င်းအစီအစဉ်များမှာ အသိဉာဏ် ဝိဇ္ဇာ အတွက် "ဓမ္မစက္ကပဝတ္တနသုတ်" လာ (သစ္စာလေးပါးကို မူတည်လျက်) ပဋိစ္စသမုပ္ပါဒ်ဒေသနာနှင့် အဘိဓမ္မာသဘောများ၊ အခြားကျမ်းများဖြင့် ဖြည့်စွက် သင်ပြမည်ဟူ၍လည်းကောင်း၊ အကျင့် စရဏဆိုင်ရာတရားသဘောများကို "မဟာသတိပဋ္ဌာနသုတ်" ပါဠိတော်လာရှိသည်နှင့်အညီ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ၊ (အနုပဿနာ)လေးပါးတို့ကို သမထ၊ ဝိပဿနာ ခွဲခြားကာ နားလည်သဘောပေါက်သည်အထိ သင်ပြပေးမည်ဟူ၍လည်းကောင်း၊ သင်ပြရာတွင် အညွှန်းစာအုပ်များမှာ ဟံသာဝတီ ပုံနှိပ်တိုက်ရိုက်၊ ဆရာတော်ဦးဗုဒ္ဓိမူ ပါဠိအနက်နှင့် မဟာသတိပဋ္ဌာန် စာအုပ်တွင် မုံတောအဓိပ္ပာယ်ကောက် ပါရှိသည့် စာအုပ်များကို ရရှိအောင် အကျိုးဆောင် ပေးရ၏။

၃။ သင်တန်းသားများအတွက် အသိဉာဏ်ရစေရန် သင်ပြမည့်အချက်များ

ရုပ်၊ နာမ်-ခန္ဓာကွဲစေမှု၊ သမ္မုတိသစ္စာ၊ ပရမတ္ထသစ္စာကွဲစေမှု၊ ပညတ် ပရမတ်ကွဲစေမှု၊ "အတ္တ အနတ္တ" ကွဲစေမှု၊ သမထ ဝိပဿနာကွဲစေမှုအပြင် အနတ္တသဘာဝတရားကို အလုံးစုံ ငုံမိအောင် ရှုပွားနိုင်မှုအတွက် "ယန" စင်စေသည်အထိ အထူးပြုကာ သင်ပြပေးမည်ဟူ၍လည်းကောင်း၊ အဓိပ္ပာယ်ရှင်းချက်သဘောဖြင့် "**အနတ္တမြင် ယနစင်**" ဟူသည့် သဘောများကို ဖော်ပြပေးရသည်။

ဤနေရာ၌ ယနစင်စေမှုဟူသည်ကို ဤစာဖတ်မိသူ သူတော်စင်များ သိသာရုံမျှ ရှင်းပြရန် လိုမည်ဟု ယူဆမိပါသည်။ အဘယ်ကြောင့်ဆိုသော် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဆိုက်ရောက်မှုအတွက် မိမိ၏အာရုံတွင် နိမိတ်မစင်က မရနိုင်ပါချေ။ "အနတ္တ"ဟူသော သဘာဝကို "သဘာဝ"မျှသာဟု ထင်မြင်လာအောင် မရှုပွားနိုင်သေးသမျှ ထိုမဂ်ဖိုလ်ဉာဏ်ကို မရနိုင်သောကြောင့် ဖြစ်ပါ၏။ ထို့ကြောင့် အနတ္တမြင်မှ ယနစင်သည်။ ယနစင်မှ အနတ္တမြင်သည်ဟူ၍ တရားနယ်

http://www.dhammadownload.com

မှ အဆိုစကား ရှိထားပါသည်။

"ယန"ဟူသည်မှာ အပေါင်းအစုဖြစ်၏။ ထိုအပေါင်းအစု သဘောကြောင့်ပင် "အများသူငါ" ဟု ခေါ်ဆိုနေကြသည့် လူ၊ တိရစ္ဆာန် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် အကောင်အထည် သဏ္ဌာန်ပုံဟန် နိမိတ်ဟူသော ယောကျ်ားပုံဟန်၊ မိန်းမပုံဟန် ဖြစ်လာ၏။

၎င်း၏ အရင်းခံအကြောင်းကို သိပါက (တစ်နည်း) ဉာဏ်ဖြင့် ချေဖျက်နိုင်က ထိုပုံဟန်နိမိတ်တို့ ပျောက်၏။ ၎င်းပုံဟန်နိမိတ် ချေဖျက်နည်းကို ဗုဒ္ဓသင်ပြသည့်အတိုင်း ရှေးသူတော်ကောင်းကြီးများက နည်းအမျိုးမျိုးပြကာ ပြန်လည်ရှင်းပေးခဲ့ပါ၏။

[ဤနည်းများကို သာမာန်ပုဂ္ဂိုလ်များပင် နားဝင်နိုင်၊ သိနိုင်အောင် ဆရာကြီးများ သင်ပေးသည့် ပုံ(ကားချပ်)ဇယားစသည်များကို ဤနေရာတွင် ဖော်ပြရန် မဖြစ်နိုင်ပါ၍ အလိုရှိက လာရောက်ကူးယူ ရေးမှတ်နိုင်ပါသည်။]

အနည်းငယ်မျှ နမူနာအဖြစ် ဖော်ပြရန်မှာ - "သမ္မာနှင့်၊ သန္တတိမျှ၊ ကိစ္စ အာနှံ၊ ဤလေးပုံ အစုံခွဲဖျက်ဖြို" ဟူ၍ ထိုပုံဟန် (သဏ္ဌာန် နိမိတ်) ဟူသော "ယန"အပေါင်းအစု ဖြိုခွဲနည်းကို လက််ာစာပို့ဒ်ဖြင့် ပြဆိုထား၏။

မှတ်ချက်။ ထိုခေါ်ဝေါ်သုံးစွဲထားသည့် သမ္မာ၊ သန္တတိစသော စကားအရာ ဝေါဟာရအဓိပ္ပာယ်ကို နားလည်နိုင်မှ ယခုရှင်းပြမည့်စကားအရာ ဝေါဟာရ "ယန" ဖြိုခွဲနည်းဆိုသည်ကို သိနိုင်ပါမည်။

အခေါ်အသုံး ဝေါဟာရကို မသိက နားမလည်နိုင်ချေ။ မသိသေးပါက သိနိုင်အောင် ကြိုးစားသင်ယူကြပါကုန်။ ဆရာကြီးတို့၏ သင်ပြနည်းအစီအစဉ်များကိုလည်း ထိုသို့ဝေါဟာရသိမှသာ နားလည်နိုင်၏။

လက််ာစာပို့ဒ်၏ အဓိပ္ပာယ်ရှင်းချက်

"ယန" အပေါင်းအစုဟူသော စကားအဓိပ္ပာယ်ကို နားလည်ရန်-

(၁) သမ္မုဟယန (၂) သန္တတိယန (၃) ကိစ္စယန (၄) အာရမ္မဏယနဟူ၍ ယန ၄-ပါး ခွဲခြားပြ၏။

သမ္မုဟဟူသည်မှာ အပေါင်းအစုဟူ၍ပင်၊ ယန၏အဓိပ္ပာယ်နှင့် အတူဖြစ်သည်။ ထိုအပေါင်းအစုမှာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော သဘာဝတရား ဓာတ်ကြီးလေးပါးစသည်တို့ ပေါင်းစုပြုလုပ်မှုသာတည်း။ ဓာတ်ဟူသည်မှာလည်း "သဘာဝံ ဓာရေတီတိဓာတု" ဟု ဆိုရာ "သူသဘော သူဆောင်သည်" ဟု အဓိပ္ပာယ်ရ၏။ ထိုဓာတ်တို့ သူသဘော သူဆောင်ကာ ပြုလုပ်သဖြင့် အကောင်အထည် သဏ္ဌာန် ဖြစ်အနေအားဖြင့် ယောကျ်ား၊ မိန်းမ (အထီးအမ) ခေါ်ဆိုရသည့် လူ၊ တိရစ္ဆာန်တို့ သူဘဝ၊ သူအလျောက် ဖြစ်ပေါ်ရပေသည်။

ဤသည်ကိုပင် ထို "ဓာတ်" အနေဖြင့် သိမြင်(ဉာဏ်မြင်)ရရှိလိုက်ပါက သူသဘော သူဆောင်ကာ ဖြစ်ပေါ်လာသည်။ အကောင်၊ သတ္တဝါ ပုဂ္ဂိုလ်၊ ငါ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မရှိဟူသော သဘာဝ "အနတ္တ"ဉာဏ်ကို ရနိုင်တော့၏။

ဤကား သမ္မုဟယနဟူသော အဓိပ္ပာယ်ကို သိသဖြင့် "အနတ္တ" မြင်မှ "ယန"စင်၊ "ယန"စင်မှ "အနတ္တ" မြင် ဆိုသည့်သဘော သဘာဝကို သိခြင်းတည်း။

(တစ်နည်း) ဓာတ်တရားကို ဗုဒ္ဓဟောဖော်လို့သည့် ပရမတ္ထ-အနတ္တ တရားသဘောကို နမူနာအဖြစ် ထုတ်ဖော်ပြခြင်းသာတည်း။

ဆက်လက်ပြဆိုသည့် သန္တတိယန၊ ကိစ္စယန စသည်တို့ကိုလည်း ၎င်းတို့၏ဆိုင်ရာ အဓိပ္ပာယ်ကို ပြည့်စုံစွာရှင်းပြက ယနစင်၍ အနတ္တဟူသော သဘာဝဓာတ်တရား၊ "ပရမတ္ထ"တရားကို သိမြင်တော့၏။ [ဤစာစဉ်အနေဖြင့် ထိုသဘောမျှသာ ဖော်ပြနိုင်ပါမည်။ မသိမရှင်းပါက ဆက်လက်၍သာ ဆည်းပူးနည်းယူကြပါကုန်။]

မှတ်ချက်။

ပထဝီဓာတ်-ပျော့မှု၊ မာမှု (ခက်မာ၊ ကြမ်းတမ်းမှု)

http://www.dhammadownload.com

သဘောဟုလည်း ဆို၏။)

တေဇောဓာတ်-ပူမှု၊ အေးမှုသဘော (ပေါင်းနွေးမှုဟုလည်း ဆို၏။)

အာပေါဓာတ်-ဖွဲ့စည်း၊ ယိုစီးသဘော။

ဝါယောဓာတ်-ထောက်ကန်မှု၊ လှုပ်ရှားမှုသဘော။

* ပထဝီဟူသော အမာခံ (အခြေခံ)ဓာတ်အတွင်း ဘူတရုပ်သည် ပွားစီးခြင်းဟု အဓိပ္ပာယ်ရှိသည့်အတိုင်း အာပေါက ဖွဲ့စည်း၊ တေဇောက ပူအေးပေါင်းနွေး၊ ဝါယောက ထောက်ကန်သဘောတို့ ထိုဓာတ်လေးပါး အတူပေါင်းကာ သူသဘော သူဆောင်လာခြင်းဖြင့် ပွားစီးလာကာ အကောင်သတ္တဝါ (အထည်ကိုယ် သဏ္ဌာန် ဒြပ်) ကျား မ၊ အထီး အမ စသည်ဖြစ်လာရခြင်းသာတည်း။

မှတ်ချက်။ ယနစင်အောင်ရှုမှုနှင့် နိမိတ်စင်မှုဟူသည်ကို ကွဲအောင် ရှင်းရန်လို၏။ "ယန"ဟူသော အပေါင်းအစုကို ဖော်ပြပြီးသကဲ့သို့ ဓာတ် ၄-ပါးစသည်ဖြင့် သူသဘော သူဆောင်မှုကို နားလည်ပါက အပေါင်းအစု (အစိုင်အခဲ)ပုံသဘော ပျောက်နိုင်၏။

"နိမိတ်"စင်မှုဟူသည်၌ ဥပမာ-သပိတ်ဆိုက အဝန်းအဝိုင်းပုံကို အာရုံတွင် ထင်မြင်လာသလို အရှိ၊ ပညတ်ဖြစ်သော "ပထဝီ" ခက်မာသဘောဟု အမည်နှင့်ပြောလျှင် မိမိတို့နှေ့စဉ် တွေ့မြင်နေကျ အာရုံတစ်ခုခု ထင်လာနိုင်၏။ ထိုအထင်အမြင်ကို ဖျောက်ရ၏။

"အာပေါ" ယိုစီးဆိုကလည်း ၎င်းအတိုင်းပင် နေ့စဉ် မြင်တွေ့နေသည့် ရေယိုစီးသလို ထင်နိုင်၏။ ထို့ကြောင့် ၎င်းသဘောများကို ပထမ 'ဇရုတ်ဧ့' စပ်သည် ဆိုသည်ကို ဇရုတ်ဧ့တွင် အာရုံမထင်စေဘဲ ၎င်း၏သတ္တိ၊ စပ်သည့်သဘောကိုသာ အာရုံတွင် ပေါ်လွင်အောင် ကြည့်ရသကဲ့သို့ "နိမိတ်စင်စေမှု" သဘောပေါ်အောင် သင်ပြီးမှ လက်တွေ့ "စရဏ" သဘောဖြင့် ကျင့်စေ၊ အာရုံတင်ကြည့်စေကာ အာရုံဖျောက်နိုင်မှု၊ နိမိတ်ဖျောက်မှုကို ဆက်စပ် သင်ပြပေးရန် လိုအပ်ပါ၏။ (ပြည့်စုံအောင်ရေးပြမှ သင့်ပါမည်) နိမိတ်ပျောက်မှ "အနတ္တ"သဘောပေါက်သည်။

သင်ကြားသည့် အစီအစဉ်များ ရှင်းလင်းချက်

သင်တန်းသားများအတွက် ထပ်ဆင့်ရှင်းလင်းချက် သင်ကြားရာတွင် နည်း ၂-မျိုးရှိ၏။ တရားသင်တန်း ပြုလုပ်ပေးသူဘက်က သင်ကြားပြသပေးနည်း။ သင်တန်းတက်သူ၊ နာယူ သင်ကြားသူဘက်မှ လေ့လာ သင်ယူနည်းဖြစ်သည်။

ထိုသင်ကြားနည်း လေ့လာနည်းကို ဆရာကြီးရှင်းပြသည်မှာ ဗုဒ္ဓဟောတော်မူသည့် တရားတော်များ၌ အခြေခံအကြောင်းရင်းရှိကြောင်း၊ ထို အကြောင်းရင်းတွင် ပုဂ္ဂိုလ်၏ အနုသယ၊ အာသယ၊ ဣန္ဒြေ၊ စရိုက်စသည်အားဖြင့် ထိုပုဂ္ဂိုလ်နှင့် လျော်ရာကို ဗုဒ္ဓ၏ဉာဏ်တော်ဖြင့် ကြည့်တော်မူကာ ဟောကြားသည့် တရားတော်များဖြစ်ရာ မိမိတို့ကလည်း ၎င်းအခြေခံအရ ပုံဖော်ဟောကြားရမည်ဖြစ်ကြောင်း၊ ဥပမာ- "သစ္စာလေးပါး"တရားသဘောကို သင်ပြရာ၌ တရားနာခံဖြစ်သည့် ပဉ္စဝဂ္ဂိတို့၏ အခြေအနေကို ဖော်ပြရမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ အသိဉာဏ်နှင့် အကျင့်သဘောတွင် အခြေခံအင်အား မည်သည့် အဆင့်အတန်း၌ရှိ၍ ထိုအဆင့်နှင့်လျော်သော တရားသဘောမှာ မည်မျှလေးနက်သည်ကို ပေါ်လွင်အောင် ဖော်ပြပြီးမှ သင်ကြားသူ နားလည်နိုင်ရန် ကြိုးစားရှင်းပြရမည်ဖြစ်ကြောင်း စသည်ဖြင့် သင်ကြားနည်းကို အထပ်ထပ်ရှင်းပေးဖူးပါ၏။

ဆိုလိုရင်းသဘော အကျဉ်းချုပ်မှာ ပဉ္စဝဂ္ဂီ ၅-ဦးတို့သည် သိဒ္ဓတ္ထမင်းသား ဖွားမြင်စအခါ "ဘုရားစင်စစ် ဧကန်ဖြစ်မည်" ဟု ဟောကြားနိဗ္ဗိတ်ဖတ်စဉ် ပုဏ္ဏား၊ ပုရောဟိတ်ဘဝ၊ ပုဏ္ဏားငယ်များဖြစ်သော်လည်း ၎င်းတို့မှာ ပညာရှိကဝိများ ဖြစ်ကြ၍ အသိပညာ ဗဟုသုတကြွယ်ဝသူများ ဖြစ်ခဲ့ကြ၏။

၎င်းတို့ တောထွက်လာသည့်အချိန်မှ မြတ်စွာဘုရား ဘုရားဖြစ်ချိန်အထိ ၃၅-နှစ်တာကာလ အတွင်း၌ ကျင့်ကြံကြသည့် စရဏအရာမှာ ရှေးဆရာအစဉ်၏ နည်းများဖြစ်ရာ ဒေဝီလရသေ့၊ အာဠာရရသေ့၊ ဥဒကရသေ့များကဲ့သို့ (သမထ) သမာဓိဆိုင်ရာတွင် ညံ့မည့်သူများမဟုတ်ကြောင်းနှင့်(ဘုရားမဖြစ်ထိုက်သူ

http://www.dhammadownload.com

များဖြစ်၍သာ ဘုရားမဖြစ်) အကျင့်အရာ၌ အား ရှိပြီးသူများဖြစ်ကြောင်း၊ ထိုအကျင့်ဘက်မှ အား ရှိသူကို အသိညာဏ်အရာတွင် လိုအပ်သဖြင့် ထို "သစ္စာလေးပါး" လေးနက်ရင့်ကျက်သည့် တရားမျိုးကိုသာ ဦးစားထား ဟောကြောင်း ဟောနည်း သင်ကြားပေးပါ၏။

မဟာသတိပဋ္ဌာန်လာ တရားသဘောများ သင်ကြားနည်း

ဖော်ပြခဲ့သည့် အကျင့်စရဏအတွက် နည်းပေး ရာ၌ သစ္စာလေးပါးကို ဟောကြားစဉ်ကကဲ့သို့ပင် ဘုဒ္ဓ၏ဉာဏ်တော်ဖြင့် တရားနာခံ တရားနာပရိ သတ်၏ ဉာဏ်အနုအရင့် ဆင်ခြင်ကြည့်ကာ ဟော ကြားခဲ့ခြင်း ဖြစ်ပါ၏။

ထိုမဟာသတိပဋ္ဌာနသုတ်ကို ဟောတော်မူစဉ် ထိုကုရုတိုင်းသား ရဟန်းတော်များ၏ (အခြေခံ) ရုပ်၊ နာမ်စသော "ပရမတ္ထ"အရာ ဗဟုသုတပြည့်စုံ ကြပြီးသူ တစ်နည်းဆိုသော် ဝိပဿနာရှုရာ "ဘူမိ တရား ခေါ် ခန္ဓာအာယတနစသည့် နာမ်၊ ရုပ် တရားကို အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ် အရာ၌ သုတမယသဘောဉာဏ် ကျက်စားနိုင် လောက်သည့် အခြေခံ အသိတရားဘက်က ပြည့်စုံ ပြီးသူများဖြစ်သည်ကို သိနှင့်ပြီးဖြစ်၏။

ထိုပရိသတ်မျိုးကို ဟောရမည်ဖြစ်သဖြင့် ဘုဒ္ဓ မြတ်စွာ မည်မျှ ကျေနပ်မှုရှိတော်မူပုံကို ထိုသတိ ပဋ္ဌာနသုတ်အချီးကို ဆရာတော်ဦးဗုဒ္ဓဖွင့်ပြသည့် ဟံသာဝတီပုန္နဝ်တိုက်ရိုက်၌ ဖတ်ရှုကြည့်ရန် လိုအပ် ၏။ ဥပမာသဘောမှာ ရတနာများစွာ(မျိုးစုံ)ရှိသူ သူဌေးကြီးက ထိုရတနာတွေထည့်ရန် ရွှေသေတ္တာ ကြီးကို ရသကဲ့သို့ ဟူ၏။ (အကျယ်ကြည့်ရှု လေ့လာ ကြပါကုန်။)

> ထိုသတိပဋ္ဌာန်လာ သဘောအတိုင်း အသိညာဏ် ဦးစီးကာ ကျင့်စေရန် ဖြစ်ပါလျက် အသိညာဏ် မပါဘဲ၊ ဟောပြော ရှင်းပြမှုမရှိဘဲနှင့် ကျင့်စေမှု၊ ရေးသားမှုများအပေါ် တွင်သာ ဝိဝါဒ၊ အယူအဆ ကွဲနေကြ၍

လိုရင်းသဘောအချုပ်မှာ ထိုအသိညာဏ်အရာ ၌ ဗဟုသုတပြည့်စုံမှုရှိသူများကို အကျင့်ဘက်မှာ သာ လိုအပ်နေသဖြင့် ရုပ်၊ နာမ်၊ ခန္ဓာကို ရှုပွားရာ ဖြစ်သည့် ဝိပဿနာဘာဝနာ အကျင့်အရာ၌ တန် ကုန်အောင် ကျင့်နိုင်ရာဖြစ်သော ထိုမဟာသတိ ပဋ္ဌာန်တရားကို ဟောကြားတော်မူခြင်း ဖြစ်ပါ၏။

ထို့ကြောင့် ထိုသတိပဋ္ဌာနသုတ်လာ သဘော များကို ထုတ်နုတ်သင်ပြရာ၌ ရုပ်၊ နာမ်၊ ခန္ဓာ (တစ် နည်း) အာရုံဘူမိတရား အမှန်ရှုနိုင်ရန် ပါဠိတော် ပုဒ်လာတို့မှ လိုရင်းအဆိုကို သိအောင်ထုတ်ပြလျက် သမထအရာ၌လည်းကောင်း၊ ဝိပဿနာ အာရုံယူ ရာ၌လည်းကောင်း၊ ကာယာနုပဿနာ၊ ဝေဒနာ နုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ အခန်း ၄-ခန်းလုံး၏ အစိတ်စိတ် အဓိပ္ပာယ်ကို လည်းကောင်း သေချာပိုင်နိုင်စွာ ရှင်းလင်းဖော်ပြ လျက် ဘုဒ္ဓအလိုတော် အမှန်ကျရန်အောင် ရှေး ဆရာနည်းများဖြင့်ပါ ယှဉ်တွဲ ဖော်ပြကာ သင်နည်း မျိုးစုံ ပေးခဲ့ပါ၏။

အထူးမှာတမ်းတစ်ခုမှာ ရှေးအခါမှစ၍ ယခု ကာလတိုင် တရားကျင့်စေရာ၌ အယူအဆမူကွဲ များ ရှိနေကြသည်မှာ ထိုသတိပဋ္ဌာန်လာ သဘော အတိုင်း အသိညာဏ်ဦးစီးကာ ကျင့်စေရန် ဖြစ်ပါ လျက် အသိညာဏ်မပါဘဲ ဟောပြော ရှင်းပြမှု မရှိ ဘဲနှင့် ကျင့်စေမှု၊ ရေးသားမှုများအပေါ် တွင်သာ ဝိဝါဒ၊ အယူအဆ ကွဲနေကြ၍ တရားတော်နှင့်အညီ ကျင့်ကြံစေမှုဖြစ်ရန် မိမိတို့ဘက်က နည်းမျိုးစုံဖြင့် ကြိုးစားကြပါရန် အထူးမှာတမ်းပြုခဲ့ပါ၏။ သင်ယူ နည်းခံသူကလည်း ထိုနည်းများကို ရမိအောင် သင်ယူရ၏။

တရားသင်တန်းသားများ တွဲဖက်လေ့လာရန် "ကျမ်းစာများ" ညွှန်ကြားခြင်း

လေ့လာရန်အညွှန်းပေးသည့် စာအုပ်စာတမ်းများ

* ဝိသုဒ္ဓိမဂ် မြန်မာပြန် ၃-အုပ် (နာ၊ ဗု၊ သ မှရိုက်)

(ကျိုက်ထို ဘုရားသုံးဆူတောင် ဆရာတော်ဦးနန္ဒ မာလာ ပြန်ဆို)

http://www.dhammadownload.com

* စတုဂီရိရှုဘွယ်ကျမ်း (ပမှ စထိ ၄-အုပ်) (သုဓမ္မဝတီရိုက်) (စတုဂီရိဆရာတော်ကြီး ရေး) တစ်အုပ်-ရှုဘွယ် ရှစ်စောင်ပါရှိ။
* ပရမတ္ထစက္ခုကျမ်း (ဒီပဲရင်းဆရာတော်ကြီး ရေး) (ရွှေကျင်ဂိုဏ်း) တတိယသာသနာပိုင်
* အဘိဓမ္မတ္ထသရူပဒီပကကျမ်း (ပ၊ဒု၊တ) ၃-အုပ်၊ ဒုတိယမြို့ပြင်ကြီးဆရာတော်ကြီး ရေး(နှ၊ ဗု၊ သ ရိုက်) (၎င်းတ-တွဲ၌ နိဗ္ဗာနသရူပဒီပကကဏ္ဍတွင် နိဗ္ဗာန်အယူအဆ (မှား၊ မှန်)ရှင်းချက်ပါရှိ။)
* သမုပ္ပါဒနိရောဓဂကျမ်း (ပ၊ ဒု) (ရွှေတောင်-ဦးတိက္ခိန္ဒြိယဆရာတော်ကြီး ရေး)၂-အုပ်။
* တိပိဋကမေဓရာသီကျမ်း (ကင်းဝန်မင်းကြီးဆရာတော် ဦးပညာသီဟ ရေး) ၎င်းကျမ်း ၃-အုပ်မှာလည်း နိဗ္ဗာန်အယူအဆ ရှင်းလင်းချက်အတွက် ဆရာကြီးဦးသူတော်ညွှန်း၍ စုဆောင်းထားရ၏)
* - ပရမတ္ထာဒိနယဒဿနကျမ်း
- ကာယာနုပဿနာ၊ ဝေဒနာနုပဿနာစသည့် မဟာသတိပဋ္ဌာန်သဘော ရှင်းလင်းချက်ပါရှိသော ကျမ်းများ။
- ပဉ္ဘဗျာကရဏစသော ထိုရွှေတောင်ဦးတိက္ခိန္ဒြိယရေး ကျမ်းများ ရနိုင်သမျှကို မဟာသတိပဋ္ဌာန်နှင့် ပတ်သက်သည့် အယူအဆများ၊ အမှန်ရအောင် အကိုးအကား အထောက်အထားအတွက် ဆရာကြီး ဦးသူတော်ပင် ညွှန်း၍ စုဆောင်းထားရ၏။

မှတ်ချက် ။ စတုဂီရိရှုဘွယ် (ပ-တွဲ) နမောတဿဂမ္ဘီရ ရှုဘွယ်နှင့် ပရမတ္ထာဒိနယဒဿနကျမ်းတို့တွင် မဟာသတိပဋ္ဌာန်လာ "အာနာပါန" ရှုပွားနည်း (သမထအဆင့်၊ ဝိပဿနာအဆင့်)ဉာဏ်ယှဉ် ရှုမှု စသည် ခွဲခြားရှင်းချက် ပါရှိ၏။ * အထူးလေ့လာအပ်၏။

အထူးမှာ ဆရာကြီးထံ နည်းခံစကပင် ဆရာကြီးဦးသူတော်အထံသို့ ကိုယ်တိုင်အပ်ပေးသဖြင့် "သဘောတရား အနတ္တ" ပေါက် လေ့လာနည်း၊ ကျင့်ကြံအားထုတ်နည်းများကို ထိုရွှေတောင်ဆရာတော်ကြီးက ၎င်းအား သင်ကြားပေးသည့်မူများဖြင့် ကိုးကားပြသဖြင့် များစွာတိုးပွားရရှိ အကျိုးများလှသဖြင့် ဆရာကြီးများ၏ အလိုဆန္ဒဖြည့်သောအားဖြင့် ထိုကျမ်းများကို လက်ဝယ်အပိုင်ရနိုင်အောင် ရှာဖွေစုဆောင်း ကြိုးစား အားထုတ်ကြုပါကုန်။

အထွေထွေ လေ့လာနည်းများ

ကျမ်းစာပေလေ့လာမှု နည်းပေးခြင်း

ဆရာကြီးများသည် လောကီ လောကုတ္တရာရေးရာတို့၌ (နှစ်ဖက်မြင်)အမြင်ရှင်းသူ၊ ပြတ်သားသူများဖြစ်ကြ၍ မိမိ၏တပည့်များကိုလည်း ရှင်းလင်းပြတ်သားစွာ သိမြင်စေပြီး သာသနာတော်ကို အထက်တန်းကျကျ ဆောင်ရွက် စောင့်ရှောက်ပေးနိုင်သည့် ပုဂ္ဂိုလ်မျိုး ဖြစ်စေချင်၏။

ထို့ကြောင့်ပင် ပါဠိတော် မူရင်းကျမ်းများကိုလည်းကောင်း၊ ၎င်းမြန်မာပြန်နှင့် အဋ္ဌကထာဖွင့်ပုံစသည်ကိုလည်းကောင်း၊ ကျမ်း(ပါဠိ)ဖတ်နည်း၊ အဓိပ္ပာယ်ကောက်နည်း(လေ့လာပုံ)၊ ကျမ်းညွှန်းထုတ်ပုံ (၎င်းအဖွင့်)အခြားကျမ်းများနှင့် ညှိနှိုင်းမှုက အစစာအုပ်ရှာဖွေ စုဆောင်းရမှုပါ မကျန် အတော် ပြည့်စုံအောင် သင်ကြားပေးပါသည်။

သူ၏ဆောင်ပုဒ်မှာ ဆရာ့ဘက်က ၁၀-ရာခိုင်နှုန်းသာ ပေးနိုင်မည်။ တပည့်ဘက်က ၉၀-ရာခိုင်နှုန်း ကြိုးစားယူရမည်ကို ရည်ရွယ်လျက်-

"တစ်ထွာပြရင် တစ်တောင်မြင်ပါ"

"ကြိုးစားက ဘုရားဖြစ်မည်" ဟူသည်ကို မကြာခဏ တိုက်တွန်းအားပေးလေ့ရှိပါ၏။

ထိုဗုဒ္ဓဟောဖော်သည့် ပါဠိတော် အလိုကျ ဖြစ်စေရန် တွဲဖက် လေ့လာရမည့် (အညွှန်း)ကျမ်းအချို့ကို ဖော်ပြရပါ၏။

* ဓမ္မပဒ(အဖွင့်)
(ပထမအောင်မြေဘုံစံ ဆရာတော် ဦးစန္ဒိမာမူ)
(၅-အုပ်တွဲ အကျယ်)
* ဓမ္မပဒ(အကျဉ်းပြ) (ဣစ္ဆာသယရိုက်)
* ဓမ္မပဒ(အကျယ်) (တတ်နိုင်ပါက) ညောင်လေးပင်တောရ ဆရာတော်ရေး ၄-အုပ်တွဲ

http://www.dhammadownload.com

(၎င်း ၂-မျိုး၊ ၃-မျိုးလေ့လာရန်မှာ ဖွင့်ပုံအာဘော် သိနိုင်ရန်ဖြစ်၏)

* ဝိသုဒ္ဓိမဂ်အရသာ (ညောင်လေးပင် ဆရာတော် ရေး)
* ပဋိစ္စသမုပ္ပါဒ်အရသာ (ညောင်လေးပင် ဆရာတော် ရေး) နှင့် အခြား ဂုဏ်တော်အရသာ၊ သတိပဋ္ဌာန် အရသာစသည်များကိုပါ တတ်အား သမျှ ဝယ်ယူ စုဆောင်းစေ၏။ ဆရာဖြစ် သင်စေမူအတွက် ဖြစ်၏။

မှတ်ချက်။ ပါဠိမြန်မာအဘိဓာန် (ဦးဟုတ်စိန် ရေး)၊ သုတေသနအဘိဓာန် (ဆရာတော်ဦးဩဘာသ ရေး) နှင့် အခြား "ဝိဝါဒ" အယူအဆ ကွဲပြားသည့်ကျမ်းများ၊ တရားစာများကိုပါ ရနိုင်သမျှ ရှာဖွေစုဆောင်းစေ၏။

ဂင်းတွင် ရှိသည့်ကျမ်း၊ စာစောင်များမှလည်း ကူးယူစေ၏။ ထိုနည်းမှာ အထောက်အထား အခိုင်စုရုံး စည်းရုံးမှုပြုပြီး အမှန်တရားများ ဖြန့်ဝေစေသည့် မြတ်စွာဘုရားနှင့်တကွ ၆၁-ပါး တို့၏ ပထမအဦးဆုံး သာသနာပြုပုံ အကြောင်းအရာကို ထောက်ပြလျက် ရှင်းလင်း သင်ပြပေးခဲ့ပါ၏။ (သတိပြုကြပါကုန်)

ဤနေရာတွင် နည်းပေးပုံဆောင်ပုဒ်များ၊ အတို ချုပ်သဘောများကိုပါ ပေးခဲ့ပါ၏။

* **"စားကွက်လည်း ပေး၊ ပိုက်ချက်လည်း ပြပါ"**

(ဆရာ့ဘက်မှ 'သိပ္ပ မချန်' ဟူသည်ကို ညွှန်း၏)

* မူမမှန်သော ဆရာအဖြစ်မှ ရှောင်ကြဉ်နိုင်ရန် -

"မိမိ အသက်ရှင်နေခြင်းသည် အများချမ်းသာဖို့"ဟူ၍ ဂင်း၏အိမ်ရှိ သင်ပုန်းကြီးတွင် ရေးထားသည်ကို တွေ့ရ၏။ ဂင်း၏သဘောမှာ ကုလ၊ လာဘ၊ ဓမ္မစသည့် မကောင်းသည့် **"မစ္ဆရိယ"** အလိုဆိုး တရားမျိုး မိမိမှာမဖြစ်စေဖို့၊ အမြဲ သတိရှိစေဖို့ ရေးထား၊ သတိပေးထားခြင်းမျိုး ဖြစ်၏။

"ပြောဖန်များ အမှား အမှန်ဖြစ်" ဆိုသကဲ့သို့ ဖြစ်ပေါ်နေသည့် ခေတ်ကို "အမှန်တရား" ပြန်လည် ထွန်းကားစေရန် "အမှန်ကို အမှန်အတိုင်း အပြောများအောင်" ဖန်တီးလုပ်ဆောင်တတ်ရမည်

အမာ ပြန့်ပွားရန် ဖြစ်လေ၏။

ဆရာကြီးများ သင်ပြသည့် အထွေထွေ လေ့လာနည်းများကို ဖော်ပြခဲ့ရာ၌ ဆရာကြီးတို့၏ ဆိုလိုရင်း သဘောအတိအကျကို အဖြည့်ခံအဖြစ် ထပ်မံတင်ပြရသေး၏-

"ပြောဖန်များ အမှား အမှန်ဖြစ်" ဆိုသကဲ့သို့ ဖြစ်ပေါ်နေသည့်ခေတ်ကို "အမှန်တရား" ပြန်လည် ထွန်းကားစေရန် "အမှန်ကို အမှန်အတိုင်း အပြောများအောင်" ဖန်တီးလုပ်ဆောင်တတ်ရမည်ဟူ၏။

ထိုသဘောမှာ ဗုဒ္ဓ၏နည်းဖြစ်ကြောင်း မြတ်စွာဘုရားမပွင့်မီ ဘုရားအတု ၆-ဦး၏ ဝါဒအမှားများ ထွန်းကား အပြောများနေသည့်ခေတ်ကြီးကို ဗုဒ္ဓဝါဒ (အမှန်) ထွန်းလင်းစေဖို့ရန် တပည့်သာဝကများစွာ ထို့ပြင် သုတ်(သုတ္တ)၊ သုတ္တာနုလောမ၊ အာစရိယ ဝါဒ၊ အတ္တနောမတိဟူသော အဓိပ္ပာယ်ကိုပါ ရှင်းပြပေး၏။ ဂင်း၏အဓိပ္ပာယ်မှာ "သုတ်" ဟူသည် ဗုဒ္ဓ၏ နှုတ်တော်ထွက် ပါဠိတော်မူရင်းကို ဆိုလိုသည်။ "သုတ္တာနုလောမ"ဟူသည် ဗုဒ္ဓအလိုကို သိသည့် ဗုဒ္ဓမတ္တညူ ခေါ် ပုဂ္ဂိုလ်များ ဖွင့်ဆိုသည့် "အဋ္ဌကထာ" ကို ဆိုလိုသည်။

* အာစရိယဝါဒဟူသည်မှာ ထို (အလို)အဆို၊ အဖွင့် နှစ်မျိုးနှင့် မကွဲပြားစေဘဲ ဆရာစဉ်ဆက် စောင့်စည်းလိုက်နာ ခံယူထားသည့် အယူဝါဒကို ဆိုလိုသည်။

* အတ္တနောမတိဟူသည်ကား ထိုအဆိုအမိန့်များ အပေါ်၌ မိမိ၏ ထင်မြင်ယူဆပုံကို ထုတ်ဖော်ရှင်းပြခြင်းမျိုးဖြစ်၏။

http://www.dhammadownload.com

ဆိုလိုသည်မှာ ယခုအခါ၌ ထို "အတ္ထနောမတိ" မိမိအယူဝါဒများ ဖွင့်ပြခြင်းတွင် ကွဲလွဲချက်များရှိနေသဖြင့် အမှားအမှန်ရှင်းရာ၌ ခိုင်မာစေရန် နည်းစုံပေးခဲ့ခြင်း ဖြစ်ပါ၏။

ဆရာကြီးဦးပဏ္ဍိုင်၏ ရာပြည့်ပူဇော်ပွဲအတွက် အကျဉ်းချုပ် "နိဂုံး" ဖော်ပြချက်

ကျွန်ုပ်တို့သည် ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ- "သာသနာတော်" နှင့် ကြုံကြိုက်ဆုံစည်းရသဖြင့် မိမိတို့ရရှိသည့် လူဘဝ၊ လူအဖြစ်နှင့် "အသိဉာဏ်" တည်းဟူသော အလင်းရောင်ကို ရရှိခိုက်တွင် ကျွန်ုပ်တို့အားလုံး မျှော်မှန်းသည့် အမြိုက်နိဗ္ဗာန်သို့ တိုင် ဆိုက်ရောက်ကြစေရန် ရည်သန်ကာ ကြိုးစားဆောင်ရွက်ကြရကြောင်းကို ဤစာ၏အစ နိဒါန်းကပင် ဖော်ပြခဲ့ပါ၏။

ဤသို့ သာသနာ့အကျိုးကို ဆောင်ရွက်ကြရာ၌ ဆရာကြီးတို့သည် ၎င်းတို့စွမ်းအားရှိသလောက် မည်မျှကြိုးစားပြုလုပ်ခဲ့ကြသည်ကိုလည်းကောင်း၊ သူတစ်ပါးတို့အား ထိုအသိဉာဏ်မျိုး ရရှိစေရန် ဖြန့်ဝေပေးရာ၌လည်း မည်မျှအထိ အသက်ထက်ဆုံး ကြိုးစားပေးဝေခဲ့ကြပုံကိုလည်းကောင်း အတော်ပြည့်စုံအောင် ဖော်ပြခဲ့ပါ၏။

ထိုအကြောင်းအရာများကို ပြန်လည်ထုတ်ဖော်ပြရသည်မှာ (ယခုပြုလုပ်သည့်) ဆရာကြီးအား ဂုဏ်ပြုသည့် "ရာပြည့်ပူဇော်ပွဲကြီး" မျိုးဖြင့် ပူဇော်မှုပြုကြရာ၌ ဆရာကြီးတို့၏ "အဓိက" ရည်မှန်းကြိုးစားချက်များကို အများသူငါတို့ အလေးအနက် သိရှိကြစေလို၍ ဖြစ်ပါ၏။

ထိုအလေးအနက်ထားရမည့် သိက္ခာ ၃-ပါး၊ မဂ္ဂင်တရားကိုယ် သဘောတရားတို့ကို ဆက်လက်တည်မြဲအောင် ဆောင်ရွက်ကြရမည့် ကျွန်ုပ်တို့ကလည်း ဆရာကြီးများ ရည်မှန်းကြိုးစားခဲ့သည်နှင့်အညီ ဗုဒ္ဓအလိုတော်ကျ သန့်ရှင်းစင်ကြယ်စွာဖြင့် အရှည်တည်တံ့အောင် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ထိုအကျိုးဆောင်ရမည့် သီလ၊ သမာဓိ၊ ပညာ အကျင့်သိက္ခာပြည့်စုံစေမှုအတွက် ပညာသိက္ခာအရာဖြစ်သည့် "ဝိပဿနာ မြတ်ပညာ" ဖြင့် ကိုယ်တိုင်ကိုယ်ကျ တိကျစွာ သဘောပိုက်ပြီး "အသိ-အကျင့်" ပြည့်စုံစွာ ဆောင်ရွက်နိုင်ကြမည့် ပုဂ္ဂိုလ်များဖြစ်စေလိုသည့် "ဆရာကြီးတို့၏အလိုဆန္ဒ" ကို ဖြည့်ဆည်း သည့်အနေဖြင့်လည်း အများသူငါတို့အကျိုးငှာ ရေးသားဖော်ပြရခြင်း ဖြစ်ပါ၏။

လိုရင်းသဘောတရား ဖြည့်စွက်ချက်များ

သာသနာတော်၏ အနှစ်သာရ သီလ၊ သမာဓိ၊ ပညာ အကျင့်သိက္ခာများကို ဤနေရာ၌ ပြည့်စုံနိုင်သမျှ ပြည့်စုံရအောင် ဖော်ပြရန် လိုအပ်ပါသည်။ သို့ရာတွင် ဤစာစဉ်၏ အနေအထားအရ ဤမျှသာ ဖော်ပြနိုင်ပါ၏။

ဆရာကြီးတို့၏ အညွှန်းအရ လိုရင်းသဘောများကို ပြည့်စုံစွာရရှိနိုင်ရန် ပါဠိတော် (မူရင်းကျမ်း)များကို ဆက်လက်လေ့လာရမည်ဖြစ်ကြောင်း ပြောဆိုညွှန်ပြပေးလေ့ရှိပါသည်။

ထိုသာသနာ့သိက္ခာ "မြတ်ပညာ" အတွက် ထိုထိုပါဠိတ္ထောဂ်များစွာကို မကြည့်နိုင်သေးသည့်တိုင် သီလက္ခန္ဓဝဂ်၊ ပါထိကဝဂ် ပါဠိတော် ၂-အုပ်မှ လိုအပ်သည်များကို ဖတ်ရှုလေ့လာသင့်ပါသည်။

ဂင်းဒီယနီကာယ် သုတ်သီလက္ခန်အဲစပိုင်း "ပြဟ္မဇာလသုတ်" လာ အယူဝါဒရေးရာ အမျိုးမျိုးကို သိရှိထားခြင်းဖြင့် အမှားအမှန်ကို ကိုယ်တိုင်ရှင်းနိုင်ပါ မည်။ မိမိတို့ ထင်မြင်ရာ အတွေးအထင်ဝါဒမှားနှင့် ဗုဒ္ဓကိုယ်တော်တိုင် တွေ့မြင်၊ သိမြင်ထားသည့် အတွေးအမြင် ဝါဒအမှန်တို့ကို သေချာစွာ လေ့လာထားပါက မည်သည့် စာပေရေးသားမှု၊ ဟောပြောပြသမှုတွင်မဆို ပြတ်သားစွာ ဝေဖန်နိုင်ပါမည်။

သာမညဖလသုတ်နှင့် မဟာသီဟနာဒသုတ်တို့၌ပါရှိသည့် အကျင့်သီလနှင့် ဆိုင်ရာများ၊ ထူး၍ကျင့်သည့် အကျင့်ထူးများကို တိကျစွာ သိခြင်းဖြင့် မိမိအတွက် အခြေခံကျကျ ကျင့်သုံးပြီးမြောက်နိုင်ပါ၏။

http://www.dhammadownload.com

ထိုသုတ်များကို သေချာစေ့ငုစွာ လေ့လာပြီး သိက္ခာ ၃-ပါးနှင့် ပြည့်စုံရန် ဗုဒ္ဓအလိုတော်အတိုင်း ဖြည့်ဆည်းရမည် ဖြစ်ပါ၏။ ပါထိကဝဂ် ပါဠိတော်၊ စက္က ဝတ္တိသုတ်နှင့် အဂ္ဂညသုတ်များကို အထူးပြု လေ့လာစေလိုပါသည်။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓဝါဒကို ခံယူထားသူတိုင်းအတွက် "ဗုဒ္ဓမြတ်စွာ"၏ သဗ္ဗညုတ ဉာဏ်အရာဖြင့် သိမြင်ဟောကြားခဲ့သော "လူသမိုင်း" ဖြစ်စဉ်နှင့် ကမ္ဘာ့သမိုင်းဖြစ်စဉ်၊ ယဉ်ကျေးမှု စသည်တို့သည် ယခုခေတ် ဖော်ပြပြောဆို ရေးသားနေကြသည့် သိပ္ပံအမြင်၊ သိပ္ပံအယူအဆများနှင့် မည်မျှခြားနားနေသည်ကို သိစေလို၍ ဖြစ်ပါ၏။ ဗုဒ္ဓ၏တရားတော်များကို ဖော်ပြ သည့် ကျမ်းအချို့တွင်ပင် လူသည် တိရစ္ဆာန်လို သတ္တဝါမှ တစ်စတစ်စ ပြောင်းလဲကာ ယဉ်ကျေး တိုးတက်လာသည့် သဘောထားတင်ပြချက်၊ ရေးသားချက်များ ရှိနေသောကြောင့် ဖြစ်ပါ၏။

ခေတ်အခါအလျောက် သိစေလိုပါက ဗုဒ္ဓ၏ ဉာဏ်အမြင်နှင့် သိပ္ပံအမြင်ကို ဗုဒ္ဓဘာသာထွန်းကားရာ တိုင်းပြည်ဖြစ်၍ နှိုင်းယှဉ်သင်ကြား တင်ပြသင့်ပါ၏။

နိဒုံးချုပ် တိုက်တွန်းနှိုးဆော်ချက်

မူဝါဒနှင့် လမ်းညွှန်သင်ကြားမှုများကို သုံးသပ်ခြင်း

မူဝါဒဟူသည်ကိုလည်းကောင်း၊ လမ်းညွှန် သင်ကြားမှုဟူသည်ကိုလည်းကောင်း စိစစ်သုံးသပ်ပါမူ မိမိ၏ အယူဝါဒပြန့်ပွားစေရန် ဖြန့်ဝေမှု(အသိပေးမှု) ပြုခြင်းသာဖြစ်၏။ ထိုသဘောကို ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင် ကျင့်သုံးတော်မူခဲ့၏။ ထို့ကြောင့် ကျွန်ုပ်တို့ ကျင့်သုံးဖြန့်ဝေရာ၌-

မူဝါဒသည် ဗုဒ္ဓ၏မူဝါဒသာ ဖြစ်စေရမည်။ လမ်းညွှန်မှု၊ သင်ကြားမှု မှန်သမျှသည်လည်း ဗုဒ္ဓ၏လမ်းညွှန်မှု သင်ကြားမှုအတိုင်းသာ ဖြစ်စေရမည်။

ဤသဘောကို ရည်ရွယ်၍သာ ကျွန်ုပ်တို့၏ ဆရာကြီးများက ပါဠိတော်၊ အဋ္ဌကထာ စသည်တို့၏ အယူအဆများကိုသာ အခြေခံထားလျက် လွဲမှားမှုမရှိစေရန် နည်းမျိုးစုံဖြင့် သင်ကြားကာ အခါခါ မှာကြား နှိုးဆော်ခဲ့ခြင်း ဖြစ်ပါ၏။

> **မူဝါဒသည်**
> **ဗုဒ္ဓ၏မူဝါဒသာ ဖြစ်စေရမည်။**
> **လမ်းညွှန်မှု၊ သင်ကြားမှုမှန်သမျှသည်လည်း**
> **ဗုဒ္ဓ၏ လမ်းညွှန်မှု သင်ကြားမှုအတိုင်းသာ**
> **ဖြစ်စေရမည်။**

သာသနာ့သမိုင်းစဉ်အရ ရှေးအခါမှသည် ယခုခေတ်အခါအထိ အမှားအမှန်ရှိလာသမျှ ဗုဒ္ဓ၏ မိန့်ဆိုချက် ပါဠိတော်ကိုသာ အရင်းခံထားလျက် အမှန်ရောက်အောင် သုတ်သင် ရှင်းလင်းခဲ့ကြပါ၏။

ခေတ်အဆက်ဆက်ကပင် အယူအဆရေးရာများတွင် ကျွန်ုပ်တို့ အဓိကဖော်ပြသည့် သစ္စာလေးပါး တရားသဘောများနှင့် မဟာသတိပဋ္ဌာန်လာ ကျင့်စဉ်သဘောများကို အတ္တနောမတိခေါ် မိမိ၏ အယူအဆများ ဖော်ပြရာ၌ လွဲမှားစွာ ဖော်ပြရေးသားခဲ့သည်များ ရှိနေပါ၏။

ဤအရာ၌ ဆရာကြီးများ ညွှန်ပြခဲ့သည့်အတိုင်း "မဟာပဒေသတရား ၄-ပါး" ကို အခြေခံ မှတ်ကျောက်ပြုလျက် ဗုဒ္ဓ၏မူရင်းတရားတော်များဖြင့် ညှိနှိုင်းသုတ်သင် ရှင်းလင်းပေးခြင်းဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အခွန့်ရှည်စွာ သန့်ရှင်းတည်တံ့ရလေအောင် စွမ်းအားရှိသမျှ ကြိုးစားဆောင်ရွက်တော်မူကြစေလိုပါသတည်း။

"သုခီတာ ဟောထ ဒုက္ခာ မုစ္စထ"

"သံသရာ ဝဋ်ဒုက္ခမှ ကင်းလွတ်ရာအမှန် နိဗ္ဗာန် ချမ်းသာမြတ်" သို့ 'မုခ' ရရောက် ပေါက်မြောက်တော်မူကြပါစေသော်။ ။

ဆရာဦးသန်းအောင် (ဓမ္မရက္ခိတ)
(ယခင်-ဝိပဿနာပြန့်ပွားရေးအဖွဲ့ အကြီးဆောင်ချုပ်)
အမှတ် ၅၀/၂၀၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊
သမိုင်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com

"နမော တဿတျာဒိ"

ဦးပဂျီငို

နှင့်

ဝိပဿနာပညာတက္ကသိုလ်

ဘဒ္ဒန္တဇောတိက (သာသနဓဇ ဓမ္မာစရိယ) (ဧဝံ မေ သုတံ နှင့် ' ဒိဌဓမ္မော) တင်ပြသည်။

ဆရာကြီးဦးပဂျီငိုနှင့် ဝိပဿနာပညာတက္ကသိုလ် ဖြစ်ပေါ်လာပုံကို သိရှိထားသည်တို့အနက် အနည်းငယ်မျှ ရေးသားတင်ပြခဲ့ပါအံ့။

ဆရာကြီးဦးပဂျီငိုသည် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီက မြန်မာတိုင်းရင်းသား လူမျိုးတို့၏ **တိုး**တက်ရာ တိုးတက်ကြောင်း၊ ကြီးပွားရာ **ကြီးပွား**ကြောင်း စာအုပ်ကောင်းများ ရေးသားခဲ့ရာ "**ကြီးစား**က ဘုရားဖြစ်၏" အမည်ရှိသော စာအုပ်မှာ **စာအုပ်**ကောင်း တစ်အုပ်အဖြစ် ပါဝင်ခဲ့ပါသည်။ ထို့အပြင် "**ကြီးပွားချမ်းသာရေး**" စာအုပ်မှာ သတ္တမတန်းတွင် ကျောင်းသုံးဖြစ်ခဲ့ပါသည်။

ဆရာကြီးဦးပဂျီငိုသည် စာရေးဆရာအဖြစ်တွင် ရပ်တန့်မနေဘဲ သတင်းစာလုပ်ငန်းအတွက် ရှာဖွေရန် ကာလကတ္တားမြို့သို့ သွားရောက်ခဲ့ပါသည်။ ပြန်လာသောအခါ "သူရိယ" သတင်းစာကို စတင်တည်ထောင်ခဲ့သော ခေါင်းဆောင်ကြီး ဘကြီးဘဖေထံ တွင် သတင်းစာလုပ်ငန်းပညာကို သင်ယူပါသည်။ ထို့နောက် မကြာမီ "**တိုးတက်ရေး**" သတင်းစာ ထုတ်ဝေခဲ့ပါသည်။ ထိုမှ တစ်ဆင့်တက်ကာ "ဂျာနယ်နှင့် မဂ္ဂဇင်း" ၊ "စာနယ်ဇင်း" သုံးစောင်ကိုလည်း တစ်ချိန်တည်း အောင်မြင်စွာ ထုတ်ခဲ့သည်မှာ မြန်မာပြည်သို့ ဒုတိယကမ္ဘာစစ်ကြီး ကူးစက်လာသည်အထိပင် ဖြစ်ခဲ့ပါသည်။ "တိုးတက်ရေး" သတင်းစာမှာ နေ့စဉ်စောင်ရေ (၂၀၀၀၀) နှစ်သောင်းကျော် ထုတ်ဝေခဲ့ရသဖြင့် မြန်မာပြည်တွင် ထိုအခါက စောင်ရေအများဆုံး ထုတ်ဝေခဲ့ရသော သတင်းစာ ဖြစ်ခဲ့ရပါသည်။ ဤသို့ဆိုလျှင် စာရေးဆရာအဖြစ်၊ သတင်းစာဆရာအဖြစ်ဖြင့် နှစ်ပေါင်း သုံးဆယ်ခန့် ကျင်လည်သူ ဖြစ်ပါသည်။

ဆရာကြီးဦးပဂျီငိုသည် တစ်ဆင့်တက်ကာ - "ဝိပဿနာပညာရပ်" ကို လိုက်လံရှာဖွေ ဆည်းပူးပြန်ပါသည်။ရန်ကုန်မြို့ရှိ **အသိတိ**ကျောင်းတိုက် ဆရာတော် ဦးတေဇိန္ဒ၊ ဒေဝသာဂရ သိမ်ကုန်း ဆရာတော် ဦးရေဝတဓမ္မ၊ ဗဟန်းကျောင်းတော်ရာ ဆရာတော်ကြီးများ အစရှိသော ဆရာတော်ကြီးများ အသီးသီးထံမျှမက လူဆရာကြီးများ ဖြစ်ကြကုန်သော ဆရာကြီး ဦးသူတော်၊ ဆရာကြီး ဆရာလင်း၊ လယ်တီဆရာကြီး ဦးမောင်ကြီး၊ လယ်တီ ဆရာကြီး ဦးမြိုင်၊ ဆရာဘီ၊ ဆရာရိပ်၊ ဆရာညွန့်၊ ဆရာဝ၊ မှော်ပီဆရာသိန်းကြီး၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း စသည့် ဆရာကြီးများထံတွင်လည်း တပည့်ခံကာ သင်ယူခဲ့သည်။

ထိုမျှမက ပဲခူး၊ သန်လျင်၊ ပြည်၊ ရွှေတောင်၊ မန္တလေး စသော မြို့ကြီးများသို့လည်း သွားရောက်ကာ "ဝိပဿနာပညာရပ်" ကို ရှာဖွေဆည်းပူးခဲ့ပါသည်။ အထူးကား "ဝိပဿနာပညာရပ်" နှင့်ဆိုင်သော ပါဋိတော်အဌကထာများမှ ကောင်းနိုးရာရာ ကျမ်းအကိုးအကားများကို မှတ်သားထားသော စာကြည့်တိုက်ထားရှိသည့် အက္ခရာစဉ်ဖြင့် ကတ်ပြား (၆"×၄") ကတ်ပြားပေါင်း (၂၀၀၀)ကျော် ရှိသည့်ပြင်

http://www.dhammadownload.com

အင်္ဂလိပ်စာကတ်ပြားများကိုလည်း ရေးသားထားသည်ကို တွေ့မြင်ရပါသည်။

ထိုကတ်ပြားများရှိ ကျမ်းအကိုးအကားများကို ဆရာကြီးအိမ်တွင် ရှင်လူရဟန်းတို့ နေ့စဉ်လိုလို ကူးယူကြပါသည်။

ယင်းသို့ ရှင်လူရဟန်းတော်တို့ထံမှ ရရှိသော "ဝိပဿနာပညာရပ်"များနှင့်တကွ ပါဠိတော်၊ အဋ္ဌကထာတို့၌ လာရှိသည့်အတိုင်း 'ဝိပဿနာဘာဝနာလုပ်ရပ်' ကို ဆရာကြီးကိုယ်တိုင် ရှေးဦးစွာ ပွားများအားထုတ်လျက် ၁၉၅၁ ခုနှစ်ကစ၍ လူပရိသတ်တို့အား သင်ပြပေးခဲ့ပါသည်။ ထို့နောက် ၁၉၆၃ ခုနှစ်ကစ၍ "ဝိပဿနာဘာဝနာ" ပွားများနည်းကို ပေးဝေလျှဲဒါန်းသည်မှာ ဆရာကြီးကွယ်လွန်သည်အထိ ဖြစ်ပါသည်။ အလွန်ထူးခြား အံ့ဩစရာတစ်ခုကား **ဆရာကြီးသည် သူ၏နောက်ဆုံးအချိန်ကို အင်္ဂလိပ်လို သူ၏ဒိုင်ယာရီတွင် ရေးသားခဲ့သည်နှင့် သူ၏နောက်ဆုံးအချိန် အံကိုက်ဖြစ်နေခြင်းပင်တည်း။**

ဆရာကြီးသည် နိုင်ငံခြားသို့ ဒုက္ခအဝဝ ချုပ်ငြိမ်းစေသောနည်းကို လျှဲဒါန်းပေးဝေလိုခြင်းကြောင့် ၎င်းတို့ အယူအဆ သံသယဖြစ်နေသော အချက်အလက်များနှင့် ၎င်းတို့သိလိုသော အချက်အလက်များကို ဖြေရှင်းပေးနိုင်ရန် လန်ဒန်မြို့ရှိ စာကြည့်တိုက်ကြီးကို သွားရောက်၍ ဘာသာရေးဆိုင်ရာ စာအုပ်များကို ရှာဖွေ ဖတ်ရှုလေ့လာခဲ့ပါသည်။ ထိုမှတစ်ဖန် ဆက်၍ ဝါရှင်တန်မြို့နှင့် နယူးယောက်ရှိ စာကြည့်တိုက်ကြီးများတွင် ဘာသာရေးဆိုင်ရာ စာအုပ်များကို ရှာဖွေ ဖတ်ရှုလေ့လာခဲ့ပါသည်။ ထိုမျှမကသေး၊ ဒုတိယအကြိမ် အမေရိကတိုက်ရှိ မြို့ကြီး ၁၆-မြို့၌ရှိသော စာကြည့်တိုက်ကြီးများသို့ သွားရောက်ကာ ဘာသာ အရပ်ရပ် ဆိုင်ရာ စာအုပ်များကို ရှာဖွေ ဖတ်ရှု လေ့လာခဲ့ပါသည်။ ထိုမျှမကသေး၊ ဘာသာရေးဆိုင်ရာ စာအုပ်အချို့ကိုလည်း ဝယ်ယူခဲ့ပါသေးသည်။

ဆရာကြီးသည် ဝိပဿနာပညာမျှမက ဘာသန္တရကိုလည်း ဆည်းပူးခဲ့ပါသည်။ အများအကြိုးငှာ ထိုခေတ်ထိုအခါက ဂျပန်စကားပြောနည်းစာအုပ်ပင် ရေးသားခဲ့ပါသည်။ ဝိပဿနာပညာမှာလည်း ဂမ္ဘီရဝိပဿနာ ရွှာတွယ် ၃-တွဲ၊ ဝိပဿနာအခြေခံနှင့် အဖြေမှန်၊ ယခု သင်ပြနေသော ဝိပဿနာဘာဝနာ ၂-စောင်တွဲ၊ အင်္ဂလိပ် - မြန်မာ နှစ်ဘာသာဖြင့် "ဂေါတမ ဗုဒ္ဓ"၊ ဝိပဿနာပညာသည် ဒုလ္လဘ၊ မြန်မာ့အကျိုးနှင့် ကမ္ဘာ့အကျိုး၊ ဝိပဿနာပညာ စာအုပ်မိုးများစွာ ရေးသားသင်ပြပေးခဲ့သည်။

ထို့ပြင် ဆရာကြီးသည် ၁၃၂၉ ခု၊ တော်သလင်းလပြည့်ကျော် (၅)ရက်၊ ၂၃-၉-၆၇ (စနေနေ့)ညနေ (၄)နာရီအချိန်တွင် အမှတ် (၂၀၁/၃)၊ လွစ္စလမ်း၊ ဦးစံလွင် (အီကောနောမစ်)အိမ်တွင် ဝိပဿနာ ပြန်ပွားရေးအဖွဲ့ကို ပထမဆုံးအကြိမ် ဖွဲ့စည်းခဲ့ပါသည်။ ၁၉၇၁-ခုနှစ် အဖွဲ့၏ စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည်နေ့တွင် ဝိပဿနာမိန့်ခွန်းစာအုပ်ကို ဖြန့်ဝေပါသည်။ ၎င်းဝိပဿနာပညာ မိန့်ခွန်းစာအုပ်၊ စာမျက်နှာ (၃) အောက်ဆုံးတွင် မြန်မာတစ်ခွင် ကမ္ဘာတွင် မရှိဖူးသေးသော သတင်းထူးတစ်ပုဒ် တွေ့ရပါသည်။ သတင်းထူးကား -

"ဝိပဿနာပညာတက္ကသိုလ်" ဖွင့်ရန်
ဆရာတော်အချို့ အဆင်သင့်ရှိနေပါကြောင်း
သူတော်ကောင်းအပေါင်းတို့၊

သတင်းရေးသားသူ ပဂ္ဂိုဠိဟူ၍ ပါရှိခဲ့လေသည်။

ထိုသတင်း မထုတ်ပြန်မီကတည်းက ရွှေကျင်မြို့နယ် ဓမ္မာရုံကြီးတွင် အစဉ်သဖြင့် ဆရာကြီးနှင့် လက်တွဲပြီး ဆရာတော်များ ဝိပဿနာပညာသင်တန်းများကို အစဉ်သဖြင့် သင်ပြပို့ချ ဟောပြောခဲ့ပါသည်။ ထို့ပြင် ရန်ကုန်မြို့ရှိ ရပ်ကွက်ဓမ္မာရုံများ၊ ရွှေဘုန်းပွင့်ဘုရား၊ တစ်နေရာ ငါးညဉ့် ခုနစ်ညဉ့် လှည့်လည် သင်ပြခဲ့ရုံမှမက နယ်မြို့ကြီးများ၊ မြို့၊ ထားဝယ်သို့ပင် ကြွရောက်သင်ပြပေးခဲ့ပါသည်။

ဆရာကြီးဦးပဏ္ဍိုင်၏ စေတနာ၊ ဓမ္မသဘာဝ၏

http://www.dhammadownload.com

သတ္တိစွမ်းရည်တို့ကြောင့် ဆရာကြီး ကွယ်လွန်သော်လည်း ဝိပဿနာပညာလုပ်ရပ်ကြီး မကွယ်ပရအောင် ဆရာတော်များက ဆက်လက်ပြီး ယနေ့ (၁၉၉၂) တိုင်အောင် ဟောပြောသင်ပြလာခဲ့ရာ ယနေ့တိုင် နိုင်ငံမှချမှတ်ပေးသော ရွှေတိဂုံ အရှေ့စောင်းတန်းဆင်း ဗဟန်းကြားတောရ လမ်းမကြီးပေါ်တွင် ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်၏ "ဝိပဿနာပညာ တက္ကသိုလ်" ဟူသော (၆"×၆") လက်မ ရွှေစာလုံးကြီးများဖြင့် ဝင့်ဝင့်ထည်ထည်ခမ်းနားကြီးကို သူတော်ကောင်းတို့ မျက်ဝါးထင်ထင် တွေ့မြင်နိုင်ကြလေပြီ။

"ထိုဝိပဿနာပညာ တက္ကသိုလ်" တွင် ယခုနှစ် (၁၉၉၂) လူသင်တန်းသား (၁၅၀)နှင့် ရဟန်း သင်တန်းသား (၁၇၂)ပါးတို့ တက်ရောက်သင်ယူအားထုတ်ကြပါသည်။

တနင်္ဂနွေတိုင်း နံနက် (၈)နာရီမှ (၁၀)နာရီထိ မည်သူမဆို ကြွရောက်သင်ယူအားထုတ်နိုင်ပါသည်။ ကြွရောက်ပါရန် မေတ္တာဖြင့် ဖိတ်ကြားအပ်ပါသည်။

ဆရာကြီးဦးပဂျိုင်နှင့် အတူတကွ အစဉ်သဖြင့် လက်တွဲသင်ပြခဲ့သော ဆရာတော်ကြီးများ ဖြစ်ကြသည့် ဦးအဂ္ဂဝံသ (ဓမ္မာစရိယ၊ ဘီအေ)၊ ဆရာတော် ဦးကုသလ (ဓမ္မကထိက)၊ ဆရာတော် ဦးဇောတိက (ဓမ္မာစရိယ)တို့က အလှည့်ကျ "ဒုက္ခအဝဝ ချုပ်ငြိမ်းစေနိုင်သော ဗုဒ္ဓမြတ်စွာ၏ ဝိပဿနာပညာရပ်" ကို ဟောပြောပြသ သင်ပြပေးနေပါကြောင်း။

ဆရာကြီးဦးပဂျိုင် မြင်ချင်သည့် ဝိပဿနာပညာတက္ကသိုလ်ကြီးသည် အတိုင်းထက်အလွန် စည်ပင်ပြန့်ပွားပါစေဟု ဆုမွန်ကောင်း တောင်းလှစ်ခွေလိုက်ရပါတော့သည်။

ဦးပဂျိုင်၊ ဝိပဿနာဘာဝနာနှစ်စောင်တွဲ၊ အမှာ၊

ဒုက္ခခံခြင်းသည် သုခ၏အစတည်း

ပ-သုံး-လုံး

ဝိပဿနာပြန့်ပွားရေးအဖွဲ့

ဝိပဿနာ သင်တန်းများ

(၁၃၅၀ - ၅၅၈)

ဝိပဿနာပညာကို ပ-ဒိယတ် ပါဠိဘာသာ ဗဟြံဒံဠှိ ၂-ဋီပတ်ဆာသုံ့ မှုန်ပြင့် ပ-ဋိဝေဝ နိဗ္ဗာန်သို့ ဖြတ်ခေါက်ပြုရေရှိ သင်ကြား ပြသပေးနေပါသည်။ ယနေ့ဝိသင်တန်းများမှာ ဓာတ်ပါဝါအထိုင်း ဖြစ်ပါသည်။

၁-ရဟန်းတော်များအတွက်

ရဟန်းထေရ်များအတွက် ဝါဆိုင်းသုံးလအတ်တန်းကို ၁၃၅၀-ခုနှစ်၊ ဝါဆိုထုတ်ပဲ့ ဂု-ရက် (၂၇-၇-၇၀) မှစ၍ ပြုပင်နေထိုင်၊ ရန်ကုန်မြို့ ဌေတိဂုဟာယ်၌၊ ဌေကျင်မြို့နယ် ဓမ္မာရုံတွင် ဒေါ့ထယ် ၂-နာရီမှ ၄-နာရီထိ ဤဆွေမှ ဓမ္မကထိက ဆရာတော်များ ဖြစ်တော်မူကြသော ဆရာတော် ဦးကုသလ၊ ဦးဇောတိက၊ ဦးနန္ဒိယနှင့် ဦးဆဂ္ဂဝံသ တို့က သင်ကြားပို့ချမည် ဖြစ်ပါသည်။

၂-လူထွက်ရှိများအတွက်

လူထွက်ရှိထ်များအတွက် ၁၃၅၀-ခုနှစ်၊ ဝါဆိုထဆုတ် ၁၁-ရက် (၃၀-၇-၇၀) ထနှင့်နေ့မှစ၍ ထနှင့်နေ့ထိုင်း နံနက် ဂ-နာရီမှ ၁၀-နာရီထိ ဆထပ်ပါဓမ္မာရုံကြီးတွင် ဆထွက်လူပေါ့ကထိက ၁၊ ဆထေတော် ဦးကုထလ၊ ၂၊ ဆထေတော် ဦးဇောတိက၊ ၃၊ ဆထေတော် ဦးနန္ဒိယနှင့်၊ ဆထေတော် ဦးဆဂ္ဂဝံသတို့က သင်ကြားပို့ချမည်ဖြစ်ပါသည်။

၃-ဗုဒ္ဓဩဝါဒများအတွက်

ယခုအခါ ကမ္ဘာကြီးတွင် သိပ္ပံပညာရှင်ကြီးများသည် ဗုဒ္ဓဥတ္တမ ဘာသာအား ကောက်ယူနိုင်ရန် နှည်းလမ်းပေါင်းစုံဖြင့် ဖော်ထုတ်ပေးနေကြသော်လည်း ဗုဒ္ဓဟိတ်ရှင်အဖြစ် ရှာဖွေတွေ့ရှိသည့် ဗုဒ္ဓဥတ္တမ ဘာသာအား ထိထိရောက်ရောက် ကြိုတင်ကာကွယ်နည်းနှင့်ကို ထင်ထင်း နှစ်လိုလောက်စွာ ပြသပေးနိုင်ကြောင်း၊ ပဌာနပြဿနာပြဖွင့် ဓမ္မာသုကမ္မာဘာသာအားလျှင်ဂုဏ် ဓမ္မာ ခန့်ပြမည်ဖြစ်ကြောင်း၊ ပဌာနပြဿနာပြဖွင့် ဓမ္မာသည်ကမ္ဘာကိုငြိမ်းချမ်းစေနိုင်ကြောင်း၊

အမှုဆောင်အဖွဲ့
ပ-သုံး-လုံး

ဘရာဂြိုး-ဦးပဂျိုင်

တိုင်းပြည်နှင့်တကွ လူတိုင်းလူတိုင်း၏

တိုးတက်ချမ်းသာကြွယ်ဝစေရေးအတွက် ဆေးတခွက်။

ဝိပဿနာပြန့်ပွားရေးအဖွဲ့ (၂၀-၁၂-၇၅) နှစ်ပတ်လည် ဓာတ်ပုံ(၂)တွင် ဆရာကြီးဦးပဂျိုင်သည်တိုင်းပြည်စီးပွားရေးနှင့်ကမ္ဘာ့ကိုယ်စားလှယ်များ၏ လက်ရှိအခြေအနေမှ တိုးတက် ကြီးပွားရမှုမြင်သော ကိုယ်ခန္ဓာ ရေးသားပြုစုပြသိုက်သော ဝိပဿနာတွင်-

ဓာတ်ပုံကဉ်း ဝိပဿီအတွက် ကြည့်ရှုဝေဒနာခွေက် စေါင်မသော ကြောင်း၊ ဆင်းရဲမှုမြိုးဆောမရွေး၊ ဆုထူးကြီးငယ်မဆို၊ ဖတ်ရှုလိုက်နာပါက ဝိပဿနာဉာဏ် ၇-လမဆိုသာ၊ ဘီ ဖတ်ရှုနေ့စဉ် ကဲကောင်းနေခြင်း၊ ထိမည်သူမဆို ဖတ်ရှု လာမည်ဘေးဝေဒနာ၏၊ ဆုတပါး၊ကပ်ဆိုက်လွှင်၊ ဝိပဿီဘိတ်ကိုက်၏၊ ဆုတပါး၊တိုင်းပြည်၌ ကပ်ဆိုက်လွှင် ဝိပဿီတိုင်းပြည်၌ လာဘ်ဟိုက်၏၊ ရေဘေး၊လေဘေး၊မီးဘေး၊မြေလှုပ်ဘေး၊ ဤသို့ကို ကာကွယ်ရန်ရှာ ဒုဒ္ဓနည်းမှတပါး၊ ဖခြားကာကွယ်ရန်နည်း ဦးခဲ့ခြင်း၊

ဝိပဿီတိုင်းပြည်နှင့်တကွ၊ ဝိပဿီကိုယ်တိုင် တိုးတက်ကြီးပွားရန်သားကိုအလိုရှိသူအပါယ်တံခါးတို့ကိုပိတ်စေလိုပါလျှင်၊ဆရာကြီးဦးပဂျိုင်၏ ဝိပဿနာဘာဝနာဂုဏ်တရုံကို ဝယ်ယူတော်ရှုကြပါကုန်။ ဖတ်ပြီးခန့်က မကြေနပ်ပါက ဝေမှုဆာတိုင်း ပြန်ယူလဲပါလေ ဝေဒနာ/ ပြန်ကြည့်ရှုလဲတော့။

ဆရာကား။ ဆရာကြီးဝိပဿနာကို မည်သူမဆို အမဲ့ဝိပဿနာပြုပေးလေ့ရှိပါကြပါသည်။ ရန်မည်အကျိုးကို ကာ၊ အပြီးမြတ်နိုင်ပါ။

ဝိန်ညွှန်
ဝိပဿနာပြန့်ပွားရေးအဖွဲ့
၉၁-လူဘုံရဲလမ်းကုန်းထောင်းလေး
ရန်ကုန်မြို့။

"သိန်းဝင်း"စာပုံနှိပ်တိုက်

http://www.dhammadownload.com



ဝိပဿနာပြန့်ပွားရေးအဖွဲ့
ပထမဆုံး အမှုဆောင်အဖွဲ့ (၁၉၆၇)

၁၃၂၉-ခု၊ တော်သလင်းလပြည့်ကျော် (၅)ရက်၊ (၂၃-၉-၆၇)စနေနေ့၊ ညနေ (၄)နာရီအချိန်တွင် အမှတ် ၂၀၁/၃၊ လွစွလမ်း (ဆိပ်ကမ်းသာလမ်း)၊ ဦးစံလွင်၏နေအိမ်၌ ပထမအကြိမ် အစည်းအဝေး ပြုလုပ်ခဲ့ပြီး အောက်ပါအမှုဆောင်အဖွဲ့ဝင်လူကြီးများအား ရွေးချယ်တင်မြှောက်ခဲ့ပါသည်။

အမှုဆောင်အဖွဲ့

၁။	ဦးသူတော်	ဥက္ကဋ္ဌ	- ၁၉၊ ယောက်လမ်း(ယောမင်းကြီးလမ်း)၊ ရန်ကုန်မြို့၊
၂။	ဦးပဂ္ဂိုဠ်	ဒု-ဥက္ကဋ္ဌ	- ၉၁၊ လူအိုရုံလမ်း (ဒေါ်သိန်းတင်လမ်း)၊ ကန်တော်ကလေး၊
၃။	ဦးဖေစိန်	ဒု-ဥက္ကဋ္ဌ	- ၂၅၊ ၁၃၇-လမ်း၊ မဟူကုန်း၊
၄။	ဦးစိန်ညွှန့်	ဒု-ဥက္ကဋ္ဌ	- ၈၊ ရတနာလမ်း၊ ကျောက်မြောင်း၊
၅။	ဦးသန်းအောင်	အကျိုးဆောင်ချုပ် (၂၃-၉-၆၇ မှ ၄-၂-၆၈)	- ၅၀/၂၀၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊ သမိုင်း၊
၆။	ဦးဘော်စံ	အကျိုးဆောင်(အထွေထွေ)	- ၂-အေ၊ ကံဘဲလမ်း၊
၇။	ဦးစံလွင်	တွဲဖက်အကျိုးဆောင်(အထွေထွေ)	- ၂၀၁/၂၀၃၊ လွစွလမ်း (ဆိပ်ကမ်းသာလမ်း)၊
၈။	ဦးစိန်ကြည်	အကျိုးဆောင် (သင်တန်း)	- ၅၁၊ ၂၃-လမ်း
၉။	ဦးစံလွင်	ဘဏ္ဍာရေးမှူး	- ၂၀၁/၃၊ လွစွလမ်း (ဆိပ်ကမ်းသာလမ်း)၊
၁၀။	ဦးကျင်ဖေ	ပြန်ကြားရေးမှူး	- ၇၇၇၊ မဟာဗန္ဓုလလမ်း၊
၁၁။	ဦးဘလတ်	ပစ္စည်းထိန်းမှူး	- ၃၇၊ ဦးရွှေဝမ်းလမ်း၊
၁၂။	ဦးလှတင်	စာရင်းစစ်	- ၅၇၊ မာလာမြို့ငှ် (၃)လမ်း၊ အုတ်ကျင်း၊

❑

http://www.dhammadownload.com

မဟာပဒေသတရား ၄-ပါး

သုဘ်မဟာဝဂါ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ်၌ ၎င်း- အဂုံတ္တိုရ်ပါဠိတော် စတုက္က နိပါတ် သဠေတနိယဝဂ် မဟာပဒေသသုတ်၌ဌင်း- **ဟောခဆော်မူသော "မဟာပဒေသတရား ၄-ပါး" အတိုချုပ်မှာ-**

မည်သူက ပြောဟော်သည်ဖြစ်စေ ငါဘုရား ဟော်တော်မူသော ပါဠိတော်တို့နှင့် ကိုက်-**မကိုက်** ညီနှိုင်းရမည်၊ ကိုက်ညီသော် လက်ခံ၍၊ **မကိုက်ညီသော်** ပယ်ရမည်ဟု ဟောတော်မူခဲ့လေသည်။ ထို့ကြောင့် ကျွန်တော် ပြောဟောသည် ဖြစ်စေ၊ အခြား ပုဂ္ဂိုလ် တဦးဦးက ပြောဟောသည်ဖြစ်စေ၊ ပါဠိတော်တို့နှင့်ကိုက်ညီသော် လက်ခံ၍ မကိုက်ညီသော် ပယ်ဖျက်တော် မူကြပါလေ အဖွဲဝဇ်အပေါင်း သူတော်ခကောင်းတို့- ။

ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲချုပ် အစဉ်အဆက် ဥက္ကဋ္ဌကြီးများ

ပညာရှိ၊ သုခမိန်၊ ပါဠိဆရာကြီး ဆရာလင်း ဩဝါဒအရ ဝိပဿနာပြန့်ပွါးရေးထက် ဝိပဿနာထူထောင်ရေးအဖွဲ့ဖွဲ့ကာ ဆောင်ရွက်ခဲ့ကြပါသည်။

၁၉၅၂-ခု၊ ဝိပဿနာထူထောင်ရေးအဖွဲ့၊ (၁၀)နှစ်။
၁၉၆၂-ခု၊ ဝိပဿနာပြန့်ပွားရေးအဖွဲ့၊ (၁၁)နှစ်။
၁၉၇၃-ခု၊ ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့၊ (၁၈)နှစ်။
၁၉၉၁-ခု၊ ပ-**သုံးလုံး** ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်. . . . အဖြစ်
အစဉ်သဖြင့် **ဖြစ်ပေါ်** လာပါသည်။

၁၉၅၂-ခုနှစ်မှစပြီး ရာသက်ပန်၊ ဦးသူတော် ဥက္ကဋ္ဌ၊ ဦးပဂ္ဂိုဠိ-ဒုတိယ ဥက္ကဋ္ဌ၊ ထို့နောက် ရာသက်ပန်၊ ဦးမောင်မောင် (မန္တလေးရုပ်ရှင်) ဥက္ကဋ္ဌ၊ ဦးငြိမ်းမောင် (ရှေးဟောင်းသုတေသနဦးစီးဌာန)၊ ဦးစံလွင် (အီကိုနော်မစ်)၊ ဦးကျိဘသော်(သစ်တောအရေးပိုင်)၊ ဦးတင်သိန်း(တရားသူကြီး)၊ ဒေါက်တာဦးအောင်မြတ် (မေ့ဆေးဆရာဝန်ကြီး၊ ဦးနော်နှင့် အာရုံကြောဌာန)၊ ဦးဝင်းမောင် (အင်ဂျင်နီယာမှူးကြီး)၊ ဒေါက်တာဦးကံညွှန့် (ကထိက၊ နိုင်ငံတကာဆက်ဆံရေးဌာန၊ ရန်ကုန်တက္ကသိုလ်) တို့ ဝိပဿနာပြန့်ပွားရာပြန့်ပွားကြောင်း အဖွဲ့၏ ဥက္ကဋ္ဌကြီးများအဖြစ် တစိုက်မတ်မတ် ဆောင်ရွက်တော်မူခဲ့ကြပါသည်။

ယခုအခါ ၁၉၉၇-ခုနှစ်မှ အစပြု၍ ဦးအောင်ဖေ (ဦးစီးအရာရှိ-ငြိမ်း၊ ပြည်တွင်းအခွန်များဦးစီးဌာန) ဥက္ကဋ္ဌကြီးအဖြစ် ပြည်တွင်း ပြည်ပ၌ ဝိပဿနာတရားစစ်၊ တရားမှန်များ ပြန့်ပွားရေးရှေးရှုပြီး အဖွဲ့ဝင်များနှင့် မမှိတ်မသုန် ဆောင်ရွက်လျက် ရှိပါသည်။

http://www.dhammadownload.com

ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်
အစဉ်အဆက် အကျိုးဆောင်ချုပ်များ

၁။ ၁၉၆၇-ခုနှစ်၊ **အကျိုးဆောင်ချုပ်** ဦးသန်းအောင်သည် ဝိပဿနာတရားစစ် တရားမှန်များ ပြန့်ပွားရေးကို တစိုက်မတ်မတ် ကြိုးပမ်းလာရာ ၁၉၆၆-ခုနှစ်ကတည်းကပင် အဖွဲ့တည်ရာဌာန၊ ရွှေတိဂုံတောင်မုခ်၊ ရွှေကျင် မြို့နယ် ဓမ္မာရုံကြီးတွင် "လူသင်တန်း၊ ရဟန်းသင်တန်း" ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ခဲ့ခြင်း၊ သမိုင်းရှိ မိမိအိမ်တွင် အဖွဲ့ခွဲအဖြစ် ဆရာကြီးနှင့် ဆရာတော်များအား သင်တန်းများ ပြသရန် ဆောင်ရွက်ခြင်း၊ အဖွဲ့ချုပ်သို့ သာဓုအနုမောဒနာပြုရန် ကြေးစည်တစ်လုံးကို အဖွဲ့ခွဲအနေဖြင့် လှူဒါန်းခဲ့ခြင်းစသည်ဖြင့် များစွာဆောင်ရွက်ခဲ့ပါသည်။

၂။ ၁၉၆၈-ခုနှစ်မှစပြီး နှစ်ပေါင်း ၂၅-နှစ်ခန့်၊ **အကျိုးဆောင်ချုပ်** ဦးစိန်ညွှန့် သည် ဝိပဿနာအစစ်အမှန် ပြန့်ပွားရေး တရားသင်တန်းများ၊ ရွှေဘုန်းပွင့်ကဲ့သို့ ရုပ်ကွက်မွှာရုံများ၊ မြိတ်၊ ထားဝယ်ကဲ့သို့ မြို့ကြီးများ၌ သင်တန်းနှင့် တရားပွဲများ ဖြစ်မြောက်ရေးအတွက် အစဉ်သဖြင့် ကြိုးပမ်းအားထုတ်ခဲ့ပါသည်။ ထို့ပြင် အဖွဲ့ပိုင် မြေနေရာကို နိုင်ငံတော်မှ ရရှိရေး၊ ဝိပဿနာပညာတက္ကသိုလ် ဗိမာန်တော်ကြီး ပန္နက်တင်ရိုက်သည်တိုင် အောင် အဖွဲ့၏များစွာသော လုပ်ငန်းတို့ကို ဦးလည်မသုန် ထမ်းဆောင်ခဲ့ပါသည်။

၃။ ၁၉၉၁-ခုနှစ်။ **အကျိုးဆောင်ချုပ်** ဦးထွန်းလှိုင် သည် စုဝေးရန် အလွန်ခက်ခဲခဲ့ချိန်တွင် လူသင်တန်း၊ ရဟန်း သင်တန်းကြီး ဖွင့်လှစ်နိုင်အောင် ခက်ခက်ခဲခဲ၊ ကြိုးကြိုးပမ်းပမ်းဖြင့် အဖွဲ့၏လုပ်ငန်းများစွာကို ဆောင်ရွက်ခဲ့ပါသည်။

၄။ ၁၉၉၁-ခုနှစ်နှောင်းပိုင်းမှစပြီး **အကျိုးဆောင်ချုပ်** ဦးသောင်းစိန် သည် အဖွဲ့ချုပ်တည်ရာဌာန၊ ဝိပဿနာပညာတက္ကသိုလ်ကြီး ဖြစ်မြောက်ပြီးစီးရေးအတွက် အစဉ်သဖြင့် တစိုက်မတ်မတ် ခက်ခက်ခဲခဲများ ကျော်လွန်အောင်မြင်စွာ ထမ်းဆောင်ခြင်း၊ အဖွဲ့ချုပ် ကျစ်လျစ်ခိုင်မာစွာဖြင့် ဝိပဿနာတရား အစစ်အမှန်များ ပြန့်ပွားရေးအတွက် ဒီဇင်ဘာလတိုင်း ရဟန်းတော်များ ဝိပဿနာပညာ ဆရာဖြစ်သင်တန်းကြီးနှင့် စနေ၊ တနင်္ဂနွေ၊ အဖိတ်၊ ဥပုသ်နေ့သင်တန်းများ တိုးချဲ့ဖွင့်လှစ် ထမ်းဆောင်ခြင်းများစွာဖြင့် အဖွဲ့ချုပ်တာဝန်များကို အဖွဲ့ဝင်များနှင့် အစဉ်တစိုက် ဦးလည်မသုန် ထမ်းဆောင်လျက်ရှိပါသည်။

ဘဒ္ဒန္တဇောတိက၊ ပဓာန နာယက၊ ဝိပဿနာပညာ တက္ကသိုလ်။

❑

http://www.dhammadownload.com

အဖွဲ့ဥက္ကဋ္ဌ ဆရာကြီး ဦးသူတော်

၂၆-၁၂-၇၆ နေ့တွင် ပြုလုပ်ကျင်းပခဲ့သည့် ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ နဝမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးမိန့်ခွန်း



ဒါးဟိုး၌ မနှစ်သက်တော့ဘူး၊ ငြီးငွေ့လာမယ်၊ ဒါ့ကြောင့် ပရမတ္ထ၊ အနတ္တ သဘာဝ တရားတွေကို ရှုနိုင်မှ ဝိပဿနာရှုတယ်လို့ ခေါ်တယ်။ "အတ္တနော သဘာဝံ ဓာရေတီတိဓာတု" အရ နိဿတ္တနိဇ္ဇီဝ ဓမ္မသဘာဝါ-သတ္တဝါလည်းမဟုတ်၊ အသက်လည်း မဟုတ်ဆိုတဲ့ အနတ္တကို ဝိပဿနာ ပညာဉာဏ်နဲ့ မြင်တော့မှ ဝိပဿနာ အာရုံဘူမိမှန်မည် ဖြစ်ကြောင်း။

အတ္တအနေနဲ့ စွဲယူနေရင် ပုဂ္ဂိုလ် သတ္တဝါ ရှိနေတယ်။ သဂါထာဝဂ္ဂသံယုတ်မှာ ဣန္ဒဘီလူးက မြတ်စွာဘုရားကို လျှောက်တယ်၊ သူက ပုဂ္ဂိုလ် သတ္တဝါအနေနဲ့ မေးလျှောက်တော့ ဘုရားရှင်က ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ ဟောတယ် "ပထမံ ကလလံ ဟောတိ" အစချီတဲ့ ဂါထာနဲ့၊ ကလလရွေကြည် အဖြစ် အမိဝမ်း၌ စတင်၍ ပဋိသန္ဓေတည်ပုံကို

ကြွရောက်လာကြတဲ့ အသင်းဝင်များဟာ ဝိပဿနာလိုက်စား ကျင့်ကြံအားထုတ်လိုကြသူများ ဖြစ်တဲ့အတွက် ဝိပဿနာကိုပဲ ပြောလိုကြောင်း၊ ဝိပဿနာလုပ်မဲ့သူဟာ ပရမတ္ထကို နှလုံးသွင်းဖို့ ရှေးဦးစွာ လိုအပ်ကြောင်း၊ ဒုတိယအနေဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ အစရှိသည်ကို ရှုရန်ဖြစ်ကြောင်း၊ ဒီသင်တန်းမှာတက်ခြင်းဖြင့် ဉာတပရိညာရရှိပြီး ဝိပွလ္လာသတရား သုံးပါး၊ သဿတနဲ့ ဥစ္ဆေဒဒိဋ္ဌိများ ကင်းရှင်းစေ၍ အနတ္တ ပရမတ္ထတရားများကို မှန်တဲ့အတိုင်း ယထာဘူတဉာဏ် ရရှိမည်ဖြစ်ကြောင်း၊ ဖောက်ပြန်တတ်တဲ့ သဘောလက္ခဏာရှိတဲ့ ရုပ်တရား၊ အာရုံကိုညွတ်တတ်၊ သိတတ်တဲ့ လက္ခဏာရှိတဲ့ စိတ်-နာမ်တရား၊ ဒါတွေကို သုတမယဉာဏ်နဲ့ သိထား၊ ဟုတ်မှန်တဲ့အတိုင်း သိထား၊ ရုပ်ဖောက်ပြန်တာက အပူ၊ အအေး စသည်ကြောင့် ဖောက်ပြန်တယ်။ နာမ်က သိတယ်။ ဝိပဿနာလုပ်မယ်ဆိုတဲ့ စိတ်ကလေး ပေါ်လာတာနဲ့ ပဌဝေါကာရဘုံမှာ ခန္ဓာငါးပါး တစ်ပြိုင်နက်ဖြစ်တာပဲ၊ ရုပ်က ဖောက်ပြန်တတ်တယ်၊ အဲဒါက ရူပက္ခန္ဓာ၊ နာမ်တရားလေးပါးက တစ်ပေါင်းတည်း ဖြစ်တယ်၊ ဘုရားက ပြောထားတယ် "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ" လို့၊ ဥပါဒါန်တရားလေးပါးတို့၏ အာရုံဖြစ်သော ခန္ဓာငါးပါး ဖြစ်ပေါ်လာတာ အဲဒါ ဒုက္ခပဲလို့ နှလုံးသွင်းရမည် ဖြစ်ကြောင်း။ ဒီစိတ် ပျက်သွားတာနဲ့ ခန္ဓာငါးပါး ပျက်သွားတာပဲ။ ပထမစိတ်ဖြစ်တဲ့ ခန္ဓာငါးပါးပျက်ပြီးမှ နောက်စိတ်ဖြစ်တဲ့ ခန္ဓာငါးပါး ဖြစ်ပြန်တယ်၊ ဒီလို ခန္ဓာငါးပါး ဖြစ်လိုက်၊ ပျက်လိုက် ဖြစ်နေပုံဒုက္ခကို အမှန်အတိုင်း မြင်တော့ တဏှာ မာန ဒိဋ္ဌက်ငြိုးကွာပြီး ဒီခန္ဓာ

http://www.dhammadownload.com

ဟောကြောင်း၊ ကလလရေကြည်ဆိုတာကလည်း မြောက်ကျွန်းသူရဲ့ဆံပင်ကို အကြိမ်တစ်ရာ ချက်ထားတဲ့ ဆီကြည်မှာနှစ်ပြီး အကြိမ်တစ်ရာခါပြီး ဆံပင်ဖျားမှာ ကျန်တဲ့ ဆီလောက်ရှိတယ်လို့ အဋ္ဌကထာဆရာက ဖွင့်ဆိုတော်မူကြောင်း၊ ကလလရေကြည်ဆိုတာက ယနဖြစ်ကြောင်း၊ သဏ္ဌာန်ဒြပ်အနေနဲ့ ကလာပ်တစ်စည်း တစ်စည်းမှာ အဝိနိဘ္ဘောဂရုပ် **ရှစ်ခုပါ**ကြောင်း၊ ဒီ ကလလရေကြည်ဆိုတဲ့ ယနမှာ ကာယဘာဝဝတ္ထု ဆိုပြီး ဒသက ကလာပ်သုံးစည်းတို့ အာကာသခြားပြီး ဖြစ်ပုံနဲ့၊ ကလာပ်တစ်စည်းဆိုတာကလည်း ဘယ်လိုမှ မြင်နိုင်တဲ့အရာမဟုတ်၊ ပုဂ္ဂိုလ် သတ္တဝါမှ ဆိတ်သုဉ်းတဲ့အတွက် သုညတပဲ၊ ကလာပ်တစ်စည်းနဲ့ တစ်စည်း ဟာလည်း အာကာသတွေ ခြားခြားပြီးနေပြန်တော့ ဒီသဘောသဘာဝတွေကို ဉာဏ်နဲ့ ကြည့်လိုက်တဲ့ အခါ မှာ ပုဂ္ဂိုလ် သတ္တဝါ ဆိတ်သုဉ်းတဲ့ သုညတကို အမှန်အတိုင်း မြင်နိုင်ကြောင်း။ ဒီလို မြင်အောင် ကြည့်ပြီးမှ ရုပ်တရားနှင့် နာမ်တရားဇ်တွေဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတွေသာ ဖြစ်**ကြောင်း** မြင်အောင် ကြည့်ရတယ်။ **ခန္ဓာငါးပါးဆိုတဲ့ ရုပ်၊** ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်မှတစ်ပါး **အခြား** ဘာမျှ **မဖြစ်ဘူး၊ မပျက်ဘူး၊** ဒါကြောင့် ဒီခန္ဓာငါးပါးကို ဒုက္ခလို့ ဘုရားရှင်ဟောတော်မူကြောင်း မိန့်ကြားပါသည်။

ဆရာကြီးက ဆက်လက်၍-အာနာပါနကို ဘုရားရှင် လွန်စွာအလိုရှိတော်မူတယ်၊ အာနာပါနကို ရှုရာမှာ ထွက်လေဝင်လေကို ရှုလို့ သမာဓိရလာတော့ ဒီထွက်လေ ဝင်လေဟာ ဘာလဲလို့ကြည့်ရင် အလိုလို ဖြစ်တာလည်းမဟုတ်၊ ဖန်ဆင်းသူတစ်ဦးဦးက ဖန်ဆင်းတာလည်းမဟုတ်၊ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တရား ကလေးပါလား၊ အနှစ်သာရမရှိတဲ့၊ အလိုသို့ မလိုက်တဲ့ အနတ္တသဘောတရားပါလား။ တကယ့် ဆင်းရဲတဲ့ ဒုက္ခတရားပါလား၊ ဒီလို ဝင်လိုက်ထွက်လိုက်နဲ့ နေတာကို မနေပါနဲ့လို့၊ မဖြစ်ပါနဲ့လို့ ဘယ်သူမှ တားလို့ မရပါကလား။ ဒါကြောင့် အနတ္တ၊ မမြဲတာကို ကြည့်တော့လည်း အနိစ္စဖြစ်ကြောင်း၊ အနိစ္စမမြဲတော့ ဒုက္ခ၊ ဒုက္ခ ဆင်းရဲတော့ အနတ္တစသည်ဖြင့် လက္ခဏာရေးသုံးပါးကို မြင်အောင်ကြည့်၊ ဒီလိုမြင်အောင် မကြည့်နိုင်ရင် မြဲတယ်လို့ထင်ပြီး သတ္တဝါတွေ အားကိုးနေကြတာ၊ မမြဲတာကိုမြင်မှ အားမကိုးမှာ၊ စိတ်ကိုလည်း ဝိပ္ပလ္လာသ ဖောက်ပြန်ပြီး အားကိုးတယ်၊ **မမြဲတာကို မြင်မှ အစိုးမရတဲ့ အနတ္တကို မြင်မယ်။ အနတ္တကို** မြင်မှ ဒိဋ္ဌိပြုတ်မယ်၊ မိမိကိုယ်တိုင် ရှုမြင်သုံးသပ်ဖန်များလာတော့မှ မမြဲတာကို သဘောကျ၊ ဒါမှ ခန္ဓာငါးပါးကို ငြီးငွေ့မည်ဖြစ်ကြောင်း၊ မမြဲတာကို မြင်တော့ အားမကိုး၊ ဆင်းရဲတာကို မြင်မှ ခန္ဓာငါးပါး ဒုက္ခက လွတ်မြောက်ချင်လာလေလေ ဖြစ်မယ်၊ အကြောင်းတရားတွေက သမုဒယ၊ အကျိုးတရားနှစ်တွေက ဒုက္ခ၊ ဒီလို ဒုက္ခနဲ့ သမုဒယတွေကို အမြဲမပြတ် ရှုမှတ်ဆင်ခြင်နေတာကိုပဲ မဂ္ဂလို့ခေါ်တယ်၊ ဒီတော့မှ အသခ််တဓာတ်ကို မဂ်ဉာဏ်နဲ့ မျက်မှောက်ပြုနိုင်မယ်။ **မဂ်စိတ်ပေါ်ရင် အိပ်မက်ထဲမှာရော၊ ဘယ်** မှာရော တစ်ခါမှ **မမြင်မတွေ့ဖူးတဲ့ နိဗ္ဗာန်ကို မြင်တွေ့**လာပါလိမ့်မယ်။ ဒါကိုသာ စွဲစွဲမြဲမြဲ အားထုတ်သွားရင် မဂ်ဖိုလ် နိဗ္ဗာန်ကို မုချ မျက်မှောက်ပြုနိုင်မည်ဖြစ်ကြောင်း မိန့်ကြားသွားပါသည်။

❑

ဝိပဿနာဘာဝနာပညာရပ် ဆုတ်ယုတ်ကွယ်ပျောက်ခြင်းသည် အဆုတ်ယုတ်၊ အနစ်နာဆုံးဖြစ်ခြင်းကြောင့် ထိုမင်တု၊ ဖိုလ်တု၊ ကမ္မဋ္ဌာန်းတုဘေးကို အစွမ်းကုန် ကာကွယ်စောင့်ရှောက်ကြပြီးလျှင် မိမိတို့ကလည်း ဝိပဿနာဘာဝနာ ပညာရပ်အစစ်အမှန်ကို ပေးဝေလျှဒါန်းကာ နေရစ်ခဲ့ကြကုန်လော့။

ဦးပဂ္ဂိုဒ်၊ ဝိပဿနာပညာမိန့်ခွန်း၊ ၃ (၂၀-၂-၇၂)။

http://www.dhammadownload.com

နိုင်ငံခြားသို့ သာသနာပြုဂုဏ်

ဥက္ကဋ္ဌမိန့်ခွန်း

(၂၇-၁၂-၇၀)

အဖွဲ့ဝင်သူတော်ကောင်းအပေါင်းတို့ခင်ဗျား။

အသက်အရွယ်ကြီးရင့်လာသော၊ ကျွန်တော်၏ဆရာဖြစ်သော ဥက္ကဋ္ဌကြီး ဦးသူတော်နှင့်တကွ အမှူဆောင်လူကြီးများ၏ အလိုဆန္ဒအရ ဒုတိယဥက္ကဋ္ဌမျှသာဖြစ်သော ကျွန်တော်သည် ဥက္ကဋ္ဌကြီးနေရာသို့ တက်ရောက်ပြောဆိုရခြင်း ဖြစ်ပါသည်။

ကျွန်တော် ပြောဆိုချင်တာကတော့ အဖွဲ့ဝင်အပေါင်းတို့ သိရှိပြီးဖြစ်သော ပါဠိတော် ၂-ရပ်ကို မူတည်၍ ဆက်လက်ဆောင်ရွက်သွားတော်မူရစ်ခဲ့ကြရန် ဖြစ်ပါသည်။

ခုဒ္ဒကနိကာယ်၊ ဗုဒ္ဓဝံသပါဠိတော်၊ သုမေဓကထာ၌ လာရှိသည်မှာ-

ကိ ံ မေ ဧကေန တိဏ္ဏေန၊
ပုရိသေန ထာမဒဿိနာ။
သဗ္ဗညုတံ ပါပုဏိတွာ၊
သန္တာရေသဲ သဒေဝကံ။

ငါသည် အစွမ်းအားကိုမြင်သော ယောကျ်ားဖြစ်ပါလျက် တစ်ယောက်တည်း ကူးမြောက်ခြင်းဖြင့် ငါ့အား အဘယ်အကျိုးရှိတော့အံ့နည်း၊ ငါသည် သဗ္ဗညုတဉာဏ်သို့ရောက်၍ နတ်နှင့်တကွသော လောကကို ကယ်တင်ပေအံ့။ (မြန်မာပြန်၊ စာမျက်နှာ ၃၀၅-အပိုဒ် ၅၆)

ဤသို့လျှင် ဘုရားအလောင်းတော်၏ စေတနာဆန္ဒကို အတုယူလျက် ငါသည် ဒီဋ္ဌဝိသုဒ္ဓိနှင့် ကခ်ီဝိတရဏ ဝိသုဒ္ဓိ ၂-ပါးကို တိကျမှန်ကန်စွာ သိရှိပြီးဖြစ်သောသူ ဖြစ်ရကား ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် အပါယ်လေးဘုံတို့၏ တံခါးကိုပိတ်စေသော ဝိပဿနာဘာဝနာတရားကို ပွားများအားထုတ်ပြီးလျှင် မြန်မာပြည်နှင့်တကွ ကမ္ဘာသူ ကမ္ဘာသားတို့အား -

"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" ဟူ၍
ဓမ္မပဒပါဠိတော်၊ တဏှာဝဂ်၌ -

ဟောတော်မူသည်နှင့်အညီ ဓမ္မဒါနအလှူတော်ကြီးကို ပေးလှူအံ့ဟု ပေးဝေလှူဒါန်းနိုင်ရန် အထူး ကြိုးစားတော်မူကြပါလေ။

ထိုမှတစ်ဖန် သင်တန်းကျမ်း၊ စာမျက်နှာ ၇၁- ၌ မြန်မာပြန်ပါ ဖော်ပြထားသော -

စိတ္တုပ္ပါဒမ္မိ ခေါ အဟံ စုန္ဒ
ကုသလေသု ဓမ္မေသု ဗဟူပကာရံ
ဝဒါမိ၊ ကော ပန ဝါဒေါ ကာယေန
ဝါစာယ အနုဝိဓိယနာသု။ ဟူ၍

ဟောတော်မူသော ပါဠိတော်ကိုလည်း အထူးသတိပြုတော်မူကြစေလိုပါသည်။

http://www.dhammadownload.com

ဤတွင် ထင်ရှားစွာ သိစေလိုသော အချက်ကြီးကား - မိမိကိုယ်တိုင် အပါယ်လေးပါး တံခါးပိတ်စေရန် မနေမနား ကြိုးစားပြီးလျှင် ကမ္ဘာသူ ကမ္ဘာသားတို့အား အပါယ်တံခါးပိတ်စေသော နည်းကို (၀၂) ဝိသာခါ၊ အနာထပိဏ်တို့ကဲ့သို့ ဘုံစဉ်စံရသော နည်းကို ပေးဝေလှူဒါန်းခဲ့ဟု အကြံပြုခြင်းသည်ပင်လျှင် အကျိုးကြီးမား လှပေရကား ကိုယ်ထိလက်ရောက် ဆောင်ရွက်လိုက်ပါမူကား အဘယ်မှာလျှင် ဆိုဖွယ်ရာ ရှိနိုင်ပါတော့အုံးနည်း။

အဖွဲ့၏ ရည်ရွယ်ချက်
အခြေအနေ

အဖွဲ့၏ရည်ရွယ်ချက်များအနက် ပြည်တွင်းတွင် ကောင်းမွန်စွာ အောင်မြင်လျက်ရှိပါသည်။ အဖွဲ့မှာ စည်းမျဉ်းဥပဒေအရ ဖွဲ့စည်းခဲ့သည်မှာ မကြာသေးသော်လည်း ဥက္ကဋ္ဌကြီး ဦးသူတော် ခေါင်းဆောင်ကာ ၁၉၅၂-ခုနှစ်လောက်က အစပြု၍ ဝိပဿနာ ဘာဝနာ ပွားများနည်းကို ဆူးလေစေတီတော် အရှေ့မုခ် "လွန်း ဦးလှ" တန်ဆောင်းတွင် လူပုဂ္ဂိုလ်တို့အား သင်ပြပေးခဲ့ပါသည်။

၁၉၆၃-ခုနှစ်မှ အစပြု၍ လူပုဂ္ဂိုလ်များနှင့်တကွ ရဟန်းတော်တို့အား ပဋိဝေဓသို့ ဆိုက်ရောက်တော်မူစေရန် ပရိယတ္တိနှင့် ပဋိပတ္တိတို့ကို ပူးတွဲကာ နှစ်စဉ်နှစ်တိုင်း ဝိပဿနာဘာဝနာ ပွားများနည်းကို ပေးဝေ လှူဒါန်းခဲ့ရာ ယခုသော် ရဟန်းတော် (၆၀၀)ခြောက်ရာကျော်ခဲ့ပါပြီ။ လူပုဂ္ဂိုလ်များအတွက်ဆိုသော် (၄၀၀) လေးရာကျော်မျှ ရှိပါသည်။

ယင်းပုဂ္ဂိုလ် (၁,၀၀၀) တစ်ထောင်ကျော်တို့သည် ဝိပဿနာပွားများရာ၌ နည်းမမှားစေဘဲ ပါဠိတော်အရပ်ရပ်တို့နှင့် ကိုက်ညီစွာ မိမိကိုယ်တိုင် ပွားများအားထုတ်နိုင်သည်သာမက အခြားအခြားသောပုဂ္ဂိုလ်တို့အားလည်း ဤကျင့်နည်းကား မှန်၏၊ ပါဠိတော်အရပ်ရပ်တို့နှင့် ကိုက်ညီ၏၊ ဤနည်းကား မမှန်၊ ပါဠိတော်အရပ်ရပ်တို့နှင့် မကိုက်ညီဟု ဝေဖန်ပြောပြနိုင်သော ပုဂ္ဂိုလ်ချည်းပင် ဖြစ်ပါသည်။ ။ ဤသို့ ဖြစ်ကြရခြင်းမှာ ပရိယတ္တိနှင့် ပဋိပတ္တိ ၂-ပါးတို့ကို တွဲလျက် ဓမ္မဒါန ပြုခြင်းကြောင့် ဖြစ်ပါသည်။ ။

ဤသို့လျှင် ပြည်တွင်းအတွက် တစ်နှစ်ထက်တစ်နှစ် အရှိန်ပြင်းထန်စွာ တိုးတက်အောင်မြင်လာပါသည်။ သို့ရာတွင် ရည်ရွယ်ချက်အတိုင်း နိုင်ငံခြားသို့ ပေးဝေလှူဒါန်းနိုင်ရန် အမှုဆောင်လူကြီးများသည် အထူးကြိုးစားလျက်ရှိနေခြင်းကို အဖွဲ့ဝင်အပေါင်းတို့ သိရှိတော်မူကြစေလိုပါသည်။

ဦးပဏ္ဍိုင်၊ **Gotama The Buddha**၊ ၅-၆။

ငါတို့သည် ကလေးများအတွက် ပြုပြင်ရန် ဝတ္တရားနှစ်ခု ရှိသည်ကို အထူးသတိပြုရမည်။

(၁) ပထမအမျိုးမှာ လူတိုင်းသိ၏။ ထိုအမျိုးကား လူကောင်ကြီးအောင် အစာအမျိုးမျိုး ကျွေးမွေးခြင်းတည်း၊

(၂) ဒုတိယ လူတိုင်းမသိသော အမျိုးမှာ လူကောင်ကြီးအောင်နှင့် ထပ်တူထပ်မျှ (၀၁) ပို၍ အရေးကြီးသောအချက်မှာ စိတ်ကောင်းစိတ်မွန် ရင့်သန်ထက်မြက် ကြီးပွားအောင် ပြုလုပ်ပေးရန် ဖြစ်လေသည်။

ဦးပဏ္ဍိုင်၊ ကြီးပွားချမ်းသာရေး၊ ၃၅။

http://www.dhammadownload.com

ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ အဖွဲ့၏ ရည်ရွယ်ချက် ပြီးခြင်းနှင့် မပြီးသေးခြင်း

ဦးပဂ္ဂိုဠ်၏ နှစ်ပတ်လည် စည်းဝေးပွဲ မိန့်ခွန်း

(၃၀-၁၂-၇၃)

အဖွဲ့ဝင်အပေါင်းတို့-

အဖွဲ့တည်ထောင်ခဲ့သည့်နေ့မှစ၍ ယခု ၁၉၇၃-ခုနှစ်၊ စက်တင်ဘာလအထိ မိမိတို့အဖွဲ့မှ ရည်ရွယ်ချက်အတိုင်း ဆောင်ရွက်ပြီးစီးချက်များနှင့် ဆောင်ရွက်ရန် ကျန်ရှိနေသော အချက်တစ်ရပ်ကို အတိုချုပ် သိစေလိုပါသည်။

အဖွဲ့မှ "ဝိပဿနာ ဘာဝနာ" အားထုတ်ပွားများနည်းကို သုတ်မဟာဝါပါဠိတော်၌ ဟောတော်မူသော "မဟာပဒေသတရား ၄-ပါး"နှင့် မဇ္ဈိမပဏ္ဏာသ ပါဠိတော် အဘယရာဇကုမာရသုတ်၌ ဟောတော်မူသော "စကား ၆-ခွန်း" နည်းများအရ ပါဠိတော် အရပ်ရပ်တို့နှင့် ကိုက်ညီစွာ ရဟန်းတော်များနှင့်တကွ လူအများတို့အား သင်ပြပေးခဲ့ရာ ယခုသော် အမှား နှင့်အမှန်ကို ခွဲခြားပြသပေးနိုင်သော ရဟန်းတော် (၆၀၀) ခြောက်ရာကျော်မျှ ရှိ၍ လူဘက်မှဆိုသော် (၄၀၀) လေးရာကျော်မျှ ရှိခဲ့ပါသည်။

ထိုရဟန်းတော်များနှင့် လူပုဂ္ဂိုလ်များမှ တစ်ဖန် ထပ်ဆင့်တိုးပွား များပြားလာသည်မှာလည်း ဓမ္မသဘာဝအတိုင်း ဖြစ်ခြင်းကြောင့် နည်းမှန် လမ်းမှန် ဝိပဿနာဘာဝနာ ပွားများအားထုတ်နည်းမှာ တစ်ဆင့်ထက်တစ်ဆင့် ကျယ်ပြန့်လာရခြင်းမှာလည်း မိမိတို့ "ဝိပဿနာပြန့်ပွားရေး" အဖွဲ့ကြီး၏ လုံ့လ ဝီရိယကြောင့် ဖြစ်ရကား အဖွဲ့ဝင်တိုင်း အဖွဲ့ဝင်တိုင်း ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူစရာကြီးတစ်ရပ် ဖြစ်ပါသည်။

စာအုပ် ရိုက်နှိပ်ခြင်း

တစ်ဖန် သိရှိအပ်ပြန်သည်မှာ လွန်ခဲ့သည့်နှစ်က မိမိတို့အဖွဲ့မှ "ဝိပဿနာပညာ" မိန့်ခွန်း စာအုပ်ရေ (၃၀၀၀) ရိုက်နှိပ်ရောင်းချခဲ့ရာ ယခု စက်တင်ဘာလတွင် (၂၈) နှစ်ဆယ့်ရှစ်အုပ်မျှသာ ကျန်ရှိပါတော့သည်။

ယခု ၁၉၇၃-ခုနှစ်၊ ဧပြီလတွင် ပြည်တွင်းပြည်ပ သာသနာပြုရန် ရည်ရွယ်လျက် "ဂေါတမဗုဒ္ဓ" အမည်ဖြင့် မြန်မာ-အင်္ဂလိပ် ၂-ဘာသာတွဲ၍ စာအုပ်ရေ (၃၀၀၀) သုံးထောင် ရိုက်နှိပ်ရောင်းချခဲ့ရာ ယခု စက်တင်ဘာလ (ငါးလအတွင်း)တွင် စာအုပ်ရေ ထက်ဝက်မျှ ကုန်သွားပါသည်။

ထိုစာအုပ်မှာ အနောက်နိုင်ငံရှိ ဘာသာရေးဆရာကြီးများသည် "ဗုဒ္ဓဝါဒ" ကို အမှားများ အယွင်းယွင်း စွပ်စွဲရေးသားခြင်းတို့ကို အမှန်သို့ ရောက်ရှိစေရန် မြန်မာ-အင်္ဂလိပ် ၂-ဘာသာဖြင့် အဖွဲ့မှ ဖြေရှင်းရေးသားထားသော စာအုပ်ဖြစ်ပါသည်။

ထိုနည်းမှာ အနောက်နိုင်ငံသို့ ဗုဒ္ဓမြတ်စွာ၏ တရားစစ် တရားမှန်ကို "နမူနာ" အဖြစ်ဖြင့် ပေးပို့လိုက်ခြင်းကြောင့် **အရှေ့နှင့်အနောက် ချစ်ကြည်ရေး မိတ်ဆက်ရာတွင် အကောင်းဆုံး နည်းတစ်ရပ် ဖြစ်ပါသည်။**

ထို့ကြောင့် အဖွဲ့ဝင်အပေါင်းတို့ ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြရမည်သာမက မြန်မာတစ်မျိုးလုံးတို့ ဂုဏ်ယူစရာကြီး တစ်ရပ်ဖြစ်ပါသည်။

http://www.dhammadownload.com

အောင်မြင်မှု

"မဟာပဒေသတရား-၄ပါး" နည်းအရ ပါဠိတော်အရပ်ရပ်တို့နှင့်ကိုက်ညီစွာ သင်ကြားပြသပေးခြင်းကြောင့် အောင်မြင်မှု ဖြစ်ပေါ်လာသည်တို့မှာ-

စာတတ်ဖို့ မလိုဘူး၊ စာဖတ်ဖို့ မလိုဘူး၊ စာခံနေသည်ဆိုသော ပရိယတ္တိသာသနာတော်ကြီးကို ဖျက်ဆီးနေသော စကားလုံးများမှာ ယခုအခါ ရန်ကုန်မြို့ကြီးတွင် လုံးဝဆိတ်သုဉ်းသွားခြင်းမှာ "အဖွဲ့" ၏ အောင်မြင်မှုကြီး တစ်ရပ်ပင် ဖြစ်ပါသည်။

"အာနာပါန" ပွားများအားထုတ်ရာတွင် ပါဠိတော်အရပ်ရပ်တို့နှင့် မကိုက်ညီသော "ရှူးရဲ့- ရှူးရဲ့" နှင့် မူးလဲသွားသော လေ့ကျင့်မှုမှာ ယခုအခါ ရန်ကုန်မြို့ကြီးတွင် တဖြည်းဖြည်း ယုတ်လျော့ကွယ်ပျောက်လာခြင်းသည်လည်း အောင်မြင်မှုကြီးတစ်ရပ်ပင် ဖြစ်ပါသည်။

"ဝိပဿနာ ဘာဝနာ" ကို ပွားများအားထုတ်ရာ၌ ရှေးဦးစွာ "အတ္တနှင့် အနတ္တ" ကွဲရခြင်း၊ အလယ်၌ ခန္ဓာ ၅-ပါး စသည်တို့၌ လက္ခဏာရေး ၃-ပါးတင်ကာ ပွားများအားထုတ်ရခြင်း၊ နောက်ဆုံး၌ "နိဗ္ဗာန်" သို့ အာရုံပြုရခြင်း၊ မျက်မှောက်ပြုရခြင်း နည်းမှန်လမ်းမှန်ကို တစ်စတစ်စ တိုးတက်သိရှိလာရခြင်းမှာလည်း အဖွဲ့၏အောင်မြင်မှုကြီး တစ်ရပ်ပင်ဖြစ်ပါသည်။

ကျန်ရှိနေသေးခြင်း

အင်္ဂလိပ်၊ အမေရိကန်၊ ရုရှား၊ ဂျာမနီ၊ ပြင်သစ် ရှိ ဘာသာရေးဆရာကြီးများသည် အောက်ပါအချက်ကြီးများကို သိလို၍ အထူး စူးစမ်းရှာဖွေနေကြရာ ယနေ့တိုင် အခြေအမြစ် အဖြေမှန်ကို မရရှိသေးကြပါ။ ထိုပဋ္ဌာ ပြဿနာရပ် အချို့တို့မှာ-

၁။ လူတွေ ဘယ်လိုဖြစ်ပေါ်လာကြသလဲ။
၂။ ဖန်ဆင်းသူ ရှိသလား၊ မရှိဘူးလား။
၃။ အသက်ဝိညာဉ် (ဆိုးလ်) ရှိ မရှိ။
၄။ အသက်ဝိညာဉ် (ဆိုးလ်) မရှိဘဲ ဗုဒ္ဓဂေါတမ၏ "အနတ္တ"အယူဝါဒ၌ ဘယ်လို ဘဝသစ်(ရီဘတ်) ဖြစ်နိုင်သလဲ။
၅။ လူမရှိသော နိဗ္ဗာန်၌ ဘယ်လို ချမ်းသာသုခ ရှိနိုင်သလဲ စသည်တို့ ဖြစ်ကြပါသည်။

မိမိတို့၏အဖွဲ့ရည်ရွယ်ချက်မှာ နိုင်ငံခြားသို့ "ဝိပဿနာပညာ" ရပ်ကို ပေးဝေဖြန့်ချိရန် ပါရှိသည့် အတိုင်း နိုင်ငံခြားသို့ အထက်ပါဘာသာရေးပုဒ္ဓာ ပြဿနာများကို ဖြေရှင်းပေးရန် ကျန်ရှိနေပါသေးသည်။

ထိုကျန်ရှိနေသော ကမ္ဘာ့ဘာသာရေး ပုဒ္ဓာ ပြဿနာများကို ဖြေရှင်းပေးရန် အဖွဲ့၏ အမှုဆောင်လူကြီးအပေါင်းတို့က မကြာမီ "နမူနာစ" အဖြစ်ဖြင့် အကောင်အထည်ဖော်ရန် အထူးကြိုးစားပါမည်။

အထူးမှာ ယခုအခါ မြန်မာပြည်တွင် ပါဠိတော် အရပ်ရပ် စာမေးပွဲအောင်ပြီးသော ပုဂ္ဂိုလ်များစွာ ရှိလင့်ကစား ဝိပဿနာဘာဝနာ ပွားများနည်းကို ပါဠိတော်အရပ်ရပ်တို့နှင့် ကိုက်ညီစွာ သင်ပြပေးနိုင်သော ပုဂ္ဂိုလ်အရေအတွက်မှာ အလွန်အလွန် နည်းပါးနေသည်ကို တွေ့ရှိရပါသည်။

ဝိနည်းမဟာဝါပါဠိတော်အစ မဟာခန္ဓကဋ္ဌ လာရှိသည်မှာ ရှေးဦးစွာ ပဌဝဂ္ဂီ ၅-ပါးသည် ရဟန္တာဖြစ်တော်မူ၏။ ထို့နောက် ယသသူဋ္ဌေးသားနှင့်တကွ သူငယ်ချင်း ငါးကျိပ် ငါးဦးတို့သည် ရဟန္တာ ဖြစ်တော်မူလာ၏။ ထိုအခါ ရဟန္တာ (၆၀)ခြောက်ဆယ် ဖြစ်လာ၏။ ရှင်တော်ဘုရားနှင့် ပေါင်းသော် ရဟန္တာပေါင်း (၆၁) ခြောက်ဆယ့်တစ်ပါးဖြစ်လာ၏။ ထိုအခါကျမှ ဗုဒ္ဓမြတ်စွာသည် သာသနာ ဖြန့်ချိရန် ခရီးထွက်တော်မူပါသည်။

ထိုနည်းတူစွာ ပါဠိတော်အရပ်ရပ်တို့နှင့် ကိုက်ညီစွာ ဝိပဿနာဘာဝနာ ပွားများနည်းကို ပြည်တွင်းပြည်ပ ပေးဝေဖြန့်ဖြူးနိုင်ရန် ရဟန်းတော် များစွာလိုနေပါသည်။

ရဟန်းတော်များအား ဝိပဿနာဘာဝနာ ပွားများနည်းကို မဟာပဒေသတရား ၄-ပါးနည်းဖြင့် ကိုက်ညီစွာ နေ့ရောညပါ သင်ပြပေးနိုင်ရန် ရဟန်းတော်များစွာအတွက် ခရီးစရိတ်၊ ဆွမ်းစရိတ်၊ အဆောက်အအုံစရိတ် စသည်များစွာ လိုလာပါသည်။

http://www.dhammadownload.com



ဝိပဿနာ ပြန့်ပွားရေး အဖွဲ့

ရွှေပြည်တိုက်ကျောင်း၊ ကျောင်းကြီးကျောင်းတိုက်

ကြည့်မြင်တိုင်-ရန်ကုန်မြို့။

ရက်စွဲမှတ်.....

ရန်ကုန်မြို့၊ ဗုဒ္ဓ ၂၄၁၃ ခု၊ ၁၁ လ၊ ၄၅ ရက်

ကွန်မြူနစ်တော်တို့၏ ရုပ်လုံးဂျည်ကွယ်ချက်-

၁. ကွန်မြူနစ်တော်တို့၏ ရုပ်လုံးအဓိက ဂျည်ကွယ်ချက်မျာ၊ ဟင်းတူ ပျိုလိမ့်
ကဲ့သို့ ဗုဒ္ဓဘာသာကို တွန်းလှန်ဖျက်ဆီးကြောင်း- အစရှိသော အကြောင်းများကို

၂. ဖိအိုတို့ ကလဲ့ဘိုး၊ ဖာရိုတော် အဂ္ဂပါဂုပ်တို့ နှင့်ကဲ့သို့ သော
ဝိပဿနာ အာဝဇ္ဇန် ပွားများသူတော်ကောင်းတို့ ခံနိုင်ရည်အားတက်ကြွစေရန်နှင့်—

၃- ပြည်တွင်း ပြည်ပ စွန့်ခွာပြေးဝင်ရောက်နေထိုင်သူ
ကျော်ဘသည် ဟိုးကာလ ငါပဿနာ ဓုရ ဗုဒ္ဓ ပွားများအားဖွဲ့ ဖြစ်ပေါ်လာခဲ့ရသော

ဖော်ပြပါအတိုင်း ဆွဲဆောင်ရေးသားပို့ချခဲ့ကြသည်။

ပဂ္ဂိုဠိ

ဝိပဿနာပြန့်ပွားရေးအဖွဲ့.

ရွှေကျင်မြို့နယ်မွာရုံ၊ ရွှေတိဂုံဘုရားလမ်း၊

ရန်ကုန်မြို့။

❑

တို့ကြောင့် "သပ္ပဒါနံ ဓမ္မဒါနံ ဇိနာတိ" အလှူတကာတို့တွင် တရားဓမ္မအလှူသည် အလွန်ကဲဆုံးဟူ၍ ဟောတော်မူခဲ့သည်နှင့်အညီ အဖွဲ့ဝင်အပေါင်းတို့နှင့်တကွ သူတော်ကောင်းအပေါင်းတို့သည် မိမိတို့စွမ်းအားရှိသည့်ဘက်မှ နေ၍ ပြည်တွင်းပြည်ပသို့ "ဝိပဿနာဘာဝနာ" ကို ကျယ်ပြန့်စွာ ဖြန့်ဖြူးပေးဝေနိုင်ရန်၊ အားပေးကူညီ ဆောင်ရွက်တော်မူကြပါရန် လေးနက်စွာ တိုက်တွန်းနှိုးဆော်အပ်ပါသည် သူတော်ကောင်းအပေါင်းတို့။

စုန်းပြူး

✻ ကျေးငှားပြုလျှက် ကျေးငှားမခံစားရလျှင် ကျေးငှားရှင်၏ အပြစ်မဟုတ်၊

✻နေမင်းသည် အလင်းရောင်ကိုပေးနေပါလျက် မျက်စိမမြင်သူအတွက် အလင်းရောင်မရခြင်းမှာ နေမင်း၏ အပြစ်မဟုတ်ချေ။

✻ ပဲတွေ အကုန်ပြုတ်၍ နူးနေပါလျက် ပြုတ်၍ မနူးသည့် ပဲစုန်းပြူးတစ်လုံးအတွက် မကျက်ခြင်းမှာ ပြုတ်သူ၏ အပြစ်မဟုတ်ပေ။

ဦးပဂ္ဂိုဠိ၊ ဟန်ကျပန်ကျနှင့် စိတ်တန်ခိုး၊ ၁၂၆-၁၂၇။

http://www.dhammadownload.com

ဝိပဿနာပညာတက္ကသိုလ် ဗိမာန်တော်

နှစ်ထပ် အဆောက်အအုံ



ဇေယျတု သဗ္ဗမင်္ဂလံ

မြေနေရာ၊ ပန္နက်တင်၊ ဆောင်ရွက်လျက်ရှိခြင်း

၁။ **မြေနေရာ။** ဆရာတော်ဦးဇောတိက ဦးဆောင်ညွှန်ကြားမှုဖြင့် ဥက္ကဋ္ဌကြီးဦးဂျိဘသော်၊ အကျိုးဆောင်ချုပ် ဦးစိန်ညွှန့်၊ အလှူရှင်ဦးကျော်မောင်တို့ နိုင်ငံတော်မှ မြေနေရာရရှိအောင် ဆောင်ရွက်ခဲ့ကြပါသည်။

၂။ **ပုန္နက်တင်။** ပ-သုံးလုံး ဝိပဿနာပညာတက္ကသိုလ်ဗိမာန်တော်ကို အဖွဲ့ဝင် သူတော်စင်များ၊ မြေနေရာရအောင် ဆောင်ရွက်သည့် ပုဂ္ဂိုလ်ကြီးများ ဝန်းရံလျက် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့အကျိုးတော်ဆောင်-ဆရာတော်ဦးကေလာသ။ ပဉ္စနိကာယကျောင်းတိုက်ဆရာတော်ဦးတေဇောဘာသနှင့် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဇောတိက (သာသနဓဇ ဓမ္မာစရိယ)တို့ ကိုယ်တော်တိုင် (၉-၆-၉၁) ၁၃၅၃-ခု၊ ပထမ ဝါဆိုလဆန်း ၁၃-ရက်၊ တနင်္ဂနွေနေ့နံနက်၊ နေမွန်းတည့်အချိန် ပန္နက်တင်ရိုက်တော်မူခဲ့သည်။

၃။ **ဆောင်ရွက်လျက်ရှိခြင်း။** ဆရာကြီးဦးပဂျိုင် အသက်ထင်ရှားရှိစဉ်တုန်းကပင် အတူတကွ အားထုတ်ခဲ့ကြသည့် ပဓာနနာယကဆရာတော်ကြီး သုံးပါးဖြစ်သော ဆရာတော် ဦးအဂ္ဂဝံသ (ဓမ္မာစရိယ၊ ဘီအေ)၊ ဆရာတော် ဦးကုသလ (ဓမ္မကထိက)၊ ဘဒ္ဒန္တဇောတိက (ဓမ္မာစရိယ+ကျမ်းပြု) တို့သည် အဖွဲ့ဝင် သူတော်စင်များ၊ အမှုဆောင်လူကြီးများနှင့်တကွ ဝိပဿနာတရားအစစ်အမှန် အခွန့်ရှည်စွာ သန့်ရှင်း တည်ရှိပြန့်ပွားရေးတို့ကို ရှေးရှုအားထုတ် ကြိုးပမ်းတော်မူလျက်ရှိပါသည်။

ဘဒ္ဒန္တဇောတိက
ပဓာနနာယက
ဝိပဿနာပညာတက္ကသိုလ်

http://www.dhammadownload.com

ဝိပဿနာပညာ တက္ကသိုလ် ဗိမာန်တော်
တိုးချဲ့သုံးထပ်အဆောက်အအုံ ဆောက်လုပ်ခြင်း

၁။ အမှတ်(၂၀/၂၁ယ)၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် တည်ရှိရာ မြေကွက်တွင် လက်ရှိဆောက်လုပ်ထားပြီးသော (၆၀' × ၄၀') နှစ်ထပ်ခမ္မာရုံ အဆောက်အအုံတွင် ဝိပဿနာပညာဆိုင်ရာ "လူပုဂ္ဂိုလ်များသင်တန်း၊ ရဟန်းတော်များ ဝါတွင်းသင်တန်းနှင့် ရဟန်းတော်များ ဝိပဿနာဆရာဖြစ် သင်တန်းများ" ကို နှစ်စဉ်ပုံမှန် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

၂။ ထိုသို့ ဝိပဿနာသင်တန်း အသီးသီးကို ဖွင့်လှစ်သင်ကြား ပို့ချရာ၌ တစ်နှစ်ထက်တစ်နှစ် သင်တန်းသားများ တိုးတက်များပြားလာသောကြောင့် လက်ရှိ ဆောက်လုပ်ထားသော နှစ်ထပ်ခမ္မာရုံ အဆောက်အအုံတစ်ခုတည်းဖြင့် နေရာထိုင်ခင်းများ လုံလောက်မှုမရှိတော့သဖြင့် နောက်ထပ် အဆောက်အအုံသစ်တစ်ခုကို တိုးချဲ့ဆောက်လုပ်ရန် လိုအပ်လာပါသည်။

၃။ သို့ပါ၍ လက်ရှိ ခမ္မာရုံအဆောက်အအုံ၏ရှေ့ မြေကွက်လပ်၌ မြေကွက်လက်ကျန် အနေအထား အရ (၃၆' ×၄၈') အတိုင်းအတာရှိ အဆောက်အအုံတစ်ခုကို ဆောက်လုပ်လျှဒါန်းမည် ဖြစ်ပါသည်။

၄။ ယခု တိုးချဲ့ဆောက်လုပ်မည့် အဆောက်အအုံမှာ သံကူကွန်ကရိ အမျိုးအစား (သုံးထပ်) အဆောက်အအုံဖြစ်ပြီး မြေညီထပ်တွင် မော်တော်ယာဉ်ရပ်နားထားနိုင်ရန် ရည်ရွယ်လျက် အကာကာရံခြင်းမပြုဘဲ ကွန်ကရိကြမ်းခင်း ခင်းရန်ဖြစ်ပါသည်။ ပထမထပ်မှာ သံကူကွန်ကရိကြမ်းခင်းဖြစ်၍ အခန်းများမကန့်ဘဲ သင်တန်းခန်းမအဖြစ် အသုံးပြုရန် ရည်ရွယ်ပါသည်။

-အလားတူပင် အပေါ်ဆုံးထပ်သည်လည်း သံကူကွန်ကရိကြမ်းခင်းဖြစ်၍ ဘုရားဆောင်နှင့် သင်တန်းခန်းမအဖြစ် ထည့်သွင်းရန် ရည်ရွယ်ပါသည်။

-အဆောက်အအုံ၏အမိုးကို ဘိလပ်မြေမီးခံအမိုးပြား (သို့) သွပ်ပြားဖြင့် မိုးရန်ဖြစ်ပြီး မီးခံကျောက်ပြားများဖြင့် မျက်နှာကြက် ထည့်သွင်းဆောက်လုပ်ပါမည်။

-ပထမထပ်နှင့် အပေါ်ဆုံးထပ်များကို အုတ်နံရံအကာ တည်ဆောက်လျက် မြေညီထပ်၌ ကာရံခြင်း မပြုပါ။

-ပြူတင်ပေါက်များမှာ အလူမီနီယံဘောင်ဖြင့် မှန်ပြူတင်းပေါက်များဖြစ်ပြီး တံခါးကြီးများသည် ၃-ကွန်း မှန်ကူကွက်တံခါးများ ဖြစ်ပါသည်။ ထို့ပြင် အဆောက်အအုံ၏ အရှေ့ဘက်၊ အနောက်ဘက်နှင့် မြောက်ဘက်တို့တွင် အကျယ် (၆')ရှိ ဝရံတာများ ထည့်သွင်းဆောက်လုပ်ကာ ခမ္မာရုံအဟောင်းနှင့် သံကူကွန်ကရိလှေကားဖြင့် ဆက်သွယ်ဆောက်လုပ်ရန် ဖြစ်ပါသည်။ အဆောက်အအုံ၏ အမြင့်မှာ မြေညီထပ်တွင် (၁၂')၊ ပထမထပ်တွင် (၁၁')နှင့် အပေါ်ဆုံးထပ်မှာ (၁၀') အမြင့် ရှိပါသည်။

-အဆောက်အအုံတစ်ခုလုံး၏ ဆောက်လုပ်မှုကုန်ကျစရိတ်မှာ ကျပ် သိန်း (၁၂၀)ခန့် ကုန်ကျမည် ဖြစ်ပါသည်။

၅။ ၎င်းသုံးထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်ရရှိရေးအတွက် ပုံစံများရေးဆွဲပြီး သက်ဆိုင်ရာသို့ အဆင့်ဆင့် တင်ပြလျှောက်ထားခဲ့ရာ ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောက်လုပ်ခွင့်ရရှိပြီး ဖြစ်ပါသဖြင့် တိုးချဲ့သုံးထပ်အဆောက်အအုံကို စတင်အကောင်အထည်ဖော် ဆောက်လုပ်လျှဒါန်းသွားမည်ဖြစ်ကြောင်း သပ္ပါရိသန္တယ်ဝင်စေတနာရှင်အပေါင်းတို့အား အသိပေးတိုက်တွန်းနိုးဆော်လိုက်ပါသည်။

အမှုဆောင်အဖွဲ့၊ ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်

http://www.dhammadownload.com

ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ဖေ

၁၉၉၈-ခုနှစ်၊ အောက်တိုဘာလ ၄-ရက်တွင် ကျင်းပသော "ဝါတွင်း ရဟန်းတော်များ ဝိပဿနာပညာသင်တန်းဆင်းပွဲ" လျှောက်ထားလွှာ

အရှင်ဘုရားများ ယခုဝိပဿနာပညာရပ်ကို ကိုယ်တိုင်အားထုတ်လိုရှိလည်းကောင်း၊ သာသနာတော်ပြန့်ပွားရေးအတွက်လည်းကောင်း သင်တန်းပြီးဆုံးသည်အထိ ကြိုးစားသင်ယူ မှတ်သားကြသည်ကို အလှူရှင်များ၊ အလုပ်ဖာမှုဆောင်အဖွဲ့ဝင်များကိုယ်စား ဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်ရပါကြောင်း ပဏာမ လျှောက်ထားလိုပါသည်ဘုရား။

တပည့်တော်တို့အဖွဲ့အနေဖြင့် ဝါတွင်း ရဟန်းတော်များသင်တန်း၊ ဒီဇင်ဘာလတွင် ရဟန်းတော်များ ဆရာဖြစ်သင်တန်းနှင့် လူပုဂ္ဂိုလ်များဆိုင်ရာ ဝိပဿနာသင်တန်းစသည့် ဝိပဿနာပညာ ပြန့်ပွားရေးအတွက် ရည်မှန်းချက်ကြီး ၃-ချက်ထား၍ ဆောင်ရွက်နေပါသည်ဘုရား။ ဒီနေရာမှာ လူပုဂ္ဂိုလ်များထက် ရဟန်းတော်များမှ ရည်မှန်းချက်ကြီး ၃-ရပ်ကို ပိုပြီး အောင်မြင်အောင်၊ ပြန့်ပွားအောင်၊ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်အားထား မျှော်လင့်ထား၍ ဖြစ်ပါသည်ဘုရား။

ဒီရည်မှန်းချက် ချမှတ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ အထူးတင်ပြ လျှောက်ထားလိုသည်မှာ- တပည့်တော်တို့ ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ကို စတင်တည်ထောင်ခဲ့သူ ဝိပဿနာဆရာကြီး ဦးပဏ္ဍိုင်နှင့် တကွ ပါဠိဆရာ ဆရာကြီး ဦးလင်း၊ ဦးကြိုစု၊ ဦးသူတော် စသည့် ပုဂ္ဂိုလ်ကြီးများမှ ချမှတ်ခဲ့သော မူလရည်ရွယ်ချက်မှာ -

(၁) မဂ်တု၊ ဖိုလ်တု၊ ကမ္မဋ္ဌာန်းတုများကို တွန်းလှန်ဖြိုဖျက်လျက် အစစ်အမှန်များကို အားပေးရန်၊

(၂) မိမိတို့ကလည်း ပါဠိတော်အရပ်ရပ်တို့နှင့် ကိုက်ညီသော ဝိပဿနာဘာဝနာ ပွားများနည်းကို စနစ်တကျသင်ပြ ဖြန့်ဖြူးပေးရန်နှင့်

(၃) ဝိပဿနာပညာကို ပြည်တွင်းပြည်ပ ဖြန့်ဖြူးပေးရန်တို့ ဖြစ်ကြပါသည်။

ဒီရည်မှန်းချက်ကြီး ၃-ချက်နှင့်အညီ အဖွဲ့ချုပ်ပဓာနနာယက ဆရာတော်ကြီး (၃)ပါးမှ သင်ကြားပို့ချပေးခဲ့သည်ကို အရှင်ဘုရားများ သိရှိနားလည်ပြီးဖြစ်၍ အထူး မတင်ပြလိုတော့ပါ။

ယနေ့ ဝိပဿနာပညာပြန့်ပွားရေးသင်တန်းကို တက်ရောက်ခဲ့ပြီး ဖြစ်သည့်အလျောက် "အဂ်ုတ္တိရ်ပါဠိတော်၊ ပဋ္ဌာနိပါတ်၊ တိကဇ္ဈာကိဝဂ်၊ သာရန္ဒဒသုတ်တော်" ၌ လာရှိသည့် ဒုလ္လဘတရား ၅-ပါး၌ **"လောကဌ် မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မဝိနယကို ဟောပြောတတ်သော ပုဂ္ဂိုလ်ကို ရခဲ၏။ ထိုနည်းတူ ဟောကြားသည်ရှိသော် သိတတ်သော ပုဂ္ဂိုလ်ကိုရခဲ၏"** ဟု ဟောကြားခဲ့သည့်အတိုင်း ဆက်လက် ကြိုးစားအားထုတ်တော်မူကြပါရန် ရိုသေလေးစားစွာ လျှောက်ထားအပ်ပါသည်ဘုရား။

ယနေ့တက်ရောက်လာကြသော ဧည့်သည်တော်များ၊ အဖွဲ့ဝင်များ၊ သင်တန်းသားများအား အထူးတင်ပြလိုသည်မှာ-ဝါတွင်း ရဟန်းတော်များသင်တန်းကို အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်ပေးကြသော ဖျော်ရည်အလှူရှင်ပုဂ္ဂိုလ်များ၊ အမှုဆောင်လူကြီးများ၊ ဝါတွင်းတနဂ်နွေနေ့တိုင်း ဆွမ်းလောင်းခြင်းနှင့် နှစ်စဉ် သင်တန်းဆင်းပွဲတွင် ဆွမ်းစသော လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းသော အဖွဲ့ချုပ် နာယကကြီးဖြစ်သည့် ပ-သုံးလုံး ဒေါ်သန်းရင် (ခေါ်)ဒေါ်ခင်ငြိမ်းနှင့် တူမ ဒေါ်ခင်သိန်းတို့ မိသားစုအား သာဓုအနုမောဒနာပြုကာ မှတ်တမ်းတင်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါသည် ခင်ဗျား။ ။

❑

http://www.dhammadownload.com

ဆဋ္ဌမအကြိမ်

ရဟန်းတော်များ ဝိပဿနာပညာ ဆရာဖြစ်သင်တန်းပွင့်ပွဲ

ပ–သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်၊ အမှုဆောင်

ဦးအောင်ခင် (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ) ၏ သိမှတ်ဖွယ်ရာ လျှောက်ထားလွှာ

၁။ **ရည်ရွယ်ချက်ကြီးမားသော ဆရာဖြစ်သင်တန်းကြီး**

တစ်ဆူတစ်ဆူသော ဘုရားရှင်တို့ ပွင့်ထွန်းပေါ် ပေါက်လာပါမှ သိခွင့်ရသော အနုတ္တရပေါက် ဝိပဿနာပညာကို သံဃာတော်အရှင်သူမြတ်များမှတစ်ဆင့် အနယ်နယ်အရပ်ရပ်သို့ ပြန့်ပွားစေလိုခြင်းကြောင့် ဖြစ်ပါသည်။

၂။ **သင်ကြားပို့ချမည့် ပဓာနနာယက ဆရာတော်ကြီးများ၏ ဝိပဿနာစွမ်းရည်**

* ဆရာတော် ဦးအဂ္ဂဝံသ – ဓမ္မာစရိယ၊ ဘီအေ
* ဆရာတော် ဦးကုသလ – ဝိပဿနာပညာ သာသနာပြု ဓမ္မကထိက
* ဆရာတော် ဦးဇောတိက – ဓမ္မာစရိယ၊ မဟာသတိပဋ္ဌာန်အနှစ်ချုပ် ကျင့်ဖွယ်ကျမ်းနှင့် ဝိပဿနာဘာဝနာအနှစ်ချုပ်ကျင့်ဖွယ် ကျမ်းပြု

ဆရာတော်ကြီးများသည် နှစ်ပေါင်း (၃၂)နှစ်တိုင်တိုင် ရဟန်းတော်များ၊ ဥပါသကာ ဥပါသကာမိများအား ပါဠိတော်မူ မဟာပဒေသတရားလေးပါးနည်းအရ ပို့ချသင်ကြားပေးခဲ့သော ဝိပဿနာပညာ အတွေ့အကြုံ ပြည့်စုံ ရင့်ကျက်ပြီး ဖြစ်တော်မူကြပါသည်။

သံဃာတော်အရှင်သူမြတ်များအနေဖြင့် ဆရာတော်ကြီးများ နှစ်ပေါင်း (၃၂)နှစ်တိုင်တိုင် အားထုတ်ဆည်းပူးခဲ့သော ဝိပဿနာပညာကို တစ်လခန့် (၆–၁၂–၉၈ မှ ၁၀–၁–၉၉ အထိ) နှင့် အနှစ်ထုတ်ပြီး ဝိပဿနာပညာဆရာအဖြစ် တရားစခန်းပွဲများ ဖွင့်နိုင်အောင် သင်ကြားပေးမှာဖြစ်သည့်အတွက် အထူးသတိပြု၍ လိုက်နာသင်ယူကြရမှာ ဖြစ်ပါသည်။

တစ်လဆိုသော်လည်း ဆရာတော်တစ်ပါးလျှင် ၁၀–ရက်ခန့်သာ သင်ချိန်ရှိပါသည်။

၃။ **လက်ကိုင်ပြုရမည့် ကျမ်းစာများ၏ အရေးပါပုံ**

* ဝိပဿနာ ဘာဝနာ နှစ်စောင်တွဲ
* ဝိပဿနာအခြေခံနှင့် အဖြေမှန်
* မဟာသတိပဋ္ဌာန်အနှစ်ချုပ် ကျင့်ဖွယ်ကျမ်း
* ဝိပဿနာဘာဝနာအနှစ်ချုပ် ကျင့်ဖွယ်ကျမ်း

ထိုကျမ်းစာအုပ်များသည် ပါဠိတော်၊ အဋ္ဌကထာအရပ်ရပ်တွင် မိမိအနေဖြင့် လှန်လှောရှာဖွေရန် မလွယ်ကူသော ဂါထာ၊ ဝါကျ အဆိအနှစ်များကို ထုတ်နုတ်၍ ဖော်ပြထားသည့်အတွက် အချိန်တိုတိုနှင့် လေ့လာဆည်းပူးနိုင်ကြမည် ဖြစ်ပါသည်။

၄။ **သင်တန်းလိုက်နည်း**

ဟောပြောချက်အားလုံးကို အစအဆုံး လိုက်နာ မှတ်သား သဘောပေါက်နားလည်အောင် ကြိုးစားဖို့ လိုပါသည်။ သို့မှသာ ဓမ္မသာကစ္ဆာဆွေးနွေးသည့်အခါ၊ ပြန်လည်ဟောကြားသည့်အခါ လွယ်ကူပါမည်။ အံဝင်ခွင်ကျဖြစ်အောင် ဘုရားရှင် အလိုရှိတော်မူသည့်အတိုင်းဖြစ်အောင် ဟောပြောနိုင်မည် ဖြစ်ပါသည်။

၅။ **အကျိုးကြီးမားပုံ**

တစ်လပြည့်၍ သင်တန်းပြီးဆုံးသွားသည့်အခါ "သမဏေသုစ သမဏသမ္မတာ" ရဟန်းထဲမှ ရဟန်းဟု သမုတ်ရလောက်အောင် ကိုယ်တိုင်သိမြင်ပြီး ဒါယကာ၊ ဒါယိကာမများကိုလည်း နည်းမှန်လမ်းမှန် သင်ကြား၍ သာသနာပြုနိုင်ကြရမည်။ တရားစခန်းများ ဖွင့်နိုင်ကြရမည်ဖြစ်ပါကြောင်းဘုရား။

http://www.dhammadownload.com

ဗုဒ္ဓဘာသာ နှင့် လောကဓာတ်ဆရာကြီး အိုင်စတိုင်

ကာလပေါ် လောကဓာတ်ဆရာကြီးတို့သည် ဗုဒ္ဓဘာသာတရားတော်ကို စုံစမ်းသုံးသပ်သောအခါ မည်သို့ သဘောရရှိသနည်း။

ဗုဒ္ဓဘာသာနှင့် အိုင်စတိုင်

ကမ္ဘာပေါ်ရှိ လောကဓာတ်ဆရာတို့၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဂျာမန်ရေဝတီလောကဓာတ်ဆရာကြီး အိုင်စတိုင်သည် ဗုဒ္ဓဘာသာအကြောင်းကို ဗုဒ္ဓဘာသာ စာပေကျမ်းဂန်များ၊ အထူးသဖြင့် ဂျာမန်ပညာရှိကြီး ရှော်ပင်ဟောရေးသားသော ဗုဒ္ဓဘာသာအကြောင်း စာအုပ်စာတမ်းများမှ သိရှိရာ ဗုဒ္ဓဘာသာကို, သဘောကျ နှစ်သက်ဟန်တူကြောင်း၊ အိုင်စတိုင်၏ ထင်မြင်ယူဆချက်များမှာ ဗုဒ္ဓဘာသာသက်ဝင်သည်ကို တွေ့ရကြောင်း။

အကြောင်းအကျိုး စိစစ်ရှာဖွေသောစနစ်

အိုင်စတိုင်၏အဆိုမှာ အကြောင်းအကျိုးကို စိစစ်၍ စဉ်းစားခြင်း၊ စုံစမ်းရှာဖွေခြင်းအားဖြင့် အမှားကိုပယ်ရှားကာ အမှန်ကိုသိနိုင်ကြောင်း၊ ကျွန်ုပ်သည် ထုံးတမ်းစဉ်လာတို့ကို တထစ်ချ စွဲလမ်းခြင်း မပြုကြောင်း၊ ဤအချက်၌ အိုင်စတိုင်၏ယူဆချက်မှာ ဗုဒ္ဓဘာသာနှင့် ညီညွတ်နေကြောင်း၊ အကြောင်းအကျိုး စိစစ်ဝေဖန်သော နည်းစနစ်သည် ဗုဒ္ဓဘာသာ နည်းစနစ်ဖြစ်ကြောင်း၊ ၎င်းစနစ်ကိုပင် ခေတ်သစ်လောကဓာတ်ပညာ စနစ်ဟုခေါ်ကြောင်း မြတ်စွာဘုရားသည် ခေတ်သစ်လောကဓာတ်ပညာ စနစ်ကို အနောက်နိုင်ငံ၌ လောကဓာတ်ပညာ မပေါ်ပေါက်မီ လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ငါးရာကပင် ဟောတော်မူခဲ့ကြောင်း၊ အကြောင်းအကျိုး စိစစ်ဝေဖန်သောနည်းကို မြတ်စွာဘုရားသည် ကာလာမမင်းသားတို့အား ဟောတော်မူကြောင်းကို အဂုတ္တရနိကာယ်၊ ကာလာမသုတ်၌ တွေ့ရကြောင်း။

မြတ်စွာဘုရား ဟောတော်မူသည်ကား

မိမိအလိုလို ကြံစည် တွေးတောခြင်းဖြင့် ဟုတ်မှန်ပြီဟု အတည်မယူကြကုန်နှင့်။ ဖြစ်ပျက်ပုံ အခြင်းအရာကို ကြံစည်သောအားဖြင့် ဟုတ်မှန်ပြီဟု အတည်မယူကြကုန်နှင့်။ ငါသည် နှစ်သက်သဖြင့် ယူအပ်သော အယူနှင့် ညီညွတ်ပေသည်ဟူ၍လည်း အတည်မယူကြကုန်နှင့်။ ဤရဟန်းသည် ပုံပန်းသဏ္ဌာန်အားဖြင့် သိခြင်းဌာထိုက်သော သဘောရှိသည်။ ထိုရဟန်း၏စကားသည် ဧကန်မှန်လိမ့်မည်ဟူ၍လည်း ပုဂ္ဂိုလ်ကို အားကိုး၍ ဟုတ်မှန်ပြီဟု အတည်မယူကြကုန်နှင့်။ ဤရဟန်းသည် ငါတို့ အလေးအမြတ် ဆည်းကပ်ကိုးကွယ်သော ဆရာဖြစ်သည်။ ငါတို့ဆရာ ဟောပြောသော စကားသည် အဟုတ်အမှန်သာတည်းဟု ဟုတ်မှန်ပြီဟု အတည်မယူကြကုန်နှင့်။ အကြောင်းအကျိုး စိစစ်စဉ်းစားရှာဖွေ စမ်းသပ်၍ မိမိတို့ကိုယ်တိုင် သိသောအခါမှ ဟုတ်မှန်ပြီဟု အတည်ပြုကြကုန်လော့။

ထာဝရဘုရား မရှိ

အိုင်စတိုင်၏ ယူဆချက်တစ်ရပ်မှာ ကမ္ဘာ လောကကြီးကို ဖန်ဆင်းသူ ထာဝရဘုရားမရှိကြောင်း၊ ထာဝရဘုရား မရှိဟူသောအချက်၌ အိုင်စတိုင်သည် ဗုဒ္ဓဘာသာနှင့်ကိုက်ညီနေကြောင်း၊ ဗုဒ္ဓဘာသာသည် ထာဝရဘုရားအယူကို ပယ်သောဘာသာဖြစ်ကြောင်း၊ ထာဝရဘုရား ရှိသည်ဟူသော အယူသည် မှားသောအယူဖြစ်ကြောင်းကို မြတ်စွာဘုရားသည် ဒီဃနိ

http://www.dhammadownload.com

ကာယ်၊ ပြဟ္မဇာလသုတ်၊ တေဝိဇ္ဇသုတ်၊ ကေဝဋ္ဋသုတ်၊ ပါထိကသုတ်၊ မဇ္ဈိမနိကာယ်၊ ပြဟ္မနိမန္တနိကသုတ်တို့၌ ဟောတော်မူကြောင်း။

မည်သူမျှ မမြင်ဖူးသော ထာဝရဘုရား ရှိသည်ဆိုသော စကားသည် သူဌေးစကားနှင့် တူကြောင်းကို မြတ်စွာဘုရားသည် ဒီဃနိကာယ်၊ တေဝိဇ္ဇသုတ်၌ ဟောထော်မူသည်ကား-

ယောက်ျားတစ်ယောက်သည် ဤသို့ဆိုရာ၏။ ဤတိုင်းပြည်၌ အကြင်မိန်းမသည် အချောဆုံး ဖြစ်၏။ ငါသည် ထိုမိန်းမကို ချစ်ကြိုက်၏။ တောင့်တ၏။ ထိုယောက်ျားကို တစ်ပါးသောသူတို့သည် ဤသို့ ဆိုကုန်ရာ၏။ အို-အချင်းယောက်ျား၊ သင်သည် အကြင် အချောဆုံးမိန်းမကို ချစ်ကြိုက်၏။ တောင့်တ၏။ ထိုမိန်းမသည် မင်းသမီးဟူ၍လည်းကောင်း၊ ပုဏ္ဏားသမီးဟူ၍လည်းကောင်း၊ ကုန်သည်သမီးဟူ၍လည်းကောင်း၊ သူဆင်းရဲသမီးဟူ၍လည်းကောင်း သိ၏လောဟု မေးရ၏။ ဤသို့မေးသည်ရှိသော် မသိဟု ဖြေဆိုရာ၏။ ထိုယောက်ျားကို တစ်ပါးသော သူတို့သည် ဤသို့ဆိုကုန်ရာ၏။ အိုအချင်းယောက်ျား၊ သင်သည် အကြင်အချောဆုံးမိန်းမကို ချစ်ကြိုက်၏။ တောင့်တ၏။ ထိုမိန်းမသည် ဤသို့အမည်ရှိ၏။ ဤသို့ အနွယ်ရှိ၏ဟူ၍လည်းကောင်း၊ အရပ်ရှည်၏ ဟူ၍လည်းကောင်း၊ နိမ့်၏ဟူ၍လည်းကောင်း၊ မနိမ့်မမြင့်ဟူ၍လည်းကောင်း၊ ညိုသောအဆင်းရှိ၏ဟူ၍လည်းကောင်း၊ ရွှေသောအဆင်းရှိ၏ဟူ၍လည်းကောင်း၊ ပြောက်သောအဆင်းရှိ၏ဟူ၍လည်းကောင်း၊ ဤမည်သောရွာ၌ဟူ၍လည်းကောင်း၊ ဤမည်သော နိုဂုံး၌ဟူ၍လည်းကောင်း။ ဤမည်သောမြို့၌ဟူ၍ လည်းကောင်း သိ၏လောဟုမေးရာ ဤသို့မေးသည် ရှိသော် မသိဟု ဖြေဆိုရာ၏။ ထိုယောက်ျားကို တစ်ပါးသောသူတို့သည် ဤသို့ဆိုကုန်ရာ၏။ အို- အချင်းယောက်ျား၊ အကြင်မိန်းမကို သင်သည် မသိဖူး၊ မမြင်ဖူး၊ ထိုမသိ မမြင်ဖူးသောမိန်းမကို သင်သည် ချစ်ကြိုက်ပါသလော၊ တောင့်တပါသလောဟု မေး၏။ ဤသို့မေးသည်ရှိသော် ဟုတ်ပါ၏ဟု ဖြေဆိုရာ၏။ ဤအတိုင်း အမှန်ဖြစ်လျှင် ထိုယောက်ျား ပြောဆိုသောစကားသည် အခြေအမြစ်မရှိ၊ အချည်းနှီး။ အမြော်အမြင်မရှိသော စကားဖြစ်သည် မဟုတ်ပါလော။

အနတ္တ

အိုင်စတိုင်၏ အဆိုတစ်ရပ်မှာ လူတစ်ယောက်၏ တန်ဖိုးအစစ်အမှန်ကို ထိုသူသည် သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိမှ မည်ရွေ့မည်မျှ ကင်းဝေးသည်ကို ထောက်ဆချင့်ချိန်ခြင်းအားဖြင့် ပိုင်းဖြတ်ရကြောင်း၊ လူတို့၏ အလိုဆန္ဒများ၊ ရည်ရွယ်ချက်များသည် ဘာမျှ မဟုတ်ပါတကား၊ အနှစ်သာရ မရှိပါတကား ဟူသည်တို့ ဖြစ်ကြောင်း။ အချုပ်အားဖြင့်ဆိုသော် အိုင်စတိုင်သည် အနတ္တသဘော သက်ဝင်သည်ဖြစ်ကြောင်း၊ ဤ အချက်၌လည်း အိုင်စတိုင်သည် ဗုဒ္ဓဘာသာနယ်တွင်းသို့ ဝင်နေသည်ဟု ဆိုနိုင်ကြောင်း။

ဗုဒ္ဓဘာသာသည် ကမ္ဘာပေါ်ရှိ ဘာသာများအနက် အနတ္တတရားကို ဟောသော တစ်ခုတည်းသော ဘာသာဖြစ်ကြောင်း၊ အနတ္တတရားသည် ဗုဒ္ဓဘာသာ၌ အမြင့်ဆုံး၊ အမြတ်ဆုံးတရားဖြစ်ကြောင်း၊ ဓမ္မပဒ၌ လာရှိသည်ကား အကြင်သူသည် အနှစ်တစ်ရာပတ်လုံး၊ အမြတ်ဆုံးတရား အနတ္တကို မသိမမြင်ဘဲ အနှစ်တစ်ရာ အသက်ရှင်နေခြင်းထက် အမြတ်ဆုံးတရား အနတ္တကို သိမြင်လျက် တစ်ရက်မျှ

ဗုဒ္ဓဘာသာသည် ကမ္ဘာပေါ်ရှိ ဘာသာများ

http://www.dhammadownload.com

ရောက်ချင်း ပဉ္စဝဂ္ဂိငါးဦးတို့အား အနတ္တကို ပြရာ ဖြစ်သော ဓမ္မစကြာသုတ်နှင့် အနတ္တလက္ခဏသုတ်ကို ရွေးဦးစွာ ဟောတော်မူသည်ကို ထောက်၍ သိနိုင်ကြောင်း။

အနတ္တတရားသည် ဘုဒ္ဓဘာသာ၏ အဆီအနှစ် ဖြစ်ကြောင်း၊ မြတ်စွာဘုရား ပွင့်တော်မူသည့်အတွက် ကမ္ဘာလောကၨ အကြီးဆုံးသော ကျေးဇူးမှာ လူတို့သည် အနတ္တကို သိမြင်ရခြင်းဖြစ်ကြောင်း၊ အနတ္တကို သိမြင်မှသာလျှင် သာသနာနှင့် ကြုံကျိုးနပ်သည်၊ လူဖြစ်ကျိုးနပ်သည် မည်ကြောင်း၊ ဘုဒ္ဓဘာသာ၌ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်တို့သည် အနတ္တကို ပြသော နည်းလမ်းများ ဖြစ်ကြောင်း။

တမလွန်ဘဝ၌ ကောင်းကျိုးချမ်းသာကို မျှော်လင့်တောင့်တခြင်း

အိုင်စတိုင်၏ ထင်မြင်ချက်တစ်ရပ်မှာ တမလွန်ဘဝ၌ ကောင်းစားရေးကို မမျှော်လင့်အပ်ကြောင်း၊ ဤအချက်၌လည်း အိုင်စတိုင်သည် ဘုဒ္ဓဘာသာသဘော သက်ဝင်နေကြောင်း၊ ဘုဒ္ဓဘာသာသည် ထူးခြားသော ဘာသာဖြစ်ကြောင်း၊ ဘုဒ္ဓဘာသာသည် နောင်ဘဝ ကောင်းစားရေးဘာသာ မဟုတ်ကြောင်း၊ ဘုဒ္ဓဘာသာသည် တမလွန်ဘဝ၌ ကောင်းကျိုးရရေး မဟုတ်ဘဲ ယခုဘဝ၌ လက်ငင်းကောင်းကျိုး ခံစားရေး ဖြစ်ကြောင်းကို (အကာလိက)တရားဂုဏ်တော်ကို ကြည့်ခြင်းဖြင့် ကောင်းစွာသိနိုင်ကြောင်း၊ အကာလိက ဂုဏ်တော်သည် အခါမဲ့ကောင်းကျိုးကို ဖြစ်စေသော၊ ကာလမခြား ကောင်းကျိုးကို ဖြစ်စေသော ဂုဏ်တော်ဖြစ်ကြောင်း။

ဘုဒ္ဓဘာသာ၌ ဒါန၊ သီလ၊ ဘာဝနာအမှုတို့ကို ပြုခြင်းသည် တမလွန်ဘဝ ကောင်းစားရေးမဟုတ်၊ နတ်ပြည်၊ ဗြဟ္မာပြည်တို့သို့ ရောက်ရေးမဟုတ်၊ ဘဝ

> **ဘုဒ္ဓဘာသာ၌ ဒါန၊ သီလ၊ ဘာဝနာအမှုတို့ကို ပြုခြင်းသည် တမလွန်ဘဝ ကောင်းစားရေး မဟုတ်၊ နတ်ပြည်၊ ဗြဟ္မာပြည်တို့သို့ ရောက်ရေးမဟုတ်၊ ဘဝချုပ်ငြိမ်းရေး၊ သံသရာမှ လွတ်မြောက်ရေး ဖြစ်ကြောင်း**

သည်။ သမုဒ္ဒရာကြီး၌ တစ်ခုတည်းသော ငန်သော အရသာရှိသကဲ့သို့ တရားတော်ကြီးသည် ဝိမုတ္တိရသ သံသရာက လွတ်မြောက်ကြောင်း တစ်ခုတည်းသော အရသာရှိပေသည်ဟု ဟောတော်မူကြောင်း။

ဘုဒ္ဓဘာသာ၌ တမလွန်ဘဝကောင်းစားရေးကို မမျှော်လင့်အပ်၊ မရည်ရွယ်အပ်ကြောင်း။ နတ်စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ်ကို မတောင့်တရ၊ မစွဲလမ်းရကြောင်း၊ မြတ်စွာဘုရားသည် ခုဒ္ဒကနိကာယ်၊ မေတ္တာသုတ်၌ လောကကျိုး၊ ဓမ္မကျိုး၌ လိမ္မာသောသူသည် ဘဝချုပ်ငြိမ်းရေးကိုသာ ရည်ရွယ်၍ ကုသိုလ်ကောင်းမှုတို့ကို ပြုခြင်း စသော အင်္ဂါတစ်ဆယ့်ငါးပါး အတိုင်း လိုက်နာရမည်ဟု ဟောတော်မူကြောင်း။ ၎င်း ပြင် ဘုဒ္ဓဘာသာဝင်တို့ ပြုကျင့်ရမည့် သီလတွင် တမလွန်ဘဝ ကောင်းကျိုးချမ်းသာကို မတောင့်တ မရည်ရွယ်ရသော အင်္ဂါ၊ နောင်ဘဝ ကောင်းကျိုးချမ်းသာကို မစွဲလမ်းရသော အင်္ဂါဟူ၍ နှစ်ပါးပါဝင်ကြောင်း။ ဤအင်္ဂါနှစ်ပါး လုံလောက်သော ဒါနမှု၊ သီလမှုတို့သာလျှင် သူတော်ကောင်းတို့ နှစ်သက်အပ်သော အရာ ဖြစ်ပေသည်ဟု မဇ္ဈိမနိကာယ်တွင် လာရှိကြောင်း။

အထက်တွင် ဖော်ပြခဲ့သော အိုင်စတိုင်၏ အထင်အမြင် အယူအဆတို့သည် ၎င်း၏ရေးသား ပြောဆိုချက်များအနက် အရေးကြီးသော ကောက်နုတ်ချက်များ [illegible]

http://www.dhammadownload.com

ကာယ်၊ ဗြဟ္မဇာလသုတ်၊ တေဝိဇ္ဇသုတ်၊ ကေဝဋ္ဋသုတ်၊ ပါထိကသုတ်၊ မဇ္ဈိမနိကာယ်၊ ဗြဟ္မနိမန္တနိကသုတ်တို့၌ ဟောတော်မူကြောင်း။

မည်သူမျှ မမြင်ဖူးသော ထာဝရဘုရား ရှိသည်ဆိုသော စကားသည် သူဌားစကားနှင့် တူကြောင်းကို မြတ်စွာဘုရားသည် ဒီဃနိကာယ်၊ တေဝိဇ္ဇသုတ်၌ ဟောထော်မူသည်ကား-

ယောက်ျားတစ်ယောက်သည် ဤသို့ဆိုရာ၏။ ဤတိုင်းပြည်၌ အကြင်မိန်းမသည် အချောဆုံး ဖြစ်၏။ ငါသည် ထိုမိန်းမကို ချစ်ကြိုက်၏။ တောင့်တ၏။ ထိုယောက်ျားကို တစ်ပါးသောသူတို့သည် ဤသို့ ဆိုကုန်ရာ၏။ အို-အချင်းယောက်ျား၊ သင်သည် အကြင် အချောဆုံးမိန်းမကို ချစ်ကြိုက်၏။ တောင့်တ၏။ ထိုမိန်းမသည် မင်းသမီးဟူ၍လည်းကောင်း၊ ပုဏ္ဏားသမီးဟူ၍လည်းကောင်း၊ ကုန်သည်သမီးဟူ၍လည်းကောင်း၊ သူဆင်းရဲသမီးဟူ၍လည်းကောင်း သိ၏လောဟု မေးရ၏။ ဤသို့မေးသည်ရှိသော် မသိဟု ဖြေဆိုရာ၏။ ထိုယောက်ျားကို တစ်ပါးသော သူတို့သည် ဤသို့ဆိုကုန်ရာ၏။ အိုအချင်းယောက်ျား၊ သင်သည် အကြင်အချောဆုံးမိန်းမကို ချစ်ကြိုက်၏။ တောင့်တ၏။ ထိုမိန်းမသည် ဤသို့အမည်ရှိ၏။ ဤသို့ အနွယ်ရှိ၏ဟူ၍လည်းကောင်း၊ အရပ်ရှည်၏ ဟူ၍လည်းကောင်း၊ နိမ့်၏ဟူ၍လည်းကောင်း၊ မနိမ့်မမြင့်ဟူ၍လည်းကောင်း၊ ညိုသောအဆင်းရှိ၏ဟူ၍လည်းကောင်း၊ ရွှေသောအဆင်းရှိ၏ဟူ၍လည်းကောင်း၊ ပြောက်သောအဆင်းရှိ၏ဟူ၍လည်းကောင်း၊ ဤမည်သောရွာ၌ဟူ၍လည်းကောင်း၊ ဤမည်သော နိုဂုံး၌ဟူ၍လည်းကောင်း။ ဤမည်သောမြို့၌ဟူ၍ လည်းကောင်း သိ၏လောဟုမေးရာ ဤသို့မေးသည် ရှိသော် မသိဟု ဖြေဆိုရာ၏။ ထိုယောက်ျားကို တစ်ပါးသောသူတို့သည် ဤသို့ဆိုကုန်ရာ၏။ အို- အချင်းယောက်ျား၊ အကြင်မိန်းမကို သင်သည် မသိဖူး၊ မမြင်ဖူး၊ ထိုမသိ မမြင်ဖူးသောမိန်းမကို သင်သည် ချစ်ကြိုက်ပါသလော၊ တောင့်တပါသလောဟု မေး၏။ ဤသို့မေးသည်ရှိသော် ဟုတ်ပါ၏ဟု ဖြေဆိုရာ၏။ ဤအတိုင်း အမှန်ဖြစ်လျှင် ထိုယောက်ျား ပြောဆိုသောစကားသည် အခြေအမြစ်မရှိ၊ အချည်းနှီး။ အမြော်အမြင်မရှိသော စကားဖြစ်သည် မဟုတ်ပါလော။

ဘုဒ္ဓဘာသာသည် ကမ္ဘာပေါ်ရှိ ဘာသာများအနက် အနတ္တတရားကို ဟောသော တစ်ခုတည်းသော ဘာသာဖြစ်ကြောင်း၊ အနတ္တတရားသည် ဘုဒ္ဓဘာသာ၌ အမြင့်ဆုံး၊ အမြတ်ဆုံးတရားဖြစ်ကြောင်း၊

အနတ္တ

အိုင်စတိုင်၏ အဆိုတစ်ရပ်မှာ **လူတစ်ယောက်၏ တန်ဖိုးအစစ်အမှန်ကို ထိုသူသည် သတ္တာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိမှ မည်ရွေ့မည်မျှ ကင်းကွာသည်ကို ထောက်ဆချင့်ချိန်ခြင်းအားဖြင့် ပိုင်းဖြတ်ရကြောင်း၊** လူတို့၏ အလိုဆန္ဒများ၊ ရည်ရွယ်ချက်များသည် ဘာမျှ မဟုတ်ပါတကား၊ အနှစ်သာရ မရှိပါတကား ဟူသည်တို့ ဖြစ်ကြောင်း။ အချုပ်အားဖြင့်ဆိုသော် အိုင်စတိုင်သည် အနတ္တသဘော သက်ဝင်သည်ဖြစ်ကြောင်း၊ ဤ အချက်၌လည်း အိုင်စတိုင်သည် ဘုဒ္ဓဘာသာနယ်တွင်းသို့ ဝင်နေသည်ဟု ဆိုနိုင်ကြောင်း။

ဘုဒ္ဓဘာသာသည် ကမ္ဘာပေါ်ရှိ ဘာသာများအနက် အနတ္တတရားကို ဟောသော တစ်ခုတည်းသော ဘာသာဖြစ်ကြောင်း၊ အနတ္တတရားသည် ဘုဒ္ဓဘာသာ၌ အမြင့်ဆုံး၊ အမြတ်ဆုံးတရားဖြစ်ကြောင်း၊ ဓမ္မပဒ၌ လာရှိသည်ကား အကြင်သူသည် အနှစ်တစ်ရာပတ်လုံး၊ အမြတ်ဆုံးတရား အနတ္တကို မသိမမြင်ဘဲ အနှစ်တစ်ရာ အသက်ရှင်နေခြင်းထက် အမြတ်ဆုံးတရား အနတ္တကို သိမြင်လျက် တစ်ရက်မျှ အသက်ရှင်နေခြင်းက မြတ်ပေကြောင်း။ အနတ္တတရားသည် ဘုဒ္ဓဘာသာ၌ အရေးကြီးဆုံးဖြစ်ကြောင်းကို မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်လျှင်

http://www.dhammadownload.com

ရောက်ချင်း ပဉ္စဝဂ္ဂိငါးဦးတို့အား အနတ္တကို ပြရာ ဖြစ်သော ဓမ္မစကြာသုတ်နှင့် အနတ္တလက္ခဏသုတ်ကို ရှေးဦးစွာ ဟောတော်မူသည်ကို ထောက်၍ သိနိုင်ကြောင်း။

အနတ္တတရားသည် ဘုဒ္ဓဘာသာ၏ အဆီအနှစ် ဖြစ်ကြောင်း၊ မြတ်စွာဘုရား ပွင့်တော်မူသည့်အတွက် ကမ္ဘာလောကၥ အကြီးဆုံးသော ကျေးဇူးမှာ လူတို့သည် အနတ္တကို သိမြင်ရခြင်းဖြစ်ကြောင်း၊ အနတ္တကို သိမြင်မှသာလျှင် သာသနာနှင့် ကြုံကျိုးနပ်သည်၊ လူဖြစ်ကျိုးနပ်သည် မည်ကြောင်း၊ ဘုဒ္ဓဘာသာ၌ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်တို့သည် အနတ္တကို ပြသော နည်းလမ်းများ ဖြစ်ကြောင်း။

တမလွန်ဘဝ၌ ကောင်းကျိုးချမ်းသာကို မျှော်လင့်တောင့်တခြင်း

အိုင်စတိုင်၏ ထင်မြင်ချက်တစ်ရပ်မှာ တမလွန်ဘဝ၌ ကောင်းစားရေးကို မမျှော်လင့်အပ်ကြောင်း၊ ဤအချက်၌လည်း အိုင်စတိုင်သည် ဘုဒ္ဓဘာသာသဘော သက်ဝင်နေကြောင်း၊ ဘုဒ္ဓဘာသာသည် ထူးခြားသော ဘာသာဖြစ်ကြောင်း၊ ဘုဒ္ဓဘာသာသည် နောင်ဘဝ ကောင်းစားရေးဘာသာ မဟုတ်ကြောင်း၊ ဘုဒ္ဓဘာသာသည် တမလွန်ဘဝ၌ ကောင်းကျိုးရရေး မဟုတ်ဘဲ ယခုဘဝ၌ လက်ငင်းကောင်းကျိုး ခံစားရေး ဖြစ်ကြောင်းကို (အကာလိက)တရားဂုဏ်တော်ကို ကြည့်ခြင်းဖြင့် ကောင်းစွာသိနိုင်ကြောင်း၊ အကာလိက ဂုဏ်တော်သည် အခါမဲ့ကောင်းကျိုးကို ဖြစ်စေသော၊ ကာလမခြား ကောင်းကျိုးကို ဖြစ်စေသော ဂုဏ်တော်ဖြစ်ကြောင်း။

ဘုဒ္ဓဘာသာ၌ ဒါန၊ သီလ၊ ဘာဝနာအမှုတို့ကို ပြုခြင်းသည် တမလွန်ဘဝ ကောင်းစားရေးမဟုတ်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့သို့ ရောက်ရေးမဟုတ်၊ ဘဝချုပ်ငြိမ်းရေး၊ သံသရာမှ လွတ်မြောက်ရေး ဖြစ်ကြောင်း၊ ထို့ကြောင့် မြတ်စွာဘုရားက ငါဘုရားသည် တစ်ခုတည်းသော တရားကို ဟောတော်မူသည်။ သံသရာမှ ထွက်မြောက်ကြောင်း တရားပင် ဖြစ်ပေသည်။ သမုဒ္ဒရာကြီး၌ တစ်ခုတည်းသော ငန်သော အရသာရှိသကဲ့သို့ တရားတော်ကြီးသည် ဝိမုတ္တိရသ သံသရာက လွတ်မြောက်ကြောင်း တစ်ခုတည်းသော အရသာရှိပေသည်ဟု ဟောတော်မူကြောင်း။

> **ဘုဒ္ဓဘာသာ၌ ဒါန၊ သီလ၊ ဘာဝနာအမှုတို့ကို ပြုခြင်းသည် တမလွန်ဘဝ ကောင်းစားရေး မဟုတ်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့သို့ ရောက်ရေးမဟုတ်၊ ဘဝချုပ်ငြိမ်းရေး၊ သံသရာမှ လွတ်မြောက်ရေး ဖြစ်ကြောင်း**

ဘုဒ္ဓဘာသာ၌ တမလွန်ဘဝကောင်းစားရေးကို မမျှော်လင့်အပ်၊ မရည်ရွယ်အပ်ကြောင်း။ နတ်စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ်ကို မတောင့်တရ၊ မစွဲလမ်းရကြောင်း၊ မြတ်စွာဘုရားသည် ခုဒ္ဒကနိကာယ်၊ မေတ္တာသုတ်၌ လောကကျိုး၊ ဓမ္မကျိုး၌ လိမ္မာသောသူသည် ဘဝချုပ်ငြိမ်းရေးကိုသာ ရည်ရွယ်၍ ကုသိုလ်ကောင်းမှုတို့ကို ပြုခြင်း စသော အဂၤါတစ်ဆယ့်ငါးပါး အတိုင်း လိုက်နာရမည်ဟု ဟောတော်မူကြောင်း။ ၎င်း ပြင် ဘုဒ္ဓဘာသာဝင်တို့ ပြုကျင့်ရမည့် သီလတွင် တမလွန်ဘဝ ကောင်းကျိုးချမ်းသာကို မတောင့်တ မရည်ရွယ်ရသော အဂၤါ။ နောင်ဘဝ ကောင်းကျိုးချမ်းသာကို မစွဲလမ်းရသော အဂၤါဟူ၍ နှစ်ပါးပါဝင်ကြောင်း။ ဤအဂၤါနှစ်ပါး လုံလောက်သော ဒါနမှု၊ သီလမှုတို့သာလျှင် သူတော်ကောင်းတို့ နှစ်သက်အပ်သော အရာ ဖြစ်ပေသည်ဟု မဂ္ဂိမနိကာယ်တွင် လာရှိကြောင်း။

အထက်တွင် ဖော်ပြခဲ့သော အိုင်စတိုင်၏ အထင်အမြင် အယူအဆတို့သည် ၎င်း၏ရေးသား ပြောဆိုချက်များအနက် အရေးကြီးသော ကောက်နုတ်ချက်များ ဖြစ်ကြောင်း။ အိုင်စတိုင်သည် ဘုဒ္ဓဘာသာနယ်အတွင်းသို့ ရောက်နေပြီဖြစ်ရာ များစွာ ဝမ်းမြောက်ဖွယ်ကောင်းပေကြောင်း။

ဘာသာရေးအယ်ဒီတာ၊တိုးတက်ရေးသတင်းစာ၊၅-၁-၄၁။

http://www.dhammadownload.com

ဆရာကြီး ဦးဝရိုင်



အဒိပုဂ္ဂိုလ်၊ ပဂိုဒိတည်၊

ဘုန်းမိုဒူ၊ နှတ်ခွေဟသည်၊

ဒုဂ္ဂဉ်မ်းဂု၊ ကျင်ခမ္မာကို၊

မဂ္ဂာလေမှု၊ ကျမ်းဆူဆူမှ၊

ထုတ်ယူဆောင်ဖွင့်၊ ကိုယ်တိုင်ကျင်သား၊

များဆင့်လူဂွင်၊ လုံ့လတင်ဤ၊

ဖြန့်သင်ပေးဝေ၊ နည်းယူခေဇ်.....

http://www.dhammadownload.com

၀ – သုံးလုံး ဝိဝဿနာပြန့်ပွားရေးအဖွဲ့ချုပ်

နာယကလူကြီးများ

၁။ ဒေါ်မြညွန့်(ဆရာကြီးဦးပဂျီငို၏ဇနီး) – အမှတ် (၉၁)၊ ဒေါ်သိန်းတင်လမ်း၊ မင်္ဂလာတောင်ညွန့်
၂။ ဒေါ်သန်း – အမှတ်(၁၅ – A)၊ ကမ္ဘာအေးဘုရားလမ်း
၃။ ဒေါ်သန်းရင် (ခ) ဒေါ်ခင်ငြိမ်း – အမှတ်(၂၃၉)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
၄။ ဦးကျော်ဇော – အမှတ်(၁၀၉)၊ ဓမ္မစေတီလမ်း၊ ဗဟန်း
၅။ ဒေါ်ခင်ခင်အေး – အမှတ်(၁၀၉)၊ ဓမ္မစေတီလမ်း၊ ဗဟန်း
၆။ ဦးစိန်ညွန့် – အမှတ်(၈)၊ ရတနာလမ်း၊ ကျောက်မြောင်း
၇။ ဦးဘတုတ် – အမှတ်(၁၇၃)၊ ရွှေဂုံတိုင်လမ်း၊ဗဟန်း
၈။ ဒေါက်တာ ဦးအောင်မြတ် – အမှတ်(၁၃၅)၊ သံလွင်လမ်း၊ ဗဟန်း
၉။ ဦးထွန်းရွှေ (ပြည် ထွန်းရွှေ) – ဒဂုံမြို့သစ် (မြောက်ပိုင်း)

အရှုဆောင်လူကြီးများ

၁။ ဗိုလ်မှူးမောင်မောင်မျိုးညွန့် (ငြိမ်း)
၂။ ဦးမြတ်ထွေး
၃။ ဦးတင်မောင်ဝင်း
၄။ ဦးနေဝင်း
၅။ ဦးကျော်ထွန်း
၆။ ဦးဝင်းဖေ
၇။ ဗိုလ်ကြီး ဒေါ်တင်လှိုင်
၈။ ဗိုလ်မှူး လှထွန်း (ငြိမ်း)
၉။ ဦးခင်သိန်း
၁၀။ ဦးစံမောင်
၁၁။ ဦးမျိုးညွန့်
၁၂။ ဦးကြည်အေး
၁၃။ ဦးစိုးသိမ်း
၁၄။ ဦးအာသာတင်ထွန်း
၁၅။ ဦးအောင်မြို့
၁၆။ ဦးကျော်အေး
၁၇။ ဦးအောင်နိုင်ဦး
၁၈။ ဦးသန်းဇော်ထိုက်
၁၉။ ဦးအောင်ကိုကို
၂၀။ ဦးကျော်မင်းလှိုင်
၂၁။ ဒေါ်သန်းထွေး
၂၂။ ဒေါ်သောင်းရီ
၂၃။ ဒေါ်နှင်းလှ
၂၄။ ဒေါ်တင်တင်
၂၅။ ဒေါ်အေးသိန်း
၂၆။ ဒေါ်ခင်ရီ
၂၇။ ဒေါ်ကြည်ကြည်သိန်း
၂၈။ ဒေါ်သန်းဌေး
၂၉။ ဒေါ်အေးသန်း
၃၀။ ဦးအောင်ကြည်
၃၁။ ဒေါ်တင်တင်လှ
၃၂။ ဒေါက်တာ ဝင်းမြင့်
၃၃။ ဒေါ်ညွန့်ညွန့်မေ

http://www.dhammadownload.com

၀ – သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်
သုံးထပ်သိမ်ကျောင်းဆောင် ဖြစ်ဖြောက်ရေးဆပ်ကော်ဓတီ



ရှေ့တန်း – ဦးအောင်ခင်၊ ဗိုလ်မှူးမောင်မောင်မျိုးညွန့် (ငြိမ်း)၊ ဦးဗိုလ်နီ၊ ဦးအောင်ဖေ၊ ဦးသောင်းစိန်၊ ဦးဝင်းမောင်၊ ဒေါက်တာ ကံညွန့်၊ ဦးမောင်ကြီး

နောက်တန်း – ဦးစိန်လှဝင်း၊ ဦးခင်မောင်သစ်၊ ဒေါ်တင်ရီ၊ ဦးသိန်းအောင်၊ ဦးတိုးမြင့်

http://www.dhammadownload.com

ဝါတွင်း ရတန်းတော်များ ဝိပဿနာသင်တန်း



ဆရာတော် ဦးအဂ္ဂဝံသ သင်တန်းပို့ချနေပုံ



ထေရာဘဏ်၊ ဆရာတော်များ၊ ဒကာများက၊ ကြီးခားဆောင်လာ၊ တည်ဆောက်ပါသော၊ တစ်ဖြာမှတ်ရုံး၊
ပ-သုံးလုံးဆ၊ ကျင့်ထုံးဝိပဿနာ၊ ပြန့်ပွားရာဟု၊ ပညာတရှာသိုလ်၊ ဝန်းမိုရိပ်မြုံ၊ ခမ္မာရုံ၌.....

http://www.dhammadownload.com

ဝါတွင်း ရဟန်းတော်များ ဝိဓဿနာသင်တန်း



ဆရာတော် ဦးဇောတိက သင်တန်းပို့ချနေပုံ



http://www.dhammadownload.com

ဝါတွင်း ရဟန်းတော်များ ဝိဝဿနာသင်တန်းဆင်း အောင်လက်မှတ်ဆက်တင်ခဲ့ခြင်း အခမ်းအနား



ပ-သုံးလုံး ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် နာယကကြီး ဒေါ်သန်း အောင်လက်မှတ် ဆက်ကပ်စဉ်



ပ-သုံးလုံး ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် နာယကကြီး ဒေါက်တာဦးအောင်မြတ် အောင်လက်မှတ် ဆက်ကပ်စဉ်

http://www.dhammadownload.com

ရဟန်းတော်များ ဝိပဿနာဆရာဖြစ်သင်တန်း



ဆရာတော် ဦးဇောတိက တတိယအကြိမ်သင်တန်း၌ ပို့ချနေပုံ



ဖုံဖုံဒေသ၊ ရပ်ငှာန်မြလျှင်၊ များလှသံယာ၊ တစ်လတာဝယ်၊ ဆရာဘဖြစ်၊ ဘားမာန်သစ်ရှိ၊ မလစ်ပိုက်ကျုံး၊ သီတင်းသုံးရှင်.....

http://www.dhammadownload.com

ရဟန်းတော်များ ဝိပဿနာဆရာဖြစ်သင်တန်းဆင်း အောင်လက်မှတ်ဆက်ကပ်ဝွဲ အခမ်းအနား



ဆင္ဌမအကြိမ်သင်တန်း (၁၉၉၈)



တောင်ဘုံရာပွား၊ ငါးဆယ်ငါးမှ၊ ပွင့်တားနှစ်စဉ်၊ လဒီဇင်ဝယ်၊ သင်တန်းအောင်ပွဲ၊ ဆင်ယင်ရှိစေ၊

http://www.dhammadownload.com

ရဟန်းတော်များ ဝိပဿနာဆရာဖြစ်သင်တန်းဆင်း အောင်လက်မှတ်ဆက်ကပ်ခွဲ အခမ်းအနား



ပ–သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်၊ ဥက္ကဋ္ဌ ဦးအောင်ဖေ လျှောက်ထားစဉ်



ပ–သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်၊ အကျိုးဆောင်ချုပ် ဦးသောင်းစိန်
သင်တန်းဆင်းအောင်လက်မှတ် ဆက်ကပ်နေပုံ

http://www.dhammadownload.com

ရဟန်းတော်များ ဝိဝဿနာဆရာဖြစ်သင်တန်း
ပရိယတ္တိဆရာတော်များနှင့် သင်တန်းသားရဟန်းတော်များ



ဒုတိယအကြိမ်သင်တန်း အမှတ်တရ



စတုတ္ထအကြိမ်သင်တန်း အမှတ်တရ

http://www.dhammadownload.com

သင်္ကြန်တွင်း (၇) ရက် တရားစခန်း



သင်တန်းနည်းပြ ဆရာတော်များနှင့် ပထမအကြိမ် စခန်းဝင်ယောဂီများ (၁၉၉၇)



သင်တန်းနည်းပြ ဆရာတော်နှင့် ဒုတိယအကြိမ် စခန်းဝင်ယောဂီများ (၁၉၉၈)

http://www.dhammadownload.com

ဝိပဿနာဝညာတတ္တဆိုလ် ဖိစာန်တော်

နှစ်ထပ်အဆောက်အအုံအတွက် အလျှုတော်ငွေပေးအပ်ငွဲ အခစ်းအနား





အလှူရှင် ဂျပန်နိုင်ငံမှ MR. DAIJIROOKUYAMA (S.S.K JAPAN) နှင့်
ပ–သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်၊ အမှုဆောင်လူကြီးများ
ဒေါ်ခင်ခင်အေး၊ ဒေါ်မြရင်၊ ဒေါက်တာ ဒေါ်သောင်းသောင်းဆိုင်

http://www.dhammadownload.com

ဝိပဿနာပညာတက္ကသိုလ် ဗိဓာန်တော် သံဃာ့ဆောင် (ကိုးချို့)ဖွင့်ပွဲအခမ်းအနား



သံဃာ့ဆောင် တစ်ဦးတည်းအလှူရှင် ပ–သုံးလုံး ဒေါ်သန်းရင် (ခ) ဒေါ်ခင်ငြိမ်း



http://www.dhammadownload.com

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခွဲအခမ်းအနား





http://www.dhammadownload.com

ဓမ္မာဘိုကထိန်သင်္ကန်း ဆက်ကပ်ပွဲဒါန်းပွဲအခမ်းအနား





အကျိုးဆောင် (အထွေထွေ-၁) ဒေါက်တာ ဒေါ်သောင်းသောင်းဆိုင်က ဒေါ်နွယ်နွယ်အောင်ကျော် (ဝဲ)သို့
အလှူမှတ်တမ်းတင် ဂုဏ်ပြုလွှာ ပေးအပ်စဉ်

http://www.dhammadownload.com

နှစ်စဉ် ဝါတွင်းတနင်္ဂနွေနေ့တိုင်း နေ့ဆွမ်းလောင်းလှူပွဲ အခမ်းအနား



ဆွမ်းအလှူရှင် ပ–သုံးလုံး ဒေါ်သန်းရင် (ခ) ဒေါ်ခင်ငြိမ်း



ဝါတွင်း ဆွမ်းသိမ်းအောင်ပွဲ အလှူမဂ်လာ

http://www.dhammadownload.com .

ဆရာကြီး ဦးပဂ္ဂိုဠ် ၏ လောကံ လောကုတ္တရာ ကြီးပွားချမ်းသာရေး ဓမ္မသဘာဝ အလှူတရားများ

ဆန္ဒပြင်းပြလျှင် ရမြဲတည်း

ဆန္ဒဝတော ကိစ္စာနမ ကမ္မံ နသိဇ္ဈတိ။

အမောင်တို့ -

လောကဌ အဓိပတိကိစ္စ တပ်အပ်သော ဆန္ဒနှင့် ပြည့်စုံသောသူသည် "အဘယ်မည်သောအမှုသည် မပြီးစီး မအောင်မြင်ဘဲ ရှိပါအံ့နည်း" ဟု အမြဲ ကြိမ်းဝါးသော သဘောရှိ၏။ လိုအင်ဆန္ဒ ပြင်းပြလျှင် အလိုသို့ ပြည့်ရသည်သာတည်း။

ဘုရားအလောင်းတော်တို့မည်သည် အကယ်၍ စကြဝဠာကို မီးအပြည့်ထည့်၍ ထိုမီးပုံကို ကျော်နင်းကာ ဟိုမှာဘက်သို့ရောက်လျှင် ဘုရားဖြစ်လတ္တံ့ဟု ဆိုမူ ထိုစကြဝဠာမီးပုံကြီးကို ကျော်နင်းသွားရန် ပြင်းပြသောဆန္ဒသည် ရှိသည်ပင်တည်း။ ထိုသို့ မဟုတ်မူ၍ ရေအပြည့်ဖြစ်သော စကြဝဠာကို မိမိလက်ရုံးအားဖြင့် ကူး၍ တစ်ဖက်ကမ်းသို့ရောက်လျှင် ဘုရားဖြစ်လတ္တံ့ဟုဆိုမူ စကြဝဠာသမုဒ္ဒရာကြီးကို လက်ပစ်ကူးရန် ပြင်းပြသောဆန္ဒသည် ရှိသည်ပင်တည်း။

မည်သည့် အလုပ်မဆို ပထမ၌ ခဲယဉ်းသည် ထင်ရ၏။ သို့ရာတွင် မလျှော့သောဆန္ဒဖြင့် အကြိမ်ကြိမ် ဉာဏ်ထုတ်၍ ကြိုးစားလုပ်ကိုင်ပါလျှင် အောင်မြင်ရပေတော့၏။ အခက်အခဲနှင့် တွေ့ကြုံလျှင် 'လိုလျှင်ကြံဆ နည်းလမ်းရ' ဆိုသော ပညာရှိများ၏ သွန်သင်ဆုံးမ ဩဝါဒစကားကို အစဉ်ရွတ်ဖတ်သရဇ္ဈာယ်ပါလေ။ အခက်အခဲဆိုသည်မှာ ယာယီ အခိုက်အတန့်မျှသာ ဖြစ်၏။ မိမိက အကြံထုတ်ကာ ဇွဲကောင်းစွာဖြင့် လက်မလျှော့ဘဲ ကြိုးစားလုပ်ကိုင်သွားပါက မိမိအရည်အချင်းကို စုံစမ်းရန်လာသော ခေတ္တယာယီ အနှောင့်အယှက်ကလေးများသည် လက်မြောက်ကာ ထွက်သွားရရှာတော့၏။

ဆန္ဒရှိ၍ ကြိုးစားလျှင် ဘုရားပင် ဖြစ်နိုင်သည်ကို အမြဲသတိပြုပါလေ၃။

ဦးပဂ္ဂိုဠ်၊ ဟန်ကျပန်ကျနှင့် စိတ်တန်ခိုး၊ နိဒါန်း၊

http://www.dhammadownload.com



ပေးဌန်းပျား စာပျက်နှာ-၁၉-ပှဝပတ်ရန်)။

"IS THERE A GOD?"

"Are mind and matter essentially different from one another?" "Is there an immortal soul?" - these questions are still in the forefront of speculative philosophic discussion. Is the fault with us, or with the problems themselves, that they remain unsolved? Are they unsolved or are they insoluble?

Philosophy has reached no final truth. What's the use? Philosophy can't prove anything, for it proves too many different things, and Philosophers never agree.

ဦးပဂျိုင်-ပဌမ မိန့်ခွန်း

အတိုး ကျပ် ၂၅ ပြား (မြန်မာ-အင်္ဂလိပ်-၂-ဘာသာ) Price K.2/25.

http://www.dhammadownload.com





လူကြီး လူကောင်း

ရေးသူ-ဦးပဏ္ဍိုင်

လူကြီးလူကောင်း သမာဓိတရားရှိသူတို့ကိုသာ လူအများက ကြည်ညိုမြတ်လေး ကြကုန်၏။ ။လူကြီး လူကောင်း ဖြစ်လိုမူ စိတ်ကောင်းစိတ်မြတ်တို့ကဲ့သာ မိမိကိုယ်တွင်းတွင်ဂဲ့နိုးအောင်းပါစေ။လူယုတ်-လူဆိုက် တို့စိတ်မျိုးကို မိမိကိုယ်တွင်းတွင် လက်သင့်မခံပါလေနှင့်။ လူဆိုက်စိတ်မျိုးကို လက်ခံမည်ဆိုစား အစဉ်လူကောင်းစိတ်မျိုးကိုသာလက်ခံပါ။ဤကား အခမဲ့ရတဲ့ ရရှိနိုင်သော အမြတ်ကြီးပေတည်း၊တန်းကား။ လူကြီး-လူကောင်း ဖြစ်မည့် ပုဂ္ဂိုလ်တို့၏ စိတ်ထား မျိုးပေတည်း။





ဦးပဏ္ဍိုင်၊ တိုးတက်ရေးမဂ္ဂဇင်း၊ အမှတ်-၂၇၊ ဖိဂင်ဘာ၊ ၁၉၃၅။

http://www.dhammadownload.com

မိမိနှင့်တကွ တိုင်းပြည်အကျိုး

ဤတွင် အရေးကြီးသော အချက်ဖြစ်ခြင်းကြောင့် စေတနာ၌နှင့်ဆက်သွယ်လျက်ရှိသော အနက်အဓိပ္ပာယ်ကို သဘောပေါက်ရန် ဖော်ပြပေးခဲ့ဦးအံ့။

တစ်လလျှင် (၈၂)ကျပ်မျှသာ ရရှိသော တံမြက်လှည်းသမားသည် မိမိရရှိသည့်လခကို အာရုံမပြုဘဲ လမ်းသွား လမ်းလာတို့ ခလုတ်ဆူးမငြိအောင်၊ ပုလင်းကွဲ မရှအောင်၊ ရပ်ရွာသန့်ရှင်းအောင် မွန်မြတ်သော စေတနာသဒ္ဓါတရားထည့်၍ လုပ်ကိုင်ဆောင်ရွက်ပါက ထိုစေတနာသဒ္ဓါတရားသည် မိမိရရှိသော လခထက် အဆပေါင်းများစွာ ပိုမိုအကျိုးပေး၏။ "မာယ" ကဲ့သို့ နတ်ပြည်သို့ ရောက်ရှိနိုင်၏။

ထိုစေတနာသဒ္ဓါတရားကို လူတိုင်း လူတိုင်း မိမိတို့ လုပ်ကိုင်ဆောင်ရွက်နေသော အလုပ်တွင် ထည့်သွင်းလုပ်ကိုင်ဆောင်ရွက်သွားပါက မိမိတို့ အကျိုးသာမက ကျဆင်းနေသော တိုင်းပြည်စီးပွားရေးသည် လျင်မြန်စွာ တိုးတက်လာနိုင်၏။ နိုင်ငံရေးနှင့်တကွ လူမျိုးရေး၊ ဘာသာရေး၊ သာသနာရေး စသည်တို့မှာလည်း လျင်မြန်စွာ တိုးတက်လာနိုင်၏။

ထို့ကြောင့် စာပို့သူလုလင်ပျိုများနှင့်တကွ ဘတ်စ်ကားမောင်းသူများမှစ၍၊ ဆိုင်သမား၊ စက်သမား၊ လက်သမား၊ လယ်သမားများကစ၍ စာရေးဆရာ၊ စာနယ်ဇင်းဆရာ၊ စာရေးစာချီ အရာရှိကြီးငယ် အပေါင်းတို့သည် မိမိဝင်ငွေအတွက်မျှကိုသာ မရည်ရွယ်ဘဲ အများအတွက်၊ တိုင်းပြည်အတွက်၊ ဘာသာရေးအတွက်၊ သာသနာရေးအတွက် မိမိတို့လုပ်ငန်းတွင် စေတနာသဒ္ဓါတရား ထည့်သွင်းလုပ်ကိုင် ဆောင်ရွက်သွားတော်မူကြပါလေ။

ယင်းသို့ မည်သူမဆို မည်သည့်အလုပ်ကို လုပ်ကိုင်နေရသည်ဖြစ်စေ မိမိတို့လုပ်ငန်းတွင် အများ

> **မိမိတို့လုပ်ငန်းတွင် စေတနာသဒ္ဓါတရား ထည့်သွင်း လုပ်ကိုင်သွားခြင်းကြောင့် လူသာဓုခေါ်၏၊ နတ် သာဓုခေါ်၏၊ လူလို၏၊ နတ်လို၏၊ ဂြိုဟ်မ၏၊ နာမည်ကောင်း၏၊ ရာထူးတိုး၏၊ ဝင်ငွေတိုး၏၊ သူတစ်ပါး၌ ကပ်ဆိုက်သော်လည်း မိမိ၌ လာဘ်တိုက်၏**

အတွက်ပါ မွန်မြတ်သော စေတနာသဒ္ဓါတရား ထည့်သွင်းလုပ်ကိုင်သွားပါက နိုင်ငံတော်စီးပွားရေးနှင့် တကွ တိုင်းရေးပြည်ရေး လူမျိုးရေး ဘာသာရေး သာသနာရေး စသည်တို့မှာ လျင်မြန်စွာ တိုးတက်ကြီးပွားထွန်းကားလာနိုင်လေသည်။

ယင်းသို့ မိမိတို့လုပ်ငန်းတွင် စေတနာသဒ္ဓါတရား ထည့်သွင်း လုပ်ကိုင်သွားခြင်းကြောင့် လူ သာဓုခေါ်၏၊ နတ် သာဓုခေါ်၏၊ လူလို၏၊ နတ်လို၏၊ ဂြိုဟ်မ၏၊ နာမည်ကောင်း၏၊ ရာထူးတိုး၏၊ ဝင်ငွေတိုး၏၊ သူတစ်ပါး၌ ကပ်ဆိုက်သော်လည်း မိမိ၌ လာဘ်တိုက်၏ စသည်တို့မှာ မိမိတို့၏ မွန်မြတ်သော စေတနာသဒ္ဓါတရား ထည့်သွင်းသည့် ဒီဂရီ အချိုးအစားအတိုင်း ညီမျှသော အကျိုးကျေးဇူး၏ ပြန်လည်ရရှိခြင်းမှာ သေချာလျက်ရှိ၏။

ဦးပဏ္ဍိုင်၊ ဝိပဿနာပညာမိန့်ခွန်း၊ ၇-၈။

အထင်သေးစိတ်

မိမိ၏တိုးတက်ကြီးပွားမှုကို ဟန့်တားသော ရန်သူမှာ ပြင်ပက မဟုတ်။ မိမိကိုယ်တွင်းရှိ "အင်ဖီရီယိုရတီ ကွန်ပလက္စ်(စ်)" (Inferiority complex) ခေါ် မိမိကိုယ်ကိုမိမိ အထင်သေးသော စိတ်ပင် ဖြစ်လေသည်။

ဦးပဏ္ဍိုင်၊ ဟန်ကျပန်ကျနှင့် စိတ်တန်ခိုး၊ ၁၀။

http://www.dhammadownload.com

စေတနာ

အချင်းတို့ - အလုပ်လုပ်ကိုင်ရာတွင်၊ ကိစ္စကြီးငယ်ဆောင်ရွက်ရာတွင် စေတနာထားတတ်မှုသည် တကယ်တမ်း အရေးကြီးလေသည်။ အရေးကြီးခြင်းကို နားလည်သဘောပေါက်စေရန် ဥပမာဆောင်သော် မိမိ၏ သရက်ပင်တစ်ပင်တည်းမှ သရက်သီးသုံးလုံးကို အမှတ်တမဲ့ ခူးထား၏။ ယင်းသရက်သီးသုံးလုံးမှာ အရွယ်တူ၏။ အဆင်းတူ၏။ အရသာတူ၏။

ထိုအခိုက်တွင် အလှူခံတစ်ဦး လာ၍ သရက်သီးတစ်လုံးကို အလှူခံရာ ထိုသုံးလုံးမှ မည်သည့် အလုံးသည် အကောင်းဆုံးလဲဟု ရွေး၍ လှူ၏၊ ဒုတိယနည်းမှာ မည်သို့မျှ သဘောမထားဘဲ တစ်လုံးကို ကောက်၍ လှူလိုက်၏။ တတိယနည်းမှာ မည်သည့်အလုံးသည် အညံ့ဆုံးလဲဟု ရွေး၍လှူ၏။ ထိုသုံးနည်းတို့တွင် သရက်သီးချင်း တူပါလျက် စေတနာထားပုံချင်း မတူမှုကြောင့် အကျိုးပေးရာ၌ များစွာကွာခြားလေသည်။

ဦးပဏ္ဍိုင်၊ မြန်မာ့အကျိုးနှင့် ကမ္ဘာ့အကျိုး၊ ၂၁။

စိတ်ညစ်ရခြင်း

စိတ်ညစ်ရခြင်းအကြောင်းကို ရှာဖွေသော် လုပ်သင့်သည်ကို မလုပ်မိခြင်းနှင့် မလုပ်သင့်သည်ကို လုပ်မိခြင်းတို့ကြောင့် ဖြစ်၏။ ထို့ကြောင့် ရှေ့အဖို့၌ ပူပန် သောက ဗျာပါရ မဖြစ်ရလေအောင် လုပ်သင့်လုပ်ထိုက်သော ကိစ္စဟူသရွေ့တို့ကို နေ့မဆိုင်း ည မဆိုင်း ချက်ချင်းထ၍ လုပ်ကိုင်ပါ။ လုပ်ရမှာချင်း အတူတူဖြစ်လျှင် စောစောစီးစီး လုပ်ကိုင်ပြီးနှင့် ခြင်းက စိတ်ညစ်ခြင်းမှ ကင်းလွတ်ရုံမျှမက စိတ်၏ ရွှင်လန်းခြင်းကိုလည်း များစွာ ဖြစ်စေ၏။ ထို့အတူ ရှေ့အဖို့၌ စိတ်မညစ်ရလေအောင် မလုပ်သင့် မလုပ်ထိုက်သည်တို့ကို မလုပ်ပါလေနှင့်။ လုပ်မိပါက လုပ်နေစဉ် အလွန် ပျော်ရွှင်နေရသည် ထင်ရသော်လည်း မကြာမီ စိတ်ညစ်ရခြင်းသို့ ဆိုက်ရောက်ရလေသည်။ ဥပမာဆိုသော် ယားနာဝဲခြောက်ကို ကုတ်သောသူသည် ကုတ်နေစဉ် အလွန်အရသာရှိသည်ဟု ထင်ရသော်လည်း ကုတ်ပြီးသောအခါ ပူစပ်ပူလောင်ဖြစ်သော ဝေဒနာကို အခွန့်ရှည်စွာ ခံရသကဲ့သို့ပင်တည်း။

ဦးပဏ္ဍိုင်၊ တက်လေ့ကားနှင့် ဓ ကုဋေဋီကာ၊ ၄၂။

အမြောက်ကြိုက်လျှင် လူပေါ

တိုးတက်ကြီးပွား၍ ဂုဏ်ရှိသူတစ်ယောက် ဖြစ်လိုမူ သူတစ်ထူးက မြောက်လျှင်လည်း မမြောက်ပါနှင့်၊ ချော့လျှင်လည်း မပျော့ပါနှင့်၊ ခြောက်လျှင်လည်း မကြောက်ပါနှင့်၊ အထူးသဖြင့် မြောက်လျှင် မြောက်မှန်းသိပါ။ ပုထုဇဉ်တို့သဘောမှာ အမြောက်ကို လူတိုင်း ကြိုက်ကြ၏။ မြောက်သည်ကိုပင် မြောက်သည်မထင်နိုင်လောက်အောင် အမြောက်ကို ကြိုက်ကြ၏။ အခါတစ်ပါး၌ ငရဲမင်းကြီးထံမှောက် ရောက်ရှိသော ငရဲသားတစ်ဦးကို ငရဲမင်းကြီးက သင်သည် လူပြည်တွင် ဘာလုပ်ကိုင်စားသနည်းဟု မေးရာ ကျွန်တော်မျိုး လူများကို မြောက်ပင့်၍ စားပါသည်ဟု ဖြေဆို၏။ ထိုအခါ ငရဲမင်းကြီးက ကဲ-ကဲ- ဒါဖြင့် မင်း ငါ့ကို မြောက်ကြည့်စမ်း၊ ရမလားဟု အမြောက်ခိုင်းရာ ငရဲသားက မှန်လှပါ ၊အရှင်ငရဲမင်းကြီးကတော့ ဂုဏ်ရှိပြီးသား ဖြစ်နေ၍ ကျွန်တော်မျိုး မမြောက်တတ်တော့ပါဟု ပြောဆိုရာ ငရဲမင်းကြီးက ပြီးလျက် အခုတော့လည်း မင်းမှန်မှန် အပြောသားပဲဟု ဆိုဖူးသည် ဟူသတတ်။

ဦးပဏ္ဍိုင်၊ တက်လေ့ကားနှင့် ဓ ကုဋေဋီကာ၊ ၄၀။

http://www.dhammadownload.com

? တိုးတက်ရန်မလိုဘူး ?

ရေးသားသူ
တိုးတက်ရေး

တိုးတက်မှုကို ရှေးရှုကုန်သော အကြင်သူသည် မိမိကိုယ်ကို အောက်ပါစာရင်း ပြုလုပ်ထားသော မေးခွန်းကလေးများကို ဖြေဆိုခြင်းအားဖြင့် မိမိအဘယ်မျှ ရှိသည်၊ အဘယ်အတန်းအစား၌ ရှိသည်ကို တွေ့နိုင်ပေလိမ့်မည်။ ထိုအခါ ယနေ့ထက် တိုးတက် ရှိသားအကျင့်သီလကောင်းမွန်အောင် ကြိုစား ကျင့်သုံးဆောက်တည်သွားရမည်။

(၁) တစ်ခုကို ဝယ်ရာ ရောင်းသူက မှားပြီး ၂ ခု ထုပ်၍ ပေးလိုက်သည်ကို အိမ်သို့ရောက်မှ သိသော် အပိုတစ်ခုကို ပြန်ပို့မည်လော။

(၂) ဓာတ်ရထား၊ ဘတ်စ်ကား စသည်တို့ကို ပိုက်ဆံတောင်းသူ မေ့နေခဲ့သော် ပိုက်ဆံမပေးဘဲ ဆင်းသွားမလား။

(၃) သူတစ်ပါးပစ္စည်း တစ်ခုခုကို ချွေးငှားပြီး ဥစ္စာရှင် မေ့နေ၍ ပြန်မတောင်းသော ပစ္စည်းများ၊ ကြွေးများ မိမိအပေါ်တွင် ယခုရှိနေပါသလား။

(၄) အပြစ်တစ်ခုခုကို မိမိကပြုလုပ်ပြီး မည်သူမျှ မသိသည်ကို အကြောင်းပြုပြီး မိမိမလုပ်ဘူးဟု ငြင်းဆိုမည်လော။

(၅) သူတစ်ပါး၏ သတင်းစာ၊ မဂ္ဂဇင်းစသော အရာများ မိမိထံ မှားယွင်းရောက်လာသောအခါ မိမိက ဆိတ်ငြိမ်စွာ လက်ခံထားမည်လော။

(၆) ပစ္စည်းတစ်ခုခုကို ဝယ်ယူ ငှားရမ်းလာပြီး လမ်းတွင် မိမိကြောင့် ပျက်စီးခဲ့လျှင် မိမိကြောင့် မဟုတ်၊ အစကတည်းက ပျက်စီးနေကြောင်း၊ မိမိ ကြည့်မယူ၍သာ ဤကဲ့သို့ ဖြစ်ရသည်ဆိုကာ ပြန်ပို့ မလား။

(၇) စာမေးပွဲများတွင် ခိုးချလေ့ရှိတတ်ပါသလား။

(၈) အကယ်၍ ၅၀၀-တစ်ထောင်၊ ၁၀၀၀၀-နှစ်သောင်း စသည့်ငွေသည် မည်သူမျှ မသိဘဲ မတရားရမည်ဆိုလျှင် လက်ခံထားမည်လော သို့မဟုတ် လက်ခံခဲ့ပါသလော။

(၉) လူကြီး လူကောင်း၊ လူရိုးဂုဏ်ကို ယူလျက် လူမသိသည့်နေရာတွင် မဟုတ်မတရား လုပ်ကိုင် ကျင့်ကြံနေပါသလား။

(၁၀) အခြားသူတစ်ပါး လုပ်လာသောအလုပ်၊ မိမိလက်အောက်ငယ်သားများ လုပ်လာသော အလုပ်တွင် နာမည်ရစရာရှိသောအခါ မိမိလုပ်လာ ဘိသကဲ့သို့ သူတစ်ပါးထင်အောင် မိမိက အသားယူ လေ့ရှိပါသလား။

(၁၁) သူတစ်ပါးအပြစ်အနည်းငယ်ကို အများ ကြီးဖြစ်အောင် ချဲ့ထွင်ပြောဆိုလေ့ရှိသူတစ်ယောက် ဖြစ်ပါသလား။

(၁၂) မိမိသည် လူကြီးအဂိါနှင့် ပြည့်စုံရန် ထက္ကနိုးကြား၊ သနား သည်းခံ၊ ဝေဖန် ကြည့်ရှု၊ ဤခြောက်ခု၊ ကြီးသူဂုဏ်အဂိါဆိုသော လူကြီးဂုဏ်များမှာ မိမိ၌ မည်မျှ ပြည့်စုံပါသနည်း။

တိုးတက်ရေးမဂ္ဂဇင်း၊ အမှတ်-၆၃၊ ဒီဇင်ဘာ၊ ၁၉၃၈။

http://www.dhammadownload.com

(ပြီးစဉ်းကားဘုရားရှင်နိုင်ငံ၏)

ကုသိုလ်ရှာ အသာကလေး

ထိုဆာတ်ဇရုံး

မြန်မာစကားတွင် ဗုဒ္ဓစာပေကျမ်းဂန်အရ ကုသိုလ်ရှာ အသာကလေးဟူသော စကားတစ်ရပ် ပေါ်သည် ဆိုစမှတ်ပြုခဲ့၏။ ထိုစကားကို သဘာဝကျကောင် နားလည်သော် **ကုသိုလ်ရမူသည် ပိုက်ဆံကုန်မှ မဟုတ်၊ အချိန်ကုန်မှ မဟုတ်ဘဲ လွယ်ကူစွာ ကြီးမားသော ကုသိုလ်ကို ရရှိနိုင်၏။**

ဥပမာပြုရသော် ဤစာကို ရေးနေရင်းပင် မိမိ၏ စေတနာက ငါ၏ စာဖတ်ပရိသတ်သည် ဤစာကိုဖတ်ခြင်းဖြင့် တိုးတက်ကြီးပွားနိုင်ပါစေသတည်းဟူသော စိတ်စေတနာ သဒ္ဓါတရားထည့်၍ ရေးသားနေသော အချိန်သည် အချိန်ကို အထူးအပိုမကုန်ရဘဲ ကြီးမားသော ကုသိုလ်ကို ရရှိလျက်ရှိ၏။

ထို့အတူ ဝန်ကြီး၊ ဝန်ကလေး၊ စာရေး၊ မင်းစေမှစ၍ မိမိလုပ်နေကျ အလုပ်ကိုပင် အများကောင်းစားစေရန် စေတနာ သဒ္ဓါတရားထည့်၍ လုပ်နေခြင်းသည် ပိုက်ဆံလည်း မကုန်၊ အချိန်လည်း အပိုမကုန်ဘဲ ကြီးမားသော ကုသိုလ်ကို ရရှိနေ၏။

ထို့အတူ ဆိုက်ကားသမားသည် (ဝါ) ဘတ်စ်ကားသမားသည် (ဝါ) လှည်းသမားသည် မိမိခရီးသည်ထံမှ ပိုက်ဆံရ၍ လိုက်ပို့သည်ဟု သဘောမထားဘဲ ငါ၏ခရီးဆည်ကို လိုရာခရီးသို့ အချိန်မီ ဘေးမသီ ရန်မခဘဲ ငါ ပို့ဆောင်ပေးပေအံ့ ဟူသော စေတနာ သဒ္ဓါတရားကလေးကို ထည့်၍ မိမိတို့ယာဉ်ကို မောင်းနှင်ပို့ပေးပါက မိမိ ပိုက်ဆံရရုံမျှမက အချိန်ပို၊ အလုပ်ပို မလုပ်ရဘဲ ကြီးမားသောကုသိုလ်ကို ရရှိနေ၏။

ထို့အတူ နိုင်ငံရေးသမားသည် (ဝါ) စီးပွားရေးသမားသည် နိုင်ငံရေးဌာသော်လည်းကောင်း၊ စီးပွားရေးဌာသော်လည်းကောင်း အများကောင်းစေရန် ဟူသော စေတနာသဒ္ဓါတရားကို ထည့်သွင်း လုပ်ကိုင်ပါမူကား ကြီးစွာသောကုသိုလ်ကြီးကို ပြုလုပ်နေသည်ပင်ဖြစ်၏။ ထို့ကြောင့် ရှင်တော်ဘုရားသည် အင်္ဂုတ္တိရဲပါဠိတော်၊ ဆက္ကနိပါတ်၊ မဟာဝဂ်၌ စေတနာ သဒ္ဓါတရားကို ဟောတော်မူရာ၌-

စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ . . . . ။

စသဖြင့် ဟောတော်မူ၏။ ဆိုလိုရင်း အနက်အဓိပ္ပာယ်သော်ကား စေတနာသည်ပင်လည်း ကံဟူ၍လည်းကောင်း၊ စေတနာနှင့် အတူတကွဖြစ်သော ကာယကံ၊ ဝစီကံ၊ မနောကံ၊ စိတ်၊ စေတသိက်များကိုပင် ကံဟူ၍ ငါဘုရား ဟောတော်မူ၏ ဟူ၍ လာရှိလေသည်။

ယခုအခါ နိုင်ငံရေးဆရာများ ပြုလုပ်နေကြသော လုပ်ကိုင်ပုံတို့ကို ကြည့်ရှုရသောအခါ တိုင်းပြည် နိုင်ငံကောင်းစားမှုထက် မိမိကောင်းစားမှုက အားကြီးနေသည်မှာ နိုင်ငံရေးသမားဟူသော အရေကိုခြုံကာ မိမိစီးပွားရေးတိုးတက်မှု၊ မိမိဂုဏ်ပကာသန တိုးတက်မှုအတွက် ပြုလုပ်နေသည်ကိုသာ အများအားဖြင့် တွေ့ရှိရလေသည်။ ထို့ကြောင့်လည်း နိုင်ငံရေးဆရာများမှာ မိမိတို့ ရသင့်ရထိုက်သော အကျိုးကျေးဇူးကို တရားသဖြင့် မရရှိနိုင်ခြင်း ဖြစ်လေသည်။

နိဂုံးချုပ်ရသော် မည်သူမဆို မည်သည့်အလုပ်ကို လုပ်သည်ဖြစ်စေ ထိုအလုပ်ကို စေတနာ သဒ္ဓါတရား ထည့်၍ လုပ်ကိုင်ပါက အချိန်အပို မကုန်ရဘဲ အကျိုးကျေးဇူး အထူးခံစားရသည်ကို သတိရှိတော်မူနိုင်ကြရန် ရေးသားဖော်ပြလိုက်ရပေသတည်း။

ဦးပဏ္ဍိုင်၊ တိုးတက်ရေးသတင်းစာ၊ ၂၆-၄-၅၆။

http://www.dhammadownload.com

သားကောင်း ရတနာများ

သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့

သင်ပုံးချေ ငြိမ်းချမ်းရေး

နှင့်

အလုပ်လက်မဲ့ ပြဿနာ

နိုင်ငံတော် သမတကြီး
လွှတ်တော်ဥက္ကဋ္ဌကြီးများ။
နိုင်ငံတော် ဝန်ကြီးချုပ်နှင့်
အပိုးရအဆွဲဝင် ပန်ကြီးများ
ထံထို
ဦးဗိန် (တိုးတက်ရေး)
ဖေးသားတင်နွင်းသော

သင်ပုံးချေ ငြိမ်းချမ်းရေး

စာတမ်း

နှင့်

ဦးပဂျီဝိုင်၏

ငြိမ်းချမ်းရေး ကမ္မဋ္ဌာန်း

ရုံးတက်မှေး ပုံနှိပ်တိုက် အမှတ်-၆၂-ရိုလ်ချင်လမ်း ရေကျော်ရပ် ရန်ကုန်မြို့။

အိမ်တစ်အိမ်ရှိ မိသားတစ်စုတို့တွင် တစ်အိမ်လုံးက အားကိုးအားထားပြုနေရသော အသက်အစိတ်ခန့်ရှိ သားကောင်းတစ်ယောက် ကွယ်လွန်အနိစ္စရောက်သွားပါက ထိုလုလင်ပျို၏ မိခင် ဖခင်မှစ၍ ညီအစ်ကို မောင်နှမတစ်စုတို့မှာ အဘယ်မျှ ငိုကြွေးပူဆွေးကြရမည်ကို လူတိုင်းပင် သိရှိနိုင်ပါသည်။

အကယ်၍ သားမယားနှင့် နေထိုင်သူဖြစ်ပါက ထိုသူ၏ အိမ်ရှင်မသည် လူးကာလှိမ့်ကာ အဘယ်မျှ ရင်ဘတ်စည်တီး ငိုရှာမည်ကိုလည်း လွယ်ကူစွာ သိရှိနိုင်ကြပါသည်။ ထိုအိမ်ရှင်မမှာ မုဆိုးမ ဖြစ်ရရှာ၍ သားငယ် သမီးငယ်တို့မှာ ဖတဆိုးဖြစ်ရရှာပေမည်။ ဤ၌ တိုင်းပြည်အတွက် သားကောင်းတစ်ယောက် ဆုံးရှုံးကွယ်ပျောက်သွားခြင်း၏ အကျိုးတရားများ ဖြစ်ပါပေသည်။

လွန်ခဲ့သည့် စက်တင်ဘာလ လူမျိုးစုလွှတ်တော်၌ အမတ်တစ်ဦးက မေးမြန်းသဖြင့် အစိုးရဘက်မှ ဖြေဆိုသော သဘောအတိုချုပ်မှာ-

၁၉၄၈ ခုနှစ်မှ ၁၉၅၇ ခုနှစ် ဇူလိုင်လအထိ အစိုးရဘက်မှ ကျဆုံးသူတို့မှာ (၅၀၁၁) ငါးထောင့်တစ်ဆယ့်တစ်ယောက် ဖြစ်၍ သောင်းကျန်းသူတို့ဘက်မှ ကျဆုံးသူတို့မှာ (၂၈၆၇၆) နှစ်သောင်းရှစ်ထောင်ကျော် ဖြစ်ပါကြောင်း

ဟု စသည်ဖြင့် ဖြေဆိုဖော်ပြခဲ့ပါသည်။ ဤစာရင်းအရ နှစ်ဖက်ကိုပေါင်းသော် ပြည်တွင်း သောင်းကျန်းမှုကြောင့် သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့ဟု ခေါ်ဆိုခြင်းကို ခံထိုက်သော သားကောင်းရတနာများ (၃) သုံးသောင်းကျော် အချည်းနှီး ကျဆုံးခဲ့ကြရပါပြီ။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ထိုကျဆုံးသူတက်လူပေါင်း သုံးသောင်းကျော်တို့၏ မိခင် ဖခင်တို့နှင့်တကွ ညီအစ်ကိုမောင်နှမတော်စပ်သူ အပေါင်းတို့မှာ အဘယ်မျှ ပူဆွေးငိုကြွေးကြရမည်ကို လွယ်ကူစွာ သိမြင်တော်မူနိုင်ကြပါသည်။

ထိုကျဆုံးသွားရရှာကုန်သော မြန်မာအမျိုးသားတက်လူ သုံးသောင်းကျော်တို့၏ အိမ်ရှင်ဇနီးတို့မှာ မူကား မိမိအသက်ပေး၍ ချစ်ခင်ယုယ မိမိကိုယ်တိုင်

http://www.dhammadownload.com

ဝတ်ကြီးဝတ်ငယ်တို့ကို ပြုစုပေးနေရသော မိမိနှင့်တကွ သားငယ်သမီးငယ် လူမမည်ကလေးများ တစ်သက်လုံး အားထားမှီခိုရမည့် ကျောက်တိုင်ကြီးကား ရုတ်တရက် မမျှော်လင့်ဘဲ ကွယ်ပျောက်သွားသဖြင့် အဘယ်အတီမျှ ငိုကြွေး မြည်တမ်းရှာကြမည်ကို လွယ်ကူစွာ သိမြင်တော်မူနိုင်ကြပါသည်။

မြန်မာပြည်၏ ပြည်ပရန်ကို အသက်စွန့်လျက် တွန်းလှန်တိုက်ခိုက်နိုင်သော မြန်မာ့ရဲဘော် သုံးသောင်းကျော်တို့ ကျဆုံးခဲ့သဖြင့် ၎င်းတို့၏ အပြစ်မရှိ ပကတိဖြူစင်သော သားငယ် သမီးငယ် လူမမည်ကလေးတို့၏ အဖို့ကား ဖတဆိုးဖြစ်ကြရရှာပြီးလျှင် တိုးတက်ရမည့် လူမှုလူရေး ပညာရေးစသည်တို့မှာ အကိုင်း အခက် အလက်တို့ကို ရိုက်ချိုးဖြတ်တောက်လိုက်ဘိသကဲ့သို့ တိုးတက်ရမည့် အရိပ်နိမိတ်တို့ အလုံးစုံ ပျောက်ကွယ်သွားရပါတော့သည်။

မြန်မာပြည်ကြီးနှင့်တကွ မြန်မာ့အမွေအနှစ်ဟူ သမျှကို ယခုအချိန်တွင် ပုခက်တွင်း၌ရှိသော ကလေးသူငယ် လူမမည်များနှင့် ယခုအခါ ကျောင်းများတွင် တက်ရောက်၍ ပညာရင်နို့ကို သောက်စို့နေကြကုန်သော ကျောင်းသူ ကျောင်းသားများ လက်သို့ (၀) ကွက်၍ အပ်ခဲ့ရမည် ဖြစ်ခြင်းကြောင့် ကျွန်တော်တို့သည် မိမိ၏ ရင်၌ဖြစ်သောသားကို အဘက်ဘက်မှ တိုးတက်မှုအတွက် ဂရုပြုရဘိသကဲ့သို့ ထိုထိုပုခက်တွင်း၌ရှိသော ကလေးသူငယ် လူမမည်များနှင့်တကွ လက်ရှိကျောင်းသူ ကျောင်းသားအပေါင်းတို့သည် သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့တွေ ဖြစ်မြောက်လာရန် စောင့်ရှောက်ပြုပြင် စီမံပေးရမည်မှာ ကျွန်တော်တို့၏ တာဝန် လုံးလုံးလျားလျား ဖြစ်ပါသည်။

ဦးပဂျီငို၊ သင်ပုန်းချေငြိမ်းချမ်းရေး၊ ၁၀-၁၁။

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္မုဒ္ဓဿ။

ဦးပဂျီငို ၏

ငြိမ်းချမ်းရေး – ကမ္မဋ္ဌာန်း

၍အခမ်းသည် ရှေ့၌ ပေါ်ပြခဲ့ပြီး
သော သင်ပုံးချေ ငြိမ်းချမ်းရေးကို
လွယ်ကူစွာ ထမြောတ် အောင်မြင်
နိုင်ချုံမျှသာမက လောကတွင် လူချစ်
လူခင် ပေါခြင်း နက်တို့ချစ်ခင် စောင်မခြင်း ဥစ္စာပစ္စည်း
တိုးတက်ခြင်း ဂုဏ်ထူး-ရာထူး တိုးတက် ကြီးမားဘန်ခိုး
ထွားခြင်း လိုအင်ဆန္ဒ ပြည့်ဝခြင်းများကို ဖြစ်စေမည့် ၅၄
တော်သူရားဖြစ် နည်းမွန် နည်းမြတ်များဖြစ်သဖြင့်ဖတ်ရှုမိသူ
တိုင်း လိုက်နာ လေ့ကျင့်ခြင်းဖြင့် လိုအင်ဆန္ဒ ပြည့်ဝကြပြီး
လျှင် ဥစ္စာပစ္စည်း တိုးတက်ကြီးပွား နိုင်ကြပါစေသတည်း။

ပဂျီငို
(၁၀-၁၂-၅၇)

လူသားအကျိုး

မိမိတစ်ယောက် ကြိုးစားမှုကြောင့် မိမိတစ်ဦးတည်း အကျိုးကျေးဇူး ခံစားရခြင်းသည် အရင်းမျှသာ ပြန်လည်ရရှိသည် မည်၏။ အမြတ် မထွက်သေးချေ။ မိမိတစ်ဦးတည်း ကြိုးစားလိုက်ခြင်းကြောင့် မိမိရပ်ကွက်၊ မိမိမြို့ရွာ နယ်ပယ်၊ မိမိနိုင်ငံတော် (၀၊) တစ်ကမ္ဘာလုံး အကျိုးကျေးဇူး ခံစားရရှိခြင်းသာ့လျှင် မြတ်သည်။ သာ၍ မြတ်သည်။ အမြတ်ဆုံး ဖြစ်နိုင်လေသည်။

ဦးပဂျီငို၊ ဟန်ကျပန်ကျနှင့် စိတ်တန်ခိုး၊ ၁၈။

http://www.dhammadownload.com

တိုးတက်မှု

ကျောင်းမှထွက်ခါစ တက်လူတို့သည် အလုပ်သို့ ဝင်ရောက် လုပ်ကိုင်မည်ဆိုသည်နှင့် တစ်ပြိုင်နက် ငါသည် အိုင်-အေ၊ ငါသည် ဘီ-အေ၊ ငါ စလျှင်စချင်း ၁၅၀- ရမှ လုပ်မည်၊ ၂၀၀-ရမှ လုပ်မည်ဟူသော သဘောမျိုးကို မထားအပ်။

ဆယ်တန်းအောင်သူ၊ အိုင်-အေ အောင်သူ၊ ဘီ-အေအောင်သူတို့သည် စစ်သူကြီး လုပ်လိုပါက ပထမ မိမိ စစ်သူကြီးမဖြစ်မီ စစ်မှုစစ်ရေး နားလည်အောင် စစ်သားဘဝ၌ ကျနစွာလုပ်ကိုင်ပြီး ကျွမ်းကျင်လာသောအခါကျမှသာ စစ်ဗိုလ်ကြီး ဖြစ်နိုင်လေသည်။

ထို့အတူ အိုင်-အေ၊ ဘီ-အေ အောင်သူများမှာလည်း အထွတ်အထိပ်သို့ ရောက်လိုပါမူ အလုပ်ဘက်တွင် အောက်ဆုံးလခနှင့် ဝင်ရောက်လုပ်ကိုင်ရန် မရွက်မကြောက်သင့်ပေ။

တက်လူများအဖို့မှာ ရရှိသောလခကို အရင်းပမာန မထားအပ်။ အလုပ်တိုက်ကြီးများတွင် ဝင်ရောက်လုပ်ကိုင်သဖြင့် ရရှိသောပညာရပ်များမှာ မိမိရရှိသော လခထက် အဆပေါင်းများစွာ အဖိုးထိုက်တန်လေသည်။

ကျွန်ုပ်သည် တိုက်ကြီးများတွင် ဝင်ရောက်လုပ်ကိုင်နေစဉ် အမှုမဲ့ အမှတ်မဲ့ နေခဲ့သည်မဟုတ်၊ ၎င်းတို့ စည်းစနစ်တို့ကို အစဉ်မှတ်သားကာ နေထိုင်အတုခိုးခဲ့သူ ဖြစ်လေသည်။

ကျွန်ုပ်တို့ အလုပ်လုပ်ဖူးသော သူဌေးကြီးများမှာ မိမိအလုပ်ကို မိမိအသက်ကဲ့သို့ ဂရုစိုက်ပုံကို အထူးအားကျမိပေ၏။

အခါတစ်ပါး၌ ကျွန်ုပ်တို့မန်နေဂျာကို မြန်မာပြည် ဘုရင်ခံ၏ ကိုယ်ရံတော်ထံမှ ဘုရင်ခံနှင့် ဘောလုံး ရိုက်ရန် ဖိတ်မန္တကာ ပြုသောအခါ ကျွန်ုပ်တို့ မန်နေဂျာ က မိမိ၌ အလုပ်အလွန်များပြားခြင်းကြောင့် ဘုရင်ခံ နှင့် ဘောလုံးမရိုက်နိုင်သေးကြောင်း ပြန်စာကို ကျွန်ုပ် ကိုယ်တိုင် ဖတ်လိုက်ရသဖြင့် ကျွန်ုပ်သည် အထူးဝမ်းသာ အားကျမိပေ၏။ (ကျွန်ုပ်တို့ မန်နေဂျာ၏ လစာမှာ ဇန်လ ၈၀၀၀-ကျော် ရရှိ၍ မြန်မာပြည်တွင် ဘုရင်ခံမှလွဲ၍ လခအများဆုံး ရရှိသူ ဖြစ်လေသည်။)

အခါပေါင်းများစွာ ကျွန်ုပ်တို့တိုက်က စက္ကရီတေရီမှာ ည ၈-နာရီ၊ ၉-နာရီမှ ပြန်ရ၍ တစ်ခါတစ်ခါ ည ၁၁-နာရီ၊ ၁၂-နာရီမှ ပြန်ရ၏။ သို့ရာတွင် ညဘယ်အချိန်ထိ မိုးချုပ်အောင် လုပ်သည်ဖြစ်စေ နံနက်၌ကား ၉-နာရီတိတိ အလုပ်သို့ ရောက်လျက်ရှိ၏။ ဤသည်မှာလည်း ကျွန်ုပ်၏ အားကျဖွယ်တစ်ရပ် ဖြစ်၏။

သူဌေးကြီးများ၏ လုပ်ကိုင်ပုံစနစ်၊ ၎င်းတို့၏ အလုပ်ကို ရိုသေပုံ၊ စည်းကမ်းကျပုံ၊ အမြင်ကျယ်၍ ကြံဆပုံ နည်းလမ်း၊ လူအများနှင့် ပေါင်းသင်းဆက်ဆံရေး၊ စာပေးစာယူ၊ ကုန်သည်တို့ သုံးစွဲလေ့ရှိသော အသုံးအနှုန်း၊ ၎င်းတို့ အလုပ်တွင် ဆင်ယင်ဝတ်စားသွားလာပုံ၊ တစ်ဦးကိုတစ်ဦး အသိအမှတ်ပြုကာ အရိုအသေပေးပုံ၊ သူဌေးကြီးများက အထက်လူကြီးများကို သဘောထားပုံ၊ သူဌေးကြီးများ စားပွဲတွင် မည်သို့ထားရှိပုံ။

၎င်းတို့ မည်ကဲ့သို့ စာအုပ်စာတန်းများဖတ်ပုံ၊ ၎င်းတို့ မည်ကဲ့သို့ အပြိုင်အဆိုင် ကူးသန်းရောင်းဝယ်ပုံ၊ ၎င်းတို့အချင်းချင်း မည်ကဲ့သို့ ညီညွတ်ပုံ၊ ၎င်းတို့

**အလုပ်တိုက်ကြီးများတွင် ဝင်ရောက်လုပ်ကိုင်သဖြင့်
ရရှိသောပညာရပ်များမှာ မိမိ ရရှိသော လခထက် အဆပေါင်းများစွာ
အဖိုးထိုက်တန်လေသည်။**

http://www.dhammadownload.com

မည်ကဲ့သို့ ကျန်းမာရေးကို ဂရုစိုက်ပုံမှစ၍ တက်လူတို့အတွက် မရေမတွက်နိုင်အောင် အကျိုးများစေမည့် တကယ့် လက်တွေ့ပညာရပ်များကို ရရှိနိုင်သဖြင့် ၎င်းတိုက်ကြီးများတွင် လုပ်ကိုင်နေမည် ဆိုသော် လခ ငါးဆယ်၊ တစ်ရာကို မဆိုထားဘိ၊ ငါးကျပ်၊ တစ်ဆယ်နှင့်ပင် ဝင်ရောက် လုပ်ကိုင်ရစေကာမူ နောင်တွင် မိမိကြီးပွားမည့်အရေးကို မျှော်တွေးကာ ဝင်ရောက် လုပ်ကိုင်အပ်လေသည်။

ကျွန်ုပ်သည် ယခုကဲ့သို့ မိမိအလုပ်ကို မိမိ ကျန စွာ လုပ်ကိုင်နိုင်ခြင်း အခြေအနေသို့ ရောက်ရှိခဲ့သည့် အကြောင်းရင်းတစ်ရပ်မှာ ၎င်းသူဌေးကြီးများထံမှ ရရှိသော နည်းကောင်းများ၏ ကျေးဇူးများ မကင်းချေ။

ဦးပဂျီဋိ၊ ဟန်ကျပန်ကျနှင့် စိတ်တန်ခိုး၊ ၁၆၃-၁၆၅။

နောက်လိုက်

အမောင်သည် အထွတ်အထိပ်သို့ ရောက်လိုပါမူ သူများ၏နောက်လိုက် မလုပ်ပါလေနှင့်။ နောက်လိုက်အလုပ်သည် အလွန်လွယ်ကူသော အလုပ်မျိုး ဖြစ်လေသည်။ လွယ်ကူသောအလုပ်ဟူသမျှတို့မှာ လွယ်ကူလှသဖြင့် လူတိုင်း လုပ်နိုင်လေသည်။ ထို့ကြောင့် နောက်လိုက်များသည် မကြီးပွား မထွန်းကားနိုင်ချေ။ အထွတ်အထိပ်ရောက်ရန် အလုပ်သည် အလွန် ခဲယဉ်း၏။ ထိုကဲ့သို့ ခဲယဉ်းသော အလုပ်မျိုးကို လုပ်ကိုင်ကြသူများ၏ နာမည်များသာလျှင် ကမ္ဘာကျေသော်လည်း ဥဒါန်းမကျေဖြစ်၍ ထိုကဲ့သို့ပုဂ္ဂိုလ်များ၏ ရုပ်ပုံများကိုသာလျှင် နောင်လာ သားစဉ်မြေးဆက် မှတ်မိစိမ့်သောငှာ ကျောက်တိုင် ကျောက်ရုပ် ထုလုပ်ခြင်း ခံရလေသည်။

ဦးပဂျီဋိ၊ တိုးတက်ရေးလက်စွဲ၊ ၇၄-၇၅။

ဇွဲလုံ့လ

လူတို့၏မျက်စိနှင့် ကြည့်ရှုသောအခါ သစ်သားတို့မှာ နေရာလွတ် ကွက်လပ်ဟူ၍ မရှိ သို့ရာတွင် ချွန်ထက်သော သံချောင်းကို သစ်သားပေါ်တွင် ပြင်းထန်စွာ ရိုက်သွင်းပါက နေရာမရှိသော သစ်သားသည် သန်မာချွန်ထက် ပြင်းထန်သော သံချောင်းအတွက် နေရာဖယ်ပေးရဘိသကဲ့သို့ အမောင်၏ ရပ်ကွက် မြို့ရွာနယ်ပယ်တွင် အမောင့်အတွက် နေရာမရှိဟု သိရှိရပါက စိတ်မပျက်ပါလေနှင့်။ ဉာဏ်တည်းဟူသော ချွန်ထက်လှသော သံချောင်းကို ဝီရိယတည်းဟူသော တူဖြင့် ပြင်းထန်စွာ ရိုက်နှက်ပေးပါလေ။ မကြာမီ အမောင့်အတွက် နေရာရရှိလာပါလိမ့်မည်။

ဦးပဂျီဋိ၊ တိုးတက်ရေးလက်စွဲ၊ ၇၄။

အင်အား ရှိသူသည် အင်အားမရှိ သူကိုနှိုင်စက်ရန်မဟုတ်၊ အင်အားမရှိ သူကို ကူညီ အားပေးရန်သာ ဖြစ်စေရမည်။

ပညာ ရှိသူ သည် ပညာ မဲ့ သူကို နှိုင်စက်ညှဉ်းပန်းရန် ပညာ ရှိ ရသည် မဟုတ်၊ ပညာမဲ့ကို သက်သာခွင့် ရရန် ကူညီ အားပေးရန် အတွက် ပညာ တတ်မြောက်ရခြင်းဖြစ်စေရမည်။

ချမ်းသာသူသည် ဆင်းရဲသူ ထံ ပိုက်ဆံကြေးငွေတို့ကို ချစ်ချုတ်၍ယူရန် မဟုတ်၊ ဆင်းရဲသား တို့အား မိမိ၏ ကြေးငွေ ဥစ္စာဖြင့် ကူညီ အားပေးရန် ဖြစ်စေရမည်။

ပဂျီဋိ

ဦးပဂျီဋိ၊ တိုးတက်ရေးမဂ္ဂဇင်း၊ အမှတ်-၁၃၊ အောက်တိုဘာ၊ ၁၉၃၄။

http://www.dhammadownload.com

မရ က --- မထပြီ

လောကဌ် လိုရာခရီးသို့ ရောက်ရှိရာ ရောက်ရှိကြောင်း၊ တိုးတက်ရာ တိုးတက်ကြောင်း၊ ချမ်းသာရာ ချမ်းသာကြောင်းတို့မှာ မိမိလုပ်မည်ဟု ကြံစည်အပ်သော အမှုကိစ္စကို အမျိုးမျိုး အနည်းနည်း ထပ်ကာထပ်ကာ ဖြစ်နိုင် မဖြစ်နိုင်ကို ပထမဆုံး အရေးတကြီး စဉ်းစားဆင်ခြင်ရမည်။

ထို့နောက် လမ်းခုလတ် လုပ်နေစဉ် မည်သို့သော ဒုက္ခ အနှောင့်အယှက်မျိုးတို့နှင့် တွေ့ဆုံရမည်။ ထို အနှောင့်အယှက်တို့ကို ခံနိုင် မခံနိုင်ကိုလည်း အပြန်အလှန်၊ ထပ်ဖန်တလဲလဲ စဉ်းစားဆင်ခြင်ရမည်။

ထိုသို့ စဉ်းစား ဆင်ခြင်ပြီးသကာလ မဖြစ်နိုင်၊ မခံနိုင်ဟု အဖြေထွက်ပါက စ၍ပင် ၎င်းအလုပ်များကို မလုပ်ကိုင်ပါလေနှင့်။ လူများက ဘယ်လောက် မြောက်ပေးပေး၊ ဘယ်မျှ တိုက်တွန်း တိုက်တွန်း၊ မိမိမှာ အရည်အချင်းမရှိပါက မလုပ်ကိုင်ပါလေနှင့်။

တိုက်တွန်းသူ၊ မြောက်ပေးသူတို့မှာ နောင် ကိစ္စ မပြီး၍ အကြောင်းမသင့်ဖြစ်လာသောအခါ ၎င်းတို့မှာ ပါးစပ်သမားမျှသာ ဖြစ်သည့်အတိုင်း "အော်-တို့က သည်လိုတော့ မစဉ်းစားမိဘူး" (ဝါ) "အော်-မဖြစ်လည်း ကံပေါ့လဗျာ" (ဝါ) "အော်-ဖြစ်မှဖြစ်ရလေခြင်းဗျာ" စသည်ဖြင့် ပါးစပ်မှသာ ပြောဆိုလိုက်ရုံမျှထက် ပို၍ မနစ်နာ။ မိမိမှာကား အတိုင်းမသိ မချိ မဆံ့ အနစ်အနာ ခံရတတ်လေသည်။

ယင်းသို့ မိမိတို့စိတ်တွင် အစအဆုံးရာရာ ၎င်းလုပ်ကိုင်ရန် အမှုကိစ္စအဝဝတို့ကို အပြန်အလှန် စဉ်းစားပြီးနောက် လုပ်အံ့၊ ဆောင်ရွက်အံ့ဟု စိတ်ကို ဆုံးဖြတ်ပြီးသောအခါ လမ်းခုလတ်တွင် လက်မလျှော့လိုက်ပါလေနှင့်။ အသားကြေကြေ၊ အရေခန်းခန်း ဆက်လက် ကြိုးစားပါ။ လက်လျှော့လိုက်ပါက "ထိုင်နေ အကောင်းသား၊ ထသွားမှ ကျိုးမှန်းသိသည်" ဆိုဘိ သကဲ့သို့ မိမိ၌ မလုပ်မီကထက် အောက်တန်းကျ၍ အထင်အမြင် သေးသိမ်ခြင်းကို ခံရတတ်လေသည့်ပြင် နောင်ကိုလည်း မိမိအား "အလကား အကောင်ပါကွာ" ဟူသော အတန်းအစားတွင် သွတ်သွင်းထားခြင်းကို ခံရတတ်လေသည်။

ထို့ကြောင့် အလုပ်များကို စထွင်လုပ်အံ့ ဟု ကြံစည်ပါမူ ၎င်းအလုပ်၏အကြောင်းကို က-ကြီးကစ၍ အ-အထိ သိရှိစဉ်းစားပါ။ သို့ စဉ်းစားရာ၌ တစ်ဖက်သတ်သာ မစဉ်းစားပါနှင့်။ နှစ်ဖက်သတ် စဉ်းစားပါ။ (ဝါ) အကောင်းချည်း မစဉ်းစားပါနှင့်။ အဆိုးကိုလည်း စဉ်းစားပါ။ (ဝါ) အမြတ်ကိုချည်း မစဉ်းစားပါနှင့်။ အရှုံးကိုလည်း စဉ်းစားပါ။

သို့စဉ်းစားရာ၌လည်း အကောင်းဘက်ကို ပို၍ မတွက်ပါနှင့်။ ထို့အတူ အရှုံးဘက်ကိုလည်း လျှော့၍ မတွက်ပါနှင့်။ များစွာသော အလုပ်တို့ မအောင်မြင် မပြီးစီးရသည်မှာ မိမိက လိုသည့်ဘက်ကို ပို၍ ထားပြီးလျှင် မလိုသည့်ဘက်ကို လျှော့၍တွက်တတ်ခြင်းကြောင့် ဖြစ်လေသည်။ အလုပ်လုပ်သောအခါ မမှတာတည်းဟူသော တရားကြီးက အမြတ် ကောင်းကျိုးဘက်တွင် ပို၍ပေးလိမ့်မည်မဟုတ်။ ထို့အတူ မကောင်းဘက်၊ အရှုံးဘက်တွင်လည်း လျှော့၍ ရှုံးစေလိမ့်မည် မဟုတ်။ မြတ်သင့် မြတ်ထိုက်သမျှကိုသာ မြတ်စေ၍ ရှုံးသင့် ရှုံးထိုက်သည်ကို ရှုံးစေပေလိမ့်မည်။

ထို့ကြောင့် အရှုံးကို များနိုင်သမျှများ၍ အမြတ်ကို နည်းနိုင်သမျှနည်း၍ တွက်စစ်ပါလေ၊ သို့ပါလျက် အမြတ်ဘက်က (ဝါ) အကောင်းဘက်က သာနေပါသေးလျှင် ထိုအလုပ်ကို ချစ်ဆွေ လက်မလွှတ်ပါလေနှင့်။ လုပ်ဖြစ်အောင် လုပ်ကိုင်ပါလေ။ အောင်မြင်ပြီးစီး ကြီးပွားခြင်းသည်ကား စိတ်ကူးတွက်ချက်ရုံမျှနှင့် မပြီး။ ၎င်းစိတ်ကူးကို ကိုယ်ထိလက်ရောက် ဆောင်ရွက်သူများသာ အကျိုးကျေးဇူး ခံစားရလေသည်။

ဦးပဏ္ဍိုင်၊ တိုးတက်ရေးလက်စွဲ၊ ၁၇-၁၉။

http://www.dhammadownload.com

တိုးတက်လိုလျှင်

တာဝန်ရှိသော အလုပ်ကို လုပ်ပါ

"ရေးသူ-ဦးပဂျိုင်"

အချို့အလုပ်တို့မှာ မိမိအနားတွင် မိမိအထက်က လုပ်ကိုင်နေသည်ကို မိမိသည် နှေစဉ်နှင့် အမျှ တွေ့မြင် နေရသဖြင့်၊မိမိလုပ်ကိုင်တတ်ပြီဟု ထင်မြင်သော်လည်း၊ထိုလူ အလုပ်မဆင်း၍နေသော အခါ၌၊ မိမိဝင်ရောက်လုပ်ကိုင်သော အခါ၌၊မိမိကျနစွာထိုအလုပ်ကို မတတ်ကျွမ်းကြောင်း ကောင်းစွာသိရလေသည်။

ထို့ကြောင့်၊ တိုးတက် ကြီးပွါး လိုသူသည်။ မိမိလက်အောက်က လူအလုပ်ကို သော်ရင်း။ မိမိ အထက်က လူအလုပ်ကိုသော်ရင်း။ မျက်မြင်နှင့် ငါတတ်ပြီ သဘော မယူဆဘဲ၊ ကိုယ်တိလက်ရောက် ဝင်ရောက်လုပ်ကိုင်ထားရာသည်။

လူတို့သည်များသောအားဖြင့်၊တာဝန်ရှိသော အလုပ်ကိုမလုပ်ကိုင်လိုကြချေ။ ရင်းတို့ ဓိတ်ဉ်ကား၊ တာဝန်ကြီးသော အလုပ်ကို လုပ်ကိုင်မှသာ တိုးတက်ကြီးပွါး နှိုင်သည်ဟုမထင်မြင်ကြချေ။

တာဝန်မရှိသော အလုပ်သည်၊ သေးငယ် သိမ်ဖျင်းသောအလုပ်များသာဖြစ်သဖြင့်၊ သေးငယ် သိမ်ဖျင်း၊ တာဝန်ကင်းသောအလုပ်မှာ လူတိုင်းလုပ်နှိုင်သဖြင့်၊မိမိလည်း လူတိုင်းထဲ၌ တည်ရှိနေပါက၊မတိုးတက် မကြီးပွါးနှိုင်။

တာဝန်ကြီးသောအလုပ်များကို၊မမှားမယွင်း အချိန်မှီအောင် လုပ်ကိုင်နှိုင်သူမှာ၊ ရင်းလုပ်ငန်းတွင် သူမရှိက မပြီးနှိုင်သဖြင့်၊ ရင်းသူမှာ အစဉ် တိုးတက်ရန် လမ်းများ ဖွင့်လျက်ရှိသဖြင့်၊ တိုးတက် လိုသူတို့သည် တာဝန်ကြီးသော အလုပ်များကိုလက်မလွှတ်စေဘဲ လုပ်ကိုင် အပ်လေသည်။

ဦးပဂျိုင်၊ တိုးတက်ရေးမဂ္ဂဇင်း၊ အမှတ်-၃၆၊ စက်တင်ဘာ၊ ၁၉၃၆။

http://www.dhammadownload.com

တိုးတက်ရန်မတ်မှု

ရေးသားသူ

တိုး တက် ရေး

အကယ်၍ မန်ကျည်းပင်ကိုသော်လည်းကောင်း၊ မန်ကျည်းသီး၊ မန်ကျည်းစေ့ကိုသော်လည်းကောင်း မမြင်ဖူးသူတစ်ဦးကို ခေါ်၍ ဤသေးငယ်သော အစေ့ကလေးကို စိုက်ပျိုးသော် ထိုမျှကြီးသော သစ်ပင်ကြီးတစ်ခု ဖြစ်နိုင်သည်ဟု မန်ကျည်းပင်ကြီးတစ်ပင်ကိုပြက ၎င်းသူ ယုံနိုင်မည်မဟုတ်ပေ။ ထို့အတူ သင်တို့၏ ကိုယ်တွင်း၌ရှိသော စိတ်ကလေးသည် မည်မျှပင် သေးငယ်စေကာမူ ကြီးကျယ်သော လုပ်ငန်းဆောင်တာ ကိစ္စကြီးများကို ပြီးစီးနိုင်သည်ဟု ပြောလျှင် သင်တို့ မယုံဘဲရှိကြပေလိမ့်မည်။

မယုံဘဲ မရှိအပ်၊ ယခင် သေးငယ်သော မန်ကျည်းစေ့မှ မန်ကျည်းပင်ကြီး ဖြစ်ဘိသကဲ့သို့ သင်၏စိတ်သည် အတိုင်းမရှိ သင်၏ တိုးတက်ကြီးပွားမှုကို ပြုနိုင်လေသည်ကို တထစ်ချ မှတ်အပ်ရာသည်။

"ပါပသို့ ရမတိ မနော" ဆိုသည်နှင့်အညီ စိတ်တို့သည် မကောင်းတာကို စဉ်းစား၊ မကောင်းတာကို ဖတ်ရှုပါက မကောင်းတာကို လုပ်ချင်တတ်သဖြင့် ကောင်းတာကို စဉ်းစား၊ ကောင်းတာကို ရွေး၍ ဖတ်ပါ။

အစဉ် ကြံစည်နေသူသည် အကြံကောင်းကို ရရှိ၏။ **အကြံ**ကောင်းကို ရရှိပြီး စ၍မလုပ်က အကျိုးမများချေ။ မကြံစည်ဘဲ နေသူနှင့်လည်း ဘာမျှ မခြားပေ။

ကျောက်သည် အရေလည်အောင်၊ အကွက်လည်အောင် အသွေးခံရမှ အရောင်ပြောင်လက်၏။ အိုးသည် ခပ်နာနာ အရိုက်ခံရမှ အိုးကောင်းဖြစ်၏။ အထွတ်အထိပ်သို့ ရောက်လိုသူများမှာလည်း အနှောင့်အယှက် အဖျက်အဆီးများစွာနှင့် တွေ့ဆုံခဲ့ရသူများသာ ဖြစ်လေသည်။

လောက၌ ပညာရှိဖြစ်ခြင်းသည်လည်း ကောင်း၏။ သူဌေးဖြစ်ခြင်းသည်လည်း ကောင်း၏။ ထို့အတူ သူတော်ကောင်းဖြစ်ခြင်းသည်လည်း ကောင်း၏။ သို့ရာတွင် ပညာရှိဖြစ်ရန် အစဉ်ကြိုးစားနေသူသည် ပညာရှိဖြစ်နိုင်၏။ သူဌေးကြီးကား မဖြစ်နိုင်။ သူဌေးကြီးဖြစ်ရန် အစဉ်ကြိုးစားနေသူသည် သူဌေးကြီးကား ဖြစ်နိုင်၏။ ပညာရှိကြီးကား မဖြစ်နိုင်။ ထို့အတူ သူတော် သူမြတ် သူတော်ကောင်းဖြစ်ရန် ကြိုးစားနေသူသည် မကြာမီ သူတော် သူမြတ်ဖြစ်မည်ကား မလွဲတည်း။ သို့သော် သူဌေးကြီးကား မဖြစ်နိုင်။

ထို့ကြောင့် တိုးတက်ကြီးပွားလိုသူသည် အထက် ၃-လမ်းတို့တွင် ဘယ်လမ်း လိုက်မည်ကို မိမိကိုယ်တိုင် ပထမရွေးချယ်၍ လိုက်နာဆောင်ရွက်ကြိုးစားရမည်။ သို့မှသာလျှင် မိမိလိုရာသို့ ရောက်ရှိနိုင်လေသည်။

တိုးတက်မှုသည် နောက်တွင်မရှိ၊ ရှေ့တွင်သာရှိ၏။ နောက်ကို ဆုတ်ဖို့ရန် ဘယ်အခါမျှ စိတ်မကူးနှင့်။ နောက်ဆုတ်ဖို့မှာ သူ့အလိုလို ဖြစ်လျှင် ဖြစ်ပါ

http://www.dhammadownload.com

ကံခေသူကို ကံရှိအောင် လုပ်၍ ရခြင်းကိုကား လူတိုင်း လူတိုင်း မသိကြချေ။

စေ။ ရှေ့သို့ တိုးဖို့ရန် လုပ်ရမည်မှာ လူတိုင်း၏ တာဝန်။

မျိုးချစ်စိတ်ကို ပထမ **အိမ်ကစ၍** ပျိုးရ၏၊ ညီအစ်ကို မောင်နှမအတွက်ဆိုမူ မိမိက **အနာခံ**အပ်၏။ ထို့နောက် ရပ်ရွာအတွက် စ၍ မျိုးချစ်စိတ်ကို ပျိုးထောင်ရာ၏။ ထို့နောက် မိမိနယ်ပယ်ရှိသူများ အတွက် တိုးတက်ဆောင်ရွက်ရာ၏၊ ထို့နောက် မိမိ လူတစ်မျိုးလုံးအတွက် ဆောင်ရွက်ရာ၏။

ဧည့်သည် တရုတ်-ကုလား လူမျိုးခြားများသည် မြန်မာပြည်သို့ နံငယ်ပိုင်းနှင့်လာ၍ မကြာမီ ကြီးပွားလာကြပါလျက်၊ အိမ့်ရှင် "တို့မြန်မာ"များမှာ မိမိအိမ်တွင် ဘယ်နေရာ ဘာရှိသည်ကို သိပါလျက် ဆင်းရဲနေရခြင်းမှာ ကံကြောင့်လော၊ ဥဏ်ကြောင့်လော၊ ဝီရိယကြောင့်လော-ဟု လောကျမ်းထုတ်ကာ စဉ်းစား ဆင်ခြင်စရာ တစ်ရပ်ပင်ဖြစ်၏။

မီးခြစ်၊ မီးစာ၊ ရေနံဆီ သုံးဦးပေါင်းလိုက်သော် မတွေးမထင် မမြင်နိုင်သော အလင်းရောင်ကို ရဘိသကဲ့သို့ ကံ ဥဏ် ဝီရိယ သုံးဦးကို ပေါင်းလိုက်သော် မတွေး မထင် မမြင်နိုင်သော အကျိုးကျေးဇူးကို ခံစားရ၏။ ဥဏ်မရှိသူသည် နေ့စဉ် နေ့တိုင်း ကြိုးစားက ဥဏ်ရှိသူ ဖြစ်၍ လာနိုင်ကြောင်းကိုလည်းကောင်း၊ ပျင်းရိသူသည် နေ့စဉ် နေ့တိုင်း ကြိုးစားသဖြင့် ဝီရိယရှိသူဖြစ်၍ လာနိုင်ကြောင်းကိုလည်းကောင်း လူတိုင်း လူတိုင်း သိရှိကြသော်လည်း ကံခေသူကို ကံရှိအောင် လုပ်၍ ရခြင်းကိုကား လူတိုင်း လူတိုင်း မသိကြချေ။

ကံခေသည်ဟု ထင်သူများသည် နေ့စဉ် နေ့တိုင်း ဒုစရိုက် ၁၀-ပါးကို ရှောင်ကြဉ်ခြင်း၊ မိဘတို့ကို လုပ်ကိုင်ကျွေးမွေးခြင်း၊ ဆရာသမားအား ရိုသေကိုင်းရှိုင်းခြင်း၊ သူတစ်ထူးအား မကောင်းစိတ် မရှိစေခြင်း၊ သူ တစ်ထူးအား ကျန်းမာစေခြင်း၊ ချမ်းသာစေခြင်း စသည်တို့ကို နေ့စဉ်လုပ်ကိုင်နေသူသည် မကြာမီ ကံကြီးရှင် ဖြစ်လာနိုင်သည်။

တကယ်တမ်း တိုးတက်ကြီးပွားလိုလျှင် ကံကို စောင့်မနေနှင့်။ ကံကို သွားခေါ်ပါ။ သို့သော် ကံက မလိုက်ဘဲ ရှိတတ်သဖြင့် ၎င်း၏ အဖော်သဟဲ ဖြစ်သော ကုသိုလ်ကောင်းမှုပြုခြင်း၊ မပျင်းရိဘဲ ဥဏ်နှင့် ယှဉ်၍ ကြိုးစားခြင်း၊ အလုပ်များကို လုပ်၍ ၎င်းကံကို ခေါ်ပါ။ ထိုကံ၊ ဤကံ၊ အဘယ်ကံမဆို **မိမိခေါ်ရာသို့** ရောက်ရှိမည်ကား အမှန်ပင်။

ဒူးနေရာ-ဒူး၊ ရင်နေရာ-ရင် ဆင်ခြင်၍ သုံးအပ်ရာသည်၊ ဆယ်အိမ်ခေါင်းနှင့် ပြီးရမည့်ကိစ္စကို ဝန်ရှင်တော်မင်းကြီးထံသို့ မသွားအပ်ရာ။ ဝမ်းဘဲဥခွဲရန် အတွက် လမ်းလှိမ့်သံလုံးကြီးများကို အသုံး မပြုအပ်ရာ။

တိုးတက်ကြီးပွားလိုသူတို့၏ အချိန်သည်လည်းကောင်း၊ ဂုဏ်သည်လည်းကောင်း၊ ငွေသည်လည်းကောင်း စသည်တို့မှာ အခြားသူများထက် အဖိုးတန်လေသည်။ ထို့ထက် ဤကား အမှား၊ ဤကား အမှန်ဟု ပိုင်းခြားဝေဖန်နိုင်တတ်ခြင်း အသိတရားသည် ၎င်းလူ၏ အချိန်နာရီ၊ ဓနဥစ္စာ၊ ဂုဏ်အဂိါတို့ထက် အဆပေါင်းများစွာ ပိုမို အဖိုးထိုက်တန်လေသည်။

အလုပ်တစ်ခုကို မလုပ်ကိုင်မီ အထပ်ထပ် စုံစမ်းဆင်ခြင် စဉ်းစားပါ။ ကောင်းတာချည်း မစဉ်းစားရ။

http://www.dhammadownload.com

ဆိုးတာကိုလည်း စုံစမ်းဆင်ခြင်စဉ်းစားပါ။ တစ်နည်းကား အမြတ်ကိုချည်း မကြည့်နှင့်၊ အနှုံးဘက်ကိုလည်း သေချာစွာ ကြည့်ရှုပါ။ သို့ စုံစမ်းဆင်ခြင် စဉ်းစားပြီးသော် တွက်ကိန်းကိုက်က လုပ်ကိုင်ပါ။

သို့ လုပ်ကိုင်နေစဉ် အပြောသမားတို့သည် အမျိုးမျိုး ပြောဆိုလတ္တံ့။ ပြောခြင်းကား အလွန် လွယ်ကူလှ၏။ အလွန်တတ်လှစွာသော ပန်းချီဆရာ တစ်ဦး အပင်ပန်းခံကာ ရေးဆွဲထားသော ပုံကားတစ်ခုကို အလွန် နံလှ၊ နလှသော နွားကျောင်းသား တစ်ယောက်သည် လွယ်ကူအေးဆေးစွာ ကဲ့ရဲ့နိုင်လေသည်။ သို့ရာတွင် ပန်းချီဆရာ အချင်းချင်းကား ထိုပုံကား၏ တန်ဖိုးကို ကောင်းကောင်းကြီး သိရှိလေသည်။



တကယ်တမ်း ကြီးပွားလိုသူသည် လက်ဖက်ရည်ဝိုင်းတွင် အပြောကောင်းရုံနှင့် လိုက်နာမပြုလုပ်ရ။ စာ-နယ်-ဇင်းနှင့် စာအုပ်စာတမ်းများတွင် အရေးကောင်းတာနှင့် ထ၍မလုပ်ရ၊ အပြောကောင်း၊ အရေးကောင်း ဆရာတို့ကား ၎င်းတို့အလုပ်တွင် အတော် နိုင်နင်းနေသူများ ဖြစ်နေကြောင်းကို အထူး သတိပြုပါလေ။ ဤသို့ဖြစ်ခဲ့သော် နားထောင်ရတာ ဘာအကျိုးလဲ၊ စာဖတ်ရတာ ဘာအကျိုးလဲဟု စောဒကတက်ဖွယ်ရှိ၏။ ဤစောဒက၏ အဖြေကား ၎င်း သူပြောတာ၊ ရေးတာကို မိမိက သဘောကျ၍ လိုက်နာလုပ်ကိုင်လိုသော် ၎င်းကိစ္စကို ကကြိုးက အ အထိ အပြန်အလှန် နိုင်နင်းသိရှိအောင် စုံစမ်းဖတ်ကြားမှတ်သားပြီးမှ၊ မိမိ အတွေ့နောမတိဉာဏ်ဖြင့် ပိုင်းခြားဝေဖန်ပြီးမှ စထွင်လုပ်ကိုင်ရမည်။ မိမိ မနိုင်သော ဇာတ်ကိုခင်းမိက "ထိုင်နေအကောင်းသား၊ ထသွားမှ ကျိုးမှန်းသိ" ဆိုသကဲ့သို့ ဖြစ်တတ်လေသည်။

သင်သည် ရှေ့ကသွားနေသူကို မီလိုလျှင်၊ ကျော်လိုလျှင် ပြေး၍လိုက်သော် ၎င်းသူအား မီနိုင်၏။ ကျော်နိုင်၏။ ထို့အတူ သင်သည် သူတစ်ထူးထက် အောက်ကျ နောက်ကျ ဖြစ်နေမူ ပြေး၍လိုက်ခြင်းနှင့် တူသော ကြိုးစားခြင်းကို ပြုက မူ၍ ထိုသူများကို မီနိုင်လေသည်။ ကျော်နိုင်လေသည်။

စကားပြောနည်း
စကားကို အခါလေးမြင့် မပြောရာ။
အမြဲ မပြောဘဲလည်း မနေရာ။
အခါအခွင့်ကိုကြည့်၍ ဖရိုဖရဲမရှိ၊
ကျကျနန ပြောရာ၏။။
တိုးတက်ရေးမဂ္ဂဇင်း၊ အမှတ်-၅၇။

http://www.dhammadownload.com

အချို့တို့သည် အလုပ်တစ်ခုခုကို လုပ်ရန်၊ ပြင်ရန် နောက်ကျပြီဟု ယူဆ ပြောဆိုလေ့ရှိ၏။ ထို အယူအဆ ပြောဆိုချက်များသည် မှားသည်သာ ဖြစ်၏။ ဘယ်အလုပ်မဆို မလုပ်ဘဲ၊ မပြင်ဘဲ ထားသည်ထက် ထ၍ ပြင်ဆင်လုပ်ကိုင်ခြင်းက မနှိုင်းမယှဉ်သာအောင် အကျိုးကျေးဇူး ကြီးမားလေသည်။

တိုးတက်လိုသူများသည် လမ်းမကြီးပေါ်တွင် တိုးတက်ရေး ဘိုင်စကယ်ကို စီးနေသူများ ဖြစ်လေသည်။ ဘိုင်စကယ်ကို ခြေနင်းမှန်မှန် နင်းနေသော် လိမ့်၍ မကျ။ ခြေနင်းရပ်လိုက်သော် မကြာမီ လဲကျတော့မည်ကား အမှန်ဖြစ်လေသည်။ ထို့ကြောင့် လိမ့်၍ မကျရန် တိုးတက်ရေး ဘိုင်စကယ်ကို အခါမပြတ် ခြေနင်းမှန်မှန် နင်းပေးရန် သတိမမေ့အပ်။ တိုးတက်ရေး ဘိုင်စကယ်ကား အလုပ်ဖြစ်၍ မှန်မှန်နင်းခြင်းကား အလုပ်ကို မှန်မှန် ကြိုးစား လုပ်ကိုင်ခြင်းဖြစ်၏။

ရှင်ဘုရင် ဖြစ်မည့်သူမှာ ရာဇပလ္လင် ဖင်ကပ်ပါလာသည်ဟု ဆိုရိုးရှိစေကာမူ သူဌေးဖြစ်မည့်သူမှာ ငွေထုပ်ကို ကိုင်၍ မွေးလာကြသည် မဟုတ်ကြချေ။ မိဘ ဘိုးဘွား လက်ထက်၌ အလွန်အမင်း ဆင်းရဲခဲ့ကြစေကာမူ ၎င်းတို့လက်ထက်၌ လူချမ်းသာ၊ လူကုံထံ၊ အထက်တန်းစားများ ဖြစ်ခဲ့သူများ အရပ်ရပ် အရွာရွာ အမြို့မြို့တွင် ရှိကြလေသည်။

ထိုသို့ မိမိတို့ လက်ထက်ကျမှ ကြီးပွားတိုးတက်ချမ်းသာလာရသူများအထဲတွင် မိမိလည်း မပါရဟု မည်သူမျှ ဟန့်တားခြင်းငှာ မတတ်နိုင်ချေ။ မိမိ လုပ်

ရိုးသားဖြောင့်မတ်ခြင်းမှာ တကယ်တမ်း တိုးတက်ကြီးပွားလိုသူတို့အတွက် အထူး အရေးအကြီးဆုံး အချက်ကြီး ဖြစ်လေသည်။

ရည် ကြံရည်ရွက် ပါဝင်နိုင်သည်သာတည်း။

အလုပ် တစ်ခုခုကို လုပ်ရာ၌ မည်မျှပင် သေးငယ်သော လုပ်ငန်းဖြစ်စေကာမူ လမ်းခုလတ်တွင် ဖြတ်၍ မထားရ။ မလုပ်လျှင်လည်း အစကပင် မလုပ်ဘဲနေရမည်။ လုပ်မိလျှင်လည်း "ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်" ဆိုဘိသကဲ့သို့ ဆုံးခန်းတိုင်ရောက်အောင် ကြိုးစားရမည်။ ဤသို့ မဟုတ်ခဲ့ပါလျှင် တစ်ပိုင်းတစ်စ ပြုလုပ်တတ်သော အလေ့အကျင့်သည် တဖြည်းဖြည်း ရင့်သန်လာပြီးလျှင် နောင် ကြီးကျယ်သော လုပ်ငန်းကြီးများကို လုပ်ကိုင်သောအခါ ၎င်း အလေ့အကျင့်သည် ဝင်ရောက် နှောင့်ယှက်သဖြင့် တိုးတက်ကြီးပွား အောင်မြင် ထမြောက်နိုင်ရန် လွန်စွာ ခဲယဉ်းတတ်လေသည်။

အလုပ်သမား လခစားနှင့်တကွ စာရေးများသည် အလုပ်တိုက်မှ စက္ကူ စာရွက်၊ ခဲတံ စသည့် အလုပ်တိုက်ရှင်ပိုင် ပစ္စည်းငယ်တို့ကို ပေါ့ဆစွာ အရေးမကြီးဘူးထင်ကာ မိမိတို့ သုံးစွဲရန် အိမ်သို့ ယူတတ်ကြလေသည်။ ဤသို့ယူခြင်း၌ တိုက်ရှင် သူဌေး မသိသော်လည်း ငရဲမင်းကြီး သိသည်ကို မသိကြချေ။

တိုင်းပြည်တစ်ပြည်လုံးက မိမိရိုးကြောင်း၊ မိမိ မျိုးချစ်စိတ်ရှိကြောင်း၊ မိမိတော်လှသည် ဟု အထင်ခံရခြင်းသော်လည်း မိမိနှင့် ပတ်ဝန်းကျင်၊ မိမိအပေါင်းအဖော်တို့၏ အယုံအကြည် အသိအမှတ်ပြုခြင်း မခံရသေးလျှင် မိမိ အဟုတ် မရိုးသားသေးကြောင်း၊ မိမိ အဟုတ် မျိုးချစ်စိတ်မရှိသေးကြောင်း၊ မိမိ အဟုတ် မတော်သေးကြောင်း သိအပ်လေသည်။ မိမိ ပတ်ဝန်းကျင် အပေါင်းအသင်းက အသိအမှတ်-ရိုးကြောင်း၊ တော်ကြောင်း ဝန်မခံသေးသမျှ သင် တာရှည်စွာ နေရာ မကျနိုင်သေးချေ။

http://www.dhammadownload.com

မိမိအတွက် အကျိုးကျေးဇူးခံစားရမည့် အလုပ် ဖြစ်ပါမူ နက်ဖြန်၊ သန်ဘက် ရွှေဆိုင်း မထားဘဲ ချက်ချင်းထ၍ လုပ်ကိုင်ဆောင်ရွက်အပ်လေသည်။

လူတို့တွင် ရိုးသားဖြောင့်မတ်ခြင်းမှာ တကယ် တမ်း တိုးတက်ကြီးပွားလိုသူတို့အတွက် အထူး အရေးအကြီးဆုံး အချက်ကြီး ဖြစ်လေသည်။ ၎င်း ရိုးသားဖြောင့်မတ်ခြင်းမှ ကင်း၍ အဘယ်သူမျှ အဓွန့် ရှည်စွာ မကြီးပွားနိုင်။

လောကဌ မလိမ်သူများသာ လူကုံထံအစစ် ဖြစ် ၏။ ပိုက်ဆံတစ်ပြားတန်ကို လိမ်သူသည် တစ်ပြား သာ တန်၏။ တစ်ကျပ်တန်ကို လိမ်သူသည် တစ် ကျပ်သာ တန်၏။ တစ်ဆယ်တန်ကို လိမ်သူသည် တစ်ဆယ်သာ တန်၏။ ထို့ကြောင့် လူကုံထံတို့သည် တစ်ရာ၊ နှစ်ရာကို မလိမ်၊ တစ်ထောင်၊ နှစ်ထောင် တို့ကိုသာ လိမ်ကြလေသည်။

လူတစ်ယောက်သည် ၈-နာရီ အိပ်၍ ၈-နာရီ အလုပ် လုပ်ရ၏။ အားလပ်ချိန်ကား ၈-နာရီ ရ၏။ ထိုအားလပ်ချိန် ၈-နာရီမှ တစ်နာရီခန့်မျှ တိုးတက်မှုကို မပြုနိုင်သူသည် တိုးတက်ရေးကို တွေးတော မျှော်လင့်ဖွယ် မရှိချေ။

စိတ်ညစ်ခြင်း၊ စိတ်ပျက်ခြင်း၊ မိမိကိုယ်ကို မိမိ သတ်သေလောက်အောင် ဒုက္ခရောက်ခြင်းတို့ကို ကု သနိုင်သောဆေးကား အချိန်ဖြစ်လေသည်။ ယနေ့ ဘယ်မျှ သေချင်သည် ဖြစ်၍ နေစေကာမူ နက်ဖြန်ကျ လျှင် မသေချင်ပေ။ ဤကား အချိန်၏ ကုသခြင်း ဖြစ်လေသည်။

အချိန်တို့သည် စိတ်ညစ်သူကို သက်သာရန် ကု စားနိုင်သော အစွမ်းရှိဘိသကဲ့သို့ စိတ်ထက်သန်သူ ကိုလည်း စိတ်မထက်သန်အောင် ပြုလုပ်တတ်လေ သည်။ ခါပေါင်းများစွာ လူတို့သည် စိတ်အားထက် သန်လာသဖြင့် မည်သို့ လုပ်မည်၊ မည်သို့ ကိုင်မည်၊ မည်သို့ ကြိုးစားမည်ဟု စိတ်တွင် ထင်မြင် ပေါ် ပေါက်လာစေကာမူ စိတ်ပေါ် ပေါက်လာသော၊ စိတ် ထက်သန်လာသော အချိန်အခါကလေးတွင် ထ၍ မလုပ်ကိုင်ပါမူ နက်ဖြန်၊ သန်ဘက်စသော အချိန် တို့၌ကား မလုပ်ကိုင်ဖြစ်တော့သည့် အကြောင်းကို လူတိုင်း တွေ့ရှိဖူးခဲ့လေပြီ။

ထို့ကြောင့် မိမိအတွက် အကျိုးကျေးဇူးခံစားရ မည့် အလုပ်ဖြစ်ပါမူ နက်ဖြန်၊ သန်ဘက် ရွှေဆိုင်း မထားဘဲ ချက်ချင်းထ၍ လုပ်ကိုင်ဆောင်ရွက်အပ် လေသည်။ သို့မဟုတ်ပါက အချိန်သည် သင်၏ တိုး တက်ရေးကို ပိတ်ပင်တော့မည်မှာ အမှန်ပင် ဖြစ်ပေ တော့၏။

သူတစ်ဦးက မိမိပြောခြင်းကို နားထောင်ခြင်း သည် မိမိ၌ မြတ်သည်မည်၏။ အပြောကောင်း၊ အ ဟောကောင်းသူတို့သည် နားထောင်ကောင်း ပထမ ဖြစ်ခဲ့ကြလေသည်။ လူကြီး လူကောင်းနှင့် တွေ့သော အခါ ၎င်းတို့ ပြောဆိုချက်ကို ဂရုပြု၍ နားထောင် ခြင်းသည် မိမိအား နှစ်သက်ချစ်ခင်စေခြင်း၏ အ ကြောင်းတစ်ရပ် ဖြစ်လေသည်။

လူတို့သည် ပြောသူနှင့် နားထောင်သူ နှစ်ဦးတွင် နားထောင်သူကို ပို၍ ချစ်ခင်တတ်၏။ သူများ တော် သည့်အကြောင်းကို မိမိက နားထောင်နေရသည် ထက် မိမိတော်သည့်အကြောင်း မိမိပြောဆိုနေခြင်း ဖြင့် နားထောင်နေသည်ကို ပို၍ အလိုရှိကြ၏။

ထို့ကြောင့် ၎င်းတို့ ပြောဆိုစဉ် သည်းခံ၍ နား ထောင်နေရန်မှာ အထူးအရေးကြီးလေသည်။ နား

http://www.dhammadownload.com

ထောင်ရမည်ဆိုရာ၌ ပါးစပ်ကိုပိတ်၍ မလှုပ်မရှား နားထောင်နေရန်မဟုတ်။ ၎င်းပြောဆိုနေသည်ကို သဘောကျပုံ၊ ဂရုပြုပုံတို့ကို မျက်နှာအမူအရာ၊ နှုတ်အမူအရာ စသည်တို့ဖြင့် ပြရန် လိုလေသည်။

စကားပြောဆိုခြင်းမှာ လူတိုင်းတတ်သည်ဟု ထင်ရသော်လည်း လူ ၁၀ ယောက်တွင် တစ်ယောက်မျှသာ အချက်ကျအောင် ပြောဆိုတတ်လေသည်။ ဗဟုသုတများ၍ ကောင်းစွာ နားထောင်တတ်သူများသာ စကားကို လူတစ်ဖက်သား နားဝင်အောင် ပြောတတ်ကြလေသည်။

အကြောင်းကိစ္စ ဧကန်မုချ မှန်ခြင့်၊ မှားခြင်းမှာ စကားပြောခြင်းကို မူတည်၍ မဆုံးဖြတ်အပ်ပေ။ အချို့ကား မှန်ကန်ပါလျက် စကားအပြော မတတ်သဖြင့် အရှုံးပေးလိုက်ရသော အမှုကိစ္စပေါင်း များစွာရှိလေသည်။ စကားပြောတတ်ခြင်း ပညာသည် စကားမတတ်သူတို့အား ဖိစီးနှိပ်စက်ရန် အကောင်းဆုံး လက်နက်ကြီး ဖြစ်လေသည်။

လူတိုင်း လူတိုင်းတို့သည် မိမိတို့ကိုယ်ကို တစ်ရပ်လုံး၊ တစ်မြို့လုံးက ဝိုင်း၍ ချစ်သည်၊ မုန်းသူ မရှိဟု ဆိုခြင်းကို နှစ်လိုကြကုန်၏။

ထိုသို့ တစ်ရပ်လုံး၊ တစ်မြို့လုံး တွေ့မြင်သူ အပေါင်းတို့ ချစ်ခင်ခြင်းခံရရန်မှာ "သူသဘော လိုက်လျောညီထွေ၊ ပေါင်းတတ်စေ" ဆိုသော စကားအရ ဆက်ဆံပေါင်းသင်းသွားခြင်းသည် ခရီးအရောက်ဆုံး လုပ်ငန်း ဖြစ်လေသည်။

သူသဘော လိုက်လျော ညီထွေ၊ ပေါင်းတတ်စေ ဆိုသော စကားကို အသေးစိတ်၍ သိရန်မှာ ၎င်း ပြောဆိုချက်ကို မိမိ မနှစ်သက် မနှစ်မြို့သော်လည်း တစ်ချက်တည်း တဲ့တိုး ပြန်လှန်ချေပခြင်း မပြုဘဲ ၎င်းပြောသူ နားခံသာအောင် အကျိုးအပြစ်ကို အေးချမ်းသာယာ နားဝင်သာအောင် ပြောဆိုနိုင်ဖို့သည် အလွန် အရေးကြီးလေသည်။

စကားတစ်ခုကို နားဝင်ချိုအောင်လည်း သုံးစွဲနိုင်၏။ ရင့်သီးအောင်လည်း ပြောဆိုနိုင်၏။ ဥပမာ-ခင်ဗျား၏ မွေးသဖခင် ဆိုသော စကားကို ခင်ဗျား အမေ့လင် ဟု သုံးစွဲလိုက်လျှင် အတော်ပင် အခံရခက်၍ ထ ထိုးချင်လာမည်ကား မလွဲချေ။

အတင်းပြောဆိုခြင်းသည် တရားတော်နှင့် ဆန့်ကျင်ဘက်ဖြစ်၍ မကောင်းဘူးဟု ပြောဆိုသည့်ပြင် နားထောင်နေရသူကလည်း မိမိကို အထင်အမြင် သေးစေလေသည်။

၎င်းစိတ်၌လည်း ငါများ သည်လူ တခြား ငါကွယ်ရာမှာ သည်လိုပဲ ငါအကြောင်းများ မကောင်းပြော နေဦးမလား စသဖြင့် တွေးတော အထင်အမြင် သေးခြင်းကိုလည်း ခံရတတ်သည်။

၎င်းအတင်းစကားများကို နားထောင်နေသူက မိမိကြားရသည်နှင့်သာ ရပ်တန့်မနေဘဲ အပြောခံရသူထံ တစ်ဖန် သွားရောက်ပြောဆိုပါက သက်ရှင်းရခြင်း၊ ခိုက်ရန်ဒေါသ ဖြစ်တတ်ခြင်း၊ **ရန်ပြင် ကနားရောက်တတ်ခြင်း၊ မိမိကို ပျက်စီးအောင် ပြုလုပ်ခြင်း** တို့ကို ခံရတတ်လေသည်။

သူတစ်ထူးအကြောင်း ချီးကျူးပြောဆိုခြင်းသည် နာခံရသူကလည်း မိမိအား ကြည်ညိုဖို့ ယုံကြည်လာခြင်း၊ မိမိကို အထင်အမြင် မသေးနိုင်ခြင်း၊ တစ်ဖန် ကြားနာရသူက မိမိကြားနာရသည်နှင့် မနေသေးဘဲ

စကားတစ်ခုကို နားဝင်ချိုအောင်လည်း သုံးစွဲနိုင်၏။ ရင့်သီးအောင်လည်း ပြောဆိုနိုင်၏။

http://www.dhammadownload.com

အချီးမွမ်းခံရသူထံ သွားရောက်ပြောဆိုပါက မိမိအား ထိုချီးမွမ်းခြင်း ခံရသူ၌ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း၊ မိမိအား ပိုမိုချစ်ခင်လာခြင်း၊ မိမိအကျိုးကို ဆောင်ရွက်ပေးလိုသော စိတ်များ ပေါ်ပေါက်လာသဖြင့် မိမိ၌ အကျိုးကျေးဇူးများခြင်း၊ တရားနှင့်လည်း သင့်တင့်လျောက်ပတ်ခြင်းများ ဖြစ်လေသည်။

ထို့ကြောင့် သူတစ်ထူးအကြောင်းကို ကဲ့ရဲ့ခြင်း ထက် ချီးမွမ်းခြင်းကိုသာ ပြုရန် အထူးကြိုးစားပါ။ အကယ်၍ မချီးမွမ်းနိုင်ပါမူ ကဲ့ရဲ့ရှုတ်ချခြင်းကို ပြုမည့်အစား ဆိတ်ဆတ်နေသာ နေလိုက်ပါ။

ငွေဝင်ဘယ်လောက်ပင် များစေကာမူ ငွေထွက်ကို အနည်းဆုံး ၄ ပုံ တစ်ပုံ သိမ်းမထားသူသည် တစ်နေ့နေ့ ခါတိုင်းကဲ့သို့ ငွေမဝင်လျှင် ခါတိုင်းကဲ့သို့ မသုံးဖြုန်းနိုင်တော့သဖြင့် ကမောက်ကမနှင့် ချောက်ကျတတ်ချေ၏။

လူများ နေထိုင်၍ မကောင်းလျှင် ကုသပြုပြင်နိုင်ရန် ဆေးဆရာရှိ၏။ နာရီပျက်လျှင် ပျက်သော နာရီကိုပြင်ရန် နာရီပြင်ဆရာ ရှိ၏။ စက်ကြီး တစ်ခုခု ချို့ယွင်းပျက်စီးနေလျှင် ပြင်ဆင်မည့်သူ စက်ဆရာ ရှိ၏။ သို့သော် လူမမာများအတွက် ဆေးဆရာရှိဘိသကဲ့သို့လည်းကောင်း၊ ပျက်သောနာရီအတွက် နာရီပြင်ဆရာ ရှိဘိသကဲ့သို့လည်းကောင်း၊ ပျက်သောစက်ကြီးအတွက် စက်ဆရာရှိဘိသကဲ့သို့လည်းကောင်း မိမိ လုပ်ကိုင်နေသော အလုပ်ကြီးသည် တစ်နေ့တခြား ပျက်စီး ရှုံးပါးလာသောအခါ အလုပ်ပြင်ဆရာများမရှိသဖြင့် **တိုးတက်ရေးကို အစဉ်ရှေးရှုနေသော သူသည် မိမိလုပ်ငန်းကြီးကို မချို့ယွင်း မပျက်စီး မရှုံးပါးအောင် နေ့စဉ်နှင့်အမျှ မိမိအလုပ်ကို မိမိ အထူး သတိပြု၍ ကြည့်ရှုနေရမည်။**

တိုးတက်ရေး

အိမ်ရှင်မ

ဥစ္စာပစ္စည်း ရှာဖွေစုဆောင်းရာ၌ အိမ်ရှင်မသည် များစွာအရေးကြီး၏။ ကုန်ကျမည့်နေရာ၌ မကုန်ကျရန် ဖာ-ထေး-ဖွပ်-လျှော် နေရာတကျ လုပ်ကိုင်တတ်ခြင်းသည် ငွေဝင်ခြင်းတစ်မျိုးပင်ဖြစ်၏။

ဦးပဏ္ဍိုင်၊ ကြီးမွှားချမ်းသာရေး၊ ၁၄၇။

မိမိတာဝန်

ပေါ့ဆ၍ ဉာဏ်အမြော်အမြင် နည်းသူတို့သည် အိမ်တွင်းရှိ ဆန်အိုး၌ လက်ကောက်ဝတ် မြုပ်အောင် ဆန်ရှိမူ ယနေ့ အလုပ်မလုပ်လိုကြ။ လုံးလုံးကို စားစရာမရှိတော့မှ ထ၍ အလုပ် လုပ်လိုကြ၏။ ဆန်အိုးတွင် ဆန်ရှိသည် မရှိသည်မှာ မိမိတာဝန် မဟုတ်။ (နေ့စဉ် နေ့တိုင်း အလုပ်လုပ်ရန်မှာ မိမိတာဝန်ဖြစ်၏။) အလုပ် လုပ်ရန်မှာ ဆင်းရဲသားများသာမဟုတ်၊ ၂-သောင်း၊ ၃-သောင်း ရှိသူများနှင့် ၂-သိန်း၊ ၃-သိန်းရှိသူများလည်း အလုပ်ကို မရပ်မနားဘဲ ဆက်လက် လုပ်ကိုင်သွားရန် ၎င်းတို့၌ တာဝန်ရှိ၏။ (အလုပ်မလုပ်ဘဲ ရပ်နားလိုက်လျှင် မတိုးတက်တော့ဘဲ လျော့ကျဖို့သာ ရှိ၏။) မရပ်နားဘဲ ဆက်လက်လုပ်ကိုင်သွားမှု အရှိန်ရသဖြင့် မပင်ပန်းတော့ဘဲ သူဌေးဘွဲ့၊ ဆာဘွဲ့ကို လွယ်ကူစွာ ရရှိနိုင်လေသည်။ လောကကြီးသည် သင့်အား သူဌေးဘွဲ့ပေးရန်၊ ဆာဘွဲ့ပေးရန် စောင့်နေ၏။ သင်သာ မရပ်မနား ကြိုးစားသွားပါ။ ဘွဲ့ထူး ဂုဏ်ထူးပေးရန်မှာ လောကကြီးက သင့်အား စောင့်လျက်ရှိ၏။

http://www.dhammadownload.com

တိုးတက်ရန် မှတ်စု

Largest Circulation Among Monthlies Guaranteed.

THE EFFICIENCY MAGAZINE

လူသည် ခေတ်အားလျော်စွာ၊ အချိန်အားလျော်စွာ လိုက်၍ လုပ်ကိုင်ရသော **သတ္တဝါတစ်မျိုး** ဖြစ်၏။ သဘာဝဓမ္မနှင့် ဗုဒ္ဓဓမ္မကို ချန်လှပ်၍ ကျန်ကိစ္စ အဝဝတို့ကို ခေတ်အားလျော်စွာ၊ အခါအားလျော်စွာ မပြုပြင် မပြောင်းလွဲဘဲ နည်းဟောင်းကြီးများကို သိုး သတ္တဝါများကဲ့သို့ အစဉ်လိုက်၍ နေမည်ဆိုပါလျှင် ထိုသူသည် တကယ့်ယောကျ်ားတစ်ယောက်ဟု ခီုး မွမ်းလောက်အောင် **မဖြစ်နိုင်**ချေ။

ယောကျ်ားဟူသည် သတ္တိရှိရ၏၊ စွန့်စားရဲရ၏၊ ဆင်းရဲမည်ကို မကြောက်ရ၊ ဒုက္ခရောက်မည်ကို မီ ကြောက်ရ၊ ဆင်းရဲခြင်း၊ ဒုက္ခရောက်ခြင်းတို့မှာ ကျွန်ုပ်တို့ မွေးစဉ်အခါက ဆင်းရဲရသလောက်၊ ဒုက္ခခံခဲ့ရသ လောက် ဆင်းရဲမည်၊ ဒုက္ခရောက်မည့်အခါ မရှိတော့ ချေ။

လူတို့၌ နိဗ္ဗာန်မရသမျှ ၃၁-ဘုံ၌ ကျင်လည်နေရ **သမျှ** ကာလပတ်လုံး အနိစ္စတည်းဟူသော မမြဲသော **သဘော**သည် အစဉ်တွယ်ကပ်ပါရှိ၏။ ဒုက္ခတည်းဟူ သော ဆင်းရဲခြင်းသည် အစဉ် ပူးတွဲ တွယ်ကပ်နေ၏၊ ထို့ကြောင့် မိမိလက်ရှိ အခြေအနေထက် မမြဲသော သဘောဖြင့် ရွှေ့လျောကျဆင်းသွားရသော အခါ၌ လည်းကောင်း၊ ဆင်းရဲဒုက္ခ တွေ့ကြုံရသော အခါတို့၌ လည်းကောင်း စိတ်ညစ်ရာ၊ စိတ်ပျက်စရာ မဖြစ် သင့်ကြပေ။ သစ်ပင် ဆိုလိုက်သည့်တစ်ပြိုင်နက် အ ကိုင်း အခက် အရွက်တို့ကို ဉာဏ်မျက်စိတွင် ထင် ပေါ်လာဘိသကဲ့သို့ လူ ဆိုလိုက်သည်နှင့်တစ်ပြိုင်နက် လူတွင် ဆင်းရဲဒုက္ခ ပူးတွဲနေသည်ကို သိရှိထား **အပ်**၏။

စွန့်စားတိုင်း တိုးတက်ပြီး ရည်ရွယ်ချက်ကို ရောက် မလားဟု စောဒကတက်စရာ ရှိ၏။ စွန့်စားတိုင်း အောင်မြင်သည်လည်း ရှိ၏၊ မအောင်မြင်သည် လည်း ရှိ၏။

စွန့်စားသဖြင့် အောင်မြင်သော် ကောင်းပါ၏၊ စွန့်စားသဖြင့် မအောင်မြင်ဘဲ ဒုက္ခရောက်သော် "ထိုင်နေအကောင်းသား၊ ထသွားမှ ကျိုးမှန်းသိ" ဆိုဘိ သကဲ့သို့ မဖြစ်တုံလောဟု ထပ်၍ လောစရာ ဖြစ်လာ ပြန်၏။

ဤ၌ ပထမမူရင်းဖြစ်သော တကယ့်ယောကျ်ား ဟူသော အဓိပ္ပာယ်စစ်ကို သတိမေ့သွားပြန်ပြီ ဖြစ် ၏။ တကယ့်ယောကျ်ားတို့မည်သည် စွန့်စားခြင်း သည်သာ လက်နက်ကောင်း ဖြစ်၏။ တစ်ဖန်လည်း လူ သည် ဒုက္ခနှင့် အစဉ်ပူးတွဲနေသည်ကို သတိလစ်သွား ဟန်တူပြန်၏။ အချုပ်ကိုဆိုသော် **တကယ့်ယောကျ်ား ဖြစ်လိုသူ၌ အောင်သည်၊ မအောင်သည်မှာ ၎င်း အလုပ်မဟုတ်။ စွန့်စားရမည်သာ ၎င်းအလုပ်ဖြစ်**၏။

ရာဇဝင်တွင် အလောင်းမင်းတရားကြီး ယခုတိုင် နာမည် ထင်ရှားနေရခြင်းနှင့် ဥရောပတိုက်တွင် နပိုလီယံ ဟု ယခုတိုင် ထင်ရှားနေရခြင်းမှာ ရဲရင့် စွန့်စားခြင်းကြောင့် ဖြစ်လေသည်။

ယောကျ်ားဟူသည် သတ္တိရှိရ၏၊ စွန့်စားရဲရ၏၊ ဆင်းရဲမည်ကို မကြောက်ရ၊ ဒုက္ခရောက်မည်ကို မကြောက်ရ၊ ဆင်းရဲခြင်း၊ ဒုက္ခရောက်ခြင်းတို့မှာ ကျွန်ုပ်တို့ မွေးစဉ်အခါက ဆင်းရဲရသလောက်၊ ဒုက္ခခံခဲ့ရသလောက် ဆင်းရဲမည်၊ ဒုက္ခရောက်မည့်အခါ မရှိတော့ချေ။

http://www.dhammadownload.com

> **မင်္ဂလာတရားဟူသည် အမြင်၌ လွယ်ကူလှသည်၊ အရေးမကြီးလှဟု ထင်ရသော်လည်း ၎င်းတရားတို့ကို သာမန်အညာတြလူတို့ မှီဝဲသုံးစွဲနိုင်သော တရားများ မဟုတ်။**

စွန့်စားသဖြင့် အောင်မြင်သော် ဝမ်းသာ ဝမ်းမြောက်နိုင်သဖြင့် ကောင်းလှပေ၏။ မအောင်မြင်သော် စိတ်ညစ်စရာ၊ ဝမ်းနည်းစရာ၊ ဒုက္ခရောက်စရာဟု ရုတ်တရက် ထင်မှတ်စရာ မဟုတ်တုံလော။

မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် သာမန် လူတို့သည် မိမိလုပ်ကိုင်သည့်အခါ အောင်မြင်သဖြင့် ဝမ်းသာကြကုန်၏။ မအောင်မြင်သော် ဝမ်းမသာနိုင်၊ စိတ်ညစ်၏။ စိတ်ပျက်၏။ အချို့တို့ကား မိမိကိုယ်ကို ပိမိုပင်လျှင် သတ်သေကြ၏။ ဤ၌ အောက်တန်းစား သဘောမျှသာ ဖြစ်၏။

မိမိကိုယ်ကို မိမိ သတ်သေရခြင်းသည် ဒုက္ခဝေဒနာကို တာရှည်စွာ ခံစားနေနိုင်သလောက် သတ္တိ မကောင်းခြင်းကြောင့်သာ လက်လျှော့၍ ထွက်ပြေးခြင်း ဖြစ်၏။

သူတစ်ဦးကို ထိုးရဲသည်ထက် သူတစ်ဦး၏ ထိုးခြင်းကို ခံရဲသူသည် (ဝါ) သူတစ်ပါးကို ကဲ့ရဲ့ ဆဲရေးခြင်းကို ပြုရဲသူတို့ထက် သူတစ်ပါး၏ ထိုးခြင်း၊ ကဲ့ရဲ့ ဆဲရေးခြင်းကို ခံရဲသောသူသည် သာ၍ သတ္တိ ရှိ၏ဟု ပညာရှိတို့ ဆိုစမှတ် ပြုလေ့ရှိသည့်အတိုင်း မိမိလုပ်သဖြင့် အောင်မြင် ထမြောက်သောအခါ ရှင်ပြုံးစွာ နေနိုင်သူထက် မိမိလုပ်လိုက်သည်မှာ မအောင်မြင်၊ အထမမြောက်ဘဲ ဆုံးရှုံးနစ်နာသွားသည်ကိုပင် စိတ်မပြို ငြင်ဘဲ ပြုံးရွှင်စွာ နေနိုင်သူသည် ပထမ အောင်မြင်သဖြင့် ပြုံးရွှင်စွာ နေနိုင်သူထက် ပိုမိုယောကျ်ားစစ်သဖြင့် ၎င်းပုဂ္ဂိုလ်မျိုးမှသာလျှင် တကယ့်ယောကျ်ား အတန်းအစားများထဲတွင် ပါဝင်နိုင်လေသည်။

မင်္ဂလာတရားတော်၌ "စိတ္တံ ယဿ နကမ္မတိ" ဆိုသည်နှင့်အညီ လောကခံတရား ၈-ပါးတို့အနက် မကောင်းသော ၄-ပါးတို့နှင့်တွေ့ဆုံသောအခါ မတုန်လှုပ် မချောက်ချားဘဲ နေနိုင်ခြင်းသည် မင်္ဂလာတစ်ပါး ပင်တည်းဟု ရှင်တော်ဘုရား မိန့်ကြားတော်မူ၏။

မင်္ဂလာတရားဟူသည် အမြင်၌ လွယ်ကူလှသည်၊ အရေးမကြီးလှဟု ထင်ရသော်လည်း ၎င်းတရားတို့ကို သာမန်အညာတြလူတို့ မှီဝဲသုံးစွဲနိုင်သော တရားများ မဟုတ်။ တကယ့် အထက်တန်းစားများသာ အမြဲသုံးစွဲနိုင်သော တရားများ ဖြစ်လေသည်။

တစ်ဖန်တုံလည်း ရှေးရှေးအာစရိယဝါဒများနှင့် လောကနီတိကျမ်းစာအရ နှိုင်းယှဉ်ရမည်ဆိုသော် စန္ဓကူးပင်တို့သည် ခြောက်သွေ့သော်လည်း မိမိပင်ကို၏ အနှံကို မစွန့်ကုန်။

ဆင်ပြောင်တို့သည် စစ်မြေပြင်သို့ ရောက်သော်လည်း တင့်တယ်ခြင်းကို မစွန့်ကုန်။ ကြံတို့သည် ကြံကြိတ်စက်၏အတွင်းသို့ ရောက်သော်လည်း အချိုကို မစွန့်ကုန်။ ပညာရှိ သူတော်ကောင်းတို့သည် ဆင်းရဲဒုက္ခသို့ ကျရောက်သော်လည်း တရားကို မစွန့်ကုန် ဆိုဘိသကဲ့သို့ တကယ့်ယောကျ်ားဟု ခေါ်ဆိုခြင်းကို ခံအပ်ကုန်သော် လုလင်တို့သည် အဘယ်အတိမ္မ မိမိဆောင်ရွက် ဆုံးရှုံးနစ်နာကုန်သော်လည်း ရှင်လန်းဝမ်းမြောက်ခြင်းကို မစွန့်ကုန်။

အို-လုလင်ပျို

တိုးတက်ခြင်းကို အလိုရှိ၍ တကယ့်လူ ဖြစ်လိုသော အို-လုလင်ပျို အသင် လုလင်ပျိုသည် အညာတြလူသာမန် အတန်းစားတွင် မနေလိုမူ၍ တကယ့် လူတစ်ယောက် ဖြစ်လိုပါမူ-

ရဲရင့်လော့
သတ္တိရှိလော့
စွန့်စားလော့

သို့မှသာလျှင် တိုးတက်နေသော တကယ့်ယောကျ်ားတို့၏ အဆင့်အတန်းကို လက်လှမ်းနိုင်ပေမည်။

http://www.dhammadownload.com

တိုးတက်ရေး

(ကြေးခြောက်များဝယ်ရေးအတွက်)



ဦးပဏ္ဍိတ ဘယ်နည်းနှင့်၊ တိုးတက် ကြီးပွါးလာရသနည်း။

ချစ်ဆွေသည်၊ ခေတ်ကြီးဆိုးဘဖြင့်မကြီးပွါးဖျင်းသာနိုင်ဘူးဟု၊ ထင်နေပါသလား။ ထင်လျှင်-မှား၏၊ ချစ်ဆွေ၏ တိုးတက်ကြီးပွါးချမ်းသာရေးမှာ၊ ခေတ်နှင့် ဘာမျှမဆိုင်။ ထိုကြောင့်၊ ယခု-ခေတ်ဆိုးကြီးဒဏ်ခံနေရသည်၊ ချမ်းသာသူ-အနည်း၊ ကြွယ်ဝသူအသစ်များ တွေ့ရှိနိုင်ခဲ့ရလေသည်၊

ထိုကြောင့်၊ ကြီးပွါးချမ်းသာရေးဘို့မှာ၊ ကြီးပွါးချမ်းသာရေးသို့ ရောက်အောင်၊ ဘို့ဆောင်နိုင်သော နည်းကောင်း-နှည်းမှန်ဘို့ကိုသိရန်၊ အထူးအရေးကြီး၏၊ ထို-နည်းကောင်း နည်းမှန်တို့ကို ပယဋဘူတ မှုန်ကုန်ကျခံစွဲသည်သို့မူ၊ ကျွန်ုပ်ကိုယ်တိုင် ဆောင်ရွက်ခဲ့သဖြင့် ကြီးပွါးချမ်းသာလာခဲ့ရသော၊ နှည်းအပေါင်းတို့ကို မုဆောင်း၍ ဖော်ပြသွားပါမည်။ ''ကြီးပွါးချမ်းသာရေး'' စာအုပ်ကို၊ ယခုမှစာ ယူဘတ်ရှုပါလော၊ စာအုပ်မပါင်း-ဘဏ်သင်း (၁၀၀၀၁)ကျော်ကုန်ပဲ့သေး၏၊ ချစ်ဆွေသည်၊ အာယ်ကြောင့် အောက်ကျ-နောက်ကျ ဖုက်ခဲ့စံစားပါသနည်း၊ ယခုဘတ်-နက်ဖန်စိတ်ပြောင်း၍၊ သဘက်ခါ၌၊ ချမ်းသာရအည်၊

''ကြီးပွါးချမ်းသာရေး'' စာအုပ် အတိုး-ဒီ-၄ ပဲ။

• အမြို့မြို့တွင်လည်း၊ ကိုယ်စားလှယ်များ အလိုရှိပါသည်၊ ငွေအရင်မပေးရ၊ အပြတ် အများဆုံးရမည်၊ စုံစမ်းပါ။—

—မှာ ကြား ရန် ဌာန—

တိုးတက်ရေးမဇ္ဈိမ။ ၂၆-ဇရာဝတီသစ်၊ အလုံရပ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com

လခစားတို့ဇာ၏ တိုးတက်ကြီးပွားမှု

ကျွန်ုပ်သည် စာရေးကလေး အဖြစ်ဖြင့်လည်း ကောင်း၊ စာရေးကြီးအဖြစ်ဖြင့်လည်းကောင်း နှစ် ပေါင်း ၂၀-ခန့် လုပ်ကိုင်ခဲ့ရပြီဖြစ်၍၊ စာရေးတို့၏ တိုးတက်ကြီးပွားမှုကို ရေးမည်ဆိုလျှင် ရေးနိုင်ပြီ ဖြစ်၍ အောက်ပါအတိုင်း အမျိုးသား လခစားများတို့၏ တိုးတက်ကြီးပွားရေးအတွက် ရေးသား ဖော်ပြလိုက် ရပေ၏။။

လခစားတို့မည်သည် အလုပ်ရှင်၏ စိတ်ကျေနပ် အောင် လုပ်ရန်မှာ မိမိတို့၌ ပထမအရေးကြီးဆုံး သော အချက်တစ်ရပ် ဖြစ်လေသည်။

စိတ်ကျေနပ်အောင်ဆိုရာ၌ အကြီးအကျယ် မိမိ မနိုင်သည့်ဝန်ကို ဆောင်ရွက်လုပ်ကိုင်ရန် မဟုတ်။ မိမိသို့ တာဝန်လွှဲပေးထားသည်ကို မမှားအောင်၊ မ လစ်ဟင်း မပျက်ကွက်ရအောင် ဂရုပြု၍ တိတိကျကျ ဆောင်ရွက်ခြင်းပင်လျှင် အလုပ်ရှင်၏ စိတ်ကျေနပ် ခြင်းကို ဖြစ်စေလေသည်။

တစ်နည်းလည်း အလုပ်ချိန်တွင် အနည်းငယ် သာသာထိုးထိုး ပြုခြင်းသည်လည်း လခစားတို့၏ တိုး တက်ကြီးပွားမှုတစ်ရပ် ဖြစ်လေသည်။

ဥပမာ- အလုပ်ချိန်မှာ နံနက် ၉-နာရီ တက်၍ ညနေ ၅-နာရီ ဆင်းရသော လခစားတစ်ယောက် သည် နံနက် ၉-နာရီ မထိုးမီ ၅-မိနစ်၊ ၆-မိနစ်စောလျှင် အလုပ်တက်ပြီးလျှင် ညနေ ၅-မိနစ်၊ ၆-မိနစ် နောက် ကျ၍ ဆင်းသောလခစားမှာ မည်သို့ မည်မျှပင် ပို၍ ဝန်မလေးသော်လည်း အလုပ်ရှင်၏စိတ်တွင် ဤသူ ကား အလုပ်ကြိုးစားသူ၊ အလုပ်ကို ဂရုပြုသူ ဟူ၍ ယူဆကာ နောင် နေရာကောင်းများ ပေါ်ပေါက် သောအခါ ထိုသူမျိုးကို တင်မြှောက်ပေးတတ်လေ သည်။

အလုပ်ထဲတွင် စကားဖောင်လောက်အောင် အ လုပ်နှင့် မဆိုင်သော ကိစ္စတို့ကို ပြောဆိုခြင်းမပြုရာ။ စကားပြောဆိုနေခြင်းသည် အလုပ်တွင် စိတ်မရှိ ကြောင်း ထင်ရှားစေသည်သာမက အလုပ်များ မပြီး စီးနိုင်စေခြင်း၏ အရင်းမူလ အချက်တစ်ရပ် ဖြစ်လေ သည်။

အလုပ်ခွင်တွင် မိမိကိစ္စ ပြီးစီးသည့်အခါ အနှီးရှိ လုပ်ပေါင်း လုပ်ဖော်တို့၏ အလုပ်များကို ကူညီ ဆောင်ရွက် လုပ်ကိုင်ပေးရမည်။

အထူးသဖြင့် မိမိအောက်လူ အလုပ်များထက် အထက်လူ အလုပ်ကို ကူညီလုပ်ကိုင်ပေးရမည်။ သို့မှ အထက်လူ၏ 'အလုပ်များကို နားလည်ပြီးသား ဖြစ်ပြီး လျှင် နောင်အထက်လူကြီး၏ နေရာ၌ လူလိုခဲ့သော် မိမိအား ခန့်ထားခြင်းကို ခံရပေလိမ့်မည်။

အလုပ်ထဲတွင် အထက်လူကြီးများ၏ ခိုင်းစေ ချက်ကို ဆင်ခြေဆင်လက်ပေးကာ မလုပ်ဘဲ မနေရ။ ပေးသမျှကို ဒိုင်ခံ၍ လုပ်ပေးခြင်းမှာ မိမိ၌ အလုပ် နားလည်ရုံမျှမက ရာထူးတိုးခြင်း၊ လခတိုးခြင်းတို့၏ အဓိကအချက် တစ်ရပ် ဖြစ်လေသည်။

အလုပ်ဝင်ရောက် လုပ်ကိုင်သောအခါ လခငယ် သဖြင့် ချက်ချင်း လခကြီးခြင်းကို အလိုမရှိပါလေနှင့်။ လခကြီးသူ စာရေးကြီးများမှာ ကျောင်းမှ ထွက်လျှင် ထွက်ချင်း၊ အလုပ်ဝင်လျှင် ဝင်ချင်း ထိုကြီးကျယ်လှ သော လခကြီးများကို ရရှိလာသူများ မဟုတ်ချေ။ မိမိကဲ့သို့ပင် ဝင်လျှင်ဝင်ချင်း အစိတ်၊ သုံးဆယ်က

အလုပ်ဝင်ရောက် လုပ်ကိုင်သောအခါ လခငယ်သဖြင့် ချက်ချင်း လခကြီးခြင်းကို အလိုမရှိပါလေနှင့်။ လခကြီးသူ စာရေးကြီးများမှာ ကျောင်းမှ ထွက်လျှင်ထွက်ချင်း၊ အလုပ်ဝင်လျှင်ဝင်ချင်း ထိုကြီးကျယ်လှသော လခကြီးများကို ရရှိလာသူများ မဟုတ်ချေ။

http://www.dhammadownload.com

စ၍ လုပ်ကိုင်လာရသူများ ဖြစ်လေသည်။ မိမိလည်း နှစ်ရှည်လများကြာလျှင် ၎င်းတို့ကဲ့သို့ပင် လခကြီးများကို ရရှိမည်ကား အမှန်ပင် ဖြစ်ချေသည်။

အလုပ်ဝင်လျှင် ဝင်ချင်း အလုပ်အကြောင်းကို မသိသဖြင့် ခက်သည်ဟု ထင်မှတ်ပြီးကာ စိတ်မပျက်ပါလေနှင့်။ ၎င်းအခက်သည် ၆-လ၊ တစ်နှစ်သာ ခက်နိုင်လေသည်။ ၆-လ၊ တစ်နှစ်မျှ ကြာသော် ခက်သည် ထင်ရသောအလုပ်များမှာ စင်စစ် မခက်ကြောင်း ထင်ရှားလာပါလိမ့်မည်။

အလုပ်ထဲတွင် ပေါင်းသင်းဆက်ဆံသည့်အခါ စိတ်နေစိတ်ထား အောက်တန်းစားကျသော သူများနှင့်သော်လည်းကောင်း၊ ခါးအထက်ကိုသာ စကားပြောတတ်သူများနှင့်သော်လည်းကောင်း၊ ခြင်ထောင်အတွင်း၌သာ ပြောဆိုလေ့ရှိသော သူများနှင့်သော်လည်းကောင်း အပေါင်းအသင်းမပြုရ။ ၎င်းတို့သည် အမောင်တို့၏ ကြီးပွားရေးကို ဆွဲချသော ရန်သူများဟု ယူဆပြီးလျှင် အထူးသတိပြု၍ ရှောင်ကြဉ်ရမည်။

တက်လူ လခစားများအတွက် အသိဉာဏ် အမြော်အမြင်နှင့် ပြည့်စုံသော စာရေးကြီးများနှင့်သော်လည်းကောင်း၊ တိုးတက်ရာ တိုးတက်ကြောင်း၊ ကြီးပွားရာ ကြီးပွားကြောင်း အကြံဉာဏ် ပေးနိုင်သော သူများနှင့်သော်လည်းကောင်း၊ မိမိအား အထက်လူကြီးများက စိတ်ပျက်ဖွယ် ကြိမ်းသောအခါတို့၌ မိမိအား စိတ်မပျက်စေရန်အတွက် အကြောင်းအကျိုးပြကာ အားပေးတတ်သော သူများနှင့်သော်လည်းကောင်း ပေါင်းသင်းဆက်ဆံ နေထိုင်ရမည်။

အလုပ်ထဲတွင် မိမိအလုပ်အကြောင်းကို က-ကြီးမှ အ-အထိ နားလည်နေသူဖြစ်အောင် ကြိုးစားထားရမည်။ တစ်နည်းဆိုသော် ဘာမဆို အလုပ်အကြောင်းနှင့် ပတ်သက်လျှင် မိမိအား မေးချင်တာကိုမေး၊ ဖြေနိုင်သော အဘိဓာန်ကြီးတစ်ခု ဖြစ်နေအောင် ကြိုးစားထားရမည်။

မိမိကိုယ်တိုင် ကျစ်လျစ်သေသပ် ပိပြားစွာ ဝတ်ဆင်ထားရမည်။ အင်္ကျီကို ဖိုသီဖတ်သီ၊ လုံချည်ကို ဖိုသီဖတ်သီ၊ ဆံပင်၌ ဆီများမရှိ၊ ကျိုးကန်းသိုက်သဖွယ် မထားရာ၊ သွားများကို အစဉ် စင်ကြယ်စွာ ပွတ်တိုက် ဆေးကြောထားရမည်။ ပါးစပ်မှ စကားပြောသောအခါ နံစော်သော အနံ့များ မထွက်ရန် ဝမ်းတွင်းကိုလည်း သန့်ရှင်းစွာ ထားရမည်။

ခဏခဏ မကျန်းမာခြင်း၊ ခဏခဏ ခွင့်တိုင်ခြင်းများကို မပြုရ။ ခဏခဏ မကျန်းမာသော် မိမိအား အရည်အချင်း မရှိသူ၊ တာဝန်ကြီးကို မဆောင်ရွက်နိုင်သူဟု ယူဆခြင်းကို ခံရတတ်လေသည်။

အထက်လူကြီးက မိမိအား ချစ်ခင်လေးမြတ် ဂရုပြုရန်မှာ လခစားတို့တွင် အရေးကြီးသော အချက်တစ်ရပ် ဖြစ်လေသည်။ ထိုသို့ဖြစ်ရန်မှာ ဆလံပေးခြင်း၊ ရှိခိုးခြင်းတို့နှင့် မပြီးချေ။ **မိမိအလုပ်ကို မိမိမှားအောင်** လုပ်ခြင်းသည် **အထက်လူကြီးတို့၏** အယုံအကြည် အလေးဂရုပြုခြင်းကို အခံရဆုံး ဖြစ်လေသည်။

ကျွန်ုပ်သည် ကုမ္ပဏီကြီးတစ်ခုတွင် လက်အောက်ခံ လခစားလည်း လုပ်ခဲ့ပေ၏။ မိမိကြီးမှူး အုပ်ချုပ်၍ လုပ်ကိုင်နေသော တိုးတက်ရေး စာပုံနှိပ်တိုက်၊ တိုးတက်ရေး မဂ္ဂဇင်း၊ ဘားမားဂျာနယ် စသည့် အလုပ်များတွင် လုပ်ကိုင်ရန် စာရေးစာချီ၊ ကူလီမှစ၍ လုပ်သားပေါင်းများစွာ ရှိသဖြင့် အလုပ်ရှင်တစ်ဦး အဖြစ်ဖြင့် ဆောင်ရွက်လျက် ရှိခဲ့ပေ၏။ ထို့ကြောင့် လခစားသဘောကိုလည်း နားလည်၍ အလုပ်ရှင်သဘောကိုလည်း စာတွေ့မဟုတ်၊ ငါတွေ့ နားလည်ခဲ့၏။

ကျွန်ုပ်တိုက်တွင် **ကျွန်ုပ် အလေးဂရုအပြုဆုံး၊ ကျွန်ုပ် အားအကိုးဆုံးကား မိမိတာဝန်ကို မမှားမယွင်းအောင် တိတိကျကျ ဆောင်ရွက်နေသူကို ကျွန်ုပ်သည် အားအကိုးဆုံး၊ ကျွန်ုပ် သဘောအကျဆုံး ဖြစ်၏။** ထိုသူသည် တစ်နေ့နေ့၌ ကျွန်ုပ်၏လုပ်ငန်းတွင် အထွတ်အထိပ်၌ နေရမည်သူ အမှန်ဖြစ်တော့၏။

ဦးပဏ္ဍိုင်၊ ဟန်ကျပန်ကျနှင့် စိတ်တန်ခိုး၊ ၇၁-၇၅။

http://www.dhammadownload.com

ရှေ့ကို တိုးလော့

လူတို့မည်သည် ကမ္ဘာလောကပေါ်တွင် ဉာဏ်အကြီးဆုံးသော သတ္တဝါများဖြစ်၍ မိမိ၏ဉာဏ်ကို အသုံးပြုနိုင်သလောက် အသုံးပြုကာ ရပ်နားခြင်း မရှိဘဲ တိုးတက်နိုင်သလောက် တိုးတက်အောင် ဆောင်ရွက်ရာ၏။ တစ်နေ့လုပ်ကိုင်ခြင်းမှ ရပ်နားနေခြင်းသည် နောက်သို့ ပြန်၍ဆုတ်သော အကြောင်းရင်းပင် ဖြစ်ချေ၏။ အဘယ်ကြောင့်ဆိုသော် မိမိကဲ့သို့ ပြေးလွှား ရှာကြံလျက် ရှိသူပေါင်း များစွာရှိ၍ မိမိရပ်နားလိုက်သည်နှင့် ထိုသူများမှာ မိမိထက် တစ်လှမ်း နှစ်လှမ်း သာ၍သွားသောကြောင့် ဖြစ်ချေသည်။

လူတစ်ဦး၏ ယခုအခြေအနေသည် ရှေးက ကြိုးပမ်းခဲ့ဖူးသော အခြေအနေနှင့် မသက်ဆိုင်တော့ချေ။ ရှေးက ကြိုးပမ်းခဲ့ဖူးသည်၊ အထွတ်အထိပ်သို့ ရောက်ခဲ့ဖူးသည်ဟူသော အကြောင်းတို့ကို လွှမ်းဆွတ် တမ်းတနေ၍လည်း ယခုအခြေအနေ၌ တိုးတက်ကြိုးပမ်းမည် မဟုတ်၊ တိုးတက်ကြိုးပမ်းခြင်း၏ အရသာကို မြိန်မြိန်ရှက်ရှက် ခံစား၊ စံစားလိုသော သူအပေါင်းတို့သည် မိမိ၏ ထိုးထွင်းသောဉာဏ်ကို ရှေ့သွားပြုလျက် ရပ်နားခြင်း မရှိဘဲ အကြိတ်အနယ် ကြိုစည်အားထုတ် လုပ်ကိုင်ကြကုန်ရာ၏။

နောက်သို့ အနည်းငယ်မျှ စောင်းငဲ့ကာ မကြည့်ဘဲ ရှေ့၌ရှိသော မိမိအား မှောက်လျက်လဲစေမည့် ခလုတ်၊ တံသင်းတည်းဟူသော သူတစ်ပါး၏ စိတ်ပျက်စဖွယ်၊ နှောင့်ယှက် ဖျက်ဆီးချက်တို့ကို ရှောင်ကာ၊ လွှဲကာ၊ ခုခံကာနှင့် တစ်လှမ်းချင်း ရှေ့သို့ တိုးတက်၊ တိုးတက်သွားရာ၏။ ငါ အထွတ်အထိပ်သို့ ရောက်သည်ဟု ကျေနပ်လျက် သွားနေသောလမ်းအတွင်း တစ်နေရာတည်း၌ ရပ်၍လည်း မနေရာ၊ အဘယ်ကြောင့်ဆိုသော် ကမ္ဘာလောကပေါ်တွင် ကြိုးပမ်းရုန်းကို အပြေးအလွှား ရှာနေကြသည်မှာ အမောင် တစ်ယောက်တည်း မဟုတ်ချေ။ အမောင်ကဲ့သို့ အများအပြားပင် အပြေးအလွှား ရှာဖွေနေကြသဖြင့် အမောင် တစ်နေရာတွင် ရပ်နေမိသည်နှင့် စိတ်အား ထက်သန်လျက်ရှိသော သန်စွမ်းသူများက အမောင်ရပ်နေရာအထိ ရောက်အောင် လာပြီး အမောင်ကိုပင် ကျော်လွှားလျက် ရှေ့သို့ တိုးတက်၊ တိုးတက်သွားလေလျှင် အမောင်မှာ တစ်ယောက်ပြီး တစ်ယောက် ကျော်ကာ၊ လွှားကာ သွားကြသည်ကို ခံရကာ ရှိနေပြီးနောက် ယခင်အခါက မိမိနောက်က လိုက်နေသူများသည် ယခု မိမိ၏ရှေ့တွင် အခံသားနေထိုင်သည်ကို တွေ့ရပါမူကား မိမိမှာ ကြွားဝါစရာ မရှိတော့ဘဲ "ငါ ရှင်ပြုတုန်းက ရွှေထီးဆောင်းဖူးပါတယ်ကွာ" ဟူသော စကားမျှကိုသာ အသားယူပြောနိုင်သော အခြေသို့ ဆိုက်ရောက်ပေတော့အံ့။

ယခုခေတ်ကား တစ်နာရီတွင် မိုင်ပေါင်းများစွာ ရောက်နိုင်သော လေယာဉ်ပျံခေတ်ဖြစ်၍ လှေ၊ လှည်းတို့နှင့် သွားနေစရာ မလိုတော့ချေ။ မြန်နိုင်မှ ကောင်းသောခေတ်တွင် မြန်စေရချေမည်။ ဤနည်းနှင့် မသာလျှင် (ဝါ) မမြန်လျှင် ထိုနည်းကို အသုံးပြုပါလေ။ နည်းတစ်မျိုးတည်းနှင့်လည်း မနေဘဲ နည်းအမျိုးမျိုးဖြင့် တိုးတက်ကြံစည်ရာ၏။ **မနေ့က ပဲဟင်းနှင့် ထမင်းစားလျှင် ယနေ့ ငါးဟင်းနှင့် ထမင်းစားရအောင် ကြံပါလေ။ မနေ့ကလည်း ပဲဟင်း၊ ယနေ့လည်း ပဲဟင်း၊ နက်ဖြန်လည်း ပဲဟင်း ဆိုလျှင် နောင် ၁၀-နှစ်ကြာသော်လည်း ပဲဟင်းပင် ဖြစ်၍နေပေလိမ့်မည်။** မနေ့ကထက် ယနေ့သာအောင် ကြိုးစားရမည်။ ထိုကဲ့သို့ နေ့စဉ်မှန်မှန် "ကြိုးစားသွားပါကလောကဌ မဖြစ်နိုင်ဖွယ် အကြောင်းသည် ရှိလိမ့်မည် မဟုတ်။ သို့ဖြစ်၍ မနေ့ကထက် ယနေ့ တိုးတက်ရမည်ဟု စိတ်ကို ပိုင်းဖြတ်၍ ကြိုးစားရာသည်။

အလုပ်တွင်လည်း နည်းအမျိုးမျိုးကို တိုးတက်ထွင်ပေးရာ၏။ **စာရေးဆရာသည် မနေ့က ဤစာမျိုး**

http://www.dhammadownload.com

ကို ရေးလျှင် ယနေ့ တိုင်းပြည်အား မျက်စိပွင့်နိုင်စေမည့် ယခင်နေ့ကထက် ကောင်းသောစာကို ရေးရာသည်။ သတင်းစာဆရာသည် မနေ့က သတင်းစာထက် ယနေ့သတင်းစာကို သာ၍ ကောင်းအောင် စီစဉ်ရာသည်။ တရားဟောဆရာသည် မနေ့က ဟောသော တရားထက် ယနေ့ ဟောသောတရားကို သာ၍ စူးရှထက်မြက် အဆီအနှစ်နှင့် ပြည့်စုံစေရာသည်။ စျေးသည်သည် မနေ့က ၅၀-ဖိုး ရောင်းရလျှင် ယနေ့ ၆၀-ဖိုး ရောင်းရအောင် အစဉ်စိတ်ကူး၍ ကြိုးစားရာသည်။

အချုပ်မှာ မနေ့ကထက် ယနေ့ ပြုလုပ်သော အလုပ်က သာ၍ ကောင်းစေရမည်။ ယနေ့အလုပ်ထက် နက်ဖြန်အလုပ်က ပို၍ ကောင်းစေရမည်။ သို့မှလည်း တစ်နေ့ထက် တစ်နေ့ တိုးတက်လျက် တစ်နာရီကို ခရီးမိုင်ပေါင်းများစွာ အပြင်းပြေးနေသော ခေတ်နှင့် ယှဉ်ပြိုင်၍ နင်လား၊ ငါလား လိုက်နိုင်ပေမည်။ သို့မဟုတ်ပါဘဲ မနေ့ကနှင့် ယနေ့ မထူးခြားပါမူကား ထူးခြားသူတို့၏ ကျော်နင်းခြင်းကို ခံရဖို့ အကြောင်းသာ ရှိချေတော့၏။

ယခုခေတ်၌ အောင်မြင်ခြင်းပန်းကို ဆွတ်ခူးရန်မှာ သူတစ်ပါးထက် နောက်ကနေ၍လည်း မဖြစ်။ သူတစ်ပါးနှင့် တန်းတူလိုက်နေ၍လည်း မဖြစ်။ သူတစ်ပါးထက် တစ်ပန်းသာအောင် ကြိုးစားမှ ဟန်ကျနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် သူတစ်ပါးထက် နောက်ကျလျှင် သူတစ်ပါး၏ နောက်လိုက်ဖြစ်၍ တန်းတူလိုက်နေလျှင် မည်သို့မျှ မထူးခြားသော တန်းတူအကျိုးကိုသာ သူလို၊ ငါလို ခံစားရပေမည်။ သူတစ်ပါးထက် တစ်ပန်းသာလျှင်မူကား သူတစ်ပါး မခံစားရသော သာလွန်မွန်မြတ်သည့် အကျိုးကို ခံစားရပေမည်။

ထို့ပြင် မိမိ၏ ကြီးပွားရေးအတွက် ယခုလက်ရှိ အလုပ်မှ သာသည်ဟု ထင်သော အခြားအလုပ် တစ်ခုသို့ ပြောင်းလွဲ လုပ်ကိုင်မည်ဆိုလျှင် မိမိကြံစည်

ယခုခေတ်၌ အောင်မြင်ခြင်းပန်းကို ဆွတ်ခူးရန်မှာ သူတစ်ပါးထက် နောက်ကနေ၍လည်း မဖြစ်။ သူတစ်ပါးနှင့် တန်းတူလိုက်နေ၍လည်း မဖြစ်။ သူတစ်ပါးထက် တစ်ပန်းသာအောင် ကြိုးစားမှ ဟန်ကျနိုင်ပေသည်။

သော အလုပ်မျိုးကို လုပ်ကိုင်သူတို့ မည်မျှ အထက်တန်း ကျသည်။ အောက်တန်းတွင်ပင် ရှိသေးသည်ကို သေသေချာချာ ကြည့်ပြီးလျှင် ထိုသူများ၏ အရည်အချင်းနှင့် မိမိ၏ အရည်အချင်းကို နှိုင်းယှဉ်ကြည့်ရမည်။ အလုံးစုံကို သိပြီးသောအခါ၌ မိမိတွင် မည်သို့ အပြစ်ရှိသည်၊ မည်သည့်နေရာက ဟာနေသည်၊ မည်သည့်နေရာမှာ ဖြည့်စွက်စရာ ရှိသေးသည်စသည်တို့ကို သိအောင်ပြုပြီး အမှားဟူသမျှကို ပြုပြင်ရမည်။ အနည်းငယ်မျှလောက်သော အမှား၊ အနည်းငယ်မျှလောက်သော ချွတ်ယွင်းချက်ဟူ၍ လျစ်လျူမရှုခဲ့ရာ။ အလုံးစုံ ပြင်ဆင်ရာ၏။

အဘယ်ကြောင့်ဆိုသော် အနည်းငယ်မျှလောက်သော အမှားသည်လည်းကောင်း၊ အနည်းငယ်မျှ တိမ်းပါးချွတ်ချော်သော စဉ်းစားဉာဏ်သည်လည်းကောင်း ထိုအရာများသည် ငယ်ပင် ငယ်သော်လည်း တကယ့်အလုပ်အကိုင်ကြီးများကို ဖျက်ဆီးနိုင်သောသတ္တိ ရှိချေ၏။ သို့အတွက် အမှုမထားလောက်ဟု မည်သည့်အရာကိုမျှ ဂရုမစိုက်ဘဲ မထားသင့်ချေ။ "အမှိုက်က စ၊ ပြာသာဒ်မီးလောင်" ဆိုသော စကားပင် ရှိသဖြင့် သေးငယ်သော အရာပင် ဖြစ်စေကာမူ ထိုအရာကလေးအား ဂရုပြုရာ၏။

ပင်လယ် သမုဒ္ဒရာအတွင်းရှိ သံဘော်ကြီးသည်ကား လေကိုလည်း ဂရုမထား၊ လှိုင်းကိုလည်း အရေးမစိုက်ချေ။ သို့သော်လည်း ဝမ်းအောက်က ပေါက်လျက်ရှိသော ဆီးသီးခန့် အပေါက်ကလေးကိုမူကား ဂရုမပြုဘဲ၊ အရေးမထားဘဲ မနေနိုင်ချေ။ ဂရုမပြုဘဲ

http://www.dhammadownload.com

သတိမေ့လျော့နေပါလျှင် ထိုဆီးသီးခန့် အပေါက်ကလေးသည်လေနှင့်လှိုင်းကို ဘာမထိသော သတော်ကြီးအား နစ်မြုပ်စေနိုင်တော့၏။

နေရာတိုင်း နေရာတိုင်းတို့တွင် ဂရုပြုရမည်။ စေ့စပ်သေချာစွာ ပြုရမည်။ သို့မှသာ အောင်မြင်ခြင်း၏ အကျိုးကျေးဇူးကို ခံစားရမည်။ ထို့အပြင် မိမိလိုရာ ခရီးသို့ ရောက်ရန်မှာ နေရာတကျ အသုံးပြုတတ်စေရမည်။ မိမိ၏အရည်အချင်းကို နေရာတကျ အသုံးပြုတတ်စေရမည်။ မိမိ၏အရည်အချင်းကို အလွဲလွဲအချော်ချော် အသုံးပြုမှားချေက အကျိုးခံစားခွင့် ရှိသလောက် မခံစားရတတ်ချေ။

အကယ်၍ အောင်မြင်ခြင်းအကျိုးကို မခံစားရလျှင် "ဘာကြောင့် မအောင်မြင်ရသနည်း" ဟူသော မေးခွန်းကို မေး၍ အဖြေကို ရှာဖွေရာ၏။ ဘာကြောင့်၊ ဘာကြောင့်ပဲဟု တွေ့သည်နှင့် တစ်ပြိုင်နက် "ဘယ်လိုလုပ်လျှင် အောင်မြင်ရမည်" ဟု တစ်ဖန် နည်းကို ရှာရာ၏။ သို့ ရှာရှာဖွေဖွေ စုံစုံစမ်းစမ်း ပြုမှသာလျှင်လည်း ဆုံးရှုံးခြင်းဘေးမှ လွတ်ကင်းရန် အကြောင်းရှိ၏။

နည်းမှန် လမ်းမှန်ကို ရပြီးနောက် သေသေချာချာ ပွတ်တိုက် သိဒ္ဓိတင်ပြီးသော အရည်အချင်း စွမ်းရည်သတ္တိဖြင့် ဆောင်ရွက်လျှင် အောင်မြင်ဖို့ ခက်ခဲမည် မဟုတ်ချေ။ ယှဉ်ပြိုင်၍ လုပ်ရစေကာမူ နည်းလမ်းကလည်း မှန်၊ မိမိကလည်း အစွမ်းရှိသဖြင့် သူတစ်ပါးကို ကြောက်နေစရာ တစ်ကွက်မျှ မရှိတော့ချေ။ ယှဉ်ပြိုင်လျှင် မိမိကသာ ပထမအောင်မြင်မည်သာတည်း။

ဤခေတ်၌ အညံ့မခံ။ သူ့ထက်သာအောင် ယှဉ်ပြိုင်လုပ်ကိုင်မှသာလျှင် သူတစ်ပါးထက်သာ၍ တိုးတက်ကြီးပွားနိုင်၏။ ပြိုင်ဆိုင်ခြင်းဆိုသည်မှာ စစ်တိုက်သလို အကြိတ်အနယ် တိုက်ခိုက်ခြင်းပင် ဖြစ်၍ တိုက်ခိုက်ပြိုင်ဆိုင်သမားတို့မှာ ရန်သူများပင် ဖြစ်ချေ၏။ သို့အတွက် အလုပ်အကိုင် လုပ်ကိုင်ရာတွင် ကြိုးစားအားထုတ်ရာ၌ စစ်တိုက်သောအခါလောက် ရန်သူကို မညှာတာသကဲ့သို့ "ငါ တက်သွားလျှင် ဟို လူတော့ ကျကျန်ခဲ့ဦးမှာပဲ" ဟူ၍ ပူပင်နေစရာ မဟုတ်။ သူလည်း တစ်ဖက်**တစ်လမ်း** ကြိုးစားပေလိမ့်မည်။ မိမိလည်း သူ့ထက် **မသာ သာ**အောင် ကြိုးစားရမည်။ ဤခေတ်ကား အ**ပြိုင်အဆိုင်** လုပ်ရသောခေတ်ကြီး ဖြစ်သဖြင့် တစ်ဖက်**သား**မှာ အိပ်မောကျနေလိမ့်မည် မဟုတ်ချေ။

ဤခေတ်ကား နိုင်သူကို ချီးမြှင့်သောခေတ် ဖြစ်၏။ နှစ်ဦးနှစ်ဖက် ပြိုင်ဆိုင်သဖြင့် အားအင်နည်းသူ၊ ရှုံးသောသူများကို ကြည့်ရှုနေကြသူတို့သည် ထိုရှုံးသူအပေါ်၌ ချစ်စိတ်၊ သနားစိတ်ကို မထားမိ၊ ထားဖို့ရန်လည်း အချိန်မရကြ။ နိုင်သူအားသာ ဝိုင်းအုံ၍ လက်ခုပ် လက်ဝါးတီးကာ ချီးမွမ်း ဩဘာပေးသံမစဲ ဖြစ်လေ၏။ နိုင်သူအား မြတ်သောနေရာတွင် ထိုင်စေ၍ ဆုလာဘ်များ ပေးကြ၏။ သနားစရာ ဝေဒနာ ခံစားနေရသူကိုကား သနားဖို့ အချိန်မရကြဘဲ ချက်ချင်းပင် လူနာတင်မော်တော်ကားဖြင့် ဆေးရုံသို့ တင်ပို့လိုက်တော့၏။

သို့ကြောင့် ရှုံးသူကို သနားခြင်းမရှိသောခေတ်၌ ကျွန်ုပ်တို့သည် ဝင်ရောက် ပြိုင်ဆိုင်ရမည်ဆိုသော ခွန်အားသတ္တိ၊ ဉာဏ်သတ္တိကို ပြိုင်ဆိုင်သူများထက် မသာ သာအောင် ချွန်ထက်စွာ သွေးထား၍ သူ့ထက်သာသည် ဟူသော ချုပ်ငြိမ်းဘွဲ့ကိုရရန် ပြင်ဆင်၍ ထားနှင့်ရာ၏။ ပြိုင်ဆိုင်သူများ အလစ်တွင် သုတ်

နိုင်သူအား မြတ်သောနေရာတွင် ထိုင်စေ၍ ဆုလာဘ်များ ပေးကြ၏။
သနားစရာ ဝေဒနာ ခံစားနေရသူကိုကား သနားဖို့ အချိန်မရကြဘဲ
ချက်ချင်းပင် လူနာတင်မော်တော်ကားဖြင့် ဆေးရုံသို့ တင်ပို့လိုက်တော့၏။

http://www.dhammadownload.com

သင်နိုင်သော အပြစ်အနာဂလေးများကို ပြုပြင်၍ ထားနှင့်ရာ၏။

"ငါလုပ်လျှင် အောင်မြင်ရမည်" ဟူသော ယုံကြည်ချက် စိတ်ထားကို မွေးမြူဖွံ့လည်း အထူး အရေးကြီးပေ၏။ ဆင်လောက်ပင် ခွန်အားသတ္တိ ကြီးစေကာမူ "ငါ ရှုံးအံ့လော၊ ငါ ရှုံးအံ့လော" ဟု ဥူးတတုန်တုန်၊ ရင်တခုန်ခုန်နှင့် ဖြစ်နေပါမူကား မိမိမှာ မလုပ်တတ်၊ မကိုင်တတ်ဖြစ်ပြီး သို့လော သို့လော တွေးတောနေစဉ်ပင် အလစ်ကိုစောင့်နေသော ပါးနပ်သည့် တစ်ဖက်သား၏ လက်ချက်ဖြင့် ဆုံးရှုံးခြင်းသို့ ရောက်ရာ၏။ ထို့ကြောင့် မိမိကိုယ်ကိုမိမိ ယုံကြည်နိုင်သော သတ္တိသွေးကိုလည်း ဂရုတစိုက် မွေးမြူရာသည်။

အမောင်အား နှစ်ကိုယ်ကြား ပြောလို၏။ နားထောင်ပါလော့။ ကျွန်ုပ်တို့ကား အမောင်အား မှန်ကန်သောလမ်းသို့ ရောက်စေလို၏။ အမောင်၊ သတိဝိရိယဖြင့် အမောင်အား တုံ့လှန်ကာ ပုန်ကန်မည့်သူဟူသမျှကို လက်သီး လက်မောင်းတန်း၍ အနားသို့ နောက်တစ်ခါ လာမထိရဲအောင် ခုခံတိုက်ခိုက်စေလို၏။ အမောင်၏-

(၁) စိတ်သဘောထား ကောင်းခြင်း၊

(၂) အကျင့်စာရိတ္တ ကောင်းခြင်း၊

(၃) မိမိကိုယ်ကို ယုံကြည်အားကိုးခြင်း၊

(၄) သတိဖြင့် ကြိုးစားခြင်း စသောအကြောင်းလေးပါးကို အစဉ်သဖြင့် အဆင်သင့်ရှိစေ၍ အလုပ်အကိုင်ဟူသမျှကို ပေါ့ပေါ့ပါးပါးနှင့် လုပ်ကိုင်သွားရာ၏။

အမောင်သည် လောကတွင် မြှင့်မြတ်သော နေရာဌာနကို မှန်းချိန်ပါလျှင် အထက်ပါ လေးပါးသော အရည်အချင်းတို့ကို တစ်ခုမကျန် လုံလောက်စွာ ပြုပြီးလျှင် မှန်းထားသော နေရာသို့ ရောက်အောင် အောက်ခြေမှစ၍ တစ်စ တစ်စ ကြိုးစားသွားရာ၏။ အမောင်ကိုယ်တိုင်က လုံလောက်ပြည့်စုံနေပါလျှင်

စာရေးဆရာသည် မြန်နေက ဤစာများကို ဒေးလျှင်ယခုနှစ် ဆိုင်းပြည်ထား၊ မျက်စိမှိုင်းနှင့်ဝစဉ်ညီယင်နေကထာရုံကာဝေးသောစာကို ရေးရာ၌ပြီး

မှန်းချိန်၍ထားသော နေရာကို ရရန် မခဲယဉ်းပါ။ ပြိုင်ဆိုင်သူများ၏ ရှေ့မှပင် ပြေးလွှားသွားနိုင်ပေ၏။

အမောင်သည် လူကြီး လူကောင်း တစ်ယောက် ဖြစ်ပြီး ကြီးပွားအောင်မြင်လိုပါလျှင် အမောင်၏ နား၊ မျက်စိတို့ကို အစဉ်ဖွင့်ထားပြီး အမောင် ကြားသမျှ၊ မြင်သမျှတို့ကို တတ်နိုင်သလောက် မှတ်သားခြင်း ပြုပါလေ။ သူတစ်ပါးရှုံးသည်ကို မြင်၍ ရှုံးခြင်း၏ အကြောင်းကို သိလျှင် အမောင်၌ အမြတ်တစ်ခု ရလေပြီ။

တစ်ကြောင်းမှာ မိမိကိုယ်ကို ရှေ့သို့တိုးတက်ရန် အတွက် မကြံစည်မီ လုံလောက်ပြည့်စုံအောင် ပထမပြင်ဆင်ထားနှင့်ပါ။ သို့မှ ရှေ့သို့ တစ်လှမ်းချင်း တိုးတက်သောအခါ ခြေချော် လက်ချော်ဖြစ်ပြီး နောက်ဆုတ်လာခြင်းဘေးမှ ကာကွယ်နိုင်ပေမည်။

အောင်မြင်လိုသူတိုင်း မိမိ၏ဆုံးဖြတ်ချက်ကိုသာလိုက်နာပါလေ။ သူတစ်ပါး၏ နောက်ကလိုက်၍ သူတစ်ပါးလုပ်သလို၊ သူတစ်ပါးလုပ်စေသလို မလုပ်ပါနှင့်။ မိမိလုပ်တတ် ကိုင်တတ်သလိုသာလျှင် မိမိဉာဏ်စွမ်းကို ထုတ်၍ လုပ်ကိုင်ပါလေ။

မိမိသည် တီထွင်သူ ဖြစ်ပါစေ

နောက်လိုက်ခြင်း၊ အတုခိုးခြင်း၊ သူတစ်ပါးကမည်သို့လုပ်သဖြင့် ကောင်းလာသည်ကို မိမိလည်း ဤသို့ လုပ်လိုက်ခြင်း စသော သူတစ်ပါးပြုသလို ပြုသည့် အရာဟူသမျှကို မုန်းတီး ရွံရှာစက်ဆုပ်စဖွယ်သော မစစ်ဘင်ပုပ်တို့ကဲ့သို့ မှတ်ထင်၍ ရှောင်ကြဉ်ရမည်။ သို့မှသာ အမောင်သည် အမောင့်နည်းကို အမောင်ထွင်သူဖြစ်၍ ထင်ရှားကျော်စောခြင်းသို့ ရောက်မည် ဖြစ်ပေကြောင်း။

ဦးပဏ္ဍိုင်၊ တိုးတက်ရေးလက်စွဲ၊ ၁၅၀-၁၆၀။

http://www.dhammadownload.com

စာရေးနည်းနိဿည်း

ရေးသူ-ဦးပဂျိုင်



နာမည်ကျော် စာရေး ဆရာကြီး ဖြစ်လိုမူ စာများများတတ်ရမည်ထိုနောက် စဉ်းစားနိုင်သလောက် စဉ်းစားရမည်။ ထိုနောက်ရေးလိုက ရေးနိုင်ပြီ။ ရေးသောစာမှာထူးဆန်းသော အကြံသစ် ဥာဏ်သစ်များ ဖြစ်ရမည်။ သို့မဟုတ် အကိုးအကား ခိုင်လုံရမည်။ ၂ခုစလုံးပါနိုင်လျှင် အကောင်းဆုံးတခုဖြစ်နိုင်၏။ ။ ထိုနောက် မိမိလက်က မလွတ်မီ စာကို ထပ်ခါထပ်ခါ ဘတ်။ ။အချို့စာကို ၁ ရက်သား၍ဘတ်။အချို့စာကို ၂ရက်ထား၍ဘတ်။ ။အကြိမ်ကြိမ်ဘတ်။ အထပ်ထပ်ပြင်းရှိသည်ကို ဖျက်လိုသည်တို့ စွတ်၍၊ အားရစိတ်ချမှ လက်ထဲ လွတ်ပါလေ။

http://www.dhammadownload.com

မဒ္ဒီဒေဝီ

ရေးသူ-ဦးပဂိုဠ်

ဆိပ်ကမ်းကျွန်းသောင်ရိုးသင့်ကစား၊ရေမရှိသော မြစ်သည်းခြေသည်းနှီးတည်း၊ မြို၊ ပြာ၊ ကျုံး၊ ပစ္စင်၊ ရင်တား ရှိလင့်ကစား၊မင်းမရှိသာပြည်သည် အချည်းနှီးကည်း၊ မောင်တကျိပင် ရှိသင့်ကစား၊ ထင်မရှိသောငိုနှမသည် အချည်းနှီးတည်း၊ စသည် ဖြင့် မဒ္ဒီဒေဝီဆို၏၊

ထိုအတူမည်မျှခေတ်ပြိပါသည်၊မည်မျှ အမျိုးကို ချစ်ပါသည် ဆိုလင့်ကစား၊ သတင်းစာ၊ ကျာနယ်၊ မဂ္ဂဇင်းမရှိသော အိမ်သည် ဇာတ်မြှာ၊ မျိုးချစ်-စိတ် ရှိမှုတွင် အချည်းနှီးတည်းဟု ဂျွန်ပင်ကျိုဠ် ဆို၏၊

ထိုကြောင့် အိပ်အိပ် ဟုသမျှဘို့၌ ကောင်းမွန်သော သတင်းစာ-ကျာနယ်-မဂ္ဂဇင်း တစ်စောင်စောင် ရှိရအောင် အထူး ကြိုးစားကြတော်မူ ကြပါကုန်၊ ။ ဤကား-မြန်မာမျာဖျိုတိုးတက်ရေးတွင်ပဋိပက္ခဆင်းဆင့်ကြီးပေတည်း၊

ဦးပဂိုဠ်၊ တိုးတက်ရေးမဂ္ဂဇင်း၊နိုဝင်ဘာ၊ ၁၉၃၄။

သတင်းစာ

တစ်ခါတရံ နိုင်ငံရေးနှင့် စစ်ပွဲသတင်းများထက် ဆပေါင်းများစွာ အရေးကြီးသည့် စီးပွားရေးသတင်းများမှာ သတင်းစာဆရာအချို့ စီးပွားရေးတွင် စိတ်မဝင်စားမှု၊ စီးပွားရေးတန်ဖိုးကို နေရာမပေးလိုမှုတို့ကြောင့် ထိုကြီးကျယ်လေးနက် အဓိပ္ပာယ်ကျယ်ပြန့်သော သတင်းများကို သတင်းစာတွင် စာလုံးကြီးများနှင့် ပါသင့်ပါလျက် မဖော်ပြ မပါရှိသည်ကို မကြာခဏ တွေ့မြင်ရပါသည်။

မောင်စိန်၊ ဘက် ငွေစက္ကူ ငွေတန်ဘိုး ကိစ္စအဝဝတို့တွက် အစီရင်ခံစာ၊ ၁၁။

http://www.dhammadownload.com

ဆောင်းပါးခန်း

ကျွန်ုပ်တို့သည် တိုင်းသူပြည်သား လူအများ အကျိုးငှာ ထွက်ပေါ်လာသည်နှင့်အညီ ဤတိုးတက်ရေး မဂ္ဂဇင်းကို ကျွန်ုပ်တို့သာ ပိုင်၍ ကျွန်ုပ်တို့သာ ရေးမည်ဟူ၍ သဘောမထားဘဲ တိုင်းသူပြည်သား လူအများတို့သည် မိမိတို့ပိုင် မဂ္ဂဇင်းဟု သဘောထားပြီးလျှင် ပါဝင်ရေးသားနိုင်ရန် "ဆောင်းပါးခန်း" ဟု အခန်းတစ်ခု ဖွင့်လှစ်ထားပါ၏။

ဤဆောင်းပါးခန်း၌ကား မည်သူမဆို ရဟန်းရှင်လူ ပြည်သူပြည်သား အကျိုးရှိမည်ထင်သော အကြံဉာဏ် ဆောင်းပါးများကို ကျွန်ုပ်တို့ ကြိုက် မကြိုက်၊ သဘောတိုက် မတိုက်ကို အဟထား၍ တိုင်းသူပြည်သား လူအများတို့ အမှားအမှန် ချင့်ချိန်နိုင်ရာ ဟစ်တိုင်သဖွယ် ဖော်ပြပါအံ့။

ထို့ကြောင့် ဤဆောင်းပါးခန်းတွင် နောင် ပါလတ္တံ့သော ဆောင်းပါးတိုင်း ဆောင်းပါးတိုင်း ကျွန်ုပ်တို့သဘောနှင့် တိုက်ဆိုင်၍ ထည့်သွင်း ဖော်ပြသည်ဟု တိုင်းသူပြည်သားများက တထစ်ကျ မှတ်မထားစေလိုပါကြောင်း။

ဆောင်းပါးသုံးစောင်

ယခုလ၌ကား ပထမလ ဖြစ်သဖြင့် ဆောင်းပါးပေးများစွာ မလာမရှိ၊ သုံးစောင်မျှသာ ရရှိလေသည်။ ထို ၃ စောင်မှာကား မြန်မာခြေလျင်အဖွဲ့၏ ဆောင်းပါး၊ ဦးသီလဝံသတို့၏ ဆောင်းပါးနှင့် သခင်ဖေကို ဆောင်းပါးများ ဖြစ်လေသည်။ ထိုဆောင်းပါးတစ်ခုချင်းကိုလည်း အောက်နားက ဖော်ပြလိုက်ပါ၏။ ဤဆောင်းပါးခန်းတွင် ပထမလ၌ ဆောင်းပါးနည်းသဖြင့် ကျွန်ုပ်တို့ အာသီသအချို့တို့ကို ဤအခန်းမှ ရေးသား ဖော်ပြလိုက်ရပေ၏။

ကျွန်ုပ်တို့ တောင်းပန်၏။

"တစ်ကျောင်း တစ်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်း" ဟူသည်နှင့်အညီ မည်သည့်ပုဂ္ဂိုလ်မဆို ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းတို့၌ အကြံကောင်း ဉာဏ်ကောင်း၊ ဂါထာကောင်းတို့သည် အထိုက်အလျောက် ရှိကြကုန်၏။

ထိုအကြံကောင်း ဉာဏ်ကောင်း၊ ဂါထာကောင်းများကို အမျိုးသားများအတွက် အဓိကထား၍ ထုတ်ဝေသော ဤ "တိုးတက်ရေး" မဂ္ဂဇင်းမှတစ်ဆင့် ပညာအလှူ ပေးဝေတော်မူကြရန် ကျွန်ုပ်တို့သည် စိတ်အားထက်သန်စွာဖြင့် တောင်းပန်လိုက်ပါ၏။

ဤသို့ အရပ်ရပ်မှ ပေးပို့သော ဆောင်းပါးတို့ကို ဂတိ ၄-ပါး အလျှင်းမလိုက်စားဘဲ မကွယ်မထောင့် ဖြောင့်မတ်တည်ကြည်သော စိတ်ဖြင့် ကျွန်ုပ်တို့သည် မျက်နှာကြီး မျက်နှာငယ်မလိုက်၊ ကောင်းနိုးရာရာကို ရွေးချယ်၍ ထည့်သွင်းဖော်ပြပါအံ့။

ဆောင်းပါးပေးပို့သူတို့ သတိပြုစေလိုသည်မှာ

နေ့စဉ်သတင်းစာမှာ ချက်ချင်း လတ်တလော နေ့စဉ် အဖြစ်အပျက်၊ သတင်းထူး၊ သတင်းဆန်းများကို ဖော်ပြရန်မှာ အရေးအကြီးဆုံး ဖြစ်၏။ တစ်လတွင် တစ်ကြိမ်မျှ ထုတ်ဝေသော မဂ္ဂဇင်းများမှာကား နေ့စဉ်ထုတ်ဝေသော သတင်းစာတို့ အသွားမျိုး မဟုတ်ဘဲ ခက်ခဲနက်နဲသော ပြဿနာ အကြံဉာဏ်တို့ကို ရေးသားဖော်ပြရန် အရေးအကြီးဆုံး ဖြစ်လေသည်။

ထို့ကြောင့် ကျွန်ုပ်တို့ထံသို့ ပေးပို့သော ဆောင်းပါးရှင်တို့သည် ခက်ခဲနက်နဲသော အကြံဉာဏ်များကိုသာ အာရုံပြု၍ ရေးသားပေးပို့ကြစေလိုပါကြောင်း။

အကြံကောင်း ဉာဏ်ကောင်းများကို ဝယ်ပါအံ့။

အကယ်၍ မိမိတို့ ရှာဖွေဆည်းပူးထားရသည်မှာ

http://www.dhammadownload.com

အလွန်ပင်ပန်း ငွေကုန်များသဖြင့် လွယ်လင့်တကူ မေတ္တာဖြင့် မပေးမလျှုနိုင်ဟု ထင်မြင်သဘော ရရှိပါက မိမိတို့ဆောင်းပါး အကြံဉာဏ်များကို အဖိုးသား နားနှင့်တကွ ဖော်ပြလိုက်ပါလေ။

ကျွန်ုပ်တို့သည် တိုင်းသူပြည်သား လူအများ၌ အကျိုးရှိမည်ဟု ထင်ပါမူ မည်သည့်အဖိုးကိုမျှ ပမာဏ မပြု၊ ဝယ်ယူ၍ တိုင်းသူပြည်သားတို့အား ရေးသား ဖော်ပြပါအံ့။

ဝတ္ထုပို့သူများ

ဝတ္ထု ရေးသားပေးပို့သူတို့သည် မိမိတို့ ဝတ္ထု စွေးနှုန်းကို ကြိုက်ရာ တောင်းဆိုနိုင်သည်။ သို့သော် ဝတ္ထုကို ဖတ်သူများသည် စာအုပ်ပိတ်ပြီးနောက် ခေါင်းတွင် ကိလေသာရာဂသာ စွဲကပ်ကျန်ရှိသော ဝတ္ထုမျိုးကို ကျွန်ုပ်တို့ အလိုမရှိ။ ဝတ္ထုဖတ်နေရင်း စိတ်ကို တက်ကြွစေ၍ အကြံကောင်း၊ ဉာဏ်ကောင်းများ ထိုးထွင်းဖြစ်ပေါ်လာပြီးလျှင် ဝတ္ထုဆုံးသည်နောက် ဖတ်သူတို့ ဦးခေါင်းတွင် အထက်သို့ တိုးတက်လိုသော စိတ်မျိုး စွဲကပ်ကျန်ရှိနေသော ဝတ္ထုမျိုးကို ကျွန်ုပ်တို့ အလိုရှိ၏။ သို့ရာတွင် ပြည့်တန်ဆာမသည် မိန်းမကောင်းကဲ့သို့ ကျင့်ရမည်ဟု ကျွန်ုပ်တို့မဆိုလို။ ဝတ္ထုမှာ ဝတ္ထုနှင့်တူအောင် ရေးသားနိုင်ပါ၏။

ယခုခေတ်ကြီးကို (ဝါ) အမျိုးသား အမျိုးသမီးတို့ကို တိုးတက်အောင်သော်လည်းကောင်း၊ ဆုတ်ယုတ်အောင်သော်လည်းကောင်း ပြုပြင်နည်းပေးနေသူများတွင် ဝတ္ထုဆရာများလည်း ပါဝင်သည်ကို အစဉ်သတိပြုပါ။ ဝတ္ထုဆရာတို့၏ နောက်လိုက်ပရိသတ်သည် နိုင်ငံခေါင်းဆောင်ကြီး၊ သမ္မတတို့၏ နောက်လိုက် ပရိသတ်ထက် အဆပေါင်းများစွာ ပိုမိုများပြား၍ နိုင်ငံရေး နောက်လိုက်ငယ်သားတို့သည် ခေါင်းဆောင်၊ သမ္မတကြီးများ၏ ဩဝါဒကို လိုက်နာ ဆောင်ရွက်သည်ထက် ချစ်ဆွေဝတ္ထုဆရာတို့၏ တပည့်တပန်းတို့သည် ချစ်ဆွေတို့၏ နည်းပေးလမ်းပြ ဩဝါဒများကို

ဝတ္ထု ရေးသားပေးပို့သူတို့သည် မိမိတို့ ဝတ္ထု စွေးနှုန်းကို ကြိုက်ရာ တောင်းဆိုနိုင်သည်။ သို့သော် ဝတ္ထုကို ဖတ်သူများသည် စာအုပ်ပိတ်ပြီးနောက် ခေါင်းတွင် ကိလေသာရာဂသာ စွဲကပ်ကျန်ရှိသော ဝတ္ထုမျိုးကို ကျွန်ုပ်တို့ အလိုမရှိ။

တစ်သဝေမတိမ်း လိုက်နာနေသည်ကို အထူးသတိပြု၍ ရေးသားကြပါကုန်။ (Read "THE ART OF THINKING" by ERNEST DIMNET)

ဦးပဂျိုင်၏ ရှင်းလင်းချက်

ကြီးပွားချမ်းသာရေး စာအုပ်ကို ရေးသားသော ဦးပဂျိုင်နှင့် ဤမဂ္ဂဇင်း၏ အယ်ဒီတာ ကိုစိန်မှာ တစ်ဦးတည်းပင် ဖြစ်၏။ ကျွန်ုပ်အား ဤတိုးတက်ရေးမဂ္ဂဇင်း အမှုဆောင်အဖွဲ့က ပထမလတွင် မိမိရေးလိုသည်ကို ရေးရန် ခွင့်မပြု။ နောင်လများ၌သာ ခွင့်ပြုမည်။ ပထမလ၌ ၎င်းတို့ လွှဲအပ်သောတာဝန်များကို ဆောင်ရွက်ရမည်ဟု ဆုံးဖြတ်သဖြင့် ကျွန်ုပ်မှာ သည်းခံနိုင်ခဲ့သည်ကို အောင့်အည်း မျိုသိပ် သည်းခံလိုက်ရခြင်းမှာ အောင်နိုင်ခဲ့သည်ကို အောင်မြင်လိုက်သဖြင့် ဝမ်းလည်း သာ၏။ ဝမ်းလည်း နည်းပါ၏။

ကျွန်ုပ်သည် ရှေ့လာမည့် လများအဖို့၌ ထိုသည်ဤသည်သော အတုပ်အနှောင်အဖွဲမှ လွတ်ကင်းပြီဖြစ်၍ အမျိုးသားမြန်မာများ၏ တိုးတက် ကြီးပွားမှုကို ထူးထူးချွန်ချွန် အကြံသစ် ဉာဏ်သစ်တည်းဟူသော လက်နက်တို့ဖြင့် ဆောင်ရွက်ပါအံ့။ ထိုသို့ ထူးထူးချွန်ချွန် တစ်မျိုးတစ်ဖုံ မစွမ်းဆောင်နိုင်မူ ကျွန်ုပ်တို့သည် ထွက်ပေါ်လာရန်ပင် မသင့်ချေ။

မောင်စိန်
နွားကျောင်းသားဘဝမှ
စာရေးဆရာ
အယ်ဒီတာဖြစ်လာသူ
မောင်စိန်၊ တိုးတက်ရေးမဂ္ဂဇင်း၊ အမှတ်-၁၊
အောက်တိုဘာ၊ ၁၉၃၃။

http://www.dhammadownload.com

စာကြည့်ပိဋကတ်တိုက်များနှင့် ပိဋကတ်တိုက်များ တိုးတက်ရေး



အောက်တွင် ဖော်ပြပါရှိသော ကမ္ဘာ့စာကြည့်တိုက်များ အကြောင်းမှာ မြန်မာပြည်မှ ၁၉၃၀-၃၁ ခုတွင် ပိဋကတ်တိုက် အုပ်ချုပ်ရေးပညာကို ပညာတော်သင် အဖြစ်ဖြင့် အင်္ဂလန်နိုင်ငံသို့ သွားရောက်သင်ကြားခဲ့သော တက္ကသိုလ် သိပ္ပံကျောင်း ပိဋကတ်တိုက်အုပ် ဦးခင်ဇော်၏ ရှိတယ်ရီကလပ်တွင် အင်္ဂလိပ်ဘာသာဖြင့် ဟောပြောခဲ့သောစကားရပ်များမှ လိုရင်း သိသင့်သိထိုက်သည်တို့ကို ဘာသာပြန်၍ ထည့်သွင်း ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။ (အယ်ဒီတာ)

စာပေ၌ ပါရဂူပေါက်တတ်မြောက်သော အင်္ဂလိပ် ဆရာကြီး ဒေါက်တာဂျွန်ဆန်(Dr. Johnson) ပြောဖူးသော စကားတစ်ခွန်းမှာ 'ကျွန်ုပ်သည် ဆင်ဆိုသည်ကား အဘယ်ကဲ့သို့သော တိရစ္ဆာန်မျိုး ဟူ၍ ကျနစွာ အဓိပ္ပာယ် မဖော်ပြတတ်သော်လည်း ဆင်ကို မြင်ပါက ဆင်မှန်း သိပါ၏' ဟူ၍ ပြောဖူး၏။

ထိုနည်းတူ ပိဋကတ်တိုက်ဆိုသည်မှာ မည်သို့၊ မည်ကဲ့သို့ဟု အဓိပ္ပာယ် လာမဖော်နေလင့်။ ကျွန်ုပ်တို့ မြင်လျှင် သိပါ၏ဟု အဆိုခံရမည်ကို ကျွန်ုပ် စိုးရိမ်မိ၏။ သို့သော် မြန်မာပြည်တွင် အနောက်နိုင်ငံများ၌ ယခုခေတ်စားလျက်ရှိနေသော ပိဋကတ်တိုက်မျိုး အလွန်ရှားပါးလှသဖြင့် မျက်မမြင်ပုဏ္ဏားငါးယောက်တို့သည် ဆင်၏နှာမောင်း၊ နားရွက် အစရှိသည်တို့ကို စမ်းသပ်၍ ဆင်ဆိုသည်မှာ မြွေနှင့်တူပါတကား။ ယပ်တောင်နှင့် တူပါတကားဟု အမှားမှား အယွင်းယွင်း ဖြစ်ကြသကဲ့သို့ အမှားမှား အယွင်းယွင်း ဖြစ်ဖွယ်ရာ အကြောင်းများရှိလေသောကြောင့် ခေတ်မီ ပိဋကတ်တိုက် အဓိပ္ပာယ်ကို အနည်းငယ် ဖော်ပြရလျှင် မှားမည်မထင်ပေ။

ရှေးနှစ်ပေါင်း နှစ်ထောင်ကျော်ကပင် အစ္စီးရီးယားပြည် (Assyria)၊ အီဂျစ်ပြည် (Egypt)၊ သိုးဆောင်းပြည် (Greece) များတွင် ပိဋကတ်တိုက်များ တည်ရှိကြသည်ဟု အမှတ်အသား၌ တွေ့ရှိရ၏။ သို့ရာတွင် အယ်လက်ဇင်းဒရီးယားမြို့တော် (Alexandria)၊ တော်လမီဖလ်ဒဲလ်ဖတ်မင်း (Ptolemy Philadelphus)လက်ထက်သို့ ကျရောက်ကာမှ ပိဋကတ်တိုက်များကို တစ်သီးပုဂ္ဂလ အဆောက်အအုံများနှင့် သိုမှီးသိမ်းဆည်းထား၍ မင်းမြတ်၏ အမိန့်နှင့်ပင် စာအုပ်စာတမ်းများကိုလည်း စည်းစနစ်ကျစွာ စာရင်းအမှတ်အသားနှင့် ထားရှိလေသည်။

ထိုခေတ်မှစ၍ ပိဋကတ်တိုက်၏ အဓိပ္ပာယ်မှာ ပြောင်းလဲခဲ့လှပေပြီ။ ပိဋကတ်တိုက်မှူး (Librarian)၏ အဓိပ္ပာယ်လည်း ပိဋကတ်တိုက်၏ အဓိပ္ပာယ်ကဲ့သို့ပင် ရှေးနှင့်မတူ ပြောင်းလဲခဲ့ချေပြီ။ ရှေးအဓိပ္ပာယ် အသို့နည်းဟု သိလိုပါက ဝေးလံစွာမရှာရ။ ကျွန်တော်တို့ လူငယ်များ မှတ်မိနိုင်သေးသောအခါတိုင်အောင်ပင် ရှေးဆန်သော ပိဋကတ်တိုက်မှူးကြီးများကို တွေ့ရသေး၏။ စိတ်မျက်စိနှင့် ကြည့်လိုက်ပါလျှင် ထိုရှေးပိဋကတ်တိုက်မှူးဆိုသူသည် လားလား-ပညာရှိသုခမိန်ထေရ်ကြီး ဝါကြီးပါတကား။ မိမိ သိုမှီးသိမ်းဆည်းရသော အနက္ကရတနာ စာအုပ်စာတမ်းများကို မည်သူ့အားမျှ ဖတ်ခွင့်မပေးလို။ ဖတ်ဖို့ကိုဝေးစွ၊ တရိုတသေ သိုမှီး၍ထားသော စာအုပ်၊ ပေရွက် အကြိုအကြား များထဲက ဖုန်မှုန့်တို့ကိုပင် မခါရက်၊ မသုတ်ရက် နေရာမရွေ့ ပြကတေ့အတိုင်းသာ ရှိစေလိုသတည်း။

ယခုခေတ်တွင် ဤကဲ့သို့ မဟုတ်တော့ချေ။

http://www.dhammadownload.com

ပိဋကတ်တိုက်မှူးတို့သည် မိမိတိုက်ရှိစာအုပ်များကိုဖတ်သူများလေလေ အားရလေလေ၊ ဖတ်သူ အသုံးပြုသူများသည်ထက် များလေအောင်၊ မိမိ ပိဋကတ်တိုက် အသုံးကျသည်ထက် ကျလေအောင် ကြိုးစားကြရ၏။

အမေရိကန်ပြည်၌ အချို့သော ပိဋကတ်တိုက်မှူးတို့၏ စေတနာသည် သီဟိုဠ်သရက်ဓေ့သဖွယ် ရက်ရောလွန်းသဖြင့် ပြည်သူပြည်သားတို့အား စာအုပ်တည်းဟူသော ဘိန်းအစွဲကြိုးစွဲအောင် ကြံစည်မှုကြောင့် စာအုပ်တည်းဟူသော ယစ်မျိုးဥပဒေ ပြုရတော့မလိုလို ဖြစ်နေ၏။ ဤကဲ့သို့ ရက်ရောခြင်း အားကြိုးရန် မလိုသော်လည်း ပိဋကတ်တိုက်မှူးတိုင်းလိုလိုပင် မိမိ၏ပိဋကတ်တိုက်နှင့်မိမိပါ စာဖတ်သူများအတွက် အသုံးကျသည်ထက် ကျစေလိုရမည်။ စာဖတ်သူများ၊ သုတ ရှာဖွေစုဆောင်းသူများကို တတ်နိုင်သလောက် အထောက်အပံ့ ပေးတတ်ရမည်။ စာအုပ်ငှားရန် လာသူများ၏ မိမိတို့လိုရာ လိုရာ ရှာဖွေရခြင်းတည်းဟူသော ဒုက္ခအခက်အခဲများ ကင်းနိုင်သမျှ ကင်းအောင် ဆောင်ရွက်ခြင်းကား ပိဋကတ်တိုက်မှူးတို့၏ အဓိကရည်ရွယ်ချက်ကြီး တစ်ရပ်ပင် ဖြစ်၏။

ပိဋကတ်တိုက်တွင်း ရှိရှိသမျှသော စာအုပ်အမျိုးမျိုး အလုံးစုံတို့ကို စာဖတ်သူများ ရှိမှန်းမသိ၊ ဂရုမပြု၊ အမှုမဲ့ အမှတ်မဲ့များ နေကြမလား။ လိုသော စာအုပ်ကို သိပါလျက်နှင့် မရှာတတ်၊ မဖွေတတ်များ ဖြစ်နေမလားဟု တွေးတော၍ ပူပန်တတ်ခြင်းကား ပိဋကတ်တိုက်အုပ်၏ ထာဝရသောကပင်။

သာမည စာဖတ်လာသူတို့ကို မဆိုထားဘိ၊ ပညာရှိ ပုဂ္ဂိုလ်များပင်လျှင် အက္ခရာအစဉ်ဖြင့် ညွှန်းအပ်သော အက္ခရာအစဉ် စီနည်း (Alphabetical Order)ကို ကောင်းကောင်း နားမလည်ကြသောကြောင့် အသင့် ရှာဖွေစီမံပြီးသား ဖြစ်သော ဆိုင်ရာဆိုင်ရာ သုတတို့ကို သမ်းပြဆိုင်းဘုတ်သဖွယ်၊ (Bibliographical Guides)၊ အကျယ်ညွှန်းတစ်မျိုး၊

ပိဋကတ်တိုက်မှူးတို့သည် မိမိတိုက်ရှိစာအုပ်များကို ဖတ်သူများလေလေ အားရလေလေ၊ ဖတ်သူ အသုံးပြုသူ များသည်ထက် များလေအောင်၊ မိမိ ပိဋကတ်တိုက် အသုံးကျသည်ထက် ကျလေအောင် ကြိုးစားကြရ၏။

(General Bibliographies)၊ အကျဉ်းညွှန်းတစ်ဖုံ (Special Bibliographies)၊ အညွှန်း ပင်စည်၊ အညွှန်း အခက်၊ အညွှန်း အလက်၊ အညွှန်း အမျိုးမျိုး ရှိလျက်နှင့် မရှာတတ်နိုင်၊ ခရီးမပေါက်နိုင်၊ အချိန်ကုန် လူပန်း ဖြစ်တတ်ကြသည်ကို ပိဋကတ်တိုက်အုပ်တို့ ကိုယ်တိုင်ကြုံဖူး တွေ့ဖူးခဲ့ရလှသောကြောင့်တည်း။

ပိဋကတ်တိုက်၌ စာအုပ်ဦးရေ များလာလေလေ၊ စာအုပ်အမျိုးပေါင်း စုံလာလေလေ၊ စာအုပ်အစီအစဉ်နည်းကောင်း လိုလာလေဖြစ်၏။ ထိုသို့ နည်းကောင်းမရှိပါက ပိဋကတ်တိုက်၌ စာအုပ်ဦးရေ များလေလေ၊ စာအုပ်ရှာရန် ခက်လာလေလေဖြစ်၏။

အဖိုးတန်စာအုပ်များပင် ရှိလင့်ကစား ရှာတွေ့နိုင်ရန် ခဲယဉ်းချေက စာအုပ်မရှိသကဲ့သို့ပင်၊ ကောက်ရိုးပုံ အလယ်၌ ပုန်းအောင်းနေသော အပ်ချောင်းများကဲ့သို့ပင်။ ထို့ကြောင့် ပိဋကတ်ပညာ၌ ပါဝင်သော စာအုပ် အမျိုးအစား ခွဲခြားကန့်သတ်နည်း (Classification)၊ စာအုပ် စာရင်းသွင်းနည်း (Cataloguing)၊ သုတညွှန်းစာအုပ် (Bibliography) နှင့် အကိုးအကားစာအုပ် (Reference Books) များကို အသုံးပြုရာ၌ ကျင်လည်စေရန်နည်း၊ ထိုနည်းဒဿမျိုးမျိုးတို့မှာ တိုး၍ တိုး၍ ကျယ်ဝန်းလာလေပြီ။

ဤနည်းအမျိုးမျိုးနှင့် ပြည့်စုံသော ပထမတန်းစား ပိဋကတ်တိုက်တွင် ဝင်ထွက် ရှာဖွေနိုင်သူတစ်ဦးသည် လောကဌ စိတ်သွားတိုင်းကိုယ်ပါ၊ လိုရာခရီးတိုင်းသို့ ဆောင်ကြဉ်းနိုင်သော ပြဒါးရှင်လုံးတစ်ခု

http://www.dhammadownload.com

လက်တွင်း၌ ရှိသကဲ့သို့ မငြိမငြင် မပင်မပန်းဘဲ လိုရာစာအုပ်၊ လိုရာသုတကို တွေ့ရှိရနိုင်ပေလိမ့်မည်။

ပဋ္ဌကတ်တိုက်အုပ်တို့သည် စာဖတ်လာသူတို့အား တကုပ်ကုပ်နှင့်သာ ဖတ်စေလိုသည် မဟုတ်၊ တကုပ်ကုပ်နှင့် စာအုပ်ကိုသာ တပ်မက်၍ စာဖတ်စွဲခြင်းသည် ဘိန်းစွဲသကဲ့သို့ပင် ပညာလည်း မတိုး၊ အကျိုးလည်း မဖြစ်၊ ဉာဏ်ကန်း၍ အကြေခန်းသော အလေ့မျိုးသာ ဖြစ်၏။ ပင်ကိုဉာဏ် မတွင်ကျယ်၊ ဉာဏ်လို့ပင် မခေါ်ထိုက်သော မှတ်ဉာဏ်သက်သက်နှင့် မောဟနောက် ကောက်ကောက်ပါတတ်သည့် စိတ်ကူးဖဲရိုက်ခြင်း၊ တွေဝေမှိုင်မောခြင်းတို့ကိုသာလျှင် တွင်ကျယ်စေသော အလေ့မျိုးပေတည်း။ (အနိမ့်တန်းဝတ္ထု စွဲသူတို့ မှတ်စေခလို)။ တကုပ်ကုပ်နှင့် ပုံနှိပ်စာလုံးကိုသာ စွဲနေသူကား "Bookworm"၊ အဘယ်မှာလျှင် လွတ်လပ်စွာ တွေးတောကြံစည်တတ်သည့် ပင်ကိုဉာဏ် "Independent judgment" ထက်မြက်နိုင်ပါအံ့နည်း။

အဘယ်မှာလျှင် လောကအကြောင်း အကောင်းအဆိုးကို ရေလည်စွာ သဘောပေါက်နိုင်ပါအံ့နည်း။ (Discrimination) ပဋ္ဌကတ်တိုက်မှူးတို့သည် စာဖတ်လာသူတို့အား စာအုပ်ကြမ်းပိုး မဖြစ်စေလို။ လက်သမား၊ စက်ဆရာတို့သည် ဓူးဆောက် ကိရိယာတို့ကို စွဲကိုင်အသုံးချသကဲ့သို့ စာဖတ်သူတို့ စာအုပ်များကို အသုံးချတတ်လေအောင် ပဋ္ဌကတ် တစ်တိုက်လုံးကို အလုပ်ရုံကြီးသဖွယ် အသုံးချတတ်လေအောင် ညွှန်ကြားလိုကြ၏။

သူတို့၏ ရည်ရွယ်ချက်ကား စာဖတ်သူ ဟူသမျှအား ပုံနှိပ်စာလုံး၏ ဩဇာ အာဏာကို နာခံနေရသော ကျွန်ဘဝမှ ပုံနှိပ်စာလုံး အသခေါ်၊ သုတပေါင်း အနှစ်ကို ပြည့်နှက်လျက်နေသော ပဋ္ဌကတ် ပြည်ထောင်ကြီးအပေါ်တွင် ဩဇာအာဏာနှင့် လွှမ်းမိုးနိုင်အောင် သခင်ဘဝသို့ တင်ဆောင်ဖို့သာဖြစ်၏။

ပဋ္ဌကတ်တိုက်၊ ပဋ္ဌကတ်တိုက်ဟူ၍ လူတိုင်း လို ပင် ခေါ်ဝေါ်ကြ၏။ လူတိုင်းလိုပင် ကြားဖူးလိမ့်မည်။ ပဋ္ဌကတ်တိုက်ဟူသော ဝေါဟာရကိုပင် စိစစ်ရန် လိုပေသေး၏။ အကြင်သူတစ်ဦးသည် လမ်းသွားရင်း ဟန်လွဲ ဆိုသကဲ့သို့ ကြုံရာ စာအုပ်ကို စုဆောင်းသိမ်းဆည်းထားခဲ့သည် ဆိုပါစို့။ ၎င်းတွေ့ရာပုံ တွေ့ရာစု စာအုပ်စုကိုပင် ပဋ္ဌကတ်တိုက်ဟု နှုတ်လွယ်လွယ်နှင့် ပြောလေ့ရှိကြ၏။

အမှန်မှာ ထိုတွေ့ရာပုံ၊ ကြုံရာစု စာအုပ်စုကို ပဋ္ဌကတ်တိုက်ဟု မဆိုနိုင်။ ကြုံသမျှကို မစုမူ၍ မိမိ၏ ဝါသနာထုံသောအတတ်နှင့် သက်ဆိုင်၍ဖြစ်စေ၊ မိမိ မြတ်နိုးသောလုပ်ငန်းနှင့် သက်ဆိုင်၍ဖြစ်စေ၊ မိမိ လေ့ကျက်လိုသော ပညာရပ်ဖြင့် သက်ဆိုင်၍ဖြစ်စေ သက်ဆိုင်ရာစာအုပ်များကို ဉာဏ်ဖြင့် ချိန်ဆ၊ ပညာဖြင့် တိုင်းထွာ၊ ဗဟုသုတဖြင့် ရွေးချယ်ကာ မလိုရာပယ်၊ လိုကဝယ်၊ စာပေ၏ အထိုက်အလိုက် စီစဉ် စုသိမ်းထားပါမှ ထိုစာအုပ်စုကို ပဋ္ဌကတ်တိုက် (Library) ဟု ခေါ်ထိုက်ပေမည်။

စာအုပ်စု ကြီးမားများပြားသည်မှာလည်း ပဓာန မဟုတ်၊ စနစ်ကျင်း၊ ရည်ရွယ်ချက်ကင်း၊ အမှတ်မဲ့သာ စုသိမ်းထားပါက ခန်းလုံးပြည့် စာအုပ်စုကိုပင် စာအုပ်ပုံမျှသာဟု ခေါ်ထိုက်လှ၏။ အထက်က ဆိုခဲ့သည့် အတိုင်း နည်းစနစ်နှင့် စုသိမ်းစီစဉ်ထားပါက သေးငယ်သောစာအုပ်စုကိုပင် ပဋ္ဌကတ်တိုက်ဟု ခေါ်ထိုက်ပေသည်။ စက်မှု လက်မှု၊ ရောင်းရေး ဝယ်ရေး ကုမ္ပဏီအဖွဲ့ကြီးများ၏ သုတေသနဌာန၌ (Research departments for industries and commercial corporations) အကြီးဆုံး စာအုပ်စု

တကုပ်ကုပ်နှင့် စာအုပ်ကိုသာ တပ်မက်၍ စာဖတ်စွဲခြင်းသည် ဘိန်းစွဲသကဲ့သို့ပင် ပညာလည်း မတိုး၊ အကျိုးလည်း မဖြစ်၊ ဉာဏ်ကန်း၍ အကြေခန်းသော အလေ့မျိုးသာ ဖြစ်၏။

http://www.dhammadownload.com

သက်ဆိုင်ရာစာအုပ်များကို ညဏ်ဖြင့် ချိန်ဆ၊ ပညာဖြင့် တိုင်းထွာ၊ ဗဟုသုတဖြင့် ရွေးချယ်ကာ မလိုရာပယ်၊ လိုက ဝယ်၊ စာပေ၏ အထိုက်အလိုက် စီစဉ် စုသိမ်းထားပါမှ ထိုစာအုပ်စုကို ပိဋကတ်တိုက် (Library) ဟု ခေါ်ထိုက်ပေမည်။

များပင် စာအုပ်နှစ်ထောင်ထက် မကျော်ချင်ပေ။ သို့ရာတွင် ဆိုင်ရာဆိုင်ရာ အကိုးအကား စာအုပ်များကို စနစ်ကျနစွာ သင့်လျော်တိုက်ဆိုင်အောင် သိုမှီး စီစဉ်ထားသဖြင့် လိုရာကို အလွယ်တကူ တွေ့နိုင်လေသည်။ ဤကဲ့သို့သော ပိဋကတ်တိုက်မျိုးသည် ရည်ရွယ်ချက်တစ်ခုတည်းကို အကြောင်းပြု၍ စနစ်ကျစွာ သိုမှီး စီစဉ်ထားရကား အထူးစု ပိဋကတ်တိုက် (Special Library) ဟု သမုတ်၏။

စာအုပ်အမျိုးစုံကို သိုမှီးထားတတ်သော အထွေထွေစု၊ သဗ္ဗသုတပိဋကတ်တိုက် (General Library) ကား ဆိုခဲ့သော အထူးစုပိဋကတ်တိုက်မျိုးရှိ စာအုပ်စုတို့ကို ထပ်မံ၍ ပေါင်းစည်းထားသော တိုက်မျိုးဟူ၍ ယူဆရ၏။ ဤတိုက်မျိုးတွင် အထူးစုစာအုပ်စု အပေါင်းတို့အား တစ်စုနှင့်တစ်စု အထောက်အပံ့ ဖြစ်နိုင်အောင်၊ ဆက်လည်း ဆက်သွယ်အောင်၊ ထပ်လောင်း ပိုမို အလဟဿ (Wasteful duplication & overlapping) မဖြစ်အောင် ပေါင်းရုံးစီစဉ်ထားရှိ၏။

သို့ရာတွင် ပိဋကတ်တိုက်ဟူသည် ဘယ်လို ဘယ်သို့ဟူ၍ တစ်ကြောင်း တစ်ဂါထာတည်းဖြင့် အတိအကျ အဓိပ္ပာယ်ဖော်ရန်မှာ ခဲယဉ်းလေစွ။ ဤမျှနှင့်ပင် ပိဋကတ်တိုက်၏ သဘောသရုပ်ကို နည်းနည်းနှင့်ကျဲကျဲ ဝိုင်းလိုက်ပေသတည်း။

ဦးပဂျီဋိ၊ တိုးတက်ရေးမဂ္ဂဇင်း၊ အမှတ်-၄၀၊
ဇန်နဝါရီ၊ ၁၉၃၇။

သေချာစွာ လုပ်ပါ

မိတ်ဆွေသည် ယခု ဘယ်အခြေအနေမှာရှိရှိ၊ တိုးတက်ကြီးပွားလိုလျှင် တိုးတက်ကြီးပွားနိုင်၏။ ကျွန်ုပ်သည် မိတ်ဆွေအား စာတွေ့ပြောနေသည် မဟုတ်၊ လက်တွေ့ပြောပြနေခြင်း ဖြစ်၏။ တိုးတက်ကြီးပွားလိုလျှင် မိမိကိုယ်ကိုမိမိ အထင်မကြီးပါနှင့်၊ သူတစ်ပါးကို အထင်မသေးပါနှင့်။ ကိစ္စကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ကတိတစ်ခုကို မဖျက်ပါနှင့်။ အလုပ်တစ်ခုခုကို လုပ်လျှင် ပေါ့ပေါ့ဆဆ မလုပ်ပါနှင့်။ မိမိရရ မသေချာဘဲ အထင်နှင့် မလုပ်ပါလေနှင့်။ အချိန်ကို အလကား မထားပါနှင့်။ "သွားတစ်တိုင် ထိုင်တစ်အောင့်" ဆိုသည်ကို သတိပြု၍ တစ်ခဏကလေးပင်ဖြစ်စေ အကျိုးရှိမည့်အလုပ် လုပ်ကိုင်ပါ။ လုပ်ကိုင်ရာ၌လည်း မိမိ၌ ပို၍ အကျိုးများမည်ကို စဉ်းစားဝေဖန်၍ အကျိုးများသည့်ကိစ္စကိုသာ ပထမ ကြိုးစားပါ။ ငွေကို တစ်ပြားတစ်ချပ်မျှ အလကားမသုံးပါနှင့်၊ သုံးပြန်ကလည်း တစ်ကျပ်ချင်း တူလျှင် ဘယ်ကိစ္စတွင် သုံးလိုက်က မိမိတွင် ပို၍ အကျိုးခံစားရမည်ကို စဉ်းစား ဝေဖန်ပြီးမှသုံးစွဲပါ။

ဦးပဂျီဋိ၊ တက်လှေကားနှင့် ၉ ကုဋေဋီကာ၊ ၅၈။

□

တစ်နေ့ ဆယ်ပြားဖိုး သုံးသောသူသည်
ကိုးပြားဖိုးသာ သုံးသော်လည်း မသေနိုင်။
ကြီးပွားချမ်းသာရေး၊ ၁၁၇။

http://www.dhammadownload.com

လင်းတနှင့်ကြက်တူမွေးထားစေလိုခြင်း



"ရေးသူ-ဦးပဂ္ဂိုဠိ"

နာဂ ဇောင် နည်း

စကားပြောခြင်းအတတ်သည် အလွန်ခက်၏။
ထို့ထက် နားထောင်ခြင်းအတတ်သည်
ပို၍ခက်၏-ဟု ကျွန်ုပ် ပဂ္ဂိုဠိ ဆို၏။

စကားပြောခြင်းသည် လွယ်ကူသောအတတ် မဟုတ်ကြောင်းကို အချို့လူတို့ သိကြသော်လည်း နားထောင်ခြင်းအတတ်သည် လွယ်ကူသော အတတ်မဟုတ်ကြောင်းကိုကား မသိကြချေ။

စကားပြောဆိုမည့်သူသည် ပြောဆိုရမည့် စကားများကို အမျိုးမျိုးပြုပြင် အဖုံးအဝိတ် ရေလာမြောင်းပေး ရွေးချယ်စီစဉ်ပြီးမှ ပြောဆိုကြသူများ ဖြစ်လေသည်။ နားထောင်သည့်သူများမှာ ၎င်းတို့ ကြိုးစားစီစဉ်၍ ပြောဆိုကြသော စကားများကို ခါတိုင်းကဲ့သို့ ရိုးရိုးနားများနှင့် သွားရောက် နားထောင်ကြသဖြင့် အမှားအမှန်ကို မချိန်နိုင်ဘဲ ၎င်းပြောဆိုသူဘက်သို့ ပါသွားကြလေသည်။

စင်စစ်ကား ထိုသို့ မဖြစ်သင့်ချေ။ ပြောဆိုမည့်သူသည် ပြောဆိုရန် စကားကောင်း အချက်ကောင်းများကို ပြောဆိုနိုင်ရန် ကြိုးစားထားဘိသကဲ့သို့ နားထောင်သူကလည်း ၎င်းနှင့်တန်းတူ အချက်ကောင်းကို ချင့်ချိန်နိုင်ရန် ၎င်းပြောဆိုသည်တို့ ဟုတ် မဟုတ် မှန်မမှန် သိရှိနိုင်ရန် ကြိုးစားထားပြီးမှ နားထောင်အပ်လေသည်။

စကားနားထောင်သူတို့သည် "အပြောတတ်လျှင် အပတ်ပြေသည်" ဆိုသော စကားနှင့် "မုသားမပါလက်ာ မချော" ဆိုသော စကားများကို နားထောင်နေစဉ် အစဉ်အမြဲ သတိရထားရမည်။

စကား အပြောကောင်းသဖြင့်၊ ယုတ္တိ ယုတ္တာအလွန်တိုက်ဆိုင်နေသဖြင့် အရှုံးပေးလိုက်ရသော ကိစ္စပေါင်းများစွာ ရှိလေသည်။

× × × × ×

စကားတို့မည်သည် မိမိတို့ လိုချင်သည့်ဘက်ကို ဆွဲပြောနိုင်ပုံကို ပြောပြဦးအံ့။

အခါတစ်ပါး၊ လင်းတနှင့် ကြက်တူရွေးတို့သည် စကားဆိုကြ၏။

အချင်းလင်းတ၊ သင်သည် အလွန်ညစ်ပတ် ပေကျံသော မစင်ဘင်ပုပ်၊ ခွေးသေကောင်ပုပ်တို့ကို စား

http://www.dhammadownload.com

အလိမ်ခံရသူများမှာလည်း နားထောင်ခြင်း အတတ်ကို ကျနစွာ မတတ်စွမ်းခြင်းကြောင့် အလိမ်ခံရသည်သာ ဖြစ်လေသည်။

၏။ ထို့ကြောင့် သင်တစ်မူကား အလွန်ညံ့၏။ ငါကား ဘုရင်မင်းမြတ် သုံးဆောင်လေ့ရှိသော ဗန္တရသရက်သီးကို လူသူမထမီ စောစီးစွာ ဆွတ်ခူး စားသောက်သဖြင့် ငါသည်ကား အလွန်မွန်မြတ်၏ဟု ဆို၏။

ထိုစကားကို ကြားရသူတိုင်း ဟုတ်ပေ၏၊ မှန်ပေ၏၊ လင်းတ ရှုံးပြီဟု ယူဆကြံ၏။ သို့သော် လင်းတက ဆိုပြန်သည်မှာ-

ဟယ်-အချင်း ကြက်တူရွေး၊ သင်သည် အစောင့်အရှောက်ထားသော ဘုရင်မင်းမြတ်၏ သရက်သီးကို အစောင့်အရှောက်နှင့်တကွ ဥစ္စာရှင်မသိအောင် တိတ်တဆိတ် ယူငင်ဆွတ်ခူးစားသဖြင့် သင်သည် ခိုးခြင်းကိစ္စကို ပြုသူဖြစ်၍ သင် အလွန်ယုတ်ညံ့၏။ ငါတစ်မူကား လူတို့ စွန့်ပစ်ထားသော အညစ် အကြေး၊ ခွေးသေကောင် စသည်တို့ကို သုတ်သင်ရှင်း လင်းပေးခြင်းမျှသာ ဖြစ်သဖြင့် ခိုးခြင်းလည်းမမည်။ လူတို့ကိုလည်း ကျန်းမာ၍ အသက်ရှည်အောင် ငါလုံ့လထုတ်သဖြင့် ငါသည် သင့်ထက် မွန်မြတ်လှ၏ဟု ဆိုပြန်၏။

ထိုစကားကို ကြားရသူများလည်း အင်း-လင်းတ၏ စကား ဟုတ်ပေစွဟု ယူကြပြန်၏။

ထို့ကြောင့် စကားမည်သည် အမှုကိစ္စ မှန်သည် မမှန်သည်နှင့် လုံးလုံးလျားလျား မဆိုင်။ အကြားအမြင် အတွေ့အကြုံများပြီးလျှင် အချက်ကျအောင် ပြောတတ်က နိုင်စမြဲ ဖြစ်လေသည်။

ထို့ပြင်တစ်ရပ် အလိမ်ခံရသူများမှာလည်း နားထောင်ခြင်းအတတ်ကို ကျနစွာ မတတ်စွမ်းခြင်းကြောင့် အလိမ်ခံရသည်သာ ဖြစ်လေသည်။

ထို့ကြောင့် နားထောင်သူတို့သည် သူတစ်ပါး ပြောတိုင်း ပြောတိုင်း မယုံကြရအောင် မိမိတို့လည်း နားထောင်ခြင်းအတတ်၊ ပိုင်းဖြတ်ဝေဖန်နိုင်သော ဗဟုသုတရှိထားရန် အထူး ကြိုးစားအပ်လေသည်။

ဦးပဂျီဝိုး၊ ဘားမားဂျာနယ်၊ အမှတ်-၉၊
၁၂၉၈-ခု၊ ဝါခေါင်လဆန်း ၁၅ ရက်။

ဦးပဂျီဝိုး၏
သတင်းစာဘတ်နည်းနိသျည်း။

သတင်းစာ ဘတ်သူတို့သည် သတင်းစာကို တခါတခါ မိမိ၏ ဆရာ-ဟူ၍ ယူဆပြီးလျှင်၊ တခါတခါ မိမိ၏ တပည့်-ဟူ၍လည်း ယူဆရမည်။ ။တခါတခါ မိမိ၏ မိတ်ဆွေ-ဟူ၍ ယူဆပြီးလျှင်၊ တခါတခါ မိမိ၏ ရန်သူ-ဟူ၍လည်း ယူဆရမည်။ ။သို့ရာတွင် ခဏခဏ ယူဆထားရမည်ကား သတင်းစာသည် မိမိ၏ နေ့စဉ်သတင်းထေဝံ ဟူ၍ယူဆထားရမည်။ သတင်းစာတိုက်တွင်၊ ခဲရာခဲဆစ် သတင်း များကို မှန်ကန်စွာ ရရှိအောင် မလုပ်ကိုင် မဆောင်ရွက် နှိုင်သူအား။ သတင်းထေဝံဘဝမှ ထုတ်နုတ်ပစ်လိုက်ဘိသကဲ့သို့ သတင်းစာ ကြည့်ရှုသူသည် မိမိအား နေ့စဉ် နေ့တိုင်း ခဲရာခဲဆစ် ထူးဆန်းမှန်ကန်သော သတင်းများကို မပေးပို့နှိုင်သည့် သတင်းစာအား၊ မိမိ၏ သတင်းထောက် ဘဝမှ ရပ်စဲပြီးလျှင်၊ ခဲရာခဲဆစ်ထူးဆန်း မှန်ကန်သော သတင်းများကို ပေးပို့နှိုင်သူ သတင်းထောက်ကို တနေ့လျှင် ၅ ပြားကျ ပေး၍ အသစ်တဖန် ထပ်မံ ခန့်ထားကြပါလေ။

တိုးတက်ရေးမဂ္ဂဇင်း၊ အမှတ်-၂၄၊ စက်တင်ဘာ၊ ၁၉၃၅။

http://www.dhammadownload.com

ကြိုးစားက ဘုရားဖြစ်နိုင်၏

ဦးပဂ္ဂိုဠ်၏

ဂျပန်စကားသင်ခန်းစာ

တင့်နေ တလဲ ပုံ၊ ဘာယ်ပြေးမလဲ၊
အမောင်ဖိုး စိုး - တိုးချွင် ခြေတစ်ဖက်မီး တိုးရှိ ခုတ်ပါ၊
ယနေ့ ကြိုးစားက နက်ဖြန် အကျိုးခံစား ရဖို့၊
ကျောပုဆို - ဝမ်းအေးရှိ၊ အနာ ခံမှ - အသာ ဝံရမည်၊

ရန်ကုန်မြို့
တိုးတက်ရေးစာပေဗိမာန်တိုက်

ရန်ကုန်သား နေဏ
သုမိုယ နှင့် မြန်နှုးအလင်း သတင်းစာတိုက်

၁၀-၆-၄၄
အတိုး တအုပ် ဆင့်-ငါးဆယ်

အညွှန်း

ဘာသာစကား သင်ကြားရာတွင် ဘာသာတိုင်း ဘာသာတိုင်း၌ ကြိယာသဲ့သည် အခက်ဆုံးသော အခန်း ဖြစ်ကြောင်းကို မြန်မာ၊ အင်္ဂလိပ်၊ ဂျပန်စသော စာများကို သင်ကြားဖူးသူတိုင်း အသိဖြစ်၏။ ယခုအခါ ဂျပန်စကားကို သင်ကြားနေသူတိုင်း စကားလုံးပေါင်း မြောက်မြားစွာ အလွတ်ရရှိထားသော်လည်း ကြိယာ အလှည့်အပြောင်းအလွဲကို ကျနစွာ မတတ်ကျွမ်းနိုင်သဖြင့် ပြောနိုင်သင့်သလောက် မပြောနိုင်ကြောင်းကို သိရှိရသဖြင့် ဂျပန်စကား ကြိယာပြောင်းလွဲပုံကို လွယ်ကူစွာ တတ်မြောက်နိုင်စိမ့်သောငှာ ဤကဲ့သို့ ရေးသားခြင်း ဖြစ်၏။

ပထမ မူရင်းကြိယာ

ဂျပန်စကားတွင် စကားပြောရာ၌ လွယ်ကူပြေပြစိမ့်သောငှာ ပထမ မူရင်းကြိယာကို မသုံးစွဲဘဲ စကားပြောကြိယာကို သုံးစွဲကြ၏။

ဥပမာ- (ရေးသည်) မူရင်းကြိယာမှာ (ကကု) ဖြစ်၏။ သို့ရာတွင် စကားပြောရာ၌ (ကကု) ဟု မပြော ဆိုမည့်အစား (ကကိမစု) ဟု ပြောဆိုကြ၏။

ဂျပန်စကား

ဂျပန်စာတွင် စာနှစ်မျိုးရှိ၏။ တစ်မျိုးမှာ (ကန်ဂျိ) ဖြစ်၍ တစ်မျိုးမှာ (ကန) ဖြစ်လေသည်။ (ကန်ဂျိ) ဆိုသောစာလုံးမှာ တရုတ်ပြည်မှ ရရှိ၍ (ကန) ဆိုသောစာလုံးမှာ ဂျပန်ပြည်တွင် တီထွင်ထားသော စာလုံးဖြစ်၏။ ဂျပန်စာကို သင်ရာ၌ (ကန) ကို ပထမ သင်ကြားရ၍ (ကန်ဂျိ)ကို နောက်မှ သင်ကြားရ၏။ (ကန) စာလုံးများမှာ အသံထွက် သက်သက်အတွက်သာ ဖြစ်၍ အဓိပ္ပာယ်မပါချေ။

ဥပမာ- မြန်မာဘာသာ၌ (ဝံ)ဆိုသော စာလုံးကို မြင်ရခြင်းအားဖြင့် တိရစ္ဆာန်ဝံ သို့မဟုတ် နန်းတွင်းရှိ ဝန်ကြီးကို ခွဲခြားသိနိုင်၏။ (ကန) စာလုံးမှာကား ထိုသို့ ကွဲပြား၍ အဓိပ္ပာယ်မယူချေ။ (ဝံ) ဟုသော်လည်းကောင်း၊ (ဝင်) ဟုသော်လည်းကောင်း၊ (ဝန်)ဟုသော်လည်းကောင်း ရေးချင်သလို အသံထွက်မှန်လျှင် ပြီးရော သဘောဖြင့် ရေးသားထား၏။

သို့သော် (ကန်ဂျိ)မှာကား ထိုသို့မဟုတ်။ သူစာလုံးနှင့် သူအဓိပ္ပာယ် သတ်သတ်စီ ရှိ၏။ ဥပမာ- (ဟန)ဆိုသော ဂျပန်စကားလုံးမှာ (နှာခေါင်း) သို့မဟုတ် (ပန်း) ဟူသော အဓိပ္ပာယ်ရရှိ၏။ ပန်း သို့မဟုတ် (နှာခေါင်း) ဆိုသော စကား။ (ဟန)ကို (ကန)

http://www.dhammadownload.com

စာလုံး ရေးသောအခါ အတူတူပင် ရေးရသော်လည်း (ကန်ဂျိ) စာလုံးနှင့်ရေးသောအခါ (နှာခေါင်း) ရေးသော (ကန်ဂျိ) စာလုံးနှင့် (ပန်း)ကို ရေးသော (ကန်ဂျိ) စာလုံးမှာ များစွာ ကွာခြားလေသည်။

ရိုမင်ဂျိ

ထိုမှတစ်ပါး ဂျပန်စကားသင်ရာတွင် (ရိုမင်ဂျိ) ခေါ် စာဖြင့် ရေးသားထားသည်လည်း ရှိသေး၏။ ထိုစာမှာ အင်္ဂလိပ်စာ အေ-ဘီ-စီ တို့ဖြင့် ဂျပန်အသံထွက်ကို ပေါင်းစပ်ရေးသားကာ သင်ကြားသော ဂျပန်စကားသင် စာအုပ်များ ဖြစ်လေသည်။ ၎င်း (ရိုမင်ဂျိ)ခေါ် ဂျပန်စကားသင် စာအုပ်များမှာ ဂျပန်စာ မသင်ကြားလိုဘဲ ဂျပန်စကားကိုသာ တတ်လိုသူတို့အတွက် အထူး အသုံးဝင်လေသည်။

ယခု ဤစာအုပ်တွင်လည်း ဂျပန်စကားသင်ရာ၌ (ကန်ဂျိ) စာလုံးများ မဟုတ်ရကား (ကန) စာ သို့မဟုတ် (ရိုမင်ဂျိ) စာများ သဘောအတိုင်း အသံထွက်ကိုသာ မိအောင်ဖမ်း၍ (တို့မြန်မာ) စာလုံးဖြင့် ရေးသားထားခြင်း ဖြစ်လေသည်။

ခဲ့-သည်-မည်

(ကကို မစု) ဆိုသောစကားသည် ရေးသည် ဟူသော အဓိပ္ပာယ်ရရှိသော်လည်း (ကကိမစု) ကို ဂျပန်စကားတွင် ရေးခဲ့သည်၊ ရေးသည်၊ ရေးမည် ဟူသော အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်-ကာလသုံးပါးစလုံး အတွက် အသုံးပြုလေ့ရှိ၏။

ထိုမှတစ်ပါး (ကကိ မရှော) ဆိုသော စကားမှာ ရေးမည်ဟု အဓိပ္ပာယ်ရရှိသော်လည်း ရေးရအောင်၊ ရေးကြစို့ ဆိုသော စကားအတွက်လည်း သုံးစွဲလေ့ရှိ၏။ ထို့ကြောင့် ဂျပန်စကားတွင် (မ စု) ဆိုသော စကားမှာ လိမ့်မည်အတွက်လဲည်း သုံးစွဲ၍ (မရှော) ဆိုသောစကားမှာ (ရအောင်) (ကြစို့) ဆိုသော စကားအတွက်လည်း သုံးစွဲသည်ကို သဘောက်ပေါက်ထားသင့်လေသည်။

ဦးပဂျိုင်၊ ဂျပန်စကားသင်ဆရာ၊ ၂-၃။

ဝန်ကြီးချုပ်နှင့်
အစိုးရအဖွဲ့ဝင် ဝန်ကြီးများသို့

ကဏ္ဍ ငွေစက္ကူ။ ငွေတန်ဘိုး

ကိုဒွအဝဝတို့အတွက်
အစီရင်ခံစာ၊

ငွေရှာမှုကို ပြု

မြန်မာပြည်သည် မြန်မာလူမျိုးတို့အတွက် ကိုယ့်အိုး ကိုယ့်အိမ်ဖြစ်၏။ ကိုယ့်အိမ်တွင် အဘယ်နေရာတွင် ဆန်အိုးရှိသည်၊ အဘယ်နေရာတွင် ဆီအိုးရှိသည်ကို ဧည့်သည်ထက် အိမ်ရှင်ဖြစ်သူသည် ပို၍သိ၏။ ထို့ပြင် ကိုယ့်အိမ်သားသည် ဘယ်လို အဝတ်အစားကို ဝတ်ဆင် စားသောက်လိုသည်ကို ဧည့်သည်ထက် ပို၍သိ၏။ သို့ပါလျက် အိမ်ရှင်ဖြစ်သော မြန်မာလူမျိုးများ မကြီးပွားဘဲနေသည်ကို ကျွန်ုပ်တို့ သတိပြုသင့်၏။ တစ်ခါက စိန်ဘာဘူသူဌေးကြီးတစ်ဦးက ပြောဖူးသည်မှာ မြန်မာများသည် ဉာဏ်မရှိ၍ မကြီးပွားသည်မဟုတ်၊ မိမိတို့ထက် အဆပေါင်းများစွာ သဘောပေါက်လွယ်၍ ဉာဏ်ကောင်း၏။ သို့သော် စီးပွားရှာမှုထက် စီးပွားဖြန်းမှုဘက်တွင် ပို၍ ပြိုင်ဆိုင် လုပ်ကိုင်နေကြခြင်းကြောင့် တဖြည်းဖြည်း ဆင်းရဲခြင်းဘဝသို့ ကျရောက်သွားရခြင်းဖြစ်သည်ဟု ပြောဖူး၏။ ထို့ကြောင့် မြန်မာများ တိုးတက်လိုလျှင် ဂုဏ်ပကာသန ငွေဖြုန်းမှုကို ဖြုတ်၍ ငွေရှာမှုကို ဂရုစိုက်ရန် အချိန်ကျရောက်ချေပြီ။

ဦးပဂျိုင်၊ တက်လေ့ကားနှင့် ၉ ကုဋေဦးကား၊ ၅၀။

http://www.dhammadownload.com

၁၂၉၀-၃
တပေါင်းလဆုတ် ၁၁-ရက်၊

ဘားမားဂျာနယ်

No. 40.
6th March, 1937.

နံပါတ်-၄၀
PUBLISHED EVERY SATURDAY

THE BURMA JOURNAL

မြန်မာတိုင်း သိသင့်ပြီ

ရန်ကုန်မြို့၊ ဂျူဘလီဟောရုံ၌ ဖွင့်လှစ်ပြီးစီးသွားသော လက်မှုပညာပြပွဲကြီးသည် မြန်မာပြည်တွင် မကြာခဏ ပြုလုပ်ကျင်းပထိုက်သော ပြပွဲဖြစ်လေသည်။ ၎င်းပြပွဲကို လွန်ခဲ့သည့် ဖေဖော်ဝါရီလ ၁၇ ရက်နေ့က ဘုရင်ခံကိုယ်တိုင် ဖွင့်လှစ်ပြီးနောက် မတ်လ ၁ ရက်နေ့အထိ ရက်ပေါင်းများစွာ ဖွင့်လှစ်ထားသဖြင့် မြို့သူမြို့သားတို့ များစွာ သွားရောက်ကြည့်ရှုကြရလေသည်။

သို့သော် ဤပြပွဲသို့ အခြားမြို့ရွာများမှ လာရောက် ကြည့်ရှုသူ နည်းပါးလေသည်။ နောက်တစ်ကြိမ် ပြပွဲတွင် အခြားမြို့ရွာများမှ လာရောက် ကြည့်ရှုနိုင်ရန် မီးရထား၊ မီးသင်္ဘောကြီးများကို အထူးစီစဉ်ပေးသင့်သည့်ပြင် ယခုနှစ် ပြုလုပ်သည်ထက် ပိုမိုကြီးကျယ်ခမ်းနားစွာ ပြုလုပ်နိုင်ရန် ကြိုးစားသင့်လေသည်။

ဤပြပွဲမျိုးအတွက် ငွေကြေးအကုန်အကျခံခြင်းသည် တိုင်းသူ ပြည်သားများ မျက်စိပွင့်လင်းလျက်စီးပွားရေး၊ ကြီးပွားရေးတို့၌လည်း အကြံဉာဏ်သစ်များ ရရှိနိုင်သဖြင့် အမှန် အားပေးကူညီထိုက်ပေ၏။

မြန်မာပြည်တွင် ပြုလုပ် ဖြစ်မြောက်နိုင်သော ဝတ္ထုပစ္စည်းတို့ကို နိုင်ငံခြားမှ ဝယ်ယူ သုံးစွဲနေရသဖြင့် တိုင်းရင်းသားလုပ်ငန်းတို့မှာ ပျက်စီးလျက် ပျောက်ကွယ်လုနီးပါး ဖြစ်နေရလေသည်။

တိုင်းရင်းသားများ ပြုလုပ်နိုင်သော ဝတ္ထုပစ္စည်းများကို အားပေးချီးမြှင့်ကြလျှင် နိုင်ငံခြားမှ ဝယ်ယူ သုံးစွဲခြင်း နည်းပါးလျက် တိုင်းပြည်၌ သက်သာရမည်မှာ အများသိရှိကြရပေသည်။

ဥပမာအားဖြင့်ဆိုသော် ကော်ဇောများကို ယခုအခါ မြန်မာပြည်၌ ပြုလုပ်လျက်နေပြီ ဖြစ်သောကြောင့် နိုင်ငံခြားများမှ ကော်ဇောများကို ဝယ်ယူခြင်း နည်းပါးသွားပြီ ဖြစ်ကြောင်းကို အောက်ပါစာရင်းအရ သိရှိနှင့်လေသည်။

နိုင်ငံခြားမှ ဝယ်ယူသော ကော်ဇောတန်ဖိုး

ခုနှစ်	ငွေ
၁၉၂၈-၂၉	၂၀၁,၈၂၇
၁၉၂၉-၃၀	၁၄၂,၄၀၇
၁၉၃၀-၃၁	၅,၀၁၄
၁၉၃၁-၃၂	၂,၇၉၄
၁၉၃၂-၃၃	၆,၅၀၈

တိုင်းသူပြည်သားများ သုံးစွဲနေရသော အသုံးအဆောင်ပစ္စည်းများအနက် မြန်မာပြည်၌ ဖြစ်နိုင်ရနိုင်သော ပစ္စည်းများကို တွင်ကျယ်စေရန် ကူညီအားပေးသင့်ပေသည်။ လက်မှုပညာပြပွဲသည် ထိုလုပ်ငန်းများကို အမှန် ကူညီအားပေးခြင်း ဖြစ်သောကြောင့် အစိုးရနှင့်တကွ တိုင်းသူပြည်သားများတို့ကပါ ထိုပြပွဲမျိုးကို ဝတ်ကျေဝတ်ကုန်ဟု သဘော မထားဘဲ လေးနက်စွာ အရေးယူလျက် ကူညီအားပေးထိုက်လှပေ၏။

ဘားမားဂျာနယ်၊ အမှတ်-၄၀၊ ၆-၃-၃၇။

http://www.dhammadownload.com

ကြီးပွါးချမ်းသာရေး

ဇြိုသုံး-ကျောင်းသုံး ဓာတုပ်။

စာရေးစာချီကုန်သည် လယ်လုပ် လခစား လက်ခစား ကူလီ ယာလုပ် သစ်ခုက် လွှတိုက် လှည့်သမား လှေသမား ရေးသည် ပွဲစား ဒရိုင်ဘာ ဆိုင်ရာဆရာအမျိုးမျိုး မြို့အုပ် မြို့ချုပ် သူကြီး ဆယ်အိမ်ခေါင်း။ ဘီအေ-အမ်အေ ရှေ့နေရှေ့ရပ်အမတ်များပါ မည်သည့်အတန်းစားမဆို ကြီးပွါးချမ်းသာလိုရာ ထမြောက် အောင်မြင်လိုသော်။

ဤစာအုပ်ကိုဇတ်ကြလော့။

အမောင် သည် အဘယ်မျှ အောက်ကျ နောက်ကျ ဖြစ်၍ နေစေကာမူ၊ ဤစာအုပ် သည် အမောင်အား ပုချ၊ အထွတ်အထိပ်သို့ ရောက်အောင် ပို့ဆောင် ပေးပေလိမ့်မည်။ ဤစာအုပ်မျိုးမှာ၊ မြန်မာပြည်တွင် တခါမျှ ပပေါ်ဘူးသေးချေ။

"THE WAYS OF PROGRESS"

—မူရိုင်—

ရေးသားသူ—ဦးပဂျီဦ

တို့အိမ်သားများ

ငါတို့သည် တစ်ကမ္ဘာလုံးကို ရွာတစ်ရွာဟု သဘောပိုက်ကာ ကြည့်ကြစို့။ ၎င်းပြင် လူတစ်မျိုးကို တစ်အိမ်ထောင် မိသားတစ်စုဟူ၍လည်းကောင်း၊ တိုင်းပြည်တစ်ခုကို အိမ်တစ်ဆောင်ဟူ၍လည်းကောင်း စိတ်တွင် ထင်မှတ်ကြကုန်။ ဥပမာ– ကုလားပြည်ကို အိမ်တစ်လုံးဟု သဘောပိုက်၍ ကုလားလူမျိုးများကို ၎င်းအိမ်တွင် နေကြသော မိသားတစ်စု၊ တစ်အိမ်ထောင်ဟု ထင်မှတ်ရန် ဖြစ်၏။

ထို့အတူ မြန်မာပြည်နှင့် မြန်မာလူမျိုးက အိမ်တစ်အိမ်၊ အင်္ဂလိပ်လူမျိုးက အိမ်တစ်အိမ်၊ တရုတ် လူမျိုးက အိမ်တစ်အိမ်၊ ဂျပန်က အိမ်တစ်အိမ်၊ ထို့အတူ အမေရိကန်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှ၊ အီတလီ၊ တူရကီ၊ ဆွီဒင် စသဖြင့် ကမ္ဘာကြီးတည်းဟူသော ရွာထဲ၌ အိမ်ပေါင်းများစွာရှိခဲ့ရာ ငါတို့မြန်မာမိသားတစ်စုတို့သည် ငါတို့အိမ်တွင် ပို၍ ကြွယ်ဝချမ်းသာလာသည်ဆိုရာ၌ အစ်ကို၏ ပိုက်ဆံကို ညီက ယူ၊ ညီ၏ ပိုက်ဆံကို အဖေက ယူ၊ အဖေ၏ ဥစ္စာကို အမေက ယူ၊ အမေ၏ ဥစ္စာကို သမီးကယူ စသဖြင့် ဤကဲ့သို့ အိမ်သား အချင်းချင်း လက်လှည့်သုံး အိတ်ပြောင်း၍နေခြင်းသည် ငါတို့ မြန်မာမိသားတစ်စု၌ မနေ့ကထက် တိုးတက်ချမ်းသာလာသည်မဟုတ်၊ ဟိုဘက်အိမ်၊ သည်ဘက်အိမ်တို့ကို ဥစ္စာပစ္စည်းတို့ကို တရားသဖြင့် ရောင်းဝယ်ကူးသန်းကာ ရအောင်ယူနိုင်မှ သာလျှင် ငါတို့အိမ်သားများ မနေ့ကထက်ပို၍ ကြွယ်ဝချမ်းသာလာခြင်း ဖြစ်လေသည်။

ဦးပဂျီဝို၊ ကြီးပွားချမ်းသာရေး၊ ၁၄၉။

http://www.dhammadownload.com

အသုံးတတ်ရမည်

တတ်ကျွမ်းသော ကုန်သည်တို့မည်သည် မိမိ၏ အရင်းအနှီးငွေအတွက် အချိန်ချင်းတူလျှင် အမြတ် အများဆုံး ရမည့်ကုန်ကို ကူးသန်းရောင်းဝယ်ကြလေသည်။

ထို့အတူ ဟန်ကျပန်ကျနေလိုသူ လူတိုင်းလူတိုင်းသည် မိမိပိုက်ဆံကို သုံးရာ၌ အများဆုံး ပြန်လည် အကျိုးကျေးဇူး ရရှိစေမည့် သုံးနည်းဖြင့် အသုံးပြုရမည်။

လူတို့သည် ပိုက်ဆံတစ်ပြားကို သုံးရာ၌ ပြန်လည် ရရှိသော အကျိုးမှာ တစ်ပြားချင်း တူသဖြင့် အကျိုးအတူတူပင် ပြန်လည်ရရှိသည်ဟု အများအားဖြင့် ထင်မှတ်ကြ၏။ သို့သော် သေချာစွာ စစ်ဆေးကြည့်ရှုလျှင် ပြန်လည်ရရှိသော အကျိုးပေးချင်း တန်ဖိုးမှာ မတူကြချေ။

ဥပမာ - ပျင်းပျင်းရှိသဖြင့် တောင်စဉ်းစား၊ မြောက်စဉ်းစား ပြုလုပ်နေစဉ် လမ်းမမှာ ရှာလဘတ်၊ ရှာလဘတ်ဆိုသဖြင့် ရှာလဘတ်ရည် တစ်ပြားဖိုး ဝယ်သောက်လိုက်လေ၏။ တစ်ဖန် ကိစ္စတစ်ခု ပေါ်ပေါက်သဖြင့် နေ့လယ် နေပူကဲ့ကဲ့တွင် ပုဇွန်တောင် ဘူတာမှ ရန်ကုန်ကို လမ်းလျှောက်လာရမည်ဆိုသော် နာရီဝက်ခန့် လာရပေမည်။ ထိုသို့မလာဘဲ မီးရထားလက်မှတ် တစ်ပြားပေး၍ ရထားစီးလာလျှင် အေးအေးဆေးဆေး မမောမပန်း အချိန်မကုန်ဘဲ ၅-မိနစ်အတွင်း ရန်ကုန်သို့ ရောက်ရှိလာပေလိမ့်မည်။

ယခင်က ရှာလဘတ်ရည် သောက်လိုက်သော ပိုက်ဆံတစ်ပြားနှင့် ယခု ရထားစီးလိုက်ရသော ပိုက်ဆံတစ်ပြားမှာ တစ်ပြားချင်းတူငြားသော်လည်း ပြန်လည်ရရှိသော အကျိုးမှာ တစ်ပြားနှင့် တစ်ပြား မတူကြချေ။

ထို့အတူ ပွဲလမ်းသဘင်ကို ခေတ္တခဏမျှ သွားရောက်ကာ သုံးစွဲခဲ့သော ငွေ ဒ-နှင့် လုံချည် တစ်ထည်ကို ဝယ်လိုက်သော ငွေ ဒ-မှာ တစ်ကျပ်ချင်း အတူတူပင် ဖြစ်သော်လည်း ပြန်လည်ရရှိသော အကျိုးမှာ မတူကြချေ။

တစ်နည်းဆိုသော် ယခုဖတ်နေသော ဤစာအုပ်၌ပင် ခြောက်ကျပ်၊ ခြောက်ဆယ်၊ ခြောက်ရာ မကသော အကျိုးကျေးဇူးတို့ကို ခံစားရနိုင်ပါမူ အကယ်၍သာ မိမိတို့၏ တိုးတက်ရာ တိုးတက်ကြောင်း၊ ဟန်ကျပန်ကျဖြစ်ရာ ဟန်ကျပန်ကျဖြစ်ကြောင်း၊ စာအုပ်ကောင်းများကို ဦး၊ ဒု ပေး၍ ဝယ်ယူဖတ်ရှုပါလျှင် ဤစာအုပ်မှ ခြောက်ကျပ်၊ ခြောက်ဆယ်၊ ခြောက်ရာ မကသော အကျိုးကျေးဇူး ခံစားရခြင်းထက် အဆပေါင်းများစွာ ပိုမို၍ အကျိုးကျေးဇူး ခံစားရပေလိမ့်မည်။

သို့ဖြစ်၍ ပွဲလမ်းသဘင်တွင် သုံးစွဲခဲ့ရသော ငွေ ဒ၊ လုံချည်တစ်ထည် ဝယ်လိုက်သော ငွေ ဒ တို့နှင့် စာအုပ်ကောင်း တစ်အုပ်ကို ဝယ်ယူဖတ်ရှုသော ငွေ ဒ သည် ငွေချင်းတူသော်လည်း သုံးစွဲသူ၌ ပြန်လည် ရရှိသော အကျိုးကျေးဇူးမှာ များစွာ ကွာခြားလေသည်။

ထို့ကြောင့် အနည်းဆုံး ပိုက်ဆံတစ်ပြားကို သုံးရာ၌ပင် ဆင်ခြင်စဉ်းစား၍ မိမိအား အကျိုးအများဆုံး ပြန်လည်ရရှိမည့် ကိစ္စတွင်သာ သုံးစွဲသင့်ကြောင်းကို ကောင်းစွာ သတိပြုသင့်လှပေကြောင်း။

ဦးပဏ္ဍိုင်၊ ဟန်ကျပန်ကျနှင့် စိတ်တန်ခိုး၊ ၁၁၅-၁၁၇။

http://www.dhammadownload.com

တိုးတက်ရန် မှတ်စု

တိုးတက်ရေး

ငွေသည် အခြားတွင်ရှိသော ငွေကို လာအောင် လုပ်နိုင်၏။ ထို့အတူ မိမိအိမ်တွင်ရှိသော ငွေကိုလည်း ထွက်အောင် လုပ်နိုင်၏။ အခြား၌ရှိသော ငွေကို လာအောင် လုပ်နိုင်သည် ဆိုခြင်း၌ မိမိပိုင်ငွေကို မြေတွင် မြှုပ်မထားဘဲ၊ သေတ္တာထဲတွင် သော့ခတ်၍ မထားဘဲ မရှုံးနိုင်သော အလုပ်မျိုးကို လုပ်ကိုင် အသုံးချထားပါက မိမိငွေသည် အခြားငွေကိုခေါ် သည် မည်၏။

ဥပမာ-မိမိပိုင်ငွေကို မြေတွင်မြှုပ်ထားမည့်အစား ရွှေပေါင်ခံ၍ ချေးငှားထားမည်ဆိုသော် အတိုးသည် မိမိပိုင်ငွေက ခေါ်လာသောငွေ ဖြစ်၏။ ထို့အတူ သေတ္တာထဲတွင် ထည့်ထားမည့်အစား မိမိပိုင်ငွေများကို ခနိ၊ ဝါး မပေါ်မီ ဝယ်ခြမ်းသိုလှောင်၍ အခါကျသောအခါ အမြတ်အစွန်းယူကာ ရောင်းခြင်းဖြင့် ရသောငွေတို့မှာ မိမိငွေက အခြားငွေကို ခေါ်လာသည် မည်၏။

ထိုအချက်ကို တစ်ဆင့်တက်လိုက်မည် ဆိုသော် ငွေဝင်များခြင်း၊ ငွေဝင်နည်းခြင်း သို့မဟုတ် အမြတ်များခြင်း၊ အမြတ်နည်းခြင်း ဟု ၂-မျိုး နှစ်စား ရှိပြန်လေသည်။

ဥပမာ-လူတစ်ယောက်သည် မိမိပိုင်ငွေ ၁၀၀ ကို ရွှေပေါင်ခံခြင်းဖြင့် အသုံးပြုပါမူ တစ်နှစ်တွင် ၁၅၊ ၂၀ ရနိုင်၏။ ထိုငွေ ၁၀၀ ကို အရင်းပြု၍ ပထမအကြိမ် ၆ လအတွက် စပါးပေး ပေးထားပြီးလျှင် စပါးပေါ်လာ၍ ရသောငွေနှင့် ဆီပေး-နှမ်းပေး၊ တစ်ဖန် ပေးပြန်သော် တစ်နှစ်တွင် ငွေ ၁၀၀ ကို နှစ်ခါ အသုံးပြုသဖြင့် ထိုငွေ ၁၀၀ သည် တစ်ကြိမ်တွင် ၁၅ ခန့် မြတ်ခဲ့သော် နှစ်ကြိမ်သုံးရသဖြင့် အမြတ်ငွေ သုံးလေးဆယ် တစ်နှစ်အတွင်း ရရှိနိုင်လေသည်။

ဤသို့သောနည်းဖြင့် မိမိငွေသည် အခြားငွေကို ခေါ်လာနိုင်သည့်ပြင် နည်းနည်းခေါ်လာနိုင်ခြင်းနှင့် များများခေါ်လာနိုင်ခြင်းတို့ကိုလည်း ပြုလုပ်နိုင်လေသည်။

မိမိငွေသည် အခြား မိမိပိုင်ငွေများကိုလည်း ထွက်အောင် လုပ်တတ်သေးသည်ဟူရာ၌ **ပထမ မိမိ**၏ အိမ်ရှင်မသည် မော်တော်ကားဝယ်ရန် အလိုရှိသဖြင့် မော်တော်ကားကို ဝယ်၍ ပေးလိုက်ရာ မော်တော်ကားအတွက် ငွေထွက်၍ သွားပေပြီ။ သို့သော် ထိုတွင်မရပ်၊ မိမိပိုင် အခြားငွေများကို ထွက်အောင် လုပ်သွားသေး၏။ လုပ်သွားပုံကား မော်တော်ကားနှင့် တန်အောင် စိန်နားကပ်၊ စိန်လက်ကောက်တို့ကို ဝယ်ပေးရပြန်လေ၏။ ဤတွင် မရပ်သေး၊ အပေါင်းအသင်းများကိုလည်း ပြင်၍ အထက်တန်းကျကျ မော်တော်ကားစီးနိုင်သူ၊ စိန်နားကပ် ပန်နိုင်သူတို့ကို ပေါင်းသင်းပြန်၏။ ဤနည်းဖြင့် ပထမ မော်တော်ကား ဝယ်လိုက်သောငွေတို့သည် အခြားငွေတို့ကိုပင် ထွက်အောင် ပြုလုပ်၍ သွားလေတော့သည်။

တိုးတက်ရေးမဂ္ဂဇင်း၊ အမှတ် - ၅၇။

ငွေသည် အခြားတွင်ရှိသော ငွေကို လာအောင် လုပ်နိုင်၏။ ထို့အတူ မိမိအိမ်တွင်ရှိသော ငွေကိုလည်း ထွက်အောင် လုပ်နိုင်၏။

http://www.dhammadownload.com



ဂုဏ်ပြုင်ရောဂါထနေကြခြင်း



မည်သူမဆို တိုးတက်ကြီးပွားနိုင်၏။

မည်သူမဆို ကြိုးစားက လက်ရှိအခြေအနေထက် တိုးတက်ရမည်ကို မည်သူမျှ မငြင်းနိုင်ပေ။

တစ်နေ့လျှင် သတင်းစာရောင်းသူ လုလင်ပျို တစ်ယောက်သည် မိမိအတွက် ရန်ကုန်မြို့၌ နံနက် ပိုင်းတွင် ၃၊ ၄ စီနိုင်၏။ ထို့အတူ ညနေပိုင်းတွင် ၃၊ ၄ စီနိုင်၏။ ဤသို့လျှင် တစ်နေ့ကို ၆၊ ၇ ဝင်ငွေ အေး အေး ဆေးဆေးနှင့် ရရှိနိုင်၏။ ထို့အတူ ဆိုက်ကား နင်းသူသည် တစ်နေ့လျှင် မိမိအတွက် ၃၊ ၆ ရရှိနိုင် လေသည်။

ထိုအထဲမှာ ရှင်တော်ဘုရား ဆိုဆုံးမတော်မူခဲ့ သည့်အတိုင်း ၄ ပုံ တစ်ပုံခန့်မျှ စုဆောင်းထားရှိမည် ဆိုပါက ခဲယဉ်းသည် မဟုတ်ပေ။ ဤသို့လျှင် တစ်မိုး တစ်နေခန့် စုဆောင်းလတ်သော် တစ်နှစ်အတွင်း လက်ရှိအခြေအနေထက် များစွာ တိုးတက်လာနိုင် လေသည်။

ထိုစုဆောင်းရာ၌ ပို၍ထူးမြတ်သော အကျိုး ကျေးဇူးကား စုဆောင်းခြင်းအလေ့အထသည် ရင့် သန်လာသည်သာမက ထိုကောင်းမြတ်သော အ လေ့အထ ရင့်သန်သည်နှင့်အမျှ မိမိစိတ်ကိုမိမိ ထိန်း သိမ်းနိုင်ခြင်းကား ငွေစုဆောင်းမိသည်ထက် ဆပေါင်း များစွာ ပို၍ အဖိုးတန်သော အလေ့အကျင့် ပညာ ရပ်ကြီး တစ်ခုကို လက်ဆုပ်လက်ကိုင် ရရှိလိုက်ခြင်း ဖြစ်လေသည်။

လူတို့တွင် ဂုဏ်တုဂုဏ်ပြိုင်ရောဂါထလျက်ရှိ ကြ၏။ ထိုဂုဏ်ပြိုင်မှုတွင် အခြားလူမျိုးများထက် ကျွန်ုပ်တို့ မြန်မာလူမျိုးက သာ၏။ ဆန်အိုးထဲ၌ နက် ဖြန်အတွက် ဆန်မရှိလျှင် နေပါစေ။ ယနေ့ ဤပွဲသို့ မသွားရလျှင် ဂုဏ်ငယ်မည်ကို အလွန်ဖိုးရိမ်ကြ၏။

ဟိုဘက်အိမ်က လုပ်လျှင် မိမိအခြေအနေကို မစစ်ဆေးဘဲ ဒီဘက်အိမ်ကလည်း အပြိုင်လိုက်လုပ် ကြ၏။

ရှေးနှစ်ပေါင်း(၄၀)လေးဆယ်လောက်က ရန်ကုန် မြို့ကြီးတွင် ဖိနပ်အပြိုင်စီးသော ရောဂါသည် အလွန် ထလိုက်၏။ လူချင်းတွေ့လျှင် ဦးခေါင်း၊ မျက်ခွက်၊ အင်္ကျီ၊ လုံချည်၊ ကိုယ်အမူအရာတို့ကို ပဓာနထား၍ မကြည့်ဘဲ ဖိနပ်ကိုသာ စိုက်၍ ကြည့်ကြ၏။

ယနေ့ ရန်ကုန်တွင် ဖြစ်၍နေသော အပြိုင်ရောဂါ မှာ မော်တော်ကား အပြိုင်စီးမှု ဖြစ်၏။ အိမ်မှာ ဘယ် လိုနေနေ မော်တော်ကားပိုင်ရှင်ဖြစ်ရန် အလွန်အရေး ကြီးနေပေတော့၏။

မော်တော်ကားရှိရန်ကို အလိုရှိအပ်၏။ သို့သော် ထိုမော်တော်ကားနှင့်တန်သည့် အလုပ်အကိုင် မိမိ၌ ဘာလုပ်ကိုင်နေသည်ကို တွက်စစ်ရန် လိုပေ၏။ သ တင်းထောက်သည် ခြေကျင်လျှောက်နေ၍ မဖြစ်၊ အ နည်းဆုံး မော်တော်ဆိုင်ကယ် ရှိရပေမည်။ သတင်း ထောက် သတင်းစာဆရာတို့မှာ မော်တော်ကား ရှိ အပ်၏။ ထိုသို့ အရေးကြီးသောလုပ်ငန်း မရှိပါဘဲ လျက် မော်တော်ကားကို စီးခြင်းသည် အသုံးအစွဲ လွဲမှားနေပြီဟု ဆိုရပေမည်။

မော်တော်ကားမှာ တစ်စင်းရှိလျှင် ပြီးနိုင်ပါလျက် နှစ်စင်း၊ သုံးစင်းထားခြင်းသည် ဂုဏ်ပြိုင်မှု တစ်ရပ် ပင် ဖြစ်ပေတော့၏။ အလုပ်ရှိ၍ သားတစ်စင်း၊ အဖေတစ်စင်း၊ အမေတစ်စင်းထားခြင်းကို မဆိုလို၊ အပိုဟန်ကြွား ပြုလုပ်ခြင်းကိုသာ ဆိုလိုသည်။

ထိုသို့မသင့်မလျော်သည်တို့ကို သုံးဖြုန်းပစ်မည့် အစား မိမိတွင်သော်လည်းကောင်း၊ လူအများတွင် သော်လည်းကောင်း အကျိုးရှိမည့် နေရာတစ်ခုခုတွင် သုံးစွဲအပ်လေသည်။

http://www.dhammadownload.com

အချုပ်ကား မည်သည့် အတန်းအစား၌ မိမိ နေရစေကာမူ အဖြုန်း၊ အသုံးကို အရမ်းသုံးဖြုန်း ခြင်းမပြုဘဲ နေရာတကျ သုံးစွဲတတ်ရန် အထူး ဆင်ခြင်ရပေမည်။ ငွေကုန်သွားခြင်းထက် မိမိ အသုံးနှင့် အဖြုန်း ခွဲခြားဝေဖန် မသိတတ်ခြင်းက ပို၍ နစ်နာလှပေတော့၏။

ဦးပဏ္ဍိုဠိ၊ တိုးတက်ရေးသတင်းစာ၊ ၃၁-၃-၅၆၊ ၇း

> ယနေ့ ရန်ကုန်တွင် ဖြစ်၍နေသော အပြိုင်ရောဂါမှာ မော်တော်ကား အပြိုင် စီးမှု ဖြစ်၏။ အိမ်မှာ ဘယ်လိုနေနေ မော်တော်ကားပိုင်ရှင်ဖြစ်ရန် အလွန် အရေးကြီးနေပေတော့၏။



- အလုပ်လုပ်၍ ပြခြင်းသည် ဟစ်အော်ခြင်းထက် အသံကျယ်၏။
- အမှန်နှင့် အမှားသည် ခြီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းအပေါ်တွင် တည်ရှိ၍နေသည် မဟုတ်ပေ။
- ဆင်းရဲလျှင် သတ္တိ၊ ချမ်းသာလျှင် သတိရှိရမည်။
- ဝ-မရှိဘဲ ဝိ-မလုပ်နှင့် ဆိုသော်လည်း ထဆင်ထူး ထောင်နိုင်လျှင် ဝိ ဖြစ်၏။
- သူတစ်ပါးအပြစ်ကို ရှာရုန်ထက် မိမိ ချို့ယွင်းချက်ကို ရှာ၍ပြုပြင်ခြင်းက သာ၍ အဖိုးတန်၏။

တိုးတက်ရေးသတင်းစာ၊

စာချုပ်

နိုင်ငံရေးစာချုပ်များသည် အရေးကြီးဘိသကဲ့သို့ စီးပွားရေးစာချုပ်များမှာလည်း အထူးအရေးကြီးပါသည်။ ထို့ကြောင့် နိုင်ငံရေးအတွက် တစ်တိုင်းပြည်နှင့် တစ်တိုင်းပြည် စာချုပ်များကို လေ့လာဆည်းပူးကြသကဲ့သို့ စီးပွားရေးစာချုပ်များကိုလည်း လေ့လာဆည်းပူးအပ်ပါသည်။ နိုင်ငံရေးစာချုပ် တစ်ချက်မှားလျှင် နယ်တစ်နယ် ပေးလိုက်ရသည်နှင့် တူဘိသကဲ့သို့ စီးပွားရေးစာချုပ် တစ်ချက်မှားသွားလျှင်လည်း ငွေအိတ်တစ်အိတ်ကို ပေးလိုက်ရသည်နှင့် တူပါသည်။

မောင်စိန်၊ ဘက် ငွေစက္ကူ ငွေတန်ဘိုး ကိစ္စအဝဝတို့အတွက် အစီရင်ခံစာ၊ ၁၁၊

http://www.dhammadownload.com

စီးပွားရေးအဏုမြူဗုံး

အင်္ဂလိပ်တို့ မြန်မာပြည် ဝင်ရောက်လာသော အခါ ဂျပန်ငွေစက္ကူများ တန်ဖိုးမရှိဟု ကြေညာလိုက်သည်နှင့် တစ်ပြိုင်နက် မြန်မာများလက်တွင် အရင်းအနှီး မရှိတော့ချေ။ မြန်မာများမှာ စီးပွားရေး အဏုမြူဗုံး ပထမအကြိမ် ကြဲချခြင်းကို ခံလိုက်ရ၏။ ထို့နောက် တစ်ဖန် အစစ အရာရာ စေးတက်နေပါလျက်၊ အင်္ဂလိပ်တို့ ယူလာကာ ရောင်းချသော အထည်အလိပ်၊ အစားအသောက်တို့မှာ ယခင် စစ်မဖြစ်မီစျေးထက် ဆပေါင်းများစွာ တိုး၍တက် ရောင်းချနေပါလျက် ယခင် စစ်မဖြစ်မီက ဤစာကို ရိုက်နှိပ်သော စက္ကူမျိုးမှာ တစ်ထုပ်လျှင် ၂၅၊ ၈၀ ခန့်မျှသာဖြစ်ပါလျက် ကျွန်ုပ်တို့အား အင်္ဂလိပ်တို့က ၂၅-စျေးဖြင့် ၉-ဆလုံးလုံး တက်ကာ ရောင်းချပါလျက် ကျွန်ုပ်တို့မြန်မာပြည်ထွက် စပါးကိုကား စစ်မဖြစ်မီက စျေးထက်နှိမ်ကာ ၁၂၀- ပေးခြင်းကား မြန်မာများအပေါ်တွင် အင်္ဂလိပ်တို့ ပစ်ချလိုက်သော ဒုတိယ စီးပွားရေးအဏုမြူဗုံးကြီးတစ်လုံး ဖြစ်ခဲ့ပြန်လေသည်။

မြန်မာများမှာ စစ်ဒဏ်ကို အပြန်အလှန် ခံလိုက်ရသဖြင့် အဝတ်အစားပင် မရှိရကား ၎င်း ၁၂၀-စျေးနှင့် ရောင်းချရထားသော ငွေကလေးနှင့်ပင် အဝတ်အစား လေထီး ပလေကတ် စသည် မဝယ်လျှင်မပြီးသည့် အသုံးအဆောင်များကို ဝယ်လိုက်ပြန်သဖြင့် မြန်မာလက်တွင် ငွေမကျန်တော့ချေ။ အလုပ်သမား လခကျပြန်တော့လည်း တစ်နေ့ တစ်ကျပ်၊ ငါးမတ်နှုန်း ဖြစ်နေပြန်သဖြင့် အလုပ်သမားများ နေရေး ထိုင်ရေး၊ စားရေးသောက်ရေးတို့မှာ မလောက်ငခြင်းကြောင့် ယခုတိုင် သပိတ်မှောက်လျက် ရှိကြ၏။ မြန်မာ ကျောင်းဆရာများလခကား ပြောဖွယ်မရှိ၊ ရှက်ဖွယ် ရှက်ဖွယ်သာ ဆိုရန်ဖြစ်နေ၏။

ထို့ကြောင့် မြန်မာများ လက်တွင် ယခုရှိနေသောငွေမှာ အလွန်အလွန် ခဲယဉ်းစွာနှင့် ရထားသော ငွေများသာဖြစ်သဖြင့် ယခုအခါ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတို့နှင့် စာသော် ငွေတစ်ကျပ်ချင်း အခေါ်နှုန်း အမြင်မှာ တူလင့်ကစား မြန်မာများပေးရသော တန်ဖိုးမှာ အကြီးဆုံးဖြစ်၏။

စစ်မဖြစ်မီက အိန္ဒိယပြည်က ငွေတစ်ကျပ်နှင့် မြန်မာပြည်က ငွေတစ်ကျပ်မှာ တန်ဖိုးချင်းတူသော်လည်း ယခု စစ်ပြီးသောအခါတွင် တန်ဖိုးချင်း မတူသင့်ချေ။ အကြောင်းကား အိန္ဒိယပြည်တွင် စစ်အတွင်းက ဂျပန်စက္ကူများကို ပေါပေါနှင့် အလကားလိုလို ရရှိထားသော ငွေစက္ကူများ ဖြစ်၏။ စစ်မဖြစ်မီက အိန္ဒိယပြည်တွင် ငွေဒင်္ဂါး ထုတ်ဝေသုံးစွဲသည်မှာ အိန္ဒိယရီဇတ်ဘဏ် စာရင်းအရ ၁-၉-၃၉ တွင် ၁၈၂ ကုဋေဖိုးမျှသာရှိ၍ ယခု ၁၉၄၆ ခုနှစ် ဇန်နဝါရီလဆန်း တစ်ရက်နေ့တွင် ထုတ်ဝေသုံးစွဲနေသော ငွေစက္ကူ တန်ဖိုးမှာ ၁၂၂၆ ကုဋေမျှ ရှိလာလေသည်။

ထိုမျှ အလကားလိုလို ပေါပေါနှင့် ရထားသော ငွေများကို မြန်မာပြည်သို့ ယူလာကာ မြန်မာပြည်က ငွေနှင့်တန်းတူထုတ်ကာ သုံးစွဲစေခြင်းသည် မြန်မာလူမျိုးတို့အား တတိယအကြိမ် အကြီးဆုံး စီးပွားရေးအဏုမြူဗုံးကြီးကို ကြဲချလိုက်ခြင်းပင် ဖြစ်၏။

အိန္ဒိယပြည်တွင် စစ်အတွင်းက အလကားလိုလို ပေါပေါနှင့် ရထားသောငွေများကို အင်္ဂလိပ်နှင့် အိန္ဒိယတိုင်းသားတို့ ယူလာကာ မြန်မာပြည်တွင် စီးပွားရေးနယ်ချဲ့ကာ အဆောက်အအုံများ တည်ဆောက်လတ္တံ့။ အလုပ်ရုံကြီးများ၊ စက်ရုံကြီးများ ဖွင့်လတ္တံ့။ စျေးနှင့်နှိုး၍ ကြေးကြီးသော မြေကွက်၊ နေအိမ်၊ တိုက်တာတို့ကို ဝယ်လတ္တံ့။ ထို့နောက်လည်း လတ္တံ့ပေါင်းများစွာ ကျန်ရှိသေး၏။

ဦးပဏ္ဍိုင်၊ အရေးပေါ်စာတမ်း၊ ၁၆-၁၉၊

http://www.dhammadownload.com

ဤ ၆-ပါးကို နေ့စဉ်ဂရုပြုပေးပါ

တိုးတက်ကြီးပွားမှုကို ရှေးရှုသောပုဂ္ဂိုလ်သည် မိမိကိုယ်ကို မိမိ အားကိုးအားထား ပြုရပေမည်။ သူတစ်ပါးသည် မိမိကို အခါခပ်သိမ်း နေရာတကာတွင် နေ့ရောညဉ့်ပါ လိုက်လံစောင့်ရှောက် အားပေးကူညီနေနိုင်လိမ့်မည် မဟုတ်ပေ။

ဤသို့ဆိုရာ၌ သူတစ်ပါး အကူအညီ အထောက်အပံ့ကို မယူရ၊ သူတစ်ပါးနှင့် မဆက်ဆံ မပေါင်းသင်းရဟု ဆိုလိုရင်း မဟုတ်သည်သာမက သူတစ်ပါး၏ အကူအညီကို ယူခြင်း၊ သူတစ်ပါးနှင့် သင့်မြတ်စွာ ပေါင်းသင်း ဆက်ဆံခြင်းများသည် မိမိ တိုးတက် ကြီးပွားမှုအတွက် ကြီးစွာသော အထောက်အပံ့ကြီး တစ်ခု ဖြစ်သည်ကိုလည်း အထူး ဂရုပြုအပ်လေသည်။

မိမိကိုယ်ကိုမိမိ အားကိုးရမည် ဆိုကာမျှနှင့် သူတစ်ပါးကို ပမာမခန့်ပြုခြင်း၊ သူတစ်ပါးနှင့် တစ်ဖက်တစ်လမ်းလုပ်ခြင်းများသည် မိမိ၏ တိုးတက်ကြီးပွားမှုကို များစွာ ထိခိုက်ပျက်စီး နစ်နာစေသည်ကိုလည်း ကြပ်ကြပ်သတိထားပါလေ။

လောကဌ အလွန်ချစ်လှပါသည်ဟု ဆိုသော အဖေနှင့် အမေသည် မိမိအား ငယ်ရွယ်စဉ်သာ စောင့်ရှောက်ကူညီအားပေးနိုင်၏။ မိမိ ကြီးသည့် အခါ ၎င်းတို့ မကူညီ မစောင့်ရှောက်နိုင်တော့ချေ။ သာမန်ပုဂ္ဂိုလ်အချင်းချင်းကို မဆိုထားဘိ၊ သတ္တဝါတို့ကို အချစ်ဆုံး၊ ကရုဏာအရှိဆုံးဟု ဆိုအပ်သော ဘုရားရှင်ပင်လျှင် သတ္တဝါတို့၏ ချမ်းသာမှု၊ ဆင်းရဲမှု၊ ရာထူးတိုးတက်မှု၊ လာဘ်လာဘ ရွှင်လန်းမှု စသည်တို့ကို အခါခပ်သိမ်း ကိုယ်တိုင်လာရောက် မစောင့်မူနေခြင်းငှာ မတတ်နိုင်ပေ။ နှုတ်အားဖြင့် တရားတော်ကို နာနေစဉ်၌သာ ဆုံးမဩဝါဒဖြင့် ခိုးမြှုင့်တော်မူနိုင်လေသည်။ ထို့ကြောင့် ဘုရားရှင်သည်-

အတ္တာဟိ အတ္တနော နာထော
ကောဟိ နာထော ပရောသိယာ

ဟု ဟောတော်မူသည်။ အဓိပ္ပာယ်သော်ကား အတ္တာဟိ၊ အတ္တာစဝ-ကိုယ့်ကိုယ်ကိုသာလျှင်၊ အတ္တနော နာထော- မိမိကိုးကွယ်ရာဖြစ်၏၊ ပရော-မိမိမှ တစ်ပါးသော၊ ကော-အဘယ်အမည်သောသူသည်၊ နာထော- မိမိကိုးကွယ်ရာသည်၊ သိယာ-ဖြစ်ချိမ့်မည်နည်း။ ထို့ကြောင့် တိုးတက်ကြီးပွားလိုလျှင် သူတစ်ပါးနှင့် ဆန့်ကျင်ဘက် မလုပ်ဘဲ၊ သူတစ်ပါးကို အားကိုးနေခြင်း မပြုဘဲ မိမိကိုယ်ကိုမိမိ အားကိုးရမည်။

ယင်းသို့ မိမိကိုယ်ကိုမိမိ အားကိုးရမည် ဆိုရာ၌ မိမိကိုယ်ကိုမိမိ အားကိုးနိုင်ရန်လည်း မိမိကိုယ်ကို အစဉ်မြဲမြံတင်ပေးရမည် ဖြစ်၏။ မိမိကိုယ်ကိုမိမိ မြှင့်တင်ပေးနေရမည် ဆိုရာ၌ နေ့စဉ် ပညာရရှိရေး၊ ဥစ္စာရရှိရေး၊ ကုသိုလ်ရရှိရေး၊ ကျန်းမာမှုဖြစ်ရေး၊ ဤလေးပါးကို နေ့စဉ်နေ့တိုင်း တိုးတက်အောင် ပြုလုပ်ပေးနေရမည်။

ထိုလေးပါးမှတစ်ပါး မိမိ၏ ပေါင်းဖော် ပေါင်းဖက်ဖြစ်သော သူတော်ကောင်း မိတ်ဆွေဟောင်းများနှင့်လည်း မကွေမကွင်းရလေအောင် မိတ်ဆွေတို့၏ ဝတ္တရားကို မချို့ယွင်းအပ်ချေ။ သို့ရာတွင် သူယုတ်မာ

> **မိမိကိုယ်ကိုမိမိ အားကိုးရမည်ဆိုရာ၌ မိမိကိုယ်ကိုမိမိ အားကိုးနိုင်ရန်လည်း မိမိကိုယ်ကို အစဉ်မြဲမြံတင်ပေးရမည် ဖြစ်၏။**

http://www.dhammadownload.com

တိုးတက်ကြီးပွားမှုတွင် နာမည်ပျက်မှုသည် အထူး အရေးကြီးလေသည်။ နာမည်တစ်ခါ ပျက်ခြင်းသည် တိုးတက်ကြီးပွားလိုသူ၏ မျက်နှာတွင် ဓားဒဏ်ရာကြောင့် ရရှိထားအပ်သော အမာရွတ်နှင့် တူလှပေသည်။

မိတ်ဆွေဟောင်း ဖြစ်ဘိမူကား တရားလမ်းကြောင်း ကောင်းနိုးရာကို ပြသပါလျက် မလိုက်နာဘဲ အကုသိုလ် ဒုစရိုက်ကိုသာ ပြုမြဲတိုင်း ပြုနေမည်ဆိုပါက ဆက်သွယ်နေခြင်းထက် အဆက်နည်းပါးသွားရခြင်းသည် ပိုမိုအကျိုးရှိဖွယ်ရာပင် ဖြစ်လေသည်။

အကြောင်းတစ်မူကား စိတ်တို့သည် သတိလစ်သည်ရှိသော် မကောင်းဘက်ကိုသာ ရွှေ့လျော ကျဆင်းတတ်သော သဘောရှိခြင်းကြောင့် ၎င်းတို့နှင့် ပေါင်းသင်းဆက်ဆံနေပါက စိတ်အလစ်နှင့် ကြုံကြိုက်သော် မိမိပင်လျှင် ၎င်း၏နောက်သို့ ပါသွားတတ်လေသည်။ ထို့ကြောင့်လည်း ဘုရားရှင်သည်-

ပါပသို့ ရမတိ မနော

ဟု ဟောတော်မူ၏။ အဓိပ္ပာယ်သော်ကား ပါပသို့-မကောင်းမှု၌၊ မနော-သတ္တဝါ သူသူငါငါတို့၏ စိတ်သည်၊ ရမတိ-မွေ့လျော်၏။ ထို့ကြောင့် မကောင်းသော မိတ်ဆွေဖြစ်မူ ကောင်းရာ ကောင်းကြောင်း ဟောပြောပေးပါလေ။ ပြော၍ ဟော၍ မရပါက ဖယ်ခွာပါလေ။

ထိုမှတစ်ပါး ရှိပြီးသော မိတ်ဆွေကောင်းများနှင့်သာ တင်းတိမ်မနေမူ၍ ကောင်းမြတ်သော မိတ်ဆွေသစ်များကိုလည်း ရှာဖွေပေါင်းသင်းပါလေ။ ဤ၌ သတိပြုရန်အချက်ကား နာမည်ကြီးတိုင်း ကြီးတိုင်း သူတော်သူမြတ် ချစ်ခင်ရင်းနှီးစွာ ပေါင်းအပ်သော မိတ်ဆွေကောင်းဟု အစဉ်ယူဆခြင်းငှာလည်း မအပ်ချေ။

မိတ်ဆွေပေါင်းသင်းခြင်းမှတစ်ပါး အကျင့်စာရိတ္တကြောင့် နာမည်ပျက်ခြင်းကို အစဉ်ရှောင်နိုင်သမျှ ရှောင်၍ နာမည်ကောင်းရရှိအောင် ကြိုးစားပေးရမည်။ တိုးတက်ကြီးပွားမှုတွင် နာမည်ပျက်မှုသည် အထူး အရေးကြီးလေသည်။ နာမည်တစ်ခါ ပျက်ခြင်းသည် တိုးတက်ကြီးပွားလိုသူ၏ မျက်နှာတွင် ဓားဒဏ်ရာကြောင့် ရရှိထားအပ်သော အမာရွတ်နှင့် တူလှပေသည်။

ထို့ကြောင့် တိုးတက်ကြီးပွားလိုသူသည် နေ့စဉ်နေ့တိုင်း (၁)ပညာ (၂)ဥစ္စာ (၃)ကုသိုလ် (၄)ကျန်းမာမှု (၅)မိတ်ဆွေကောင်း (၆)နာမည်ကောင်းရမှု ဤခြောက်ခုကို နေ့စဉ်နေ့တိုင်း ကြိုးစားအားထုတ် စုဆောင်း ပေးအပ်ရာသည်။

ဣဒံ မေ ပုညံ. . .

ဦးပဂျီဝိုင်၊ တိုးတက်ရေးသတင်းစာ၊ (၅-၂-၅၂)



လောက၌ မီးအာမခံ၊ အသက်အာမခံတို့ ထားလျက်ရှိသော်လည်း လူတစ်ဦး၏ ကံကြမ္မာကို အစဉ်တိုးတက်နေရမည်၊ ပြန်လျှောမကျရဟု မည်သည့်အာမခံတိုက်ကမှ အာမ မခံကြချေ။

ဦးပဂျီဝိုင်၊ တိုးတက်ရေးလက်စွဲ၊ ၁၁၅-၁၁၆။

http://www.dhammadownload.com

အသေးအဖွဲ

အနုသေးအဖွဲကလေးတစ်ခုသည် အကြီးအကျယ် ကြီးတစ်ခုကို ပျက်စီးစေလေသည်။

မစင်တစ်ပဲသားသည် နွားနို့ တစ်ပိဿာကို ပျက်စီးစေလေသည်။

လွန်ခဲ့သည့် ၁၂၉၂-ခုနှစ်လောက်က ရွှေတိဂုံစေတီတော် အနီးတွင် အမှိုက်ပုံကလေးကို မီးလောင်၏။ မြင်သူတို့သည် အရေးမကြီးဟု မီးကို မသတ်ဘဲ နေလိုက်ကြ၏။ ထိုမီးငယ်မှ အနီးရှိ ဦးနာဂိန္ဒ တဲကြီးကို မီးလောင်၏။ ထိုတဲမှ အနီးရှိဇရပ်ကို မီးစွဲပြန်၏။ ထိုဇရပ်မှ သိန်းပေါင်းများစွာ ထိုက်တန်သော ရွှေတိဂုံကုန်းတော်ပေါ်ရှိ တန်ဆောင်းပြာသာဒ်စသည်ကို မီးခပြန်၏။ ဤ၌လည်း အသေးအဖွဲကလေးတစ်ခုမှ အကြီးအကျယ် ပျက်စီးရခြင်း ဖြစ်လေသည်။

ထို့ပြင် ကျွန်ုပ်သည် စာရေးဘဝ၌ လုပ်ဖဲ့ခိုင်နေစဉ် ကျွန်ုပ်လက်ထဲသို့ စာတစ်စောင်ပို့ရန် ရောက်လာ၏။ ထိုစာမှာကား ရန်ကုန်မြို့ရှိ အင်္ဂလိပ် သတင်းစာတိုက်ကြီးသို့ ပေးသောစာ ဖြစ်၏။ ထိုစာမှာ ပူးတွဲပါရှိသော ကြော်ငြာစာကို ၎င်းနေ့စဉ်သတင်းစာကြီးတွင် ကြော်ငြာပေးရန် ဖြစ်၏။

ကြော်ငြာစာမှာ မမျှားချေ။ သို့ရာတွင် ကျွန်ုပ်တို့ ပြောဆိုလိုသော အချက်မှာ -

WANTED BARMAN

ဆိုသော ကြော်ငြာဖြစ်၏။ ၎င်းကြော်ငြာတွင် မည်သည့်ဌာန၊ မည်ဆည့်တိုက်တွင် လျှောက်ထားရမည်။ လျှောက်ထားသူသည် မိမိအရည်အချင်းကို ဖော်ပြ၍ လခ မည်မျှအလိုရှိကြောင်း၊ မိမိ ဘယ်မှာ လုပ်ခဲ့ဖူးကြောင်း လျှောက်လွှာတွင် ဖော်ပြရမည်ဟု ပါရှိလေသည်။

နောက်တစ်နေ့ ကျွန်ုပ်တို့ အလုပ်သို့ ရောက်သောအခါ ကောင်မွန်သားနားစွာ ဝတ်စား၍ အလုပ်လျှောက်ရန်လာသူ မြန်မာပေါင်းများစွာ အလုပ်တိုက်တွင် ပြည့်ကျပ်နေသည်ကို တွေ့ရ၏။

မန်နေဂျာသည် အလုပ်လျှောက်သူ လျှောက်လွှာများကို ဖတ်ကြည့်သောအခါ အချို့ကား စာရင်းဘက်တွင် တတ်ကျွမ်းနားလည်၍ အချို့ကား အရောင်းအဝယ်ဘက်တွင် နားလည်ကြောင်း၊ အချို့ကား လက်ရေးတို့နှင့် လက်နှိပ်စက်အတတ်ကို ကောင်းစွာ တတ်ကျွမ်း၍ လခမည်မျှ အလိုရှိကြောင်း စသည်ဖြင့် အသီးသီး မိမိတို့ အရည်အချင်း၊ မိမိတို့ လိုသည့် လစာ၊ မိမိတို့ မည်သည့်ဌာနများတွင် လုပ်ကိုင်ခဲ့ဖူးကြောင်းများကို ဖော်ပြလျှောက်ထားကြ၏။

ထိုအခါ မန်နေဂျာသည် မိမိအလိုရှိသောသူ တစ်ယောက်မျှ မပါသဖြင့် ဤကဲ့သို့ ဖြစ်ရခြင်းမှာ အဘယ်ကြောင့် ဖြစ်ရပါသနည်းဟု မိမိကြော်ငြာကို သတင်းစာ၌ ပြန်လည်ကြည့်ရှုသောအခါ သတင်းစာ၌ မိမိရေးပေးလိုက်သကဲ့သို့-

WANTED BARMAN

မဟုတ်ဘဲ

WANTED BURMAN

ဟု ဘားမင်းတွင် ဘီ-အေ-အာ နှင့် မပေါင်းဘဲ ဘီ-ယူ-အာ နှင့် ပေါင်းထားသဖြင့် လျှောက်သူများမှာ ဘွိုင်ကုလားကလေး (အစေခံ) မဟုတ်ဘဲ မြန်မာစာရေးစာချီများ ဖြစ်၍နေကြောင်းကို သိရလေသည်။

ဤ၌ စာလုံးကလေး တစ်လုံးသည် အဘယ်မျှ အရေးကြီးကြောင်းကို သိသာနိုင်လေသည်။

ဦးပဏ္ဍိုင်၊ ဟန်ကျပန်ကျနှင့် စိတ်တန်ခိုး၊ ၁၃၁-၁၃၃၊

စာလုံးကလေး တစ်လုံးသည် အဘယ်မျှ အရေးကြီးကြောင်းကို သိသာနိုင်လေသည်။

http://www.dhammadownload.com

စုဆောင်းအပ်သည့်

သူတော်ကောင်းဥစ္စာ ၇–ပါး

ဗုဒ္ဓဘာသာ မြန်မာလူမျိုးဟု မိမိကိုယ်ကို အယူရှိနေကြပါလျက် နေ့စဉ်နှင့်အမျှ မိုးလင်းသည်နှင့် တစ်ပြိုင်နက် ဥစ္စာဓီးပွားရှာမှု လောဘကို မိုးချုပ်၍ အိပ်သည်တိုင်အောင် အားထုတ် အားပေးနေကြကုန်၏။ ထို့အတူ ဒေါသ၊ မောဟတို့သည်လည်း မိုးလင်း၍ မျက်စိနှစ်လုံး ပွင့်လာသည်ကစ၍ ညအိပ်သည်တိုင်အောင် တစ်နာရီ တစ်မိနစ် ကြားမရှိရအောင် တိုးတက် တောက်လောင်နေပေတော့၏။ အတိုချုပ်ဆိုသော် လောကီကြီးပွားမှုအတွက် လောဘ၊ ဒေါသ၊ မောဟတို့သည် တစ်မိနစ်၊ တစ်စက္ကန့်မျှ အနားမရှိ၊ တိုးတက် တောက်လောင်နေတော့၏။ ထို မီး ၃ ပါး သည် အပါယ်ဘေးသို့ တစ်တွန်းတည်း တွန်းချနေသည်ပင် ဖြစ်၏။

ဤကဲ့သို့ အပါယ်လေးပါး အစာဖြစ်ရန် အတွန်းခံနေရခြင်းမှာ လောကီတစ်သက်လျာမျှအတွက် ဥစ္စာပစ္စည်း တိုးတက်မှု၊ ရာထူးတိုးတက်မှု၊ ဂုဏ်ပကာသနတိုးတက်မှု၊ နာမည်ကြီးမှု၊ ပကာသနလိုချင်မှု စသည့် လောကီအမှုတို့အတွက် ကြိုးစားနေကြခြင်းကြောင့်သာ ဖြစ်လေသည်။ ယင်းသို့ ကြိုးစားရာတွင် ရမှုလည်း ရရာ၏။ မရမှုလည်း မရဘဲရှိရာ၏။ ရသည်ထားစေကာမူ ထိုလောကီစည်းစိမ် ဂုဏ်ပကာသနသည် မည်မျှခံစံုနည်း။ မိမိမသေမီတွင် ချို့ယွင်းပျက်စီးသွားကြရသည်ကို မျက်မြင်ဒိဋ္ဌပင် ဖြစ်လေသည်။

> **လောကီကြီးပွားမှုအတွက်**
> **လောဘ၊ ဒေါသ၊ မောဟတို့သည်**
> **တစ်မိနစ်၊ တစ်စက္ကန့်မျှ အနားမရှိ၊**
> **တိုးတက် တောက်လောင်နေတော့၏။**

ထိုမျှမက မိမိသေသည်တိုင်အောင် တည်မြဲပါသည်ဟု ဆိုရစေကာမူ မိမိသေသောအခါ ထိုဥစ္စာစည်းစိမ် ဂုဏ်သိန် ပကာသန အဝဝတို့သည် မိမိနှင့် နောက်တစ်ဘဝသို့ ပါနိုင်ပါသည်ဟူ၍ မရှိချေ။ **ဥစ္စာစည်းစိမ် ဟူသရွေ့တို့သည် မိမိသေသောအခါ အိမ်၌သာ ကျန်ရစ်ကုန်၏။ ချစ်လှစွာသော မိဘ၊ သားမယား၊ လင်ယောကျ်ားနှင့် ဆွေမျိုးတစ်စုတို့သည် သုသာန်သချိုင်းသို့သာ အစွမ်းကုန် လိုက်ပို့နိုင်ကြကုန်၏။** သို့ရာတွင် မိမိနှင့် သွားလေရာရာ ပါမည့်ဥစ္စာကား မိမိ၏ကုသိုလ်နှင့် မိမိ၏ အကုသိုလ်ကံတို့သာ လျှင် မိမိအရိပ်ကဲ့သို့ သွားလေရာရာ ပါမည်သာတည်း။

ထို့ကြောင့် ဗုဒ္ဓဘာသာအယူကို တကယ် ယုံကြည်ရိုးမှန်လျှင် တစ်သက်လျာမျှသာ ဖြစ်သော လောကီဥစ္စာစည်းစိမ် ဂုဏ်ရှိန်ဖြပ် ပကာသန အရပ်ရပ်တို့ ရရှိရေးတွင်သာ အချိန်ကုန် ခံမနေမူ၍ မိမိဆွားရာဘဝများစွာတွင် အရိပ်အာဝါသသဖွယ် ပါရှိနေမည့် သူတော်ကောင်းဥစ္စာ ၇ ပါးကိုလည်း နေ့ညမပြတ် ရှာဖွေ ကြိုးစားရပေမည်။

များစွာသော လူတို့သည် ဗုဒ္ဓဘာသာဟု အမည်ခံပါလျက် လောကီတစ်သက်လျာအတွက်သာ ဂုဏ်တု ဂုဏ်ပြိုင် ကြိုးစားရှာဖွေ စုဆောင်းနေကြခြင်းသော်လည်း သူတော်ကောင်းဥစ္စာ ၇-ပါးကိုကား ရှာဖွေ စုဆောင်းရမည်ဟုပင် လေးနက်စွာ မသိရှိကြကုန်။ ဂုဏ်ပြိုင်ရန်မှာ လောကီအတွက် ဂုဏ်ပြိုင်မှုထက် လောကုတ္တရာဥစ္စာ ၇-ပါး ရရှိရေးတွင် ဂုဏ်ပြိုင်အပ်လေသည်။ လောကုတ္တရာအတွက် သူတော်ကောင်းဥစ္စာ ၇-ပါးကား-

http://www.dhammadownload.com

လူတို့သည် ရှေ့မှန်နောက်မှန်ထား၍ ရုပ်ကြီးကိုသာ နေ့ရှိသမျှ ပြုပြင်နေကြလေသည်။ အရေးကြီးလှသည့် စိတ်၏ တိုးတက်မှုကိုကား မပြုပြင်ကြကုန်။

သဒ္ဓါ၊ သီလ၊ သုတ၊
စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ။

ဤသူတော်ကောင်း ၇-ပါးနှင့် ပြည့်စုံသူကို **သူဆင်းရဲ၊ ဂုဏ်မဲ့သူ၊ အောက်တန်းစားဟူ၍ မခေါ်** ဆိုနိုင်တော့ပြီ။ ထိုမျှမက ငင်းပုဂ္ဂိုလ်အတွက်လည်း အပါယ် ၄-ဘုံ တံခါးပိတ်ပြီး ဖြစ်တော့၏။ သူတော်ကောင်း ၇-ပါးကို နည်းနည်းစုဆောင်းမိလျှင် နည်းနည်းသက်သာရာရ၍ များများစုဆောင်းမိလျှင် များများသက်သာရာ ရတော့၏။

တစ်နည်းဆိုလျှင် နည်းနည်း စုဆောင်းမိလာလျှင် နည်းနည်းအားကိုး ဝမ်းသာဖွယ်ဖြစ်၍ များများစုဆောင်းမိလျှင် များများ အားကိုး ဝမ်းသာဖွယ် ဖြစ်၏။ ထို့ကြောင့် သူတော်ကောင်း ၇-ပါးသည် မြောက်များ ပြည့်စုံလာပါမူ ဒုက္ခရောက်မည့်ဘေးကို မဆိုထားဘိ သေရမည်ကိုပင် မကြောက်တော့ချေ။

သုပ္ပဗုဒ္ဓ

အခါတစ်ပါး၌ အလွန်တံစ်ရာ ဆင်းရဲရုံမျှမက နူနာပင် စွဲနေသော သူတောင်းစားတစ်ယောက်သည် ဘုရားရှင် တရားဟောရာ အစွန်းဌာနတွင် တရားတော်ကို နာကြားရင်းပင်လျှင် သောတာပန်၌ တည်လေ၏။ ထိုပုဂ္ဂိုလ်ကား အခြားမဟုတ်။ လူတိုင်းကြားနာသိရှိနေသော သုပ္ပဗုဒ္ဓပင် ဖြစ်၏။

ထိုအခါ သိကြားမင်းသည် အလိုစမ်းလို၍ သုပ္ပဗုဒ္ဓထံ လာရောက်ပြီးလျှင် အချင်း-သုပ္ပဗုဒ္ဓ၊ သင့်ကား ကိုယ် မသန့်မရှင်းရှိ၏။ ဥစ္စာလည်း ဆင်းရဲ၏။ ထို့ကြောင့် သင်၏ အနာရောဂါကိုလည်း ပျောက်စေအံ့၊ ဤမည် ဤမည်သော စည်းစိမ်ဥစ္စာတို့ကိုလည်း ငါပေးအံ့၊ သင်-ယခု ယုံကြည်နေသော ဘုရား၊ တရား၊ သံဃာအား ယုံကြည်မှုကို မပြုမူ၍ တရားတော်ကို ငါ အလိုမရှိပြီ။ ငါ့အား ရောဂါပျောက်ကင်းစေ၍ ဥစ္စာပစ္စည်းသာ ပေးတော့ဟု ဆိုလျှင် ငါပေးအံ့။ ငါကား အခြားသူမဟုတ်၊ သိကြားမင်းပေတည်းဟု ဆို၏။

ထိုသောအခါ သုပ္ပဗုဒ္ဓက အသင်သိကြားမင်း၊ ငါ့အား အဘယ်သို့ထင်မှတ်ဘိသနည်း။ ငါသည် ဘုရားရှင်၏ အမွေအနှစ်ကို ရထားသောသူပင်တည်း။ ငါသည် ချမ်းသာသောသူပင်တည်း။ ငါ၌ မပျက်စီးနိုင်သော သူတော်ကောင်း ၇-ပါး စုံပြီး ဆောင်းပြီး ရှိသူတည်း။ သင် သိကြားမင်း ဤနေရာမှ ဖယ်ခွာသွားလော့ဟု ရင့်သီးစွာ ဆိုလိုက်၏။

ထို့ကြောင့် တစ်ဘဝတည်းသာ မဟုတ်၊ ဘဝများစွာ မိမိကိုယ်တိုင် စားသုံးသွားရမည့် သူတော်ကောင်း ၇-ပါးကို လောကီဥစ္စာပစ္စည်း ရှာဖွေ စုဆောင်းဘိသကဲ့သို့ ရှာဖွေ စုဆောင်းအပ်ရာသည်။ တစ်နေ့ထက် တစ်နေ့ သူတော်ကောင်း ၇-ပါး တိုးတက်လာရန် ကြိုးစားပေးရပေမည်။ ဂုဏ်ပြုပြင်ရာတွင် သူတော်ကောင်း ၇-ပါး၏ တိုးတက်ရရှိမှုတွင်သာ ဂုဏ်ပြုပြင်ရာသည်။

လူတို့သည် ရှေ့မှန်နောက်မှန်ထား၍ ရုပ်ကြီးကိုသာ နေ့ရှိသမျှ ပြုပြင်နေကြလေသည်။ အရေးကြီးလှသည့် စိတ်၏ တိုးတက်မှုကိုကား မပြုပြင်ကြကုန်။ စိတ်ကို မပြုပြင်လေလေ အပါယ် ၄-ဘုံနှင့် နီးလေလေကို သတိပြုနိုင်ကြစေကုန်သတည်း။ (ဝါ) သူတော်ကောင်း ၇-ပါးကို တစ်နေ့တခြား တိုးတက်အောင် ကြိုးစားတော်မူနိုင်ကြပါစေကုန်သတည်း။

http://www.dhammadownload.com

ထူးခြားသောအကြံဥာဏ်။

မြန်မာပြည်တွင်၊ အပြောသမား၊ အဟောသမား၊ အရေးသမား၊ အဖတ်သမား၊ အမှတ်သမား–များကြကုန်၏။ အလုပ်သမားကား၊ မရှိသလောက်ရှား၏။

၁၉၃၀-ပြည့်နှစ်တွင်၊ မြန်မာလူမျိုးထဲမှ ဘုရင်ခံ မင်းကြီးဆုထူး၌ ခန့်ထားသဖြင့်၊ ဝန်းမြောက် ဝမ်းသာဖြစ်ကြသဖြင့်၊ အသင်းအဖွဲ့တို့တွင်၊ ကောင်းကြီးသြဘာ ပေးကြကုန်၏။ မှတ်တမ်းတင်ကြကုန်၏။ ဝမ်းသာစာများ ပေးပို့ကြကုန်၏။ ကြေးနန်းများ ရိုက်ကြားကြကုန်၏။ မြန်မာဘုရင်ခံမင်းကြီးအား ဧည့်ခံကြကုန်၏။ လွယ်ကူလှ၏။ ပိုက်ဆံရှိတ ဖြစ်နိုင်တော့၏။

ငါတို့ ဝမ်းသာပုံနှင့် အလုပ်ထုပ်ကိုင်ပုံ။

ငါဆရာသည် ထိုအတွက် ဝမ်းသာကြီးမကဝမ်းသာလှ၍၊ ငါတို့မြန်မာလူမျိုး ဘုရင်ခံမင်းကြီး၊ ဘုန်းကြီး၍သက်ရှည်ရန် ရည်သန်ခါ၊ထမင်းညစာ ၃-နပ်မစားဘဲ၊ ထို-၃-နပ်စာထမင်းအတွက်ပိုက်ဆံတို့ဖြင့်၊ ငါတို့ဆရာ ဘုန်းကြီးနှင့် ငါ၏မိခင်-ဘခင်အိုတို့အား၊ဆွမ်းလုပ်ကျွေးခြင်းအမှုကိုပြု၍၊ ထိုပြုရှခြင်းအကြောင်းရင်းကိုလည်း ပြောကြားလျှောက်ထားရာ၊ ငါတို့၏ ကျေးဇူးရှင့်-၃-ပါးတို့သည်၊ ငါနှင့်တကွ၊ မြန်မာဘုရင်ခံမင်းကြီး ဘုန်းတော်ကြီး၍ သက်တော်ရှည်စေရန်၊ဆုတောင်းမေတ္တာပို့သကြကုန်၏။ ။ ၏သို့ အလုပ် လုပ်ကြကုန်၏။

မြန်မာပြည်တွင် လူဦးရေ-၁၄-သန်းရှိသည့်အနက်၊ ၉-သန်းကိုပယ်ကျန်-၅-သန်းကို၊ လူတယောက်ပျမ်းမျှခြင်း ထမင်းတနပ်လျှင် ၂-ပဲကျထား၍ ထမင်းတနပ်စီမစားသော်၊ ၄၆-သိန်းရရှိနိုင်၏။ ၂-နပ်စီမစားသော်၊ ၁၂-သိန်း ရနိုင်၏။ ၃-နပ်စီမျှမစားသော်၊ ၁၈-သိန်းရနိုင်၏။

ထိုအခါ အလုပ်ကြီးတခုကို ပြီးစီးနိုင်၏။

မဖြစ်ဘူးဟူ၍မဆိုနိုင်။ ငါတို့သည်၊ ဝါတွင်းတွင် သီတင်းဘိုင်း ဥပုသ်ဆောက်တည်ကြသော၊ (ဝါ၊ထမင်းတနပ်သီတင်းနေ့တိုင်း မစားသော) မြန်မာလူမျိုးများ ဖြစ်သောကြောင့်တည်း။

ဘာဖြစ်ချင်သလဲ

လူတိုင်းလူတိုင်းသည် တိုးတက်ကြီးပွားလိုကြ၏။ "မင်းတို့ ယခုလက်ရှိအခြေအနေထက် တိုးတက်ကြီးပွားချင်သလား" ဟုမေးလျှင် လူတစ်ရာတွင် တစ်ရာလုံးလုံး ယခုလက်ရှိအခြေအနေထက် တိုးတက် ကြီးပွားချင်သည်ဟု ဖြေဆိုကြမည်ကား မလွဲပေ။

သို့သော် ယခုလက်ရှိအခြေအနေထက် တိုးတက်ကြီးပွားပြီး "နောင် ငါးနှစ်နေလျှင် ဘာဖြစ်ချင်သလဲ၊ ဘာဖြစ်ရမယ်လို့မျှား ဆုံးဖြတ်ချက် ချထားပါသလဲ" ဟုမေးလျှင် လူတစ်ရာတွင် ၉၉-ယောက်တို့မှာ "ဟာ-သည်လိုတော့ ဆုံးဖြတ်ချက်တွေ ဘာတွေ ချမထားပါဘူး" ဟု ဖြေဆိုကြပေမည်။

ဦးပဂျီဝို၊ ဖန်ကျပန်ကျနှင့် စိတ်တန်ခိုး၊ ၈၄၊



ဘုရင်ကောင်း ပန်းချီဆရာကြီးမြ ရိုက်နှိပ်ခြင်း

ဦးပဂျီဝို-၏

ကိုယ်တွေ့ ကျန်းမာ ချမ်းသာနည်း

တိုးတက် ကြီးပွားလိုသူသည်၊ နံနက်တိုင်း၊ နံနက် တိုင်း၊ ငါးမိနစ်ခန့်မျှ

ငါကျန်းမာရမယ်
ငါချမ်းသာရမယ်

ဟု-စိတ်ပါလက်ပါ၊ နှုတ်မှကြြိမ်းဝါးရမည်။ သို့ ငါးမိနစ်ခန့် ကြြိမ်းဝါး ပြီးနောက်၊ ငါကျန်းမာ အောင် ဘယ်လိုလုပ်ရမလဲ၊ ငါချမ်းသာအောင် ဘယ်လို လုပ်ရမလဲ-ဟုနည်းကို၊နေ့စဉ် နေ့တိုင်း ၁၀ မိနစ် ၁၅ မိနစ် ကြိစဉ် စိတ်ကူးဝါ။ ထို့သို့ ၁၀ ရက် ၁၅ ရက်၊ တလခန့် ကြိစည်၊ စိတ်ကူး သောအခါ၊ ကျန်းမာရာ ကျန်းမာကြောင်း။ ချမ်း သာရာ ချမ်းသာကြောင်းနည်းကောင်းလမ်းမှန် ကို၊တွေ့ရှိပေလိမ့်မည်။ထိုနည်းကောင်း လမ်းမှန် ကို နံနက်တိုင်း ကြြိမ်းဝါးပြီးနေ။ နေ့စဉ်နေ့တိုင်း နေ့အဘို့တွင် လိုက်နာဆောင်ရွက်လုပ်ကိုင်သွား မည်ဆိုလျှင်၊ ထိုသူမှာ ရက်အပိုင်း အခြားမရှိ၊ တနေ့ထက် တနေ့၊တိုးတက် ကျန်းမာ ချမ်းသာ လာသည်ကား။ ကျွန်ုပ်၏ လက်တွေ့ ဆေးနည်း ကြီးဖြစ်လေသည်။

ဇင်ျဒီ

မေ့လျော့ခြင်း၊ ဉာဏ်ပညာ သေးမှိန်ခြင်းတို့ကြောင့် စာပေ၊ အကျရာခေတ်သို့ ရွေ့ပြောင်းရောက်ရှိလာခဲ့ရာ အကောင်းဆုံးပညာရပ်ကို အချိန်အတိုဆုံးဖြင့် အလွယ်ဆုံးသိရှိနိုင်စေရန် ကြိုးစားရေးသား၍ ကျမ်းပြုစုတော်မူကြရန် အထူးတိုက်တွန်းပါ၏။ ကျမ်းမပြုနိုင်ကြကုန်သော ပုဂ္ဂိုလ်တို့ကလည်း ငွေအား၊ လူအား၊ ဝါဒအားဖြင့် အားပေးကူညီတော်မူနိုင်ကြပါစေကုန်သတည်း။

ဦးပဂျီဝို၊ ဂမ္ဘီရဝိပဿနာဓုတ်ဘွယ်၊ တ-တွဲ၊ ၃၅၃-၃၅၅၊

http://www.dhammadownload.com

ဓမ္မကထိက

ဓမ္မကထိကော ဓမ္မကထိကောတိ
ဘန္တေ ဝုစ္စတိ, ကိတ္တာဝတာ နုခေါ
ဘန္တေ ဓမ္မကထိကော ဟောတီတိ။

အဓိပ္ပာယ်သော်ကား။ အရှင်ဘုရား၊ တရားဟော တတ်သောသူကို ဓမ္မကထိကပုဂ္ဂိုလ်၊ ဓမ္မကထိက ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုအပ်ပါ၏။ အဘယ်မျှလောက်သော အရည်အချင်း အတိုင်းအထွာတို့ဖြင့် ဓမ္မကထိကမည်သည် ဖြစ်ပါသနည်း အရှင်ဘုရား။ (ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ ခန္ဓသံယုတ် ဓမ္မကထိကဝဂ်၊ ဓမ္မကထိကသုတ်)။

ရူပဿစ ဘိက္ခု နိဗ္ဗိဒါယ
ဝိရာဂါယ နိရောဓာယ ဓမ္မံ
ဒေသေတိ ဓမ္မကထိကော
ဘိက္ခူတိ အလံ ဝစနာယ။

စသည်ဖြင့် ထိုပါဠိတော်၌ ဆက်လက်လာရှိလေသည်။ အနက်အဓိပ္ပာယ်သော်ကား-

အိုရဟန်း၊ အကယ်၍ ရူပ်ကို ငြီးငွေ့စေခြင်းငှာ၊ ရာဂကင်းစေခြင်းငှာ၊ ချုပ်စေခြင်းငှာ တရားကို ဟောအံ့၊ ထိုရဟန်းအား တရားဟောတတ်သော ဓမ္မကထိက ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုခြင်းငှာ ထိုက်၏ဟု ရှင်တော်ဘုရား ဟောကြားတော်မူ၏။

ထိုပါဠိတော်၌ ဆက်လက်လာရှိသည်မှာ-

အိုရဟန်း၊ အကယ်၍ ရူပ်ကိုငြီးငွေ့ခြင်းငှာ၊ ရာဂကင်းခြင်းငှာ၊ ချုပ်ခြင်းငှာ ကျင့်သည်ဖြစ်အံ့၊ လောကုတ္တရာတရား၊ မဂ်ဖိုလ်နိဗ္ဗာန်အားလျော်သော အကျင့်ကို ကျင့်သောရဟန်းဟူ၍ ခေါ်ဆိုခြင်းငှာ ထိုက်၏။

အိုရဟန်း၊ အကယ်၍ ရူပ်ကိုငြီးငွေ့ခြင်းကြောင့်၊ ရာဂကင်းခြင်းကြောင့်၊ ချုပ်ခြင်းကြောင့်၊ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းသောကြောင့် ကိလေသာတို့မှ လွတ်မြောက်သည် ဖြစ်အံ့၊ မျက်မှောက်သော ကိုယ်၏ အဖြစ်၌ နိဗ္ဗာန်သို့ရောက်သော ရဟန်းဟူ၍ ခေါ်ဆိုခြင်းငှာ ထိုက်၏။

အိုရဟန်း၊ အကယ်၍ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကို ငြီးငွေ့စေခြင်းငှာ၊ ရာဂကင်းစေခြင်းငှာ၊ ချုပ်စေခြင်းငှာ တရားကို ဟောအံ့၊ ထိုရဟန်းအား တရားဟောတတ်သော ဓမ္မကထိကဟူ၍ ခေါ်ဆိုခြင်းငှာ ထိုက်၏။

အိုရဟန်း၊ အကယ်၍ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကို ငြီးငွေ့ခြင်းငှာ၊ ရာဂကင်းခြင်းငှာ၊ ချုပ်ခြင်းငှာ ကျင့်သည်ဖြစ်အံ့၊ လောကုတ္တရာတရား၊ မဂ်ဖိုလ် နိဗ္ဗာန်အားလျော်သော အကျင့်ကို ကျင့်သော ရဟန်းဟူ၍ ခေါ်ဆိုခြင်းငှာ ထိုက်၏။

အိုရဟန်း၊ အကယ်၍ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကို ငြီးငွေ့ခြင်းကြောင့်၊ ချုပ်ခြင်းကြောင့်၊ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းသောကြောင့် ကိလေသာတို့မှ လွတ်မြောက်သည်ဖြစ်အံ့။ မျက်မှောက်သော ကိုယ်၏အဖြစ်၌ နိဗ္ဗာန်သို့ရောက်သော ရဟန်းဟူ၍ ခေါ်ဆိုထိုက်၏ဟူ၍ ရှင်တော်ဘုရားသည် ဓမ္မကထိက အရည်အချင်း အတိုင်းအထွာကို ဖြေကြား ဟောတော်မူလေသည်။

သဋ္ဌာယတနဝဂ္ဂသံယုတ်ပါဠိတော်၊ သဋ္ဌာယတန သံယုတ် နဝပုရာဏဝဂ်၊ ဓမ္မကထိကသုတ်၌ လာရှိသည်မှာ-

အရှင်ဘုရား၊ ဓမ္မကထိက၊ ဓမ္မကထိက ဟူ၍ ခေါ်ဆိုအပ်ပါသည်ဘုရား၊ အဘယ်မျှလောက်သော အရည်အချင်း အတိုင်းအထွာတို့ဖြင့် ဓမ္မကထိကမည်သည် ဖြစ်ပါသနည်းဟု ရဟန်းတစ်ပါးသည် ရှင်တော်ဘုရားအား လျှောက်ထားလေသည်။

စက္ခုဿ စေ ဘိက္ခု နိဗ္ဗိဒါယ
ဝိရာဂါယ နိရောဓာယ ဓမ္မံ

http://www.dhammadownload.com

ဒေသေတိ ဓမ္မကထိကော
ဘိက္ခူတိ အလံ ဝစနာယ။

စသည်ဖြင့် ရှင်တော်ဘုရား ဟောကြားတော်မူလေသည်။ အနက်အဓိပ္ပာယ်သော်ကား -

အို-ရဟန်း၊ စက္ခုပသာဒကို ငြီးငွေ့စေခြင်းငှာ၊ ရာဂကင်းစေခြင်းငှာ၊ ချုပ်စေခြင်းငှာ အကယ်၍ တရားကို ဟောအံ့။ ထိုရဟန်းအား တရားဟောတတ်သော ဓမ္မကထိကပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုခြင်းငှာ ထိုက်၏။

အို-ရဟန်း၊ စက္ခုပသာဒကို ငြီးငွေ့စေခြင်းငှာ၊ ရာဂကင်းစေခြင်းငှာ၊ ချုပ်ခြင်းငှာ ကျင့်သည်ဖြစ်အံ့။ လောကုတ္တရာတရား၊ မဂ် ဖိုလ် နိဗ္ဗာန်အားလျော်သော အကျင့်ကို ကျင့်သော ရဟန်းဟူ၍ ခေါ်ဆိုခြင်းငှာ ထိုက်၏။

အို-ရဟန်း၊ စက္ခုပသာဒကို ငြီးငွေ့ခြင်းကြောင့်၊ ရာဂကင်းခြင်းကြောင့်၊ ချုပ်ခြင်းကြောင့်၊ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းသောကြောင့် အကယ်၍ ကိလေသာတို့မှ လွတ်မြောက်သည် ဖြစ်အံ့။ မျက်မှောက်သော ကိုယ်၏အဖြစ်၌ နိဗ္ဗာန်သို့ရောက်သော ရဟန်းဟူ၍ ခေါ်ဆိုခြင်းငှာ ထိုက်၏။

အို-ရဟန်း၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒတို့ကို ငြီးငွေ့စေခြင်းငှာ၊ ရာဂကင်းစေခြင်းငှာ၊ ချုပ်စေခြင်းငှာ အကယ်၍ တရားကို ဟောအံ့။ ထိုရဟန်းအား တရားဟောတတ်သော ဓမ္မကထိကပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုခြင်းငှာ ထိုက်၏။

အို-ရဟန်း၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒတို့ကို ငြီးငွေ့ခြင်းငှာ၊ ရာဂကင်းခြင်းငှာ၊ ချုပ်ခြင်းငှာ ကျင့်သည်ဖြစ်အံ့။ လောကုတ္တရာတရား၊ မဂ် ဖိုလ် နိဗ္ဗာန်အားလျော်သော အကျင့်ကို ကျင့်သောရဟန်းဟူ၍ ခေါ်ဆိုခြင်းငှာ ထိုက်၏။

အို-ရဟန်း၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒတို့ကို ငြီးငွေ့ခြင်းကြောင့်၊ ရာဂကင်းခြင်းကြောင့်၊ ချုပ်ခြင်းကြောင့်၊ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းသောကြောင့် အကယ်၍ ကိလေသာတို့မှ လွတ်မြောက်သည်ဖြစ်အံ့၊ မျက်မှောက်သော ကိုယ်၏အဖြစ်၌ နိဗ္ဗာန်သို့ရောက်သော ရဟန်းဟူ၍ ခေါ်ဆိုခြင်းငှာ ထိုက်၏။

အို-ရဟန်း၊ စိတ်ကို ငြီးငွေ့ခြင်းငှာ၊ ရာဂကင်းခြင်းငှာ၊ ချုပ်ခြင်းငှာ အကယ်၍ တရားကို ဟောအံ့၊ ထိုရဟန်းအား တရားဟောတတ်သော ဓမ္မကထိက ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုခြင်းငှာ ထိုက်၏။

အို-ရဟန်း၊ စိတ်ကို ငြီးငွေ့ခြင်းငှာ၊ ရာဂကင်းခြင်းငှာ၊ ချုပ်ခြင်းငှာ ကျင့်သည်ဖြစ်အံ့။ လောကုတ္တရာတရား၊ မဂ် ဖိုလ် နိဗ္ဗာန်အားလျော်သော အကျင့်ကို ကျင့်သော ရဟန်းဟူ၍ ခေါ်ဆိုခြင်းငှာ ထိုက်၏။

အို-ရဟန်း၊ စိတ်ကို ငြီးငွေ့သည်ဖြစ်၍၊ ရာဂကင်းသည် ဖြစ်၍၊ ချုပ်သည်ဖြစ်၍ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းသောကြောင့် အကယ်၍ ကိလေသာတို့မှ လွတ်မြောက်သည်ဖြစ်အံ့၊ မျက်မှောက်သော ကိုယ်၏ အဖြစ်၌ နိဗ္ဗာန်သို့ရောက်သော ရဟန်းဟူ၍ ခေါ်ဆိုခြင်းငှာ ထိုက်၏ဟူ၍ ရှင်တော်ဘုရား ဟောကြားတော်မူလေသည်။

ဓမ္မကထိကော ဓမ္မကထိကောတိ
ဘန္တေ ဝုစ္စတိ ကိတ္တာဝတာ နု ခေါ
ဘန္တေ ဓမ္မကထိကော ဟောတီတိ။

ဤအမေးကို နိဒါန၀ဂ္ဂသံယုတ် ပါဠိတော်၊ အာဟာရ၀ဂ်၊ ဓမ္မကထိကသုတ်၌ ရဟန်းတစ်ပါးသည် မေးလျှောက်၏။

အဓိပ္ပာယ်သော်ကား- အရှင်ဘုရား၊ ဓမ္မကထိက၊ ဓမ္မကထိက ဟူ၍ ခေါ်ဆိုပါသည်ဘုရား၊ အဘယ်မျှသော အကြောင်းခြင်းရာအားဖြင့် ဓမ္မကထိက မည်ပါသနည်း ဘုရား။

ထိုအခါ ရှင်တော်ဘုရားက ပဋိစ္စသမုပ္ပါဒ် တရားတော်ကို မူတည်လျက် ဟောတော်မူရာမှ ဤတွင် သက်ဆိုင်ရာကို ကောက်နုတ်ဖော်ပြရသော် -

အို-ရဟန်း၊ ဝိညာဏ်၊ နာမ်ရုပ်၊ ဝေဒနာ၊ တဏှာ၊

http://www.dhammadownload.com

ဘဝ စသည်တို့ကို အကယ်၍ -

နိဒ္ဒိဒါယ - ငြီးငွေ့စေခြင်းငှာ
ဝိရာဂါယ - တပ်မက်ခြင်းကင်းစေခြင်းငှာ
နိရောဓာယ - ချုပ်စေခြင်းငှာ
ဓမ္မံ - တရားတော်ကို
ဒေသေတိ - ဟောကြားအံ့။

တံဘိက္ခဝေ - ထိုရဟန်းကို၊ ဓမ္မကထိကော ဘိက္ခူ တိ- ဓမ္မကထိကရဟန်းဟူ၍၊ အလံဝစနာယ- ခေါ်ဆိုခြင်းငှာထို့ကဲ့၊ ဟူ၍ ရှင်တော်ဘုရား ဟောကြားတော်မူလေသည်။

ဤပါဠိတော် အရပ်ရပ်တို့ကို ထောက်လျက် မိမိနာမည်နှင့် "ဓမ္မကထိက" ဘွဲ့ထူးကို ယှဉ်တွဲ တပ်ဆင်ကြသော ပုဂ္ဂိုလ်တို့အနက် ရှင်တော်ဘုရား အလိုရှိအပ်သော ဓမ္မကထိကဂုဏ်ပုဒ်နှင့် ပြည့်စုံကာ ဟောပြောတော်မူကြကုန်သော ပုဂ္ဂိုလ်တို့အတွက် သာဓုခေါ်ပါ၏။ အကယ်၍ "ဓမ္မကထိက" ဘွဲ့ထူးကို ယူလျက် ရှင်တော်ဘုရား အလိုရှိတော်မူအပ်သော ဂုဏ်အင်္ဂါတို့နှင့် မပြည့်စုံသေးပါက ပြည့်စုံ လုံလောက်အောင် ကြိုးစားတော်မူနိုင်ကြပါစေကုန်သတည်း။

ဦးပဏ္ဍိုင်၊ ဂန္ဓိရဝိပဿနာရှုဘွယ်၊ တ-တွဲ၊ ၃၃၇-၃၄၂၊

မိမိနာမည်နှင့် "ဓမ္မကထိက" ဘွဲ့ထူးကို ယှဉ်တွဲ တပ်ဆင်ကြသော ပုဂ္ဂိုလ်တို့အနက် ရှင်တော်ဘုရား အလိုရှိအပ်သော ဓမ္မကထိကဂုဏ်ပုဒ်နှင့် ပြည့်စုံကာ ဟောပြောတော်မူကြကုန်သော ပုဂ္ဂိုလ်တို့အတွက် သာဓုခေါ်ပါ၏။

မေတ္တာပို့မှ ဝိပဿနာသို့

မေတ္တာပို့ခြင်းသည် အလွန်လွယ်ကူသော သမထ ဘာဝနာဖြစ်၏။ အကျိုးပေးရာ၌ကား ဒါန၊ သီလတို့ ထက် မြတ်၏။

နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၊ ဩပမ္မသံယုတ်၊ ဩကွာသုတ်၊ မြန်မာပြန် စာ (၄၄၄)မှ-

ရဟန်းတို့၊ အကြင်သူသည် နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညနေတစ်ကြိမ် မွန်မြတ်သော ဘောဇဉ်တို့ဖြင့် ပြည့်သော ထမင်းအိုးတစ်ရာဖြင့် အလှူကို ပေးလှူရာ၏။

အကြင်သူသည်ကား နံနက်အခါ၌ဖြစ်စေ၊ နေ့လယ်အခါ၌ဖြစ်စေ၊ ညနေအခါ၌ဖြစ်စေ အယုတ်သဖြင့် နွားနို့တစ်ညှစ်ခန့်ကာလမျှလည်း မေတ္တာစိတ်ကို ပွားများရာ၏။ ဤနွားနို့တစ်ညှစ်ခန့်မျှ မေတ္တာစိတ်ကို ပွားများခြင်းသည် ထိုအလှူသုံးကြိမ်ထက် အထူးသဖြင့် အကျိုးကြီး၏ဟု ဟောတော်မူ၏။

(ထို့ကြောင့် မေတ္တာပို့တော်မူကြပါလေ။)

အင်္ဂုတ္တိရ်ပါဠိတော်၊ ဧကာဒသကနိပါတ်၊ အနုဿတိဝဂ်၊ မေတ္တာသုတ်၌ မေတ္တာဘာဝနာအကျိုး ၁၁-ပါး ကို ဖော်ပြတော်မူခဲ့၏။

၁။ ချမ်းသာစွာ အိပ်ရ၏။
၂။ ချမ်းသာစွာ နိုးရ၏။
၃။ အိပ်မက်ဆိုးကို မမြင်မက်။
၄။ လူတို့ ချစ်မြတ်နိုးကြ၏။
၅။ သားရဲဘီလူးတို့ ချစ်မြတ်နိုးကြ၏။
၆။ နတ်တို့ စောင့်ရှောက်၏။
၇။ မီး၊ အဆိပ်၊ လက်နက်တို့ မဖျက်ဆီးနိုင်။
၈။ လျင်မြန်စွာ စိတ်တည်ကြည်၏။
၉။ မျက်နှာအဆင်း ကြည်လင်၏။
၁၀။ မတွေမဝေ သေရ၏။
၁၁။ သေသော် ဗြဟ္မာ့ပြည်သို့ လားရ၏။

ထို့ကြောင့် ဒါနသီလတို့ထက် အကျိုးကြီးမားလှသော မေတ္တာဘာဝနာပို့ခြင်းကို အထူးကြိုးစား ပွားများ အားထုတ်ရာ၏။

ဦးပဏ္ဍိုင်၊ ဝိပဿနာပညာမိန့်ခွန်း၊ ၅၉၊

http://www.dhammadownload.com

ဓမ္မကထိက ၄-ဦး

စတ္တာရော မေ ဘိက္ခဝေ
ဓမ္မကထိကာ ကတမေ စတ္တာရော။

အစရှိသော ပါဋ္ဌိတော်ကို ရှင်တော်ဘုရားသည် အင်္ဂုတ္တိုရ်ပါဋ္ဌိတော်၊ စတုကနိပါတ်၊ ပုဂ္ဂလဝဂ်၌ ဟောတော်မူလေသည်။ ယင်းပါဋ္ဌိတော်၌ လာရှိသည်တို့ကို အတိုချုပ် ဖော်ပြရသော်-

အို-ရဟန်းတို့၊ ဓမ္မကထိက ပုဂ္ဂိုလ်တို့သည် လေးဦးရှိ၏။ အဘယ်လေးဦးနည်း ဟူမူကား-

၁။ တစ်ဦးသောပုဂ္ဂိုလ်သည် အနည်းငယ်မျှသာ ဟောပြော၏။ ထိုအနည်းငယ်သော တရားစကားမှာ အကျိုးစီးပွား ဖြစ်ရာဖြစ်ကြောင်းမဟုတ်။ နိဗ္ဗာန်သို့ ရောက်ကြောင်းတရားမဟုတ်။

၂။ တစ်ဦးသော ပုဂ္ဂိုလ်သည် အနည်းငယ်မျှသာ ဟောပြော၏။ ထိုအနည်းငယ်သော တရားစကားမှာ အကျိုးစီးပွားကို ဖြစ်စေ၏။ နိဗ္ဗာန်သို့ ရောက်ကြောင်းတရားဖြစ်၏။

၃။ တစ်ဦးသောပုဂ္ဂိုလ်သည် များစွာဟောပြော၏။ ထိုများစွာဟောပြောသည်တို့မှာ အကျိုးစီးပွား ဖြစ်ရာဖြစ်ကြောင်းမဟုတ်။ နိဗ္ဗာန်သို့ ရောက်ကြောင်းတရားမဟုတ်။

၄။ တစ်ဦးသောပုဂ္ဂိုလ်သည် များစွာဟောပြော၏။ ထိုများစွာ ဟောပြောသည်တို့မှာ အကျိုးစီးပွားကို ဖြစ်စေ၏။ နိဗ္ဗာန်သို့ ရောက်ကြောင်းတရားဖြစ်၏။

အို-ရဟန်းတို့၊ ဤသို့လျှင် ဓမ္မကထိကပုဂ္ဂိုလ် လေးဦးရှိ၏ဟု ဟောတော်မူလေသည်။

ဤ၌ ဆတိပြုတော်မူကြရန်ကား ရှင်တော်ဘုရား ရှိစဉ်ကပင်လျှင် အကျိုးစီးပွား များစေတတ်သော ဓမ္မသဘာဝတရားတော်များ မပါမရှိသည်တို့ကို ဟောပြောလေ့ရှိသော ဓမ္မကထိက အမည်ခံပုဂ္ဂိုလ်များ ရှိခဲ့ပါသေးလျှင် နှစ်ပေါင်း ၂၅၀၀-ကျော်ပြီ ဖြစ်ခဲ့သော ယခုအချိန်၌ အတုအပ ဓမ္မကထိကများ မည်မျှပေါများမည်ကို အထူးသတိပြုတော်မူအပ်လှပေသည်။

တရားပြကောင်းသော ပုဂ္ဂိုလ်၊ တရား အဟော အပြောကောင်းသောပုဂ္ဂိုလ် (ဝါ) တရားစစ် တရားမှန်ကို အနုသာသနီနည်းဖြင့် ပြသနိုင်သော ဆရာကောင်း ရရှိရေးသည် အလွန်အကြူး အထူး အရေးကြီးလှပေသည်။

ထို့ကြောင့် မဟာဝဂ္ဂ သံယုတ် ပါဋ္ဌိတော်၊ သောတာပတ္တိ သံယုတ်၊ သဂါထာ ပုညာဘိ သန္ဓဝဂ်၌-

စတ္တာရိမာနိ ဘိက္ခဝေ
သောတာပတ္တိယင်္ဂါနိ ကတမာနိ စတ္တာရိ
သပ္ပုရိသသံသေဝေါ သဒ္ဓမ္မဿဝနံ
ယောနိသော မနသိကာရော
ဓမ္မာနုဓမ္မပ္ပဋိပတ္တိ ဣမာနိ ခေါ ဘိက္ခဝေ
စတ္တာရိ သောတာပတ္တိယင်္ဂါနိတိ။

အနက်ကား ။ ဘိက္ခဝေ-ရဟန်းတို့၊ သောတာပတ္တိယင်္ဂါနိ-သောတာပတ္တိမဂ်၏ ရှေးအဖို့က ကြိုတင် ရအပ်ကုန်သော အကြောင်းခြင်းရာတို့သည်၊ ဣမာနိ စတ္တာရိ- ဤ ၄-ပါးတို့တည်း။

စတ္တာရိ-၄-ပါး ဟူသည်ကား၊ ကတမာနိ-အဘယ်သည်တို့နည်း။

၁။ သပ္ပုရိသသံသေဝေါ-သူတော်ကောင်းတို့ကို မှီဝဲခြင်းသည်လည်းကောင်း။

၂။ သဒ္ဓမ္မဿဝနံ-သူတော်ကောင်းတို့၏ တရားကို ကြားနာရခြင်းသည်လည်းကောင်း၊

၃။ ယောနိသော မနသိကာရော - အသင့်အားဖြင့် နှလုံးသွင်းခြင်းသည်လည်းကောင်း၊

၄။ ဓမ္မာနုဓမ္မပ္ပဋိပတ္တိ-မဂ် ၄-ပါး၊ ဖိုလ် ၄-ပါး၊ နိဗ္ဗာန်တည်းဟူသော လောကုတ္တရာတရား ကိုးပါးအားလျော်သော ဝိပဿနာဘာဝနာ အကျင့်မြတ်ကို ပွားများကျင့်သုံးခြင်းသည်လည်းကောင်း၊ ဘိက္ခဝေ-ရဟန်းတို့၊ သောတာပတ္တိယင်္ဂါနိ-သောတာပတ္တိမဂ်၏ ရှေးအဖို့က ကြိုတင်ရရှိအပ်ကုန်သော အကြောင်း

http://www.dhammadownload.com

ရှေးဦးစွာ ဆရာစစ် ဆရာမှန် ရရှိရန်မှာ
ဝိပဿနာဘာဝနာကို
ကြိုးစားအားထုတ်ရမည်ထက်
အရေးကြီးသည်ကို
အထူးသတိပြုအပ်လေသည်။

ခြင်းရာတို့သည်၊ ဣမာနိ စတ္တာရိ-ဤ ၄-ပါးတို့ပေ တည်း။ ဣတိ-ဤသို့၊ အဝေါစ-မိန့်တော်မူ၏။

ဤပါဠိတော်အရ တစ်မင်၊ တစ်ဖိုလ်ရရှိရေး (ဝါ) သောတာပန်ဖြစ်ရေးမှာ သမထဘာဝနာ ပွားများနည်း၊ ဝိပဿနာဘာဝနာ ပွားများနည်းတို့ကို ပါဠိတော်နှင့် ကိုက်ညီအောင် (အနုသာသနီနည်းဖြင့်) မသိသည်ကို သိအောင်၊ နားမလည်သည်ကို နားလည်အောင်၊ သဘောမပေါက်သည်ကို သဘောပေါက်အောင် ဓမ္မသဘာဝတို့ကို ပြသပေးနိုင်သော (သပ္ပုရိသ သံသေဝ) သူတော်သူမြတ် ဆရာကောင်းရရှိရေးသည် အလွန့်အလွန်၊ လွန်သည်ထက် လွန်အောင် အရေးကြီးလှပေသည်။

ထို့ကြောင့် တစ်မင်၊ တစ်ဖိုလ်ကို ရလို၍ ဝိပဿနာဘာဝနာကို ကြိုးစားအားထုတ် ပွားများလိုသော သူတော်ကောင်းအပေါင်းတို့သည် ရှေးဦးစွာ ဆရာစစ် ဆရာမှန် ရရှိရန်မှာ ဝိပဿနာဘာဝနာကို ကြိုးစားအားထုတ်ရမည်ထက် အရေးကြီးသည်ကို အထူးသတိပြုအပ်လေသည်။

ဦးပဂျီဋိ၊ ဂမ္ဘီရဝိပဿနာရှုဘွယ်၊ တ-တွဲ၊ ၃၄၃-၃၄၅။

ပါရမီ

နောက်ဘဝက ပါရမီမရှိဘူး၊ မပါဘူးဆို၍ ယခုဘဝ မကြိုးစားလျှင်
အဘယ်ဘဝ၌ ပါရမီက မီမိထံ အလိုအလျောက်
ဝင်ရောက်လာမည်နည်း၊

ကြီးပွားရေးမှန်သာရေး၊ ၁၀၈။



အနာထပိဏ် နှင့် ဝိပဿနာ

တပည့်တော် သေရမည့်ဘေးကို ကြောက်ရွံ့၍ မျက်ရည်ယိုစီး ငိုကြွေးခြင်းကို ပြုသည်မဟုတ်ပါဘုရား၊ ငိုကြွေးရခြင်း၏ အကြောင်းရင်းမှာ ထိုမျှကောင်းမွန်လှသော ဝိပဿနာဘာဝနာတရားကို သေခါမနီးမီ ရှေးအဖို့က တစ်ခါဖူးမျှ မကြားဖူးပါဘုရား။ ယခုသေခါနီးပါးမှ၊ တရားအားထုတ်ချိန်မရသောအခါ ကျခါမှ ဤတရားကို ကြားနာရခြင်းကြောင့် အချိန်မရှိမှုကို ဝမ်းနည်းမိ၍ မျက်ရည်ယိုစီးရခြင်း ဖြစ်ပါသည်ဘုရားဟု လျှောက်ထားခဲ့ဖူးပြီ။

ဦးပဂျီဋိ၊ ဂမ္ဘီရဝိပဿနာရှုဘွယ်၊ ပထမတွဲ၊ ၁၆၆။

http://www.dhammadownload.com

ဂုဏ်ပကာသန

(ဇနပဒ ကလျာဏီ)

တရားဟောပြော သင်ပြသော လုပ်ငန်းသည် အလွန်အလွန် မွန်မြတ်သောလုပ်ငန်း ဖြစ်လေသည်။ ထို့ကြောင့် တရားဟောပြော သင်ပြပေးသော ပုဂ္ဂိုလ်၏ စိတ်ထားမှာ အလွန်မွန်မြတ်ရလေသည်။ မွန်မြတ်ရလေသည် ဆိုရာ၌ အကျော်အစော၊ လာဘ်လာဘ၊ ဂုဏ်ပကာသန စသည်တို့ကို အလိုရှိ၍ ဟောပြော သင်ပြပေးခြင်းမျိုး မဟုတ်ရချေ။

တရားဟောပြော သင်ပြရာ၌ ထားရှိအပ်သော စိတ်စေတနာမှာ ငါသိရှိထားသော တရားတော်များကို ၎င်းတို့အား ဟောပြောသင်ပြပေးခြင်းဖြင့် ၎င်းတို့သည် ဒုက္ခဘေးအပေါင်းတို့၏ ကင်းဝေးလွတ်ငြိမ်းရာ ဖြစ်သော မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို လွယ်ကူစွာ ကျင့်သုံးရောက်ရှိနိုင်ကြပါစေသတည်းဟူသော စိတ်စေတနာဖြင့် ဟောပြောပြသပေးခြင်းကို ပြုရပေမည်။

မိမိအတွက်ကား လာဘသက္ကာရ သိလောက ရရှိရေးမဟုတ်။ မိမိအတွက် ထားရှိရမည်ဖြစ်သော စေတနာမှာ-ငါသည် ဤမည်သော ကုသိုလ်ကောင်းမှုကို ပြုလုပ်ရခြင်းကြောင့် တစ်မဂ်၊ တစ်ဖိုလ်ကို အလျင်အမြန် ရောက်ရပါလို၏။ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်သို့ ရောက်ရှိရေးအတွက် ကြိုးစားနိုင်သောကိုယ် ဖြစ်ရပါလို၏ဟူသော စိတ်စေတနာမျိုးကို ထားရှိရလေသည်။

ဤအကြောင်းနှင့်ပတ်သက်၍ နိဒါနဝဂ္ဂသံယုတ် ပါဠိတော်၊ ကဿပသံယုတ်၊ စန္ဒူပမာသုတ်၌ နှစ်မျိုးနှစ်စားလာသည်မှ လိုရင်းအတိုချုပ်ကို ဖော်ပြရ သော်-တရားဟောသော ပုဂ္ဂိုလ်၏စိတ်တွင် ငါသည် တရားဟောရမူကား ကောင်းလေစွ၊ တရားအဟော ကောင်းခြင်းကြောင့် ငါ့အား ကြည်ညိုလေးစားသော အခြင်းအရာကို ပြုကြပါမူကား ကောင်းလေစွ ဟူသော စိတ်စေတနာဖြင့် ဟောပြော်ခြင်းသည် မစင်ကြယ်သော ဟောပြောခြင်းပေတည်း။

ကျန်တစ်မျိုးကား- ငါသည် တရားဟောရပါမူကား ကောင်းလေစွ။ တရားတော်၌ လာရှိသည့် အတိုင်း ၎င်းတို့သည် ကျင့်သုံးပွားများသွားခြင်းဖြင့် မဂ်ဖိုလ် နိဗ္ဗာန်ကို ရောက်ရှိသွားပါက အော်-ကောင်းလေစွ ဟူသော စိတ်ထားဖြင့် ဟောပြောခြင်းသည် စင်ကြယ်သော ဟောပြောခြင်း ဖြစ်သည်ဟု ရှင်တော်ဘုရား ဟောကြားတော်မူခဲ့လေသည်။

ဥပရိပဏ္ဏာသ ပါဠိတော်၊ ပဘင်္ဂဝဂ်၊ အရဏဝိဘင်္ဂသုတ်၌ တရားဟောသူတို့ လိုက်နာအပ်သော အချက်များမှာ ခိုးမြောက်ခြင်းပြု၍ တရားမဟောရာ၊ မောင်းမဲ၍ တရားမဟောရာ၊ ဟုတ်မှန်သော အမှန်တရားကိုသာ ဟောပြောရာ၏၊ ဆိတ်ကွယ်ရာ၌ ကဲ့ရဲ့ပြစ်တင်သောစကားကို မဆိုရာ။ မျက်မှောက်၌ ကိလေသာရာဂနှင့် စပ်သော စကားကို မဆိုရာ စသည်တို့ဖြင့် ရှည်လျားစွာ ဟောတော်မူလေသည်။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ လာဘ သက္ကာရ သံယုတ်၊ ပဋိသိကသုတ်၌ လာဘ သက္ကာရ သိလောက အပြစ်ကို ဟောတော်မူသည်မှာ-

အို-ရဟန်းတို့ ၊ လာဘ်လာဘ ပူဇော်သက္ကာရ အကျော်အစောသည် ခက်ထန်၏။ ထက်မြက်၏၊ ကြမ်းကြုတ်၏၊ ဥပမာအားဖြင့်ဆိုသော် ငါးမျှားချိတ်၌ ရှိသော ငါးစာနှင့် တူလှ၏။ ငါးစာကို မျိုမိသော ငါးသဖွယ် ဒုက္ခခံရလျက် မဂ် ဖိုလ် နိဗ္ဗာန်နှင့် ဝေးကွာရပေတော့၏။ ဤမျှ လာဘသက္ကာရ သိလောက ဆိုးပုံကို ရှင်တော်ဘုရားက လေးနက်စွာ ဟောတော်မူ

လာဘ်လာဘ ပူဇော်သက္ကာရ အကျော်အစောသည် ခက်ထန်၏။ ထက်မြက်၏၊ ကြမ်းကြုတ်၏၊

http://www.dhammadownload.com

ပြိုင်ဘက်မရှိ လွန်ကဲသော
ချမ်းသာကား နိဗ္ဗာန်တည်း။
(ဓမ္မပဒပါဠိတော် သုခဝဂ်)

↑

နိဗ္ဗာနံ ပရမံ သုခံ

အဝိဇ္ဇာ ပရမံ မလာ

↓

ပြိုင်ဘက်မရှိ လွန်ကဲသော
အညစ်အကြေးကား အဝိဇ္ဇာတည်း။
(ဓမ္မပဒပါဠိတော် မလဝဂ်)



ခဲ့လေသည်။

ထိုလာဘသက္ကာရ သံယုတ်ပါဠိတော်၊ ရစ္စသုတ်၌ လာရှိသည်မှာ-

အို-ရဟန်းတို့၊ လာဘ်လာဘ ပူဇော်သက္ကာရ အကျော်အစောသည် ခက်ထန်၏။ မိမိ၏ အရေပါး အရေထူကို ဖြတ်၏။ အသားအကြောတို့ကို ဖြတ်၏။ အရိုးကိုဖြတ်လျက် ရိုးတွင်းခြင်ဆီကို ထိ၍ တည်၏။ ဥပမာအားဖြင့်ဆိုသော်- လူကို ကြိုးဖြင့် ပတ်ရစ်၍ ပွတ်တိုက်ရာ ကြိုးသည် အရေပါး၊ အရေထူကို ပြတ်စေ၏။ အသားအကြောတို့ကို ပြတ်စေ၏၊ အရိုးကို ပြတ်စေလျက် ရိုးတွင်းခြင်ဆီ၌ တည်ဘိသကဲ့သို့ ဤမျှ လာဘသက္ကာရ သိလောကသည် ကြောက်မက်ဖွယ်ရာ ဖြစ်၏ဟု ဟောတော်မူလေသည်။

ဦးပဂျီဝိုး၊ဂမ္ဘီရဝိပဿနာရှုဘွယ်၊တ-တွဲ၊၃၅၅-၃၅၇။

အချိန်သည် လူတန်ဖိုး

အချိန်သည် လောကအဖိုးတန်ဟူသရွှေ့တို့ ထက် ဆပေါင်းများစွာ တိုးတက်အဖိုးထိုက်တန်လေသည်။ အချိန်ကို ကောင်းစွာအသုံးပြုတတ်မူ ကြီးပွားချမ်းသာနိုင်၏။ မသုံးတတ်မူ ဆုတ်ယုတ်ပျက်စီးစေ၏။ လောက၌ ကြီးပွားသူများမှာ အချိန်ကို သေချာကျနစွာ အသုံးချသူများဖြစ်၍ အောက်တန်းစားများမှာ အချိန်ပိုသူ၊ အချိန်ကိုမသုံးတတ်သူများ ဖြစ်ကြလေသည်။

ဦးပဂျီဝိုး၊ ကြီးပွားချမ်းသာရေး၊ ၇၄။

❑

ကျေးဇူးတင်ပါ

ငါတို့ကို အခြားသူတို့က မခေါ်မပြော၊ အရောမဝင်လိုသော် ထိုသူအား အပြစ်မတင်သာ၊ ကျေးဇူးတင်အပ်၏။ ငါတို့ ဂုဏ်အင်အား မရှိခြင်းကြောင့်သာ ဖြစ်လေသည်။ ဂုဏ်အင်အား ဥစ္စာဓနပြည့်စုံမူ ငါတို့က မခေါ်မပြောမည်ကိုပင် ၎င်းတို့ စိုးရိမ်ရပေလိမ့်မည်။ ၎င်းတို့ မခေါ်မပြောလိုမူ မိမိတို့ဂုဏ်အင်၊ တိုးတက်အောင် အထူး ကြိုးစားကြပါကုန်။ ၎င်းတို့ကိုလည်း သတိပေးသူများ ဟူ၍ သဘောပိုက်ကာ ကျေးဇူးတင်အပ်ရာ၏။

ဦးပဂျီဝိုး၊ ကြီးပွားချမ်းသာရေး၊ ၁၇၉။

❑

ဖြစ်နိုင်ပါ့မလား

ပုစ္ဆာတိုင်း ပုစ္ဆာတိုင်း၌ အဖြေသည်ရှိ၏။ ထို့ကြောင့် ကျွန်ုပ်အား တစ်စုံတစ်ယောက်သည် "ကျွန်တော် လုပ်တာ ဖြစ်နိုင်ပါ့မလား" ဟု မေးမူ "ချစ်ဆွေသည် ထိုအလုပ်နှင့် ထိုက်တန်သော ဉာဏ်ပညာ လုံ့လ ဝီရိယကို အသုံးပြုမူ ဖြစ်နိုင်၏" ဟု ကျွန်ုပ်ဖြေဆို၏။

ဦးပဂျီဝိုး၊ တိုးတက်ရေးလက်စွဲ၊ ၄၁။

http://www.dhammadownload.com

ချမ်းသာရေး

မေတ္တာအဖွဲ့ စသင့်ပြီ

ဘာသာခြားတို့သည် ဗုဒ္ဓမြတ်စွာ တရားတော်တွင် နိဗ္ဗာန်ချမ်းသာအတွက်သာ ပါရှိသည်။ ဘာကိုကြည့်ကြည့်၊ ဒုက္ခသာမြင်ရမည်။ ဒုက္ခကို မြင်အောင်ရှုရမည်။ ထို့ကြောင့် ဗုဒ္ဓဘာသာတရားမှာ (Pessimism -ပက်စိမစ်ဇင်မ်) ဒုက္ခကိုသာ အစဉ်တွေးတော နေရသော တရားဖြစ်၍ ပျော်ရွှင်စရာ တစ်ကွက်မျှ မရှိသော တရားဖြစ်သည်ဟု ပြောဆိုခြင်းကို ကြားရဖူး၏။ စာအုပ်တွင်လည်း ဖတ်ရှုရဖူး၏။

ဘာသာခြားတို့သည် ဗုဒ္ဓဘာသာတရားတွင် လူ့ချမ်းသာအတွက်သာမက သေလွန်လူ့စည်းစိမ်ချမ်းသာထက် ဆပေါင်းများစွာ မနှိုင်းယှဉ်သာအောင် သာလွန်သော နတ်စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ် ရရှိခံစားရေးအတွက် အားထုတ်နည်းများ ပါရှိသည်ဟူ၍ ၎င်းတို့ မသိရှာကြချေ။

လက်တွေ့အားဖြင့် ဗုဒ္ဓမြတ်စွာ ဟောပြ ညွှန်ကြားတော်မူခဲ့သော တရားကျင့်စဉ်ပေါင်း များစွာအနက် ကမ္ဘာက ယနေ့ မေတ္တာဘာဝနာကို ကိုယ်ထိလက်ရောက် ကာယက၊ ဝစီက၊ မနောက်တို့ဖြင့် ပွားများ ဆောင်ရွက်ကြမည်ဆိုပါက နက်ဖြန် ကမ္ဘာ့ငြိမ်းချမ်းရေးကို လွယ်ကူစွာ ရရှိနိုင်ခြင်းကို ဘာသာခြားတို့ မသိရှာကြချေ။

ငါးပါးသီလသည် ဗုဒ္ဓဘာသာဝင်တို့အတွက် ပဓာန အခြေခံတရားလေ့ကျင့်ခန်းဖြစ်၏။ သို့ရာတွင် အရက်သောက်ခြင်း၊ တိရစ္ဆာန် သတ္တဝါတို့ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ရန် ပြောဆိုပါက အချို့ဘာသာကြီးများက လိုက်ပါဆောင်ရွက်နိုင်ရန် လွယ်ကူမည် မဟုတ်ချေ။

ဤတွင် စကားအလျဉ်းသင့်သည်ပြင် မြန်မာနှင့် တကွ ကမ္ဘာသူကမ္ဘာသားတို့အကျိုးများမည်ကို မျှော်ကိုးလျက် အနည်းငယ် ဆက်လက် ဖော်ပြခဲ့ပေအံ့။

မေတ္တာတရား လေ့ကျင့်ဆောင်ရွက်ရာ၌ကား ငါးပါးသီလကဲ့သို့မဟုတ်၊ ဘာသာကြီးတိုင်းက ဝမ်းမြောက်ဝမ်းသာ လိုက်ပါဆောင်ရွက်နိုင်သော လုပ်ငန်းဖြစ်လေသည်။ မည်သည့် ဘာသာကြီးတွင်မျှ တစ်ဦးကိုတစ်ဦး မုန်းတီးရန် ဟောပြောရမည်ဟူ၍ မပါရှိချေ။ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ကြရမည်ကို ဟောပြောရန်သာ ပါရှိလေသည်။

မေတ္တာတရားကို ပွားများလေ့ကျင့်ဖန် များလတ်သော် ဓမ္မသဘာဝကို သဘောပေါက်လာကာ သူတစ်ပါးအကြောင်း မကောင်းမပြောလိုခြင်း၊ သူတစ်ပါး ပျက်စီးအောင် မကြံစည် မလုပ်ကိုင်လိုခြင်း၊ သူတစ်ပါးဥစ္စာကို မတော်မတရား ခိုးယူတိုက်ခိုက်လိမ်လည်ကောက်ကျစ်ကာ မယူလိုခြင်း၊ သူ့အသက်ကို သတ်ဖြတ်ဝေးစွ၊ အနည်းငယ် ထိခိုက်နာကျင်စေအောင်ပင် မလုပ်လိုခြင်းစသော သီလတရားတို့သည်လည်း အလိုလို တစ်နေ့ထက်တစ်နေ့ တိုးတက်လုံခြုံလာပေတော့၏။

ထိုမျှမက လမ်းသွားရာတွင် ကားရှောင်ပေးခြင်း၊ ကားစီးရာတွင် နောက်ဆုံးမှ တက်ခြင်း၊ ကားမောင်းရာတွင် အရမ်း မမောင်းလိုခြင်း၊ လမ်းတွင် အတိဒုက္ခရောက်နေသူကို တွေ့ရှိရပါက ကူညီလိုသောစိတ် ပေါ်ပေါက်လာခြင်း၊ အများကိစ္စ ရပ်ရွာကိစ္စတို့တွင် ပါဝင်ကူညီ ဆောင်ရွက်ပေးလိုခြင်း၊ မြူနီစီပါယ်ကိစ္စ၊ အစိုးရကိစ္စတို့ကို ကူညီဆောင်ရွက်ပေးလိုခြင်း စ

ကမ္ဘာက ယနေ့ မေတ္တာဘာဝနာကို ကိုယ်ထိလက်ရောက် ကာယက၊ ဝစီက၊ မနောက်တို့ဖြင့် ပွားများ ဆောင်ရွက်ကြမည်ဆိုပါက နက်ဖြန် ကမ္ဘာ့ငြိမ်းချမ်းရေးကို လွယ်ကူစွာ ရရှိနိုင်ခြင်းကို ဘာသာခြားတို့ မသိရှာကြချေ။

http://www.dhammadownload.com

မိမိတို့ ရပ်ကွက်၊ မြို့ရွာနယ်ပယ်များတွင် မေတ္တာတရား အကျိုးကြီးမားပုံတို့ကို ဟောပြော၍ မေတ္တာအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သင့်ကြလေပြီ။

သော (Civic Duty - စီဗစ်ဂျူတီ) မြို့ကြီးသူ မြို့ကြီးသားတို့ ဆောင်ရွက်အပ်သော ပြည်သူ့တာဝန်တို့ကို စေတနာကောင်းဖြင့် ဆောင်ရွက်ပေးလိုသော စိတ်ဓာတ်သည် တဖွားဖွားပေါ်ထွက်လာပေတော့၏။

ထိုမှတစ်ဆင့်တက်သော် ကမ္ဘာသူ၊ ကမ္ဘာသားတို့အတွက် ကူညီဆောင်ရွက်ပေးလိုသော စိတ်ဓာတ်သည် တဖွားဖွားပေါ်ထွက်လာပေတော့၏။

ထို့ကြောင့် မေတ္တာအကျိုး တစ်ဆယ့်တစ်ပါး ရရှိပုံနှင့်တကွ မေတ္တာတရား ပွားများခြင်းသည် ဒါနသီလတို့ထက် မြတ်ခြင်း၊ ဒါနသီလတို့ထက် အကျိုးပေး ကြီးမားခြင်းကို အင်္ဂုတ္တိုရ်ပါဠိတော်၊ နဝကနိပါတ်၊ သီဟနာဒဝဂ်၌ အနာထပိဏ်သူဌေးကြီးအား အကြောင်းပြု၍ ဟောတော်မူအပ်သော ဝေလာမသုတ်၌ လာရှိသည်တို့ကို ဖော်ပြလျက် မေတ္တာဘာဝနာတရား ဦးစားပေးကာ ကျောင်းသူကျောင်းသားများအား သင်ကြားပြသ လေ့ကျင့်ပေးအပ်လေပြီ။

ထိုမှတစ်ပါး ဆက်လက်ဖော်ပြလိုသည်မှာ မိမိတို့ ရပ်ကွက်၊ မြို့ရွာ နယ်ပယ်များတွင် မေတ္တာ တရား အကျိုးကြီးမားပုံတို့ကို ဟောပြော၍ မေတ္တာ အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သင့်ကြလေပြီ။ သို့တည်းမဟုတ် မြို့ကြီးများက ကမ္ဘကထပြုကာ ဆောင်ရွက်သင့်ကြလေပြီ။

လူတစ်ယောက်တွင် အချိန် ၂၄-နာရီ ရရှိထား၏၊ ထိုတွင် ရှစ်နာရီ အလုပ်လုပ်၏၊ ရှစ်နာရီ အိပ်၏၊ ရှစ်နာရီ ကျန်ရှိသေး၏။ ထိုကျန်ရှိသော ရှစ်နာရီမှ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာတို့ကို အချိန်ကာလ မည်ရွေ့မည်မျှ ကြာအောင် ဆောင်ရွက်ကြမည်ဟူ၍လည်း သင့်လျော်သလို စီမံဆောင်ရွက်သင့်ကြလေပြီ။

ရရှိမည့်အကျိုးအာနိသင်ကား- လူလို၏၊ နတ်လို၏၊ ဂြိုဟ်မ၏၊ လူချစ်လူခင် ပေါ၏၊ အကြံအစည်အောင်၏၊ ဘေးရန်ကင်း၏၊ စိတ်ချမ်းသာ၏၊ သေသော် အထက်ဗြဟ္ဟာပြည်သို့သာလျှင် လားရာဂတိရှိ၏။ ဒါနထက်မြတ်သော၊ သီလထက်မြတ်သော မေတ္တာဘာဝနာကြီးပေတည်း။

ဦးပဂျီဝိုး၊ ဂမ္ဘီရဝိပဿနာရှုဘွယ်၊ တ-တွဲ၊ ၁၈၀-၁၈၃။



ဒုစရိုက် (၁၀) ပါးတို့ကို ကိုယ်တိုင် တိုက်တွန်း ချိုးမွမ်း စိတ်တူချင်း ပဋိစ်ကြစေဘဲ ကုသိုလ်ကောင်းမှု၌သာ ကိုယ်တိုင် တိုက်တွန်း ချိုးမွမ်း စိတ်တူချင်းပြုကာ နေရစ်တော်မူခဲ့ကြကုန်လော့။

ဦးပဂျီဝိုး၊ ဝိပဿနာပညာ မိန့်ခွန်း၊ ၁၂-၁၃၊ (၂၀-၂-၇၂)

http://www.dhammadownload.com

သုံး–ဧလေးလအတွင်း
ထူးခြားစွာ အကျိုးခံစားရ၏

စိတ်ဓာတ် သတ္တိ မွန်မြတ်ခွန်ထက်၍ လောကီလောကုတ္တရာ ၂-ဌာနတို့၌ လွန်စွာအကျိုးများသောနည်းကို လေ့ကျင့်နိုင်ရန် ဖော်ပြပေအံ့။ ထိုနည်းမှာ ရှင်တော်ဘုရား ကိုယ်တော်တိုင် မိန့်ဟ ဆိုဆုံးမတော်မူခဲ့သော နည်းဖြစ်ပြီးလျှင် စိတ်ဓာတ်သတ္တိလည်း ရင့်သန်၍ လူချစ်လူခင်ပေါခြင်း၊ နတ်တို့ စောင်မကြည့်ရှုသောနည်းဖြစ်၏။ ထိုနည်းမှာ လူတိုင်းသိသည်ဟု ဆိုချင့်လျှင် ဆိုနိုင်သော်လည်း သဘာဝမကျခြင်းကြောင့် အကျိုးကျေးဇူး ခံစားသင့်သလောက် မခံစားရခြင်း ဖြစ်၏။

မာတာ ယထာ နိယံပုတ္တ
မာယုသာ ဧကပုတ္တ မနုရက္ခေ
ဧဝမ္ပိ သဗ္ဗဘူတေသု
မာနသံ ဘာဝယေ အပရိမာဏံ။

ဤပါဠိတော်မှာ ရှင်တော်ဘုရားသည် သုတ္တ နိပါတ်၌ သဘာဝကို ကျနစွာ ဖော်ပြဆိုဆုံးမသော အနုသာသနီနည်းဖြစ်၏။ မာတာ-အမိသည်၊ နိယံ ပုတ္တံ-မိမိကို မှီ၍ဖြစ်သော၊ ဧကပုတ္တံ-တစ်ဦးတည်း ဖြစ်သောသားကို၊ အာယုသာ-အသက်ကြောင့်၊ အနုရက္ခေယထာ-အဖန်တလဲလဲ စောင့်ရှောက်ဘိသကဲ့သို့၊ ဧဝမ္ပိ-ထို့အတူပင်၊ သဗ္ဗဘူတေသု-ခပ်သိမ်းသော သတ္တဝါတို့၌၊ အပရိမာဏံ-အတိုင်းမသိသော၊ မာနသံ-မြတ်နိုးခြင်းတည်းဟူသော၊ မေတ္တာစိတ္တ-မေတ္တာစိတ်ကိုလည်း၊ ဘာဝယေ-ပွားများစေရာ၏။

ဤ၌ သိရှိရန်မှာ မေတ္တာပို့ကို အသံကျယ်စွာဖြင့် ရွတ်ဆိုပြီးလျှင် စိတ်က တောင်စဉ်းစား မြောက်စဉ်းစား စိတ်ပုံ့လွှင့် မနေရ။ မိမိ၏စိတ်တွင် တစ်ဦးတည်းမျှသာရှိသော သားကို မိခင်သည် နှစ်နှစ်ခြိုက်ခြိုက် လိုလားနှစ်သက်စွာ စောင့်ရှောက်ဘိသကဲ့သို့ သတ္တဝါတို့၏ ကျန်းမာ ချမ်းသာမှုကို တကယ်အလိုရှိကာ -

ကျန်းမာပါစေ
ချမ်းသာပါစေ

စသဖြင့် စိတ်က အာရုံမပျံ့လွင့်စေဘဲ မေတ္တာပို့သရမည်ဟု ရှင်တော်ဘုရား ဆုံးမခြင်းဖြစ်၏။

အသေးစိတ်၍ ပြရပြန်သော် မိမိ ထမင်းစားသောအခါ သတ္တဝါအပေါင်းတို့သည် ငါ စားသလို စားနိုင်ကြပါစေ၊ ငါ့ထက်ကောင်းသော အစားအစာကို စားသောက်နိုင်သူများလည်း ရမြဲတိုင်းသော အဆင့်အတန်းမှ မယုတ်လျော့ကြပါစေနှင့်ဟု မိမိ စားသောက်ရင်း သတ္တဝါအနန္တကို မေတ္တာပို့ပါလေ။

ထိုနည်းတူစွာ အဝတ်ဝတ်ရာ၌လည်း သတ္တဝါအပေါင်းတို့သည် ငါ ဝတ်ဆင်ရဘိသကဲ့သို့ ကောင်းမွန်စွာ ဝတ်ဆင်နိုင်ကြပါစေ။ ငါ့ထက်ကောင်းမွန်စွာ ဝတ်ဆင်နိုင်သူများလည်း ရမြဲတိုင်း အဆင့်အတန်းမှ မယုတ်လျော့ကြပါစေသတည်း ဟူ၍ မိမိ အဝတ်ဝတ်တိုင်း၊ အဝတ်ဝတ်တိုင်း သတ္တဝါအနန္တကို မေတ္တာ ပို့သပါလေ။

ထိုနည်းတူစွာ အိပ်သောအခါ၌လည်း သတ္တဝါအပေါင်းတို့သည် ငါ အိပ်ရသလို ကောင်းမွန်စွာ အိပ်နိုင်ကြပါစေ၊ ငါ့ထက်ကောင်းမွန်စွာ အိပ်နိုင်သူများလည်း ရမြဲတိုင်း အဆင့်အတန်းမှ မယုတ်လျော့ကြပါစေသတည်း ဟူ၍ မိမိအိပ်တိုင်း သတ္တဝါအနန္တကို မေတ္တာပို့ပါလေ။

ဤနည်းကို သဘောပေါက်ကာ မိမိမှန်ကြည့်တိုင်း၊ မိမိရေချိုးတိုင်း၊ မိမိမော်တော်ကားစီးတိုင်း၊ မိမိ စိန်လက်စွပ်ဝတ်တိုင်း၊ မိမိစာကြည့်တိုင်း၊ မိမိကုသိုလ်

http://www.dhammadownload.com

ကောင်းမှုပြုတိုင်း စသဖြင့် အခါမလတ် မိမိကဲ့သို့ ပြုလုပ်နိုင်ကြပါစေ့၊ မိမိထက်သာသူများလည်း လက်ရှိအခြေအနေထက် မယုတ်မလျော့ကြစေဘဲ ခံစား သုံးဆောင်နိုင်ကြပါစေ ဟူသော စိတ်ကို အမြဲထား၍ မေတ္တာပို့သပါလေ။

ဤသို့ လေ့ကျင့်ခြင်းမှာ **ခက်သည်မဟုတ်ချေ။** ငွေကြေး စရိတ်စက ကုန်ကျသည်လည်း မဟုတ်ပေ။ ပြန်လည်ရရှိမည့် အကျိုးကား အဖိုးမဖြတ်နိုင်။ ဤနည်းမှာ ခက်၍မဟုတ်၊ ဤသို့ ပြုကျင့်ရမည်ကို မသိခြင်းကြောင့်သာ ဖြစ်၏။ ဤသို့ ပြုကျင့်ကာ တကယ်တမ်း စိတ်ပါလက်ပါ မေတ္တာပို့သပါက သူတော်သူမြတ်တို့ လွန်စွာ ရှုမုန်းသော သူတစ်ပါး ပြည့်စုံမှုကို ငြူစူစောင်းမြောင်းခြင်း ဣဿာတရားတို့သည် တစ်နေ့တခြား ခေါင်းပါးကင်းပျောက်သွားလေတော့၏။ လူတို့တွင် ဤဣဿာတရားသည် မိမိ၌ အနည်းငယ်မျှ အကျိုးမရစေဘဲ၊ တစ်ဖက်သားတွင်လည်း မိမိ မနာလိုမှုကြောင့် အကျိုးမယုတ်လျော့စေဘဲ မိမိ၌သာ အကျိုးယုတ်လျော့စေသော တရားဖြစ်၏။ ထိုဣဿာတရားသည် လူညံ့တို့၌ များစွာ ကိန်းအောင်းလျက်ရှိ၏။ ထိုဣဿာတရား ခေါင်းပါးကင်းကွာခြင်းသည် သာမန်ပုဂ္ဂိုလ်မဟုတ်တော့ပြီ၊ အလွန် အဆင့်အတန်း မြင့်မြတ်သော အခြေအနေသို့ ရောက်ရှိလျက် ရှိချေပြီ။ ထိုမေတ္တာပို့သနည်းကို အထူး လေ့ကျင့်ပေးပါ လေ။ မကြာမီ မိမိ၏ စိတ်ဓာတ်သတ္တိသည် မွန်မြတ်ချွန်ထက်လာရမည်ကား မလွဲချေ။ လူချစ်လူခင် ပေါ၏၊ နတ်လို၍ ဂြိုဟ်မ၏။

ထိုမျှမေတ္တာပို့သရုံမျှနှင့် မပြီးသေး။ ယင်းသို့ မေတ္တာပို့ပြီးနောက် ဝစီကံအားဖြင့် သူတစ်ပါး အကျိုးယုတ်လျော့စေမည့် စကားမျိုးကို မပြောရ။ အတင်းပြောခြင်းမျိုးကို အထူးရှောင်ကြဉ်ရ၏။ ထိုနည်းအတူ သူတစ်ဦးတစ်ယောက် နစ်နာပျက်စီးမည့် အလုပ်မျိုးကို မလုပ်ရ။ ထို့ထက် သတ္တဝါအများ ပျက်စီးနစ်နာစေမည့် အလုပ်မျိုးကို မလုပ်ရ။ ဤသို့လျှင် တစ်နေ့

အပေါ် ယဉ်ဟန်ပြမှုသာ မဟုတ်ဘဲ စိတ်ပါလက်ပါဖြင့် သုံးလေးလမျှ စမ်းကြည့်ပါလေ။ ထူးခြားစွာ အကျိုးရရှိလတ္တံ့၊ ရှေ့အဖို့တွင် လက်မလွှတ်နိုင်တော့ပြီ။

လုံး သူတစ်ပါး နစ်နာပျက်စီးစေမည့်ကိစ္စကို ကာယကံ**အားဖြင့်**လည်းကောင်း၊ ဝစီကံအားဖြင့်လည်းကောင်း၊ မနောကံအားဖြင့်လည်းကောင်း မကျူးလွန်ရချေ။

ထိုမျှသာမကသေး၊ သူတစ်ပါးကောင်းစားပါစေဟု မေတ္တာပို့ဘိသကဲ့သို့ ကာယကံအားဖြင့်လည်းကောင်း၊ ဝစီကံအားဖြင့်လည်းကောင်း သူတစ်ပါးကောင်းစားမှုကိုသာ ပြောဆိုရမည်။ သူတစ်ပါးကောင်းစားမှုအတွက်သာလျှင် လုပ်ကိုင်ရမည်။ ဤသို့ ကာယကံ၊ ဝစီကံ၊ မနောကံအားဖြင့် နေ့စဉ်နေ့တိုင်း ပြုလုပ်ပါက မကြာမီ သုံးလေးလအတွင်း ထင်ရှားစွာ အကျိုးကျေးဇူး ခံစားရ၏။ သုံးလေးနှစ်ဆိုသော် ပြောဖွယ် မရှိပြီ။ လာမည့်ဘေး ဝေး၍ ပေးမည့် ကုသိုလ်အကျိုး လျင်မြန်၏။ ဤကား ဓမ္မနိယာမ သဘာဝဖြစ်ပေတော့၏။

ယင်းသို့ တကယ်တမ်း စေတနာအစစ်အမှန်ဖြင့် မေတ္တာစိတ်ဓာတ်ကို လေ့ကျင့်သွားပါက မိမိစိတ်ဓာတ်သတ္တိသည် တစ်နေ့တခြား မွန်မြတ်ချွန်ထက်လာတော့၏။ မည်မျှ ချွန်ထက်လာသနည်းဆိုမူ မိမိ စိတ်ဓာတ်သတ္တိသည် သေသည်၏ အခြားမဲ့၌ မိမိအား ငြဟ္မာပြည်သို့ ရောက်ရှိနိုင်သော သတ္တိအထိ ရောက်ရှိလာနိုင်၏။ သတိပြုရန်ကား စိတ်ကို မပျံ့လွင့်ရန် အထူးဂရုပြုရမည်။ စိတ်ပျံ့လွင့်သော် အချိန်ကြာသော်လည်း ခရီးရောက်သင့်သလောက် မရောက်ရှိနိုင်။ အပေါ်ယံ ဟန်ပြမှုသာ မဟုတ်ဘဲ စိတ်ပါလက်ပါဖြင့် သုံးလေးလမျှ စမ်းကြည့်ပါလေ။ ထူးခြားစွာ အကျိုးရရှိလတ္တံ့။ ရှေ့အဖို့တွင် လက်မလွှတ်နိုင်တော့ပြီ။ ဤကား ဓမ္မအရသာကြီးပေတည်း။ ခံစားရမည့် အကျိုးကား အဖိုးမဖြတ်နိုင်ပေ။

ဦးပဏ္ဍိုင်၊ အလုပ်ကံနှင့်စိတ်တန်ခိုး၊ ၁၁၂-၁၁၆။

http://www.dhammadownload.com

တဏှာလွတ် စားခြင်း

မေတ္တာဘာဝနာကို ပွားများကြလျက် အသက်သက်လွတ်စားခြင်းသည် ကောင်း၏ဟု သိသူပေါများသလောက် တဏှာလွတ် စားခြင်းသည် ကောင်း၏။ သာ၍ကောင်း၏။ အကောင်းဆုံးဟူ၍ သိသူကား မပေါများချေ။ လွန်စွာ နည်းပါးလှပေ၏။

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊
သုတေ သုတမတ္တံ ဘဝိဿတိ၊
မုတေ မုတမတ္တံ ဘဝိဿတိ၊
ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ။

ဤကား စာမျက်နှာ ၉၆-၌ ဖော်ပြခဲ့သော မာလုက္ကျပုတ္တအား ဟောတော်မူသော ဒေသနာတော်၏ အစိတ်အပိုင်းဖြစ်၏။ ဤတွင် "မုတေ မုတမတ္တံ ဘဝိဿတိ" တွေ့ထိသည် ရှိသော် တွေ့ထိကာမတ္တမျှသာ ဖြစ်ရာ၏။ တဏှာဘက်သို့ ကူးမသွားမူ၍ တဏှာ လွတ် စားသောက်ရခြင်းကို အလို ရှိအပ်လေသည်။ စားသုံးနည်းမှာ -

နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၊ မဟာဝဂ်၊ အာဟာရ ပရိညာသုတ်၌ လာရှိသည့်အတိုင်းမှ အတိုချုပ် ကောက်နုတ်ဖော်ပြရသော် အကြင်လင်မယားနှစ်ဦးတို့သည် ကန္တာရခရီးရှည်ကြီးကို ဖြတ်သန်းသွားကြရာ အလွန် ချစ်ခင်လှစွာသော သားငယ်တစ်ယောက်လည်း ပါရှိလေသည်။

ခရီးရှည်သဖြင့် လမ်းတွင် စားနပ်ရိက္ခာ ပြတ်လေ၏။ ထိုအခါ အမျိုးမျိုးစဉ်းစားကြလျက် နောက်ဆုံး၌ ငါတို့အားလုံး သေခြင်းငှာ မသင့်လျော်ပေ။ သားငယ်ကို နောင်အခါ အစားရဖွယ်ရှိ၏။ သားငယ်ကိုသတ်၍ စားကြအံ့ဟု ဆုံးဖြတ်ကာ သားငယ်၏အသားကို စားလျက် ခရီးဆက်လက်သွားကြလေသည်။

ချစ်လှစွာသော သား၏အသားကို စားကြရခြင်းမှာ ပျော်ရွှင်မြူးထူးလို၍၊ အရသာကို ခံစားလို၍ သား၏အသားကို စားကြသည်မဟုတ်။ ကန္တာရခရီးစဉ်ကို ကျော်လွန်စေရန် အလို့ငှာသာလျှင် စားကြဘိသကဲ့သို့ ဤအတူ တဏှာလွတ် စားသောက်ရမည်ဟု ရှင်တော်ဘုရား ဟောကြားတော်မူလေသည်။

တစ်ဖန်တုံ့ မဂ်ဖိုလ်နိဗ္ဗာန်ကို အလိုရှိသော သူမြတ်တို့ အစဉ်မပြတ် လေ့ကျင့်ပွားများနေရန် နည်းတို့ကို ဖော်ပြအပ်သော မဟာသတိပဋ္ဌာနသုတ်၊ ကာယာနုပဿနာသမ္မဇ္ဈာနပဗ္ဗအခန်း၌-

အသိတေ ပီတေ ခါယိတေ
သာယိတေ သမ္မဇ္ဈာနကာရီ ဟောတိ။

အနက်ကား။ ။အသိတေ-စားသည်ရှိသော်၊ စားသောအခါ၌၊ ပီတေ-သောက်သည်ရှိသော်၊ သောက်သောအခါ၌၊ ခါယိတေ-ခဲသည်ရှိသော်၊ ခဲသောအခါ၌၊ သာယိတေ-လျက်သည်ရှိသော်၊ လျက်သောအခါ၌၊ သမ္မဇ္ဈာနကာရီ-ပညာဖြင့် ဆင်ခြင်၍ စားသောက်ခြင်း စသည်တို့ကို ပြုလေ့ရှိသည်၊ ဟောတိ-ဖြစ်၏၊ ဖြစ်ပါစေဟု ရှင်တော်ဘုရား နည်းပေး ပြသဉ္ဇန်ကြားတော်မူခဲ့လေသည်။

တစ်နည်းသော် သုတ်ပါထေယျပါဠိတော်၊ သံဂီတိသုတ်၌ ရှည်လျားစွာလာသည်တို့မှ ဤတွင် အလိုရှိအပ်သည်ကို ကောက်နုတ်ဖော်ပြရသော်-

လဒ္ဓါစ ပိဏ္ဍပါတံ အဓိဂတော
အမုစ္ဆိတော အနဇ္ဈာပန္နော
အာဒီနဝဒဿာဝီ နိဿရဏပညော
ပရိဘုဉ္ဇတိ-ဟူ၏။

ဘာသာပြန်။ ။ ရအပ်ပြီးသော ဆွမ်းကိုလည်း မမက်မောမူ၍၊ မတွေဝေမူ၍၊ တဏှာဖြင့် မလွှမ်းမိုးမူ၍ အပြစ်ကိုရှုမြင်လျက် ဝဋ်ဆင်းရဲမှ ထွက်မြောက်လိုသောပညာဖြင့် ဆင်ခြင်၍ သုံးဆောင်စားသောက်၏ဟု စသည်ဖြင့် လာရှိလေသည်။

ထို့ကြောင့် မိမိစားသောက်ခြင်းသည် မိမိတစ်ဦး

http://www.dhammadownload.com

အရှေ့မှသည့်အနောက်သို့ အနောက်မှသည့်အရှေ့သို့

တဦး၏ကျေးဇူးကို တဦးသိကြလျက် အပြန်အလှန်ပေးဝေလှူဒါန်းကြရပေမည်။ အရှေ့က လောကုတ္တရာ ချမ်းသာကိုပေး၍ အနောက်က လောကီချမ်းသာကို ပေးရပေမည်။

ဒုက္ခ

အရှင်သာရိပုတ္တရာ မထေရ်နှင့်တကွ ရဟန်း တော်များသည် မြတ်စွာဘုရား အထံ တော်၌ ဒုက္ခသင်တန်း တက်ကြ၏။

ဒုက္ခသင်တန်း

မိန်းမသည်ငင်း၊ ယောကျ်ားသည်ငင်း၊ အကြင်သူသည် ဒုက္ခကို တကျယ်သား သိမြင်၏။ ဟိုသူသည် သုခကိုတကျယ်သား အလိုရှိသည်မည်၏။ အကြင်သူသည် ဒုက္ခကို များစွာ သိမြင်၏၊ ထိုသူသည် သုခကို များစွာအလိုရှိသည် မည်၏။

ဒုက္ခကို မကောင်း သောအရာဟူ၍ လူ တိုင်း ယူဆကြကုန် ၏။ သို့ရာတွင် ဒုက္ခ သည် သုခ၏ အစ ဖြစ်သည်ကို လူတိုင်း မယူဆကြပေ။ စင်စစ်ဆိုသော် ဒုက္ခ နှင့်ကင်း၍ လိုလား အပ်သော သုခ တို့ကို မရနိုင်။ သုခမှာ ဒုက္ခ အသီးအစေ့တို့ ကို စိုက်ပျိုးမှ ရ အပ်သောအသီး အပွင့်များ ဖြစ် လေသည်။

တိုးတက်ရေးမဂ္ဂဇင်း အမှတ်-၁၉။

တည်း စားသောက်ခြင်းလော သို့မဟုတ် "တဏှာ" အဖော်နှင့် စားသောက်ခြင်းလောဟု သတိပြုရပေမည်။ မဂ်ဖိုလ် နိဗ္ဗာန်ကို တကယ်တမ်း အလိုရှိသူသည် အချိန်နာရီ မိနစ်တိုင်း၊ မိနစ်တိုင်းတို့၌ အလွတ်မပေးဘဲ အဘက်ဘက်မှ အမျိုးမျိုးသော အသွင်တို့ဖြင့် ဝင်ရောက်မည့် တဏှာဟူသရွေ့တို့ကို တွန်းလှန် ဖြိုဖျက်ကာ ဖြတ်ပစ်နေရပေမည်။

အချုပ်အားဖြင့် ဆိုရသော် စာမျက်နှာ ၉၆-၌ မာလုက္ကျပုတ္တအား ဟောတော်မူသည့်အတိုင်းပင် ကမ္မဋ္ဌာန်းတရား သတိလွတ်သွားသည်နှင့် တစ်ပြိုင်နက် (တဏှာ) ရာဂါနုသယသည် ပြေးဝင်ကိန်းအောင်းနေပေတော့၏။

မကြာမီ အရှိန်ပြင်းလာပေတော့၏။ ထိုမျှမကသေး ကျန်အနုသယများသည်လည်း အစုလိုက် အပြုံလိုက် ပြေးဝင် ကိန်းအောင်းလာပေတော့၏။ အရှိန်ပြင်းထန်လာပေတော့၏။ တစ်နည်းဆိုသော် ဝိပဿနာ ဘာဝနာပွားများဖို့ လုပ်ငန်းချထားလိုက်သည်နှင့် တစ်ပြိုင်နက် မဂ် ဖိုလ် နိဗ္ဗာန်သို့ ချဉ်းကပ်သွားရောက်နေခြင်းသည် ရပ်ဆိုင်းသွားပေတော့သတည်း။

ဦးပဂ္ဂိုဠိ၊ ဂန္ဓိရဝိပဿနာရှုဘွယ်၊ တ-တွဲ၊ ၁၁၈-၁၂၁။

http://www.dhammadownload.com



ဒီဌိတွေကို တောင်းပန်လို့တော့ မရနိုင်
ဒီဝါတွင်းမှာ အပြုတ်တိုက်ရမည်
လက်နက်တောင်းလိုလျှင် လာခဲ့ကြလော့

ကြေးစေ့ကား ဘုရားဖြစ်၏
ဝိရိယဝတော့ ကိုနာကေမဲ့ နာဘိဇ္ဈတိ၊
ဝိရိယရှိသူအား အာဃာယိမည်သော အမှုသည် မပြီးစီး မခေါင်မြင်ဘဲ ပြိုပြင်ပါအုံးမည်း။
အယ်ဒီတာ-ဦးဝိန်

တိုးတက်ရေးခွေး
THE PROGRESS

(စာစီ) ဆရာ၊ ဝါဆိုတော့မယ်ဆရာ၊ ဝါတွင်းအတွက် အကောင်းဆုံး တရားတစ်ပုဒ်လောက် ဟောစမ်းပါ ဆရာ။ ဘယ်တရား အားထုတ်ရတာ အကောင်းဆုံးလဲ။ အကျိုးအရှိဆုံးလဲ အဓိန္ဌိစမ်းပါဦး။

(ဂျင်) ကိုစာစီ သိတိပေးတာ ကျေးဇူးတင်သဗျ၊ ဝါတွင်းဆိုတော့ မကြာခဏ ဥပုသ်ဆောက်တည်ကြတာကို။

တရားတွေကတော့ အကောင်းချည်းပဲ။ သို့သော် မိမိတို့ အဆင့်အတန်းလိုက်ပြီး ပြုကျင့်ကြတာပဲ။ အချုပ်ကတော့ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ တရားသုံးပါးကို အပြုတ်တိုက်ဖို့ အရေးအကြီးဆုံးပဲ။

လောကီရေးမှာ စေ့စပ်ရေးတို့၊ ကျောက်သင်ပုန်းခြေရေးတို့၊ တောင်းပန်ရေးတို့ဟာ လုပ်မယ်ဆိုရင် လုပ်လို့လည်း ဖြစ်တယ်။ အကျိုးလည်း ရှိတယ်။ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ တရားသုံးပါး ပြုတ်ဖို့ကတော့ တောင်းပန်လို့ မရဘူး။ စေ့စပ်ရေးနှင့်လည်း မရဘူး။ ကျောက်သင်ပုန်းခြေရေးနှင့်လည်း မရဘူး။ ဝိပဿနာဘာဝနာနှင့် အပြုတ်တိုက်ပစ်မှ ရတယ် ကိုစာစီရဲ့။

အောက်တန်းစားတွေကတော့ ဒါန၊ သီလ လောက်ပဲ ပြုကျင့်နိုင်ရှာကြတယ်။ အလတ်စားကျလာတော့ သမထဘာဝနာကို တက်ပြီး ကြိုးစားနိုင်ကြတယ်။ ဘုရားမပွင့်မီကဆိုရင်လည်း သမထ ဘာဝနာ အထိသာ လုပ်နိုင်ရှာကြတယ်။ အထက်တန်းစား ကျလာတော့မှပဲ ဝိပဿနာ ဘာဝနာကို ကြိုးစားနိုင်ကြတယ်။

အေး-အေး-ရှင်တော်ဘုရား အလိုတော်ကျ အဖြစ်ဆုံး၊ အကျိုးအမြားဆုံး တရားကတော့ ဝိပဿနာဘာဝနာကို ပွားများနေခြင်းဟာ အကောင်းဆုံးပဲ ကိုစာစီရဲ့။ ဒါကြောင့် ရှင်တော်ဘုရားက မဖြစ်သေးတဲ့ အကုသိုလ်ကို မဖြစ်အောင် နေရမည်။ မပြုလုပ်ရသေးတဲ့ ကုသိုလ်ကို ပြုလုပ်မိအောင် ပြုလုပ်ရမယ်လို့ မိန့်ဟတော်မူတယ်။

အဲဒီမှာ သတိပြုဖို့ကတော့ လှူဒါန်းပေးကမ်းတာကို ဘဝများစွာကပြုခဲ့ဖူးကြပြီ ကိုစာစီရဲ့။ သီလတို့ သမထတို့ကိုလည်း ဘဝများစွာက ပြုခဲ့ကြဖူးပြီ။ ဒီတော့ ဘာကုသိုလ် မပြုသေးဖူးလဲ ဆိုတော့ မဂ်ကုသိုလ်၊ ဖိုလ်ကုသိုလ် ရောက်အောင် မပြုဖူးသေးဘူး။

ဒါကို ရှင်တော်ဘုရားက ဘယ်လိုအဓိန္ဌိရှိတော်မူသလဲဆိုတော့ မလုပ်ရသေးတဲ့ ကုသိုလ်ဆိုတာ ချစ်သားတို့ အဘယ်နည်းဆိုလျှင်-

ကတမေ အနုပ္ပန္နာ ကုသလာဓမ္မာ။
တိဏိ ကုသလာမူလာနိ။
အလောဘော အဒေါသော၊ အမောဟော။
(ဝိဘင်းပါဠိတော်)

ဆိုလိုရင်း အဓိပ္ပာယ်အချုပ်ကတော့ မိမိမှာ ရှိနေတဲ့ လောဘ၊ ဒေါသ၊ မောဟ တရားသုံးပါးကို အလောဘ၊ အဒေါသ၊ အမောဟဖြစ်အောင် လုပ်နေရမယ်။ အဲဒါဟာ မလုပ်ရသေးတဲ့ မဂ်ဖိုလ်ရှိရေး ကုသိုလ်၊ သောတာပန်ဖြစ်ရေး ကုသိုလ်ဖြစ်တယ်။ အဲဒီကုသိုလ်ကို လုပ်ရမယ် ကိုစာစီရဲ့။

တစ်ဖန် အလောဘ၊ အဒေါသ၊ အမောဟ ဖြစ်

http://www.dhammadownload.com

အောင် ဘယ်လိုလုပ်ရမလဲဆိုရင် ပထမ နာမ်တရား၊ ရုပ်တရားကို ကွဲအောင်လုပ်ရမယ်။ အဲဒါကို ဘာခေါ်သလဲဆိုတော့-

နာမရူပပရိစ္ဆေဒဉာဏ်

လို့ခေါ်တယ်။ ဒါဟာ နာမ်၊ ဒါဟာရုပ် စသည်ဖြင့် ပရမတ္ထသဘာဝကို ပိုင်တဲ့အခါကျတော့ ဒီရုပ်မာတ်၊ နာမ်မာတ်တွေ အဘယ်ကြောင့် ဖြစ်ပေါ်လာကြရပါသလဲလို့ အကြောင်းအကျိုးကို ဆင်ခြင်ပေးရမယ်။ အဲဒါကို ဘာခေါ်သလဲဆိုတော့ -

ပစ္စယပရိဂ္ဂဟဉာဏ်

လို့ ခေါ်တယ် ကိုစာစီရဲ့။ အဲဒီအခြေအနေရောက်လို့ရှိရင် ဘယ်လောက်ဝမ်းသာမလဲဆိုရင် မင်းရှိတဲ့ စည်းစိမ် အကုန်အသိမ်းခံမလား။ ခု ရထားတဲ့ အသိဉာဏ်ကို အပယ်ခံမလား၊ မေ့ပစ်မလား ဆိုရင် ပစ္စည်းကို အသိမ်းခံမယ် ကိုစာစီရေ့။ အဲဒီ အသိဉာဏ်ကိုတော့ ဖျောက်မပစ်နိုင်ဘူး၊ မေ့မပစ်နိုင်ဘူး၊ အသိမ်းမခံနိုင်ဘူး။ အဲသလောက် ဝမ်းသာစရာကြီးပဲ၊ အဲဒီအခြေရောက်ရင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ရှင်သူမြတ်က ဘယ်လောက်များ အာမခံထားသလဲဆိုတော့ -

ဣမိနာပန ဉာဏေန သမန္နာဂတော
ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော
လဒ္ဓပတိဋ္ဌော နိယတဂတိကော
စူဠသောတာပန္နောနာမ ဟောတိ။
(ကခ်ီဝိတရဏဝိသုဒ္ဓိနိဒ္ဒေသ အဆုံး၌)

ဆိုလိုရင်းကတော့ အဲဒီ ဉာဏ်အဆင့်အတန်းများ ပွားများနေတုန်း ကွယ်လွန်သွားရင် အပါယ်လေးပါးမကျတော့ဘူးတဲ့။ လားရာဘဝမှာ သောတာပန်ပဲတဲ့။

အေး-အေး-အဲဒါဟာ မဖြစ်သေးတဲ့ကုသိုလ်ကို ဖြစ်အောင် လုပ်ရမယ်ဆိုတာပဲ ကိုစာစီရဲ့။ အဲဒီမှာ သိဖို့ကတော့ သောတာပန်လည်းဖြစ်ရော သက္ကာယဒိဋ္ဌိ (၂၀)နှစ်ဆယ်နှင့် ဝိစိကိစ္ဆာလည်း ပြုတ်ကရော။ အပါယ်လေးဌာနလည်း မကျတော့ဘဲ ဝိသာခါအနာထပိဏ်တို့လို ဘုံစဉ်စံပြီး နိဗ္ဗာန်ကူးဖို့ပဲ ရှိတော့တယ် ကိုစာစီရဲ့။

(စ) ခုလိုဆိုတော့လည်း ကျွန်တော်တောင် ဒီဝါတွင်းမှာ သက္ကာယဒိဋ္ဌိ (၂၀)နှစ်ဆယ်နှင့် ဝိစိကိစ္ဆာကို အပြုတ်တိုက်ချင်တဲ့စိတ် ပေါ်လာပြီဆရာ။ ဒါနဲ့နေပါဦးဆရာ၊ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို သိဖို့၊နားလည်ဖို့ ခက်သလား အမိန့်ရှိစမ်းပါဦး။

(ဂျင်) မခက်ပါဘူး ကိုစာစီရာ။ နာရီလုပ်သလိုပေါ့။ ပထမလူအတွက်သာ ခက်တာပါ။ တတ်တဲ့လူက ပြပေးလိုက်ရင် လွယ်လွယ်ကလေးပါ။ ဒါနည်းနည်းပါးပါး သင်္ကြိဟ်လောက် သင်ဖူးတဲ့ ပုဂ္ဂိုလ်ဆိုရင် သုံးလေးရက်လောက် အနုသာသနီနှင့် သင်ပေးလိုက်ရင် သစ္စာဉာဏ်တော့ ပိုင်သွားတာပေါ့။ အေး-ကိစ္စနှင့် ကတညာဏ်ကတော့ မိမိကိုယ်ပိုင် အားထုတ်ပွားများမှ ဖြစ်တာ ကိုစာစီရဲ့။ အေး-အေး-သင်္ကြိဟ်မသင်ဖူးသေးဘူး ဆိုရင်တော့ တစ်နေ့ တစ်နာရီလောက် (၁၀)ဆယ်ရက်လောက်ဆိုရင် နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်လောက်တော့ သဘောပေါက်သွားနိုင်ပါတယ်။ ဆရာကောင်းလျှင် လွယ်လွယ်နှင့် သဘောပေါက်နိုင်ပါတယ်။

(စ) ဒါဖြင့် ဆရာ့ထံမှာ ကျွန်တော် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတွေ ဒီဝါတွင်းမှာ အပြုတ်တိုက်ချင်ရင်၊ ဆရာ့ထံမှာ နည်းယူရင် အနုသာသနီနည်းဖြင့် ပြသနိုင်ပါ့မလား ဆရာ။

(ဂျင်) သာဓုခေါ်ပါတယ် ကိုစာစီရာ။ လာချင်တဲ့အချိန်လာခဲ့ပါ။ 'ပညာအလှူ ပေးဝေမူက လူတွင် လူမြတ် ခေါ်ပညတ်၏' တဲ့၊ လာခဲ့ပါ ကိုစာစီရာ၊ ဒီဉာဏ်နှစ်ပါးသာမကဘူး၊ သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်တွေပါ နားမလည် လည်အောင် ပြသပေးပါမယ်ဆိုကာ နှစ်ဦး ခွဲခွာသွားကြတော့သတည်း။

ရန်ကုန်ဂျင်၊ တိုးတက်ရေးသတင်းစာ၊ ၂၁-၇-၅၆၊ ၇။

http://www.dhammadownload.com



ဒါန၊ သီလ၊ ဘာဝနာ စသည်တို့နှင့် ပတ်သက်၍ အင်္ဂုတ္တိရ်ပါဠိတော်၊ နဝကနိပါတ်၊ ဝေလာမသုတ်၌ လာရှိသည်မှာ နေ့စဉ်နေ့တိုင်း ထမင်းရည် ချောင်းစီးလျှဒါန်းအပ်သော ဝေလာမပုဏ္ဏား၏ အလှူထက် သောတာပန်တစ်ယောက်အား တစ်နပ်သောဆွမ်းကို လှူဒါန်းရခြင်းက ပို၍ အကျိုးကြီး၏။ ထိုမှတစ်ဖန် သောတာပန်ဦးပေါင်း(၁၀၀)တစ်ရာကို ဆွမ်း လှူဒါန်းရသည်ထက် သကဒါဂါမ်တစ်ယောက်အား ဆွမ်း လှူဒါန်းရသော အလှူက ပိုမိုအကျိုးကြီး၏။ ထိုမှတစ်ဖန် သကဒါဂါမ် ဦးပေါင်း (၁၀၀) တစ်ရာအား ဆွမ်းလုပ်ကျွေးရသည်ထက် အနာဂါမ်တစ်ယောက်အား ဆွမ်း လှူဒါန်းရသော အလှူက ပိုမို အကျိုးကြီး၏။ ထိုမှတစ်ဖန် အနာဂါမ် ဦးပေါင်း (၁၀၀) တစ်ရာအား ဆွမ်းလုပ်ကျွေးရသော အလှူထက် ရဟန္တာတစ်ပါးအား ဆွမ်းလုပ်ကျွေးရသော အလှူက ပိုမိုအကျိုးကြီး၏။ ထိုမှတစ်ဖန် ရဟန္တာ (၁၀၀)တစ်ရာအား ဆွမ်းလုပ်ကျွေးရသည်ထက် ပစ္စေကဗုဒ္ဓါတစ်ပါးအား ဆွမ်းလုပ်ကျွေးရသောအလှူက ပိုမို အကျိုးကြီး၏။ ထိုမှတစ်ဖန် အရှင်ပစ္စေကဗုဒ္ဓါ (၁၀၀)တစ်ရာတို့အား ဆွမ်း လုပ်ကျွေးရသည်ထက် သမ္မာသမ္ဗုဒ္ဓတဘုရားရှင်အား ဆွမ်းလုပ်ကျွေးရသောအလှူက ပိုမိုအကျိုးကြီး၏။ ထိုမှတစ်ဖန် ဘုရားရှင်တစ်ပါးတည်းကို ဆွမ်းလုပ်ကျွေးရသည်ထက် ဘုရားအိမ္မာရှိသော သံဃာတော်တို့အား ဆွမ်းလုပ်ကျွေးရသောအလှူက ပိုမို အကျိုးကြီး၏။

ထိုမှတစ်ဖန် တစ်ဆင့်တက်ပြန်သော် ဘုရားရှင်နှင့်တကွသော သံဃာတော်တို့ကိုပါ ဆွမ်းလုပ်ကျွေးရသော အလှူထက် သံဃာအများ သုံးစွဲနိုင်သော သံဃိကကျောင်း တစ်ကျောင်းကို ဆောက်လုပ်လှူဒါန်းရသော အလှူက ပိုမိုအကျိုးကြီး၏။ ထိုမှတစ်ဖန် သံဃိကကျောင်းတစ်ကျောင်းကို ဆောက်လုပ် လှူဒါန်းရသည်ထက် သရဏဂုံသုံးပါးကို ဆောက်တံ်ည်ရသော ကုသိုလ်က ပိုမိုအကျိုးကြီး၏။ သရဏဂုံသုံးပါးကို ဆောက်တည်ရခြင်းထက် သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို ဆောက်တည်ရခြင်းသည် ပိုမိုအကျိုးကြီး၏။ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို ဆောက်တည်ရခြင်းထက် နွားနို့ တစ်ညှစ်ခန့် သောအခိုန်ကာလမျှပင် မေတ္တာဘာဝနာကို ပွားများရခြင်းသည် ပိုမိုအကျိုးကြီး၏။ မေတ္တာဘာဝနာ ပွားများရသဖြင့် ရရှိအပ်သော အကျိုးထက် အနိစ္စသညာ ဝိပဿနာ ဘာဝနာကို ပွားများရခြင်း ကုသိုလ်သည် ပို၍ အကျိုးကြီး၏ဟု ဘုရားရှင်သည် ထင်ရှားစွာ ဟောခဲ့လေပြီ။

အထက်ပါ တရားတော်ကို စစ်ဆေးသည်ရှိသော် ဒါနထက် သီလမြတ်ကြောင်း၊ သီလထက် ဘာဝနာ မြတ်ကြောင်း ထင်ရှားလေတော့၏။

လူတို့သည် ကုသိုလ်ပြုလုပ်နေကြသည်မှာ အများအားဖြင့် တစ်မဂ်၊ တစ်ဖိုလ်ကို ရည်ရွယ်၍ ဝိဝဋ္ဋ ကုသိုလ်ပြုသူကား နည်းပါး၍ ယခုဘဝ၊ ရှေးဘဝများတွင် သုခစည်းစိမ်ကို ခံစားလိုမှုကိုသာ ရည်စူး၍ ပြုလုပ်သူက များပြားလေသည်။ ထို့ထက် ဆိုးရွားနစ်နာသူကား ပကာသနရရှိရေးအတွက်နှင့် ဂုဏ်တု ဂုဏ်ပြိုင် မနာလိုသောစိတ်ဖြင့် ပြုလုပ်သူဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ ယခုဘဝအတွက် ဒါနသီလကို

လူတို့သည် ကုသိုလ်ပြုလုပ်နေကြသည်မှာ အများအားဖြင့် တစ်မဂ်၊ တစ်ဖိုလ်ကို ရည်ရွယ်၍ ဝိဝဋ္ဋ ကုသိုလ်ပြုသူကား နည်းပါး၍ ယခုဘဝ၊ ရှေးဘဝများတွင် သုခစည်းစိမ်ကို ခံစားလိုမှုကိုသာ ရည်စူး၍ ပြုလုပ်သူက များပြားလေသည်။

http://www.dhammadownload.com

ပြုသည်ဖြစ်စေ၊ နောင်တမလွန်ဘဝအတွက် ပြုသည်ဖြစ်စေ ကောင်းသည်သာတည်း။ ဤသို့ပြုလုပ်သဖြင့်လည်း လာမည့်ဆဲဆဲ ကုသိုလ်မှာ အလျင်အမြန်ရောက်ရှိလာ၍ လာမည့်ဆဲဆဲ အကုသိုလ်မှာ ထိုက်သည်အားလျော်စွာ ရပ်တန့်သွားသည်မှာ ယုံမှားဖွယ်မရှိချေ။ ထို့ပြင် လာမည့်ဘဝများတွင်လည်း ထိုကုသိုလ် ၏ အကျိုးကို ခံစားရမည်ပင် ဖြစ်လေသည်။



ဝိပဿနာ ဘာဝနာ
အကျိုးငါးပါး

သို့သော် လူသိနည်းသော ကုသိုလ်ကောင်းမှု အကျိုးပေးတစ်ရပ်ကား ဒါနသီလကို လုပ်ခြင်းဖြင့် လက်ငင်းဘဝနှင့် နောင်ဘဝပါ ခံစားနိုင်ခဲ့ပါလျှင် ထိုထက်သတ္တိပြင်းထန်သော ဘာဝနာကုသိုလ်သည် အဘယ်လျှင် အကျိုးပေးရာ၌ ဒါန၊ သီလထက် အကျိုးပေးနည်းနိုင်ပါအံ့နည်း။ ပိုမို အာနိသင်ကြီးသော လက်နက်ကိုသုံးက ပိုမို အကျိုးကျေးဇူးများဖွယ်သာရှိကြောင်းကို အချိန်လေးမြင့်စွာ စဉ်းစားနေရန် မရှိတော့ချေ။

ထို့ကြောင့် လောကုတ္တရာတွင်သာမက လောကီတွင်လည်း အသက်ရှည်ခြင်း၊ ရှုချင်စဖွယ် ကျက်သရေရှိခြင်း၊ ချမ်းသာကြီးခြင်း၊ စည်းစိမ်ဥစ္စာတိုးတက်ခြင်း၊ ကျန်းမာ၍ အသားအရေ ခွန်အားပြည့်ဖြိုးခြင်း စသည်တို့ကိုလည်း ဘာဝနာကို ပြုခြင်းဖြင့် ရရှိနိုင်ပုံကို ဘုရားရှင်သည် သုတ်ပါထေယျပါဠိတော်၊ စက္ကဝတ္တိသုတ်၌ -

ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ
ကာယာနုပဿီ ဝိဟရတိ။
အာတာပီ သမ္ပဇာနော သတိမာ
ဝိနေယျ လောကေ အဘိဇ္ဇာ ဒေါမနဿံ။

ဘိက္ခဝေ-ချစ်သားရဟန်းတို့၊ ဣဓ-ဤငါဘုရားသာသနာတော်၌၊ အာတာပီ-ကိလေသာတို့ကို ပူပန်စေတတ် နှိပ်စက်တတ်သော၊ သမ္ပဇာနော-ကောင်းစွာ အပြားအားဖြင့် သိမြင်တတ်သော ပညာရှိသော၊



အဆက်ပါ သမာဓိများသို့ ထိုက်ရောက်မှ သာလျှင် မင်္ဂလိုလ်နိဗ္ဗာန်ကို ရရှိ ရောက်ရှိနိုင်ထေသည်၊

သတိမာ-အဖန်တလဲလဲ အမြဲမပြတ် အောက်မေ့တတ်သော သတိတရားရှိသော၊ ဘိက္ခု-ယောဂီရဟန်းသည်၊ ကာယေ-ပထဝီအစရှိသော ရုပ်တရား အပေါင်း၌၊ ကာယာနုပဿီ-ရုပ်တရားအပေါင်းဟု အဖန်ဖန်ရှုလျက်၊ လောကေ-သခါရလောက၌ (ဝါ) သုံးပါးသော လောက၌၊ အဘိဇ္ဇာဒေါမနဿံ-ရှေးရှုပြု၍ အလိုရှိခြင်း လောဘအဘိဇ္ဇာ၊ စိတ်နှလုံးမသာယာခြင်း ဒေါမနဿ ဝေဒနာတရားအပေါင်းကို၊ ဝိနေယျ-ပယ်ဖျောက်၍၊ ဝိဟရတိ-ချမ်းသာစွာ နေထိုင်၏။

ဦးပဂျီဝိုး၊ ဝိပဿနာအခြေခံနှင့်အဖြေမှန်၊ ၃၆-၃၉။

http://www.dhammadownload.com

သာသနာတော်မြတ်ကြီး သန့်ရှင်းစွာ တည်ရှိရေး

(စာမျက်နှာ ၁၆၁)

ကဿပ၊ အတုအယောင်များ ပေါ်ပေါက်လာသော် သာသနာတော်မြတ်ကြီး ကွယ်လတ္တံ့ဟု ဗုဒ္ဓ မြတ်စွာ ဖြေဆိုတော်မူ၏။ ထို့ကြောင့် သာသနာတော်မြတ်ကြီး အခွန့်ရှည်စွာ တည်ရှိရေးအတွက် မဂ်တု၊ ဖိုလ်တု၊ ကမ္မဋ္ဌာန်းတုများကို ဖယ်ရှင်း သုတ်သင်ပေးရပေမည်။ ပါဠိတော်များတွင် သူတစ်ပါးအပြစ်ကို မပြောရ၊ သူတစ်ပါးအား မကဲ့ရဲ့ရဟု များစွာလာရှိ၏။ ထို့အတူ ဘုရား၊ တရား၊ သံဃာ သာသနာရေးတွင် အကျင့်ဆိုးရှိသူများကို ကဲ့ရဲ့ ဖိနှိပ် သုတ်သင် ဖယ်ရှင်းပေးရန် ဗုဒ္ဓမြတ်စွာသည် ခါပေါင်းများစွာ ဟောတော်မူခဲ့လေသည်။ ဤကျမ်းငယ် စာမျက်နှာ-၁၆၂ အမှတ်-၈ ၌ ပညာရှိသူတော်ကောင်းသည် ကဲ့ရဲ့ထိုက်သူကို ကဲ့ရဲ့၏၊ ချီးမွမ်း ထိုက်သူကို ချီးမွမ်း၏၊ အပြစ်မရှိသူ ဖြစ်၏ဟု ဟောတော်မူ၏။ အမှတ် ၁၀-၌ ဤတရားကား မှား၏။ ဤ တရားကား မှန်၏ဟု ပြကုန်၏။ ထိုသူသည် ချမ်းသာခြင်းကိုပြုသည် မည်၏။ သာသနာတော်မြတ်ကြီးကို တည်စေသည် မည်၏။ အမှတ် ၁၅-၌ မှားသော တရားများဖြစ်ပါက ဆရာကိုလည်း ကဲ့ရဲ့အပ်၏၊ တရားကိုလည်း ကဲ့ရဲ့အပ်၏၊ တပည့်ကိုလည်း ကဲ့ရဲ့အပ်၏ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူခဲ့၏။ ။အတိုချုပ်ကား မှားသော အယူရှိသူများအား "ပြဟ္မဒတ်" ပေးအပ်၏၊ "ပကာသနိယကံ" ပြုရမည်ဟု ဟောတော်မူခဲ့၏။ ။ ထို့ကြောင့် သာသနာတော်မြတ်ကြီး အခွန့်ရှည်စွာ တည်ရှိရေးအတွက် မဂ်တု၊ ဖိုလ်တု၊ ကမ္မဋ္ဌာန်းတုများကို ရဲရင့်စွာ ကဲ့ရဲ့ ဖိနှိပ် ရှင်းလင်းပေးတော်မူကြကုန်ရာ၏။

ပဂ္ဂိုဠိ

၁၃၇၂-ခု ဝါဆိုလပြည့်

ဦးပဂ္ဂိုဠိ၊ ဝိပဿနာဘာဝနာ နှစ်စောင်တွဲ၊ နိဗ္ဗာန်း။

http://www.dhammadownload.com

ဗိပဿနာသင်ပုန်းကြီး

အောက်၌ ယခုဖော်ပြလတ္တံ့သော အချက်ကြီးနှစ်ရပ်မှာ ဝိပဿနာဘာဝနာ ပွားများရေးလုပ်ငန်းအတွက် အထူးအရေးကြီးခြင်းကြောင့် မွန်မြတ်သော စေတနာဖြင့် ထပ်ကာထပ်ကာ ဖော်ပြနေရခြင်း ဖြစ်လေသည်။

ဝိပဿနာဘာဝနာလုပ်ငန်းအတွက် ရှေးဦးစွာ သုတမယညာဏ်အားဖြင့် သိရှိထားရန် အချက်ကြီးနှစ်ရပ် ရှိလေသည်။

ပထမအချက်မှာ- မိမိ၏ကိုယ်ခန္ဓာသည်လည်းကောင်း၊ ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါဟူသမျှတို့၏ ကိုယ်ခန္ဓာသည်လည်းကောင်း တစ်လုံးတစ်ခဲတည်းမဟုတ်၊ အိမ်ကဲ့သို့လည်းကောင်း၊ လှည်းကဲ့သို့လည်းကောင်း၊ နာရီကဲ့သို့လည်းကောင်း အစိတ်အပိုင်းများ စုပေါင်းနေတိသကဲ့သို့ ၈၁-ပါးသော ဓာတ်တို့သည် ထိုက်သည့်အားလျော်စွာ စုပေါင်း ဖြစ်ပေါ်နေခြင်း ဖြစ်သည်ကို ရှေးဦးစွာ သိရှိထားရပေမည်။ ဤကား-နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်လေသည်။

ဒုတိယအချက်ကား- ၎င်း ၈၁-ပါးသော ဓာတ်တို့ကို ထာဝရဘုရားသခင်က ဖန်ဆင်းပေးခြင်း မဟုတ်၊ အလိုအလျောက် ဖြစ်ပေါ်လာသည်မဟုတ်၊ အကြောင်းတရားရှိမှုကြောင့် အကျိုးတရား ဖြစ်ပေါ်လာပြီးလျှင် အတည်မနေရ။ တစ်ခဏချင်း ချုပ်ပျောက်ပြီးနောက် အသစ်တစ်ဖန် ထပ်ကာထပ်ကာ ဖြစ်ပေါ် ချုပ်ပျောက်နေခြင်း၊ ယင်းသို့ မရပ်မနား ထပ်ကာထပ်ကာ ဖြစ်ပေါ် ချုပ်ပျောက်နေခြင်းကို ရှေးဦးစွာ သုတမယညာဏ်အားဖြင့် သိရှိထားရပေမည်။ ဤကား ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်လေသည်။

ယောဂီသူမြတ်အတွက် ဤအချက်ကြီးနှစ်ချက်ကို သုတမယညာဏ်အားဖြင့် ကျေညက်စွာ ပိုင်နိုင်ထားပါက သင်္ကာယဒိဋ္ဌိ ၂၀-ပြုတ်ပြီးလျှင်-ယုံမှားခြင်း



အရပ်ရပ်တို့ ကင်းစင်လျက် ဝိပဿနာဘာဝနာ ပွားများရေးအတွက် အလွန် လွယ်ကူသွားပေတော့၏။

ဤ နာမရူပပရိစ္ဆေဒနှင့် ပစ္စယပရိဂ္ဂဟဉာဏ်များကို ဝိပဿနာသင်ပုန်းကြီးဟူ၍လည်း ခေါ်ဆိုအပ်၏။

ထို့ကြောင့် ဝိပဿနာဘာဝနာ ပွားများရာတွင် လွယ်ကူစေလျက် ယုံမှားခြင်းအရပ်ရပ်တို့ ကင်းစင်သွားစေရန် ဝိပဿနာဘာဝနာ ပွားများရေးလုပ်ငန်းကို မစမီ ဤအခန်းနှစ်ရပ်ကို ကျေညက်စွာသိရှိထားရန် ရှေးဦးစွာ ကြိုးစားတော်မူကြပါလေ။

ဦးပဏ္ဍိုင်၊ ဂဗ္ဘီရဝိပဿနာရှုဘွယ်၊တ-တွဲ၊ ၂၇၁-၂၇၃၊

အဝိဇ္ဇာ

မည်သည့်လုပ်ငန်းမဆို အလုပ်သဘော ကို နားလည်သွားပါက အလုပ်လုပ်ကိုင်ကုတ္တင် အလွန် လွယ်ကူလှ ပေတော့၏။

http://www.dhammadownload.com

နိဗ္ဗာန်အယူအဆ

နိဗ္ဗာန်အယူအဆမှာ အတိုချုပ်အားဖြင့် အယူအဆ ၃-မျိုး ကွဲနေသည်ကို တွေ့ရှိရ၏။ ယင်းသို့ ကွဲပြားသော်လည်း ကိုးကားသော ပါဠိတော်များမှာ အလွန်ခိုင်မာလှသော ပါဠိတော်များသာ ဖြစ်ရကား သာမန်လူတို့၏ အရာမဟုတ်ချေ။ ရှေးသားတော်မူကြကုန်သော ဆရာတော်ကြီးများမှာလည်း မြန်မာနိုင်ငံတော်တွင် နေတစ်ဆူ၊ လတစ်ဆူကဲ့သို့ ထင်ရှားကျော်ကြားကုန်သော ဆရာတော်ကြီးများသာ ဖြစ်ကြလေသည်။

ပထမဝါဒကား နိဗ္ဗာန်တွင် ခံစားနေသော သတ္တိရှိသယောင်ယောင် ဖြစ်၏။ ထိုဝါဒမှာ အချို့က သဿတဒိဋ္ဌိမှ မလွတ်ဟု စောဒကတက်ကြ၏။ ဒုတိယဝါဒမှာ ခန္ဓာ ၅-ပါး နောက်ထပ်မပေါ် ချုပ်ငြိမ်းသွားသည်ဟု ဆို၏။ ၎င်းဝါဒကို အချို့က ဥစ္ဆေဒဒိဋ္ဌိနှင့်ငြိ၏ဟု စောဒကတက်ကြ၏။ တတိယဝါဒကား နိဗ္ဗာန်တွင် သွားရောက်ခံစားသူ ပုဂ္ဂိုလ် အတ္တမရှိ။ ရှိခဲ့လျှင် သဿတဒိဋ္ဌိနှင့် ငြိ၏။ တစ်ဖက်တွင် ခန္ဓာ ၅-ပါး ချုပ်ပျောက်သွားသည်ဟူကလည်း ဥစ္ဆေဒဒိဋ္ဌိနှင့် မလွတ်တန်ရာ၊ ထို့ကြောင့် နိဗ္ဗာန်ကို ယထာဘူတကျစွာ သိရှိရန်မှာ အနည်းဆုံး တစ်မဂ် တစ်ဖိုလ် ရရှိသူများ အလုပ်သာဖြစ်၏ဟု အဆိုရှိ၏။

ဤတွင် သတိပြုရန်ကား ဘုရားရှင် တရားတော်တို့မှာ ဟုတ်မှန်သည်သာ ဖြစ်၏။ မည်သည့်အခါမဆို ပထမမူရင်းကို အားလုံး သဘောတူ ဝန်ခံကြ၏။ သို့ရာတွင် အငြင်းပွားကြသည်မှာ အဖျား၌သာ အငြင်းပွားနေကြခြင်း ဖြစ်၏။ ဥပမာဆိုသော် မိဘကိုသတ်လျှင် ပဉ္စာနန္တရိယကံကြီးတိုက်၏ဟု အားလုံးဝန်ခံကြ၏။ သို့ရာတွင် ဆူပူသောင်းကျန်းမှုကြောင့် ရွာတွင်းမှ သေနတ်နှင့်ပစ်လိုက်ရာ သောင်းကျန်းသောသူ တစ်ဦး ကျဆုံးသွား၏။ ထိုသူကား အခြားသူမဟုတ်၊ ရွာတွင်းမှ သေနတ်ဖြင့် ပစ်လိုက်သောသူ၏ ဖခင်ဖြစ်၍ နေတော့၏။

ထိုအခါ ရွာတွင်းမှ သေနတ်နှင့်ပစ်လိုက်ရာ ဖခင်မှန်းမသိ၍ ဂရုကံကြီး မထိုက်ဟု တစ်ဦးက ယူဆ၏။ တစ်ဦးက ဂရုကံကြီးထိုက်၏ဟု ယူဆ၏။ ဤသို့လျှင် အဖျား၌သာ အငြင်းပွားလျက်ရှိကြလေသည်။ အရေးကြီးလှသည့် ပဓာနဖြစ်သော မူရင်းကိုကား ငြင်းသည်မဟုတ်။

ထို့ကြောင့် တရားတော်၌ မူရင်းကိုသာ ပဓာန ထားရာ၏။ အဖျားအတွက် အငြင်းပွားနေရန် မသင့်ပြီ။ ဤသို့ဖြစ်လျှင် နိဗ္ဗာန်ကို အငြင်းပွားနေရန် မသင့်ပြီ။ အထက်တွင် ဖော်ပြခဲ့သော ဆရာတော်ကြီးများထက်လည်း ပါဠိတော်ကို ပို၍ မကိုးကားနိုင်ချေ။ တတိယဝါဒအတွက် နောက်ဆုံး ရေးသားတော်မူသော ကျမ်းအမည်မှာ တိပိဋကမေဒရာသီကျမ်းဖြစ်၍ စာမျက်နှာ (၅၀၀)ငါးရာခန့် ရှိ၏။ ကျမ်းပြုဆရာတော်မှာ ကင်းဝန်မင်းကြီး ဆရာတော် ဦးပညာသီဟ ဖြစ်တော်မူလေသည်။ ထိုကျမ်း၌ အသခ်ိတဓာတ် မြတ်သောနိဗ္ဗာန်အကြောင်းကို ရှင်းထားသည်မှာ စာမျက်နှာ (၅၀) ဝါးဆယ်ကျော်ပင်။

ထို့ကြောင့် နိဗ္ဗာန်သည် ဧချမ်း၏၊ သန္တိသုခရှိ၏၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ပဋိသန္ဓေနေရခြင်း စသော ဒုက္ခအပေါင်းတို့မှ ကင်းဝေး၏ဆိုသော မူရင်းကိုသာ လက်ခံကာ တစ်မဂ် တစ်ဖိုလ် ရောက်ရှိရေးကိုသာ အစွမ်းကုန် ကြိုးစားအားထုတ်တော်မူကြပါကုန်။ ငြင်းခုံခြင်းသည် ဒေါသဖြစ်တတ်၏၊ ဒေါသသည်

နိဗ္ဗာန်ကို ယထာဘူတကျစွာ သိရှိရန်မှာ အနည်းဆုံး တစ်မဂ် တစ်ဖိုလ် ရရှိသူများ အလုပ်သာဖြစ်၏

http://www.dhammadownload.com

မျက်မြင် ကိုယ်တွေ့ ပင်လျှင်
မှန်ပါ၏လော

ဤမျဉ်းကြောင်း နှစ်ကြောင်းကိုကြည့်၍ မည်သည့် မျဉ်းကြောင်းက တိုသည်၊ မည်သည့်မျဉ်းကြောင်းက ရှည်သည်ကို ဆုံးဖြတ်ပါ။

ထို့နောက် သေချာစွာ တိုင်းကြည့်ပါ၊ မျဉ်းကြောင်း နှစ်ကြောင်း၏ အတိုအရှည်မှာ အကုသိုလ် ဖြစ်သည်ကို တွေ့ရှိရပေမည်။



အကုသိုလ်၊ တရားရရှိရန် ကြိုးစားရာတွင် အကုသိုလ် မဖြစ်စေသင့်ပေ။

ဤသို့လျှင် စာအုပ်အစတွင် ပါရှိသော ဘုရားရှင် ပရိနိဗ္ဗာန် ပြုမည့်ဆဲဆဲ အရေးတကြီး နောက်ဆုံးမှာ ကြားခဲ့သော - ဟန္ဒ ဒါနိ ဘိက္ခဝေ၊ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သခ်ါရာ၊ အပ္ပမာဒေန သမ္ပာဒေထ နှင့်လည်း ပြည့်စုံစေ၍ စာအုပ်အစတွင် ဖော်ပြခဲ့သော အပါယ် ၄-ပါး တံခါးကို ပိတ်စေပြီးလျှင် ဝိသာခါ၊ အနာထပိဏ်၊ သိကြားစသော သောတာပန်များကဲ့သို့ ဘုံစဉ်စံစားကာ အသခ်တဓာတ် မြတ်သောနိဗ္ဗာန်သို့ ဝင်စံနိုင်ကြပါစေသတည်း။

ဦးပဂျီဝိုး၊
ဝိပဿနာအခြေခံနှင့်အဖြေမှန်၊
၃၃၈-၃၃၉။

http://www.dhammadownload.com



ကမ္ဘာလောကကြီး တစ်ခုလုံးသည် အကြောင်းအကျိုးတရား နှစ်ပါးသာ ရှိ၏။ ရှင်တော်ဘုရား ဟောတော်မူအပ်သော တရားဟူသရွေ့တို့မှာလည်း သေချာ ဂန စစ်ဆေးသည်ရှိသော် အကြောင်းနှင့်အကျိုးကို ဟောတော်မူခြင်း ဖြစ်၏။

ကိစ္စတစ်ခု ဖြစ်ပေါ်လာသည်ဆိုရာ၌ အလိုအလျောက် ဖြစ်ပေါ်လာသည်မဟုတ်။ မူရင်းအကြောင်းရှိခြင်းကြောင့် အကျိုးတရား ဖြစ်ပေါ်လာရခြင်း ဖြစ်၏။

အကျိုးတစ်ခု ဖြစ်ပေါ်ခံစားမှု ရရှိရန်ကိစ္စသည် လွယ်ကူသည် မဟုတ်၊ များစွာ အားထုတ်ကြိုးစားပါမှ ရရှိခြင်း ဖြစ်လေသည်။

ဥပမာပြရသော် ဘီအေအောင်လျှင် ကောင်းကျိုးကို ခံစားရမည်ကို သိ၏။ ဟောလည်း ဟော၏၊ ပြောလည်း ပြော၏။ သို့ရာတွင် ဘီအေဆိုသော စကားက .လေးမှာ နှစ်လုံးမျှသာ ဖြစ်သော်လည်း ဘီအေဘွဲ့ထူးကို ဆွတ်ခူးရရှိနိုင်ရန် ကြိုးစားရာ၌ကား (၁၀) ဆယ်နှစ်၊ (၁၅)ဆယ့်ငါးနှစ် ကြိုးစားပါမှ ဘီအေသို့ ရောက်ရှိ ရရှိနိုင်လေသည်။

ဤ၌ဆိုလိုရင်းမှာ အကျိုးတစ်ခု ရရှိရန်မှာ မိမိက လူရင်း ငွေရင်း စိုက်ထုတ်အနစ်နာခံမှ အကျိုးကျေးဇူးခံစားရနိုင်သည်ကို ဖော်ပြလိုခြင်း ဖြစ်၏။

ယခုသော်ကား လူတို့သည် မိမိက အရင်းအနှီးစိုက်ထုတ်မှုဆိုသော အနာခံမှုကို အနည်းငယ်မျှ အရင်းမစိုက်ထုတ်၊ မထူထောင်လိုဘဲ ဘယ်နည်းနှင့် အမြတ်ရပါမည်နည်းကိုသာ အကြံထုတ်နေကြသည်ကများကြလေသည်။

ယင်းသို့ သဘာဝမကျသော လူအများ အရင်းတွင် မိမိက အမြတ်ထုတ်လိုသူတို့သည် အမှန်အားဖြင့် တိုက်ရိုက်ခေါ်ဆိုရသော် လူမသမာ၊ လူညစ်များ၊ လူယုတ်မာများသာ ဖြစ်လေသည်။ ဤ၌၌ ရှေ့နေ ရှေ့ရပ် နှုတ်မှုပညာဖြင့် အသက်မွေးမြူသူတို့ကို မဆိုလို။ အကြောင်းသော်ကား ထိုပညာသည်များသည် ထိုအဆင့်အတန်းသို့ ရောက်ရှိရန် ပထမ မိမိတို့က အရင်းစိုက်ထုတ် ကြိုးစားထားခဲ့ပြီးသူများသာ ဖြစ်ကြလေသည်။

လောကုတ္တရာဘက်တွင်လည်း မဂ် ဖိုလ်ဆိုသော စကားနှစ်လုံးမှာ အလွန် တိုတောင်းလှသော်လည်း တစ်မဂ် တစ်ဖိုလ် ရရှိမှုကို ကြိုးစားသောအခါ လွယ်ကူသည် မဟုတ်ပေ။

ကြိုးစားရန် မဆိုထားဘိ၊ ဘာကို ဘယ်ကစပြီး ကြိုးစားရပါမည်နည်း ဆိုသည်ကိုပင် စိတ်ချ ယုံကြည်လောက်အောင် နည်းလမ်းရရှိမှုအတွက်ပင် ယခုအခါများစွာ ခဲယဉ်းလျက်ရှိလေသည်။ (အတု အယောင်များ ပေါများနေသည် ဟူ၏)

မဂ် ဖိုလ် ရရှိရေးမှာ ဘီအေ ပညာဘွဲ့ထူးကဲ့သို့ ဖောဖောသီသီ အောင်ပေး၍ ရသော အဖြေမျိုး မဟုတ်ချေ။ မိဘက အမွေအနှစ်ပေး၍ ရသော ဥစ္စာပစ္စည်းမျိုး မဟုတ်ချေ။ သူတစ်ပါးက ပေး၍ ရရှိနိုင်သော လက်ဆောင်ပဏ္ဏာမျိုး မဟုတ်ချေ။ မိမိကိုယ်တိုင် မနေမနား ကြိုးစားပါမှ ရရှိသော အကျိုးတရား ဖြစ်လေသည်။

ဤ၌ နိဂုံးချုပ်ရန်မှာကား မည်သည့်ကိစ္စမဆို အကျိုးကျေးဇူး ခံစားလိုပါက မိမိက ပထမ ကြိုတင် အနစ်နာခံရမည်ကို အထူးသတိပြုတော်မူကြရန် ဖြစ်ပေကြောင်း။

တိုးတက်ရေးသတင်းစာ၊ ၂-၄-၅၆၊ ၃၊

* * *

http://www.dhammadownload.com

အိုင်စတိုင်တို့ မသိရှာ

အိုင်စတိုင်တို့ မသိရှာသေးသော ဒိုင်မင်းရှင်းတို့မှ အနည်းငယ် ဖော်ပြရသော် -

၁။ ကုသိုလ်ကောင်းမှု ပြုလုပ်သော် ကံကောင်းခြင်း၊ ချမ်းသာသုခရရှိခြင်း သို့မဟုတ်ပါက ရှေ့လာမည့် ဘဝများတွင် ချမ်းသာသုခရရှိခြင်း၊ ထို့အတူ အကုသိုလ် ပြုလုပ်သော် ဆင်းရဲဒုက္ခရရှိခြင်း၊ အကုသိုလ် အကျိုးပေးရခြင်း ဒိုင်မင်းရှင်းကို မသိရှာခြင်း၊

၂။ သမထဘာဝနာတို့မှ တစ်ပါးပါးကို ပြုကျင့်ပါက လူချမ်းသာ၊ နတ်ချမ်းသာတို့ထက်သာသော ကမ္ဘာဆက်၍ အသက်ရှည်သည့် ဗြဟ္မာ့ချမ်းသာ ဒိုင်မင်းရှင်းကို မသိရှာခြင်း။

၃။ အိုင်စတိုင်တို့ သိပ်ပညာရှင်များသည် စိတ်ကူးကြံစည်ရာ၌လည်းကောင်း၊ ပြောဆို သွန်သင်ရာ၌လည်းကောင်း၊ အလုပ်လုပ်ကိုင်ရာ၌လည်းကောင်း စေတနာဒိုင်မင်းရှင်း ပါရမည်ကို မသိရှာကြခြင်း။

၄။ အတိုချုပ်ရသော် အိုင်စတိုင်တို့ သိပ်ပညာရှင်များသည် အပါယ်တံခါး ပိတ်စေသော ဒိုင်မင်းရှင်းကို မသိရှာကြခြင်းတို့ ဖြစ်လေသည်။

ထို့ကြောင့် အိုင်စတိုင်တွေ့ရှိသော စတုတ္ထအချိန်ကာလ ဒိုင်မင်းရှင်းမှာ နမူနာစ ဥပမာမျှသာ ဖြစ်ခြင်းကြောင့် 'အိုင်စတိုင် ဥပမာ' ဟူ၍ ခေါင်းစဉ်တပ်လိုက်ခြင်း ဖြစ်၏။

ကိ မေ ဧကေန တိဏ္ဏေန၊
ပုရိသေန ထာမဒဿိနာ။
သဗ္ဗညုတံ ပါပုဏိတွာ၊
သန္တာရေဿံ သဒေဝကံ။

ငါသည် အစွမ်းအားကိုမြင်သော ယောက်ျားဖြစ်ပါလျက် တစ်ယောက်တည်း ကူးမြောက်ခြင်းဖြင့် ငါ့အား အဘယ်အကျိုးရှိတော့အံ့နည်း၊ ငါသည် သဗ္ဗညုတဉာဏ်သို့ရောက်၍ နတ်နှင့်တကွသော လောကကို ကယ်တင်ပေအံ့ဟု ဤစကားအစ၌ ဖော်ပြခဲ့သည်ကို အတုယူကာ -

(၁) ငါသည် ဝိပဿနာဘာဝနာ ပွားများရာ၏ အစဖြစ်သော၊ အရေးကြီးသည်လည်းဖြစ်သော နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် ၂-ပါးကို မှန်ကန်စွာ သိသူဖြစ်၏။

(၂) ကမ္မဿကတဉာဏ်နှင့် သစ္စာနုလောမိကဉာဏ်၊ ထိုဉာဏ် ၂-ပါးတို့ကို မှန်ကန်စွာ သိသူဖြစ်၏။ (ဝါ-တစ်နည်းကား) မဟာကုသိုလ် ဉာဏသမ္မယုတ် နှင့် မဟာကုသိုလ် ဉာဏဝိပ္ပယုတ်၊ ထိုဓမ္မသဘာဝ ၂-ပါးကို ခွဲခြား၍ သိသူဖြစ်၏။ (အထဝါ-ထိုမှတစ်ပါး တစ်နည်းကား) သမထဘာဝနာနှင့် ဝိပဿနာဘာဝနာကို ခွဲခြား၍ သိသူဖြစ်၏။

(၃) အတ္တနှင့်အနတ္တ ကွဲရ၏။ အတ္တနှင့်အနတ္တ ကွဲသော် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိကင်းစင်ရန် လွယ်ကူခြင်းကို သိသူဖြစ်၏။ အနတ္တ ဓမ္မသဘာဝကို မပိုင်ဘဲ အတ္တနှင့် ဝိပဿနာဘာဝနာကို ပွားများအားထုတ်နေပါက ကုသိုလ်ကားဖြစ်၏။ သို့ရာတွင် အလိုရှိအပ်သော အပါယ်လေးပါးတံခါးများကို ပိတ်စေနိုင်သော "သောတာပန်" မဖြစ်နိုင်သည်ကို သိသူဖြစ်၏။

(၄) ငါသည် သမ္မုတိသစ္စာ (သမုတ်ရှိ) နှင့် ပရမတ္ထသစ္စာ (အဟုတ်ရှိ)ကို ခွဲခြား၍ သိရုံမျှမကသေး၊ ဝိပဿနာ၏ အာရုံဘူမိဖြစ်သော အဝိဇ္ဇမာနပညတ် နှင့် ဝိဇ္ဇမာနပညတ်၊ ထိုပညတ်နှင့် ပရမတ် ဓမ္မသဘာဝကို ခွဲခြား၍ သိသူဖြစ်၏။

(၅) ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ၊ ဤသစ္စာလေးပါး တရားတော်၌ လိုရင်းအနက်အဓိပ္ပာယ်ကို ပရမတ္ထဓမ္မသဘာဝကို မှန်ကန်စွာ သိသူဖြစ်၏။

(၆) အကြောင်းနှင့်အကျိုးမျှသာ ဖြစ်သော

http://www.dhammadownload.com

ထက်သန်သော သဒ္ဓါတရား၊ မွန်မြတ်သော စေတနာအစစ်အမှန်ဖြင့် အဖွဲ့၏ ရည်ရွယ်ချက် အတိုင်း အနောက်နိုင်ငံသို့ (ဝါ) ကမ္ဘာသူ ကမ္ဘာသားတို့နှင့်တကွ သားစဉ်မြေးဆက် အကျိုးရှိစေရန် ပေးဝေလှူဒါန်းအံ့

ပဋိစ္စသမုပ္ပန္နတရားတော်တို့၏ လေးနက် ခက်ခဲ နက်နဲသော လိုရင်းအနက်အဓိပ္ပာယ်ကို မှန်ကန်စွာ သိသူ ဖြစ်၏။

(၇) နိဗ္ဗာန်နှင့်တကွသော လောကဓာတ်ကြီး တစ်ရပ်လုံးတွင် လူနတ်ဗြဟ္မာ သတ္တဝါမရှိ၊ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ္ထဓမ္မသဘာဝ ၂-ပါးသာရှိခြင်းကို သိသူဖြစ်၏။ (သင်တန်းကျမ်းစာ၊ စာမျက်နှာ-၁၅၁၊ ဒုတိယကော်လံ၌ ပြန်လည်ဖတ်ရှုပါလေ့)။

(၈) "သတ္တေ ဓမ္မာ အနတ္တာ" ဟု ဟောတော်မူသည့်အတိုင်း အသခ်ဓာတ် မြတ်သောနိဗ္ဗာန်နှင့်တကွ သခ်ါရတရားအားလုံးတို့သည် "အနတ္တ" ဓမ္မသဘာဝတရားမျှသာ ဖြစ်ခြင်းကို မှန်ကန်မှာ သိသူ ဖြစ်၏။ (သင်တန်းကျမ်းစာ၊ စာမျက်နှာ ၁၂၁ ပထမစာကြောင်း)။

(၉) "အတ္တာနမေဝ ပဌမံ၊ ပဋိရူပေ နိဝေသယေ" ဟု ဓမ္မပဒပါဠိတော် အတ္တဝဂ်၌ ဟောတော်မူခဲ့သည်နှင့်အညီ မိမိကိုယ်တိုင်လည်း ဝိပဿနာဘာဝနာနှင့် သက်ဆိုင်သော ပါဠိတော်အချို့ကို သိပြီး ထိုပရိယတ္တိနှင့် ကိုက်ညီစွာ ပဋိပတ္တိဝိပဿနာကို ပွားများ အားထုတ်နေသူဖြစ်၏။

ယင်းသို့ သိရှိပြီးဖြစ်သော ပညာရပ်တို့ကို ငါတစ်ဦးတည်း သိရှိထားပါက အဘယ်အကျိုးထူးရှိနိုင်ပါအံ့နည်း။ ထို့ကြောင့် ငါသိရှိထားသည်တို့ကို ထက်သန်သော သဒ္ဓါတရား၊ မွန်မြတ်သော စေတနာအစစ်အမှန်ဖြင့် အဖွဲ့၏ ရည်ရွယ်ချက်အတိုင်း အနောက်နိုင်ငံသို့ (ဝါ) ကမ္ဘာသူ ကမ္ဘာသားတို့နှင့်တကွ သားစဉ်မြေးဆက် အကျိုးရှိစေရန် ပေးဝေလှူဒါန်းအံ့ဟု ဆုံးဖြတ်ချက် ချတော်မူကြပါလေ။

ဤသို့ ဆုံးဖြတ်ချက် ချပြီးလျှင် အကျိုးကြီးမားလှခြင်းကို မူလပဏ္ဏာသပါဠိတော်၊ သလ္လေခသုတ်၊ စာမျက်နှာ ၅၂၊ အပိုဒ် ၈၄ ၌ -

စိတ္တုပ္ပါဒမ္ပိ ခေါ အဟံ စုန္ဒ
ကုသလေသု ဓမ္မေသု ဗဟူပကာရံ ဝဒါမိ။
ကော ပန ဝါဒေါ ကာယေန ဝါစာယ
အနုဝိမိယနာသု။

စုန္ဒ၊ ငါဘုရားသည် ကုသိုလ်တရား၌ စိတ်ဖြစ်ပေါ်ခြင်းမျှကိုလည်း ကျေးဇူးများ၏ဟု ဟော၏၊ ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ ပြုလုပ်စိမ် စေခိုင်းခြင်းစသည်တို့၌ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်းဟု မူလပဏ္ဏာသပါဠိတော်၊ သလ္လေခသုတ်၌ ဟောတော်မူခြင်းကို မူတည်ခဲ့ပါသည်။

ထို့ကြောင့် မိမိတို့ကိုယ်တိုင်လည်း ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် အပါယ် ၄-ပါး တံခါးတို့ကို ပိတ်စေရန် (ဝါ) သောတာပန်ဖြစ်စေရန် မနေမနား ကြိုးစားတော်မူကြပြီးလျှင် အနောက်နိုင်ငံမှ အစပြု၍ ကမ္ဘာသူ ကမ္ဘာသားတို့အားလည်း အပါယ် ၄-ပါး တံခါးပိတ်စေသော နည်းကို ပေးဝေလှူဒါန်းတော်မူရစ်ကြပါလေ အဖွဲ့ဝင်သူတော်ကောင်းအပေါင်းတို့ ခင်ဗျား။

ဤတွင် ပြန်ရရှိမည့်အကျိုးကိုကား အဘယ်လျှင် အဖိုးဖြတ်နိုင်ပါအံ့နည်း။

ပဂ္ဂိုဠိ

၁၂၅၉ ခုနှစ်ဖွား

ဦးပဂ္ဂိုဠိ၊ မြန်မာ့အကျိုးနှင့်ကမ္ဘာ့အကျိုး၊ ၆၆-၆၇၊

http://www.dhammadownload.com

နိဒါန်းကပ်လာရခြင်း

အထူးကား အနောက်နိုင်ငံ ဘာသာရေးပညာရှိများသည် ဗုဒ္ဓမြတ်စွာ ဟောပြောတော်မူသော ဓမ္မ သဘာဝကို ယခင်ပုဂ္ဂိုလ်များထက် နောက်ပုဂ္ဂိုလ်များက ဗုဒ္ဓအယူဝါဒသို့ တစ်စတစ်စ တဖြည်းဖြည်း နီးကပ်လာရခြင်း အကြောင်းရင်းမှာ အနောက်နိုင်ငံများတွင် ဗုဒ္ဓမြတ်စွာ ဟောတော်မူသော ပါဠိတော်များကို အနှံ့အပြား ဘာသာပြန်ဆိုထားခြင်းကြောင့် ဖြစ်ပါသည်။

သို့ရာတွင် ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူသော တရားတော်များ၏ အနက်အဓိပ္ပာယ်ကို တိကျ မှန်ကန်စွာ သဘောမပေါက်သေးသည်ကို သိရှိရပါသည်။

ထိုမှတစ်ပါး ယင်းသို့ ဗုဒ္ဓဝါဒသို့ နီးကပ်လာသည်ဟု ဆိုရသော်လည်း ပရိယတ္တိမှ ပဋိဝေဓသို့ ရောက်ရှိရန် ပဋိပတ္တိသို့တက်ကာ မည်သို့မည်ပုံ လေ့ကျင့်ပွားများ အားထုတ်ရမည်ဖြစ်သော နည်းလမ်း သိရှိသူ လုံးဝ မရှိသေးသည်ကို ဥရောပတိုက်နှင့် အမေရိကတိုက်သို့ ဘာသာရေးအတွက် စုံစမ်းရန် မိမိ သွားရောက်သောအခါက သိရှိခဲ့ရပါသည်။

ဦးပဏ္ဍိုင်၊ **Gotama The Buddha**၊ ၂၄၊

GETTING CLOSER TO BUDDHISM

It is significant that the western scholars and critics of the later generation are now holding views, which are steadily getting closer to fundamental doctrines of Buddhism. It may be ascribed to the fact that the work of translating the Pali scriptures has progressed considerably and such translated works have reached many corners in the West.

There is, however, a drawback in that, such translations do not always convey a correct significance and meaning of the Pali words, in which the doctrines of pristine (*Theravada*) Buddhism are represented.

During my last tour of the European and American continents for a spiritual survey, I have found yet another drawback. It is indeed, true that Western thinking is now getting closer to Buddhism. But the method of correct approach to final attainment (*pativedha*) through theory (*pariyatti*) and practice (*patipatti*) is still totally unknown in the West.

ဦးပဏ္ဍိုင်၊ **Gotama The Buddha**၊ ၅၀၊

http://www.dhammadownload.com

ဗုဒ္ဓဘာသာနှင့်
ဘာသာပြန်များ၊ သတိပြုကြရန်

ယခုအခါ မြန်မာနိုင်ငံတော်တွင် ဗဟုသုတနည်းပါးနေသူ အချို့တို့သည် ဗုဒ္ဓဘာသာ စာပေကျမ်းဂန်တွင် ဤစာမေးပွဲအောင်သည်၊ ထိုစာမေးပွဲအောင်သည် ဆိုလျှင် ဝိပဿနာ ဘာဝနာကို အနုသာသနီနည်းဖြင့် သင်ပြပေးနိုင်သည်ဟု အထင်ရှိနေကြလေသည်။

အမှန်မှာ သင်္ခါရကျွတ်သည့်ပုဂ္ဂိုလ် ဖြစ်လင့် ကစား ဝိပဿနာ ဘာဝနာလုပ်ငန်းကို ဘာသာတစ်ရပ် အဖြစ် ဆရာကောင်းထံတွင် နည်းခံပါမှ ရှင်တော်ဘုရားအလိုရှိအပ်သော ပရမတ္ထသဘာဝ ဝိပဿနာ ဘာဝနာ လေ့လာပွားများနည်းကို ကျနစွာ နားလည်နိုင်ပေသည်။

ထို့ကြောင့်လည်း ရဟန်း ငါးရာကို စာပေသင်အံပို့ချပေးတော်မူနေသော ပဋ္ဌကတ်သုံးပုံဆောင် ဒေါင်္ဂလမထေရ်မြတ်သည် တပည့်တော်အား ကမ္မဋ္ဌာန်းတရားပေးတော်မူပါဘုရားဟူ၍ ရှင်တော်ဘုရားထံ လျှောက်ထားရခြင်း ဖြစ်လေသည်။ ထို့အတူပင် စာတတ်သော ပုဂ္ဂိုလ်များပင် ကမ္မဋ္ဌာန်းအားထုတ်သူ ပုဂ္ဂိုလ်များထံ ကမ္မဋ္ဌာန်းတရားကို သင်ကြားလေ့ကျင့်ရသည်တို့ကို စာပေကျမ်းဂန်တို့၌ မြောက်မြားစွာ လာရှိ၏။ ထို့ကြောင့် စာတတ်တိုင်း ဝိပဿနာဘာဝနာကို သဘာဝကျအောင် လုပ်နိုင် ပြသနိုင်သည်ဟူ၍ကား မယူသင့်ပေ။

တစ်ဖန် ဘာသာပြန်ပုဂ္ဂိုလ်အတွက် ဖော်ပြရန် လိုပေသေး၏။ ဗုဒ္ဓဘာသာ စာပေကျမ်းဂန်နှင့်တကွ ဝိပဿနာဘာဝနာ လေ့ကျင့်ခန်းကို သာသာပြန်ဆိုပေးခြင်းသည် အင်္ဂလိပ်စာ သာမန်ပြောဆိုရေးသားတတ်ရုံမျှနှင့်မပြီး။ ယခုအခါ ဘာသာပြန်များ သဘာဝကျအောင် မပြန်ဆိုနိုင်ခြင်းကြောင့် ရှင်တော်ဘုရား၏ သဗ္ဗညုတဉာဏ်တော်မှာ သာမန်ပုဂ္ဂိုလ်ကဲ့သို့ နိုင်ငံခြားတွင် ထင်မှတ်ဖွယ် ရှိနေတော့၏။

ဥပမာပြရသော် အဝိဇ္ဇာ ဆိုသော ပါဠိတော်ကို အင်္ဂလိပ်လို Ignorance (အစ်နိုရင့်စ်) ဟူ၍ သာမန် ဘာသာပြန်ဆိုလိုက်၏။ ထိုစကားမှာ သာမန်(မသိမှု) အဓိပ္ပာယ်မျှသာ ပါရှိ၏။ ရှင်တော်ဘုရား လိုအပ်သော အဝိဇ္ဇာသဘောကို ဝိဘင်းပါဠိတော် (ပဋိစ္စသမုပ္ပါဒ်)၌ လာရှိသည်မှာ-

တတ္ထ ကတမာ အဝိဇ္ဇာ။
ဒုက္ခေ အညာဏံ
ဒုက္ခသမုဒယေ အညာဏံ
ဒုက္ခနိရောဓေ အညာဏံ
ဒုက္ခနိရောဓဂါမိနိယာ
ပဋိပဒါယ အညာဏံ
အယံ ဝုစ္စတိ အဝိဇ္ဇာ။

ဟူ၍ လာရှိ၏။ ပါဠိတော်၏ အာဘော်မှာ ဒုက္ခကို မသိခြင်း၊ ဒုက္ခဖြစ်ကြောင်းကို မသိခြင်း၊ ဒုက္ခချုပ်ရာကို မသိခြင်း၊ ဒုက္ခချုပ်ရာ ကျင့်စဉ်ကို မသိခြင်းကို အဝိဇ္ဇာဟူ၍ ခေါ်ဆို၏။ (ဝါ) သစ္စာ (၄)ပါးကို မသိခြင်းကို အဝိဇ္ဇာဟု ခေါ်ဆို၏။

ဤသို့ အလွန်အလွန် ခက်ခဲသော သဘောရှိသော ပါဠိတော် အဝိဇ္ဇာကို (အစ်နိုရင့်စ်) ဟူ၍ သာမန် လူတစ်ဦးတစ်ယောက် မသိမှု စကားလုံးကို ဘာသာပြန်ဆိုထားခြင်းကြောင့် ရှင်တော်ဘုရား သဗ္ဗညုတ

> စာတတ်တိုင်း ဝိပဿနာဘာဝနာကို
> သဘာဝကျအောင် လုပ်နိုင်၊
> ပြသနိုင်သည်ဟူ၍ကား မယူသင့်ပေ။

http://www.dhammadownload.com

လူမရှိဘဲလျက် လူရှိနေ၏

ရှိတာလဲ မှန်၏၊ မရှိတာလဲ မှန်၏
တရားတော်ကို သိရန်မလွယ်။

× × ×

ကြာတော့ လူတွေ့ ပကုန်သေးဘူးလား?
ဘာကစပြီး လူတွေ့ဖြစ်လာရသလဲ?

× × ×

ဝိပဿနာပွားရာ၌ လွယ်ကူစေရန်
သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာကို
ကွဲရ၏။

ဦးပဂ္ဂိုဠ်၊ ဝိပဿနာဘာဝနာနှစ်စောင်တွဲ၊ ၁၆၄၊

ဉာဏ်ဖြင့် တွေ့ရှိထားသော အဝိဇ္ဇာဆိုသော် ပါဠိတော်တန်ဖိုးမှာ မိုးနှင့်မြေကြီးခန့်မျှ ကွာခြားပေတော့၏။ တစ်နည်းဆိုသော် ရှင်တော်ဘုရား၏ဉာဏ်တော်ကို ရှုတ်ချခြင်းနှင့် တူ၍နေပေတော့၏။

ထိုမှတစ်ပါး အနိစ္စကို ယခုအခါ ဘာသာပြန်များ ခေတ်စားကာ ပြန်ဆိုနေကျ စကားလုံးမှာ-

State of Flux

စတိတ်-အော့-ဖလက်စ် ဟူ၍ ပြန်ဆို သုံးစွဲနေသည်ကို တွေ့ရှိရ၏။ ထိုစကားလုံး၏ သဘောမှာ တစ်နေရာတွင် အတည်မနေ၊ ဤမှ ထိုမှ အစဉ်ရွေ့ပြောင်းနေမှုကို ဆိုသော စကားဖြစ်၏။ လောကဓာတ်ပညာကို လေ့လာလိုက်စားသူတို့ အသိဖြစ်၏။

အနိစ္စကို ဤသို့ မမြင်မှု၊ နေရာတစ်ခုတွင် အတည်မနေမှုကို ပြန်ဆိုထားခြင်းကြောင့် ဖြစ်ခြင်း၊ ပျက်ခြင်းတည်းဟူသော ဥဒယဗ္ဗယဉာဏ်သည် လုံးလုံးပါ၍ မလာပြီ။

အနိစ္စကို ဤသို့မမြင်မှု၊ နေရာတစ်ခုတွင် အတည်မနေမှုကို ပြန်ဆိုထားခြင်းကြောင့် ဖြစ်ခြင်း၊ ပျက်ခြင်းတည်းဟူသော ဥဒယဗ္ဗယဉာဏ်သည် လုံးလုံးပါ၍ မလာပြီ။

ထိုသို့လျှင် ရှင်တော်ဘုရား ပဋိဝေဓဉာဏ်ဖြင့် သိရှိအပ်သော ပါဠိတော် စကားလုံးများကို အင်္ဂလိပ်ဘာသာဖြင့် တိုက်ရိုက်ပြန်ဆိုပါက ရှင်တော်ဘုရား၏ လိုအပ်သော အဓိပ္ပာယ်မှာ အထက်ပိုင်းကျသော အခါ (၉၉) ရာခိုင်နှုန်း ယုတ်လျော့သွားသည်ကို အထူး သတိပြုအပ်လေသည်။

ထို့ကြောင့် နိုင်ငံခြားသို့ ဗုဒ္ဓဘာသာ သာသနာပြုလွှတ်လိုပါမူ ထိုသို့သော အရည်အချင်းများနှင့် ပြည့်စုံစွာ လွှတ်နိုင်မှသာ အကျိုးရှိမည်ဖြစ်ရကား နိုင်ငံခြားသို့ သာသနာတော်ဖြင့် ချစ်ကြည်ရေးပြုလိုပါလျှင် ထိုသို့ အရည်အချင်းများနှင့် ပြည့်စုံစွာ လွှတ်နိုင်စေရန် ရေးသား ဖော်ပြလိုက်ရပေသတည်း။

တိုးတက်ရေးသတင်းစာ၊ ၁၃-၇-၅၇၊ ၃၊

http://www.dhammadownload.com

ကြီးပွါးချမ်းသာရေး။

—နောက်ဆုံးစကား—

အမောင်-အဓိတ္တိသည်၊ ဤစာအုပ်ကို ဖတ်ပြီးခဲ့လေပြီ။
အကယ်-ငါဆရာကိုကျေးဇူးတင်ရှိပါက၊ ကျေးဇူးဆပ်ကြပါကုန်။

—ကျေးဇူးဆင်ရန်ကား—

မြန်မာများ ကြီးပွားချမ်းသာရန်၊ တယောက်ကို တယောက်၊
တဦးကိုတဦး၊ ကူညီပိုင်းမကြပါလေ။ အပြော-အဟော-အရေး
အမှတ်တို့ဖြင့် တင်းတိမ်မနေမူ၍၊အလုပ်သမားများဖြစ်ကြရန်အထူး
ကြိုးစားကြပါကုန်။
ဤသည်-ဤသို့ပြုလုပ် ကြိုးစားကြခြင်းပင်လျှင်၊ ငါဆရာအား
ကျေးဇူးဆပ်သည် မည်ပါဝေသတည်း။

.....မှာကြားခဲ့ပါရစေ.....

ငါဆရာသည် အမောင်အဓိတ္တိနှင့် ဤဘွင်ခွဲခွါရပါတော့အံ့။
မခွဲခွါမီ နောက်ဆုံးစကား မှာကြားခဲ့ပါရစေ။
မြန်မာလူမျိုးတို့၏ ကြီးပွားခြင်းကို တကယ်အလိုရှိမူ
ဆင်းရဲနွမ်းပါး၊မသိနားမလည် ရှာကြတုန်သော၊ငါတို့၏ဆွေ
တော်မျိုးတော်များဖြစ်ကြကုန်သော ဘောသူ-ဘောင်သားများတို
အထူးချစ်ခင်ကြင်နာကြပါကုန်။ရှင်းတို့အားတိုးအောင်-တက်
အောင် တိုးတက်အောင်-စောင့်ရှောက်မစကြပါကုန်။

.....အမျှပေးဝေပါ၏.....

ဤစာအုပ်ကိုရေးသားရသော ကောင်းမှုကြောင့်
မြန်မာတိုင်း—မြန်မာတိုင်း ကြီးပွားချမ်းသာ ဝမ်းသာကြပါစေကုန်
သတည်း။
ဘုရားတပည့်တော်သည်လည်း ဘဝတိုဘိုနှင့် နိဗ္ဗာန်ကိုရောက်ရ
ပါစေသတည်း။
ဤကောင်းမှုအဖို့ကိုလည်း အမောင်-အဓိတ္တိအားအမျှပေးဝေပါ၏
အမျှ-အမျှ-အမျှ-ယူတော်မူကြ၍ ကြီးပွားချမ်းသာစွာနေထိုင်နိုင်ကြ
—ပါစေကုန်သတည်း။—

http://www.dhammadownload.com

ဝိပဿနာပညာတက္ကသိုလ်

ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေး အဖွဲ့ချုပ်

ဓမ္မဒါနအဖြစ် ပါရမီကုသိုလ် ဖြည့်ဆည်းလိုသူတို့အတွက်

ရနိုင်သော ကျမ်းစာအုပ်များနှင့် ဓမ္မတိပ်ခွေများ

၁။ ဝိပဿနာအခြေခံနှင့် အဖြေမှန် – ဦးပဂျိုင်

၂။ ဝိပဿနာဘာဝနာ နှစ်စောင်တွဲ – ″

၃။ ဂန္ဓိရဝိပဿနာရှုဘွယ်၊ တတိယတွဲ – ″

၄။ မြန်မာ့အကျိုးနှင့် ကမ္ဘာ့အကျိုး – ″

၅။ မဟာသတိပဋ္ဌာန် အနှစ်ချုပ်ကျင့်ဖွယ် – ဘဒ္ဒန္တဇောတိက

၆။ ဝိပဿနာဘာဝနာ အနှစ်ချုပ်ကျင့်ဖွယ် – ″

၇။ ဓမ္မာစရိယဥာဝါ အနှစ်ချုပ်သင်ဖွယ်ကျမ်း – ″

၈။ လူပုဂ္ဂိုလ်များအတွက် စနေ၊ တနင်္ဂနွေ (နံနက် ၈–၁၀ နာရီ) သင်တန်း၊ ရဟန်းတော်များအတွက် ဝါတွင်းအဖိတ်၊ ဥပုသ်နေ့ (နေ့လယ် ၁–၃ နာရီ) သင်တန်းနှင့် ဒီဇင်ဘာလ (၁–လ) ရဟန်းတော်များ ဝိပဿနာဆရာဖြစ် သင်တန်းတို့မှ သင်ကြားပို့ချချက် တိပ်ခွေများနှင့် အလုပ်ပေးတရားတိပ်ခွေများ – ပဓာန နာယက ဆရာတော်ကြီး (၃) ပါး

၉။ မဟာသတိပဋ္ဌာနသုတ် တရားတော်တိပ်ခွေ – ဘဒ္ဒန္တဇောတိက



http://www.dhammadownload.com



http://www.dhammadownload.com

အောင်

ဆီရောင်းဝယ်ရေး

အမှတ် (64)၊ မြေအောက်ထပ်၊ မြို့တော်ဗဟိုဈေးသစ်ကြီး

Ph: 240600 လိုင်းခွဲ 510

လျှံကြည်မင်း

ပုစွန်ခြောက်၊ ငါးပုပ်ခြောက်

အမျိုးမျိုးရောင်းဝယ်ရေး

အမှတ် (၂၇)၊ မြေအောက်ထပ် ၊ သိမ်ကြီးဈေး (ဒီရုံ)၊

ရန်ကုန်။

http://www.dhammadownload.com

ဘုရင့်နောင်

တံဆိပ်

သက်နိုးပရိကျွရာတိုက်ဆိုင်ကြီး

မှတ်ပုံတင်ပြီး



ဦးထွန်းထွန်း ဒေါ်မြင့်မြင့်ရီ

အမှတ် (၁၃)၊ ကြေးသွန်းဘုရားကြီးဈေးတော်ရုံ၊ ဗဟန်းဈေးရှေ့
ရေတာရှည်လမ်းဟောင်း၊ ဗဟန်း-ရန်ကုန်မြို့။ ဖုန်း-၅၉၃၉၅၈

http://www.dhammadownload.com


ရေရှတနာ
သက်နိုးတိုက်
ဖုန်း - ၂၈၆၅၃၄
ဦးအုန်းငွေ+ဒေါ်မြကြည် ဆား မောင်အောင်+မယဉ်ယဉ်အေး
၎ကြားသွန်းဘုရားတိုက်တန်းအမှတ်၈ ရေတာရှည်လမ်းဗဟန်းရေးရှေ့ ။

http://www.dhammadownload.com

သမ္မတသက်နိုးတိုက်



* တုသိုလ်အထူးတို ဝေးမွမ်းနိုင်ပြီး သင်္ဂဲ့ဝိတ်နှလုံးအစဉ်တို ထာဝရ အေးမြစေနိုင်သော

"သမ္မတသက်နိုးများ" တို

တကြိမ်တခါ ကြွရောက်ပြီး ဝယ်ယူလှူဒါနိုးကြည့်ပါ၊ သင်္ဂဲ့အလိုဆန္ဒတွေ အားလုံးပြည့်ဝသွားပါလိမ်မည်။

ရွှေဝုံတိုင်းမိုင်ကိုင်အနီး ဘဝမီး ဝေထာရှည်ထမ်းတောင်း၊ ဇတန်း၊ ရန်ကုန်ပြို့။

ဖုန်း - ၅၄၅၃၉၅၊ ၅၄၅၃၉၆၊ ၅၄၃၂၈၂ ဇော်(စ်) - ၅၄၃၂၀၆၊ ၀၉-၂၄၃၆၁

သမ္မတသက်နိုးတိုက်

http://www.dhammadownload.com

ဆရာ ဦးသောင်းလွင်

အထူးဓလေ့နှိုးဆော်

ဆရာသမား ချို ချဉ် ပွေး ၊ ဆန်ပြုတ်ဆိုး

ကိုယ်တစ်ခြမ်းသေခြင်း၊ အောက်ပိုင်းသေခြင်း၊ တစ်ကိုယ်လုံးဖြတ်ခြင်း၊ အာရုံကြောများ အားနည်းခြင်း၊ ကျောရင်အောင့်ခြင်း၊ ခါးနာခြင်း၊ ပေါင် စသည် ကိုက်ခြင်း၊ ပန်းသေခြင်း၊ ရင်ကျပ်ခြင်းများ တစ်ပုလင်း မကုန်ခင် သက်သာမည်။ သုံးပုလင်းကုန်လျှင် နှစ်(၂၀)ကြာ ရောဂါသေဝံသာ်လည်း ပျောက်ကင်းပါမည်။ တစ်ပုလင်း ၃၀၀ ကျပ်၊ သုံးပုလင်း ဂ၀၀ ကျပ်၊ သုံးပုလင်းမှာလျှင် နယ်သို့ ဗီပီပီဖြင့် ပို့သည်၊ ရွေးယူပါ။

ရောဂါဖြစ်လို့ ဆန်ပြုတ်ဓလို့ ဒီလိုဆေးကိုစား

အသားဝါ – အသည်းဆေး

တစ်စုံ – ၁၀၀၀

အထူးဆီးချိုဆေး

တစ်ဘူး ၄၀၀/– သုံးဘူး (တစ်လစာ) ၁၀၀၀/–
၁၀၀၀/–ဖိုး မှာလျှင် စာတိုက်မှ ပို့သည်၊ ရွေးယူပါ။

ပင်ရင်း
- စွယ်စုံဆေးတိုက် (၉၄)၊ သရက်တော (၂) လမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်။
- စွယ်စုံဆေးတိုက် (ဆေးအရောင်းဆိုင်)၊ အမှတ်–ဘီ/၆၁ (ပထမထပ်)၊ ဒီရုံ၊ (စက်လှေကားထိပ်)၊ သိမ်ကြီးစျေး၊ ရန်ကုန်မြို့။

မြန်မာသမားတော် ဦးသောင်းလွင်

မြန်မာ့ဆေးကုဌာန➤ အမှတ်–၁၁၀၊ မြင်းကလေးရပ်၊ ၃၆ လမ်း၊ ၈၄ နှင့် ၈၅ လမ်းကြား၊ မန္တလေးမြို့။
➤ မြင်သာရပ်၊ ပြည်တော်သာလမ်း၊ မကွေးမြို့။

http://www.dhammadownload.com



http://www.dhammadownload.com



လက်ဖက် (နတ်သစ်ရွက်) - ချို၊ဖန်၊ခါး၊ဆိမ့်သော အရသာကို
ဆောင်သောကြောင့် နတ်သစ်ရွက် မည်၏။

ဥတုဘောဇန သင်္ဂဟကျမ်း

လက်ဖက်မှာ ထိပ်သီး

ဒေါ်ရိတ်ကြိုး

ဇယန်းလက်ဖက်၊ချင်းမန်ကျည်း

နှင့်

ပဲကြော်စုံ

အမှတ် ၁၃၄/၁၃၆၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။

ပုံနှိပ် - ၂၀၂၀၁၃

http://www.dhammadownload.com

မြတ်မွန်ရတနာ

သင်္ကန်းတိုက်

ရွှေဆိုင် နှင့် အကျိုးဆောင်လုပ်ငန်း

အမှတ် ၄၉–၅၃၊ အုတ်လမ်း၊ (ရွှေတိဂုံဘုရားအရှေ့မုခ်)၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၅၄၀၄၃၈၊ ၂၈၆၅၅၈၊ ၅၄၉၉၁၈၊ ၅၄၅၆၃၆

အဆောင်းဆုံးဖြစ်အောင် အကျိုးဆောင်ပါမည်

ဗုဒ္ဓဂယာပြန် ဦးစိုးသိမ်း (မြို့နယ်ရဲတပ်ဖွဲ့မှူး RTD) + ဒေါ်ယဉ်ယဉ်နု မိသားစု

MYAT MON YADANAR

GOLD SHOP, THINGANTAIK,
General Enterprise

No. 49-53, Oak Lane (East Gate, Shwedagon Pagoda)
Bahan Township, Yangon.

☎ : 01-540438, 01-286558, 01-549918, 01-545636

WE OFFER THE BEST SERVICE

http://www.dhammadownload.com

လောင်းပါရဂူ

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာချောင်း အထူးကုဆေးခန်း

- ဝါရင့်ဆရာဝန်ကြီးများ၊ သမားတော်ကြီးများဖြင့် နေ့စဉ် နံနက် (၇) နာရီမှ ည (၇) နာရီအထိ ကြည့်ရှု ကုသပေးနေပါသည်။
- မျက်စိရောဂါများကိုလည်း အထူး ကြည့်ရှု ကုသပေးနေပြီ၊ ခေတ်မီ မျက်စိခွဲစိပ်ကိရိယာများဖြင့်လည်း အထူး ခွဲစိပ် ကုသပေးနေပါသည်။
- မျက်စိအတွက် လိုအပ်သော မျက်မှန်ကိုင်းများကိုလည်း ဈေးနှုန်းချိုသာစွာဖြင့် စိတ်တိုင်းကျ ဆောင်ရွက်ပေးနေပါသည်။
- ရပ်ဝေးလူနာများ ဈေးနှုန်းချိုသာစွာဖြင့် နေထိုင်ကုသနိုင်ရန် နေထိုင်ရန်အခန်းများကိုလည်း စီစဉ်ပေးပါသည်။

အမှတ် (၁၅)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊
(တာမွေအဝိုင်းအနီး)၊ ရန်ကုန်မြို့။
ဖုန်း - ၁၄၉၀၂၉

http://www.dhammadownload.com

ဝိဇ္ဇာမျက်လုံး

အမှောင်ကိုခွင်း၊ အလင်းရောင်ပေး၊ ဝိဇ္ဇာမျက်လုံးဆေး ဝိဇ္ဇာမျက်လုံး ဆေးကိုသုံး၊ စိတ်ချမ်းသာမယ် တစ်သက်လုံး

၁။ **ဝိဇ္ဇာမျက်လုံး (စားဆေး)**
မျက်စိအတွင်းတိမ် နုလျှင် လုံးဝခွဲစရာမလိုဘဲ မျက်စိရောဂါဝေဒနာများ ပျောက်ကင်းစေပါသည်။

၂။ **ဝိဇ္ဇာမျက်လုံး (မျက်ကွင်းဆေး)**
မျက်စိအတွင်းတိမ်၊ အပြင်တိမ်၊ ဒဏ်တိမ်၊ မျက်စိနာ၊ မျက်စိရောင်၊ မျက်လုံးပူ၊ မျက်ရည်ကျ၊ မျက်ဝတ်ထွက်၊ မျက်သားတက်၊ မျက်စိကျိန်း၊ မျက်စိမှုန်၊ မျက်စိ အမြင်အားနည်းစသည့် ဝေဒနာများ ပျောက်ကင်းစေပါသည်။

၃။ **ဝိဇ္ဇာမျက်လုံး (တိမ်လွှင့်ရှူဆေး)**
မျက်စိရောဂါအမျိုးမျိုး၊ နှာခေါင်းပုပ်၊ နှာခေါင်းပိတ်၊ နှာခေါင်းအနံ့မရ၊ ထိပ်ကပ်နာ၊ သတိလစ်၍ တက်တတ် မေ့တတ်သောရောဂါများအတွက် အသက်ကယ်ရှူဆေးမှုန့် ဖြစ်ပါသည်။

ဆေးပင်ရင်း။ ။ ဒေါ်လှလှယဉ် (ရန်ကုန်တက္ကသိုလ်) ၊ ဝိဇ္ဇာမျက်လုံးဆေးတိုက်၊
၁၇၊ အင်းယားမြို့ငြိလမ်း၊ ဓမ္မစေတီလမ်းအနီး၊
ရွှေတောင်ကြား (၂) ရပ်ကွက်၊ ရွှေဂုံတိုင်စာတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၂၆၃၇၈

နယ်မှ မှာလိုသူများ - စာတိုက်မှ ငွေကြိုတင်ပို့၍ မှာယူနိုင်ပါသည်။

ဆေးဖြန့်ချိရာဌာန - ဦးလှမြင့်၊ ဆေးရာဇာ - ၂၀၅၊ ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့။
ရွှေညာသား - ၁၀၉၊ ၂၄ လမ်း (အထက်) ရန်ကုန်မြို့။
ကမ္ဘာလုံးဦးဘည်နှင်ဆေးတိုက် - ၁၆၇၊ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်း၊ ရန်ကုန်မြို့။
ဒေါ်အေးမှင်တစ်ခွန်းတိုက် - ၇၆၈၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့။
လူထုမေတ္တာ - ၇၇၄၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့။
ဆေးကမ္ဘာ - ၂၇၇၊ ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့။
ဦးမြင့်ဆွေနှင့် သားများ - အမှတ်-၃၄၊ ၂၄ လမ်း၊ ရန်ကုန်မြို့။
စိန်စိန် - အမှတ်-၉၅၊ ၂၄ လမ်း၊ ရန်ကုန်မြို့။
အာရောဂျ - အမှတ်-၇၃၊ ၂၄ လမ်း (အောက်လမ်း)၊ ရန်ကုန်မြို့။
စိန်ကြည်စတိုး - ၂၆၈၊ ၂၀ လမ်း၊ မန္တလေးမြို့။
ကေမ္ဘာစတိုး - ၂၉ လမ်း၊ ၈၃/၈၄ လမ်းကြား၊ မန္တလေးမြို့။
ပင်မစတိုး - အခန်း (၁၁)၊ ၈၃လမ်း၊ မန္တလေးမြို့။
ဒေါ်မြင့်မြင့်ရီ - ရုံအမှတ်-၁၅၊ ဗဟိုရိုးဈေးကြီး၊ တောင်ငူမြို့။
ဦးခင်မောင် - အမှတ်-၁၈၄၊ ၇ လမ်း၊ အိုးဘိုရပ်၊ မကွေးမြို့။

http://www.dhammadownload.com



http://www.dhammadownload.com

နတ်တလင်းမြို့ဖွား ဆရာကြီးဦးပဂျီငို (တိုးတက်ရေး ဦးစိန်) အား ရှိသေစွာ ကန်တော့ပါသည်။

၁၉၂၀ ပြည့်နှစ်တွင် နတ်တလင်းမြို့၌ တည်ထောင်ခဲ့သော

"ပညာအလင်းပြ" ပုံနှိပ်တိုက်နှင့် စာပေတိုက်မှ တရားကျမ်းစာများ

(၅ × ၇ လက်မအရွယ် ဝတ္ထုဆိုဒ်)

၁။ ပဋ္ဌာန်းပါဠိတော်အသံထွက်နှင့်ပဋ္ဌာန်းအမှမ်း ၅၅–ကျပ်

၂။ ဓမ္မစကြာပါဠိတော်အသံထွက်နှင့် လယ်တီမြန်မာပြန် ၅၀–ကျပ်

၃။ အနတ္တလက္ခဏသုတ် ပါဠိတော်အသံထွက် ၁၅–ကျပ်

၄။ ဓမ္မစကြာပါဠိတော်နှင့် အနတ္တလက္ခဏသုတ် ပါဠိတော်ဝတ်ရွတ်စဉ် ၁၅–ကျပ်

၅။ မဟာသမယ (၇) သုတ် ပါဠိတော်အသံထွက် ၅၀–ကျပ်

၆။ စက္ကန့်သုံးရာဘာဝနာခေါ် ငါးမိနစ် တရားရှုမှတ်နည်း (စက္ကူကြမ်း) ၃၅–ကျပ်

၇။ စက္ကန့်သုံးရာဘာဝနာခေါ် ငါးမိနစ် တရားရှုမှတ်နည်း (စက္ကူချော) ၁၀၀–ကျပ်

၈။ ငါးမိနစ် တရားရှုမှတ်နည်း ရှာဖွေပုံဇာတ်လမ်း ဓမ္မလမ်း ၃၀–ကျပ်

၉။ အိမ်တွင်းဝိပဿနာရှုမှတ်နည်း (စက္ကူကြမ်း) ၁၅၀–ကျပ်

၁၀။ အိမ်တွင်းဝိပဿနာရှုမှတ်နည်း (စက္ကူချော) ၂၅၀–ကျပ်

၁၁။ ပညာအလင်းပြပရိတ်ကြီးအသံထွက် (စက္ကူကြမ်း) ၁၀၀–ကျပ်

၁၂။ ပညာအလင်းပြပရိတ်ကြီးအသံထွက် (စက္ကူချော) ၂၀၀–ကျပ်

၁၃။ ပါဠိရွတ်ဖတ်ခြင်းအခြေခံသရုပ်ပြလမ်းညွှန် ၅၀–ကျပ်

၁၄။ ဂါးဒီးယန်းဦးစိန်ဝင်းနှင့် အရှင်ဇနကာဘိဝံသ တို့ ဘာသာရေး အမေးအဖြေ ၁၀၀–ကျပ်

၁၅။ (၇) ရက် သားသမီးများ ကံပွင့်ကံမြှင့်ဂါထာနှင့် ဓာတ်ကြီးလေးပါး ဆွမ်းကပ်နည်း ၃၅–ကျပ်

၁၆။ ဗုဒ္ဓပရိတ်တော်နှင့် ဂါထာပေါင်းချုပ် (ထပ်မံတိုးချဲ့ဂါထာတစ်ရာ) (စက္ကူကြမ်း) ၂၀၀–ကျပ်

၁၇။ ဗုဒ္ဓပရိတ်တော်နှင့် ဂါထာပေါင်းချုပ် (ထပ်မံတိုးချဲ့ဂါထာတစ်ရာ) (စက္ကူချော) ၄၀၀–ကျပ်

၁၈။ နှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုး+စိန္တာမုနိဘုရားရှိခိုး နှင့် သမ္မုဒ္ဓေ (၅)မျိုး ဂါထာတော်များ (ပါဠ+အနက်) ၁၅၀–ကျပ်

၁၉။ ဘုရားအနေကဇာတင်နှင့် အစိန္တေယျ ဘုရားရှိခိုးကြီး ၇၅–ကျပ်

၂၀။ လယ်တီမဟာသရဏဂုံတော်ကြီးပါဠိတော်နှင့် မြန်မာပြန် (စက္ကူချော) ၂၀၀–ကျပ်

၂၁။ အာနာပါနာသိမှုနှင့် ဝိပဿနာရှုပွားနည်း (လယ်တီနှင့် ဆရာသက်ကြီးမူ) ၂၀၀–ကျပ်

၂၂။ သပိတ်အိုင်ဓာတ်ကမ္မဋ္ဌာန်းကျမ်းကြီး မူလဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိပါသည်။ ၂၀၀–ကျပ်

၂၃။ ပညာအလင်းပြဆယ်စောင်တွဲ (ပရိတ်ကြီး–၁၁ သုတ် ပါဠိနိဿယနှင့် နမက္ကာရ၊ အောင်ခြင်းရှစ်ပါး၊ ရတနာရွှေချိုင့်၊ လောကနီတိ၊ သိဂ်လောဝါဒနှင့် ဆုံးမစာများ ၂၅၀–ကျပ်

၂၄။ ပညာအလင်းပြအိပ်မက်အဘိဓာန် (ဆရာဖြိုး) ၂၅၀–ကျပ်

၂၅။ ရှေ့ဖြစ်ဖတ်နည်းဗေဒင်ကျမ်း(ပ+ဒု) ပေါင်းချုပ် ၂၅၀–ကျပ်

၂၆။ စိတ်ညို့နှင့် စိတ်ပညာအလင်းပြ နှစ်ကျမ်းတွဲ (ဆရာဖြိုး) ၂၅၀–ကျပ်

၂၇။ ဆရာဖြစ်သင်ဘိသိက်မဂ်လာ ပေါင်းချုပ်ကျမ်း (ဆရာဣန္ဒာဝဇီရ) ၃၀၀–ကျပ်

၂၈။ ဥပ္ပါတသန္တိနှင့် ရတနာရွှေထီး (အထူးပရိတ်အစီအရင်တော်ကြီး) ၂၅၀–ကျပ်

၂၉။ နှစ် ၁၀၀ ပြက္ခဒိန် ၁၉၀၁–၂၀၀၀ အထိ ပါသည် (ဆရာဖြိုး) ၄၀၀–ကျပ်

၃၀။ နှစ် (၁၀၀) အိတ်ဆောင်ပြက္ခဒိန် (၁၉၀၁–၂၀၀၀) ထိ ပါသည်။ ၁၅၀–ကျပ်

အမြို့မြို့စာအုပ်ဆိုင်တိုင်းမှာ မေးမြန်းဝယ်ယူနိုင်ပါသည်။

ပညာအလင်းပြစာပေတိုက်၊ အမှတ် (၁၃၀)၊ ဗိုလ်ချုပ်လမ်းနှင့် လေးဆယ့်ရှစ်လမ်းထိပ်၊ ရန်ကုန်မြို့။

ဖုန်း – ၀၁–၂၉၀၉၂၇

နယ်မှ ဗီပီပီမှာကြားရန် တင်တင်အေးပိဋကတ်စာပေ၊ (၁၄) တောင်ဘက်ဈေးတော်ရုံ၊ ရွှေတိဂုံဘုရားဈေး၊ ဒဂုံစုာတိုက်၊ ရန်ကုန်မြို့။

မန္တလေးမြို့ နဂါးစာပေ။

http://www.dhammadownload.com